မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့
မဟာဝိသုဒ္ဓါရုံတိုက်သစ်
စည်ရှင်ကျောင်း နာယကဆရာတော်

မဟာအောင်မြေမြို့နယ် စိန်ပန်း သပြူးရပ်
ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်
ပဓာနနာယကဆရာတော်

# ဘဒ္ဒန္တအဂ္ဂဉာနာဘိဝံသ

၏

# သိမှတ်ဖွယ်ရာ တာပဒေသာ

# ဒုတိယတွဲ

(၇၅ - နှစ်ပြည့် စိန်ရတု မွေးနေ့မင်္ဂလာ အထိမ်းအမှတ်)

သာသနာ - ၂၅၅၇ မြန်မာ - ၁၃၇၅ ခရစ် - ၂၀၁၃

၁၀-၁-၂၀၀၅



မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်
မဟာဝိသုဒ္ဓါရုံတိုက်သစ်
စည်ရှင်နာယကဆရာတော်

မဟာအောင်မြေမြို့နယ် စိန်ပန်း သဖြူးရပ်
ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်ကျောင်းတိုက်
ပဓာနနာယကဆရာတော်

## ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသ

၏

# သိမှတ်ဖွယ်ရာ စာပဒေသာ
# ဒုတိယတွဲ

သာသနာ- ၂၅၅၇ မြန်မာ- ၁၃၇၅ ခရစ်- ၂၀၁၃

# စာပဒေသာ ဒုတိယတွဲ ထုတ်ဝေရခြင်း

စာပဒေသာ ပထမတွဲကို ၁၃၆ဝ–ပြည့်နှစ်က ပထမအကြိမ် ထုတ်ဝေခဲ့၍ ၁၃၆၈–ခုနှစ်၌ အနည်းငယ်ဖြည့်စွက်ကာ ဒုတိယအကြိမ် ထုတ်ဝေခဲ့ရသည်၊ ၁၃၇ဝ–ပြည့်နှစ်၌ "ဒသဗလသုတ္တန်တရားတော်"ကျမ်းစာငယ်ကို ထုတ်ဝေခဲ့ပြီး ဆက်လက်ရေးသားရသော ကျမ်းတတ်အကျော်ဆရာတော်ကြီးများ၏ ပရိယတ္တိဂုဏ်ရည်များ, အခြားသော ဆရာတော်များ၏ ပရိယတ္တိ, ပဋိပတ္တိဂုဏ်ရည်များ, သမိုင်းကျောက်စာ မှတ်တမ်းများ, ကျမ်းစာ နိဒါန်းများ–စသည်တို့ကိုလည်း အခါအခွင့်သင့်တိုင်း ရေးသားနေရပေသည်၊ ယခင်က မထုတ်ဝေခဲ့ရသေးသော စာတမ်းများနှင့် နောက်ပိုင်းကာလ ရေးသားရသော စာစောင် စာတမ်းများသည် စာတစ်အုပ် ထုတ်ဝေနိုင်လောက်အောင် များပြားလာသည်။

တပည့်များကလည်း ဆရာသမား၏ အသက် ၇၅–နှစ်ပြည့် မွေးနေ့တွင် မထုတ်ဝေရသေးသော စာမူများကို စုပေါင်း၍ စာပဒေသာ ဒုတိယတွဲကို ထုတ်ဝေလိုပါသည်ဟု တင်ပြလာကြသည်၊ သို့ဖြစ်၍ ဤစာပဒေသာ ဒုတိယတွဲကို ထုတ်ဝေရခြင်း ဖြစ်သည်၊ မိမိအနေဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေရေး၌ ဝန်လေးလှသည်၊ အကြောင်းကား ကျမ်းစာတစ်ခု ထုတ်ဝေလျှင် စာဖတ်သူများ အကျိုးများမှသာ ထုတ်ဝေရကျိုးနပ်သည်ဟု ယူဆနေခြင်းပင် ဖြစ်သည်၊ ဆရာသမားများ အမိန့်ရှိကြသည့်အတိုင်း "ကြည်စိတ်တုံး၍ ပေဖြုန်းရုံသာ" ဖြစ်နေမည်ကို စိုးရိမ်မိသည်၊ "နိပ္ဖန္နော သောဘနော အတ္ထော"ဟူသော ကျမ်းဂန်အရ အကျိုးပြီးမှ ပြုလုပ်သမျှ တင့်တယ်ကောင်းမြတ်သည် မဟုတ်ပါလော။

ထို့ကြောင့် မိမိ၏ အသက် ၇၅-နှစ်ပြည့် မွေးနေ့၌ မိမိ ရေးသားခဲ့သော စာများကို တူရာတူရာ ပေါင်းစပ်ကာဖြင့် မြန်မာဘာသာ အရေးအသားကို မြန်မာဘာသာရေးချင်း၊ ပါဠိ, သက္ကတဘာသာ အရေးအသားကို ပါဠိ, သက္ကတဘာသာရေးချင်း၊ မြန်မာဘာသာရေးတွင်လည်း အကြောင်းအရာတူချင်း ဆက်စပ်ပူးပေါင်းကာ အသစ်, အဟောင်း ပေါင်းစပ် ထုတ်ဝေလိုသည်၊ တပည့်များကမူ အသစ်စာမူသန့်သန့်ကိုသာ ထုတ်ဝေလိုကြသည်၊ ယင်းစာအုပ်ကို သူတို့ကပင် တာဝန်ယူ ထုတ်ဝေကြမည်ဖြစ်သောကြောင့် တပည့်များ၏ အလိုဆန္ဒအတိုင်း ထုတ်ဝေရန် သဘောတူရပေသည်။

အရှင်အဂ္ဂဉာနာဘိဝံသ<br>
စည်ရှင်နာယကဆရာတော်<br>
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်<br>
မဟာအောင်မြေ၊ မန္တလေး<br>
၁၃၇၅-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်<br>
(၂၂-၁၁-၂၀၁၃) သောကြာနေ့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အဘယာရာမရွှေဂူဆရာတော်ဘုရားကြီး၏ ပရိယတ္တိဂုဏ်ရည်စာတမ်း | ၁ |
| ၂။ | ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်၏ ပရိယတ္တိဂုဏ်ရည် | ၃၉ |
| ၃။ | ဆဋ္ဌသင်္ဂါယနာနှင့် ထူးမြတ်ထင်ပေါ် ဘတ်စုံတော်ဆရာတော် | ၈၇ |
| ၄။ | ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သီလာနန္ဒာဘိဝံသ၏ သီဟနာဒကထာ ရဲရဲတောက်မိန့်ဆိုချက်များ | ၁၃၉ |
| ၅။ | သဒ္ဒသာရတ္ထဇာလိနီ ကျမ်းပြုပုဂ္ဂိုလ် | ၁၅၅ |
| ၆။ | သံယာ့ဦးသျှောင် မီးရှူးတန်ဆောင် | ၁၆၅ |
| ၇။ | ဓမ္မပြည့်ကျော် ဆရာတော် | ၁၇၅ |
| ၈။ | သမဏဘဒြတရားနှင့် ရဋ္ဌဂုရုဆရာတော် | ၁၈၃ |
| ၉။ | ဘက်ပေါင်းစုံမှ ရှုတိုင်းလှ (သို့မဟုတ်) အလုံးစုံတင့်တယ် ကြည်ညိုဖွယ် | ၁၉၃ |
| ၁၀။ | ပရိယတ္တိစာသင်တိုက် | ၂၀၅ |
| ၁၁။ | ရှင်တော်ဗုဒ္ဓ၏ သီဟနာဒ ဓမ္မတစ်ဆူ | ၂၃၁ |

| | | |
|---|---|---|
| ၁၂။ | ပရိယတ် နှင့် ပဋိပတ် | ၂၄၃ |
| ၁၃။ | ဆုထူးပန်ဆင် ထေရ်အရှင် | ၂၅၅ |
| ၁၄။ | ပရိယတ္တိဝိသာရဒ ဂန္ထကာရကပုဂ္ဂိုလ် | ၂၇၅ |
| ၁၅။ | ကျမ်းတတ်မဟာ ထေရ်ဆရာ | ၂၈၅ |
| ၁၆။ | ဗုဒ္ဓသာသနာ ရှည်ကြာတည်ရေး | ၂၉၅ |
| ၁၇။ | သာသနာ့ မီးရှူးတန်ဆောင် | ၃၀၅ |
| ၁၈။ | မဟာပရိတ္တအဘိနဝဋီကာ သုံးသပ်ဝေဖန်ခြင်း | ၃၂၅ |
| ၁၉။ | မနသဣအာဇာနည် မဟာထေရ် | ၃၃၃ |
| ၂၀။ | သာသနာနှစ်ငါးထောင်နှင့် မြစကြာကျောင်းတိုက် | ၃၄၅ |
| ၂၁။ | သာမဏေကျော်နှင့် ပဋ္ဌာန်းကျော် | ၃၅၁ |
| ၂၂။ | ပရိယတ္တိသာသနာထွန်းကားပြန့်ပွားစေသည့် မြန်မာပြည်ဗုဒ္ဓသာသနာစာတော်ပြန်ပွဲများ | ၃၆၃ |
| ၂၃။ | ကာဗျာဒါသနိဿယကျမ်း ကျမ်းဦးအမှာ | ၃၇၅ |
| ၂၄။ | ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက် ဋီကာကျမ်း နိဒါန်း | ၃၈၉ |
| ၂၅။ | ပဋ္ဌိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနိဿယ နိဒါန်း | ၄၀၉ |
| ၂၆။ | သဒ္ဒတ္ထဘေဒစိန္တာ ပကာသနီကျမ်း နိဒါနကထာ | ၄၁၉ |
| ၂၇။ | ဝိညာပနကထာ | ၄၂၅ |
| ၂၈။ | ကောသလရညော ဓမ္မစေတိယာနိ | ၄၃၃ |
| ၂၉။ | ထာ့မအိုးမဟာထေရဿ ဇန္တဒိနပူဇာ ဓမ္မကထာ | ၄၃၉ |
| ၃၀။ | ရွှေကျင်နှစ် (၁၅၀) ပြည့်ကျောက်စာ ပါဠိဘာသာ | ၄၅၇ |
| | ရွှေကျင်နှစ် (၁၅၀) ပြည့်ကျောက်စာ မြန်မာဘာသာ | ၄၆၃ |
| ၃၁။ | ရွှေစေတီကျောက်စာ ပါဠိဘာသာ | ၄၆၉ |
| | ရွှေစေတီကျောက်စာ သက္ကတဘာသာ | ၄၇၅ |

၃၂။ သူငယ်တော် လောကထွတ်တင်စေတီတော်
ကျောက်စာ သက္ကတဘာသာ ၄၇၉
၃၃။ ပဌမကျော် အရှင်ဣန္ဒကဝိသိဋ္ဌာလင်္ကာရအား
ချီးကျူးသည့် ဝဏ္ဏဂီတိကာ ၄၈၁
၃၄။ ပဌမကျော် အရှင်ဇယဒိသာလင်္ကာရအား
ချီးကျူးသည့် ဝဏ္ဏဂီတိကာ ၄၈၇

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ကျေးဇူးတော်ရှင်**

**အဘယာရာမ ဆရာတော်ဘုရားကြီး**

**၏**

# ပရိယတ္တိဂုဏ်ရည်စာတမ်း

၁၃၅၅-ခုနှစ် တပို့တွဲလဆန်း ၁၀-ရက်နေ့မှ တပို့တွဲလပြည့်ကျော် ၃-ရက်နေ့အထိ ကျင်းပခဲ့သော ဂဏသမုဒ္ဒပက ရွှေကျင်ဆရာတော်ဘုရားကြီးလွှန်တော်မူသည့် အနှစ် ၁၀၀-ပြည့် အထိမ်းအမှတ်ပွဲတော်စာတမ်းဖတ်ပွဲ၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပရိယတ္တိဂုဏ်ရည်စာတမ်းကို ဖတ်ကြားပူဇော်ခဲ့ရသည်။

တစ်ဖန် ၁၃၆၄-ခုနှစ် တပို့တွဲလဆန်း ၁၂၊ ၁၃၊ ၁၄-ရက်နေ့တို့၌ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်အပ်သော သောဠသမအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးစာတမ်းဖတ်ပွဲတွင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး၏ ပရိယတ္တိဂုဏ်ရည်စာတမ်းကို ဖတ်ကြားပူဇော်ခဲ့ရသည်။

ယခု ၁၃၇၀-ပြည့်နှစ် တပို့တွဲလဆန်း ၁၂၊ ၁၃၊ ၁၄-ရက်နေ့တို့၌ မန္တလေး အောင်မြေသာစံမြို့နယ် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးအတွင်း ကျင်းပပြုလုပ်အပ်သော သတ္တရသမအကြိမ် သာသနာတော်လုံး

ဆိုင်ရာ ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် သံဃာ့အစည်းအဝေးကြီးတွင် အဘယာရာမ ရွှေဂူဆရာတော်ဘုရားကြီး၏ ပရိယတ္တိဂုဏ်ရည်စာတမ်းကို ဖတ်ကြားပူဇော်ရပြန်ပါသည်။

သာသနာတော်တွင် နေ့လအသွင် ပေါ်လွင်ထင်ရှား၍ ပရိယတ္တိ ပဋိ-ပတ္တိဂုဏ်ရည်မြင့်မားတော်မူကြသော ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ရည်စာတမ်းမျာကို ဖတ်ကြားပူဇော်ရသည့်အခါတိုင်း ဝမ်းမြောက်ဂုဏ်ယူမိသကဲ့သို့ တုန်လှုပ်ချောက်ချားမှုလည်း ဖြစ်ခဲ့ရပါသည်။

မိမိသည် ဗုဒ္ဓမြတ်စွာ သာသနာတော်တွင် နေ့လအသွင် ပေါ်လွင်ထင်ရှားတော်မူကြပြီး တိုင်းတာ၍ မမီနိုင်အောင် ပရိယတ္တိ ပဋိပတ္တိဂုဏ်ရည်မြင့်မားတော်မူကြသော ဆရာတော်ဘုရားများ၏ ဂုဏ်ရည်တို့ကို ထုတ်ဖော်တင်ပြ ပူဇော်ခွင့်ရပေသည်ဟု ဝမ်းမြောက်ဂုဏ်မိသည်။ ယင်းသို့ ဂုဏ်ယူမိသော်လည်း မိမိအနေဖြင့် အလှမ်းမမီနိုင်သော ဆရာတော်ဘုရားကြီးများ၏ ဂုဏ်တော်တို့ကို ထုတ်ဖော်တင်ပြရသဖြင့် ဂုဏ်နှင့်ဂုဏေး လိုက်ဖက်မှု မရှိမည်ကို ကြဲတွေးဆင်ခြင်ကာ အမှန်ပင် တုန်လှုပ်ချောက်ချားမိပါသည်။

တစ်ခါက အလုံးစုံ ဖြူဖွေးသော မြည်းရထားကို စီးလျက် နေမွန်းတည့်အချိန်တွင် သာဝတ္ထိမြို့တော်ဘက်မှ ထွက်ခွါလာသော ဇာဏု-သောဏိပုဏ္ဏားနှင့် ဇေတဝန်ကျောင်းတော်မှ ပြန်လာသော ပိလောတိက ပရိဗိုဇ်တို့ လမ်းတွင် တွေ့ဆုံမိကြသည်။

ထိုအခါ ဇာဏုသောဏိပုဏ္ဏားက ပိလောတိကပရိဗိုဇ်ကို အနွယ် အမည်ဖြင့် -

"အရှင်ဝစ္ဆာယန! ယခု မွန်းတည့်အချိန် အဘယ်က ကြွလာပါသနည်း? " ဟု မေးမြန်းလိုက်သည်။ ပိလော-တိကပရိဗိုဇ်က မြတ်စွာဘုရားအထံမှ ပြန်လာခဲ့ကြောင်း

ဖြေကြားလိုက်ရာ ဇာဏုသောဏိပုဏ္ဏားက "အရှင်ဝစ္ဆာယန! ရဟန်းဂေါတမ၏ ပညာစွမ်းကို အဘယ်သို့ ထင်မှတ်ပါသနည်း? ပညာရှိဟု ထင်မှတ်ပါသလော"ဟု မေးမြန်းရာ ပိလောတိကပရိဗိုဇ်က-

"အရှင်ဇာဏုသောဏိ! ကျွန်ုပ်သည် အဘယ်လို လူစားပါနည်း?၊ အဘယ်လို လူစားမျိုးဖြစ်၍ ကျွန်ုပ်သည် ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်အံ့နည်း?၊ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်မည့်သူသည် ရဟန်းဂေါတမကဲ့သို့ ပညာရှိသောသူသည်သာလျှင် ဖြစ်ရပေမည်"ဟု ဖြေကြားလိုက်သည်။

ပိလောတိကပရိဗိုဇ် ဖြေကြားသကဲ့သို့ပင် ရွှေကျင်ဆရာတော်ဘုရားကြီး, မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး, အဘယာရာမရွှေဂူ ဆရာတော်ဘုရားကြီးကဲ့သို့သော ကြီးမြတ်ထင်ရှားသည့် ပညာရှိသူတော်ကောင်းကြီးများ၏ စွမ်းရည်သတ္တိ, ဂုဏ်ကျေးဇူးတော်များကို မည်သို့မျှ လိုက်၍ မမီနိုင်သည့် မိမိကဲ့သို့သောပုဂ္ဂိုလ်က ထုတ်ဖေါ်တင်ပြရာ၌ အလွန်ပင် ဝန်လေးလှသဖြင့် တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျရောက်လာသည့် တာဝန်ကိုကား စွမ်းအားရှိသမျှ ထမ်းဆောင်ရမည်သာ ဖြစ်ပေသည်။ အဘယာရာမဆရာတော်ဘုရားကြီး၏ စွမ်းရည်သတ္တိကို မျက်မှောက်တပည့်ကြီးများက ဤသို့ တင်စားကာ ချီးမွမ်းထောမနာ ပြုထားကြသည်။

"မဟာဝိသုဒ္ဓါရုံဆရာတော်, ရေစကြိုဆရာတော်ကြီး ဦးဂန္ဓသာရ-စသော ထိုထိုဆရာမြတ်တို့နှင့်တကွ အရှင်မဟာဗုဒ္ဓဃောသ, အရှင်ဓမ္မပါလ-စသော အဋ္ဌကထာ, ဋီကာ ဆရာမြတ်တို့၏ စွမ်းရည်သတ္တိမျိုးကိုလည်းကောင်း၊ ပါဏိနီယ, စာန္ဒြ, ကလာပ, အမရကောသ-စသော သက္ကတ

ကျမ်း ဆရာကြီးများ၏ စွမ်းရည်သတ္တိမျိုးကိုလည်းကောင်း အဘယာရာမဆရာတော်ဘုရား၏ သန္တာန်တွင် တွေ့မြင်ရသဖြင့် သာသနာနှင့် ဗာဟိရ နှစ်ဝသော ဆရာမြတ်တို့၏ စွမ်းရည်သည် ပုံအထည်ဖြစ်လာ၍ အဘယာရာမဆရာတော့်သဏ္ဍာန် ဖန်လေရော့သလားဟု တင်စားကြကာ -

"ဝိသုဒ္ဓါရာမိကေ သတ္တိ၊ ယာ စညာစရိယေသု စ။
မညေ့ အဘယာရာမေသ-ရူပိနီ သာ သရူပိနီ။

ဟု ချီးမွမ်းထောမနာ ပြုကြပါသည်"။

အဘယာရာမဆရာတော်အား မျက်မှောက်တပည့်ကြီးများ၏ ဖော်ပြပြီး ချီးမွမ်းမှုသည် စကားလွန် စကားကြူး ချီးကျူးမှုမျိုးမဟုတ်၊ အသင့်ယုတ္တိရှိရှိ နှစ်သက်ဖွယ်ရာ ကန္တိဂုဏ်မြောက်သော ချီးကျူးထောမနာ အဖွဲ့ဗန္ဓမျိုးသာလျှင် ဖြစ်ပေသည်။ မှန်ပါသည်၊ အချို့နေရာ၌ နိဿယဆရာ, ဋီကာဆရာများ၏ ရေးသားချက်များကို အပြစ်ထောက်ပြကာ ဝေဖန်ထားသည့်အပြင် အချို့နေရာ၌မူ အဋ္ဌကထာဆရာများ၏ အဆိုအမိန့် စကားကိုပင် ဝေဖန်ထောက်ပြထားသည်ကို တွေ့ရှိရပေသည်။

အဘယာရာမဆရာတော်သည် ဆရာတော်၏ တစ်သက်တာကာလအတွင်း ကျမ်းပေါင်း ၁၅-ကျမ်း ရေးသားပြုစုတော်မူသွားသည်ကို တွေ့ရှိရပေသည်။ ယင်းတို့တွင် ပါဠိကျမ်းများ၏ နိဿယကျမ်းပေါင်း ၆-ကျမ်းနှင့် သက္ကတကျမ်းများ၏ နိဿယကျမ်းပေါင်း ၇-ကျမ်း ပါဝင်သည်။ ပါဠိနိဿယ ၆-ကျမ်းကို မာဂဓ, သက္ကတကျမ်းများစွာကို မှီငြမ်းပြုကာ ရေးသားစီရင်တော်မူခဲ့ပါသည်။ ပါဠိနိဿယ ၆-ကျမ်းသည် အုပ်ရေအားဖြင့် ၇-အုပ်ရှိ၍ စာမျက်နှာအားဖြင့် ရှိုင်ဆိုက် ၃၀၁၇-မျက်နှာရှိပေသည်။ သက္ကတနိဿယကျမ်းများတွင် မုဒ္ဓဗောဓနိဿယ, အမရကောသနိဿယ, ဟိတောပဒေသနိဿယ ဤသုံးကျမ်းသာ စာအုပ်

အဖြစ်သို့ ရောက်ခဲ့သည်။ စာအုပ်အဖြစ်သို့ ရောက်သည်မှာလည်း စာကူး စက်ဖြင့် ခဲခဲယဉ်းယဉ်း ရိုက်နှိပ်ရသော စာအုပ်များသာ ဖြစ်သည်။ ကြွင်းသော ကာတန္တနိဿယ, ကာဗျာဒါသနိဿယ, မေဃဒူတနိဿယ, ရဃုဝံသနိဿယတို့မှာ လက်ရေးမူအဖြစ်ဖြင့်သာ တည်ရှိနေပေသေး သည်။

အဘယာရာမဆရာတော် နိဿယရေးခဲ့သော ပါဠိဘာသာ အဘိ-ဓာနပ္ပဒီပိကာကျမ်း, မောဂ္ဂလ္လာန်သဒ္ဒါကျမ်း, မောဂ္ဂလ္လာန်ပဉ္စိကာကျမ်း, မောဂ္ဂလ္လာန်ပဉ္စိကာဋီကာကျမ်းတို့သည် သက်ဆိုင်ရာ သက္ကတကျမ်းဂန်တို့ ကို မှီငြမ်းပြုကာ ရေးသားအပ်သော ကျမ်းဂန်များ ဖြစ်ကြသည်။ ထိုသို့ သက္ကတကျမ်းများကို မှီငြမ်းပြုကာ ရေးသားအပ်သော ကျမ်းဂန်တို့၏ အနက်အဓိပ္ပါယ်ကို အမှန်အကန် သိရှိနိုင်ရန်မှာ မိမိကိုယ်တိုင် သက္ကတ ကျမ်းများကို တတ်ကျွမ်းမှသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် သက္ကတကျမ်း တို့၌ တကယ် ကျွမ်းကျင်လိမ္မာတော်မူသော အဘယာရာမဆရာတော်က အဆိုပါ ကျမ်းတို့၏ နိဿယများကို ရေးသားတော်မူခဲ့ခြင်းမှာ လွန်စွာ သဘာဝကျလှပါပေသည်။

အဘယာရာမဆရာတော်သည် နိဿယကျမ်းများကို ရေးသားပြုစု ရာ၌ သက္ကတဘာသာ နိဿယကျမ်းများကို ရှေးဦးစွာ ပြုစု၍ ပါဠိဘာသာ နိဿယကျမ်းများကို နောက်မှပြုစုသည်ကို တွေ့ရသည်။

ထိုတွင် သက္ကတသဒ္ဒါ မုဒ္ဓဗောဓနိဿယကျမ်းကို သက်တော် ၃၃-နှစ်အရွယ် ၁၂၇၃-ခုနှစ် တန်ဆောင်မုန်းလဆန်း ၇-ရက်နေ့ အပြီးရေး သားခဲ့သည်။ ထိုနှစ် နတ်တော်လမှာပင် သက္ကတဘာသာကို ဆက်လက် လေ့လာရန် ဣန္ဒိယနိုင်ငံသို့ ကြွရောက်၍ ဗာရာဏသီမြို့၌ သီတင်းသုံး ကာ ဟိန္ဒီဘာသာစကားကိုလည်းကောင်း၊ ပါဏိနီယကျမ်း, မဟာဘာဿ ကျမ်း, သိဒ္ဓန္တကောမုဒီကျမ်း-စသော သက္ကတသဒ္ဒါကျမ်းများကိုလည်း ကောင်း၊ န္ယာယဒဿန-စသော ဒဿနကျမ်းများကိုလည်းကောင်း လေ့

လာသင်ယူတော်မူသည်။ ဂျပန်နိုင်ငံ၌ ၂-နှစ်မျှ နေ၍ မိမိအတွက် လိုအပ်သော ပညာရပ်များကို တတ်မြောက်အောင် သင်ယူပြီးလျှင် ၁၂၇၅-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ကြွတော်မူခဲ့သည်။

မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီးနောက် ပါဠိဘာသာ, သက္ကတ-ဘာသာစာပေတို့ကို ပို့ချတော်မူလျက် တစ်ဖန်မှလည်း ပါဠိ, သက္ကတ နိဿယကျမ်းများကို ရေးသားပြုစုတော်မူခဲ့သည်။ ထိုတွင် သက္ကတဘာသာ အမရကောသနိဿယကျမ်းကို သက်တော် ၃၆-နှစ်အရွယ် ၁၂၇၆-ခုနှစ် နှောင်းကဆုန်လဆန်း ၂-ရက်နေ့တွင် အပြီးရေးသားတော်မူသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀-ကျော်က သီလဝံ့ဋီကာသစ်-စသော ကျမ်းပေါင်း များစွာကို ရေးသားစီရင်သော မောင်းထောင်သာသနာပိုင် ဆရာတော်၏ အမရကောသနိဿယကျမ်းရှိသော်လည်း ထိုစဉ်အခါက လက်ရေးစက္ကူ စာ, ပေစာများသာ ဤမြန်မာနိုင်ငံသို့ ရောက်လာ၍ မသန့်မရှင်း မှားယွင်း ချွတ်ချော်သောအက္ခရာတို့ဖြင့် ရှုပ်ထွေးနေသော အမရကောသစာကိုယ်, ဋီကာတို့ကို အမှီပြုကာ ရေးသားရသောကြောင့် အဆိုပါ အမရကောသ နိဿယသည် သန့်ရှင်းစင်ကြယ်သော နိဿယ မဖြစ်ခဲ့ပေ။

ယခုခေတ်အခါ၌ ဟိန္ဒူ, ဗင်္ဂါလီ စသော ပညာရှိကြီးများက သက္ကတ-စာမူ အစောင်စောင်တို့နှင့် ညှိနှိုင်းပြင်ဆင်ကာ စက်တင်ပုံနှိပ်စေအပ်သော သက္ကတဋီကာ, ဟိန္ဒီ, ဗင်္ဂါလီဘာသာဋီကာ-စသည်တို့နှင့်တကွ အမရ-ကောသပါဌ်များကို အလွယ်တကူ ရယူကြည့်ရှုနိုင်သဖြင့် သန့်ရှင်းသော နိဿယကို ရေးသားရန် အထောက်အပံ့များစွာ ရရှိပေသည်။ ထို့ကြောင့် အဘယာရာမဆရာတော်သည်-

> "ပါဠိဘာသာတတ်ပြီး, တတ်လတ္တံ့သောပုဂ္ဂိုလ်တို့အား
> အလွယ်တကူ ကြည့်ရှုလေ့လာကာမျှဖြင့် သက္ကတကျမ်းဂန်
> တို့၌ ချင်းနင်းပေါက်ရောက် တတ်မြောက်စေရမည်"

ဟူသော ရည်ရွယ်ချက်ဖြင့် သက္ကတဋီကာ, ဘာသာဋီကာ အစောင်စောင်

တို့ကို မှီငြမ်းပြုကာ အမရကောသနိဿယသစ်ကို ရေးသားစီရင်တော်မူသည်။

## အမရကောသအဘိဓာန်ကျမ်း

အမရကောသအဘိဓာန်သည် သက္ကတဘာသာ အဘိဓာန်ကျမ်းတို့တွင် ပါဏိနီယ-စသော သဒ္ဒါကျမ်းတို့ဖြင့်ပြီးသည့် သက္ကတပုဒ်များစွာတို့ကို သိမ်းကျုံးယူငင်ထားခြင်း၊

- သဒ္ဒါနည်း၏ အနက်များသောအဖွဲ့ရှိခြင်း
- နာမ်လိင် ၂-ပါးတို့ကို ကောင်းစွာ ပြထားခြင်း
- အစီအစဉ် သန့်ရှင်းကောင်းမွန်ခြင်း

စသော ဂုဏ်တို့ကြောင့် အမရကောသကျမ်းကို ဣန္ဒိယနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ စာပုံနှိပ်တိုက်တို့၌ နာဂရီ, ဗင်္ဂလီ-စသော အက္ခရာအမျိုးမျိုး, အစီအစဉ် အမျိုးမျိုးဖြင့် နှစ်စဉ်နှစ်တိုင်း စာအုပ်ရေ ထောင်, သောင်းမကရိုက်နှိပ်ရ၏ ဣန္ဒိယပြည်၌ သက္ကတကျမ်းစာတို့တွင် အမရကောသလောက်တွင်ကျယ်ပျံ့နှံ့သောကျမ်းမျိုး မရှိဟု ဆိုကြသည်။ အမရကောသ-အဘိဓာန်ကျမ်းကို မှီငြမ်းပြု၍ သီဟိုဠ် အရှင်မောဂ္ဂလ္လာန်သည် အဘိဓာန-ပ္ပဒီပိကာကျမ်းကို ရေးသားစီရင်သည်။ သည်သာမကသေး၊ အဋ္ဌကထာ, ဋီကာကျမ်းပြု အရှင်ဓမ္မပါလမထေရ်မြတ်သည်လည်း အဋ္ဌကထာ, ဋီကာကျမ်းတို့ကို ရေးသားစီရင်ရာ၌ အမရကောသအဘိဓာန်ကျမ်းကို မှီငြမ်းပြုခဲ့ရပေသည်။

## အမရကောသ နိဿယကျမ်း

အဘယာရာမဆရာတော်လောင်းလျာ အရှင်အဂ္ဂဓမ္မာဘိဝံသသည် အမရကောသနိဿယကျမ်းကို သက္ကတ, ဟိန္ဒီ, ဗင်္ဂလီ, အင်္ဂလိပ်-စသော

များစွာသော အဖွင့်ဋီကာ, ဗျာချာ, နိဿရည်းတို့ကို မှီငြမ်းပြုကာ အပြည့် စုံဆုံး အကောင်းမွန်ဆုံးဖြစ်အောင် ရေးသားစီရင်တော်မူသည်။

ကျမ်းချင်း အဆိုအမိန့် မညီရာ၌ ကျမ်းညှိပြခြင်း၊ အနက်အဓိပ္ပါယ် မပေါ်လွင်ရာ၌ ပေါ်လွင်အောင် ဖွင့်ပြခြင်း၊ ဝေါဟာရအနက် မထင်ရှားရာ ၌ ထင်ရှားအောင် ဖွင့်ဆိုခြင်း-စသော နိဿယကျမ်းကောင်းတို့၏ ဂုဏ် အင်္ဂါနှင့် ကိုက်ညီအောင် စီရင်တော်မူသည်။

အဘယာရာမဆရာတော်၏ ဤအရမကောသနိဿယကျမ်းကို ရေးသားစီရင်ခြင်းသည် အဘိဓာနပ္ပဒီပိကာနိဿယသစ်ကျမ်းကို ရေးသား စီရင်ရန် အခြေခံအုတ်မြစ်ချခြင်းသဖွယ် ဖြစ်ပေသည်။

မှန်ပေသည်။

အဘယာရာမဆရာတော်သည် အဘိဓာနပ္ပဒီပိကာနိဿယသစ် ကျမ်းကို ရေးသားပြုစုရာ၌ ပုဒ်တိုင်းပုဒ်တိုင်းတွင် အမရကောသသက္ကတ အဘိဓာန်ကျမ်းနှင့် တိုက်ဆိုင်ပြုစုတော်မူသည်။ အဘိဓာနပ္ပဒီပိကာကျမ်း၌ ပုဒ်ပေါင်း ၇၀၀၀-ခန့်ရှိရာ ထိုပုဒ်များကို တစ်ပုဒ်ချင်း အမရကောသ အဘိဓာန်နှင့် တိုက်ဆိုင်ခဲ့ကြောင်း ဆရာတော်က ကျမ်းဦးဂါထာများ၌ မိန့်ဆိုထားလေသည်။ အမရကောသနိဿယကျမ်း၏ အမည်ကိုလည်း "အမရာထ်ပြကာဝိကာ ဘာမ်ဋီကာ"ဟူ၍ ဖော်ပြထားလေသည်။

## အဘိဓာနပ္ပဒီပိကာကျမ်း

ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါတွင် ဝေဒင်္ဂရ အရှင်မဟာကစ္စာ- ယနမထေရ် ဟောတော်မူအပ်သော နိရုတ္တိပိဋကမည်သော မဟာ- နိရုတ္တိကျမ်း, နေတ္တိကျမ်းဟူ၍ သဒ္ဒါဗျာကရဏ်းဆိုင်ရာကျမ်းများ ထင်ရှား ရှိခဲ့သော်လည်း နိဃဏ္ဍုခေါ် ပါဠိအဘိဓာန်ကျမ်းကား သာသနာနှစ် ၁၇၀၀ တိုင်အောင် မပေါ်ပေါက်ခဲ့ပေ။ သာသနာနှစ် ၁၆၉၆ (တစ်နည်း-၁၇၀၃)

ခုနစ်တွင် သီဟိုဠ်ကျွန်း၌ မင်းအဖြစ်သို့ ရောက်သော မဟာပရက္ကမဗာဟု မင်း လက်ထက်ကျမှ ပါဠိအဘိဓာန်ကျမ်း ပေါ်ပေါက်လာသည်။ ထိုမင်း၏ ဆရာဖြစ်သောအရှင်မောဂ္ဂလ္လာန်မဟာထေရ်မြတ်သည် "အဘိဓာနပ္ပဒီပိကာ" မည်သော ပါဠိအဘိဓာန်ကျမ်းကို ရေးသားစီရင်တော်မူသည်။ ယင်း အဘိဓာန်ကျမ်း၏ ဂုဏ်ရည်ကို အဘယာရာမဆရာတော်က ဤသို့ ဖော် ကျူးထားလေသည်။

> "အဋ္ဌကထာနှင့်တကွ ပိဋကသုံးသွယ် နိကာယ်ငါးရပ်၌လာသော ပရိယာယပုဒ်, အနေကတ္ထပုဒ်တို့ကို ထုတ်နှုတ်ဖွေရှာ သင့်ရာစုဆောင်း ပေါင်းထားရာဖြစ်သည့်အပြင် ပိဋကတော်၌အသုံးဝင်သော လောကီအဘိဓာန်ကျမ်းလာ နာနာပဒပရိယာယပုဒ်, အနေကတ္ထပုဒ်များကိုလည်း ထည့်သွင်းဖော်ပြထားရာဖြစ်သောကြောင့် သုဒ္ဓမာဂဓီပုဂ္ဂိုလ်တို့အား လွန်စွာကျေးဇူးများသော ကျမ်းကောင်း ကျမ်းမြတ် ဖြစ်ပေသည်။ (ဤနိဿယသစ်ကျမ်း နိဒါန်း)

## အဘိဓာနပ္ပဒီပိကာဋီကာကျမ်း

ဤမျှ ကောင်းမွန်သော အဘိဓာနပ္ပဒီပိကာကျမ်း၏ အဖွင့်ဋီကာ ကျမ်းသည် စာကိုယ်ကျမ်း ပေါ်ပေါက်ပြီးနောက် နှစ်ပေါင်း ၁၅၀-ကျော် ၂၀၀-ခန့် ရောက်မှ ဤမြန်မာနိုင်ငံတော်တွင် ပေါ်ပေါက်လာ သည်။

မြန်မာသက္ကရာဇ် ၇၁၄-ခုနှစ်တွင် ဝိဇယပုရမည်သော ပင်းယမြို့၌ နန်းတက်သည့် ဆင်ဖြူလေးစီးရှင် သီဟသူရမင်း လက်ထက်တွင် "သိရီမဟာစတုရင်္ဂဗလ"မည်သော အတွင်းဝန်အမတ်သည် အဘိဓာန-ပ္ပဒီပိကာဋီကာကျမ်းကို ရေးသားစီရင်သည်။

ပါဠိမာဂဓဘာသာနှင့်တကွ သက္ကတဘာသာကို ကောင်းစွာ ကျွမ်းကျင်သောကျမ်းပြုအမတ်သည် ဋီကာကျမ်းကို ရေးသားစီရင်ရာ၌ ဓာတ်, ပစ္စည်း, ဝိဂ္ဂြိုဟ်ဝစနတ္ထတို့ကိုလည်းကောင်း၊ လောပ, အာဒေသ, အာဂမ, ဝိကာရ, ဝိပရီတ–စသော ရုပ်စီရင်နည်းတို့ကိုလည်းကောင်း ဖော်ပြလျက် အဋ္ဌကထာနှင့်တကွသော ပိဋကသုံးပုံ ပါဠိကျမ်းဂန်, သက္ကတကျမ်းဂန် တို့ကို မှီငြမ်းပြုကာ ကြီးစွာသောလုံ့လဖြင့် ရေးသားစီရင်သည်။

သို့ဖြစ်၍ ဤအဘိဓာန်ဋီကာကျမ်းသည် ပင်းယခေတ်၏ မီးရှူးတန်ဆောင်သဖွယ် တင့်တယ်ကောင်းမြတ်သော ကျမ်းတစ်ဆူ ဖြစ်သည်။ သို့ပါသော်လည်း **"မများသော ရွှေနေ၊ မသေသော ဆေးသမား မရှိ"** ဟူဘိသို့ အလွန်အဆင့်အတန်းမြင့်မားသော ပညာရှိကြီးများ၏ ပညာမျက်စိဖြင့် ရှုမြင်သုံးသပ်သောအခါ အပြစ်ဒေါသမကင်းသည်ကို တွေ့မြင်ရလေသည်။

ထို့ကြောင့် အဘယာရာမဆရာတော်က အဘိဓာန်ဋီကာကျမ်းကို ဤသို့ သုံးသပ်ဝေဖန်တော်မူသည်။

> "အတွင်းဝန် 'သိရီမဟာစတုရင်္ဂဗလ'အမတ် ရေးသားအပ်သောအဘိဓာန်ဋီကာသည် ဤမြန်မာပြည်တွင် ထင်ရှားကျော်ကြား အသုံးများသော်လည်း ကျမ်းရင်းဆရာကဲ့သို့ အဋ္ဌကထာနှင့်တကွ နိကာယ်ငါးရပ် နှံ့စပ်အောင် ဖွေရှာ၍ အသေအချာတိုက်ဆိုင် ရေးသားသည်မဟုတ်၊ အမရ-ကောသဋီကာများကိုသာ ပမာဏထား၍ ရေးသားအပ်သည် ဖြစ်ရကား ပါဠိ, အဋ္ဌကထာအဆိုကျမ်း ဆရာအလိုနှင့် ဆန့်ကျင်သောအချက်တို့ဖြင့် ရောပြွမ်းလျက်ရှိလေသည်။ သို့ဖြစ်၍ ထိုဋီကာဖြင့် ပညာရှိသုခမိန်တို့ တင်းမတိမ် အားမရ၊ မရောင့်ရဲနိုင်ကြလေကုန်။ ထိုဋီကာကို ပဓာနထား၍

ရေးသားအပ်သော ရှေးနိဿယတို့သည်လည်း ဋီကာနည်းကို မလွန်နိုင်ကြသည့်ပြင် အချို့အရာ ဋီကာဆရာ၏ အဆိုစကားလောက်ကိုပင် မရောက်မမိ, မထိမမီ ရှိကြလေသည်"။

## အဘိဓာန်နိဿယသစ်ကျမ်း

အဘယာရာမဆရာတော်လောင်းလျာ အရှင်အဂ္ဂဓမ္မာဘိဝံသသည် သက္ကတ-စသော ဘာသန္တရပညာများ သင်ကြားပြီး၍ ဣန္ဒိယပြည်မှ ပြန်လာပြီး ပထမနှစ်မှာပင် အမရကောသနိဿယကျမ်းကို ရေးသားပြုစုသည်။ ဒုတိယနှစ်ဖြစ်သော ၁၂၇၇-ခုနှစ်တွင် ပါဠိအဘိဓာန်နိဿယသစ်ကျမ်းကို အပြီးစီရင်တော်မူပြန်သည်။ သို့ရာတွင် အချောသတ်ပုံနှိပ်မှုအဖြစ်သို့ကား မရောက်သေးပေ။ အရှင်အဂ္ဂဓမ္မာဘိဝံသသည် ရေးသားပြီး ကျမ်းစာ ၃-စောင်ကို အထပ်ထပ် ကြည့်ရှုသုံးသပ်လျက် ပါဠိ,အဋ္ဌကထာ,ဋီကာ, မာဂဓကျမ်းစာများနှင့် သက္ကတကျမ်းစာတို့ကို စာသင်သားတို့အား ပို့ချနေလေသည်။

၁၂၈၄, ၈၅-ခုနှစ်များတွင် သီရိလင်္ကာ သီဟိုဠ်ကျွန်း ကိုလမ္ဗိုမြို့ မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံးနေသည်။ ထိုစဉ်အခါ သီဟိုဠ်ဘာသာကို ၆-လခန့်မျှ သင်ယူပြီး တစ်ဖက်တွင် မောဂ္ဂလ္လာန်နိဿယကျမ်း ပြုစုရန် ဆိုင်ရာကျမ်းစာများကို ရှာဖွေစုဆောင်း လေ့လာရင်း အဘိဓာန်နိဿယသစ်ကျမ်းကိုလည်း အချောသတ် ပြင်ဆင်တော်မူသည်။ လွန်ခဲ့သော နှစ်ပေါင်း ၇၀၀-ကျော်က ရေးသားထားသော သီဟိုဠ်နိဿယနှင့်တကွ ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့ကို သေချာနှံ့စပ်အောင် အထပ်ထပ် ကြည့်ရှုပြင်ဆင်ကာ အပြီးသတ် ရေးသားစီရင်တော်မူသည်။

ဤအကြောင်းကို အဘိဓာန်နိဿယသစ်ကျမ်းနိဒါန်း၌ ဤသို့ မှတ်တမ်းတင်တော်မူသည်။

> "ထို့ကြောင့် "ကျမ်းဆရာအလိုတော်ကျ အာဂမာ-နလောမဖြစ်သော နိဿယသစ်တစ်ကျမ်းကို ကြိုးပမ်းရေးသားရမူကား ကောင်းလေစွ"ဟူသော အကြံကို အရင်းခံ ရေသွားပြုပြီးလျှင် ကျမ်းဆရာ၏ မိရာအကြွင်းမရှိသော ပါဠိ, အဋ္ဌကထာ, သက္ကတကျမ်းပေါင်း များစွာတို့နှင့်တကွ လွန်ခဲ့သော နှစ်ပေါင်း ၇၀၀-ကျော်လောက်က ရေးသားခဲ့သော သီဟိုဠ်နိဿယဟောင်း တစ်ခုကိုလည်း သေချာကြည့်ရှု မှီငြမ်းပြုလျက် ဤ "အဘိဓာန်နိဿယသစ်ကျမ်း" ကို ကြိုးပမ်းတီထွင် စီရင်ရေးသားအပ်သတည်း"။

## အဘိဓာန်နိဿယသစ်ကျမ်းကို သုံးသပ်ဝေဖန်ခြင်း

အဘိဓာနပ္ပဒီပိကာကျမ်း၏ ပရိဘာသာအခန်း၌ "ဂါထာပါဒန္တမဇ္ဈတ္ထာ၊ ပုမ္ဘံ ယန္တျပရေ ပရံ"ဟူသော စကားသည် အဘိဓာန်ပုဒ်တို့၏ ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင်အဖြစ်ကို အလွယ်တကူ သိရှိနိုင်ရန် လိင်ကို ညွှန်ပြသော စကား ဖြစ်သည်။ "ဣတ္ထိယံ, ပုမေ, နပုံသကေ-စသော လိင်္ဂဝါစကပုဒ်တို့ကို ပါဒအဆုံး၌တည်မူ ရှေ့ပုဒ်တို့နှင့်သာ စပ်အပ်ကုန်၏၊ နောက်ပါဒ၏ အစပုဒ်နှင့် မစပ်အပ်ကုန်။ ပါဒ၏အလယ်၌ တည်လျှင်လည်း ရှေ့ပုဒ်နှင့်သာ စပ်အပ်ကုန်၏၊ နောက်ပုဒ်နှင့် မစပ်အပ်ကုန်။ ပါဒ၏အစ၌တည်မူ နောက်ပုဒ်နှင့်သာ စပ်အပ်ကုန်၏၊ ရှေ့ပါဒသို့ လိုက်၍ မစပ်အပ်ကုန်" ဤသို့ ရိုးရှင်းသောအနက်အဓိပ္ပါယ်ကို ဆိုလိုသည်။ အဘိဓာန်ဋီကာဆရာကား လိင်္ဂဝါစကအရကို အနေကတ္ထဝဂ်လာ သမယ, ဝဏ္ဏ, ဥပေါ-သထ-စသော ဝါစကသဒ္ဒါဟု အထင်မှား၍ အမျိုးမျိုးကြံဆ ဖွင့်ပြသည်။

သို့သော်လည်း လိုရာသို့ မရောက်ပေ။ ထို့ကြောင့် အဘယာရာမဆရာတော်က ဤသို့ မှတ်ချက်ချတော်မူသည်။

> "ဤ 'ဂါထာပါဒန္တမဇ္ဈေဋ္ဌာ၊ ပုဗ္ဗံ ယန္တုပရေ ပရံ' ဟူသော ပရိဘာသာစကား၌ ဋီကာဆရာ အဖွင့်မှားခဲ့ခြင်းကြောင့် 'ဝိမာနော နိဗ္ဗိယံ ဗျမ္ပံ' စသော များစွာသောအရာတို့၌ ဋီကာဆရာနှင့်တကွ နိဿယပေါင်း ဆရာတော်ကြီးတို့ လိင်္ဂဝိပလ္လာသကို ရှေ့စပ်, နောက်စပ် ရှုပ်ယှက်ခတ်အောင် အနက်ပေးထားကြသည်ကို ပညာရှင်တို့ ဆင်ခြင်စဉ်းစားကြပါကုန်"။

အဘိဓာနပ္ပဒီပိကာကျမ်း၏ ဂါထာနံပါတ် ၁၂-၌ "နိဗ္ဗုရာနိမိသာ ဒိဗ္ဗာ၊ အပုမေ ဒေဝတာနိ စ" ဟူသော ဂါထာ၏ "အပုမေ ဒေဝတာနိ စ" ဟူရာ၌ အဓိပ္ပါယ်ကား- "ဒေဝေါ ဝ ဒေဝတာ"ဟူသော ပဌမ သကတ္ထိက တာ-ပစ္စည်းအခိုက် ဣတ္ထိလိင်၊ "ဒေဝတာ ဝ ဒေဝတံ" ဟူသော ဒုတိယသကတ္ထိက အ-ပစ္စည်းအခိုက် နပုလ္လိင်၊ ပုလ္လိင် ဒေဝတာ-သဒ္ဒါကားမရှိဟု ဆိုလိုသည်။ ထိုတွင် နပုလ္လိင်ဗဟုဝုစ်ကို ငဲ့၍ "ဒေဝတာနိ" ဟု ထားသည်။ ဤအဘိဓာန်၏ မီရာအမရကောသကျမ်း၌ကား 'သန္ဒာကာ ဓဲဒေဝတာနိ၊ ပုံသိ ဝါ ဒေဝတာ ဩတြိယာမ်' ဟု ရှိ၏။

> ယင်း၌ အဓိပ္ပါယ်ကား - 'ဒေဝေါ ဝ ဒေဝတာ၊ ဒေဝတာ ဝ ဓဲဒေဝတံ'ဟု ဝိဂြိုဟ်ပြုပြီးလျှင်၊ ပြဇ္ဉာဒိဘ္ယော စ (ပါဏိနိ၊၅၊၄၊၃၈) ဟူသော ပါဏိနိသုတ်ဖြင့် သကတ္ထိက အဏ် ပစ္စည်းသက်၍ "ဓဲဒေဝတမိဒံ ၊ ဓဲဒေဝတော'ယံ" ဟု ဒုတိယ သကတ္ထိက အဏ်ပစ္စယန္တ ဓဲဒေဝတ-သဒ္ဒါ ပုံ, နပုံ နှစ်လိင်၊ ဒေဝတာ-သဒ္ဒါကား ဣတ္ထိလိင်ဟု ဆိုလိုသည်။ ဤအဘိဓာန်လာ ဒုတိယသကတ္ထိက ဒေဝတ-သဒ္ဒါကား နပုလ္လိင်သာ ရှိ၍ ပုလ္လိင်မရှိ။

ထို့ပြင် ဤနေရာ၌ ဋီကာဆရာအယူအဆ လွဲမှားကြောင်း အဘယာ-ရာမဆရာတော်က ဤသို့ မိန့်ဆိုတော်မူသည်။

"သကတ္ထိကာ ပကတိတော လိင်္ဂဝစနာနိ အတိဝတ္တန္တိ" ဟူသောအမရကောသဋီကာလာ ပရိဘာသာစကား၌လည်း ဋီကာဆရာ အဓိပ္ပါယ်အဆို ချွတ်၏။ ထို၌ ဆိုလိုရင်းကား- "ဒေဝေါ ဧဝ ဒေဝတာ"ဟု ပုလ္လိင် ဒေဝ-သဒ္ဒါနောင် ယင်း ဒေဝ-သဒ္ဒါ၏ အနက်၌ပင် သက်သော တာ-ပစ္စည်းသည် ဒေဝ-ဟူသော ပကတိ၏လိင်ကို မယူဘဲ ကျော်လွန်၍ ဣတ္ထိလိင်ကို ယူလေသည်ဟု ဆိုလိုသည်။

ဂါထာနံပါတ် ၁၂၆ အဘိဓာနပါဠိ၌ "ဝိတထံ တု မုသာ စာထ" ဟူ၍လည်းကောင်း၊ "အာဟတံ တု မုသာတ္ထကံ"ဟူ၍လည်းကောင်း၊ ဂါထာနံပါတ် ၁၂၇-၌ "တဗ္ဗုတ္တာ တီသွလီကံ တွ-သစ္စံ မိစ္ဆာ မုသာ-ဗျယံ"ဟူ၍လည်းကောင်း၊ "တဗ္ဗုတ္တာ တီသွလိင်္ဂံ တု၊ သစ္စံ မိစ္ဆာ မုသာ-ဗျယံ"ဟူ၍လည်းကောင်း ပါဌ်၂-မျိုးစီ ကွဲလျက်ရှိရာ အဘယာရာမ ဆရာတော်က ၁၂၆-ဂါထာ၌ "အာဟတံ တု မုသာတ္ထကံ"သာ ပါဌ်မှန်ဟု ယူ၍ သံကုလစကား, အဗဒ္ဓစကား, အာဟတစကား ဟူသော စကား သုံးမျိုးတို့၏ အထူးကို တိကဏ္ဍစိန္တာမဏိဋီကာ, မဟေသွရဋီကာ, အမရ-ကောသုဋ္ဌါဋ္ဌနဋီကာတို့၏ အဆိုအမိန့် မှံစံပြယုဂ်များနှင့်တကွ ပြည့်ပြည့်စုံစုံ ညွှန်ပြတော်မူသည်။

အဘိဓာန်ဋီကာဆရာကမူ "ဝိတထံ တု မုသာ စာထ"ဟူသောပါဌ်ကို ယူ၍ ဝိတထံ-ကိုလည်း စကားအထူး သရုပ်ပြဟု မယူဘဲ အသစ္စ-၏ ပရိယာယ်ပြဟု ယူကာ ဖွင့်ဆိုသည်။

၁၂၇-ဂါထာ၌ အဘယာရာမဆရာတော်က ပဌမပါဌ်ကို ယူ၍ "တဗ္ဗုတ္တာ၊ ထိုမှန်သောစကားရှိသူကို ဟောသော အဝိတထ-စသော သဒ္ဒါ

တို့သည်။ တီသု၊ လိင်သုံးပါးတို့၌ ဖြစ်၏ ။ အလီက-စသောလေးပုဒ် မမှန်သောစကားကို ဟော၏"ဟု အနက်ဆိုသည်။

ဋီကာဆရာကား ဒုတိယပါဌ်ကို ယူ၍ အနက်ဖွင့်ပြီးလျှင် သစ္စ-သဒ္ဒါကို အလိင် ဟု ဖွင့်ဆိုသည်။ ဤနှင့်စပ်၍ အဘယာရာမဆရာတော်က အကျယ်ရှင်းပြတော်မူသည်။ အကျဉ်းချုပ်ကား ဤသို့ ဖြစ်သည်။

"သစ္စ-သဒ္ဒါသည် ပရမတ္ထသစ္စာ, ဝိရတိသစ္စာ, သမ္မုတိသစ္စာ, ဒိဋ္ဌိသစ္စာ စသည်တို့ကို ဟောရာ၌ လိင်ထင်ရှားသောကြောင့် အလိင်ဟု မဆိုသင့်၊ "သဒ္ဒါ အဿ အတ္ထီတိ သဒ္ဓေါ၊ ပဉ္ဇော" စသည်တို့ကဲ့သို့ "သစ္စံ အဿ အတ္ထိ"ဟု အဿတ္ထိတဒ္ဓိတ် ပြု၍သော်လည်းကောင်း၊ ဒြပ်ဟော နီလ, ပီတ-စသော သဒ္ဒါတို့ကဲ့သို့ ဥပစာရအားဖြင့်သော်လည်းကောင်း "သစ္စာ နာရီ၊ သစ္စော ပုမာ၊ သစ္စံ ကုလံ" စသည်ဖြင့် အမရကောသဋီကာတို့ ဆိုတိုင်း ရုပ်ဖြစ်နိုင်၍ "တဗ္ဗန္တာ" အစွဲ၌လည်း သစ္စ, ယထာတထ-သဒ္ဒါတို့ကို မကြည်သင့်၊ ဆင်ခြင်ကြလေ"။

အဘိဓာန်ကျမ်း ဂါထာနံပါတ် ၁၃၁-စသည်တို့၌ ပြဆိုအပ်သော သီဆိုတီးမှုတ်ခြင်းသည် ဗုဒ္ဓသာသနာတော်နှင့် အပ်စပ်သောအရာ မဟုတ်ပေ။ သို့သော်လည်း အဋ္ဌကထာ, ဋီကာဆရာတို့သည် အကြောင်းအရာစပ်လျဉ်းရာ၌ လောကီကျမ်းတို့မှ ထုတ်နုတ်၍ ဖွင့်ဆိုတော်မူကြသည်။ ထို့ကြောင့် အဘိဓာနပ္ပဒီပိကာဆရာသည်လည်း သီဆိုတီးမှုတ်သံနှင့် စပ်လျဉ်းသော အကြောင်းအရာတို့ကို သူ၏ကျမ်းတွင် ဖော်ပြထားပေသည်။ အဘိဓာန်ကျမ်းလာ အသံ ၇-မျိုး, မုစ္ဆနာ ၂၁-မျိုး, တာန ၄၉-မျိုးတို့၏ သရုပ်သဘောကို အဘိဓာန်ဋီကာဆရာသည် အမရကောသစိန္တာမဏိ-ဋီကာ, နာရဒသိက္ခာ, မာဃဋီကာတို့ကို ကိုးကား၍ ဖွင့်ဆိုပြီးလျှင် ဤအလုံးစုံကို နာဋကကျမ်း၌ ယူအပ်၏ဟု ဆိုသည်။

အဘယာရာမဆရာတော်သည် အင်္ဂုတ္တရဆက္ကနိပါတ ဝိဏောပမ (သောဏ) သုတ္တဋ္ဌကထာ (အံ၊ဋ္ဌ၊၃။၁၂၄)၊ သာရတ္ထဒီပနီဋီကာ (၃။၂၉၁) တို့၌ **"ဗှာနာ ကျေနပညာသ"**ဟူ၍လည်းကောင်း၊ **"တာနာ ကျေန-ပညာသ"** ဟူ၍လည်းကောင်း ပါဠိနှစ်ထွေရှိရာ **"တာနာ"** ဟူသောပါဠိသည်သာ နာရဒသိက္ခာစသော လောကီကျမ်းတို့နှင့် ညီမျှ၍ အတ္ထယုတ္တိလည်း ရသည်ဟု ဆုံးဖြတ်တော်မူသည်။

ဆက်လက်၍ "ဤအရာ၌ သောတဇနတို့ ဉာဏ်ပွားရန် လောကီကျမ်းလာ ၁- ဂါမ၊ ၂- မုစ္ဆနာ၊ ၃- တာနတို့၏ အထူးကို ပြဦးအံ့" ဟု အစချီကာ ယင်းတို့၏သရုပ်သဘောကို ပြဆိုတော်မူသည်။ ဥသဘ, ဓေဝတ, ဆဇ္ဇ, ဂန္ဓာရ, မဇ္ဈိမ, ပဉ္စမ, နိသာဒ-ဟူသော အသံ ၇-မျိုးတို့၌ အိမ်တို့၏အပေါင်းသည် **ဂါမ**မည်သကဲ့သို့ အသံတို့၏အပေါင်းသည် **ဂါမ**မည်၏။ ထိုဂါမသည် ဆဇ္ဇဂါမ, မဇ္ဈိမဂါမ, ဂန္ဓာရဂါမ ဟု ၃-ပါး အပြားရှိ၏။ ထိုတွင် -

-ဆဇ္ဇအသံကို ဦးတည် အစပျိုးသော အသံခုနစ်မျိုးကို ဆဇ္ဇဂါမ

-မဇ္ဈိမအသံကို ဦးတည် အစပျိုးသော အသံခုနစ်မျိုးကို မဇ္ဈိမဂါမ

-ဂန္ဓာရအသံကို ဦးတည် အစပျိုးသော အသံခုနစ်မျိုးကို ဂန္ဓာရ-ဂါမဟု ခေါ်သည်။

အသံကို အနိမ့်, အမြင့် လွှတ်ခြင်းဟူသော သီဆိုတီးမှုတ်ခြင်းအထူးသည် မုစ္ဆနာမည်၏။

တစ်နည်းလည်း - သိရီရာဂ, ဝသန္တ, ပဉ္စမ, ဘေဝရ, မေဃ, နာဋ္ဋ-နာရာယန ဟူသော ၆-ပါးသော တပ်စွန်းဖွယ်ရာ ရာဂအဖြစ်သို့ ရောက်သော သီဆိုတီးမှုတ်ခြင်းအထူးသည် မုစ္ဆနာမည်၏။ ထိုမုစ္ဆနာသည် ဆဇ္ဇ-ဂါမ၌ ၇-ပါး၊ မဇ္ဈိမဂါမ၌ ၇-ပါး၊ ဂန္ဓာရဂါမ၌ ၇-ပါးအားဖြင့် ၂၁-ပါး ဖြစ်သည်။

အလုံးစုံသော မုစ္ဆနာတို့ကို သိမ်းကျုံးမိအောင် အသံကို ပြောင်းလဲ ချဲ့ထွင် သီဆိုတီးမှုတ်ခြင်းသည် တာနမည်၏။ ထိုတာနသည် မဇ္ဈိမဂါမ-

ဟူသော အသံ ၇-ပါး၌ ၂၀၊ ဆဋ္ဌဂါမ၌ ၁၄၊ ဂန္ဓာရဂါမ၌ ၁၅-ဖြစ်၍ ၄၉-ပါး ဖြစ်သတည်း။

ဤသို့ ဂါမ ၃-မျိုး, မုစ္ဆနာ ၂၁-မျိုး, တာန ၄၉-မျိုးတို့ကို နာရဒ-သိက္ခာစာကိုယ်, ဋီကာ, မေဃဒူတ, မလ္လိနာထဋီကာ, သံဂီတဒါမောဒရကျမ်း စသည်တို့မှ ထုတ်ဆောင်ကာ သိသာထင်ရှားအောင် ပြဆိုပြီးလျှင်၊ အဘယာရာမဆရာတော်သည် ဤသို့ မှတ်ချက်ပြုတော်မူသည်။

"ဤအဘိဓာန်ကျမ်း၌ကား လောကီကျမ်းစကားကို မမှီဘဲ သုတ်မဟာဝါ သက္ကပဉှသုတ်, အင်္ဂုတ္တရဆက္ကနိပါတ် ဝိဏောပမသုတ် အဋ္ဌကထာ, ဋီကာ (ဒီ၊ဋ္ဌ၊၂။၂၉၂။ အံ၊ဋ္ဌ၊၃။ ၁၂၄။ ဒီ၊ဋီ၊၃။ ၁၂၀-၁)တို့ကို မှီ၍ဆိုတော်မူသည်ဟု မှတ်အပ်၏"။

သာသနာ့ဝန်ထမ်း ရဟန်းမြတ်ဖြစ်တော်မူသော အဘယာရာမ ဆရာတော်သည် ပြဆိုခဲ့ပြီးသည့်အတိုင်း လောကီအရာ သီဆိုတီးမှုတ်ခြင်းအမှုတို့၌လည်း ကျမ်းဂန်တို့၌ လာရှိသည့်အတိုင်း ပိုင်နိုင်စွာ ရေးသား ပြဆိုတော်မူနိုင်ပေသည်။ ယင်းသို့ ပြဆိုရာ၌လည်း မျက်နှာကြီးငယ် မထောက် အမှန်သို့ရောက်အောင် ရဲရဲတောက် ဆုံးဖြတ်ချက်ချတော်မူသည်။ ပုံစံပြရသော် တူရိယာမျိုး ၅-ပါးတွင် ပါဝင်သည့် အာတတ (တစ်ဖက်ပိတ်) စည်ကို အဘိဓာန်ဆရာက (ဂါထာ-၁၃၉)-

"အာတတံ နာမ စမ္မာဝ - နဒ္ဓေသု ဘေရိယာဒိသု။
တလေကေကယုတံ ကုမ္ဘ - ထုဏဒဒ္ဒရိကာဒိကံ။

ဟု ကုမ္ဘထူဏ = အိုးစည်၊ ဒဒ္ဒရိကာ = စည်ပုတ် စသည်ဟူ၍ ပြဆိုသည်။ သီလက္ခန်ဋီကာဆရာ အရှင်ဓမ္မပါလမထေရ်မြတ်ကမူ ကုမ္ဘထူဏ-ဟူသည် ၄-ဖက်နံပါးတို့၌ သားရေဖြင့် ဖွဲ့ကြက်အပ်သော တူရိယာဟူ၍ မိန့်ဆိုတော်မူသည်။ ဤအရာ၌ အဘယာရာမဆရာတော်က အဘိဓာန်-

ဆရာ၏ အဆိုသာ သင့်လျော်၍ သီလက္ခန်ဋီကာဆရာ၏ အဆို မသင့်လျော်ကြောင်း ဤသို့ မိန့်ဆိုတော်မူသည်။

"ဤသီလက္ခန်ဋီကာ (ဒီ၊ဋီ၊၁။၁၂၇) စကားသည် တစ်ဖက်ပိတ် အာတတစည်၏သရုပ်ကို ပြသောအရာနှင့်မတန်၊ ဋီကာဆရာသည် အဘိဓာန်ဆရာထက် အလေးပြုအပ်သူဖြစ်၍ ၎င်း (ဋီကာ) စကားသာ ပမာဏဟူကြားအံ့၊ ဤတူရိယာ ၅-မျိုး၏ သချာသရုပ်ကို မဟာသုဒဿနသုတ္တဋ္ဌကထာ (ဒီ၊ဋ္ဌ၊၂။၂၀၈), မူလပံ၊ စူဠတဏှာသင်္ခယသုတ္တဋ္ဌကထာ (မ၊ဋ္ဌ၊၂။၂၀၀), အင်္ဂုတ္တရဋ္ဌကထာ (အံ၊ဋ္ဌ၊၃။၂၃၃) တို့မှ ထုတ်ယူ၍ (အဘိဓာန်ဆရာ) ပြအပ်သောကြောင့် အဋ္ဌကထာစကားပင်တည်း"။

ရတနာ ၇-ပါးသရုပ်ကို ထုတ်ပြရာ ၄၉၀-နံပါတ်ဂါထာ၌ အဘယာရာမဆရာတော်က "လောကီကျမ်းတို့၌ သာမညအားဖြင့် ရတနာမျိုး ၃၆-ပါး၊ ဝိသေသအားဖြင့် မဟာရတန နဝရတ်မျိုး ၉-ပါး လာ၏။ ထိုတွင် မဟာရတနမျိုး ၉-ပါးကို ထုတ်ပြပေအံ့"ဟု ပဋိညာဉ်ပြုပြီးလျှင် သုကြနီတိကျမ်း, ဘာဝပ္ပကာသကျမ်း, ဗိသဏှုဓမ္မောတ္တရကျမ်း တို့၌လာသည့်အတိုင်း "စိန်, မြ, ပတ္တမြား, ပုလဲ, နီလာ, ဥဿဖယား, ကြောင်, ဂေါမုဒ်, သန္တာ" ဟု ပြဆိုတော်မူသည်။ ယင်းတို့တွင်-

"-စိန်သည် အမြတ်ဆုံးအစား၊
-မြ, ပတ္တမြား, ပုလဲတို့သည် အမြတ်စား၊
-နီလာ, ဥဿဖယား, ကြောင်တို့သည် အလတ်စား၊
-ဂေါမုဒ်, သန္တာတို့သည် အညံ့စား"

ဟု သုကြနီတိကျမ်း၌ ဆိုကြောင်း ညွှန်ပြတော်မူသည်။

နဝရတ် ၉-ပါးတွင် ဝေဠုရိယ = ကြောင်မျက်ရွဲနှင့် စပ်လျဉ်း၍ ရာဇနိဃဏ္ဍုကျမ်းကို ကိုးကားလျက် "ဤကျမ်းနှင့်အညီ ဝေဠုရိယသည်

စိမ်းနုရောင်တစ်မျိုး, စိမ်းညိုရောင်တစ်မျိုး, ကြောင်တစ်မျိုးအားဖြင့် သုံးမျိုး ရှိ၏။ ဤအဘိဓာန်ကျမ်း၌ **"ဝေဠုရိယောတိ ဝံသဝဏ္ဏမဏိ"** ဟု များစွာသော အဋ္ဌကထာကြီး, ဋီကာကြီးတို့၌ ဖွင့်ကြသော သံဝဏ္ဏနာကိုပင် ယူ၍ **"ဝံသဝဏ္ဏော ဝေဠုရိယံ"** ဟု ပရိယာယ်ပြုလုပ်လေသည်" ဟု မိန့်ဆိုတော်မူသည်။ ထို့ပြင်လည်း "ဤအဋ္ဌကထာ, ဋီကာတို့၌ **"ဝံသဝဏ္ဏမဏိ"** ဟု လာသည်ကို ထောက်၍ "မြ" ဟု ထင်မှတ် မှားတတ်၏။ အဆင်း အရောင်ပင်တူသော်လည်း အမျိုးကွဲပြားသောကြောင့် တစ်ခြားစီဟု မှတ်အပ်၏" ဟူ၍ အဘယာရာမဆရာတော် မိန့်ဆိုတော်မူသည်။

ဆရာတော် မိန့်ဆိုတော်မူသည့်အတိုင်းပင် အင်းဝခေတ် စာဆိုအကျော် ဆရာတော် အရှင်မဟာရဋ္ဌသာရသည် **"စတုဓမ္မသာရ"** ခေါ် ကိုးခန်းပျို့ နိဂုံး အပိုဒ်ရေ ၉၊ မေးခွန်း ၄-ရပ်တွင် စတုတ္ထမေးခွန်း၌ ဝေဠု-ရိယ-ကို "မြ"ဟူ၍ စပ်ဆိုတော်မူသည်။

"ဟိရီ ကျောငွေ၊ ဩတ္တပ် ရွှေနှင့်၊
နံ့မွှေ ကြားပုံ၊ ခက်ရုံ သန္တာ၊
သဒ္ဓါ မျက်မြ၊ သီလ ပုလဲ၊
စွန့်ကြဲ ဒါန၊ စာဂ မဏိ၊
ဗုဒ္ဓိ ဝရဇိန်၊ တောက်ထိန် ခုနစ်ပါး၊
ဥစ္စာများကို၊ သူ့အား ဝေငှ၊
ဉာဏ သူဌေး၊ ဉာဏ် လှူပေး၏"။

ကြက်သရေဆောင် ရွှေစလွယ်ရမင်း ဦးကျော်ထွန်း၏ ဂုဏ္ဍတ္ထ-ဒီပိကာမည်သော ကိုးခန်းပျို့ ဋီကာကျမ်းကြီး၌လည်း "လောကီရတနာတို့သည် ရွှေ, ငွေ, ပုလဲ, မြကျောက်မျက်ရွဲ, ပတ္တမြား, သန္တာ ဟူ၍ ခုနစ်ပါးရှိကြောင်း ရေးသည်"ဟူ၍လည်းကောင်း၊ "သဒ္ဓါတရားတည်းဟူသော ကျောက်မျက်မြ"ဟူ၍လည်းကောင်း အရှင်မဟာရဋ္ဌသာရအတူပင် ဝေဠု-ရိယ-ကို "မြ" ဟု ဖြေဆိုလေသည်။

ပျားရည်ဟော အဘိဓာန်ပုဒ်ကို ပြဆိုရာ "ခုဒ္ဒဇံ တု မဓု ခုဒ္ဒံ" (ဂါထာ-၄၉၄)ဟူသော ပါဠိ၌ ဋီကာဆရာသည် ခုဒ္ဒဇံ နှင့် တု-ကို တွဲ၍ "ခုဒ္ဒဇန္တု"ဟု ပရိယာယ်တစ်ပုဒ် ပြုလုပ်သည်။ ဤသည်ကို အဘယာရာမ ဆရာတော်က-

> "ဋီကာ၌ "မဓုသဒ္ဒေန ခုဒ္ဒဇန္တု ခုဒ္ဒမ္ဘောစ္စတေ၊ ခုဒ္ဒ-ဇန္တုဝေါ ဘမရာဒယော"ဟု တု-သဒ္ဒါနှင့် "ခုဒ္ဒဇန္တု"ပုဒ် ပြုလုပ်သည်၊ ဆင်ခြင်"။

ဟု မှာထားတော်မူသည်။ ယင်းသို့ မှာထားပြီးနောက် ပါရာဇိကဏ်အဋ္ဌ-ကထာ စသည်၌ ပါဠိပျက်တတ်သည်ကိုလည်း ဤသို့ မှာထားတော်မူပြန်သည်။

> "ခုဒ္ဒံ မဓုန္တိ ခုဒ္ဒမက္ခိကာဟိ ကတံ မဓုံ"ပါရာဇိကဏ် အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁။၁၅၀) စသည်၊ ဤဖြင့် "ခုဒ္ဒါဟိ ကတံ ခုဒ္ဒံ" ဟူသော ဝစနတ္ထကို ပြသည်၊ စာတို့၌ "ခုဒ္ဒမဓုံ"ဟု သမာသ်ရှိသည်၊ မသင့်။

ဆရာတော် မှာထားသည့်အတိုင်းပင် ဆဋ္ဌမူ ပါရာဇိကဏ်အဋ္ဌ-ကထာ "ခုဒ္ဒမဓုန္တိ ခုဒ္ဒကမက္ခိကာဟိ ကတမဓုံ" ဟု သံဝဏ္ဏေတဗ္ဗရော, သံဝဏ္ဏနာပါ သမာသ်ရှိသည်ကို တွေ့ရသည်။ "တော် ကိရ မဓု သဗ္ဗ-မဓူဟိ အဂ္ဂဉ္စ သေဋ္ဌဉ္စ" ဟူသော နောက်ဝါကျကို ထောက်၍ သမာသ် မသင့်၊ ဝါကျသာသင့်ကြောင်း ထင်ရှားပေသည်။ ထို့ကြောင့် ဆဋ္ဌကိုတ္တရ ပါဠိတော် (အံ၊၂။၃၂၄)၌လည်းကောင်း၊ အဋ္ဌကထာ (အံ၊ဋ္ဌ၊၃။၁၂၁) ၌ လည်းကောင်း "ခုဒ္ဒံ မဓုံ"ဟူ၍ ဝါကျသာ ရှိနေသည်။

ဤသို့စသည်ဖြင့် အဘယာရာမဆရာတော်သည် အဘိဓာန်ဋီကာ နှင့် ရှေးနိဿယများ၏ ချွတ်ချော်မှားယွင်းမှုများကို အကြောင်းယုတ္တိ, အကိုးသာဓကများဖြင့် ထောက်ပြကာ အမှန်သို့ရောက်အောင် ကောင်းမြတ်သော စိတ်ထားဖြင့် ဆုံးဖြတ်ချက် ချသွားတော်မူပေသည်။

သုတေသနစာကြည့်တိုက်
သိမှတ်ဖွယ်ရာစာပဒေသာ အသနာနက္ခတ်ဆွေ ဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

ဤမှုဖြင့်ပင် အဘိဓာနပ္ပဒီပိကာစာကိုယ်ကျမ်းနှင့် ဆရာတော်၏ အဘိဓာန်နိဿယသစ်ကျမ်းတို့၏ ကောင်းခြင်းဂုဏ်၊ အဘယာရာမဆရာတော်၏ ပရိယတ္တိဝိသာရဒဂုဏ်သည် အထိုက်အလျောက် ပေါ်လွင်ထင်ရှားပြီဟု ယူဆမိပေသည်။ သို့သော်လည်း အဘယာရာမဆရာတော်၏ ကျမ်းဂန်အရာ အကြားအမြင်များမှ ဗာဟုသစ္စဂုဏ်ကိုလည်း အနည်းငယ်မျှ တင်ပြလိုပေသည်။

အဘယာရာမဆရာတော်သည် အဘိဓာန်နိဿယသစ်ကျမ်းကို ပြုစုရာ၌ အမရကောသနှင့်တကွ တြိကဏ္ဍစိန္တာမဏိ, မဟောသွရ, ဗျာချာသုဓာ–စသော ယင်းဋီကာများသာမက ဝါစပ္ပတိ, ကပ္ပဒုမကဲ့သို့သော အဘိဓာန်ကြီးများ၊ ဘာဝပ္ပကာသ, သုဿုတကဲ့သို့သော ဆေးကျမ်းကြီးများ၊ ရာဇနိဃဏ္ဍု, သာလိဂ္ဂါမနိဃဏ္ဍုကဲ့သို့သော နိဃဏ္ဍုကျမ်းများ၊ သာဟိစ္စဒပ္ပဏကဲ့သို့သော အလင်္ကာကျမ်း၊ ဝေဒိကသက္ကတဆိုင်ရာ ကျမ်းဂန်များ၊ ရုပ်ပုံများပါသော ခေတ်ပေါ် သက္ကတဗင်္ဂလီ အဘိဓာန်ကျမ်းများနှင့် အခြားသက္ကတကျမ်းများစွာတို့ကို မှီငြမ်းပြု၍ ရေးသားခဲ့သောကြောင့် သိရှိရပေသည်။

ထိုကဲ့သို့ ကျမ်းမျိုးစုံကို မှီငြမ်းပြု၍ ရေးသားခဲ့သောကြောင့်ပင် အဘိဓာန်နိဿယသစ်ကျမ်းသည် ဗဟုသုတပဒေသာပင်ကြီးသဖွယ် အလွန်ခန့်ထည်လျက်ရှိပေသည်။ ဤအဘိဓာန်နိဿယသစ် ပဒေသာပင်ကြီးမှ အသီးအပွင့်များကို စာသင်သားများ, ပညာရှင်များသည် ယနေ့အထိလည်း ဆွတ်ခူးစားသုံးလျက်ရှိကြ၍ နောက်တွင်လည်း ခူးယူစားသုံးလျက်ပင် ရှိနေကြမည်မှာ သေချာလှပေသည်။

အဘိဓာန်နိဿယသစ်လာ အတ္တအကြောင်း ရေးသားချက်ကား အလွန်ပင် ကျော်ကြားလှပေသည်။ မြန်မာလူမျိုးတို့၏ အတ္တနှင့်စပ်သော အသိဉာဏ်သည် နည်းသေးသည်ဟု ဆရာတော် ယူဆဟန်ရှိပေသည်။ အတ္တအကြောင်းကို နားမလည်လျှင်လည်း အနတ္တအကြောင်းကို ပြည့်

ပြည့်ဝဝ နားလည်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မြန်မာစာဖတ် ပရိသတ်တို့ အတ္တအကြောင်း ကောင်းကောင်းနားလည်အောင် ဆရာတော်သည် မူရင်းကျမ်းကိုးကျမ်းကား စုံလင်စွာဖြင့် အကျယ်ရေးသားတော်မူခဲ့သည်။ ဆရာတော်၏ ရေးသားချက်ထက် အကြောင်းအရာအားဖြင့် ပိုမိုစုံလင်သော အတ္တအကြောင်း ဖော်ပြချက်ကို ရေးသားနိုင်ရန် ခဲယဉ်းလှပေလိမ့်မည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၌ အတ္တအကြောင်း ရေးသားကြသော ပုဂ္ဂိုလ်များသည် အဘယာရာမဆရာတော်၏ ရေးသားချက်တို့ကို တိုက်ရိုက် ကူးယူသော ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

အဘိဓာန်နိဿယသစ်ကျမ်းကို ရေးသားပြုစုရာ၌ ဆရာတော်သည် များစွာသော သက္ကတကျမ်းတို့မှ ရအပ်သော ဗဟုဿုတ အဖြာဖြာကို ရက်ရောစွာ ဖြန့်ဖြူးတော်မူခဲ့သည်။

အဘိဓာန်ကျမ်း ဂါထာနံပါတ် ၁၁၀-လာ ဝေဒင် ၆-ပါးနှင့် စပ်လျဉ်း၍ ယင်း ၆-ပါးသရုပ်နှင့်တကွ "အဋ္ဌာရသဝိဇ္ဇာ"ခေါ် အတတ်ကြီး ၁၈-ပါးသရုပ်ကို ဓိသဏ္ဍုပုရာဏ်ကျမ်း အကိုးနှင့်တကွ ထုတ်ပြပြီးလျှင် မာဂဓဘာသာ သဒ္ဒနီတိဓာတုမာလာကျမ်း(နှာ-၂၅၉), ဧကနိပါတ် ပဌမဝဂ်အဆုံး ဒုမ္မေဓဇာတ်ဋီကာ, မိလိန္ဒပဉ္စ (နှာ-၄), လောကနီတိ (ဂါထာ-၁၀-၁)တို့၌လည်း အဋ္ဌာရသဝိဇ္ဇာသရုပ်-တစ်မျိုးလာကြောင်း ညွှန်ပြတော်မူခဲ့သည်။

ဂါထာနံပါတ် ၅၂၈-လာ သိပ္ပခေါ် အတတ်ပညာနှင့် စပ်လျဉ်း၍ ကလာအတတ်ပညာကို ဣန္ဒိယနိုင်ငံ, အနောက်နိုင်ငံ သက္ကတပညာရှင်များ လောက၌ အသိများလှသော ကလာ ၆၄-ပါးသရုပ်ကို ဆရာတော်သည် ပါဠိ-မြန်မာနှစ်ဘာသာဖြင့် အကျယ်ထုတ်ပြတော်မူခဲ့သည်။

သက္ကတကျမ်းတို့၌ ကလာ ၆၄-ပါးသရုပ်ကို ထုတ်ပြရာတွင် တစ်ကျမ်းနှင့် တစ်ကျမ်း အဆိုအမိန့် မတူညီကြပေ။ ဝါစပ္ပတိ, ကပ္ပဒုမ

အဘိဓာန်ကြီးတို့၌ ဘာဂဝတပုရာဏ်၏ သိရိဓရိဋ္ဌီကာလာပါဌ်ကို ဆောင်၍ ပြကြသည်။ ယင်းကျမ်းလာသရုပ်သည် သုကြနီတိကျမ်းလာ သရုပ်နှင့် ကွဲလွဲသည့်အပြင် နူတ်မှုပညာကိုပါ ထည့်စွက်သွတ်သွင်း မသန့်ရှင်း သောကြောင့် အဘိဓာန်နိဿယသစ်၌ မပြဆိုကြောင်း၊ အလိုရှိလျှင် ထို ကျမ်းတို့ကိုဖြစ်စေ, ကပ္ပဒ္ဒုမအဘိဓာန်ကျမ်းကိုဖြစ်စေ ကြည့်ရှုကြစေလို ကြောင်း မှာထားတော်မူသည်။

အဘိဓာနပ္ပဒီပိကာကျမ်းသည် ပါဠိမာဂဓဘာသာ၌ရှိသော ပုဒ်များ နှင့် ရှိသင့်ရှိထိုက်သောပုဒ်များကို စုပေါင်းပြဆိုထားသော ကျမ်းဖြစ်သည်။ ထို့ကြောင့် ယင်းကျမ်း၌ အနာရောဂါဆိုင်ရာ ဝေါဟာရပုဒ်များ, သစ်ပင် ဆေးပင်ဆိုင်ရာ ဝေါဟာရပုဒ်များ, သားကောင်ဆိုင်ရာ ဝေါဟာရပုဒ်များ လည်း အများအပြား ပါဝင်ပေသည်။ ထိုဝေါဟာရပုဒ်များ၏ အနက်မှန်, အဓိပ္ပါယ်မှန် ရရှိရန်မှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။ သို့သော်လည်း အဘယာရာမဆရာတော်သည် ပြဆိုခဲ့ပြီးသော ဆေးကျမ်းများ, နိဃဏ္ဍု ကျမ်း, အဘိဓာန်ကျမ်းကြီးများမှ ဗဟုသုတများနှင့် အနက်မှန်, အဓိပ္ပါယ် မှန် ရရှိအောင် ဖော်ဆောင်နိုင်ခဲ့ပေသည်။

ဂါထာနံပါတ် ၃၂၇၊ ၃၂၈-တို့၌လာသော အရိသရောဂါ, ဘဂန္ဒရ ရောဂါအကြောင်း အသေအချာသိရှိနိုင်ရန် အရေးကြီးလှသည်။ ထို့ကြောင့် ဆရာတော်သည် သက္ကတအဘိဓာန်ကျမ်းများကို ထုတ်ပြပြီးလျှင် သေချာ စွာ အနက်ပြန်ဆိုထားသည်။

ဂါထာနံပါတ် ၅၇၇-လာ မာတုလုင် အသီးသည် ဝိကာလဘောဇန သိက္ခာပုဒ် အဋ္ဌကထာ၌ ယာဝကာလိက-ဟု ပြဆိုထားရာ အချို့က ရောက်ချိုသီး, အချို့က သလဲသီးဟု ပြောဆိုနေကြသည်။

ထို့ကြောင့် အဘယာရာမဆရာတော်က "ယထာဘူတကို မသိနိုင် သဖြင့် ယထာဘူတ သိရအောင် အကျယ်တဝင့် ရေးသားလိုက်ပါ ဟု သုတကာမီပုဂ္ဂိုလ်တို့ကို တောင်းပန်ကြသောကြောင့် ဘာဝပ္ပကာသ-

စသော ဆေးကျမ်းတို့မှ ထုတ်နုတ်၍ ရေးသားပေအံ့"ဟု ပဋိညာဉ်ပြုကာ ပြည့်ပြည့်စုံစုံ ရေးသားတော်မူသည်။

ထို့ပြင် ဝိနည်းအရာ အလွန်အရေးကြီးလှသော ပိုလ်အလေးချိန် အကြောင်းကိုလည်း ရှေးကျမ်းဂန်များအလို, ဆေးကျမ်းအလို, လောကသုံး အလို ပိုလ်အလေးချိန်ပမာဏကို ပြ၍ ကပ္ပဒုမအဘိဓာန်ကျမ်း, သုဿုတ ဆေးကျမ်း, ဘာဝပ္ပကာသဆေးကျမ်းနှင့် ရှားပါးလှသော ယုတ္တိကပ္ပတရု ကျမ်း,သင်္ချာပကာသကျမ်း, ဝိနည်းဆိုင်ရာ ကင်္ခါဝိတရဏီဋီကာကျမ်းတို့ကို ညှိနှိုင်း၍ တစ်ပိုလ်လျှင် ၄-သား၊ သို့မဟုတ် ၃. ၂-ပဲ ၈-ရွေး ရှိကြောင်း သံသယကင်းလောက်အောင် ဆုံးဖြတ်တော်မူခဲ့ပေသည်။

အဘယာရာမဆရာတော်၏ မာဂဓ, သက္ကတ လောကုတ်, လောကီ နှစ်လီသောကျမ်းဂန်တို့၌ လိမ္မာကျွမ်းကျင်သည်၏အဖြစ်ကို ဤအဘိဓာန် နိဿယသစ် တစ်ကျမ်းတည်းဖြင့်ပင် ပေါ်လွင်ထင်ရှားလှပေသည်။ သို့ သော်လည်း အခွင့်ရသမျှ ဗျာကရဏ်းကျမ်းတို့၌ လိမ္မာကျွမ်းကျင်ပုံကို ဆက်လက် ပြဆိုပါဦးမည်။

## ဗျာကရဏ်းနိဿယကျမ်းတို့ကို သုံးသပ်ဝေဖန်ခြင်း

အဘယာရာမဆရာတော်လောင်းလျာ အရှင်အဂ္ဂဓမ္မာဘိဝံသသည် ရဟန်းသိက္ခာ ၁၀-ဝါကျော်စ အနုထေရ်ဘဝကပင် ကျမ်းဂန်များကို ရေးသားပြုစုသည့် ကျမ်းပြုပုဂ္ဂိုလ် ဖြစ်တော်မူခဲ့သည်။ သက္ကတဘာသာ မုဒ္ဓဗောဓကျမ်းကို ရဟန်းသိက္ခာ ၁၃-ဝါရ အနုထေရ်ဘဝကပင် ရေး သားစီရင်ခဲ့သည်။

ထို့ကြောင့် ကျမ်းကြီးနိဂုံး၌ သက္ကရာဇ် ၁၂၇၃-ခုနှစ် တန်ဆောင်မုန်း လဆန်း ၇-ရက်နေ့ ပြီးကြောင်း ဖော်ပြထားသည်။ ယင်းသို့ ကျမ်းပြီးနေ သော်လည်း ကျမ်းစာအုပ်အဖြစ်မူ သက္ကရာဇ် ၁၃၀၀-ပြည့် ကဆုန်လ

ရောက်မှ လက်ရေးမူ စာကူးစက်ဖြင့် ထုတ်ဝေနိုင်ခဲ့သည်။ သို့ဖြစ်၍ ကျမ်းဦးအစ ဂန္ထာရမ္ဘ၌ "**အဟံ၊** အဂ္ဂမ္ဘော်ဘိဝံသမည် ငါမထေရ်သည်"ဟု ရေးသားတော်မူသည်။

အဘယာရာမဆရာတော်သည် အဘိဓာန်နိဿယကျမ်းများကို ရေးသားပြုစုရာ၌ သက္ကတဘာသာနိဿယကျမ်းကို ရေးသားပြုစုပြီးမှ မာဂဓဘာသာပါဠိနိဿယကျမ်းကို ဆက်လက် ပြုစုတော်မူသည်။ ထို့အတူပင် ဗျာကရုဏ်းနိဿယကျမ်းများကို ပြုစုရာ၌လည်း သက္ကတဘာသာ မုဒ္ဓဗောဓနိဿယကျမ်းကို ပြုစုပြီးမှ မာဂဓဘာသာ ဗျာကရုဏ်းနိဿယကျမ်းများကို ပြုစုတော်မူသည်။

ယင်းသို့ ပြုစုခြင်းသည် အလွန်သဘာဝကျလှပေသည်။ အဘယ့်ကြောင့်ဆိုသော် မာဂဓဘာသာဗျာကရုဏ်းများသည် သက္ကတဘာသာ ဗျာကရုဏ်းများကို အမှီပြုရသောကြောင့်လည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓသားတော် ရဟန်းတော်များအနေဖြင့် ပါဠိမာဂဓဘာသာကို အရင်းခံထား၍ အခြားဘာသာကို အခြံအရံ အထောက်အပံ့အဖြစ်သာ အသုံးပြုရသောကြောင့်လည်းကောင်း ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၈၀၀-ခန့်က ပေါ်ပေါက်လာသော မုဒ္ဓဗောဓဗျာကရုဏ်းသည် ပါဏိနီယ, ကာတန္တ, စာန္ဒြ-စသော ရှေးဟောင်းသက္ကတဗျာကရုဏ်းကျမ်းတို့မှ အနှစ်ထုတ်ကာ အကျဉ်းချုပ် ရေးသားထားသောကျမ်းဖြစ်၍ အနှစ်သာရနှင့် အလွန်ပြည့်ဝသည်ကား မှန်ပေသည်။ သို့ရာတွင် အက္ခရာသင်္ကေတတို့ဖြင့် အကျဉ်းချုံးကာ ရေးသားထားသောကြောင့်လည်းကောင်း၊ ဟိန္ဒူဘာသာဝင်တို့ စိတ်ကြည်နူးဖွယ်ရာ ဣဋ္ဌ-ဒေဝတာတို့၏အမည်, ဝတ္ထုဇာတ်လမ်းတို့ကို သာယာနာပျော်ဖွယ်ရှိအောင် ဂါထာဗန္ဓစီကုံး၍ ဥဒါဟရုဏ်ပုံစံ ထုတ်ထားသောကြောင့်လည်းကောင်း နိဿယကျမ်းကောင်း တစ်စောင်ဖြစ်အောင် ရေးသားရန် မလွယ်ကူပါ

ပေ။ အာစရိယ္ဗ ကဝိဓဇ-စသည်ခပ်နိုပ် ဘွဲ့တံဆိပ်တော်ရ မကွေးဆရာ တော် စီရင်အပ်သော မုဒ္ဒဖောဓနိဿယကျမ်းဟောင်း တစ်စောင်ရှိသော် လည်း အလွန်ကျယ်ဝန်းသောကြောင့်လည်းကောင်း၊ များသောအားဖြင့် ချွတ်ချော် မှားယွင်းမှုရှိသောကြောင့်လည်းကောင်း ဤမုဒ္ဒဖောဓနိဿယ ကျမ်းသစ်ကို ရေးသားစီရင်ရကြောင်း အဘယာရာမဆရာတော်က ဂန္ထာ- ရမ္ဘအခန်း၌ ဖေါ်ပြထားတော်မူသည်။

## မောဂ္ဂလ္လာန်နိဿယကျမ်း

မောဂ္ဂလ္လာန်နိဿယကျမ်းသည် ပုဂံခေတ်မှ အစပြုခဲ့သော မြန်မာ နိုင်ငံ ပါဠိစာပေခေတ် တလျှောက်တွင် အံ့ဩချီးကျူး အထူးလေးစားရ သော ကျမ်းကောင်းကျမ်းမြတ်တစ်ဆူ ဖြစ်ပေသည် အကြောင်းကိုဆိုရ သော်— ပုဂံခေတ်တွင် အထူးကျော်စော ထင်ရှားခဲ့သော ဆရာတော် အရှင်အဂ္ဂဝံသမထေရ်က "ပါဠိတော်၌ သက်သက်သော (ရေဟော) ဥဒ- သဒ္ဒါ မတွေ့စဖူး၊ အကယ်၍ရှိခဲ့လျှင် ကောင်းကောင်း နှလုံးသွင်းပါလေ" ဟု သဒ္ဒနီတိပဒမာလာ (နှာ-၃၁၃)တွင် ဤသို့ မှာထားတော်မူသည်။

"ပါဠိယဉ္စိ ကေဝလော ဥဒ-သဒ္ဒေါ န ဒိဋ္ဌပုဗ္ဗော၊
အတ္ထိ စေ၊ သုဋ္ဌု မနသိ ကာတဗ္ဗော"။

ဗုဒ္ဓသာသနာတော်ခေတ် နောက်ပိုင်း၌ ကျမ်းဂန်အတတ်ဆုံး ပုဂ္ဂိုလ် အဖြစ် အသိအမှတ်ပြုခံရသော သဒ္ဒနီတိနိဿယကျမ်းပြု ဆရာတော် ဉူးဗုဓ်သည်လည်း သက်သက်သော ရေ-ဟော ဥဒ-သဒ္ဒါ ကို မညွှန်ပြ နိုင်ခဲ့ပေ။ ထို့အတူပင် မန္တလေး ရတနာပုံခေတ်တွင် သဒ္ဒသင်္ဂဟပါဠိသဒ္ဒါ ကျမ်းပြု ယောမင်းကြီး ဦးဖိုးလှိုင်သည်လည်း "ဗျာသေ ပန ဥဒက- ဝါစကော ဥဒသဒ္ဒေါ န ဒိဋ္ဌပုဗ္ဗော"ဟု ရေ-ဟော ဥဒ-သဒ္ဒါသက်သက် မတွေ့ဖူးကြောင်း ဝန်ခံခဲ့သည်။ ဤသို့ သူ့ခေတ်နှင့်သူ တံခွန်ထူခဲ့ကြ

သော အကျော်အမော်ပုဂ္ဂိုလ်ကြီး ၃-ဦး မတွေ့ဖူးသော ရေ-ဟော ဥဒ-သဒ္ဒါသက်သက်ကို ဤမောဂ္ဂလ္လာန်နိဿယကျမ်း သမာသကဏ္ဍ ၇၂-သုတ်အဖွင့်တွင် အကိုးသာဓကနှင့်တကွ ထုတ်ပြထားသည်။

ထို့ကြောင့် မောဂ္ဂလ္လာန်နိဿယကျမ်းသည် အံ့သြချီးကျူး အထူး လေးစားထိုက်သော ကျမ်းဖြစ်ကြောင်း ဒုတိယအကြိမ်ရိုက် မောဂ္ဂလ္လာန် နိဿယကျမ်း တည်းဖြတ်သူ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသက ဤသို့ မှာထားလေသည်။

"ဤကဲ့သို့ ထိပ်ထိပ်ကြဲပုဂ္ဂိုလ်ကြီးတို့ လက်လျှော့သွားသော ပါဠိပုဒ်ကို ပါဠိတော်တစ်စုံတစ်ခုမှ ထုတ်နှုတ်၍ ပြနိုင်သော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ ဝါ- ကျမ်းဂန်တစ်စောင်တစ်ဖွဲ့ ရှိပါမူ ထိုပုဂ္ဂိုလ် ဝါ- ထိုကျမ်းဂန်သည် "အစ္ဆရိယံ ဝတ ဘော" အံ့သြချီးကျူး အထူးလေးစားရမည့်ပုဂ္ဂိုလ် ဝါ- ကျမ်းဂန်ဖြစ်ပေလိမ့်မည်။ ပုဂံခေတ်မှ အစပြုခဲ့သော မြန်မာနိုင်ငံ ပါဠိစာပေခေတ်တလျှောက်တွင် တံခွန်ဆောက်သောပုဂ္ဂိုလ် ဝါ- ကျမ်းဂန်ပါပေဟု လေးနက်နစ်ထောင်း ပညာရှင်အပေါင်းတို့က သောင်းသောင်းဖျဖျ ဝှက်ပြုရမည့် ပုဂ္ဂိုလ် ဝါ- ကျမ်းဂန်လည်း ဖြစ်ပေလိမ့်မည်"။

မာဂဓဗျာကရဏ်းကျမ်းတို့တွင် အစောဆုံးဖြစ်သော ကစ္စည်းသဒ္ဒါကြီးကျမ်းကို မြတ်စွာဘုရားလက်ထက် ထေဒဂ်ဘွဲ့ရ အရှင်မဟာကစ္စာယန မထေရ် ရေးသားစီရင်သည်ဟု မှတ်ယူကြသည်။ ကစ္စည်းကျမ်းကို အစဦးဆုံး ဖွင့်ဆိုသော န္ယာသဆရာကလည်း "ကစ္စာယနဉ္စ မုနိဝဏ္ဏိတဗုဒ္ဓိ" ဟူသော ကျမ်းဦးစကားဖြင့် ထေဒဂ်ဘွဲ့ရ မဟာကစ္စာယနမထေရ်ဖြစ်ကြောင်း ဖွင့်ဆိုခဲ့သည်။ ထို့ပြင် ဝိသုဒ္ဓဇနဝိလာသိနီမည်သော အပဒါန်အဋ္ဌကထာ ဆရာကလည်း-

> အတ္တနော ပုဗ္ဗပတ္ထနာဝသေန ကစ္စာယနပ္ပကရဏံ မဟာနိရုတ္တိပ္ပကရဏံ နေတ္တိပ္ပကရဏဉ္စ ပကရဏတ္တယံ သံဃမဇ္ဈေ ဗျာကာသိ၊ အထ သန္တုဋ္ဌေန ဘဂဝတာ.... ဧတဒဂ္ဂဋ္ဌာနေ ဌပိတာ- (အပ၊ဋ္ဌ၊၂။၂၁၃)ဟု ပြဆိုခဲ့သည်။

သို့သော်လည်း မောဂ္ဂလ္လာန်နိဿယကျမ်းပြု အဘယာရာမဆရာတော်ကမူ ကစ္စည်းသဒ္ဒါကြီးကျမ်းပြု အရှင်ကစ္စာယနမထေရ်သည် ဘုရားရှင်လက်ထက်တော်က ဧတဒဂ်ဘွဲ့ရ မဟာကစ္စာယနမထေရ် မဟုတ်၊ ထိုမထေရ်နှင့် ဘွဲ့အမည်တူ မထေရ်တစ်ပါးဖြစ်သည်ဟု အကြောင်းယုတ္တိနှင့်တကွပြဆိုပြီးလျှင် ဤသို့ မိန့်ဆိုတော်မူသည်။

> "ကစ္စာယနအပဒါနဋ္ဌကထာ၌ ကစ္စာယနသဒ္ဒါကျမ်းကို ဧတဒဂ်ရ မဟာကစ္စာယနမထေရ်ပြုတ် ဟောအပ်သည် ဟု ဆို၏။ ထို (အပဒါန်အဋ္ဌကထာ) ကျမ်းသည် ပါဠိသံဝဏ္ဏနာဖြစ်၍ အဋ္ဌကထာအမည်ရသော်လည်း ပညာရှိတို့ ပမာဏပြုလောက်သော ကျမ်းမဟုတ်သည်၏အဖြစ်ကို ထိုကျမ်း၏အဆိုအမိန့်ဖြင့် သိအပ်၏။ အပဒါန်နိဿယကျမ်းပြု အုတ်ကျောင်းဆရာတော်လည်း ထိုကျမ်းကို ပမာဏမပြု"။

ယင်းသို့ မိန့်ဆိုပြီးလျှင် အရှင်မဟာဗုဒ္ဓဃောသမထေရ်ပြုတ်နှင့်သမာနကာလ၌သော်လည်းကောင်း၊ အနည်းငယ်နောက်ကျသော ကာလ၌သော်လည်းကောင်း စောဠတိုင်း (မဒရပ်ပြည်နယ် တောင်ပိုင်း) သား။ သို့မဟုတ် သီဟိုဠ်ကျွန်းသား ဖြစ်ဟန်တူသော ကစ္စာယနမထေရ်ဟု မိန့်ဆိုတော်မူသည်။ (မောဂ်၊ နိဿယ၊ နိဒါန်း။ ၄၊၅ ) ပြဆိုခဲ့ပြီးသော စကားတို့ဖြင့် အဘယာရာမဆရာတော်၏ ပါဠိကျမ်းဂန်စာပေသမိုင်း၌ အဘယ်မျှနက်ရှိုင်းသော ဉာဏ်ပညာရှိသည်ကို ပညာရှင်များ စဉ်းစား ခန့်မှန်းရာသည်။

ဓမ္မသင်္ဂဏီ မူလဋီကာ ဒုကမာတိကာ နိယျာနိကဒုက်အဖွင့်(မူလဋီ၊ ၁။၅၅) ၌-

"အနီယ-သဒ္ဒေါ ဟိ ဗဟုလာ ကတ္တုအဘိဓာယ-ကောတိ ဝဋ္ဋစာရကတော နိယျန္တီတိ နိယျာနီယျာ၊ နီ-ကာရဿ ရဿတ္တံ ယကာရဿ စ ကကာရတ္တံ ကတွာ "နိယျနိကာ"တိ ဝုတ္တံ"ဟု ဖွင့်ဆိုထားသည်။

ဤအဖွင့်၌ မည်သို့ အဓိပ္ပါယ်ယူရမည်နည်း? အနီယ-ပစ္စည်းသည် များသောအားဖြင့် ကတ္တားအနက်၌ ဖြစ်၏ဟု ယူလျှင် "ဘာဝကမ္မေသု တဗ္ဗာနီယာ"ဟူသော ဗျာကရဏ်းစည်းမျဉ်းနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။ ဤအရာ၌ မူလဋီကာဆရာ၏ အာဘော်ကို သိရန် ခဲယဉ်းလှသည်။ ယင်းခဲရပ်၏ အဖြေကို မောဂ္ဂလ္လာန်နိဿယ သဉ္ဉာဒိကဏ္ဍ ၅၈-သုတ်အဖွင့်တွင် ပြဆိုထားသည်။

ဓမ္မသင်္ဂဏီ အဋ္ဌကထာကဏ္ဍ မူလဋီကာ (၁၉၀) ၌-

"စိတ္တုပ္ပါဒေါတိ ဧတ္ထ ဥပ္ပဇ္ဇတီတိ ဧတ္ထာတိ ဥပ္ပါဒေါ၊ ကိံ ဥပ္ပဇ္ဇတိ ? စိတ္တံ၊ စိတ္တဿ ဥပ္ပါဒေါ စိတ္တုပ္ပါဒေါတိ ဧဝံ အဝယဝေန သမုဒါယောပလက္ခဏဝသေန အတ္ထော သမ္ဘဝတိ။ ဧဝဉ္စ သတိ စိတ္တစေတသိကရာသိ စိတ္တုပ္ပါ-ဒေါတိ သိဒ္ဓေါ ဟောတိ"

ဟု မိန့်ဆိုထားသည်။

ဤမူလဋီကာ၌ စိတ္တ-သဒ္ဒါကို စေတသိက်ပော ဥပ္ပါဒ-သဒ္ဒါနှင့် တပ္ပုရိသ်သမာသ် တွဲစပ်ထားပါလျက် စိတ္တုပ္ပါဒ အရ စိတ်, စေတသိက် ၂-ပါးလုံးကို ရကြောင်းဖွင့်ဆိုထားသည်မှာ ဆန်းကြယ်လှပေ၏။ ဤ၌ ကွယ်ဝှက်လျက်ရှိသော မူလဋီကာ၏ အာဘော်ကို သဏ္ဍာတကျမ်းလာ အဇဟာမာနသကတ္တဝါဒဖြင့် မောဂ္ဂလ္လာန်နိဿယ သမာသကဏ္ဍ ပဌမသုတ်အဖွင့်၌ ပြဆိုထားသည်။

"ပုမ္ဗဟုတ္တေ ကုရူ သက္ကာ၊ ကောသလာ မဂဓာ သိဝီ" စသော အဘိဓာနပ္ပဒီပိကာ (၁၈၄-၅) နှင့်အညီ ဇနပဒ အမည်ဟော သဒ္ဒါတို့သည် သဒ္ဒသဘာဝအတိုင်း ပုလ္လိင်, ဗဟုဝုစ်သာဖြစ်ကြသည်။ ထိုသဒ္ဒါတို့၏ ဝိသေသျဖြစ်သော ဇနပဒ-ကား ဇာတိသဒ္ဒါဖြစ်၍ ပုလ္လိင်,ဧကဝုစ်သာ ဖြစ်သည်။ ထို့ကြောင့် တိုင်းအမည်ဟော ကုရု, သက္က, ကောသလ- စသောသဒ္ဒါတို့နှင့် တိုင်းဟော ဇနပဒ-သဒ္ဒါတို့ တုလျာဓိ- ကရဏဝိသေသန, ဝိသေသျအဖြစ်ဖြင့် တွဲစပ်ရာ၌ "ကုရူသု ဇနပဒေ၊ သက္ကေသု ဇနပဒေ၊ ကောသလေသု ဇနပဒေ" စသည်ဖြင့် လိင်, ဝုစ်မတူဘဲ ရှိနေကြသည်။

ယင်းသို့ ဖြစ်ရခြင်း၏ အကြောင်းကို အဋ္ဌကထာဆရာက-

"**ကောသလေသူတိ** ကောသလာ နာမ ဇာနပဒိနော ရာဇကုမာရာ၊ တေသံ နိဝါသော ဧကောပိ ဇနပဒေါ ရုဠ္ဟိသဒ္ဒေန ကောသလာတိ ဝုစ္စတိ"

စသည်ဖြင့် ရုဠှီသဒ္ဒါ (ဝါ-သညာသဒ္ဒါ) ဖြစ်သောကြောင့် သူ့လိင်, ဝုစ်နှင့်သူ မြဲနေကြ၍ ကွဲပြားရကြောင်း ဖွင့်ဆိုတော်မူသည်။ ဋီကာဆရာတို့ကမူ နိဝါသ-စသော တဒ္ဓိတ်ပုဒ်ဖြစ်သော်လည်း ထိုတဒ္ဓိတ်ပစ္စည်းကို ချေထားသောကြောင့် မူလပကတိပုဒ်၏ လိင်, ဝုစ်အတိုင်း ရှိနေကြကြောင်း ဤသို့ မိန့်ဆိုကြသည်။

"ယဒိ ဧကော ဇနပဒေါ၊ ကထံ ဗဟုဝစနန္တိ အာဟ "ရုဠ္ဟိသဒ္ဒေနာ"တိ။ အက္ခရစိန္တကာ ဟိ ဤဒိသေသု ဌာနေသု ယုတ္တေ ဝိယ သလိင်္ဂဝစနာနိ ဣစ္ဆန္တိ၊ အယ- မေတ္ထ ရုဠ္ဟီ ယထာ အညတ္ထာပိ "ကုရူသု ဝိဟရတိ, အင်္ဂေသု ဝိဟရတီ"တိ စ။"

ဤ၌ အဋ္ဌကထာဆရာတို့သည် ပါဏိနီယဗျာကရဏ်းစသည့်တို့၏ အဆိုအတိုင်း "တဒ္ဓိတ်ပစ္စည်းကျေ၍ ပကတိပုဒ်၏ လိင်, ဝုစ်အတိုင်း ဖြစ်သည် မဟုတ်၊ ရုဠ္ဌီသဒ္ဒါ ဝါ-သညာသဒ္ဒါဖြစ်သောကြောင့်သာ လိင်, ဝုစ် မြဲသည်"ဟု ဖွင့်ဆိုလိုရင်း ဖြစ်သည်။ ဋီကာဆရာတို့ကမူ ရှေးသဒ္ဒါ ဆရာတို့၏ အဆိုအတိုင်း တဒ္ဓိတ်ပစ္စည်းကျေ၍ ပကတိပုဒ်ရင်းအတိုင်း ပုလ္လိင်, ဗဟုဝုစ်မြဲသည်ဟု ဖွင့်ဆိုကြသည်။

ဤ၌ အဋ္ဌကထာဆရာတို့သည် "ကောသလ-စသော သဒ္ဒါတို့သည် ပုဒ်, ဓာတ်, ပစ္စည်းတို့ဖြင့်ပြီးသော အန္ဝတ္ထသဒ္ဒါမဟုတ်၊ ရုဠ္ဌီသဒ္ဒါ ဝါ- သညာသဒ္ဒါတို့သာ ဖြစ်သည်။ ထို့ကြောင့် လိင်, ဝုစ် မြဲသည်"ဟု ပါဏိနီယ- စသော ဗျာကရဏ်းဆရာတို့၏ အဆိုအတိုင်း ဖွင့်ဆိုကြသည်။

ဋီကာဆရာတို့ကား "တဒ္ဓိတ်ပစ္စည်းကျေ၍ ပကတိပုဒ်၏ လိင်, ဝုစ် အတိုင်း မြဲသည်" ဟု ပါဏိနီယ-စသော ဗျာကရဏ်းဆရာတို့ ပယ်အပ် သော ရှေးသဒ္ဒါဆရာတို့၏ အဆိုအတိုင်း ဖွင့်ဆိုကြသည်။ ထို့ကြောင့် အဋ္ဌကထာနှင့် ဋီကာတို့ အဆိုချင်း ကွဲပြားနေသည်။ သို့ပါလျက် ဋီကာ ဆရာတို့က "အယမေတ္ထ ရုဠ္ဌီ"ဟု အဋ္ဌကထာစကားနှင့် ဆက်စပ်ပြသော် လည်း ဆက်စပ်ခြင်း မရှိပေ။ ကွဲပြားလျက်သာ ရှိချေသည်။ သို့ဖြစ်၍ ဋီကာဆရာများ အဋ္ဌကထာဆရာ၏ အာဘော်မမိ၍ မမှန်ကန်ကြောင်း အဘယာရာမဆရာတော်က ဤသို့ မိန့်ဆိုတော်မူသည်။

> "ဤဋီကာတို့၌ "အယမေတ္ထ ရုဠ္ဌီ"ဟု ဆိုသော်လည်း ထိုဆရာတို့ ညွှန်ပြအပ်သော အက္ခရစိန္တကတို့၏ စီရင်ပုံ သည် ရုဠ္ဌီမဟုတ်၍ မသင့်။ .... ဤသို့ ပါဏိနိ-စသော ဗျာကရဏ်းဆရာတို့သည် ဝရဏာ, ပဉ္စာလာ-စသောသဒ္ဒါ တို့၏ ရုဠ္ဌီအဖြစ်ကို ဆို၍ အန္ဝတ္ထအဖြစ်ကို ဆိုကြသော ပေါရာဏသဒ္ဒသတ္ထညူတို့၏ အဆိုကို ပယ်ပြီးဖြစ်ခြင်း ကြောင့် အဋ္ဌကထာဆရာလည်း ပါဏိနိ-စသည်တို့နှင့်

> အညီ ကောသလာ, ကုရု-စသောသဒ္ဒါတို့၏ ရုဋ္ဌီအဖြစ်ကို ဆိုတော်မူ၏။ ဋီကာတို့၌ကား ပါဏိနိအဆိုကို မညွှန်ပြဘဲ ပေါရာဏသဒ္ဒသတ္ထညူတို့၏ အဆိုကို ညွှန်ပြ၍ "အယ-မေတ္ထ ရုဠီ"ဟု အဋ္ဌကထာစကားနှင့်စပ်သော်လည်း မစပ်မိလေ။"

ဒုတိယဒုဋ္ဌဒေါသ (အညာဘာဂိယ) သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၂။၁၈၄။ ကခါ။ ၁၃၉)တို့၌ —

> "အညာဘာဂိယဿ အဓိကရဏဿာတိ ဧတ္ထ အညဘာဂဿ ဣဒံ, အညဘာဂေါ ဝါ အဿ အတ္ထီတိ အညဘာဂိယံ၊ အဓိကရဏန္တိ အာဏာရော ဝေဒိတဗ္ဗော"

ဟု ဖွင့်ဆိုကြသည်။ ယင်းအဖွင့်၌ အညဘာဂိယ-ကို နှစ်နည်း ဝစနတ္ထ ပြုထားရာ ယင်းတို့၏ အထူးကို ရှေးအကျဆုံး ဝိနည်းအဖွင့်ကျမ်းဖြစ်သည့် ဝဇိရဗုဒ္ဓိဋီကာက ဤသို့ အဆန်းတကြယ် ဖွင့်ပြထားသည်။

> "တတ္ထ ပဌမာယ သဒ္ဒိရုံ, သိလာပုတ္တကဿ သရီရန္တိ နိဒဿနံ၊ ပဌမံ ပနေတ္ထ နိဗ္ဗစနံ "ဇာတိပဒတ္ထော"တိ-ဝါဒီနံ မတေန ဝုတ္တံ၊ သာ ဟိ သာမိဘာဝေန, နိစ္စ-ဘာဝေန စ ပဓာနတ္တာ သတ္တိသဘာဝေ ဌိတာ။ တဗ္ဗိ-ပရီတကတ္တာ "ဗျတ္တကွတိဇာတဿုပဒတ္ထံ" ဣတိ ဣမဿ သုတ္တဿ ဝသေန ဒုတိယံ နိဗ္ဗစနံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"။

ဤအဖွင့်အရ အဋ္ဌကထာလာ "အညဘာဂဿ ဣဒံ"ဟူသော ပဌမ ဝစနတ္ထသည် ဇာတိပဒတ္ထဝါဒီ ဝါဇပျာယန-စသော ဆရာတို့၏ အလို အားဖြင့်ဆိုသော ဝစနတ္ထဖြစ်၍၊ ဒုတိယ အဿတ္ထိတဒ္ဓိတ်ဝစနတ္ထသည် ဒဗ္ဗပဒတ္ထဝါဒီ ဗျာဍိ-စသောဆရာတို့၏ အလိုအားဖြင့်ဆိုသော ဝစနတ္ထ ဖြစ်သည်။ ထိုတွင် ပဌမဝစနတ္ထ၏ အညဘာဂိယ-အရ တိရစ္ဆာန်ဇာတ်,

ဆိတ်ဖိုအဖြစ်၏ သာမိ (သမ္ဗန္ဓ) ဖြစ်သော ဇာတ်ကို ကောက်၍၊ ဒုတိယ ဝစနတ္ထဖြင့် အညဘာဂိယ-အရ တိရစ္ဆာန်ဇာတ်, ဆိတ်ဖိုအဖြစ်ရှိသော ဆိတ်ဒြပ်ကို ကောက်ယူရသည်ဟု ဝဇိရဗုဒ္ဓိဋီကာဆရာက ဆိုလိုသည်။ ဤ၌ "ဗျတ္တာကတိဇာတသုပဒတ္ထံ"ဟူသော သုတ်သည် အဘယ်မှလာသော သုတ်ဖြစ်၍ အဘယ်အနက်အဓိပ္ပါယ်ရှိသည်ဟု သိရှိရန် အလွန်ပင် ခဲယဉ်း လှပေသည်။

ဤသို့သော အခက်အခဲကို ဖျက်ခွဲတော်မူလိုသော အဘယာရာမ ဆရာတော်သည် မောဂ္ဂလ္လာန် ဏာဒိကဏ္ဍ ၇၀- **"တ္ထယော ဟိတေ"** ဟူသောသုတ်၏ မှတ်ချက်၌ "ဤ၌ နားလည်နိုင်ခဲသော ဝဇိရဗုဒ္ဓိဋီကာ အရှုပ်ကို ထုတ်၍ ရှင်းပြပေအံ့"ဟု ပဋိညာဉ်ပြုကာ ရှင်းပြတော်မူသည်။ ဝဇိရဗုဒ္ဓိ၌ ထုတ်ပြထားသော သုတ်ဟူသည်မှာ သဒ္ဒါဗျာကရဏ်းကျမ်းက သုတ်မဟုတ်၊ န္ယာယဒဿနကျမ်း (၂၂၆၃) မှ သုတ်ဖြစ်၍ ယင်းအလို ဤ၌ ဖြစ်သင့်သောပါဌ်မှာ "ဗျတ္တျာကတိဇာတယော တု ပဒတ္ထော" ဟု ဖြစ်သည်။ **အဓိပ္ပါယ်ကား-** ဗျတ္တိ(ဒြပ်), အာကတိ (အခြင်းအရာ), ဇာတိ သုံးပါးအပေါင်းသည် ပဒတ္ထဖြစ်၏။ ထိုသုံးပါးအပေါင်း၌ ပုဒ်၏သတ္တိသည် ဖြစ်၏ဟု ဆိုလိုသည်။ ဤနေရာ၌ အဘယာရာမဆရာတော်က န္ယာယ-ဒဿနကျမ်းမှ သက်ဆိုင်သော ၃-သုတ်ကို ထုတ်ပြ၍ အဓိပ္ပါယ်အကျယ် ရှင်းပြပြီးလျှင် ဤသို့ သုံးသပ်တော်မူသည်။

> "အဋ္ဌကထာဝယ် "အညဘာဂဿ တ္ထဒံ" ဟူသော ပဋ္ဌမဝိကပ်၌ "တ္ထဒံ"၏ အရ ဇာတ်ဖြစ်၍ ထိုအနက်၌ သက်သော တ္ထယ-ပစ္စယန္တ အညဘာဂိယ ပုဒ်လုံး၏အရလည်း ဆဂလကဇာတ်ဖြစ်၏။ ထို့ကြောင့် ပဋ္ဌမဝိကပ်ဖြင့် ဇာတိ ပဒတ္ထဝါဒီတို့ အလိုအားလျော်စွာ ဇာတ်ကို ပဒတ္ထပြု၍ ဖွင့် တော်မူသည်။ .... ဤဇာတိပဒတ္ထဝါဒသည် န္ယာယကျမ်းပြု ဆရာ ဂေါတမရသေ့ ခွင့်ပြုခဲ့သောဝါဒမဟုတ်၍ ဒုဗ္ဗလဖြစ်

သောကြောင့် ထိုရသေ့ခွင့်ပြုသော တိက–ကို ပဒတ္ထပြု၍ ဖွင့်လိုသောကြောင့် "အညဘာဂေါ ဝါ အသဿ အတ္ထိ" ဟူသော ဒုတိယဝိကပ်ကို အဋ္ဌကထာဆရာ မိန့်တော်မူပြန်သည်ဟူလို၏"။

ယင်းသို့ သုံးသပ်ပြီးနောက် ဝဇိရဗုဒ္ဓိဋီကာစကားနှင့် စပ်လျဉ်း၍ အဘယာရာမဆရာတော်က ဤသို့ ဆုံးဖြတ်ချက်ချတော်မူသည်။

"ဤဋီကာ၌ အညဘာဂိယပုဒ်၏အရ ဆဂလကဇာတ် ဟူသောစကားသည် အဋ္ဌကထာအကျယ်စကားနှင့် မညီ။ ထိုစကား မှန်၏။ အဋ္ဌကထာအကျယ်ဝါကျ၌ "တတော ။ပ။ ဘာဝဿ စ" ဟူသော ပါဠိဖြင့် အညဘာဂ–၏ အနက်ကို ပြ၏။ "ယော ဟိ သော ။ပ။ သော" ဟူသော ပါဠိဖြင့် ဣဒံ–၏ အနက်ကို ပြ၏။ ထို့ကြောင့် အညဘာဂ–အရကား တိရစ္ဆာန်ဇာတ်, ဆိတ်ဖိုဘောတည်း၊ အညဘာဂိယ–၏ အရကား ဆိတ်ဖိုဒြပ်တည်း။ ထို့ကြောင့် ပဌမဝိကပ်နှင့် ဒုတိယဝိကပ် အရတူဟု မှတ်အပ်၏"။

ပါဠိမာဂဓဘာသာ၌ ဝသဓာတ် တ–ပစ္စည်းတို့ကို ပေါင်းစပ်၍ ရုပ်ပြီးစေရာဝယ် ရူပသိဒ္ဓိကျမ်း ၆၁၃- ဝသတော ဥတ္ထ–သုတ်ဖြင့်လည်းကောင်း၊ မောဂ္ဂလ္လာန် ခါဒိကဏ္ဍ ၁၁၀၊ ၁၁၁–သုတ်တို့ဖြင့်လည်းကောင်း "**ဥတ္ထ, ဝုတ္ထ**"ဟု ရုပ်ပြီးစေကြသည်။ အဘယာရာမဆရာတော်ကမူ "**ဥဋ္ဌ, ဝုဋ္ဌ, ပရိဝုဋ္ဌ, ဝဿံဝုဋ္ဌ**"စသည်ဖြင့် မုဒ္ဓဇ"ဋ္ဌ"ဖြင့်သာ ပါဠိရှိသင့်ကြောင်း–

"ဤအရာဝယ် သန္န (သီဟိုဠ်နိဿယ) ၌ ဥတ္ထံ, ဝုတ္ထံ– ဟု ဒန္တဇနှင့် ရုပ်ပြီးစေခြင်းသည် ရူပသိဒ္ဓိအနုသာရတည်း"

ဟု မှတ်ချက်ပြုကာ အကျယ်ဆုံးဖြတ်တော်မူသည်။ ယင်းသို့ ဆုံးဖြတ်ပြီးနောက်–

> "ရူပသိဒ္ဓိ, မောဂ္ဂလ္လာန်တို့၌ တစ်ညီတည်း ဆိုသည်ဟု လည်း ပမာဏမဟုတ်၊ အဋ္ဌကထာဆရာမြတ်တို့ပင် ရံခါ ပါဠိပျက်ကို ဖွင့်မိတတ်၏။ ထိုစကား ထင်ရှားရုံ ဥဒါဟရဏ် တစ်ခုကို ပြအံ့"

ဟု ပဋိညာဉ်ပြုပြီးလျှင် တိကင်္ဂုတ္တရ ဒုတိယပဏ္ဏာသက မဟာဝဂ် (အံ၊၁။ ၂၀၉) လာ —

> "ကထဉ္စ ဝိသာခေ ဥပက္ကိလိဋ္ဌဿ ဝတ္ထဿ ဥပက္ကမေန ပရိယောဒပနာ ဟောတိ၊ ဥဿူဉ္စ (ဥသုမဉ္စ။ သီ။ ဦသဉ္စ။ သျာ၊ ကံ) ပဋိစ္စ ခါရဉ္စ ပဋိစ္စ ဂေါမယဉ္စ ပဋိစ္စ ဥဒကဉ္စ ပဋိစ္စ ပုရိသဿ စ တဇ္ဇံ ဝါယာမံ ပဋိစ္စ"

ဟူသော ပါဠိတော်ကို ထုတ်ပြတော်မူသည်။ ထို့နောက် ယင်း၏ အဋ္ဌကထာ(အံ၊ဋ္ဌ၊၂။၁၉၅)ကိုလည်း —

> "ဥဿူဉ္စ ပဋိစ္စာတိ ဒွေ တယော ဝါရေ ဂါဟာပိတံ ဥသုမံ ပဋိစ္စ၊ ဥသဉ္စာတိပိ (ဦသဉ္စာတိပိ။ သီ) ပါဌော၊ အယမေဝတ္ထော"

ဟု ထုတ်ပြပြီးလျှင် ဤအဋ္ဌကထာသည် "ဥဿူဉ္စ" ဟူသော ပါဠိတော် ပါဠိပျက်ကို မြင်၍ ဆပ်ပြာသုံးမျိုးကို ပြသောအရာ ဆပ်ပြာဟော "ဦသ" သဒ္ဒါဖြစ်သင့်ပါလျက် အငွေ့ဟော "ဥသူ"သဒ္ဒါဖြင့် ဖွင့်ဆိုလေသည်။

ခန္ဓဝဂ္ဂသံယုတ်၊ တတိယပဏ္ဏာသက၊ စတုတ္ထဝဂ်၊ ခေမကသုတ် (သံ၊၂။ ၁၀၇) ပါဠိတော်၌ —

> "တမေနံ ရဇကော ဦသေ ဝါ ခါရေ ဝါ ဂေါမယေ ဝါ သမ္မဒ္ဒိတွာ အစ္ဆေ ဥဒကေ ဝိက္ခာလေတိ၊ ကိဉ္စာပိ တံ ဟောတိ ဝတ္ထံ ပရိသုဒ္ဓံ ပရိယောဒါတံ၊ အထ ခွဿ

ဟောတိ ယော စ အနုသဟာဂတော ဦသဂန္ဓော ဝါ ခါရ-
ဂန္ဓော ဝါ ဂေါမယဂန္ဓော ဝါ အသမူဟတော"

ဟူ၍ လည်းကောင်း၊ အဋ္ဌသာလိနီအဋ္ဌကထာ (၂၈၆) ၌ –

"ရဇကော ဦသခါရံ, ဆာရိကာခါရံ, ဂေါမယခါရန္တိ
တယော ခါရေ ဒတွာ .... ဩဋ္ဌာရိကောဋ္ဌာရိကံ မလံ
ပဝါဟေသိ"

ဟူ၍လည်းကောင်း "ဆပ်ပြာဟော ဦသ-သဒ္ဒါ" ထင်ရှား၏။ ဤအတူပင်
အင်္ဂုတ္တရပါဠိ, အဋ္ဌကထာတို့၌လည်း "ဦသဋ္ဌ" ဟူ၍သာ ရှိသင့်သည်။
"ဥသ္မဋ္ဌ" ဟု ရှိသည်ကား ပါဠိပျက်ဟူ၍ အဘယာရာမဆရာတော်သည်
သုံးသပ်ဆုံးဖြတ်တော်မူသည်။ ဤသို့လျှင် အဘယာရာမဆရာတော်သည်
သာမန်နိဿယ, ဋီကာကျမ်းမျိုးကို မဆိုထားဘိ အဋ္ဌကထာကြီး, ဋီကာ
ကြီးတို့ကိုပင် "မသင့်"ဟု ထင်မြင်သောအရာဌာနတို့၌ အကြောင်းယုတ္တိ
ပြကာ ဝေဖန်သုံးသပ်လျက် "မသင့်"ဟု ဆုံးဖြတ်တော်မူသည်။

## နိဂုံးချုပ်

ရေးသားတင်ပြခဲ့ပြီးသည့်အတိုင်း အဘယာရာမဆရာတော်၏ ရေး
ကျမ်းဂန်များအပေါ် ဝေဖန်သုံးသပ် ဆုံးဖြတ်ချက်တို့ကား အလွန်ပင်
ပြောင်မြောက် စူးရှနက်နဲလှပါပေသည်။

ဤစာတမ်း၌ ဖေါ်ပြခဲ့သော ဝေဖန်ချက်တို့ကား အမြွက်မျှသာ ဖြစ်
ပါသည်။ ဤမှတစ်ပါး များစွာသော ဝေဖန်ချက်တို့ကို ဆရာတော်၏
နိဿယကျမ်းများ၌ တွေ့ရှိနိုင်ပါသည်။

ရေးကျမ်းဆရာတို့အပေါ် များစွာ ဝေဖန် သုံးသပ်တော်မူသော
အဘယာရာမဆရာတော်အား တစ်စုံတစ်ယောက်သော ပညာရှိက ပြန်
လည်တုံ့ပြန် ဝေဖန်သုံးသပ်မှုမျိုး ရှိကောင်းရှိနိုင်ရာပါသည်။ သို့ရာတွင်

ပေါ်လွင်ထင်ရှားသော စာစောင်စာတမ်း ကျမ်းဂန်တစ်စုံတစ်ခု ယနေ့အထိ မတွေ့ရှိရသေးပေ။ အဘယာရာမဆရာတော်နှင့် ခေတ်ပြိုင်ကျမ်းပြု ပညာရှင်များ၏ ချီးမွမ်းထောမနာစကားကိုသာ တွေ့ရှိ ကြားသိရပေသည်။

ဇိနဝံသဒီပ မဟာကာဗျ-စသော ကျမ်းပေါင်းများစွာကို ရေးသားစီရင်သော ကျမ်းပြုအကျော် သီဟိုဠ်ဆရာတော် အရှင်မေဓာနန္ဒမထေရ်မြတ်က-

ပေါရာဏာနံ ပဝီဏာနံ၊ ကေသဉ္စိ မတဒူသနံ။
ယံ ယံ ဒိဿတိ တံ သဗ္ဗံ၊ သစ္စံ သစ္စန္တိ နော မတိ။

ဟူ၍ ရှေးပညာရှိ အချို့တို့၏ အယူဝါဒကို အဘယာရာမဆရာတော်၏ ဝေဖန်သုံးသပ်ချက်အားလုံး အမှန်ချည်းဟု ထင်မြင်မိကြောင်း ထုတိ-မင်္ဂလာစကား ရေးသားပေးပို့တော်မူခဲ့သည်။

ဆန်းနိဿယသစ်, ကဗ္ဗောပဒေသကျမ်းစသော ကျမ်းပေါင်းများစွာကို ရေးသားစီရင်တော်မူသော မအူပင်မြို့ ဓမ္မိကာရာမဆရာတော် အရှင်သိရီကုမာရမထေရ်မြတ်ကလည်း-

အာဒေါ စာဒေါသ မန္တေပိ၊ သုပ္ပသတ္ထတရန္တရေ။
အတ္ထန္တရေ စ ပဿာမိ၊ သမန္တပရိပူရိတေ။

ဟူ၍ "အဘယာရာမဆရာတော် ရေးသားစီရင်အပ်သော ကျမ်းဂန်တို့၏ အစ, အလယ်, အဆုံး သုံးပါးလုံး၌ အပြစ်ကင်းလွတ် ချီးမွမ်းအပ်သည့် အမြတ်ရတနာ အနက်အဓိပ္ပါယ်ကိုသာ တွေ့မြင်ရပါသည်"ဟု မေတ္တာ-သဝဏ်လွှာ လက်ဆောင်ဂါထာများကို ရေးသားပေးပို့တော်မူခဲ့သည်။

ဤသို့စသည်ဖြင့် ပညာရှင်အပေါင်းက သောင်းသောင်းဖျဖျ ချီးမွမ်းထောမနာ ပြုဘာပေးအပ်သည့် အဘယာရာမဆရာတော်ကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော် ရွှေကျင်ဂိုဏ်းကြီးအတွင်း ဖြစ်ထွန်းပေါ်ပေါက်ခဲ့

သည်ကို အလွန်ပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ သို့ဖြစ်ပါသောကြောင့်-

"သဗ္ဗေ ဘယာဒိရဟိတာ သုခိတာ စ ဟောန္တု၊
သိက္ခာပဒေသု စ ခိလေသု သဇီဝစိတ္တာ,
သတ္ထာတိဂိဒ္ဓပဌပါဌကဂန္ထကာရာ"

ဟူ၍ ကျေးဇူးတော်ရှင် အဘယာရာမဆရာတော် အဘိဓာန်နိဿယသစ်ကျမ်း နိဂုံးတွင် ဆုတောင်းပတ္ထနာ ပြုတော်မူသကဲ့သို့

- ရွှေကျင်နိကာယ သံဃာ့အစည်းအဝေးကြီးသို့ ကြွရောက်တော်မူလာကြသော သီလဝန်, ဂုဏဝန်, ပညာဝန် အရှင်မြတ်တို့နှင့်တကွ ရွှေကျင်ဂိုဏ်းသား သံဃာတော်များ အားလုံး ကိုယ်, စိတ်နှစ်ဖြာ ဘေးရန်ကွာ၍ ချမ်းသာတော်မူကြပါစေ။
- ဘုရားရှင် ဟောကြားပညတ်ထားသည့် သိက္ခာပုဒ်အားလုံးတို့၌ မိမိ၏အသက်ပမာ ချစ်ခင်လေးစားသော စိတ်ထားဖြင့် ထိန်းသိမ်းစောင့်ရှောက်တော်မူနိုင်ကြပါစေ။
- ကျမ်းဂန်တို့၌ လွန်စွာ နှစ်သက်တပ်မက် စွဲလမ်းကြသော စာချ, စာသင်, ကျမ်းပြုအရှင်မြတ်များ ရွှေကျင်ဂိုဏ်းကြီးအတွင်း ထွန်းကားပေါ်ပေါက်တော်မူကြပါစေ-

ဟု အာသီသပတ္ထနာပြုလျက် ဤ **အဘယာရာမဆရာတော်ဘုရားကြီး ပရိယတ္တိဂုဏ်ရည်စာတမ်း** ကို နိဂုံးကမွတ် အဆုံးသတ်ရပါသတည်း။

အရှင်အဂ္ဂညာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

# ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်

# ၏

# ပရိယတ္တိဂုဏ်ရည်

ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ဟူသည်မှာ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း၌ စီမံအုပ်ချုပ်တော်မူကြသော ဆရာတော် ၅-ပါး, ၆-ပါးမျှ ရှိခဲ့သည့်အနက် ဂန္ထဓုရကွ ဂန္ထကာရက အဂ္ဂမဟာပဏ္ဍိတ အရှင်ကောသလ္လာ-ဘိဝံသ ဆရာတော်ဖြစ်သည်။ ရွှေကျင်ဂိုဏ်းကြီး၏ ဦးစီးဥက္ကဋ္ဌ ဒုတိယ ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဂုဏ်တော်, ကျေးဇူးတော်တို့ကို ထုတ်ဖော်ပြောကြား ရေးသားကြရာ၌ မိမိတို့ သိရှိကြည်ညိုထားသည့် ရှုထောင့်မှ ရှုမြင်သုံးသပ်ကာ ကျမ်းပြုဆရာတော်များ ရေးသားဖော်ကျူးထားသည်ကို တွေ့ရှိရပေသည်။ ယင်းတို့တွင် ဝိသုဒ္ဓါရုံ ပုဒ်စစ်ဂဏ္ဌိကျမ်းနိဂုံး၌ ဤသို့ ရေးသားဖော် ပြထားလေသည်။

၁။ "ကရဝိက်, ကြိုးကြာ, သာလိကာ, ရွှေကျေး ရောထွေး
ပေါင်းယှက် အမျိုးမျိုးသောငှက်တို့၏ ဝင်ထွက် ခိုမှီ တွန်
မြည်သဲသဲ မှီဝဲနေထိုင်ရာ ရသာချိုဆိမ့် နှစ်သိမ့် ပြေပြစ်
ဆီနှစ်ဩဇာ ဝင်းဝါရွှန်းအိ အသီးမှည့် အသွယ်သွယ် ပြည့်
ကြွယ်ခိုင်ဖြိုး သစ်ပင်ကြီးနှင့် တူတော်မူ၏"

ဟူ၍လည်းကောင်း၊

၂။ "ထူးထွေသောင်းသောင်း ငှက်အပေါင်းတို့၏ ကောင်းစွာမှီခိုရာ ဝင်းဝါထိန်ပြောင် ရွှေတောင်ကြီး သဖွယ်ဖြစ်တော်မူ၏"

ဟူ၍လည်းကောင်း၊

၃။ "များပြားလှစွာ ပျားသတ္တဝါတို့၏ ကောင်းစွာမှီဝဲ အမြဲစားသုံးရာ ပျားလပို့ကြီးနှင့် တူတော်မူ၏"

ဟူ၍လည်းကောင်း၊

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်သိန် အရှိန်အဝါကြီးမားတော်မူပုံကို ပါဠိဂါထာ ရစနာဗန္ဓ ဖွဲ့ဆိုပြီးလျှင် မြန်မာမှုပြုကာ ရေးသားဖွင့်ဆိုထားသည်။

တစ်ဖန် ဆရာတော်ဘုရားကြီး၏ ခြွေရံသင်းပင်း ပေါများခြင်းနှင့် စပ်လျဉ်း၍ –

(က) "သီဟိုဠ်, အင်္ဂလန်, ဟော်လန်, စိန့်တိုင်း အရပ်ရပ်သော တိုင်းနိုင်ငံမှ လာကြများပြား စာသင်သားတို့၏ လေးစားချစ်ခင် ခုံမင်မြတ်နိုးခြင်းဖြင့် ထံရင်းမပြတ် မှီဝဲဆည်းကပ်ရာ ဖြစ်တော်မူ၏"

ဟူ၍လည်းကောင်း၊

(ခ) "ပုံသေမုချ ကျနမှန်ကန် အဆုံးအဖြတ် အတန်တန်ကို နာခံလိုလားသူ ရဟန်းရှင်လူ ပြည်သူခပင်းတို့၏ ဝပ်စင်းတိုးလျှိုး အားကိုးမှီခိုရာလည်း ဖြစ်တော်မူ၏"

ဟူ၍လည်းကောင်း၊

(ဂ) "မဂ်, ဖိုလ်, နိဗ္ဗာန် လျော်ကန်သည့် အကျင့်မှန် အကျင့်ကောင်း နည်းလမ်းကြောင်းကို နှစ်ထောင်းကျင့်လို ယောဂီပုဂ္ဂိုလ်တို့၏ မှီခိုအားထား ကိုးစားရာလည်း ဖြစ်တော်မူ၏"

ဟူ၍လည်းကောင်း၊ ဝိသုဒ္ဓါရုံ ပုဒ်စစ်ဂဏ္ဌိကျမ်းနိဂုံး၌ ချီးကျူးကော်ရော်ပူဇော်ရေးဖွဲ့ထားလေသည်။

အထက်,အောက်မြန်မာနိုင်ငံ အနှံ့အပြားမှ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ လေးမြတ်ကြည်ညို မှီခိုဆည်းကပ်လာကြသော တပည့်အပေါင်းတွင် ဂန္ထဓုရက္ခ, ဂန္ထကာရက, ပရိယတ္တိဝိသာရဒ ဂန္ထဓုရဝန်ဆောင်တပည့်များနှင့် ဓမ္မဓုရက္ခ ဝိစိတြဘာဏီ ဓမ္မကထိက အကျော်အမော်သာသနာပြု တရားဟောတပည့်များ မြောက်မြားစွာ ပေါ်ထွန်းလာသကဲ့သို့ သမထ, ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းကြိုးကုတ် အားထုတ်ကြသော ဝိပဿနာဓုရ ယောဂီတပည့်ပေါင်း များစွာတို့လည်း ပေါ်ထွန်းတော်မူခဲ့ကြသည်။

ကျမ်းဂန်အရာ ပရိယတ္တိဉာဏ် အမြင်သန်၍ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ကိုးစားရာ ညာလက်ရုံးပမာ များစွာသောကျမ်းဂန်တို့ကို ရေးသားစီရင်လျက် ဓမ္မဝိနယဝိနိစ္ဆယတာဝန်များကို အားသွန်ကြိုးပမ်းဆောင်စွမ်းတော်မူနိုင်ကြသော ပုဂ္ဂိုလ်များတွင် မန္တလေးမြို့ ပရိယတ္တိ-သာသနဟိတအသင်းကြီးက ဆောင်နှင်းဆက်ကပ်အပ်သော ဘွဲ့တံဆိပ်တော်ရ ဝိသုဒ္ဓါရုံဝံသာလင်္ကာရ ဓမ္မာစရိယ ဖြစ်တော်မူကြသည့် အရှင်စန္ဒာဘိဝံသ, အရှင်စာရိတ္တာဘိဝံသ, အရှင်အဂ္ဂဓမ္မာဘိဝံသ, အရှင်ဝိဇယ-သာမိဘိဝံသ, အရှင်နာရဒါဘိဝံသ, အရှင်ကောသလ္လာဘိဝံသ-စသောမထေရ်များသည် ထိပ်ဆုံးမှ ပါဝင်သောပုဂ္ဂိုလ်များဖြစ်သည်။

ထိုတွင် ကောဇာသက္ကရာဇ် ၁၂၅၀-ပြည့်နှစ် ဒုတိယဝါဆိုလဆန်း (၂)ရက်နေ့၌ မြင်းခြံမြို့တောင်လက် လယ်ကြီးရွာ အဘ ဦးချင်းအို+အမိဒေါ်စိတ်ကောင်းတို့မှ ဖွားမြင်တော်မူသော အရှင်ကောသလ္လာဘိဝံသသည် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဘဝနတ်နန်း စံမြန်းတော်မူရာ ၁၂၇၈-ခုနှစ်၌ သက်တော် ၂၈-နှစ်၊ သိက္ခာတော် ၉-ဝါရ မဇ္ဈိမရဟန်း

တော် အရွယ်မျှသာ ရှိသေးသည်၊ သို့သော်လည်း အရှင်မြတ်၏ ပရိယတ္တိ စွမ်းရည်နှင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုတို့ကြောင့် ဝိသုဒ္ဓါရုံ နာယကဆရာတော် အဆင့်အတန်းသို့ တက်လှမ်းနိုင်ခဲ့သည်။

စည်ရှင်ဆရာတော်လောင်းလျာ ရဟန်းငယ်သည် ၁၂၇၁-ခုနှစ် နယုန်လတွင် ပရိယတ္တိသာသနဟိတ(သကျသီဟ)စာမေးပွဲ စာသင်တန်း အောင် ၆-ပါးတွင် နံပါတ် (၁)မှ အောင်မြင်တော်မူသည်။ ဓမ္မာစရိယ စာချတန်းကို ဆက်လက်လေ့လာ သင်ယူတော်မူကာ ၁၂၇၄-ခုနှစ် နယုန်လစာမေးပွဲ၌ ဓမ္မာစရိယ (စာချတန်း) အောင် ၆-ပါးတွင်လည်း နံပါတ်(၁)မှပင် အောင်မြင်တော်မူ၍ **“ကောသလ္လာဘိဝံသ ပရိယတ္တိ-သာသနဟိတ ဓမ္မာစရိယ (သီးခြားစာချ)”** ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူသည်။ ရဟန်းသိက္ခာ ၄-ဝါမျှသာရှိသေးသော အရှင်ကောသလ္လာ-ဘိဝံသသည် ထိုအချိန်ကပင် ဝိသုဒ္ဓါရုံဂန္ထကာရကပုဂ္ဂိုလ် ဖြစ်တော်မူသည်။ အဘယ့်ကြောင့်ဆိုသော် — ဆရာသခင် ကျေးဇူးရှင်ဖြစ်သော အရှင်စာရိတ္တမထေရ် ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်းကို ရေးသားစီရင်ရာတွင် ပါဝင်ကူညီ ရေးသားခဲ့ရသောကြောင့် ဖြစ်လေသည်။

ကျမ်းပြုဆရာတော် အရှင်စာရိတ္တမထေရ်က ကျမ်း၏အဆုံး၌ “ဤကျမ်းကို ဝိသုဒ္ဓါရုံဂဏဝါစက ပရိယတ္တိသာသနဟိတဓမ္မာစရိယ အရှင်ကောသလ္လာဘိဝံသ၏ အကူအညီဖြင့် ရေးသားသည်”ဟု ဖော်ပြ၍ —

ကောဃဟာဃဒ္ဒိသတ - သတ္တတိ တိယုတေ ခဏေ ။

တတိယေ ပုဿမာသဿ ၊ ကာလေ သောရိမှိ ဝါရကေ ။

(ကတံ) ဟူ၍ ကျမ်းပြီး သကရာဇ်ကို ၁၂၇၃-ခုနှစ်ဟူ၍ ဖော်ပြထားပေသည်။ ပုဒ်စစ်ဂဏ္ဌိကျမ်း၌လည်း အရှင်ကောသလ္လာဘိဝံသ၏ ရေးသားချက်များ များစွာပါရှိကြောင်း သိရှိရပေသည်။

အရှင်ကောသလ္လာဘိဝံသသည် မန္တလေးမြို့ မြတောင်ကျောင်းတိုက်၌ ရှင်သာမဏေအဖြစ်ဖြင့် နေစဉ်ကပင် မဟာဝိသုဒ္ဓါရုံဆရာတော်

ဘုရားကြီး ပို့ချသောစာဝါကို လိုက်နာသင်ယူခဲ့သည်၊ အရှင်မြတ်သည် ရဟန်းဖြစ်ခါစ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးထံ ရောက်ရှိပြီးနောက် ရဟန်းသိက္ခာ တစ်ဝါအရမှာပင် ပရိယတ္တိ (သကျသီဟ) စာသင်တန်းကို အောင်မြင်၍ ရဟန်းသိက္ခာ ၄-ဝါအရတွင် ဓမ္မာစရိယ စာချတန်းကို အောင်မြင်တော်မူသည်။ အဆိုပါ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ ရပြီးခါစ ၄-ဝါရ အချိန်မှာပင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ကိုယ်တော်တိုင် ရေးသားစီရင်ထားသည့် –

စိတ္တံ ဝိဓာယတိ ခန္ဓေ၊ နာနာရူပေဝ သိပ္ပိနော ။
နာနာရူပေဟိ တေနေတ္ထ၊ ခန္ဓေဟိ ဝိစရန္တိ တေ ။

ဟူသော ဂါထာကို စိတ်တရား၏ သိမ်မွေ့နက်နဲစွာ ဆန်းကြယ်ပုံကို ပေါ်လွင်ထင်ရှားအောင် အနက်မြန်မာ ပြန်ဆိုရမည်ဟု စေခိုင်းတော်မူသည်။ ထိုအခါ ဉာဏ်မီးတောက်စ အရှင်ကောသလ္လာဘိဝံသက ဖော်ပြပါအတိုင်း အဘိဓမ္မာသဘာဝအတွင်း ကဗျာဉာဏ်သွင်းကာ ရှင်းလင်း သိသာအောင် ရေးသားတင်ပြလေသည်။

၁။ **သိပ္ပိနော၊** ပန်းထိမ်ပန်းပု၊ ပန်းချီမှုဋ္ဌ၊ ဆစ်ဖုလိမ္မာ၊ ရုပ်ထု ဆရာကြီးတို့သည်။ **နာနာရူပေ၊** ထီးမူ နန်းဟန်၊ ပုံသဏ္ဍာန်နှင့်၊ တစ်ဖန် ဆိုးဝါး၊ မျိုးဇာတ်ခြားသည့်၊ အစားစား အဖုံဖုံ၊ အရုပ်မျိုးစုံတို့ကို။ **ဝိဓာယန္တိ ဣဝ၊** ရေးခြယ်ထုလုပ်၊ သွန်းခုတ် စီရင်၊ ပြုပြင်ကြလေကုန်သကဲ့သို့။

၂။ (က) **စိတ္တံ၊** လောဘ,ဒေါသ၊ မောဟတရား၊ ဦးတည်ထား၍၊ ဖြစ်ပွားဆို့ပိတ်၊ အကုသိုလ်စိတ်သည်။ **နာနာရူပေ၊** ကြောက်ခမန်း, လန့်ခမန်း၊ ရန့်ကြမ်းဆိုးဝါး၊ အစားစား အဖုံဖုံ၊ ရုပ်ပုံ သဏ္ဍာန်ရှိကုန်သော။ **ခန္ဓေ၊** ငရဲ, တိရစ္ဆာန်၊ တစ်တန် ပြိတ္တာ၊ သုံးမျိုးသော ခန္ဓာတို့ကို။ **ဝိဓာယတိ၊** ရေးခြယ်ထုလုပ်၊ သွန်းခုတ် စီရင်၊ ပြုပြင်တတ်လေ၏။

(ခ) **စိတ္တံ၊** အကုသလ၊ ဝန်းရံခ၍၊ ပြုကြဖြစ်ပွား၊ ကုသိုလ်စိတ် တရားသည်။ **နာနာရူပေ၊** ချို့တဲ့ ဆင်းရဲ၊ မျိုးအဆွေနှင့်၊ ပုံနေဆိုးဝါး၊

အစားစား အဖုံဖုံ၊ ရုပ်ပုံသဏ္ဍာန်ရှိကုန်သော။ **ခန္ဓေ၊** ဝေမာနိကာ၊ မျိုးပြိတ္တာနှင့်၊ တေဇာသိန်ဖျင်း၊ အရှိန်ကင်း၍၊ စာရင်း မဝင်၊ လူတွင် လူနပ်၊ နတ်နပ်နတ်မွှား၊ အညံ့စား ခန္ဓာတို့ကို။ **ဝိစာယတိ၊** ရေးခြယ် ထုလုပ်၊ သွန်းခုတ် စီရင်၊ ပြုပြင်တတ်လေ၏။

(ဂ) **စိတ္တံ၊** အကုလသ၊ လွတ်ကင်းပ၍၊ ဖြူဆွ ရောင်ဖိတ်၊ ကုသိုလ်စိတ်သည်။ **နာနာရူပေ၊** လှပ ဆင်းရေ၊ မျိုးအဆွေနှင့်၊ ပုံနေ ပုံထား၊ အစားစား အဖုံဖုံ၊ ရုပ်ပုံသဏ္ဍာန်ရှိကုန်သော။ **ခန္ဓေ၊** ဂုဏ်သိန် တေဇာ၊ ကြီးမားစွာသည့်၊ ဗြဟ္မာ, လူ, နတ်၊ မြင့်မြတ်သော ခန္ဓာတို့ကို။ **ဝိစာယတိ၊** ရေးခြယ်ထုလုပ်၊ သွန်းခုတ် စီရင်၊ ပြုပြင်တတ်လေ၏။

၁။ **တေန၊** ထိုသို့ ပန်းထိမ်ပန်းပု၊ ပန်းချီမှု၌၊ ဆစ်ဖုလိမ္မာ၊ ရုပ်ထု ဆရာတို့က၊ ရေးခြယ်ထုလုပ်၊ သွန်းခုတ် စီရင်၊ ပြုပြင်၍ ထားကြလေသောကြောင့်။ **တေ၊** ထို က,ဆို ပြသ၊ နာဋကဥ၊ ကျနလေ့လာ၊ ဇာတ်ဆရာကြီးတို့သည်။ **နာနာရူပေဟိ၊** အမျိုးမျိုး အဖုံဖုံ၊ အရုပ်မျိုးစုံတို့ဖြင့်။ (**နာနာ-ရူပေဟိ၊** နတ်ကတော် ဆင်ကျား၊ မြင်း, မျောက်များနှင့်၊ တိုင်းသား ဥကင်၊ ရှင်ဘုရင်, ဝန်ကြီး၊ မင်းသမီး, မင်းသား၊ လူပျိုသားဟု၊ များပြားဥဿုံ၊ အရုပ်မျိုးစုံတို့ဖြင့်။) **တတ္ထ၊** ဤမြို့ ဤပြ၊ စင်တော် ရုံတော် ဟူသမျှတို့၌။ **ဝိစရန္တိ၊** လွှမ်းခန်း, ဆွေးခန်း၊ အသောခန်းနှင့်၊ ဒွေါခန်း တစ်ဖြာ၊ ဖွဲ့နွဲ့ကာဖြင့်၊ မာယာထွေပြား၊ လှည့်စားသွားလာ၍ နေကြလေကုန်၏။

၂။ **တေန၊** ထိုသို့ အကုသိုလ်နှင့်၊ ကုသိုလ်တရား၊ စိတ်ခတ်များက၊ ထွေပြား ပုံဟန်၊ ရုပ်သဏ္ဍာန်ကို၊ စီမံ၍ ထားကြလေသောကြောင့်။ **တေ၊** ထိုလူ နတ် ဗြဟ္မာ၊ ဇာတ်ဆရာကြီးတို့သည်။ **တတ္ထ၊** ဤ သုံးဆယ့်တစ်ဘုံ၊ ဇာတ်ရုံတော်ကြီးအတွင်း၌။ **နာနာရူပေဟိ၊** အသွင်အပြင်၊ အဆင် ကွဲပြား၊ အစားစား အဖုံဖုံ၊ ရုပ်ပုံသဏ္ဍာန်ရှိကုန်သော။ **ခန္ဓေဟိ၊** အဆိုး အကောင်း၊ သောင်းပြောင်းရောရာ၊ လက်ရှိခန္ဓာရုပ်တို့ဖြင့်။ **ဝိစရန္တိ၊** ကကာ ဆိုကာ၊ ပြသကာဖြင့်၊ လှည့်လည်သွားလာ၍ နေကြလေကုန်သတည်း။ (**ဝိစရန္တိ၊**

ပျော်တစ်ခါ ပျင်းတစ်လှဲ့၊ ငိုတစ်လှဲ့ ရယ်တစ်ခါ၊ ချမ်းသာ ဆင်းရဲ၊ တူစုံတွဲ၍၊ ဇာတ်ပွဲ ပြကာ၊ လှည့်လည်သွားလာ၍ နေကြလေကုန်သတည်း။)

၁၂၇၃-ခုနှစ်ပြီးသည့် ဝိသုဒ္ဓါရုံ ပုဒ်စစ်ဂဏ္ဍိကျမ်းကို ပါဝင်ကူညီ ရေးသားခဲ့၍ သက်တော် ၂၃-နှစ်၊ သိက္ခာတော် ၃-ဝါအရကပင် ကျမ်းပြုပုဂ္ဂိုလ်ဖြစ်ကာ ၁၂၇၄-ခုနှစ် သက်တော် ၂၄-နှစ် သိက္ခာတော် ၄-ဝါအရတွင် ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တံဆိပ်ရရှိတော်မူသော အရှင်ကောသလ္လာဘိဝံသသည် ဖော်ပြပြီး မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ကိုယ်တိုင်ရေး ရစနာဂါထာကို မြန်မာဘာသာ လင်္ကာသွားဖြင့် ဆန်းကြယ်စွာ အနက်မြန်မာပြန်ဆိုလိုက်သောအခါ ဆရာတော်ဘုရားကြီးနှင့်တကွ ဝိသုဒ္ဓါရုံပညာရှင်များက အထူးပင် ချီးမွမ်းထောမနာ ပြုကြသည်။

ထို့ကြောင့်ပင် ၁၂၇၅-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂-ရက်နေ့ နံနက်စောစောအချိန်တွင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက စာရေးကိရိယာအစုံ ပေးအပ်ကာ "ဝိနည်းပါဠိ ပြင်ဆင်ချက်ကို မူထား၍ မှားယွင်းတတ်သော ပုဒ်ပါဌ်တို့၏ အဆုံးအဖြတ်ကို ရေးသားရမည်" ဟု အမိန့်ချမှတ်တော်မူသည်၊ အရှင်ကောသလ္လာဘိဝံသသည် ထိုနေ့ ထိုရက်ကပင် စတင်ရေးသား၍ ရေးပြီးမှုများကို ဆရာတော်ဘုရားကြီးနှင့် ဝိသုဒ္ဓါရုံပညာရှိကြီးများထံတွင် တင်ပြကာ ပြင်ဆင်ချက်များကိုပင် ရရှိခဲ့သည်။ သို့ရာတွင် အခြားသောဂန္ထပလိဗောဓများကြောင့် မပြီးမပြတ် တန့်ရပ်ထားခဲ့ရသည်။ ဤပဒဝိနိစ္ဆယကျမ်းကို ဆက်လက် မရေးနိုင်တော့ဘဲ နှစ်ပေါင်း အတော်ကြာမြင့်စွာ ရပ်တန့်ထားခဲ့ပြီး အခြားသောဂန္ထကိစ္စများကို ဆောင်ရွက်နေဟန်ရှိပေသည်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ၁၂၇၈-ခုနှစ် ဝါဆိုလတွင် ပျံလွန်တော်မူရာ မပျံလွန်မီ တစ်ခုသောအချိန်က အရှင်ကောသလ္လာဘိဝံသအား "ဝိသုဒ္ဓါရုံမူစစ်သင်္ဂြိုဟ် နိဿယသစ်တစ်စောင် ရေးရမည်"ဟု အမိန့်တော်မြွက် ချမှတ်ခဲ့သည်။ သို့သော်လည်း အရှင်ကောသလ္လာ-

ဘိဝံသသည် အားလပ်ခွင့် မရသေး၍ ဆရာတော်ဘုရားကြီး သက်တော် ထင်ရှားရှိစဉ် မရေးသားနိုင်သေးဘဲ ဆရာတော်ဘုရားကြီး ပျံလွန်ပြီး နောက် ကာလအတန်ကြာမှ ရေးသားနိုင်ခဲ့သည်။ ဝိသုဒ္ဓါရုံသဂြိုဟ် နိဿယ ကျမ်းကို ဘယ်ခုနှစ်ကစ၍ ရေးသည်ဟု မသိရသော်လည်း ကျမ်းပြီးချိန် ကိုမူ နိဂုံး၌ –

သန္နိဋ္ဌိတေ မြမ္မသာကေ၊ ခေါတာဝေရေ စ သာသနေ။
နိဋ္ဌိတော မာဃဇုဏှမှိ၊ ဒွါဒသေ သုရိယောဒယေ။

ဟု ဖော်ပြထားသဖြင့် မြန်မာ ၁၂၈၇–ခုနှစ် သာသနာ ၂၄၆၉–ခုနှစ် တပို့တွဲလဆန်း ၁၂–ရက်နေ့ ပြီးဆုံးကြောင်း သိရှိရသည်။ အရှင် ကောသလ္လာဘိဝံသသည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ မြန်မာနိဿယကို ရေးသားရာ၌ အလွန်လေးနက်သော စိတ်ထားဖြင့် အကောင်းဆုံးဖြစ် အောင် ရေးသားတော်မူကြောင်း သိရှိရသည်။

အဘယ့်ကြောင့်ဆိုသော် အဘိဓမ္မတ္ထသင်္ဂဟကျမ်း မူရင်းပါဠိ အမှန် ကန်ဆုံးဖြစ်အောင် တည်းဖြတ်ပြင်ဆင်ပြီးမှ နိဿယနက်ကိုလည်း အမှန် ကန်ဆုံးဖြစ်အောင် စိစစ်ရေးသားတော်မူသည်။ သင်္ဂဟပါဠိနှင့် စပ်လျဉ်း၍ "တတ္ထ ကတမံ ကာမာဝစရံ"၌ ကတမံ ကာမာဝစရံ–ဟူသော အမေး ဝါကျကို "၎င်းကို ကျမ်းရင်းစကားမဟုတ်" ဟု ဆိုကြ၏။ "စတုပ္ပညာသ သဗ္ဗထာ"၌ စကားသိမ်း "ပရိသမာပန"ဝိသဇ္ဇနာအဆုံးကို ပြသော ဣတိ– သဒ္ဒါ မပါ၊ အထက်မှာလည်း ကတမံ ရူပါဝစရံ–စသည် မဆို၊ ထိုထို ဋီကာတို့လည်း သံဝဏ္ဏနာမမူကြသောကြောင့်–ဟူ၏" ဟူ၍ ဝေဖန်ဖော် ညွှန်းထားပေသည်။

သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့၏ သမ္ပယောဂနည်းကို ပြဆိုရာ "ဧကူနနဝုတိ စိတ္တုပ္ပါဒေသု"ကိုလည်း **"ဧကူနနဝုတိယာ စိတ္တုပ္ပါ– ဒေသု"** ဟု ပြင်၍ **"ဗျာသတည်း၊ ယာ–ကျ၍ သမာသကဲ့သို့ ရှိမှား တတ်သည်"** ဟု မှတ်ချက်ပြုတော်မူသည်။ ထို့အတူ "ပဉ္စပညာသ–

စိတ္တေသု ဥပ္ပန္နတိ” ၌ “ပဥ္စပညာသာယ စိတ္တေသု”ဟု ပြင်ပြီးလျှင် “ယခုကာလရှိ သင်္ဂြိုဟ်စာအုပ်, ပေစာတို့၌ “ပဥ္စပညာသစိတ္တေသု”ဟု သမာသကဲ့သို့ ဖြစ်နေသည်ကား နိဿယများအတွက်တည်း”ဟု မှာထားတော်မူသည်။ အကုသလသမ္ပယောဂနည်းအဆုံး နောက်ဆုံးဂါထာပါဒ၌လည်း “ဒွါဒသာကုသလေသွေ၀”ကို “ဒွါဒသသွာကုသလေသု”ဟု ရှိစေဟူ၍ မှာထားတော်မူသည်။ ဝီထိမုတ်ပိုင်း နောက်ဆုံး ၂-ဂါထာနှင့် စပ်လျဉ်း၍ သင်္ဂြိုဟ်ဂဏ္ဌိသစ်၌ **“သဂိုဏ်း ဦးစွာ၊ ဘ နှင့် ရာ၊ နောက်မှာ လ နှင့် ဂ ။ ။ ဆန်းကျမ်းမလာ၊ ဤဂါထာ၊ သညာ သိခက်လှ”**ဟု ဆိုသော်လည်း ဝိသုဒ္ဓါရုံသင်္ဂြိုဟ် နိဿယကျမ်းကမူ —

- **မတြာ ၆-ခု၊ ရ, လ, ဂု၊ စာရုဟာသိနီ ။**
- **မတြာ ၈-ဝ၊ ရ, လ, ဂ၊ အပရန္တိကာ ။**

ဟု ဂါထာအမည် ဖော်ညွှန်းထားပေသည်။ (နိဿယ။၂၁၅။)

သမုစ္စယသင်္ဂဟ၏ မိဿကသင်္ဂဟ၌ တရားကိုယ် ကောက်နည်းကို ဖော်ပြသော သင်္ဂဟပါဠိ မပြည့်မစုံ ဖြစ်နေ၍ ဝိသုဒ္ဓါရုံသင်္ဂြိုဟ် နိဿယကျမ်းက ဤသို့ တစ်ခမ်းတစ်နား ပြင်ဆင်ဖြည့်စွက်ထားသည်။

> “ဓမ္မသင်္ဂဏီပါဠိ (၁၄၀-၁) ၌ မနောဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်တို့၌သာ “ပဉ္စိန္ဒြိယာနိ” လာသည်၊ ကြွင်းသော အဟိတ်စိတ်တို့၌ “တီဏိန္ဒြိယာနိ”လာသည်၊ ထို့ကြောင့် ဤသင်္ဂြိုဟ်စကားသည် မပြည့်စုံသေး။ **“ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ၊ အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ၊ တထ္ထ စ အဝီရိယေသု ကေဂ္ဂတာ ဣန္ဒြိယဗလဘာဝံ န ဂစ္ဆတိ၊ ဝိစိကိစ္ဆာစိတ္တေ ပန သာ မဂ္ဂဘာဝမ္ပိ”**ဟု ရှိမှ စုံလင်, ရှေ့နောက်စကားစဉ်လည်း သင့်အံ့ထင်သည်၊ ဆင်ခြင်။ ပဌာန်းပါဠိ၌ကား တစ်ပါးဣန္ဒြေနှင့် တွဲလျက် သာမညသာ လာသည်။ **ဓမ္မသင်္ဂဏီကိုသာ ဤကျမ်း**

**ဆရာ မိုးရင်းမှတ်**–ဟု ငါတို့ ကျေးဇူးရှင်ဆရာတော်ဘုရား ပရမတ္ထသရုပဘေဒနီ (၁။၂၆၅) ၌ ရေးသား မိန့်ဆို၏။ (နိဿယ။၂၅၂။)

အနက်မြန်မာ ပြန်ဆိုရာ၌လည်း ရှေးဆရာတော်များ၏ အနက်မြန်မာပြန်မှုသို့ မလိုက်ဘဲ တစ်မူထူးခြားစွာ ပြန်ဆိုထားသည့်အပြင် ချွတ်ချော်မှားယွင်းမှုများကိုလည်း ထောက်ပြဝေဖန်ထားပေသည်။ နမူနာပုံစံ ပြဆိုရသော် – ဝီထိပိုင်းအစ "ဆဓာ ဝိသယပဝတ္တိ" ဟူသောပါဌ်ကို "ဆဓာ၊ ၆–ပါးအပြားရှိသော။ ဝိသယပဝတ္တိ စ၊ (ဝီထိစိတ်ဖြစ်ရာ အာရုံဝိသေသ) ဝိသယပဝတ္တိလည်းကောင်း"ဟု ပြန်ဆိုတော်မူ၍ ဤသို့ မှာထားတော်မူသည်။

"ဝိသယပဝတ္တိ = ပဝတ္တတိ စိတ္တံ ဧတ္ထာတိ ပဝတ္တိ၊ ဝိသယော ဧဝ ပဝတ္တိ ဝိသယပဝတ္တိ" ဟုပြု။ ဋီကာတို့၌ "ဝိသယာနံ ဒွါရေသု, ဝိသယေသု ဝါ စိတ္တာနံ ပဝတ္တိ ဝိသယပဝတ္တိ"ဟု ပြုကြ၏။ "အတိမဟန္တံ မဟန္တံ" စသော ဆိုလတ္တံ့သော ပထမန္တသရုပ်ကြားစကားနှင့် မညီ၊ နောက်၌ ထင်ရှားလတ္တံ့။ (နိဿယ၊၁၆၂။)

"အတိမဟန္တံ မဟန္တံ ။ပ။ ဆဓာ ဝိသယပဝတ္တိ ဝေဒိတဗ္ဗာ" ဤပါဌ်ဖြင့် "ပဝတ္တတိ ဧတ္ထာတိ ပဝတ္တိ၊ ဝိသယော ဧဝ ပဝတ္တိ ဝိသယပဝတ္တိ" ဟု ပြုရမည်ကို သိသာ၏။ အချို့ကား အတိမဟန္တံ–စသည် သမ္ဗန်ကြ၍ ဖာထေးကြ၏။ "အာရမ္မဏဘူတာ ဝိသယပဝတ္တိ" ဟု အထက်၌ရှိသောကြောင့် မသင့်ပေ။" (နိဿယ၊၁၆၄။)

ဥတ္တာ ဘေဒံ ယထာယောဂံ၊ စိတ္တေန သမမုဒ္ဒိသေ–ဟူသော အဘိဓမ္မတ္ထသင်္ဂဟဆရာ၏ ညွှန်ကြားချက်နှင့် စပ်လျဉ်း၍ ဖဿသည်

စိတ်အကျဉ်း ၁-ခုယုတ် ၉၀၊ အကျယ် ၁၂၁-ပါးတို့၌ ယှဉ်သောကြောင့် ဖဿကို "သောမနဿသဟဂတော ဒိဋ္ဌိဂတသမ္ပယုတ္တော အသင်္ခါရိကော ဧကော ဖဿော၊ သသင်္ခါရိကော ဧကော ဖဿော" စသည်ဖြင့် ရသင့် သည့်အားလျော်စွာ ဆိုရမည်ဟူသော ရှေးဆရာတို့၏ အယူကို အဋ္ဌ-ကထာဆရာက "တ္ထဒံ အဋ္ဌကထာမုတ္တကံ အာစရိယာနံ မတံ၊ န ပနေတံ သာရတော ဒဋ္ဌဗ္ဗံ"ဟု ထိုအယူကို အနှစ်သာရအားဖြင့် မမှတ်သားအပ်-ဟု မိန့်ဆိုသည် (အဘိ၊ဋ္ဌ၊၁။၁၅၀)။ ယင်းကို မူလဋီကာဆရာက -

"အာစရိယာနန္တိ ရေဝတာစရိယဿ ။ န ပနေတံ သာရတော ဒဋ္ဌဗ္ဗံ။ န ဟိ ဖဿာဒီနံ ကာမာဝစရာဒိ-ဘာဝဒဿနတ္ထံ ဣဒမာရဒ္ဓံ၊ ကိန္တု တသ္မိံ သမယေ ဖဿာဒိသဘာဝဒဿနတ္ထန္တိ" (မူလဋီ၊၁။၈၅။)

ဟု ထောက်ခံဖွင့်ဆို၍ အနုဋီကာဆရာကလည်း —

"တသ္မိံ သမယေ ဖဿော ဟောတီ"တိအာဒိကာယ ပါဠိယာ ဖဿာဒီနံ ကာမာဝစရတာဒိဒဿနေ န တပ္ပရ-ဘာဝေါ၊ သဘာဝဒဿနေ ဧဝ ပန တပ္ပရဘာဝေါတိ ဒဿေတိ " န ဟိ ဖဿာဒီနန္တိအာဒိနာ"(အနုဋီ၊၁။၉၂)

ဟူ၍ ကာမာဝစရအဖြစ်, သောမနဿသဟဂုတ်အဖြစ်စသည် ဟောပြလိုရင်း မဟုတ်သောကြောင့် ရှေးဆရာတို့၏ အယူကို အနှစ်သာရအားဖြင့် မမှတ်သင့်ကြောင်း ထပ်ဆင့်ဖွင့်ဆိုတော်မူသည်။

ဝိသုဒ္ဓါရုံသင်္ဂြိုဟ် နိဿယဆရာ အရှင်ကောသလ္လာဘိဝံသကမူ ဤသို့ သုံးသပ်ဝေဖန်တော်မူသည်။

"မူလဋီကာအဆိုအရ ဤစိတ္တုပ္ပါဒကဏ္ဍ ကုသလ-နိဒ္ဒေသပါဠိ၌ ဘုရားသိစေတော်မူလိုရင်း နလုံးသွင်း အာဘောဂ မဟုတ်သည်မှတစ်ပါး အခြားအပြစ် မသင့်

သောကြောင့် အရှင်ရေဝတ၏ အယူဝါဒကို ဤကျမ်း(အဘိ၊ ဋ၊၁။၁၅၀)၌ ဖော်ပြသည်ဟု မှတ်။ "ကတမေ ဓမ္မာ ကုသလာ? ယ္ကမေ ဓမ္မာ ကုသလာ"(အဘိ၊၁။၁၇)စသော အချီ, အချကို ထောက်ဆမှုကား ဖဿ-စသောတရားတို့ ကို ကာမာဝစရ-စသည်ဖြင့် သိစေတော်မူလိုရင်း နလုံး သွင်း အာဘောဂရှိသည်သာဟု ဆိုသင့်၏။"(နိဿယ။၁၃၃။)

ပိဋကစာပေနယ်ပယ်၌ အထက်တန်းအကျဆုံးဖြစ်သော အဋ္ဌ-ကထာ, မူလဋီကာ, အနုဋီကာဆရာတို့၏ မိန့်ဆိုချက်ကို ကျော်လွန်ကာ ဝေဖန်သုံးသပ်နိုင်သော နိဿယဆရာ၏ ဉာဏ်ရည်ဉာဏ်စွမ်းကို ပညာရှိတို့ စူးစမ်းဆင်ခြင်ရာသည်။

အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ ကာမာဝစရပဋိသန္ဓေစိတ်၏ အာရုံကို "ကာမာဝစရပဋိသန္ဓိယာ ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ, ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာရမ္မဏံ ဥပလဗ္ဘတိ"ဟု ကမ္မနိမိတ်နှင့် ဂတိနိမိတ်ကို အတူထား၍ မိန့်ဆိုသည်။ သို့ပါလျက် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ-စသော နောက်ဆရာတို့က ကမ္မနိမိတ်ကိုသာ မိန့်ဆိုတိုင်း ယူ၍ ဂတိနိမိတ်ကိုမူ "ပစ္စုပ္ပန္နရူပါရုံ မနောဒွါရဂ္ဂဟိတ" ဟု သီးခြားခွဲ၍ မိန့်ဆိုကြသည်။ ဤနှင့် စပ်၍ သင်္ဂြိုဟ်နိဿယဆရာက ဤသို့ သုံးသပ်ဝေဖန်တော်မူသည်။

"နိမိတ် ၂-ပါးကို သာမညအားဖြင့် အတူထား၍ မိန့် ဆိုလင့်ကစား ကမ္မနိမိတ်ကိုသာ မိန့်ဆိုတိုင်း ယူ၍ ဂတိ နိမိတ်ကိုကား "ပစ္စုပ္ပန္နရူပါရုံ, မနောဒွါရဂ္ဂဟိတ"ဟု ခွဲထား ပြုကြ၏။ "ပဉ္စဒွါရေ သိယာ သန္ဓိ၊ ဝိနာ ကမ္မံ ဒွိဂေါစရေ" (သစ္စသင်္ခေပ။၁၇၃) ဟူသော ဆရာ့စကားနှင့် မညီသော ကြောင့် ကမ္မနိမိတ်နှင့်အတူ "ပစ္စုပ္ပန္နာတီတ, ဆဋ္ဌာရုံ, ဆ-ဒွါရဂ္ဂဟိတ" ဟုပင် ယူသင့်သည်။ အဋ္ဌကထာကြီးတို့၌

"ဂတိနိမိတ္တံ နာမ နိဗ္ဗတ္တနကဩကာသေ ဇကောဝ ဝဏ္ဏော ဥပဋ္ဌာတိ (အဘိ႒၊၂။၁၄၉)" စသည်ဖြင့် ပစ္စုပ္ပန် ရူပါရုံ, မနောဒွါရဂဂဟိတ ဆိုကြသည်ကား ယေဘုယျ တည်း။ **ဓမ္မိကဥပါသကာ, သောဏပိတု, ဒုဋ္ဌဂါမဏိ, မိတ္တဝိန္ဒက**- စသူတို့ကို ထောက်။ ပစ္စုပ္ပန်ကမ္မနိမိတ်ကို လည်း ပဉ္စဒွါရဂဂဟိတကိုသာ အဋ္ဌကထာ၌ ပြအပ်၏။ ပဋ္ဌာန်း၌ မနောဒွါရိက မရဏာသန္နဇောဇော၏လည်း ဆဋ္ဌာ- ရမ္မဏပုရေဇာတပစ္စည်းကို ဟောသောကြောင့် မနော- ဒွါရဂဂဟိတကိုလည်း ယူရမည်ပင်။ (ဝိသုဒ္ဓါရုံသင်္ဂြိုဟ် နိဿယ။ ၂၁၀။)

အရှင်ကောသလ္လာဘိဝံသသည် ၁၂၇၅-ခုနှစ်မှစ၍ များယွင်းတတ် သောပုဒ်တို့၏ အဆုံးအဖြတ်ကို မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ စေခိုင်းတော်မူချက်အရ ရေးသားခဲ့သော်လည်း အပြီးအဆုံး နိဂုံးသို့ မရောက်ဘဲ တန့်ရပ်ထားခဲ့ရသည်၊ ဆရာတော်ကြီး မပျံလွန်မီ စေခိုင်း တိုက်တွန်းအပ်သည့် သင်္ဂြိုဟ်နိဿယသစ်ကိုမူ ပျံလွန်တော်မူပြီး မကြာ မြင့်မီ ရေးသားစီရင်ရာ ၁၂၈၇-ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ သင်္ဂြိုဟ်နိဿယ ပြီးဆုံးပြီးနောက် ရူပသိဒ္ဓိနိဿယကို ဆက်လက်စီရင်သည်ဟု ယူဆရ သည်။ ယင်းနိဿယ၌ ဂန္ထာရမ္ဘပဏာမဂါထာနှင့် ကိတ်ပိုင်းအဆုံး၌ —

သိဒ္ဓိပ္ပတ္တော မဟာရူပ - သိဒ္ဓိယာ ကိတနိဿယော ။
ဝိသုဒ္ဓါရုံဝှယော ဂူဠ - ဂဟာနဂ္ဂဏ္ဌိနိစ္ဆယော ။

ဟူသော နိဂုံးဂါထာမျှကိုသာ တွေ့ရသည်။ ကျမ်းဂန် စတင်ရေးသားသော ခုနှစ်နှင့် ကျမ်းပြီးခုနှစ်တို့ကိုမူ မသိရပေ။ အရှင်ကောသလ္လာဘိဝံသသည် နက်နဲစုံးရှသော ဉာဏ်အမြင်ရှိသည့်ပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ ဆရာ တော် ရေးသားသမျှ ကျမ်းဂန်စာပေတို့၌ နက်နဲစုံးရှသော အနက်အဓိပ္ပါယ်

အဆုံးအဖြတ်တို့ကို များစွာတွေ့ရှိရမည်သာ ဖြစ်ပေသည်။ ဤမဟာရူပ-သိဒ္ဓိနိဿယ၌လည်း များစွာတွေ့ရှိရပေသည်၊ အနည်းငယ်မျှ ဖော်ပြပါမည်။

မဟာရူပသိဒ္ဓိ ၄၉- ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ သုတ်၏ နိဿယ၌ ကစ္စည်းကျမ်းလာ ပုဂ္ဂလ်-ဟူသော ပုံစံနှင့်စပ်၍ မှတ်သားဖွယ်ရာ ဗဟုဿုတများကို ပေးထားသည့်အပြင် ပုလ္လိင်နှင့်စပ်၍ သက္ကတမုဒ္ဒဗောဓကျမ်း သန္ဓိပိုင်း ၄၉-နံပါတ်သုတ်လာ စာကိုယ်, ဋီကာပါဌ်ကို ပါဠိဘာသာပြန်ကာ ပြဆိုပြီးလျှင် ဖော်ပြပါအတိုင်း မှာထားလေသည်။

"ယလ် ပစ္စာဟာရဟူသည် "ယ, ဝ, ရ, လ" တည်း၊ ဉမ်သမာဟာရဟူသည် ဝဂ္ဂန္တ ၅-လုံးတည်း၊ အနုနာသိကဟူသည် အနုသာရမည်သော နိဂ္ဂဟိတ်, ဉမ်သမာဟာရမည်သော ဝဂ္ဂန္တ၊ လထက်ခြမ်း သဏ္ဍာန်ရှိသော (◡) အဒ္ဓ-စန္ဒဗိန္ဒုတည်း ။ ပင်ကို အနုနာသိကဖြစ်သော ဝဂ္ဂန္တကို လ-ပြုသည့်အခါ ရှေ့မှာ အနုနာသိကသင်္ကေတ အဒ္ဓ-စန္ဒဗိန္ဒုထားရသည်၊(ပုံလ္လိင်)။ နိဂ္ဂဟိတ်ကို လ-ပြုမှုကား ဆိုဖွယ်မရှိတော့ပြီ (ပတိံသ်လ္လီနော)။ ဝဂ္ဂန္တ, နိဂ္ဂဟိတ်တို့မှ တစ်ပါး အခြားကာရီကို လ-ပြုမှု အဒ္ဓစန္ဒဗိန္ဒု မထားရ။ တလ္လယော (= တတ်+လယော-ဟု ဖြတ်၍ တ-ကို လ-ပြု)။ မာဂဓ၌ အဒ္ဓစန္ဒဗိန္ဒု မထားသော်လည်း ရွတ်ပုံမှာ ဗိန္ဒုသံ ပါ, မပါ ကွဲစေရာ၏။ ထို့ကြောင့် ပတိသလ္လီနော-စသည်၌ ပတိသံလ်လီနော-စသည်ဖြင့် ဗိန္ဒုသံနှင့်တကွ လ် မကြာဝက် ပေါ်စေ၍ မလ္လော, ကလ္လံ, ပတ္တကလ္လံ-စသည်၌ မလ်လော, ကလ်လံ, ပတ္တကလ်လံ- စသည်ဖြင့် ဗိန္ဒုသံ မပါ လ် မကြာဝက်သာ ထင်အောင် ဖတ်ရာ၏။ အရိုးအရွက် ဖုံးနေသည်၊ အဆန်းထွင်သည် မမှတ်သင့်ပေ။ (မဟာရူပသိဒ္ဓိ နိဿယ၊ နှာ-၆၃။)

နာမ်ရူပသိဒ္ဓိ ၆၃-နံပါတ် "သိ ယော အံ ယော"သုတ်နှင့် စပ်လျဉ်း၍ မဟာရူပသိဒ္ဓိဆရာက "ဤသုတ်သည် သညာ, အဓိကာရ, ပရိဘာသာ, ဝိဓိ ဟူသော သုတ် ၄-မျိုးတွင် သညာသုတ်ဟူ၍ မှတ်ရမည်၊ မှန်၏။ ကစ္စည်း ဝုတ္တိ၌ "ဝိဘတ္တိဂ္ဂုစ္စနေန ကွစ္စော၊ အမှာသ မမံ သဝိဘတ္တိဿ သေ" ဟူ၍ မိန့်ဆိုထားသည်၊ အကယ်၍ သညာသုတ်မဟုတ်လျှင် တတော စ ဝိဘတ္တိယော ဟူသော ရှေးသုတ်နှင့် တစ်သုတ်တည်း ပြုသင့်သည်"ဟု မိန့်ဆိုထားသည်၊ ဤအဆိုသည် အလွန်ခိုင်မာသော အဆိုဖြစ်၍ ဆန့်ကျင် ဝေဖန်ရန် မလွယ်လှပေ၊ သို့သော်လည်း မဟာရူပသိဒ္ဓိနိဿယဆရာကမူ ဤသို့ ဝေဖန်ထားလေသည်။

"ဤစကားသည် ကစ္စည်းဝုတ္တိနှင့်ကား သင့်တင့် ညီညွတ်ပေရာ၏။ ကစ္စည်းမိုရာ ကလာပ်ကျမ်း၌ "တသ္မာ တွရာ ဝိဘတ္တိယော"ဟု သုတ်တည်၍ ထိုသုတ်၏ ဝုတ္တိ၌ပင် ဝိဘတ်သရုပ်ကို ဖေါ်ထုတ်ပြဆိုသွားသည်။ ပါဏိနီ လည်း ၄၊၁၊၁-သုတ်ဖြင့် ဝိဘတ္တိဝိချုဂ်ပရိဘာသာကို ပြပြီး၍ ၄၊ ၁၊ ၂-သုတ်ဖြင့် ဝိဘတ္တိနိယမ (ဝိဘတ်သရုပ်) ကို ပြသည်။ ၁၊ ၄၊ ၁၀၄-သုတ်ဖြင့် သီးခြားဝိဘတ် အမည် မှည့်သည်၊ ကစ္စည်းကျမ်း၌လည်း မိုရာကလာပ်ကျမ်း၌ကဲ့သို့ သုတ္တကာရဆရာက "တတော စ ဝိဘတ္တိယော" မျှကိုသာ တည်၍ ဝုတ္တိကာရဆရာကျမှ "ကာ စ ပန တာယော ဝိဘတ္တိယော"ဟု ပုစ္ဆာလုပ်၍ "သိ ယော ။ပ။ သွိံ သု" ဟူသော ဝိဘတ်သရုပ် ဝိသဇ္ဇနာကို ထုတ်ပြသည်ဖြစ်ရာ ၏။ ပါဏိနီ၌ကဲ့သို့သော်လည်း "တတော စ"နှင့် "သိ ယော အံ ယော"သုတ် တစ်ခြားစီ တည်ထားရင်းဖြစ်လျက် ဝုတ္တိ-ကာရဆရာအတွက် ပျက်ကွက်ယွင်းမှားကုန်သည် ဖြစ်ရာ ၏။ ဤ (ရူပသိဒ္ဓိ) ကျမ်းဆရာလည်း ထိုဝုတ္တိအမှားကိုပင်

အားထား၍ ဆိုမှားတော်မူလေသည် ဖြစ်ရာ၏၊ ကစ္စည်းဝုတ္တိစာသွားလည်း အနေအထားမကျ၊ "ကာ စ ပန တာယော ဝိဘတ္တိယော"သည် တတော စ ဝိဘတ္တိယော- ၏ ဝုတ္တိအပြီး၌ရှိ၍ ၎င်းနောက်မှာမှ "သိ ယော" စသော သုတ် ရှိသင့်သည်။ သိ ယော-စသောသုတ်ကို အကယ် သညာသုတ် ဆိုလိုသည်မှန်က ဝုတ္တိ၌ "သိ ယော ။ပ။ သိ့ သု ဣစ္စေတာ ဝိဘတ္တိသညာ ဟောန္တိ" ဟု ရှိရာ၏၊ ရှိနေသော စာသွားကို ထောက်ထားလျှင် ဝုတ္တိကာရဆရာ ကိုယ်တိုင်ကလည်း သညာသုတ် ဆိုလိုပုံ မရ။ "ဝိဘတ္တိ- ဣစ္စနေန ကွစ္ဆော" စသော စကားသည် နောက်ပွား ဖြစ် ရာ၏၊ ဆင်ခြင်ကြရန်။" (မဟာရူပသိဒ္ဓိ နိဿယ။ ၇၉။)

"သဒ္ဒါမှာ လိင်၊ ဝိနည်း သိမ်"ဟူသည့်အတိုင်း ဝိနည်းအရာ၌ သိမ်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကား များလည်းများ၍ နက်လည်းနက်နဲ ခက်ခဲလှပေသည်၊ ဝိနည်းအရာ၌ သိမ်သည် နက်နဲခက်ခဲသကဲ့သို့ သဒ္ဒါအရာ ၌ လိင်သည်လည်း နက်နဲ ခက်ခဲလှသည်။ လိင်အကြောင်း မာဂဓဘာသာ သဒ္ဒါကြီး, သဒ္ဒါငယ်ကျမ်းတို့၌ အမျိုးမျိုး ရေးသားကြသကဲ့သို့ သက္ကတ ဘာသာ သဒ္ဒါကျမ်းတို့၌လည်း များစွာရေးသားကြသည်၊ သူ့နည်းနှင့်သူ မှန်ကန်ကောင်းမွန်သည်ချည်း ဖြစ်ကြသည်။ ရူပသိဒ္ဓိဆရာကလည်း "နသိသ္မိမနပုံသကာနိ" သုတ်၌ အကျဉ်းမျှ ရေးသားပြဆိုသည်၊ ဤကျမ်း ဆရာ၏ ပြဆိုချက်ကို ရူပသိဒ္ဓိနိဿယဆရာက သိသာထင်ရှားအောင် ရှင်းလင်းဖွင့်ဆိုသည်၊ ကျမ်းဆရာအများ၏ ရေးသားချက်တို့တွင် ရူပ- သိဒ္ဓိနိဿယဆရာ၏ ရေးသားချက်သည် အသိသာဆုံး အထင်ရှားဆုံး အရှင်းလင်းဆုံးဟု ထင်မြင်မိသည်။ ယင်းကား ဤသို့တည်း။

"လိင်္ဂဟူသည် အဘာနည်း? ။

(က) လီနံ ပုမာဒိဝိသေသဒဗ္ဗတ္ထံ အင်္ဂေတိ ဂမေတိ ဝါ

လိင်္ဂေတိ ဝါ ဗောဓေတီတိ လိင်္ဂ-ဟူသည်နှင့် ညီစွာ အနက်ဒြပ်၌ တည်သော အာကာရဝိသေသ (လိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပ) ။

(ခ) လိင်္ဂ ဝိယာတိ လိင်္ဂ-ဟူသည်နှင့် ညီစွာ ဝါစကသဒ္ဒါ၌ တည်သော သင်္ကေတဝိသေသ (ကဝိသင်္ကေတ)။

(ဂ) လီနံ (တသ္မိမသတိ အညာတံ) ဒဗ္ဗတ္ထံ အင်္ဂေတိ ဂမေတိ ဝါ လိင်္ဂေတိ ဝါ ဗောဓေတီတိ ဝါ လိင်္ဂ- ဟူသည်နှင့်ညီစွာပင် တံ တံ ဒဗ္ဗတ္ထကို ဟောတတ်သော သဒ္ဒ-ဝိသေသ (ပုရိသ-စသောနာမ်ပုဒ်) တည်း။

ထိုတွင် (က)အရ လိင်္ဂကို ပုမုန္နော လိင်္ဂ-စသည်ဖြင့် ဆဋ္ဌီတပ္ပုရိသ်လည်းကောင်း၊ (ခ) အရ လိင်္ဂကို ပုမုန္နော ဝိယ လိင်္ဂ- စသည်ဖြင့် ဥပမာဂဗ္ဘ ဆဋ္ဌီတပ္ပုရိသ်လည်းကောင်း၊ ပုမ-စသော ရှေ့ပုဒ်နှင့် တွဲစပ်၍ ပုလ္လိင်္ဂ, ဣတ္ထိ-လိင်္ဂ, နပုံသကလိင်္ဂဟူ၍ ခေါ်။ (က)ကား အစစ်, (ခ) ကား အတု, သဒိသူပစာတည်း။ (ဂ) ပုမုန္နော ဝိယ လိင်္ဂ ယဿာတိ ပုလ္လိင်္ဂေါ-စည်ဖြင့် (ခ) အရ လိင်္ဂနှင့် ပုမ-စသည် ဗဟုဗ္ဗီဟိပြုလျှင် (ဂ) အရ လိင်္ဂနှင့် ညီမျှသော ပုလ္လိင်္ဂ, ဣတ္ထိလိင်္ဂ, နပုံသကလိင်္ဂ ဖြစ်၏။ (က) အစစ်, (ခ) အတုဖြစ်သော အတ္ထလိင်တည်း။ (အတ္ထောယေဝ လိင်္ဂ အတ္ထလိင်္ဂ။) (ဂ) သဒ္ဒလိင်တည်း။ (သဒ္ဒေါယေဝ လိင်္ဂ သဒ္ဒလိင်္ဂ။ လိင်္ဂဉ္စ နိပစ္စတေ။ လိင်္ဂတ္ထေ ပဌမာ။) ဤ ဝိသဒ္ဒိ-စသော ဂါထာဖြင့် "ပုမုန္နော လိင်္ဂ" စသည်အရ အစစ်ဖြစ်သော အတ္ထလိင်ကို တိုက်ရိုက်ပြ၏၊ ပုမုန္နော ဝိယ လိင်္ဂ-စသည်အရ အတုဖြစ်သော အတ္ထလိင်ကို နေယျတ္ထ အားဖြင့်ပြ၏။ (မဟာရူပသိဒ္ဓိ နိဿယ။ ၁၂၆။)

တပ္ပုရိသ်သမာသ်၏ စတုတ္ထီတပ္ပုရိသ်အခန်း၌ သီဟိုဠ်နှင့်တကွ ရေးစာမူများ၌ "အတ္တေန နိစ္စသမာသော သဗ္ဗလိင်္ဂတာ စ ဘိက္ခု-သံဃဿတ္ထာယ ဝိဟာရော ဘိက္ခုသံဃတ္ထော ဝိဟာရော"ဟု ရှိ၍ ကမ္ဘာအေးမူ၌ "အတ္ထေ — ဘိက္ခုသံဃဿတ္ထာယ ဝိဟာရော ဘိက္ခု-သံဃတ္ထော ဝိဟာရော၊ ဘိက္ခုသံဃတ္ထာ ယာဂု၊ ဘိက္ခုသံဃတ္ထံ စီဝရံ"ဟု ရှိ၏။ ရူပသိဒ္ဓိနိဿယဆရာတော် ဦးဗုမ်ကလည်း "အတ္ထေ၊ အတ္ထသဒ္ဒါ၌။ ဘိက္ခုသံဃဿ၊ အား။ အတ္ထာယ အတ္ထံ ကာတုံ၊ ငှါ။ ဝိဟာရော၊ ကျောင်း တည်း။ ဘိက္ခုသံဃတ္ထော၊ ရဟန်းသံဃာအား အစီးအပွားကို ပြုခြင်းငှါ ဆောက်အပ်သော။ ဝိဟာရော၊ ကျောင်း"ဟု အနက်ပေးသည်။ ဝိသုဒ္ဓါရုံ မဟာရူပသိဒ္ဓိနိဿယဆရာကမူ ဤသို့ မှာတော်မူသည်။

> "အတ္ထနှင့် နိစ္စသမာသ်ဖြစ်၍ "အယံ"ဟူသော ပုဒ်ငါး ဖြင့် ဝိဂြိုဟ်ပြုသည်။ သီဟိုဠ်နှင့်တကွ စာအများ၌ "အတ္ထာယ"ဟု ဖြစ်နေ၏၊ ပါဠိပျက်တည်း။ "အာယတ္တော" ဟု ရှိမူ သင့်မြတ်၏။ သို့သော် "တဿ တ္ထဒံ တဒတ္ထံ" ဟူ သော ဋီကာပါဠိ (ရူ၊ဋီ၊နှာ-၁၄၉) နှင့် ပါဏိနိ (ပါ၊၂၊၁၊၃၆) တို့ကို ထောက်မူကား "အယံ"က သာ၍ကောင်း၏။ ကလာပ (၂၂၆)အလိုကား တပ္ပုရိသ်ပင်မဟုတ်၊ ဗဟုဗ္ဗီဟိတည်း။ "သဗ္ဗလိင်္ဂတာ စ" နှင့် လိုက်လျော၏။ "ဒဿနံ အတ္တော အဿ၊ တဋ္ဌ တေန နိပ္ဖါဒေတဗ္ဗန္တိ ဒဿနတ္ထံ (အဌသာလိနီ၊ မဟာဝိပါကဥပနိဿယ မတ္တသော-အဖွင့် ၃၂၃)။ အဝိ-ပ္ပတိသာရတ္ထာနိ အဝိပ္ပတိသာရပ္ပယောဇနာနိ။ မဟာဋီကာ၊ ကိမတ္ထိယံသံ သီလံ-အဖွင့်။ (ဝိသုဒ္ဓိ၊ ဋီ၊ ၁။၂၉) အဋ္ဌကထာ, ဋီကာများ၌လည်း ဗဟုဗ္ဗီဟိပင်။

ဝဒ မဒ ဂမု ယုဇ-စသောသုတ် (မြန်မာမူ။ ၅၅၆။ သီဟိုဠ်မူ။ ၅၄၀) ၏ ပြယုဂ်ပုံစံ၌ — "ဝဒ ဝိယတ္တိယံ ဝါစာယံ....ဝဇ္ဇံ ဝဒနီယံ၊ ရဿတ္တံ။

ဝဇ္ဇံ ဒေါသော (မြန်မာမူ)။ အဝဇ္ဇံ ဒေါသော (သီဟိုဠ်မူ)"။ ဤ၌ ဝဇ္ဇံ ၂-ပုဒ်တွင် နောက်ပုဒ်၌ သီဟိုဠ်မူတွင် အ-ပါ၍၊ မြန်မာမူ၌ မပါ။ ဤသည် ပင်လျှင် စဉ်းစားဆင်ခြင်ဖွယ် ဖြစ်သည်။ ပါဠိဝယ် လောကဝဇ္ဇ, ပဏ္ဏတ္တိ-ဝဇ္ဇ-စသည်၌ **"ဝဇ္ဇ"**သဒ္ဒါ အပြစ်ဟောဖြစ်၍ သာဝဇ္ဇ, အနဝဇ္ဇ-စသည်၌ **"အဝဇ္ဇ"** သဒ္ဒါ အပြစ်ဟောဖြစ်သည်။ ဤ ၂-ပုဒ်သည် စူးစမ်း ဆင်ခြင်ဖွယ် ဖြစ်သည်။ ဤ၌ ဆရာတော်ဦးဗုဓ်က "ဝဇ္ဇံ၊ မည်၏။ ဝဒနီယံ၊ မည်၏။ ရဿတ္တံ၊ နီ-၌ ဤ-ကို ရဿပြု။ ဝဇ္ဇံ၊ ဆိုအပ်၏ ဟူသည်ကား။ ဒေါသော၊ အပြစ်တည်း"ဟု အနက်ယောဇနာသည်။ ဝိသုဒ္ဓါရုံ မဟာရူပသိဒ္ဓိနိဿယ ကမူ "ဝဇ္ဇံ၊ ဝဇ္ဇမည်၏။ ဝဒနီယံ၊ ပြောအပ်သောစကား။ ရဿတ္တံ၊ ဝါဇ္ဇံ-၌ ဝုဒ္ဓိ အာကို ရဿပြု။ ဝါ၊ နည်း။ ဝဇ္ဇံ၊ ဝဇ္ဇဟူသည်။ ဒေါသော၊ အပြစ်တည်း" ဟု ယောဇနာသည်။ ယင်းသို့ ယောဇနာပြီးလျှင် ဤသို့ မှတ်ချက်ပေး တော်မူသည်။

"သီဟိုဠ်မူ၌ အဝဇ္ဇံ ဒေါသော-ဟု ရှိ၏။ န ဝဇ္ဇံ အဝဇ္ဇံ-ပြု၍ လူထဲ ရှင်ထဲ ထုတ်မပြောသင့်သော အပြစ်ဒေါသကို ကောက်ယူက သင့်တန်နှင့် ညီ၏။ ထိုသို့ဖြစ်လျှင် "ဝဒနီယံ၊ ပြောသင့်သောအရာ။ ရဿတ္တံ၊ ပြု။ အဝဇ္ဇံ၊ မပြောသင့်သောအရာ။ ဒေါသော၊ အပြစ်တည်း။"ဟု အနက်ပေးသင့်၏။ ယုတ်ညံ့သော (ကဲ့ရဲ့ဘွယ်) ပုဂ္ဂိုလ်, အမှု, အရာဝတ္ထုမျိုးကို ရည်သည်။ "ဒါမျိုး စကားထဲ ထုတ်မပြောထိုက်ပါဘူး"ဆိုသော မြန်မာသုံးနှင့်လည်း လိုက်၏။ သို့ရာတွင် သာသနိက ကျမ်းဆရာတို့သည် ပတိသေဓ မပါ **"ဝဇ္ဇ"**ပုဒ် သက်သက်ကိုသာ အပြစ်ဟော ပြုလုပ်သုံးစွဲ (၍) သဟ, န-တို့နှင့် သမာသ်တွဲသည့်အခါ တဗ္ဘော အ-လာ၍ "သာဝဇ္ဇ, အန-ဝဇ္ဇ"ပြီးစေကြသည် ဖြစ်၍ "ဝဇ္ဇံ၊ ဝဇ္ဇ ဟူသည်။ ဒေါသော၊ အပြစ်တည်း။"ဟူသော အနက်ကိုသာ မူတည်စေရတော့

သည်။ အပြစ်ဆိုလျှင် ပြောချင်ဆိုချင် ရှိကြ၍ "ဝဇ္ဇံ၊ သူပြော စရာ, သူပြောဘွယ်" ဟူသော အနက်နှင့် လိုက်လျောပါ၏။ သက္ကတနှင့် မညီ အပြစ်မျှသာ။ သီဟိုဠ်နိဿယဆရာကား "အာပုဗ္ဗ ဝဒဓာတ်ကြံ၍ "ရဿတ္တံ၊ အာဝဇ္ဇံ-၌ အာ-ကို ရဿပြု" ဟု ပေး၏။ ဝေးလွန်းသည်ထင်၏။ ဆင်ခြင်။ စင်စစ်မှာ "ရဿတ္တံ"ပင် ဤသုတ်တွင် မပါသင့်ဟု ထင်၏။ ဤသုတ်သည် ဝုဒ္ဓိပြု, ဒျကို ဇ-ပြု, ဒွေဘော်, ရဿပြု- စသော ဂါရဝသိဒ္ဓိကို တား၍ လာဃဝသိဒ္ဓိကို ပြသောသုတ် တည်း။ ဝုဒ္ဓိပြုဦးမည်ဖြစ်လျှင် ဂရု-ကိုလည်း ဂါရု-ပြုဘွယ် မရှိ၊ သတိပြုကြရန်။" (နိဿယ။၄၉၈။)

ဤပြဆိုခဲ့ပြီး စကားရပ်တို့ဖြင့် ဝိသုဒ္ဓါရုံသင်္ဂြိုဟ် နိဿယ, ဝိသုဒ္ဓါရုံ မဟာရူပသိဒ္ဓိနိဿယတို့၏ ကျမ်းဂန်အဆင့်အတန်းကို ပညာရှင်များ ခန့် မှန်းနိုင်လောက်ပြီဟု ထင်မြင်ယူဆမိပေသည်။ စည်ရှင်ဆရာတော် အရှင် ကောသလ္လာဘိဝံသမထေရ်မြတ်ကား ဤမျှဖြင့် မရပ်နားသေးဘဲ ၁၂၇၅- ခုနှစ်က မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး စေခိုင်းတိုက်တွန်းခဲ့သော ပဒဝိနိစ္ဆယကျမ်းကို ဆက်လက်ကြိုးပမ်း ရေးသားရန် ပြင်ဆင်ခဲ့သည်၊ သို့ရာတွင် ထိုကျမ်းကို မရေးသားနိုင်သေးဘဲ မဟာရူပသိဒ္ဓိနိဿယနှင့် ဆက်သွယ်လျက်ရှိသော ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ကျမ်း၏ အဖွင့်ဋီကာ ကို ရေးသားနေရပေသည်။

စည်ရှင်ဆရာတော်သည် မဟာရူပသိဒ္ဓိနိဿယကို ရေးသားပြီး နောက် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသည့် ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ကို ဖွင့်ဆိုရန် စိတ်အာရုံရောက်နေဟန်ရှိသည်၊ ရူပသိဒ္ဓိကျမ်းသည် ကစ္စည်းကျမ်း၏ အခြံအရံကျမ်းတို့တွင် အပြည့်စုံဆုံး အကောင်းမွန်ဆုံးကျမ်း ဟု ဆိုရပေမည်။ ကစ္စည်းကျမ်း၏ လိုကွက် ဟာကွက်များကို ဖြည့်စွက်ပြင်ဆင်ကာ အကောင်းမွန်ဆုံးဖြစ်အောင် ရူပ-

သိဒ္ဓိကျမ်းက ဖွင့်ဆိုထားပေသည်။ ထိုရူပသိဒ္ဓိကျမ်းကို မဟာဝိသုဒ္ဓါရုံဆရာတော်က ပုဒ်ပါဠိမှန်ကန်အောင် ပြင်ဆင်ကာ **“မဟာရူပသိဒ္ဓိပါဠိ”** ဟူသော အမည်ဖြင့် ပုံနှိပ်ထုတ်ဝေတော်မူခဲ့သည်။ သီဟိုဠ်မူ၌လည်းကောင်း၊ ဗာလာဝတာရဋီကာ၌လည်းကောင်း **မဟာရူပသိဒ္ဓိ** ဟူ၍ပင် အမည်တပ်ထားပေသည်။

ထို့ကြောင့်လည်း စည်ရှင်ဆရာတော်သည် အနက်မှန်, အဓိပ္ပါယ်အဆုံးအဖြတ်မှန်တို့ဖြင့် တန်းဆာဆင်ကာ မဟာရူပသိဒ္ဓိနိဿယကျမ်းဟူသောအမည်ဖြင့် ရေးသားတော်မူခြင်း ဖြစ်သည်။ ထိုမဟာရူပသိဒ္ဓိနိဿယ၌ ခက်ခဲနက်နဲသော အနက်, အဓိပ္ပါယ်များကို ပြည့်စုံနိုင်သမျှပြည့်စုံအောင် ရေးသားတော်မူခဲ့သည်။ သို့သော်လည်း ကစ္စည်းကျမ်း၏ အနက်အဓိပ္ပါယ်များနှင့် အခြားဗျာကရဏ်းကျမ်းများ၏ မှတ်သားဖွယ်ရာ အဓိပ္ပါယ်များကား ကျန်နေပေသေးသည်။ ထို့ကြောင့် ကျန်ရှိနေသော သဒ္ဒါဆိုင်ရာ အဆိုအမိန့်များကို ဖြည့်စွက်ရေးသားခြင်းဖြင့် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ကျေးဇူးတော်များကို ပြန်လည် ပေးဆပ်ရန် ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ဋီကာကျမ်းကို ကြိုးပမ်းရေးသားတော်မူရပေသည်။

စည်ရှင်ဆရာတော်သည် ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ကို ဖွင့်ဆိုရာ၌ (က) ရုပ်တွက် (ခ) အဓိပ္ပါယ်-ဟူ၍ နှစ်ပိုင်းခွဲခြားကာ ဖွင့်ဆိုသည်။ (က) ရုပ်တွက်ကို စနစ်တကျ ကျနသေချာအောင် တွက်ပြပြီးလျှင်၊ (ခ)အဓိပ္ပါယ်ကိုလည်း ကျဉ်းကျဉ်းနှင့် ပြီးနိုင်လျှင် ကျဉ်းကျဉ်းမျှ ဖွင့်ဆို၍ ကျဉ်းကျဉ်းနှင့် မပြီးနိုင်လျှင် အကျယ်ဝေဖန် ရှင်းလင်းတော်မူသည်။ သန္ဓိကျမ်း ဒေါဓဿ စ-သုတ်၌ ဝါကျသမုစ္စည်း စ-သဒ္ဒါကြောင့် ထွက်ပေါ်လာသော သုတ္တဝိဘာဂများ၏ ပုံစံပြယုဂ်များနှင့် စပ်လျဉ်း၍ “သုဂတအနက်ငါးချက်တွင် ပဓာနပါကဋဖြစ်သော ဂမုဓာတ်+တပစ္စည်းဖြင့်ပြီးသည့် သုဂတသို့လိုက်၍ ဒ-ကို တ-ပြုပေးရသည်” ဤသို့ အကျဉ်းချုပ် မှာထားပြီးနောက် ဗဟုသုတအဖြာဖြာကိုလည်း ဆက်လက်ပေးထားသည်။

"စကားကောင်းနှစ်ခွန်းဟူသည်- "စကားခြောက် ခွန်း၊ လျှို့ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်လော့"ဟူသော နှစ်ခွန်းတည်း။ စကားခြောက်ခွန်းဟူသည်ကား- "မဟုတ် ကျိုးမဲ့၊ ဟုတ် ကျိုးမဲ့နှင့်၊ မမဲ့ဟုတ်ငြား၊ ဤသုံးပါး၊ မြောက်ပွား (၁)ကြိုက် (၂)မကြိုက်" ဟူသော မဇ္ဈိမပဏ္ဏာသ အဘယ သုတ်(မ၊၂။၅၇-၈)လာ ခြောက်ခွန်းတည်း။

မူလပဏ္ဏာသ ရထဝိနီတသုတ် (မ၊၁။၁၉၉)၌ "အပ္ပိစ္ဆာ စ အသံသဂ္ဂေါ၊ ဝိဝေကော တုဋ္ဌိ ဝီရိယံ။ သီလံ သမာဓိ ပညာ စ၊ ဝိမုတ္တိဉာဏဒဿနံ" ဟု စကားကြီး ၁၀-ခွန်း ရှိသေး၏။ စကားအရာ အင်္ဂါလေးတန်ဟူသော (၁) သု- ဘာသိတာ(အပိသုဏ) (၂) ဓမ္မ(အသမ္ဖပ္ပလာပ) (၃) ပိယ (အဖရုသ) (၄) သစ္စ (အမုသာဝါဒ) (သံ၊၁။၁၉၀။ သုတ္တနိ။ ၃၄၄) စကားလေးခွန်းလည်း ရှိသေး၏။ ဤစကားစုကား စေတနာဝါစာတည်း။ သမ္မာဝါစာစေတသိက်ကား ဝိရတီ- ဝါစာတည်း။

ဒုက္ကဋ်-ဖြင့် ရ-နောင် ဒန္တဇကို မုဒ္ဓဇလှယ်ရန် ဥပ- လက္ခဏပြ၏။ အဋ္ဌကထာ, ကေနဋ္ဌေန-စသည် နည်းတူ။ "ပုဗ္ဗ, သဟ၊ နာမာသ၊ စိဏ္ဏ, ဝိနယာ။ ဥတ္တိ, ဉာတ၊ ဋ္ဌိဿဝ၊ အဋ္ဌ ဒုက္ကဋာ" ဝိနည်း ဒုက္ကဋ် ၈-မျိုး။ (ဝိ၊ ဋ္ဌ၊ ၁။၂၇၁)။ "ခုဒ္ဒိ နခုဒ်၊ မထုတ် မေးခွန်း၊ ပေစွန်း မျက်ရေ၊ ဖူးစေ မိန်းမ၊ ဝဿိကကို၊ နင်းထ ချုပ်မှု၊ အာယုကပွန်၊ တည်ရန်မတောင်း၊ နှုတ်ကောင်း လျှာရှေ၊ မိန်းမတွေကို၊ ဝင်စေ သာသနာ၊ အာနန္ဒာသည်၊ ငါးဖြာဒုက္ကဋ် သင့်သတည်း။ သုတ္တန်ဒုက္ကဋ် ၅-မျိုး။ (ဝိ၊ ၄။ ၄၈၅။) (သုတ်နက်ဋီကာ)

ကစ္စည်းသုတ်နက်ဋီကာဆရာသည် အဂ္ဂိဿိနိ-သုတ်၏ မှတ်ချက် အဓိပ္ပါယ်ကို "ဤသုတ်ကား သက္ကတ၌ အဂ္ဂိ ဟူသော သက်ံစိတ (ကျုံ့နေ

သော) ပုဒ်ကို သမ္ဗသာရဏ (ပြန်ဆန့်) ပြုသောသုတ်တည်း။ .... အချုပ်အားဖြင့်ဆိုသော် သက္ကတ၌ အဂ္ဂိ-တစ်မျိုးသာ။ မာဂဓမှာ အဂ္ဂိ ဟု သက္ကတပဒ၊ အဂ္ဂိနိဟု သမ္ဗသာရိတပဒ ၂-မျိုးရှိသည်။ သာသနိက, လောကိက နှစ်ရပ်လုံးမှာပင် "ဂိနိ"သဒ္ဒါ အသေအချာ မတွေ့မြင်အပ်" ဤသို့ ထုတ်ပြပြီးနောက် ဆက်လက်ဝေဖန်တော်မူသည်။

> "သဒ္ဒနီတိ (ပဒမာလာ၊ ၂၄၄-၅) ဆရာတော်မြတ်ကား — ရေဟော— ဥဒက,ဥဒ,ဒက-သဒ္ဒါ၊ ဉာဏ်ဟော— ပညာန,ပညာ,ဉာန-သဒ္ဒါတို့ကဲ့သို့ မီးဟော— အဂ္ဂိနိ,အဂ္ဂိ, ဂိနိ-သဒ္ဒါ ၃-မျိုး ပါဠိ, အဋ္ဌကထာကိုး၍ ပြ၏။ ပါဠိ၌ "ဇာယတေ ဂိနိ၊ အာဟိတောဂိနိ, မဟာဂိနိ" ရှိ၍ အဋ္ဌကထာ၌ "ဂိနီတိ အဂ္ဂိ"ရှိရာသော ဟူ၏။
>
> သဒ္ဒနီတိသည် ကျောင်းစာရေးကို အလေးပြုတုံဘိ၏။ မာဂဓအဘိဓာန်၌ "တေဇော ဝါယုသခေါ ဓူမ - ကေတွဂ္ဂိ ဂိနိ ဘာနုမာ"ဟု ရှိ၏။ "အဂ္ဂိ, အဂ္ဂိနိ"ဖြတ်၍ သရကျေရာ၌ သံယောဂါဒိကို ချေ၍ပြီးသည့် "အဂ္ဂိ, အဂ္ဂိနိ" နှစ်ပုဒ်ယူ။ "အဂ္ဂိ, ဂိနိ"ဟု ယူခဲ့သော် ဒါနိ (ဣဒါနိ) ပိဓာနံ (အပိဓာနံ) တို့ကဲ့သို့ အာဒိကို ချေ၍ပြီးသော အသုံးနည်းသည့် ဂိနိ-သဒ္ဒါကိုသာ ပရိယာယ်ပြုလုပ်ပြဆို၍ ထင်ရှားသော အဂ္ဂိနိကို ဖြုတ်ချထားခြင်းသည် အလျဉ်းမသင့်တော်ရာ။"

ဒိသသ ပဃဒိဿဒက္ခာ ဝါ-သုတ်၏ မှတ်ချက်အဓိပ္ပါယ်၌ "ဤသုတ်၌ ဒိသဟူသည် ဒိသ ပေက္ခဏေ ဟူသော ဒိသဓာတ်တည်း။ .... ဝဝတ္ထိတဝိဘာသတ္ထော'ယံ ဝါ-သဒ္ဒေါ၊ တေန ဒိဿာဒေသော ကမ္မနိ သဗ္ဗဓာတုကေ ဧဝ" ဟု ရူပသိဒ္ဓိ ဆို၏။ ကောင်းပေ၏" ဟု မှတ်ချက်ပြုပြီးနောက် ဤသို့ ဆက်လက်ဝေဖန်တော်မူသည်။

"ဉာသိ၌ကား ပဿ ပြုနင့်အတူ ဟူ၏။ သဒ္ဒနီတိ (သုတ္တ။ ၉၅၁) ၌လည်း ဒိဿတိ-သည် အကမ္မက ဒိဝါဒိဂဏိက "ပညာယတိ"အနက်ဟော ဟူ၏။ ဒိဿတိ၊ ထင်၏-ဟူသော မြန်မာပြန်သည် သဒ္ဒနီတိအသံ ဖြစ်ရာ၏။ အမှန်မှာ ဒိဿတိ ပညာယတိ-နှစ်ပုဒ်လုံးပင် ကံဟောချည်း နှင်နှင် ဖြစ်၏။ .... ဒိသခေတ်နှောင်း တေ, ယ-သက်၍ ပုဗ္ဗရုပ် ပြုလျှင် ပြီးကောင်းလျက်ဆိုသော ဤသုတ်လာ ဒိဿာ-ဒေသသည် ကံ၌ ပဿီယတိ-ဟု ပဿာဒေသ၏ ငြိကပ်လျှဉ်းပါးခြင်းကို တားမြစ်ခြင်း အကျိုးရှိ၏ ဟု ရူပသိဒ္ဓိ-ဋီကာ မိန့်ဆို၏။ ကံဟော၌ ပဿ-ပြု မရှိကောင်း-ဟူလို၏။ ရူပသိဒ္ဓိစာကိုယ်၌ ဝိပဿီယတိ-ရှိသည်ကား အပိုဖြစ်၏။"

ဤသို့လျှင် ဝိသုဒ္ဓါရုံဂန္ထဝ္ဖြကွ စည်ရှင်ဆရာတော်သည် နက်နဲလျင်မြန် ထက်သန်သော ဉာဏ်တော်ဖြင့် သဒ္ဒါဆိုင်ရာ သုံးသပ်ဆုံးဖြတ်ချက်၊ အဘိဓမ္မာဆိုင်ရာ သုံးသပ်ဆုံးဖြတ်ချက်တို့ကို ဝိသုဒ္ဓါရုံသင်္ဂြိုဟ်နိဿယ, မဟာရူပသိဒ္ဓိနိဿယ, ကစ္စည်းသုတ်နက်ဋီကာတို့၌ ထည့်သွင်းရေးသားတော်မူသည်။ ကစ္စည်းသုတ်နက်ဋီကာ ရေးသားစဉ်မှာပင် ၁၃၀၃-ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း မင်းကွန်း ငွေတောင် ရန်ကင်းချောင်၌ ရှောင်တိမ်းနေစဉ် အဘယာရာမဆရာတော်နှင့် တွဲဖက်၍ မဇ္ဈိမနှင့် သံယုတ္တနိကာယ် အဋ္ဌကထာ, ဋီကာတို့ကို သုတ်သင်ပြင်ဆင်ခြင်းကိစ္စကို ဆောင်ရွက်တော်မူရသည်။ ယင်းမဇ္ဈိမနှင့် သံယုတ္တဋီကာ သုတ်သင်ပြီးမှုတို့ကို ရိုက်နှိပ် ထုတ်ဝေတော်မူရာ မဇ္ဈိမနိကာယ်ဋီကာ ကျမ်း၏နိဒါန်းကို စည်ရှင်ဆရာတော်သည် ပါဠိဘာသာဖြင့် ရေးသားပြဆိုတော်မူသည်။ သံယုတ္တဋီကာစာမူကို မကြည့်ရှုရ၍ အတိအကျ မရေးပြနိုင်သော်လည်း မဇ္ဈိမနိကာယ်ဋီကာ ၃-စောင်၌ ဖော်ပြထားသော စကားရပ်တို့ကိုမူ ရေးသားဖော် ပြနိုင်ပေသည်။

"ဣမိဿာ လီနတ္ထပ္ပကာသနိယာ"နာမ မဇ္ဈိမ-
နိကာယဋီကာယာဘိသင်္ခတ္တုနော "အဂ္ဂဓမ္မာဘိဝံသ, အဂ္ဂ-
မဟာပဏ္ဍိတ, ဂန္ထဝ္ဆုက္ခ, ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာ-
နာယက ဓမ္မသေနာပတိ ယုပါခိနော အဘယာရာမိက-
မဟာထေရဝရဿာယမုပ္ပတ္တိကထာ သမာသတော"

အစချီသည့် စည်ရှင်ဆရာတော်ရေး အဘယာရာမဆရာတော်၏ ထေရု-
ပ္ပတ္တိအကျဉ်းနှင့် ပဏ္ဏာသဋီကာကျမ်း သုတ်သင်ပြီးနိဂုံး၌ ဖော်ပြထား
သော-

(၁) အဂ္ဂဓမ္မာဘိဝံသေန ၊ အဘယာရာမဝါသိနော ။
သမာနိယညုဂန္ထေဟိ ၊ အပနေတွာ ခိကံ ပဒံ ။

(၂) ဦနဥ္ဓာနစ္စ ပူရေတွာ ၊ သုသောဓိတာဘိသင်္ခတာ ။
ဋီကာ မဇ္ဈိမနိကာယေ ၊ မြမ္မဝသေ ဝနာလယေ ။

(၃) အစ္စာကုလာ စ ဋီကာယံ ၊ တသ္မာညေဟိ သမာနိယ ။
ခလိတံ ပုန သောဓေန္တု ၊ နော စေ, ဂဏှန္တု ပဏ္ဍိတာ ။

(၄) သောဓနေ စေဟ နာလတ္ထံ ၊ သောဓိတံ ကိဉ္စိ ပေါတ္ထကံ။
သောဓေသိံ သဗလာ တေန ၊ သဖလံ မမ ဇီဝိတံ။

(၅) အတီဝ ဗျာကုလေ လောကေ၊ ရဋ္ဌာကုလေဝ ကာလကေ။
သောဓေသိံ ဗျာကုလံဋီကံ၊ သောဓေယျုံ ဣေသမာကုလန္တိ။

ဟူသော အဘယာရာမဆရာတော်၏ သုတ်သင်ပြီးစီးခုနှစ်, ပြင်ဆင်ပုံ
အစီအစဉ်, ဆုတောင်းပတ္ထနာတို့ကို တွေ့ရှိနိုင်ပေသည်။

စည်ရှင်ဆရာတော်သည် အင်္ဂုတ္တရအဋ္ဌကထာ, ဋီကာပြင်ဆင်မှုကိစ္စ
ကို ၁၃၀၅-ခုနှစ် နယုန်လမှ စတင်ဆောင်ရွက်တော်မူသည်။ ဤ အဋ္ဌ-
ကထာ, ဋီကာ ပြင်ဆင်မှုကိစ္စ မည်သည့်ခုနှစ်၌ ပြီးဆုံးသည်ကိုလည်း
ကောင်း၊ သံယုတ္တဋီကာ ပြင်ဆင်ချက် စာမူကိုလည်းကောင်း မိမိအနေဖြင့်

မတွေ့ရှိရပေ။ စည်ရှင်ဆရာတော်သည် အင်္ဂုတ္တရအဋ္ဌကထာ, ဋီကာကျမ်းများ သုတ်သင်ပြင်ဆင်ခြင်းကိစ္စကို ဆောင်ရွက်နေစဉ် "ချွတ်ယွင်းသောပုဒ်များ နောက်ထပ်မပျက်ပြားစေရန် ဝိနိစ္ဆယပါ ရေးသားရမူ ကောင်း၏" ဟူသော အကြံအစည် ထက်သန်ပြင်းပြစွာ ဖြစ်ပေါ်လာသည်။ ထိုအခါ ၁၂၇၅-ခုနှစ်က မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး စေခိုင်းတိုက်တွန်းတော်မူခဲ့သော ပဒဝိနိစ္ဆယ ရေးသားမှုကိစ္စကို အကောင်အထည် ဖော်သည့်အနေဖြင့် ၁၃၀၇-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃-ရက်နေ့မှ စတင်၍ **"ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်"** အမည်တွင်မည့် ပဒဝိနိစ္ဆယကျမ်းကို ကြိုးပမ်းပြုစုတော်မူသည်။ ထိုကျမ်း အပြီးအဆုံးသို့ မရောက်မီ စည်ရှင်ဆရာတော်သည် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း (၁၀)ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော် ပျံလွန်တော်မူပြီးနောက် ၁၃၁၅-ခုနှစ် သီတင်းကျွတ်လတွင် သဒ္ဓိဝိဟာရိက တပည့်များဖြစ်ကြသော ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်, ပိုက်ကျုံးဆရာတော်, အသောကာရုံဆရာတော်တို့က ၃-တွဲခွဲကာ ထုတ်ဝေတော်မူကြသည်။ စည်ရှင်ဆရာတော်၏ နောက်ဆုံးလက်ရာဖြစ်သော ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်ကျမ်း၌ အံ့မခန်းဘွယ် ဆန်းကြယ်နက်နဲသော အဆုံးအဖြတ်များ များစွာပါရှိပေသည်။ ယင်းတို့တွင် စာမြည်းရုံမျှ ဤ၌ အကျဉ်းချုပ် ဖော်ပြပါမည်။

ပိဋကတော်၌ အတော်အသုံးအစွဲများသော အာရာစာရီ-ပုဒ်ကို သီလက္ခန်ပါဠိတော် (ဒီ၁။၄) ၌ အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ သမဏော ဂေါတမော အာရာစာရီ ဝိရတော မေထုနာ ဂါမဓမ္မာ"ဟု ဟောတော်မူသည်။ ဤ၌ "အနာစာရီ"ဟု အချို့မူကွဲရှိသည်။ အခြားသော ပါဠိတော်တို့၌လည်း "အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ ဟောတိ အာရာစာရီ"စသည်ဖြင့် လာရှိသည်။[၁]

---

၁။ မ၊ ၁။ ၂၃၇။ မ၊ ၂။၃၇၀။ မ၊၃။၁၂။ အံ၊၁။၂၁၂။ အံ၊ ၂။၁၉၀။

ဤ၌ အဋ္ဌကထာဆရာက "အာရာစာရီတိ အပြဟ္မစရိယတော ဒူရစာရီ"ဟု ဖွင့်သည်။ အရှင်ဓမ္မပါလ၏ ဒီဃနိကာယ်,မဇ္ဈိမနိကာယ်ဋီကာ (ဒီဋီ၊၁။၁၁၇။ မဋီ၊၂။၁၅၅။) တို့နှင့် အရှင်သာရိပုတြာ၏ အင်္ဂုတ္တရဋီကာ (အံဋီ။၁၇၆)တို့၌ "အာရာစာရီ မေထုနာ"တိ ဧတေန . . . . သတ္တဝိဓ-မေထုနသံယောဂါပိ ပဋိဝိရတိ ဒဿိတာတိ ဒဋ္ဌဗ္ဗာ"ဟု တပြေးညီ ဖွင့်ပြကြသည်။ သီလက္ခန်ဋီကာသစ် (၁။၃၃၂) ကမူ –

"န အာစရတီတိ အနာစာရီ၊ တဒါစာရဝိရဟိတောတိ အတ္ထော၊ တေနာဟ "အပြဟ္မစရိယတော ဒူရစာရီ"တိ။ ဒူရော မေထုနသခ်ါတော အာစာရော၊ သော ဝိရဟေန ယဿတ္ထီတိ ဒူရစာရီ၊ မေထုနဓမ္မတော ဝါ ဒူရော ဟုတွာ တဗ္ဗိရတိ အာစရတီတိ ဒူရစာရီတိပိ ဝဋ္ဋတိ။"

ဟု "အနာစာရီ"ဟူသော မူကွဲကို ယူ၍ ဖွင့်ဆိုသည်။

အာရာစာရီ-ပုဒ်နှင့်စပ်၍ စည်ရှင်ဆရာတော်က ဝိသုဒ္ဓါရုံ ပိဋက အဘိဓာန်ကျမ်း၌ ဤသို့ ရှင်းလင်းထားသည်။

"အာရာစာရီ (ပု) အာရာ+ အာ+ စရ+ ဏီ။ (၁) မေထုန်ငယ် ခုနစ်ရပ်၊ ကင်း ပြတ်စွန့်ခွါ၊ ဝေးစွာကျင့်သူ။ အာရာ-ဟူသည် အဘိဓာန် (၇၀၆) ဒူရံ တု ဝိပ္ပကဋ္ဌကံ-၌ လာသော နပုလ္လိင် အကာရန္တ ဒူရ၊ (၁၁၅၇) အာရာ ဒူရာ စ အာရကာ-၌ လာသော အဗျယ အာကာရန္တ ဒူရာ, အာရကာတို့ကဲ့သို့ အဝေးဟော အာကာရန္တ အဗျယတည်း။ အာကာရန္တ ဣတ္ထိ လိင် အာရာ-ကား စူးဆောက်ဟောတည်း။ သို့ဖြစ်၍ အဋ္ဌကထာ၌ ဝေဝုစ်ဖြစ်သော နပုလ္လိင် ဒူရ-သဒ္ဒါဖြင့် ဒူရစာရီ ဟု ဖွင့်သည်။ အဗျယ ဒူရာ ဖြင့်လည်း ဒူရာစာရီ ဟု ဖွင့်နိုင်သော်လည်း ဒူရ+ အာစာရီ = ဒူရာစာရီ ဟူ၍

လည်းကောင်း၊ ဒု + အာစာရီ = ဒုရာစာရီ ဟူ၍လည်း ကောင်း ယုံမှားဖွယ်ရှိသောကြောင့် မဖွင့်ပေ။ ဒူရံ စရတီတိ ဒူရစာရီ ပြု၊ ဒူရ+ စရ+ ဏီ တည်း။ ဋီကာဖြင့် အာရာစာရီ သည် မေထုနာ အပါဒါန်၏ အပါဒါနီဖြစ်ကြောင်း ထင်ရှား လှ၏။ မေထုနာ၊ မေထုန်မှ။ အာရာစာရီ၊ မေထုန်ငယ် ခုနစ်ရပ်၊ ကင်းပြတ်စွန့်ခွါ၊ ဝေးစွာကျင့်သည်ဖြစ်၍။ ပဋိ- ဝိရတော၊ ရှောင်ကြဉ်တော်မူ၏ ဟု ပေး။ သို့ဖြစ်၍ ဆိုခဲ့ပြီး သီလက္ခန်ဋီကာသစ် အဖွင့်နှင့် အရှင်ဓမ္မပါလ၏ (ဋီကာ ဟောင်း) စကားကို ထား၍ "ဒူရာစာရီတိ ဝစနတော စေတ္တ-စသည် ဆိုသော ဋီကာသစ်စကားကို ပညာရှိများ စဉ်းစားဆင်ခြင်သင့်ပေသည်။ .... အပို့အချ များသော သင်ရိုးကျမ်းနိုးတို့၌ အနာစာရီချည်း နှင်နှင်တွင်နေသော် လည်း အပို့အချ အကြည့်အရှု နည်းပါးကင်းဆိတ် ကျမ်း အိပ် နိကာယ်ကြီးများ၌ကား ဘုရားစကားတော်ရင်း မချွတ် ယွင်း မပျက်ပြား "အာရာစာရီ" ဟူသော အရေးအသားကို ပင် တွေ့ရပေသည် (ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်)။

"(ဂေါစရာ) အာလမ္ဘာ ဝိသယေ'တေ ဆာ-ရမ္မဏာ လမ္ဗဏာနိ စ" ဟူသော အဘိဓာနပ္ပဒီပိကာ (၉၄-ဂါထာ) လာ အာရုံဟော ၅-ပုဒ်တွင် အာရမ္မဏနှင့် အာလမ္ဗဏ ၂-ပုဒ်ကို အဘိဓာန်ဋီကာဆရာက အာဂန္တွာ စိတ္တစေတသိကာ ရမန္တိ ဧတ္ထာတိ အာရမ္မဏာနိ၊ ယု"ဟု ဖွင့်ဆိုသည်။ ယင်း ၂-ပုဒ်တွင် ရှေ့ပုဒ်၌ "အာရမ္မဏ"ဟု မ္မ နှစ်လုံးဖြစ်နေခြင်း၊ နောက် ပုဒ်၌ "အာလမ္ဗဏ"ဟု ဏ-ကြီးဖြစ်နေခြင်းတို့ကို မဟာဝိသုဒ္ဓါရုံ ဆရာ တော်ကြီးနှင့် စည်ရှင်ဆရာတော်တို့က မနှစ်သက်ကြပေ။ ထို့ကြောင့် စည်ရှင်ဆရာတော်က ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်ကျမ်း အာရမဏပုဒ်၌ ဗဟုသုတ မှတ်သားဖွယ်များနှင့်တကွ ဤသို့ရေးသားဖွင့် ဆိုထားသည်။

"အာရမဏ (နှ)အာ+ရမု+ယု။ အာဂန္တွာ ရမန္တိ ဧတ္ထ။
(၁) အာရုံ ၆-ပါး၊ လာ၍ မွေ့လျော်အပ်သည်၊ မွေ့လျော်ရာ။ ဤပုဒ်ကို မွသံယုတ်နှင့် သီဟိုဠ်,ဗမာ,ယိုးဒယားပါ သုံးစွဲကြသည်၊ ဒွေဘော်ဆင့်ရန် အကြောင်းယုတ္တိ တစ်စုံတစ်ခု မရှိပေ။ အာလမ္ဗနနှင့် ရောယှက်၍ မွသံယုတ်သံ ထွက်ဟန်ရှိသည်။ "မုဒ္ဓဇ သ၊ ရနောက် နှ၊ မုဒ္ဓဇ ဏကြီး ပြန်။ သရ အဝဂ်၊ က, ပဝဂ်၊ ခြားလျက် ဏကြီး ပြန်" ဟူသော ဗျာကရုဏ်းဥပဒေအရ နငယ်ကို ဏကြီးပြန်ရသည်။ "အာရမဏ = အာရုံ"ဟု အနက်မပြန်ဘဲ "အာရုံ"ဟု ပြန်သည်ကား အိမ်နီးချင်း ယိုးဒယားသံတည်း။ မွန်၏၊ ယိုးဒယား၌ အဆုံးအက္ခရာ၏ရှေ့မှ အကာရန္တ ကို ဥသံ, ဩသံ ထွက်စေလေ့ရှိ၏။ ရှေးဦးအစ တည်သော မြို့ကို "နဂရ-ပထမ = နဂုံပထုံ = နခုံ (ခွံ) ပထုံ"ဟု ခေါ်၏။ ရထားကို ရောက်(ရွတ်)ဟု ခေါ်၏။ လံချားကို "ရွတ်ကျိတ်" ဟု ခေါ်၏၊ ကျိတ်ကား ဦးလေးတည်း၊ ဦးလေး (တရုတ်) ဆွဲသော ရထား ဟူလို၏။ ထို့အတူပင် အာရမဏကို "အာရောမ်း" ဟု ခေါ်၏၊ ဗမာက အာရောမ်းကို အာရုံသို့ ပြောင်းလိုက်၏၊ ကာယ = ကိုယ်၊ ဗလ = ဗိုလ်၊ မင်္ဂလ = မင်္ဂုလ် (မင်းဂိုချည်) တို့လည်း ယိုးဒယားသံတည်း။ (၂) အကြောင်း"။ (ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်)

ဤသို့ ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်က "အာရမဏနှင့် အာလမ္ဗန မှန်ကန်ကြောင်း သုံးသပ်ဝေဖန်ထားသော်လည်း ဘာသာဗေဒကျွမ်းကျင်သော နောက်ခေတ်ပညာရှင်တို့က —

"ယထာ ဟိ ဒုဗ္ဗလော ပုရိသော ဒဏ္ဍံ ဝါ ရဇ္ဇုံ ဝါ
အာလမ္ဗိတွာဝ ဥဋ္ဌဟတိ စေဝ တိဋ္ဌတိ စ၊ ဧဝံ စိတ္တ-

စေတသိကာ ဓမ္မာ ရူပါဒိအာရမ္မဏံ အာရဗ္ဘေဝ ဥပ္ပဇ္ဇန္တိ စေဝ တိဋ္ဌန္တိ စ။ တသ္မာ သဗ္ဗေပိ စိတ္တစေတသိကာနံ ဓမ္မာနံ အာရမ္မဏဘူတာ ဓမ္မာ အာရမ္မဏပစ္စယောတိ ဝေဒိတဗ္ဗာ"

ဟူသော ပဋ္ဌာန်းအဋ္ဌကထာ (၃၄၅) ကို ထောက်၍ အာရမ္မဏကို အာလမ္ဗနမှ ပြောင်းလဲ၍ နိရုတ္တိနည်းဖြင့် ပြီးသောပုဒ်ဟူ၍ ဝေဖန်သုံးသပ်ကြသည်။

ထို့ကြောင့်ပင် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်း အာရမ္မဏ ပုဒ်၌ –

"အာရမ္မဏ(န) [အာ+ လမ္ဗ+ ယု၊ လ-ကို ရ-ပြု၊ ဗ-ကို မ-ပြု။ (၂) အာ + ရမု + ယု] (၁) အာရုံ။ (က) စိတ်, စေတသိက်တရားတို့သည် ဆွဲကိုင်အပ်, ထောက်မှီအပ်သော-တို့၏ လာရောက် မွေ့လျော်ရာဖြစ်သော-တရား။ (ခ) အကြောင်း"။

ဟု အာလမ္ဗနနှင့် အာရမ္မဏကို တစ်ပေါင်းတည်း တည်ပုဒ်ပြုကာ ရေးသားထားပေသည်။

ပါဠိတော်လာ သရဏဂုံကို ဖွင့်ဆိုရာ အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁။၁၄၀။ဒီ၊ဋ္ဌ၊ ၁။၂၀၅။ မ၊ဋ္ဌ၊၁။၁၃၅။ အံ၊ဋ္ဌ၊၂။၁၆။) တို့၌ "ဧဝံ ဒေသနံ ထောမေတွာ တ္ထမာယ ဒေသနာယ ရတနတ္တယေ ပသန္နစိတ္တော ပသန္နာကာရံ ကရောန္တော "သောဟ"န္တိအာဒိမာဟ" ဟု ကျမ်းတက်အနုသန္ဓေ ဆိုပြထားသည်၊ ယင်းအဋ္ဌကထာ၌ ပသန္နာကာရံ-ကို "ပသန္နာကာရန္တိ ပသန္နေဟိ ကာတဗ္ဗံ သက္ကာရံ"ဟု ဋီကာတို့၌ ဖွင့်ဆိုကြသည်။ ပါရာဇိကဏ် ဂဏ္ဌိသစ် (၂၊ ၃၂၂) ၌ "ပသန္နာကာရံ၊ ကြည်ညိုသူတို့သည် ပြုအပ်သော အရိုအသေ ပြုခြင်းကို"ဟု အနက်ပြန်၍ "အာဒရံ ကရဏံ အာကာရော၊ ပသန္နေဟိ ကာတဗ္ဗော အာကာရော ပသန္နာကာရော ပြု။"ဟု ဝစနတ္ထပြုသည်။

ဝိသုဒ္ဓါရုံပိဋကအဘိဓာန်ကမူ ဖေါ် ပြပြီး ဋီကာများကိုပင် ထောက်ထား၍-

> "ကာရော'ဂဘောဒေ သက္ကာရေ၊ ကာရာ တု ဗန္ဓနာ-
> လယေ။ (အဘိဓာန်၊ ၁၀၁၁) တို့နှင့်အညီ ကာရ-သဒ္ဒါ
> သက္ကာရဟောဖြစ်၍ ပသန္နာနံ ကာရော ပသန္နကာရော
> ဟု နှ-၌ ရသည်နှင့် သင့်သည်။ ပသန္နကာရ၊ ကြည်ညိုသူ
> တို့၏ ဓမ္မပူဇာကို။ ကြည်ညိုသူတို့ ပြုသင့်သော ဓမ္မပူဇာကို
> ဟု ပေး။ စာအများ၌ "ပသန္နာကာရံ"ဟု အာဒီယနှင့် ရှိနေ
> ကြသည်။"

ဟု အတိအကျ ဆုံးဖြတ်ချက်ချတော်မူသည်။

ဤသို့လျှင် ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် ရေးသားပြုစုတော်မူသည့် ကျမ်းဂန်များမှ တစိတ်တဒေသကို ထုတ်ပြလျက် ဝိသုဒ္ဓါရုံဂန္ထဝင်္ကြာ အရှင်ကောသလ္လာဘိဝံသ၏ ကျမ်းဂန်အရာ လိမ္မာကျွမ်းကျင်တော်မူပုံကို သိသာရုံမျှ ပြဆိုခဲ့ပေပြီ။ ဤမျှဖြင့် ပညာရှင်များ မျက်ဝါးထင်ထင် သိမြင်နိုင်လောက်ပြီဟု ယုံကြည်ယူဆပါသည်၊ စည်ရှင်ဆရာတော်သည် နက်နဲခက်ခဲသော ကျမ်းဂန်ကြီးတို့၌သာ လိမ္မာကျွမ်းကျင်သည် မဟုတ်သေး၊ သဒ္ဒါ, အဘိဓာန်, ဆန်း, အလင်္ကာဟူသော ကဝိလက္ခဏာကျမ်း ၄-ဖြာ တို့၌လည်း အထူးလိမ္မာကျွမ်းကျင်တော်မူသည်၊ ထို့ကြောင့် ပါဠိဘာသာ ဂါထာ စုဏ္ဏိယနှင့် မြန်မာဘာသာ ပျို့ကဗျာလင်္ကာ, သံပေါက်တို့ကို တစ်မဟုတ်အတွင်း ခဏချင်းပင် ရေးသားသီကျူးနိုင်ပေသည်၊ စည်ရှင်ဆရာတော် အမည်မဖေါ်ဘဲ ရေးသားခဲ့သော ဓမ္မဒေသနာ တရားဟောကျမ်းစာများ ရှိခဲ့ကြောင်း သိရှိရပေသည်။ စည်ရှင်ဆရာတော်သည် ထိုထိုသုတ္တန်များမှ ထုတ်နုတ်ရေးသားရာ၌ အချီးဂါထာများကို ဆန်းဆန်းကြယ်ကြယ် ကြည်ညိုဖွယ်ဖြစ်အောင် ရေးသားနိုင်ပေသည်။ နမူနာအဖြစ် ထုတ်ပြရသော် မူလပဏ္ဏာသပါဠိတော် ဓမ္မဒါယာဒသုတ် အချီးဂါထာကို ဤသို့ နှုန်းဖွဲ့တော်မူသည်။

ဓမ္မာဒါသံ ပလဒ္ဓါန ၊ သာရမာသန္တိ ဆန္ဒိကာ ။
ပဏ္ဍာကာရံ ပဒတွာန ၊ ဒါယမာဒန္တိ ပဏ္ဍိတာ ။

—**ဘောန္တော** ၊ နိဗ္ဗာန်သောင် တစ်ဖက်ကမ်းသို့ တက်လှမ်းရည်ညောင်း၊ အို သူတော်ကောင်းတို့။ **ဓမ္မာဒါသံ**၊ ဓမ္မဒါယာဒသုတ္တန်၊ ကြေးမုံမှန်ကို။ **ပလဒ္ဓါန**၊ နာယူ ကျက်မှတ်၊ ရကုန်လတ်၍။ **အာသန္တိ ဆန္ဒိကာ**၊ နိဗ္ဗာန်တိုင်လစ်၊ အမွေနှစ်ကို၊ အားသစ်ရလို၊ ဆက်ခံလိုကြကုန်သော။ **ပဏ္ဍိတာ**၊ ပညာ့ရှင်အပေါင်း၊ သူတော်ကောင်းတို့သည်။ **ပဏ္ဍာ-ကာရံ**၊ လှူဒါန်းဖွယ်များစွာ၊ ပရိက္ခရာအပေါင်း၊ လက်ဆောင်ကောင်းကို။ **ပဒတွာန**၊ သစ္စာနုလောမိက ယထာဘူတဉာဏ်၊ ထက်သန်သော သဒ္ဓါဓာတ်ဖြင့်၊ ပေးအပ်ဆက်သ၊ လှူဒါန်းကုန်ပြီး၍။ (ဤကား အလှူပွဲများအတွက်တည်း) **ပဏ္ဍာကာရံ**၊ ဓမ္မာနုဓမ္မပဋိပတ်၊ အကျင့်မြတ်လက်ဆောင်ကောင်းကို။ **ပဒတွာန**၊ ကိုယ်ကိုနှီးရင်း၊ ဆောင်နှင်းဆက်သကြကုန်ပြီး၍။ (ဤကား ရိုးရိုးတရားပွဲများအတွက်တည်း) **ဒါယံ**၊ အမွေပိုင် ဖခင်ဘုရားက၊ အမွေဆိုင် သမီးသားတို့အား၊ သနားတော်မူလိုရင်း၊ ပေးတော်မူလိုရင်း အစစ်၊ တရားအမွေအနှစ်ဟု ဆိုအပ်သော။ **အာသန္တိ သာရံ**၊ နိဗ္ဗာန်သို့တိုင်၊ အဆိုင်ဆိုင် များပြားလှသည့်၊ ဓမ္မအမွေ၊ မဂ်လေးထွေနှင့်၊ လေးထွေ ဖိုလ် ဉာဏ်၊ ကိုးတန်သော ရတနာအနှစ်တွေကို။ **အာဒန္တိ**၊ သိမ်းပိုက် ဆက်ခံ၊ စိုးစံ နိုင်ကြလေကုန်သတည်း။

* မဂ်ဖိုလ်နိဗ္ဗာန်၊ ဤကိုးတန်ကား၊ တရားအမွေ၊ အစစ်ပေတည်း။ တစ်ထွေ ဝိဝဋ္ဋ၊ ကုသလကို၊ ဓမ္မအတု၊ ခေါ်ညွှန်းပြု၏။ များထု ရွှေငွေ၊ ပစ္စည်းမွေတည်း။ တစ်ထွေ ဝဋ္ဋ၊ နိဿိတကို၊ ပစ္စယ အတု၊ ခေါ်ညွှန်းပြုသည်၊ လေးခု အမွေအပြားတည်း။ ။

## သာသနာပြုနည်း နိသျရည်း

ဥယျာနေ သာသနေ ရမ္မေ၊ ရောပေန္တာ ဇေနပါဒပေ ။
ဆေကာ ဝုယျာနကိစ္စသျ၊ ပဟောန္တိ ဖလဘာဂိနော ။

—**ရမ္မေ**၊ ဘုရားပင်စည်၊ ကိုင်းခက်မည်သည့်၊ မထေရ်ကျော် အပေါင်း၊ အရှင်ကောင်းတို့ဖြင့်၊ နစ်ထောင်းရှင်ပျော်၊ မွေ့လျော်ဘွယ် ကောင်းသော။ **သာသနေ ဥယျာနေ**၊ စည်ပင်သာယာ၊ သာသနာခေါ်မီး၊ ဥယျာဉ်တော်ကြီး၌။ **ဇေနပါဒပေ**၊ ဘုရားသားကျော်၊ သံဃာခေါ်သည့်၊ ရှစ်ဖော် အရိယာ၊ နွယ်လာအစဉ်၊ ကုသိုလ်ပင်တို့ကို။ **ရောပေန္တာ**၊ သဒ္ဓါဖွံ့ ဖြိုး၊ စိုက်ပျိုးတည်ထောင်ကြကုန်သောသူတို့သည်။ **ဥယျာနကိစ္စသျ**၊ ရေ လောင်း, ပေါင်းသင်၊ မြေတောင်တင်ဟု၊ ဥယျာဉ်ကိစ္စ အဝဝ၌။ **ဆေကာ**၊ တတ်သိလိမ္မာ၊ နားလည်ကြကုန်မှသာလျှင်။ **ဖလဘာဂိနော**၊ ရည်ရွယ်မှန်း ထား၊ ပွင့်သီးများကို၊ သုံးစား မြိုင်မြိုင်၊ ဥယျာဉ်ပိုင် သူဌေးကြီးတို့သည်။ **ပဟောန္တိ**၊ တံခွန်စိုက်ဆောက်၊ ဖြစ်မြောက်နိုင်ကြလေကုန်သတည်း။

* ဗုဒ္ဓမြတ်စွာ၊ သာသနာ၌၊ သဒ္ဓါရင့်ညောင်း၊ သူတော် ကောင်းတို့၊ သိကြောင်းသိရာ၊ နိဒါန်းဖြာပိမ့်၊ သေချာရင်းဖွား၊ ဉာဏ်ဝင်စားလော့။ ဘုရားမိုးနတ်၊ ဖန်ဆင်းလတ်၍၊ ရေ ဓာတ်အေးမြ၊ အခံရသည့်၊ ဓမ္မစက်ခေါ်၊ လယ်မြေပေါ်၌၊ သားတော်အရှင်၊ ကုသိုလ်ပင်ကို၊ ကြည်လင်ဝမ်းမြောက်၊ ပျိုး စိုက်ဆောက်၍၊ ပေါက်ရောက်စည်ကား၊ ပွင့်သီးများကို၊ သုံးစားဖို့ရာ၊ ထက်သန်စွာဖြင့်၊ အာသာမှန်းထား၊ ဒကာများ သည်၊ မြေသားစိုန၊ ရေလောင်းမှုနှင့်၊ မြောက်မှု မြေတောင်၊ လောင်းရိပ်လောင်သည့်၊ မြင့်ခေါင် ကိုင်းခက်၊ ပေါင်းပင် မြက်ကို၊ ပယ်ဖျက်ခုတ်ထွင်၊ အမြသင်သည့်၊ ခြံရှင်ကဲ့လား၊ ပမာထား၍၊ နည်းများမဟူ၊ ပစ္စည်းလှူက၊ ကြည်ဖြူနည်းကျ၊

လှူဒါန်းရ၏။ မာရဇိနော်၊ လက်ထက်တော်က၊ ပြည့်ကျော်
ဂုဏ်သိန်၊ နာထပိဏ်နှင့်၊ အရှိန်ကြီးစွာ၊ ဝိသာခါလို၊ ဆရာ
သခင်၊ ထေရ်အရှင်နှင့်၊ ရောဝင်သွေးစပ်၊ အားပေးအပ်၏။
မအပ်မလျော်၊ ဝိနည်းတော်ပြစ်၊ လောကပြစ်ကို၊ စိစစ်ဖော်
ပြ၊ ဂါရဝဖြင့်၊ တုပ်ကွ ရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပန်ထွာ၊
လျှောက်ထားရာ၏။ ဆရာ, ဒကာ၊ အပြစ်ရှာ၍၊ မျက်နှာလို
လား၊ လေးအမွှားကို၊ လေးစားမမူ၊ စိတ်လျစ်လျူ၍၊ မပူ
မဆာ၊ ကြောင်းခြင်းရာကို၊ ဆရာထိရောက်၊ ပန်ကာလျှောက်
သည်။ ။ ဖြစ်မြောက် သီးပွင့်ရကြောင်းတည်း။

## မဇ္ဈိမနိကာယ် မူလပဏ္ဏာသ
## မဟာသာရောပမ, စူဠသာရောပမသုတ် (မ၁။၂၅၁-၂၆၅) အနှစ်ချုပ်

သာခံ ပပဋိကံ တစံ၊ ကမံ ဖေဂ္ဂုံ မတိက္ကမံ ။
သာရမာဒေ မဟာဓမ္မ - ရညော“ရညည မာရဘံ ။

— **မဟာဓမ္မရညော**၊ လည်ဆံဂုဏ်ရောင်၊ စွင့်စွင့်ထောင်၍၊ ရန်စောင်
နှိမ်နင်း၊ တရားမင်းဘုရား၏။ **အာရညည်း**၊ သာသနာဂနိုင်၊ မဟာမြိုင်၌။
**အာရဘံ=အာရဘန္တော**၊ အရိုး ကြေကြေ၊ အရေ ခြောက်ခြောက်၊ နောက်
မဆုတ်တမ်း၊ လုံ့လစွမ်းဖြင့်၊ ကြိုးပမ်းအားဆောက်လျက်။ **သာခံ**၊ အမှိုက်
မီးစာ၊ လာဘ်သပ်ပကာ အခက်အလက်ကိုလည်းကောင်း။ **ပပဋိကံ**၊ အပေါ်
တင် ဗန်းပြ၊ သီလအပွေးကိုလည်းကောင်း။ **တစံ**၊ အဖုံးအခွံ၊ အခေါက်
စျာန်ကိုလည်းကောင်း။ **ဖေဂ္ဂုံ** ၊ အပေါ်သားအကာ၊ အဘိညာ အမြေးကို
လည်းကောင်း။ **ကမံ**၊ တစ်ဆင့်တစ်ဆင့်၊ အစဉ့်အတိုင်း။ **အတိက္ကမံ**၊ ခုန်
ကျော်လွန်မြောက်သည်ဖြစ်၍။ **သာရံ**၊ အသမယ ဝိမောက္ခ၊ သာရအစစ်၊
လောကုတ္တရာတရားအနှစ်ကို။ **အာဒေ**၊ မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်
လည်း၊ မလွတ်စတမ်း၊ ရမြဲငြမ်းဖြင့်၊ တက်လှမ်း သိမ်းယူရာသတည်း။ ။

* ခက်ရှက် လာဘ၊ ပွေး သီလနှင့်၊ ဈာန အခွဲ၊ အဘိညာဏ် အကာ၊ လောကုတ္တရာ အသား၊ ခွဲ၍ထားသည်။ ။ဘုရားတောပိုင့် မိန့်ခွန်းတည်း။

## ဒီဃနိကာယ် ပါထိကဝဂ် စက္ကဝတ္တိသုတ်လာ သတ္တဝါတို့ အသက်တမ်းဆုတ်ယုတ်မှုနှင့် ဒုစရိုက်တရားဖြစ်ပွားပေါ်ပေါက်လာပုံ

* ဝိဝဋ္ဋဌာ၊ ကပ်ဦးခါမှ၊ ဆုတ်လာတုံလတ်၊ အာယုကပ်တွင်၊ သိန်းကပ် ခိုးယူ၊ ရှစ်သောင်းမူကား၊ သတ်သူပေါ်ထ၊ လေးသောင်းကျသော်၊ ပြောကြ မုသာ၊ ၂-သောင်းခါ၌၊ ဝိစာပိသုဏာ၊ ကုန်းတိုက်ကြ၏။ ကာမမိစ္ဆာ၊ တစ်သောင်းခါတည်း။ ဖရုသာ, သမ္ဖသ်၊ ငါးထောင်ကပ်၌၊ ပေါ်လတ် လူ့ဘောင်၊ မိုက်လုံးပြောင်၏။ ၂-ထောင် ဗျာပါ၊ အဘိဇ္ဈာတည်း။ မိစ္ဆာဒိဋ္ဌိ၊ တစ်ထောင် သိလော့၊ ရောက်ရှိ ငါးရာ၊ သက်တမ်းမှာကား၊ မိစ္ဆာဓမ္မ၊ ဝိသမနှင့်၊ အဓမ္မရာဂေါ၊ ဒလဟောတည်း။ ရောက်သောနှစ်ရာ၊ သက်တမ်းခါ၌၊ မာတာဒိက၊ ဂါရဝကို၊ စွန့်ကြကုန်လစ်၊ သက်ဆယ်နှစ်၌၊ စွန့်ပစ် ဓမ္မ၊ ရှင်းရှင်းပသည်။ ။ သုံးဝကပ်ကြီး ဆိုက်အံ့သော်။ (ဒီ၃။၅၄-၅၉၊ ဒီဋ္ဌ၃။၃၅-၃၈။)

၁။ အဓမ္မရာဂ-ဟူသည် အမိ၊ မိထွေး, မိကြီး၊ အရီးလေး, အရီးကြီး၊ ဒေါ်လေး, ဒေါ်ကြီး-စသော မသင့်လျော်သောအရာ၌ ရာဂဖြစ်ခြင်းတည်း။

၂။ ဝိသမလောဘ-ဟူသည် အသုံးအဆောင်ပစ္စည်းဝတ္ထု အရာဌာနတို့၌ အလွန်အားကြီးသော လောဘတည်း။

၃။ မိစ္ဆာဓမ္မ-ဟူသည် ယောက်ျားအချင်းချင်း၊ မိန်းမအချင်းချင်း ဆန္ဒရာဂဖြစ်ခြင်း၊ လိင်တူ ဆက်ဆံခြင်းတည်း။

သံယုတ္တနိကာယ်အစ ပထမသြဃတရဏသုတ် အချီးဂါထာကို ဤသို့ သီကုံးတိုက်တွန်းတော်မူသည်။

ဘာဝနာသီလဒါနေဟိ၊ မဟောဃုပ္ပံ နိဗန္ဓထ။
တေနောဃ မုတ္တရေယျာထ၊ ဝိတ္ထိဏ္ဏော ဟိ ဘာဝဏ္ဏဝေါ။

— **ဘောန္တော**၊ သံသရာပြင်ကျယ်၊ မြစ်ပင်လယ်မှ၊ လွယ်လွယ်နှင့် ကူးတက်၍၊ နိဗ္ဗာန်သောင် တစ်ဖက်ကမ်းသို့၊ တက်လှမ်းရည်ညောင်း၊ အို... သူတော်ကောင်းတို့။ **ဘာဝနာသီလဒါနေဟိ**၊ ဒါန, သီလ၊ ဘာဝနာဟု၊ သုံးဖြာဝေဖန်၊ ပရိက်အဆောက်အဦးတို့ဖြင့်။ **မဟောဃုပ္ပံ = မဟာဥဠုပ်**၊ ဖြဟ္မယာဉ်ခေါ်၊ မဂ္ဂင်သင်္ဘောတော်ကြီးကို။ **နိဗန္ဓထ**၊ ဖွဲ့စပ်ချည်နှောင်၍၊ တည်ထောင်တက်စီးကြပါကုန်လော့။ **တေန**၊ ထိုဖြဟ္မယာဉ်ဓမ္မစက်၊ ခေါ် မြွက်မိန့်ဟော၊ မဂ်သင်္ဘောဖြင့်။ **သြဃံ**၊ သြဃလေးဖြာ၊ သမုဒ္ဒရာကို။ **ဝါ**– **သြဃံ**၊ ဘဝခန္ဓာ၊ သံသရာပြင်ကျယ်၊ မြစ်ပင်လယ်ကြီးကို။ **ဥတ္တရေ–ယျာထ**၊ အောင်တေးသံ ရင့်ကျူး၍၊ ကူးတက်ကြပါကုန်လော့။ **ဟိ**၊ ကူးကြ, တက်ကြ၊ ကူးတက်ကြဟု၊ မြွက်ဟာထပ်လဲ၊ မစဲအောင် တိုက်တွန်းရခြင်း၏ အကြောင်းကား။ **ဘဝဏ္ဏဝေါ**၊ ဘဝခန္ဓာ၊ သံသရာ ပြင်ကျယ်၊ မြစ်ပင်လယ် ကြီးသည်။ **ဝိတ္ထိဏ္ဏော**၊ ဘုရားသော်မှ၊ အစ မဟော၊ ရှည်မျော ကျယ်ဝန်းလှ ပါဘိ၏။ **ဝါ** –**ဝိတ္ထိဏ္ဏော**၊ ဝဋ္ဋာဘိရတ၊ သံသာရခါဏူ၊ ဖြစ်သည့်လူတို့၊ အဂူ နောက်စွန်း၊ မဟောညွန်း မဖေါ်ပြ၊ ခြော် ကျယ်ဝန်းလှပေသတည်း။

■ သင်္ဘော ဒါန၊ စက် သီလ၊ တက်မ ဘာဝနာ။
■ ငြိမ်မြုပ် လှုပ်မျော၊ မဂ်သင်္ဘော၊ ရေကျောကူးမည်သာ။

သံသရာပြင်ကျယ်၊ မြစ်ပင်လယ်မှ၊ မှန်းရွယ်တောက်
လျှောက်၊ ကမ်းကိုထောက်၍၊ ကူးမြောက်စေချင်၊ ဉာဏ်
ဝယ်ယှဉ်လော့၊ ငြိမ်လျှင် မြုပ်မည်၊ လှုပ်သူသည်လည်း၊
အတည်မကျ၊ မျောပြန်ရ၏၊ ဘဝတိုင်း သော၊ မဆုံးပေသား၊

ကိလေထူပြော၊ မြစ်ရေကျောကို၊ သဘော်ဒါန်၊ စက် သီလ
နှင့်၊ တက်မ ဘာဝနာ၊ လိုတိုင်းပါအောင်၊ စုံစွာ တပ်ဆင်၊
ဉာဏ်ဝယ်ထင်လော့၊ မဂ္ဂင်ဘောင်ကြီး၊ ငြိမ့်ငြိမ့်စီး၍၊ ဝဋ်
မီးသတ်နိမ်၊ အကြိမ်ကြိမ်လျှင်၊ မငြိမ် မလှုပ်၊ မမျောမြုပ်ဘဲ၊
မဟုတ်သူငါ၊ ရုပ် နာမ်သာတည်း၊ ခန္ဓာပဉ္စက၊ ဤကာယဌ်၊
ရာဂလျှော့ဖြေ၊ ကူးကြလေဟု၊ မိန့်ချွေသုတ္တန်၊ ကျမ်းထုတ်
ပြန်သည်။ ။ ကူးရန်ရေလမ်း မှတ်တိုင်တည်း။

အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် ပဌမပဏ္ဏာသက သမစိတ္တဝဂ်
(သံယောဇနပရိယာယ) သမစိတ္တပဋိပဒါသုတ်သည် ဓမ္မသေနာပတိ
အရှင်သာရိပုတြာနှင့် ဓမ္မိဿရ ဓမ္မသာမိ ဘုရားရှင်တို့ ဆက်စပ်ပူးပေါင်း
ဟောကြားထားသော တရားဒေသနာတော်ဖြစ်၍ အနက်အဓိပ္ပါယ်အား
ဖြင့် နက်နဲကျယ်ဝန်းလှသည်၊ ထို့ကြောင့် အဋ္ဌကထာ၌-

"နိသိဒိတွာ ပရိသံ ဩလောကေတွာ "မဟာတိ
ဝတာယံ ပရိသာ၊ ဣမိဿာ န အပ္ပမတ္တိကာ ပရိတ္တက-
ဓမ္မဒေသနာ အနစ္ဆဝိကာ၊ ကတရဓမ္မဒေသနာ န ခေါ
အနစ္ဆဝိကာ ဘဝိဿတီ"တိ တီဏိ ပိဋကာနိ အာဝဇ္ဇ-
မာနော ဣမံ သံယောဇနပရိယာယဓမ္မဒေသနံ အဒ္ဒသ"။

ဟူ၍မိန့်ဆိုထားသည်၊ အနက်အဓိပ္ပါယ် နက်နဲကျယ်ဝန်းလှသော ဤသုတ်
ပါဠိတော်ကို စည်ရှင်ဆရာတော်သည် အနက်ယောဇနာတော်မူပြီးလျှင်
ဖေါ်ပြပါ မှတ်ချက်များကို ပေးထားတော်မူသည်။

- ကာ, ရူ, အ, ပ၊ မာန, ဒိဋ္ဌိ, သီ၊ ဝိစီ, ဥဒ်, အ၊
  ဤဆယ်ဝ၊ သုတ်ပြ သံယောဇဉ်။
- ဒိဋ္ဌိ, သီ, ဝိ, ကာ၊ ဗျာပါဒ်၊ ငါးဖြာ အရှမ္ဘာ။
  ရူ, အ, မာန၊ ဥဒ်နှင့် အ၊ ငါးဝ ဗဟိဒ္ဓါ။

အန္တော တိသော ဗဟိ တိသော၊ ဆဂ္ဂဝေါ ဟောန္တိ သေဋ္ဌိနော။
ဝဏ္ဏာဥေ ပရိတော ဗဒ္ဓါ- မဉ္ဇာသိကာ ဒယာယိတာ။

— **သေဋ္ဌိနော**၊ သူဌေးကြီး၏။ **အန္တောသာလာယံ**၊ နွားတင်းကုပ် အတွင်း၌။ **တိသော**၊ အတွင်း, ပြင်ချည်၊ အလွတ်တည် နွားသုံးမျိုးတို့ လည်းကောင်း။ **ဗဟိသာလာယံ**၊ နွားတင်းကုပ်အပြင်၌။ **တိသော**၊ ပြင်, အတွင်းချည်၊ အလွတ်တည် နွားသုံးမျိုးတို့လည်းကောင်း။ **ဣတိ**၊ ဤသို့ အတွင်း, အပ၊ နှစ်ဌာန ပေါင်းသည့်ရှိသော်။ **ဆဂ္ဂဝေါ**၊ ခြောက်မျိုး ခြောက်စား၊ မင်္ဂလာနွားတို့သည်။ **ဟောန္တိ** တစ်သီး တစ်သန့်၊ တည့်တံ့ရှိ နေကြကုန်၏။ **အဥေ**၊ သူဌေးကြီး၏၊ သင်းသီးမွေးထား၊ မင်္ဂလာနွားမှ တစ်ပါးကုန်သော နွားတို့သည်။ **ပရိတော ဗဒ္ဓါ**၊ ခြေ လက် ခေါင်းဆုံး၊ တစ်ကိုယ်လုံး တုပ်ချည်အပ်ကုန်သည်ဖြစ်၍။ **ဒယာယိတာ**၊ ကရုဏာရှင်၊ သူတော်စင်မှန်သမျှ ရင်မ စည်တီး၊ တညီးညီး စုပ်သပ်၍၊ သနားကြင်နာ အပ်ကုန်သော။ **ဝဏ္ဏာ**၊ တံဆိပ်ခတ်ရိုက်၊ သတ်ထိုက်သော နွားတို့ပေတည်း။

(၁) တွင်းချည် တွင်းအိပ်၊ (၂) တွင်းအိပ် ပြင်ချည်။ (၃) မချည်တွင်းအိပ်။ (၈) ပြင်အိပ်တွင်းချည်၊ (၅) ပြင်ချည် ပြင်အိပ်၊ (၆) ပြင်အိပ် မချည်။ ကြိုးစုံချည်သည်။ ။ သတ်မည့် နွားဆိုး နွားမိုက်တည်း။

ဝေဟပ္ဖလေ အကနိဋ္ဌေ ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ ။
န ပုနညတ္ထ ဇာယန္တိ ၊ သဗ္ဗေ အရိယပုဂ္ဂလာ ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ ၊ အရိယာ နောပပဇ္ဇရေ ။

— **ဝေဟပ္ဖလေ**၊ ပုထုဇ္ဇနဘဝင်၊ မိန့်မြွက်ခေါ်ဆို၊ ဝေဟပ္ဖိုလ်ဘုံ၌ လည်းကောင်း။ **အကနိဋ္ဌေ**၊ အရိယဘဝင်၊ မိန့်မြွက်ခေါ် ကြ၊ အကနိဋ္ဌဘုံ၌ လည်းကောင်း။ **ဘဝဂ္ဂေ စ**၊ ဘူမိဘဝင်၊ မိန့်မြွက်ကျမ်းလာ၊ နေဝသညာ-နာသညာယတနဘုံ၌လည်းကောင်း။ **ပတိဋ္ဌိတာ**၊ တန့်နားတည်နေကြကုန်

သော။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **အရိယပုဂ္ဂလာ၊** ဖလဋ္ဌလေးဖော်၊ အရိယာပုဂ္ဂိုလ်ကျော်တို့သည်။ **အညတ္ထ၊** ထက်အောက် ဆန်စုံ၊ တစ်ပါးဘုံ၌။ **ပုန၊** တစ်တုံ့တစ်ဖန်။ **န ဇာယန္တိ** ပဋိသန္ဓေ၊ တည်နေမျိုးဇာစ်၊ မဖြစ်ကြတော့ကုန်။ **ဗြဟ္မလောကဂတာ၊** ဘယ်ဗြဟ္မာ့ဘုံ မဆို၊ ကပ်ခို ဆိုက်ရောက်၍ နေကြကုန်သော။ **အရိယာ၊** အရိယာသခင်၊ အရှင်ဗြဟ္မာကြီးတို့သည်။ **ဟေဋ္ဌာ၊** ကာမဘုံဝေးစွ၊ အောက်ကျသော ဗြဟ္မာ့ဘုံ၌ပင်။ **နောပပဇ္ဇရေ၊** ပဋိသန္ဓေ၊ တည်နေတုံလစ်၊ မဖြစ်ကြလေကုန်သတည်း။

စလိတေ ဝဋ္ဋကြာမမှိ ၊ တဗ္ဗဋ္ဋကြဝိကမ္ပနံ ။
ကမ္ပနံ မူလယန္တဿ ၊ သမ္ဗန္ဓယန္တကမ္ပနေ ။
သာခဝေါ တံ သဥ္ဆိန္ဒန္တု ၊ ဝိန္ဒန္တု အသိမာရိယံ ။

—**သမ္ဗန္ဓယန္တကမ္ပနေ၊** ဆက်သွယ်တပ်ထားသည့်၊ စကားပြောခတ်ကြိုး၊ အမျိုးမျိုးတို့၏၊ ထိတိုး လှုပ်ရှားခြင်းသည်။ **သတိ၊** ဖြစ်လတ်သော်။ **မူလယန္တဿ၊** မ-တည်ခတ်ရှိ၊ ကြိုးမျိုးစုံ၏။ **ကမ္ပနံ၊** တဒက်ဒက်တဂျက်ဂျက်၊ တသွက်သွက် လှုပ်ရှားခြင်းသည်။ **ဟောတိ၊** ခတ်သဘာဝ၊ မုချပုံသေ၊ ဖြစ်ရလေတော့၏။ **ဝဋ္ဋကြာမမှိ၊** ဝဋ္ဋအာရုံ၊ ကာမဂုဏ် ခတ်ကြိုး၊ အမျိုးမျိုးသည်။ **စလိတေ၊** ဣဋ္ဌာနိဋ္ဌ၊ လောကဓံလေ၊ တိုက်မွှေလှုပ်ရှားလေသည် ရှိသော်။ **တဗ္ဗဋ္ဋကြဝိကမ္ပနံ၊** ထိုအာရုံကို၊ ခင်စုံမှီတွယ်၊ မ-တယ်ဖြစ်သူ၏၊ နလုံးစိတ်ခတ်၊ တဆတ်ဆတ် လှုပ်ရှားခြင်းသည်။ **ဟောတိ၊** မချိတင်ကဲ၊ ဆင်းရဲပူပန်၊ အမှန်ဖြစ်ရလေတော့သတည်း။ **သာခဝေါ၊** အရိယာဂိုဏ်းဝင်၊ ကလျာဏပုထုဇဉ်၊ သူတော်ကောင်းတို့သည်။ **တံ၊** ထိုဆက်စပ်သွယ်ထား၊ ကြိုးအများကို။ **သဥ္ဆိန္ဒန္တု၊** ရှန်းထွက်လွတ်မြောက်၊ ဖြတ်တောက်နိုင်ကြပါစေကုန်သတည်း။ **အာရိယံ၊** အရိယာပိုင်ဖြစ်သော။ **အသိံ၊** မဂ်ဉာဏ်, ဖိုလ်ဉာဏ်၊ စကြာလှံကို။ **ဝိန္ဒန္တု၊** လောကုတ္တရာဘုံနန်း၊ သိမ်းမြန်းစိုးပိုင်၊ လက်ကိုင် ရကြပါစေကုန်သတည်း။

ပတန္တာ ခုဒ္ဒကေနေဝ၊ ဗဟူဟိ ပုန ပီဠိတာ ။
မောက္ခောကာသံ န ဝိန္ဒန္တိ၊ ခုဒ္ဒံ ပါပမ္ဗိ နာစရေ ။

—**ခုဒ္ဒကေနေဝ**၊ အနည်းငယ်မျှ မပြောပလောက်သော၊ အကုသိုလ်ကလေးဖြင့်ပင်လျှင်။ **ပတန္တာ**၊ အပါယ်ဘုံအောက်အရပ်သို့ ဆိုက်ကပ်ကျရောက်ကြရသောပုဂ္ဂိုလ်တို့သည်။ **ပုန**၊ တစ်ဖန်နောက်ထပ်။ **ဗဟူဟိ**၊ အဖေါ်အပေါင်း၊ ထောင်သောင်းမကသော မကောင်းမှုတို့သည်။ **ပီဠိတာ**၊ ခွေးတစ်ထောင် အကြား၊ မျောက်တစ်ကောင် ရောက်၍သွားသကဲ့သို့ မသနား မညှာတာ၊ ဝိုင်းအုံကာ နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ **မောက္ခောကာသံ**၊ လွတ်ဖို့အကြောင်း၊ အခွင့်ကောင်းကို။ **မောက္ခောကာသံ**၊ ထွက်ရာစခန်း၊ ထွက်ဖို့လမ်းကို။ **န ဝိန္ဒန္တိ**၊ မရနိုင်ကြလေကုန်။ **တသ္မာ**၊ ထို့ကြောင့်။ **ခုဒ္ဒံ ပါပမ္ဗိ**၊ အနည်းငယ်မျှ မပြောပလောက်သော၊ အကုသိုလ်ကလေးကို သော်လည်း။ **နာစရေ**၊ မပြုလွတ်ကင်း၊ ရှောင်ကွင်းရာသတည်း။

၁၂၉၄-ခုနှစ် ပြာသိုလဆန်း (၄)ရက်နေ့ (၁) ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး (၂) မန္တလေး ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော် (၃) တောင်ငူမြို့ လောကုတ္တရာသိမ်ဦးဆရာတော်များ ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့တော်သို့ သာသနာပြုခရီး ကြွရောက်တော်မူပြီး ဘန်ကောက်မြို့တော်မှ မြန်မာနိုင်ငံတော်သို့ ပြန်လည်ကြွရောက် ခါနီးတွင် ယိုးဒယားနိုင်ငံ ဒကာ, ဒကာမများ ဖတ်ကြားလျှောက်ထားအပ်သော-

## လေယာဉ်ပျံ အနုမောဒနာ ဆုတောင်းဂါထာ

ဝါယသံ ဝါဟနံ ဒေမ၊ စက္ကံဝ စက္ကဝတ္တိနော ။
စက္ကံ ဆေဒ္ဓ စက္ကံ ယာမ၊ စက္ကဋ္ဌာ စက္ကဇောတိနော ။

—**မယံ**၊ ဘုရားတပည့်တော်တို့သည်။ **စက္ကဝတ္တိနော**၊ စကြာသနင်းဘုရင်မင်း၏။ **စက္ကံဝ**၊ စကြာ, ဆင်, မြင်း၊ ထိန်ဝင်းပတ္တမြား၊ မိဖုရားနှင့်၊

ပေါ်များသူကြွယ်၊ သားမျက်ချယ်ဟု၊ မှတ်ဖွယ် ရတနာ၊ ၇-ဖြာတွင်၊ ပါဝင် ဦးစွာ၊ ယာဉ်စကြာနှင့်၊ ပမာထားယူ၊ အလားတူသော။ **ဝါယသံ ဝါဟနံ၊** အာကာဝေဟင်၊ မိုးကောင်းကင်၌၊ ကျော့ယာဉ် မြင့်ကြွား၊ ပျံသန်းသွားသည့်၊ သားနားစီမံ၊ လေယာဉ်ပျံကို။ **ထေရာနံ၊** ရွှေကျင်မှူးပိုင်၊ ဦးကိုင် သံဃာ ရာဇ၊ သာသနာပိုင်ဖြစ်တော်မူသော ကျိုက်လတ်ဆရာတော်ဘုရားကြီးနှင့် တကွ၊ ဝိသုဒ္ဓါရုံ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်၊ ရွှေကျင်နိကာယ နယ်လှည့်သာသနာပြုမွေကထိက တောင်ငူမြို့ ဝိသုဒ္ဓါရုံ သိမ်ဦးဆရာတော် အရှင်မြတ်တို့အား။ **ဒေမ၊** မလှူ စဖူး၊ အလှူထူးကို၊ အဦးအစ၊ ကြံယူဆ လျက်၊ ခနငွေကြေး၊ ထောင်ကျော်ပေး၍၊ ဖြူဖွေး စေတနာ၊ လှူဒါန်းကြပါ ကုန်၏ ဘုရား။ **ဣမိနာ၊** အလှူခံ, အလှူပေး၊ မရှိသေး ရှေးခါ၊ သာသနာ တွင် ပထမ၊ ဤလေယာဉ်ပျံ ဒါနကုသိုလ်ကြောင့်။ **စတ္တဒ္ဓာ၊** ဗြဟ္မယာဉ် ဓမ္မစက်၊ မိန့်ဟောမြွက်သည့်၊ ချောညက်မဂ္ဂင်၊ ရထားယာဉ်၌၊ ရှစ်အင် ထီးဖြူ၊ အောင်လံထူ၍၊ ကြည်ဖြူ ဝမ်းမြောက်၊ တက်ရောက်ထိုင်စီးကြကုန် လျက်။ **စက္ကံ၊** ပဋိစ္စသမုပ္ပါဒ်၊ ရဟတ်သံသာ၊ ယာဉ်စကြာကို။ **ဆေ့ဒွာ၊** တစ တစ၊ ပျက်ကြေမွအောင်၊ ခြေမွ ဖျက်ဆီး၊ သုတ်သင်ပြီး၍။ **စတ္တ- ဇောတိနော၊** ဘုရားအာဏာ၊ သာသနာကို၊ ထိန်ဝါ ဖြိုးမောက်၊ တန်ခိုး တောက်အောင်၊ အားဆောက်ကြိုးပမ်း၊ အစွမ်းပြကြကုန်လျက်။ **စက္ကံ၊** လူ နတ် နိဗ္ဗာန်၊ သုံးတန် စည်းစိမ်၊ ချမ်းရိပ်ငြိမ်သို့။ **ယာမ၊** အထက်တန်း သံသရာမှ၊ ပျံသန်းကာ ကွန်းစဉ်ထောက်၍၊ ဆိုက်ရောက်ရပါလိုကုန်၏ ဘုရား ။ ။

ဗြဟ္မယာနံ ဗြဟာယာနံ ၊ လဒ္ဓါ လက္ခဏာယာနိနော ။
အမှ ဘာသံ မဟာကာသံ ၊ အဒ္ဓါ အက္ခယဈာယိနော ။

—**လက္ခဏာယာနိနော၊** အနိစ္စ, ဒုက္ခ, အနတ္တဟု၊ လက္ခဏာဉာဏ်၊ ဤသုံးတန်ကို၊ ဝေဖန်ပိုင်းခြား၊ နေ့စဉ်ပွားလျက်၊ မလားပါယ်ခွင်၊ လက္ခဏာ ယာဉ် စီးကြကုန်သည်ဖြစ်၍။ **ဗြဟာယာနံ၊** မြေယာဉ်, ရေယာဉ်၊ လေပျံ

ယာဉ်နှင့်၊ ပြိုင်ယှဉ် နှုန်းလွတ်၊ အမြတ်ဆုံးယာဉ်ဖြစ်တော်မူသော။ **ဗြဟ္မ-ယာနံ**၊ ဒိဋ္ဌိ သမ္မာ၊ သင်္ကပ္ပါနှင့်၊ ဝါစာ, ကမ္မန္တ၊ အာဇီဝဟု၊ ဝါယာမ, သတိ၊ သမာဓိမဂ္ဂင်၊ ဗြဟ္မယာဉ်ကို။ **လဒ္ဓါ**၊ ငြိမ်-မြုပ်,လှုပ်-မျော၊ မဂ်သင်္ဘောဟု၊ ကူးသောတရား၊ ဤသုံးပါးတွင်၊ ပယ်ရှားမြုပ်မျော၊ စိတ်ရည်စော၍၊ သင်္ဘော ဒါန၊ စက်သီလနှင့်၊ တက်မဘာဝနာ၊ လိုတိုင်းပါအောင်၊ မြဲစွာ စွဲကိုင်၊ ကိုယ်ပိုင်ရကြကုန်ပြီး၍။ **မဟာကာသံ**၊ တစ်ကောင်းကင်လုံး၊ မိုးအဆုံးကို။ **မဟာကာသံ**၊ သာသနာဝေဟင်၊ မိုးကောင်းကင်ကို။ **ဘာသံ = ဘာသေ-န္တော**၊ ရှိန်တဝင်းဝင်း၊ ထွန်းလင်းတောက်ပ စေကြကုန်လျက်။ **အကွယ-ဈာယိနော**၊ မကျိုးမပျက်၊ မလျှောသက်သည့်၊ လေ့ကျက် ကျွမ်းကျင်၊ အဘိညာဉ်နှင့်၊ လေးအင်သမ္မိ၊ ဈာန်ရှစ်လီတည်း၊ လောကီ, လောကုတ်၊ ကောင်းဂုဏ်ပုဒ်နှင့်၊ မယုတ်ပြည့်စုံ၊ ဈာန်ယာဉ်ဟုန် ကစားနိုင်ကြကုန်သည်။ **အဒ္ဓါ**၊ မချွတ်ကေန်၊ အမှန်မုချအားဖြင့်။ **အမှ**၊ တစ်ဘဝ, နှစ်ဘဝ၊ မလွန်ရစေ၊ ဝေးလှချေက၊ မေတ္တေဘုန်းမော်၊ အထံတော်၌၊ အဟော်အောင်နန်း၊ သိမ်းစံမြန်း၍၊ ဆုံးခမ်းတိုင်ရောက်၊ ဖြစ်မြောက်ကြရပါလိုကုန်၏ ဘုရား။

ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ဘုရားသည် မဇ္ဈိမဒေသ ဣန္ဒိယပြည်သို့ ဘုရားဖူး ကြွရောက်စဉ်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်, ပုဗ္ဗာရုံ ကျောင်းတော်တို့ကို ရှုမျှော်ဖူးမြင်ရ၍ ဉာဏ်တွင် ထင်လာသည့်အတိုင်း တစ်မုဟုတ်အတွင်း ရေးသားစီကုံးအပ်သော-

## သံဝေဂ ဥဒါန်းဂါထာများ

ဣဒ္ဓံ ဖီတံ ပုရေ အာသိ၊ သာဝတ္ထိ ရာဇဓာနိယံ။
အနေကဇနသံကိဏ္ဏံ၊ နာမမတ္တံဝ ဒါနိ တံ။

—ပုရေ၊ သာသနာထွန်းတောက်ပရာ၊ ရှေးအခါ၌။ **သာဝတ္ထိ ရာဇဓာနိယံ**၊ သာဝတ္ထိဟု၊ နံ့သိထင်ပေါ်၊ မင်းနေပြည် မြို့တော်ကြီးသည်။

(ကွယ-ကား သွတ္တ) **အနေကဇနေသံကိတ္တာ**၊ ခုနစ်သိန်း၊ ငါးသန်း၊ လူပေါင်း ပွမ်းသည်ဖြစ်၍။ **ဣဒ္ဓ**၊ ပစ္စည်းကုံလုံ၊ ပြည့်စုံကြွယ်ဝသည်လည်းကောင်း။ **ဖီတံ**၊ ရောင်းဝယ်ဖေါက်ကား၊ စည်ကားသည်လည်းကောင်း။ **အာသိ**၊ သာသနာရှိန်၊ ဂုဏ်သိန်တင့်ထူး၊ ဖြစ်ဖူးလေပြီ။ **ဒါနိ**၊ သာသနာခေတ် တိမ်ကော၍၊ မိစ္ဆာဒိဋ္ဌိခေတ်စားသော ယခုအခါကာလ၌။ **တံ**၊ ထိုသာဝတ္ထိ ခေါ်၊ မင်းနေပြည် မြို့တော်ကြီးသည်။ **နာမမတ္တံဝ**၊ ဗုဒ္ဓဘာသာ၊ မြန်မာတို့ နှုတ်ဖျားတွင် အမည်မျှ တင်ရှိလေတော့သတည်း။ ။

ဣသိဝါတပတိဝါတံ ၊ အာဝုဋ္ဌံ ဓမ္မရာဇိနာ ။
မဟာဇေတဝနံ နဋ္ဌံ ၊ အဟောဟော ဂတိ လောကိယာ။

— **ဣသိဝါတပတိဝါတံ**၊ ရဟန်းတော်များ၏ အသွားအပြန်၊ စုံဆန် ကြွမြန်း၊ သယ်န်းလေ အစဉ်ဟပ်လျက်၊ တိုက်ခတ်လှည့်လည်ရာဖြစ်သော။ **ဓမ္မရာဇိနာ**၊ တရားမင်းဘုရားသည်။ **အာဝုဋ္ဌံ**၊ နှစ်ဆဲ့ငါးဝါ၊ ကာလပတ်လုံး၊ သီတင်းသုံးရာဖြစ်သော။ **မဟာဇေတဝနံ**၊ ဇေတဝန်ခေါ်၊ ကျောင်းတိုက် တော်ကြီးသည်။ **နဋ္ဌံ**၊ သာသနာစက်ရှိန်ကင်းသဖြင့်၊ ယိုယွင်းပျက်စီးခဲ့ လေပြီ။ **လောကိယာ**၊ ဖြစ်က ပျက်တတ်၊ ရုပ်, နာမ်နှင့်စပ်သော။ **ဂတိ**၊ သင်္ခါရတို့၊ မြင်မြင်သမျှ၊ သခါရတို့၊ ကြေမွရွှေ့လျော၊ အနိစ္စသဘော တရားကြီးသည်။ **အဟောဟော**၊ နဖူးပေါ် လက်တင်၍၊ ဆင်ခြင်စုံစေ၊ ငြီးငွေ့ဖွယ်ကောင်းလေစွ၊ ဩော် ... ငြီးငွေ့ဖွယ်ကောင်းလေစွတကား။ ။

ပုဗ္ဗာရာမော နဒီဝူဠှော ၊ နဋ္ဌော ဒါနိ န ဒိဿတိ ။
သော သန္ဓာယ ပဿန္တေဟိ ၊ နာမမတ္တံဝသိဿတိ ။

— **ပုဗ္ဗာရာမော**၊ ပုဗ္ဗာရုံခေါ် ၊ မြို့ရှေ့ကျောင်းတော်ကြီးသည်။ **နဒီ- ဝူဠှော**၊ မြစ်ရေစား၍၊ မျှောသွားအပ်လေပြီဖြစ်သောကြောင့်။ **နဋ္ဌော**၊ နမြှောစလောက်၊ အစပျောက် ပျက်စီးလေပြီ။ **ဒါနိ**၊ ယခုအခါ၌။ **သော**၊

ထိုပုဗ္ဗာရုံခေါ် ကျောင်းတိုက်တော်ကြီးကို။ **သန္ထာယ ပဿန္တေဟိ၊** နန်းတော်ကုန်းတိုက်ပျက်မှ၊ မြစ်ဖက်ကို မျှော်တန်း၍၊ ရည်မှန်းကြည့်ရှုသောသူတို့သည်။ **န ဒိဿတိ၊** တစွန်းတစ၊ ဘာတစ်ခုမျှ မတွေ့မြင်အပ်တော့ပေ။ **နာမမတ္တံဝ၊** ပုဗ္ဗာရုံ ပုဗ္ဗာရုံ၊ အမည်ဂုဏ် တစ်ခုမျှသာလျှင်။ **အဝသိဿတိ၊** ဗုဒ္ဓဘာသာ၊ မြန်မာတို့နှုတ်ဖျား၌၊ တန့်နား ကျန်ရှိလေတော့သည့်တကား။

မဟာရာမေ သုဒတ္တဿ၊ တထာ မိဂါရမာတုယာ ။
ပဥ္စပဥ္စဝဿံ ဝုဋ္ဌံ၊ ဝန္ဒေ ဇေတဝနံ မဟာ ။

—**သုဒတ္တဿ၊** ငယ်မည် သုဒတ္တ၊ အနာထပိဏ်၊ ဂုဏ်သိန်ပျံ့မွှေး၊ ကျောင်းဒကာ သူဌေးကြီး၏။ **မဟာရာမေ၊** မဟာရာမ်တံတိုင်း၊ လှည့်ဝိုင်းပတ်ပတ်၊ ဇေတဝန်ကျောင်းတော်မြတ်၌လည်းကောင်း။ **မိဂါရမာတုယာ၊** မိဂါရမယ်တော်၊ ဟိုးဟိုးကျော်သည့်၊ သူဌေးကတော် ဝိသာခါ၏။ **မဟာရာမေ တထာ၊** ပုဗ္ဗာရုံခေါ် ကျောင်းတိုက်တော်၌လည်းကောင်း။ **ပဉ္စပဉ္စဝဿံ၊** နှစ်ဆဲ့ငါးဝါ၊ အခါပတ်လုံး။ **ဝုဋ္ဌံ၊** ယာပထလေးလီဖြင့်၊ မျှညီဖွင့်ပြုံး၊ သီတင်းသုံးတော်မူသော။ **မဟာဇေတဝနံ၊** ကိလေသာရှုပ်၊ တောချုပ်တ်ကို၊ ရှင်းခုတ်အောင်မြင်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို။ **ဝန္ဒေ၊** ဖြော်ခေါ်တမ်းတ၊ သတိရ၍၊ တုပ်ကွရိုကျိုး၊ ရှိခိုးပါ၏ဘုရား။ ။

## နိဂုံး

ဤမျှဖြင့် ဂန္ထဖွဲ့ကွ ဂန္ထကာရကဖြစ်တော်မူသော ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်၏ ပရိယတ္တိဂုဏ်ရည် စာတမ်းသည် အထိုက်အလျောက် ပြည့်စုံပေပြီ၊ ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ၁၀-ရက်နေ့၌ ဘဝနတ်နန်းစံမြန်းတော်မူသော ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ဘုရားအား ၁၃၃၆-နှစ် နတ်တော်လဆန်း ၁၀-ရက်နေ့၌ ကျင်းပပြုလုပ်အပ်သော ၂၅-နှစ်ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ၌ စည်ရှင်တပည့်များ ရေးသားရွတ်ဖတ် ပူဇော်

အပ်သော **"ထေရာနုဿတိ ဂုဏဂီတိကာ"** ဂါထာများဖြင့် နိဂုံးကမွတ် အဆုံးသတ်ပါတော့မည်။

(၁) ဂန္ထဂန္ထပဒတ္ထေသု၊ ကောသလ္လသလ္လဟာရကော။
သလ္လဓိရော သလ္လဝီရော၊ ကော န ဧွကျောင်နပါလကော။

(၂) ႏ စေတံ ဝတ္တမွော ထေရော၊ ဝိသုဒ္ဓါရုံဓူပမော။
ဗှာနာဗှာနေသု ကောသလ္လော၊ ကောသလ္လောတိ တိပိါကဌော။

(၁) **ဂန္ထဂန္ထပဒတ္ထေသု၊** မာဂဓ, သက္ကတ၊ အဝအတန်တန်၊ ကျမ်းဂန် ဖုထစ်၊ ဆစ်မြစ်ဖွဲ့ထုံး၊ ပုဒ်, နက်အားလုံးတို့၌။ **ကောသလ္လသလ္လဟာရ-ကော၊** ရောင်ရှိန်လက်လက်၊ မြမြထက်သည့်၊ သန်လျက်စိန်သွား၊ ဉာဏ်ရည်ဓားဖြင့်၊ ပုဒ်မှားနက်ယွင်း၊ ငြောင့်တံသင်းကို၊ ပယ်ရှင်း ခုတ်ထွင်၊ သုတ် သင်တော်မူနိုင်ထသော။ **သလ္လဓိရော၊** ရေးမှု ဖွဲ့မှု၊ ချုပ်မှု၌၊ စေ့ငု ဆစ်ပိုင်း၊ သိန္ဓေစိုင်းသို့၊ မဆိုင်းမနေး၊ ဒိုင်းဒိုင်းပြေးသည့်၊ ဉာဏ်ရည်သွေးရှိတော်မူ ပေထသော။ **သလ္လဝီရော၊** အတွင်းအပ၊ နစ်ဝရန်စွယ်၊ အန္တရာယ်ကို၊ ဖျောက်နိုင်ပယ်ငြား၊ မေတ္တာမြားဖြင့်၊ ခန့်ငြားစွင့်စွင့်၊ ရဲရင့်တော်မူပေထ သော၊ **ဧွကျောင်(ဝံသာ)နပါလကော၊** ဧွကျောင့်ဆက်နွယ်၊ မပျက်ပြယ် အောင်၊ သက်နယ်မခြား၊ အရေးထား၍၊ လေးစားစောင့်ရှောက်၊ ရဲရဲတောက် ပုဂ္ဂိုလ်မြတ်သည်။ **ကော န၊** ဘယ်သည့် ဗှာန်မည်၊ ဘယ်နံမည်ဖြင့်၊ ဂုဏ် ရည်ဂင့်အပ်၊ အဘယ်သို့သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသနည်း။ **ဧဝံ၊** ဤသို့ ခြင်းရ၊ မေးပုစ္ဆာကို။ **န ဝတ္တမွော၊** ပညာရှိမဏ္ဍိုင်မှ၊ သူငယ်တိုင် ထင်ရှား သည့်၊ လျှောက်ထားရန် အခွင့်၊ အမှန်ပြန် မသင့်ပါရော [illegible]

[illegible]

(၂) ဧ၊ ယင်းသို့ပင် ဖြစ်ပါသော်လည်း၊ စိတ်အာသာ မပြတ်စ၍၊ ထပ်လံ ထေထွ၊ ဖြေကြား လျှောက်ထားပါရစေဘုရား။ **ဧဝံ၊** ဤသို့ခြင်းရာ၊ မေး ပုစ္ဆာဖြင့်။ **န ဝတ္တမွော၊** မေးမြန်းဖွယ်ရာ၊ မလိုပါသော။ **ထေရော၊** မဟာ

ထေရ်ထွတ်ထား၊ ဆရာတော်မြတ်ဘုရားသည်ကား။ **ဝိသုဒ္ဓါရုံဓဇ္ဇပမော၊** မဟာဝိသုဒ္ဓါရုံ၊ လူ့ဘုံကျော်ဟီး၊ တိုက်တော်ကြီး၏၊ ထွတ်ထိုးအမွန်၊ အောင်တံခွန်အလား၊ အလွန်ပင် ထင်ရှားတော်မူပေထသော။ **ဗှာနာဗှာနေသု၊** တိုက်ရေး, ဂိုဏ်းရေး၊ သာသနာရေးနှင့်၊ လောကရေးရာ၊ အဖြာဖြာ အဆင့်ဆင့်၊ သင့် မသင့်ဌာနတို့၌။ **ကောသလ္လော၊** သင့် မသင့်, တော် မတော်၊ ချင့်မြော်ကာ ထောက်လှမ်း၍၊ အောင်မြင်အောင် ပြုစွမ်းသည့်၊ ပထမ, တန်းဝင်၊ အကျွမ်းကျင်ဆုံးဖြစ်တော်မူသော။ **ကောသလ္လောတိ၊** ဝိသုဒ္ဓါရုံ စည်ရှင်၊ အမည်တွင်ဌာနတော်ဖြင့်၊ မြန်မာ့ပေါ်မော်လွှား၊ ယိုးဒယား သီဟိုဠ်၊ ထိုထိုတိုင် ကျော်ကြားသည့်၊ အရှင်ကောသလ္လာဘိဝံသ ဆရာတော်ဘုရား ဟူ၍။ **အတိပါကဋော၊** လူသိနတ်သိ၊ ပြဟ္မာသိအောင်၊ အတိပါကဋ၊ အလွန် ပင် ထင်ရှားလှပါသည်ဘုရား။ ။

(၃) ဝိသုဒ္ဓါရုံမဟာကာသေ ၊ စရန္တာ တာရကာယတိ ။
သကီယာဘာယ ဘာသန္တိ ၊ တေသု စည်ရှင် ပဘာတရော

**ဝိသုဒ္ဓါရုံမဟာကာသေ၊** ဆီးနှင်းတိမ်လွှာ၊ ကင်းစင်ကွာသည့်၊ မဟာဝိသုဒ္ဓါရုံ၊ ရွှေဘုံပြင်ကျယ်၊ ကောင်းကင်လယ်၌။ **စရန္တာ၊** အာစရိယ၊ နယမုဋ္ဌိ၊ ဂုဏ်ထူးရှိ၍၊ တိတိပပ၊ ဟောပြ ရေးသား၊ ကျက်စား၍ နေကြကုန်သော။ **တာရကာယတိ၊** ဂန္ထဓုရ၊ ဓမ္မဓုရ၊ စသည်ဂုဏ်ထူး၊ ရောင်ခြည်ဦးကို၊ ဆွတ်ခူးပန်ဆင်၊ ပညာရှင်ကြယ်အများတို့သည်။ **သကီယာ အာဘာယ၊** မိမိတို့ စိုးပိုင်၊ မိမိတို့ သက်ဆိုင်သည့်၊ ကိုယ်ပိုင် ဂန္ထ၊ ဓမ္မပညာ၊ အဖြာဖြာသော အလင်းရောင်ဖြင့်။ **ဘာသန္တိ၊** မဟာဝိသုဒ္ဓါရုံ၊ စန်းယုန်လမင်း၊ သံဃာ့မင်းကို၊ ဝပ်စင်းရံခြ၊ ထွန်းလင်းတောက်ပကြလေကုန်၏။ **တေသု၊** ထိုမဟာဝိသုဒ္ဓါရုံ၊ စန်းယုန်လမင်း၊ သံဃာ့မင်း၏၊ ထံရင်းခစား၊ ပညာရှင် ကြယ် အများတို့တွင်။ **စည်ရှင်တာရကာယတိ၊** စည်ရှင် စည်ရှင်၊ အမည်ထင် သည့်၊ ထေရ်ဘုရင်ထွတ်ထား၊ လကျာရံ ကြယ်ပြောင်ကြီးသည်ကား။

**ပဘာ(ဝန္တ)**တရော၊ ပညာရောင်စုံ၊ သမ္မာဟုန်ဖြင့်၊ လွှမ်းခြုံမြူးကြွ၊ ဖူးမဝ အောင်၊ လှပတင့်ရှန်း၊ တောက်ထွန်းတော်မူခဲ့ပါသည်ဘုရား။

(၄) ဝိသုဒ္ဓါရုံစည်ရှင်ထေရ် ၊ **စိရကာလပ္ပဝါသကံ** ။
စည်ရှင်သိဿာဘိပတ္ထေန္တိ ၊ စန္ဒံ ဝိယာဒိကပ္ပိကာ ။

**အာဒိကပ္ပိကာ**၊ ကမ္ဘာဦးခါ၊ ပေါက်ဖွားလာသည့်၊ များစွာ သောင်းသောင်း၊ ရောင်ခြည်မျှော် လူအပေါင်းတို့သည်။ **စန္ဒံ**၊ ရောင်ခြည် ရစေ၊ အေးမြစေသည့်၊ မြင္ဒေ့ဖန်လာ၊ လစန္ဒာကို။ **အဘိပတ္ထေန္တိ ဝိယ**၊ နေရောင်ခြည်ပျောက်၊ ညဉ့်မှောင်ရောက်၍၊ ထွန်းတောက် ရှိန်ဝါ၊ ထိန်ထိန် သာဖို့၊ မျှော်ကာမှန်းဆ၊ တမ်းတကြလေကုန်သကဲ့သို့။ **ဇဝံ**၊ ပမာနှိုင်းယှဉ်၊ ဤအတူ သာလျှင်။ **စည်ရှင်သိဿာ**၊ စည်ရှင့်ကျေးဇူး၊ ဂုဏ်တော်ထူးကို၊ ညွှတ်နူးပန်ဆင်၊ လူရှင်ရဟန်း၊ အခန်းခန်း အသွယ်သွယ်၊ စည်ရှင်နွယ် တပည့်အများတို့သည်။ **စိရကာလပ္ပဝါသကံ**၊ နှစ်ဆယ့်ငါးနှစ်၊ ပြည့်လစ်ချိန်ခါ၊ ကာလကြာအောင်၊ ခွဲခွါကြွမြန်း၊ နတ်နန်းရှင်ပျော်၊ စံဝင်တော်မူသော။ **ဝိသုဒ္ဓါရုံစည်ရှင်ထေရံ**၊ ဝိသုဒ္ဓါရုံစည်ရှင်၊ အမည်တွင်ကျော်ကြား၊ ကျေးဇူးရှင် ဆရာတော်ဘုရားကို။ **အဘိပတ္ထေန္တိ**၊ ယနေ့ထက်တိုင်၊ မမေ့နိုင်အောင်၊ နှလုံးစိုင် စိတ်မှာစွဲ၍၊ ထပ်လဲခါခါ၊ တမ်းတကြပါကုန်သည်ဘုရား။

အရှင်အဂ္ဂဉာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး

# ဆင္ဒသဂိယနာ
# နှင့်
# ထူးမြတ်ထင်ပေါ် ဘက်စုံတော် ဆရာတော်

အထက်ဖော်ပြပါ ခေါင်းစီးကို ဖတ်လိုက်ရလျှင်ပင် စာရှုသူများသည် မြန်မာနိုင်ငံရှိ မည်သည့်ဆရာတော်ဟူ၍ မှန်းဆသိနိုင်လိမ့်မည် ဟု ယူဆမိပေသည်။ ယခု ရေးသားတင်ပြမည့် ဆရာတော်သည် ထူးလည်းထူး မြတ်လည်းမြတ်၍ ကမ္ဘာအရပ်ရပ်၌ ထင်ပေါ်ကျော်ကြားကာ ပရိယတ်, ပဋိပတ်ဟူသော သကသမယနှင့် အခြားတစ်ပါးသော ဘာသာအယူဝါဒ သမယန္တရတို့၌လည်းကောင်း၊ အရေးအသား, အပြော အဟော, အသင်အပြဟူသော သွန်သင်ပြသ ပို့ချမှုတို့၌လည်းကောင်း အလွန်ပြောင်မြောက်သောပုဂ္ဂိုလ်ဖြစ်ပေသည်။ ဤပုဂ္ဂိုလ်မြတ်မထေရ်ကျော်၏ အကြောင်းချင်းတတို့ကို မိမိအနေဖြင့် ကုန်စင်စေအောင် ရေးသားတင်ပြနိုင်မည် မဟုတ်ပေ၊ မိမိလက်လှမ်းမီသမျှ စာမြည်းသဘောလောက်သာ တင်ပြနိုင်ပါမည်။

## ကျေးရွာကြီးမား အလင်းရောင်များ

လောက၌ နေမင်း လမင်းဟူသော အလင်းရောင်ကြီးများ မထွန်းလင်း မပေါ်လာကြလျှင် ကမ္ဘာသူ, ကမ္ဘာသားသတ္တဝါများသည် မှောင်အတိကျကာ ဆင်းရဲဒုက္ခရောက်ကြရမည်သာ ဖြစ်ပေသည်။ လူသားထုကြီးတစ်ရပ်လုံး၏ ကံကြမ္မာအားလျော်စွာ နေမင်း, လမင်းတို့ ထွန်းလင်းပေါ်

ပေါက်လာကြသောကြောင့် အလင်းရောင်များရရှိကာ ချမ်းသာသုခ ရရှိကြလေသည်။ ထို့အတူပင် နေမင်း,လမင်းတို့နှင့် အလားတူသော သဗ္ဗညုဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူလာကြသောကြောင့် လူနတ်ဗြဟ္မာသတ္တဝါများသည် ပါရမီသမ္ဘာရအားလျော်စွာ ရုပ်, နာမ်တရားတို့၏ အဖြစ်, အပျက်, သဘောမှန်ကို ဝေဖန်ဆင်ခြင် ရှုမြင်သုံးသပ်ကာ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြပေသည်။ ပါရမီသမ္ဘာရ မပြည့်စုံသေးသော သတ္တဝါများသည်လည်း ကံ, ဉာဏ်, ဝီရိယအလိုက် ထိုက်သည့်အားလျော်စွာ လူ နတ် ဗြဟ္မာ ချမ်းသာသုခ အမျိုးမျိုးကို ရရှိကြပေသည်။

## ထူးခြားလှသည့် ဗုဒ္ဓသာသနာ

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်း ပွင့်တော်မူကြသော ဘုရားရှင်တို့တွင် ဒီပင်္ကရာမြတ်စွာဘုရားမှစ၍ ဂေါတမမြတ်စွာဘုရားအထိ နှစ်ကျိပ်ငါး(၂၅)ဆူသော ဘုရားရှင်တို့တွင် ဒီပင်္ကရာ, ကောဏ္ဍည, အနောမဒဿီ, ပဒုမ, ပဒုမုတ္တရ, အတ္ထဒဿီ, ဓမ္မဒဿီ, သိဒ္ဓတ္ထ, တိဿ-ဟူသော ၉-ဆူသော ဘုရားရှင်တို့သည် လူတို့၏ အသက်တစ်သိန်းတမ်းကာလ၌ ပွင့်တော်မူကြသည်။

မင်္ဂလ, သုမန, သောဘိတ, နာရဒ, သုမေဓ, သုဇာတ, ပိယဒဿီ, ဖုဿ-ဟူသော ၈-ဆူသော ဘုရားရှင်တို့သည် ၉-သောင်းတမ်း၌ ပွင့်တော်မူကြသည်။ ဝိပဿီဘုရားရှင်သည် ၈-သောင်းတမ်း၌ ပွင့်တော်မူ၍ သိခီဘုရားရှင်သည် ၇-သောင်းတမ်း၌ ပွင့်တော်မူသည်။ ရေဝတနှင့် ဝေဿဘူ ဘုရားရှင် ၂-ဆူတို့သည် ၆-သောင်းတမ်း၌ ပွင့်တော်မူကြသည်။

ကကုသန်, ကောဏာဂုံ, ကဿပ-ဟူသော ဘုရားရှင် ၃-ဆူတို့သည် အစဉ်အတိုင်း ၄-သောင်း, ၃-သောင်း, ၂-သောင်းတမ်းတို့၌

ပွင့်တော်မူကြသည်။ ဂေါတမဘုရားရှင်သည်ကား လူတို့၏အသက် ၁-သောင်းတမ်း၌ ပွင့်သင့်သော်လည်း ပါရမီသမ္ဘာရ မပြည့်ဝသေးသဖြင့် တစ်ရာတမ်းရောက်မှ ပွင့်တော်မူရလေသည်။

အသက်တမ်းရှည်သောကာလ၌ မွေးဖွားလာကြသော လူသား သတ္တဝါတို့သည် ပညာတည်းဟူသောမျက်စိ၌ ကိလေသာတည်းဟူသော တိမ်သလာ နည်းပါးခြင်းကြောင့် ဓမ္မရောင်ခြည်တည်းဟူသော အလင်း ရောင်ကို လွယ်ကူစွာ ရရှိနိုင်ကြသည်။ သက်တော်ရှည် ဘုရားရှင်တို့သည် ဝေနေယျသတ္တဝါတို့အား တရားတော်ကို အကျယ်ဟောပြရန် မလိုဘဲ အနည်းငယ်မျှ ဟောပြခြင်းဖြင့် တရားထူးကို ရရှိစေနိုင်ကြသည်။ ထို ဘုရားရှင်တို့၏ ဓမ္မက္ခန်သည်လည်း အနည်းငယ်မျှသာရှိသောကြောင့် သင်္ဂါယနာတင်ကာ ထိန်းသိမ်း စောင့်ရှောက်ရန်လည်း မလိုတော့ပေ။

သက်တော်ရှည်မဟုတ်သော ဘုရားရှင်တို့သည်ကား တရားတော် ကို အကျယ်ဝေဖန် ဟောပြတော်မူရသည်။ ဂေါတမဘုရားရှင်သည်ကား သက်တမ်းတိုသောကာလ၌ မွေးဖွားလာကြသော ဝေနေယျသတ္တဝါတို့ အား အကျယ်ဝေဖန် ဟောပြတော်မူရသောကြောင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်မျှ မြားမြောင် ကျယ်ပြောလှပေသည်။ ယင်းဓမ္မ-က္ခန္ဓာတို့ကို တပည့်သာဝကတို့က သင်္ဂါယနာတင်ကာ ထိန်းသိမ်း စောင့် ရှောက်ကြသဖြင့် လူသားစဉ်ဆက် အသက်ပမာဏ **“ပုရိသယုဂ”**အားဖြင့် အဆက်များစွာ တည်ရှိနေလေသည်။ (ဝိ၊၁။၁၀။ ဝိ၊ဋ္ဌ၁။၁၅၃-၈။)

## သင်္ဂါယနာ

ဂေါတမဘုရားရှင်သည် ထိုထိုအရပ်ဒေသတို့၌ သစ္စာ ၄-ပါး စသော တရားတော်နှင့် ဝိနည်းသိက္ခာပုဒ်တော်တို့ကို အကြောင်းအားလျော်စွာ ဟောကြားပညတ်တော်မူသည်။ ထို့ကြောင့် အမျိုးမျိုးအစားစား ကွဲပြား နေသော ဓမ္မနှင့် ဝိနယတို့ကို နောင်လာနောက်သား တပည့်သာဝက

များက သဘောတူရာ စုပေါင်းပြီးလျှင် အတည်ပြုချက် ရယူကာ စုပေါင်း ရွတ်ဆိုတော်မူကြသည်။ ယင်းကိုပင် **"သင်္ဂီတိ = သင်္ဂါယနာ"** ဟူ၍ ခေါ်ဆိုကြသည်။

မြေပြင်ကြမ်းပြင်ပေါ်တွင် အနှံ့အပြား ကျရောက်နေသော ပန်းပွင့် ကလေးများကို ပန်းသီတံ ပန်းသီကြိုးဖြင့် သီကုံးထုံးဖွဲ့မထားလျှင် ထိုပန်း ပွင့်ကလေးများသည် လေပြင်းတိုက်ခတ်လာသောအခါ လွင့်ပါး ပျောက် ကွယ်သွားကြမည်သာ ဖြစ်သည်။ ပန်းသီတံ ပန်းသီကြိုးဖြင့် သီကုံးထုံးဖွဲ့ ထားလျှင်ကား လွင့်ပါးပျောက်ကွယ်သွားရန် အကြောင်းမရှိချေ။

ထို့အတူပင် သက်တော်ရှည် ဘုရားရှင်တို့၏ အဆုံးအမ သာသနာ သည် သင်္ဂါယနာတင်ခြင်း မရှိသဖြင့် ရှည်ကြာစွာ တည်တံ့ခြင်းမရှိပေ။ သက်တော်ရှည်မဟုတ်သော ဘုရားရှင်တို့၏ ဓမ္မ, ဝိနယခေါ် သာသနာ တော်သည်ကား ပန်းသီတံ ပန်းသီကြိုးနှင့် အလားတူသော သင်္ဂါယနာတို့ ဖြင့် သီကုံးထုံးဖွဲ့ထားသဖြင့် ရှည်ကြာစွာ တည်တံ့နိုင်ပေသည်။

ထို့ကြောင့်ပင် အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာမထေရ် ၅၀၀-တို့က ပထမသင်္ဂါယနာ တင်ပြီးလျှင်၊ အရှင်မဟာယသအမှူးရှိသော ရဟန္တာမထေရ် ၇၀၀-တို့က ဒုတိယသင်္ဂါယနာ တင်တော်မူကြ၍၊ အရှင် မောဂ္ဂလိပုတ္တတိဿအမှူးရှိသော ရဟန္တာမထေရ် ၁၀၀၀-တို့က တတိယ သင်္ဂါယနာ တင်တော်မူကြသည်။ ယင်းသင်္ဂါယနာ ၃-တန် တင်အပ်သော ပါဠိ, အဋ္ဌကထာတို့ကိုသာ ထေရဝါဒပိဋကအဖြစ် လက်ခံကြလေသည်။

## မြန်မာနိုင်ငံ သင်္ဂါယနာများ

### ပဉ္စမသင်္ဂါယနာ

၁၀-ဆက်မြောက် ကုန်းဘောင်မင်းဖြစ်သော မန္တလေးမြို့ နန်း တည် မင်းတုန်းမင်းတရားကြီးသည် မင်းအဖြစ်သို့ ရောက်ပြီးနောက်

၄-နှစ်မြောက်ဖြစ်သော ကောဇာသက္ကရာဇ် ၁၂၁၈-ခုနှစ်တွင် နန်းမြို့တော်ကြီးအတွင်း စီမံဖန်ဆင်းအပ်သော မင်္ဂလာမဟာပိဋကတ် တန်ဆောင်းတော်၌ တောင်ညာနန်းနေ မဟာသီမိဖုရားခေါင်ကြီး, အိမ်ရှေ့နန်းလျာ မဟာဥပရာဇ်တို့နှင့်အတူ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၃၀-တို့ကို ကြပ်မတ် တည်းဖြတ်တော်မူစေပြီးလျှင်၊ ရွှေရေး,မင်ရေး,ကညစ်ရေးတို့ဖြင့် ပိဋကသုံးပုံကို ရေးကူးလှူဒါန်းတော်မူသည်။

တစ်ဖန် မင်းတုန်းမင်းတရားကြီးသည် "ဘုရားရှင် ဓမ္မစက် ပေရွက်နှင့် မလျော်" ဟု ဆင်ခြင်တော်မူကာ ၁၂၂၂-ခုနှစ်မှစ၍ ၁၂၃၀-ပြည့်နှစ်အထိ ၈-နှစ်တိုင်တိုင် စကျင်ကျောက်ပြားပေါ်၌ အက္ခရာရေးတင်၍ **"ပိဋကသုံးပုံ ကျောက်ထက်အက္ခရာတင် ဘုရင်မင်းတရားကြီး"** အဖြစ် ခံယူတော်မူသည်။ ကျောက်စာတော်များမှာ —

-ဝိနည်းပိဋကတော် ကျောက်ချပ်ရေ ၁၁၁

-အဘိဓမ္မာပိဋကတော် ကျောက်ချပ်ရေ ၂၀၈

-အကြွင်း နိကာယ်ငါးရပ် ပိဋကတော် ကျောက်ချပ်ရေ ၄၁၀ စုစုပေါင်း ကျောက်ချပ်ရေ ၇၂၉-ချပ် ရှိလေသည်။ ယင်းကျောက်စာတော်များကို မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား မဟာရံတံတိုင်းအတွင်း၌ အုတ်ပြာသာဒ်ဂူ တစ်ခုစီအတွင်း တည်စိုက် ကိုးကွယ်တော်မူသည်။

ဤမျှ ကြီးကျယ်သော ပေထက်အက္ခရာ, ကျောက်ထက်အက္ခရာတင်ခြင်း ကုသိုလ်တော်များဖြင့် တင်းတိမ်အားရခြင်း မရှိသေးသော မင်းတရားကြီးသည် သာသနာနှစ် ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၃၃-ခုနှစ် တန်ခူးလပြည့်ကျော် ၁၁-ရက်နေ့မှစ၍ တော်သလင်းလပြည့်ကျော် ၁၄-ရက်နေ့အထိ ရွှေနန်းပြာသာဒ်တော်ကြီး သီဟာသနပလ္လင်တော်ရှေ့တွင် ပိဋကသုံးပုံ ပါဠိတော်တို့ကို ဒက္ခိဏာရာမဘုရားကြီးဆရာတော် အမှူးရှိသော တံဆိပ် ရ, မရ ဆရာတော် သံဃာတော် ၂၄၀၀-ကျော်တို့ကို

စုပေါင်း ရွတ်ဆိုတော်မူစေကာ "ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီး"အဖြစ် ခံယူတော်မူလေသည်။[၁]

ဆဋ္ဌသင်္ဂါယနာ

တတိယသင်္ဂါယနာတင်ပြီးနောက် မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွာ သာသနာရောက်လာသည်ဟုဆိုရာ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်အရ ခရစ်နှစ် နှစ်ဦးပိုင်းလောက်ကပင်ဖြစ်ကြောင်း သိရှိရပေသည်။ သာသနာနှစ် ၄၅၀-တွင် ပေထက်အက္ခရာတင် စတုတ္ထသင်္ဂါယနာမှနောက် နှစ်ပေါင်း ၁၉၆၅-နှစ်ခန့် ကြာမြင့်မှ ပဉ္စမသင်္ဂါယနာတင်ခြင်းဖြစ်ရာ သင်္ဂါယနာ ၂-ခုအကြား နှစ်ပရိစ္ဆေဒ ကြာမြင့်လှသော်လည်း စတုတ္ထသင်္ဂါယနာ၏ အရေးပါ အရာရောက်မှုကြောင့် သာသနာတည်တံ့နိုင်ခြင်း ရှိပေသည်။

နှစ်ပေါင်း ၁၀၀-ကျော်မျှ သူတစ်ပါးကျွန်ဖြစ်ခဲ့ရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၃၀၉-ခုနှစ် ပြာသိုလပြည့်ကျော် ၉-ရက် (၄-၁-၁၉၄၈)နေ့တွင် အချုပ်အချာအာဏာပိုင် နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတော်အစိုးရသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး ကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတင်ခြင်းဖြင့် သာသနာတော်ကြီးလည်း တိုးတက်စည်ပင်လာမည်၊ ဘုရားဟောပါဠိတော် စသော ကျမ်းစာများလည်း မှကောင်းမှုမှန်ဖြစ်၍ နောင်အဆက်ဆက် သာသနာဝင်များအတွက် အကျိုးကျေးဇူး များလာမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဆဋ္ဌသင်္ဂါယနာတင်ရန် စိုင်းပြင်းကြခြင်းဖြစ်လေသည်။

ဤသင်္ဂါယနာလုပ်ငန်းကြီးကား အလွန်ကြီးကျယ်သော, ကမ္ဘာနှင့်ချီ၍ ဆောင်ရွက်ရသော လုပ်ငန်းကြီးဖြစ်သည်။ ဤလုပ်ငန်းကြီး ပြီးမြောက်

---

၁။ အက္ခရဝိသောဓနီကျမ်း၊ နိဒါန်း။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၁၃၊ ၂၁၅။ အနှစ် ၁၀၀ ပြည့် မန္တလေး၊ ၂၁၉။ ကမ္ဘာ့အကြီးဆုံးစာအုပ်၊

အောင် ရှေ့ဆောင်ဦးရွက်ပြုမည့် ပုဂ္ဂိုလ်ထူးတို့ကို လွန်စွာ လိုလားအပ်ပေသည်။ ဆဋ္ဌသင်္ဂါယနာ၏ ဘုန်းကံကြောင့်၊ သို့မဟုတ် သာသနာတော်၏ တန်ခိုးကြောင့် ဖြစ်ဟန်တူသည်၊ သင်္ဂါယနာ၌ အထူးလိုအပ်သော ပုဂ္ဂိုလ်ထူးသုံးပါး ပေါ်ထွက်ခဲ့သည်။ ယင်းတို့ကား –

(၁) မဟာစည်ဆရာတော်

(၂) ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ

(၃) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသတို့ ဖြစ်လေသည်။

ဆဋ္ဌသင်္ဂါယနာ၌ အရေးကြီးသော လုပ်ငန်းကြီး ၂-ရပ် ရှိသည်။ ယင်းတို့ကား သင်္ဂါယနာတင် အခမ်းအနား ဆောင်ရွက်ရေးနှင့် ထိုလုပ်ငန်း၏ အခြေခံဖြစ်သည့် ပိဋကတ်တော်များကို သုတ်သင်ရိုက်နှိပ်ရေးတို့ ဖြစ်သည်။ ထိုလုပ်ငန်း ၂-ရပ်လုံးမှာပင် အဆိုပါ ဆရာတော် ၃-ပါးတို့ ပါဝင်ဆောင်ရွက်တော်မူကြသည်။

ဆရာတော်ဦးဝိသုဒ္ဓါဘိဝံသသည် လုပ်ငန်းကြီး ၂-ခုစလုံးမှာပင် အစီအစဉ် ပြုလုပ်ညွှန်ကြားခြင်း, ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းတို့ဖြင့် ကြိုးပမ်းခဲ့သည်။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသကား ပိဋကတ်တော် ပြင်ဆင်ရေးနှင့် အခမ်းအနား၌ ဝိသဇ္ဇက(အဖြေပုဂ္ဂိုလ်)ဆရာတော် အဖြစ် ဆောင်ရွက်တော်မူသည်။ မဟာစည်ဆရာတော်သည်မူကား ပိဋကတ်တော် ပြင်ဆင်ရိုက်နှိပ်ရေးနှင့် အခမ်းအနား၌ ပုစ္ဆက (အမေးပုဂ္ဂိုလ်) ဆရာတော်အဖြစ် အထူးအားထုတ် ဆောင်ရွက်တော်မူသည်။

## ဆဋ္ဌသင်္ဂါယနာ၏ အမြတ်အစွန်းများ

ဆဋ္ဌသင်္ဂါယနာတင်ခြင်းကြောင့် မြန်မာနိုင်ငံက အမြတ်အစွန်းများစွာ ရကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိ၌ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက ဤသို့ ဖော်ပြထားလေသည်။

"(၁) ဗုဒ္ဓသာသနာရေးနှင့် ပတ်သက်လာလျှင် ကမ္ဘာက မြန်မာကို လေးစားလာရသည်။ အများလေးစားလောက်သည့် မှုကောင်းမှုမှန်အဖြစ် ရောက်အောင် သုတ်သင်၍ ခေတ်မီသော အဆင်အပြင်တို့ဖြင့် ပိဋကတ်ပါဠိတော်, အဋ္ဌကထာ,ဋီကာတို့ကို ရိုက်နှိပ်ထုတ်ဝေနိုင်သဖြင့် မြန်မာနှင့်တကွ ကမ္ဘာအဝှန်းရှိ ပါဠိပညာရှင်တို့ ဆုလာဘ်ကြီးတစ်ပါးပင် ဖြစ်သည်။ ပြည့်ပြည့်စုံစုံ အကြည့်ရ အရှုရ, အရာရလွယ်သော ပိဋကတ်ကျမ်းအစုံကား ယနေ့ မြန်မာပြည်မှလွဲ၍ အခြားနိုင်ငံများ၌ မရှိသေးပေ။ ဆဋ္ဌသင်္ဂါယနာမှုများ အလွန်နစ်သက်စရာကောင်း၍ အခြားမှုများထက်သာလွန်ကြောင်း အနောက်နိုင်ငံ ပါဠိပညာရှင်များကလည်းချီးကျူးကြကြောင်း ကြားသိရသည်။

(၂)(က)ပါဠိဘာသာ မတတ်သူများ ယခုအခါ ပါဠိတော်လာ အနက်အဓိပ္ပါယ်တို့ကို မြန်မာဘာသာ သက်သက်ဖြင့် အလွယ်တကူ ဖတ်ရှုနားလည်နိုင်သော ပိဋကတ် မြန်မာပြန်ကျမ်းများ ထွက်ပေါ်နေခြင်း၊
(ခ) ဗုဒ္ဓဝင်သက်သက်ကို ကျယ်ကျယ်ပြန့်ပြန့် အပြည့်အစုံလေ့လာလိုသူတို့အဖို့ ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်ကျမ်းကြီးများ အတွဲစုံ ထွက်ရှိနေပြီဖြစ်ခြင်း၊
(ဂ) ပိဋကတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာပုဒ်တို့ကို တစ်ခုမကျန် ထုတ်၍ တခမ်းတနား ရေးသားပြုစုထားသော တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးများ ပြည့်စုံလုနီးအုပ်ရေ ၂၀-ကျော် ထွက်ပေါ်နေခြင်း၊
(ဃ)ရောမအက္ခရာခေါ် အင်္ဂလိပ်စာလုံးဖြင့် ပုံနှိပ်ထားသော ဝိသုဒ္ဓိမဂ်စာအုပ်ကြီး၌ အင်္ဂလိပ်ဘာသာဖြင့် နိဒါန်းရေးသူ

ပါမောက္ခ ဓမ္မာနန္ဒကောသမ္ဗီက **"ဗုဒ္ဓဃောသ ဘဝ အကြောင်း"** ခေါ် ခေါင်းစဉ်ဖြင့် အဋ္ဌကထာဆရာ အရှင် မဟာဗုဒ္ဓဃောသ၏ အကြောင်းကို မတရားစွပ်စွဲ ပုတ်ခတ် ၍ ရေးသားထားသည်။ ယင်းစွပ်စွဲချက်များကို ချေပလျက် အရှင်မဟာဗုဒ္ဓဃောသ၏ စစ်မှန်သော အကျိုးအကြောင်း ဂုဏ်သတ္တိတို့ကို ပေါ်လွင်အောင် ရေးသားထားသော **"ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ"** ထွက်ပေါ်လာခြင်း၊ ဤသည်တို့ ကား တစ်စိတ်တစ်ဒေသသော အမြွတ်အစွန်းများ ဖြစ် သည်။

## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဤ၌ ကမ္ဘာကျော် မဟာစည်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်, ကျေးဇူးတော် တစ်စိတ်တစ်ဒေသကို မိမိစွမ်းနိုင်သမျှ ရေးသားဖေါ်ပြလို သည်။ ရေးသားမည်ဆိုသော်လည်း မူလပဏ္ဏာသပါဠိတော် စူဠဟတ္ထိ- ပဒေါပမသုတ်လာ ပိလောတိကပရိဗိုဇ် ပြောဆိုသကဲ့သို့ပင် ပြောဆိုရမည် ထင်ပေသည်။

ဇာဏုဿောဏိမည်သော ပုရောဟိတ်ပုဏ္ဏားက ဇေတဝန်ကျောင်း မှ ပြန်လာသော ဝစ္ဆာယနအနွယ်ဖြစ်သည့် ပိလောတိကပရိဗိုဇ်ကို "အရှင် ဝစ္ဆာယန! အရှင်သည် ရဟန်းဂေါတမ၏ ပညာစွမ်းကို အဘယ်သို့ ထင် မှတ်ပါသနည်း၊ ပညာရှိဟု ထင်မှတ်ပါသလော"ဟု မေးမြန်းလိုက်သည်။ ပိလောတိကပရိဗိုဇ်က "ပုဏ္ဏား! ငါသည် ဘယ်လိုလူစားနည်း၊ ဘယ်လို လူစားမျိုးဖြစ်၍ ငါသည် ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်အံ့နည်း၊ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်မည့်သူသည် ရဟန်းဂေါတမကဲ့သို့ ပညာရှိသောသူသည်သာလျှင် ဖြစ်ရပေမည်"ဟု ဖြေဆိုလေသည်။ မိမိ သည်လည်း ထို့အတူပင် ပြောဆိုရပေမည်။ မှန်ပေသည်၊ ဘုရားရှင်

တစ်ဆူ၏ ဂုဏ်ကျေးဇူးတော်များကို အခြား ဘုရားရှင်တစ်ဆူကသာ အကုန်အစင် သိမြင်နိုင်သည်၊ သို့သော် ကုန်စင်အောင်ကား မဟောပြနိုင်ပေ။[၁]

မဟာစည်ဆရာတော် ဘုရားကြီးကဲ့သို့သော ပညာရှင် သူတော်ကောင်းကြီး၏ ဂုဏ်ကျေးဇူးတော်များကို ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်သီလာနန္ဒာဘိဝံသကဲ့သို့သော ပညာရှင် သူတော်ကောင်းကြီးများက သာလျှင် သိနိုင်ပေမည်။ ထို့ကြောင့်ပင် မဟာစည်ဆရာတော်ဘုရားကြီးက သူ၏ထေရုပ္ပတ္တိကို အရှင်သီလာနန္ဒာဘိဝံသက ရေးသားပေးရန် ဝက်လက် မစိုးရိမ်ဆရာတော် ဦးတိဿမှတဆင့် တိုက်တွန်းတော်မူသည်ကို မိမိ ကိုယ်တိုင် ကြားသိခဲ့ရပေသည်။ အရှင်သီလာနန္ဒာဘိဝံသကလည်း မဟာ စည်ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် လောကီဂုဏ်, လောကုတ္တရာဂုဏ်တို့ကို အတော်စုံလင်အောင် ခြယ်မှုန်း ရေးသားထားပေသည်။ သို့သော် လုံးဝဥဿုံပြည့်စုံပြီဟူ၍ကား မဆိုနိုင်ပေ။ ထို့ကြောင့်ပင် အရှင်သီလာနန္ဒာဘိဝံသက "ကျေးဇူးရှင် မဟာစည်ဆရာ တော်ဘုရားကြီး၏ ထေရုပ္ပတ္တိ မပြီးသေးပါ"ဟူသောစကားဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်ထားပေသည်။

## တောက်မည့်မီးခဲ တရဲရဲ

မဟာစည်ဆရာတော်လောင်းလျာသူငယ်သည် ၁၂၆၆-ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော်(၃)ရက် (၂၉-၇-၁၉၀၄) သောကြာနေ့ နံနက် (၃) နာရီအချိန်တွင် ရွှေဘိုမြို့နယ် ဆိပ်ခွန်ရွာကြီး၌ ဦးကံဘော်+ဒေါ်အုပ်တို့မှ မွေးဖွားလာသော သားရတနာဖြစ်သည်။ ဆရာတော်လောင်းလျာသူငယ် သည် "တောက်မည့်မီးခဲ တရဲရဲ"ဟူသည့်အတိုင်း အရုပ်အမောင်း, ရုပ်ဆင်း အင်္ဂါ, ယောက်ျားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံ၍ ဉာဏ်ရည်ချွန်သော

၁။ ဒီ၊၃၊၁။၂၅၇။ ဒီ၊ဋ္ဌ၊၃။၆၁- စသည်

ပုဂ္ဂိုလ်မွန် ဖြစ်လေသည်။ ၁၂-နှစ်သားအရွယ် ဆိပ်ခွန်ရွာ ပျဉ်းမနား ကျောင်း ဘုန်းတော်ကြီး ဦးအာဒိစ္စအထံတွင် ရှင်သာမဏေပြုရာ ဘုန်း တော်ကြီး ဦးအာဒိစ္စက ရှင်သာမဏေ၏ ရုပ်ဆင်းအင်္ဂါ ဉာဏ်ရည်ဉာဏ်စ ကို ကြည့်ရှု၍ **"ရှင်သောဘန"** ဟု ဘွဲ့အမည်ပေးလေသည်။

သာမဏေဖြစ်ပြီးနောက် ရှင်သောဘနသည် ဇာတ်ကြီးဆယ်ဘွဲ့ကို ဆရာဘုန်းကြီးထံမှ သင်ယူရသည်။ ထို့နောက် ဆရာဘုန်းတော်ကြီးသည် ကိုရင်၏ ဉာဏ်ရည်ဉာဏ်စ ထက်မြက်ပုံကို သိတော်မူသဖြင့် သဒ္ဒါအခြေခံ မရှိဘဲပင် ဝိနည်းပါဠိတော်နှင့် အဋ္ဌကထာကို ပို့ချပေးသည်။ ကာလအတန် ကြာမှ သဒ္ဒါ,သင်္ဂြိုဟ်-စသော ပိဋကအခြေခံကျမ်းတို့ကို ပို့ချပေးလေသည်။ ရှင်သောဘနသည် သဒ္ဒါကြီးတက်သောအခါ နန်းကျောင်းနိဿယနှင့် ဒက္ခိဏာဝန်နိဿယ နှစ်စောင်လုံးကိုပင် ကိုင်တွယ်ကြည့်ရှု၍ သဒ္ဒါရုပ် တွက်နှင့် အဓိပ္ပါယ်အဆုံးအဖြတ်များကို ကျွမ်းကျင်အောင် သင်ယူ အားထုတ်ခဲ့သည်။ ၁၅-နှစ် ၁၆-နှစ်အရွယ် ဋီကာကျော်တက်စဉ်က ရှင်သောဘန၏ ဉာဏ်သည် ထူးခြားထင်ရှားလာသည်။ စာဆိုယင်းပင် ဋီကာကျော်ကို နှုတ်တက်ရကာ အာဂုံဆောင်ထားခဲ့ပေသည်။

၁၆-နှစ်အရွယ်၌ပင် ရှင်သောဘနသည် ဂဏနဂမ္ဘီရခေါ် ဂဏန်း သင်္ချာစာအုပ်ကြီးကို ဆရာမရှိဘဲ မိမိဘာသာ တွက်ချက်လေ့လာခဲ့ရာ တစ်လအတွင်းမှာပင် ထိုစာအုပ်ပါ တွက်နည်းအားလုံးကို နားလည်ခဲ့သည်။ ထို့ကြောင့် ထေရုပ္ပတ္တိရေးဆရာတော် အရှင်သီလာနန္ဒာဘိဝံသက ဤသို့ မှတ်တမ်းတင်တော်မူခဲ့သည်။

> "အတွက်အချက်ပညာဆိုသည်မှာ လွယ်ကူသော ပညာမဟုတ်၊ ဆရာနှင့် သင်ယူသူများပင် ပင်ပန်းကြီးစွာ သင်ယူရသောဘာသာဖြစ်၏။ ဤမျှခက်ခဲသော ဘာသာရပ် ကိုပင် စာအုပ်ကြည့်၍ လေ့လာရုံမျှဖြင့် တတ်မြောက်သည်

ဆိုသည်မှာ အလွန်ပါရမီထူးသောကြောင့်သာ ဖြစ်ပေသည်။ ဤသည်ကိုထောက်လျှင် ဤကိုရင်ကြီးသည် အခြားဘာသာရပ်များကိုလည်း ဤကဲ့သို့ ကြည့်ကာ ရှုကာ လေ့လာရုံမျှဖြင့်ပင် တတ်မြောက်မည်မှာ သေချာလှသည်။"

အသက် ၁၈-နှစ်, ၁၉-နှစ်အရွယ်တွင် သာမဏေ ရှင်သောဘန၏ ပညာဉာဏ် အလွန်ထွန်းတောက်နေကြောင်း သိသာလာပြန်သည်။ ဆိပ်ခွန်ရွာ အင်ကြင်းတောတိုက် သူကြီးကျောင်း၌ စာချဆရာတော်ဦးပရမ စာချရာတွင် သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့် မူလဋီကာစာဝါကို ရှင်သောဘနသည် မူလဋီကာစာဆိုအဖြစ်ဖြင့် သင်ယူရသည်။ စာချဆရာတော်က အနည်းငယ် ပို့ချရုံမျှဖြင့် စာဆိုရှင်သောဘနသည် "သိန္ဓောမြင်း စိုင်းသကဲ့သို့ ဒိုင်းဒိုင်းပြေး" ဆိုသွားနိုင်သည်။ ထို့ကြောင့်ပင် ထေရုပ္ပတ္တိရေး ဆရာတော်က ဤသို့ ချီးကျူးထားလေသည်။

"မူလဋီကာသည်ကား အဋ္ဌကထာထက်ပင် ခက်ခဲသောကျမ်းဖြစ်၏။ ပါဠိစာပေတွင် အခက်ဆုံးကျမ်းဟု အသိအမှတ် ပြုထားကြသော ကျမ်းဖြစ်၏။ ဖွင့်ဆိုသောနေရာတွင် စကားပိုမသုံး စကားလုံး တိကျလှ၏။ စာရေးကျစ်လစ်သဖြင့် အဖွင့်ဆိုသော်လည်း အဋ္ဌကထာလောက်ပင် စာနေမများ၊ အဓိပ္ပါယ်နက်နဲလှသည့်အထဲတွင် စာနေပါ ခက်ခဲလှသောကြောင့် ၂-ထပ်ကွမ်း ခက်ခဲသောကျမ်းဖြစ်၏။ ယင်းသို့ ခက်ခဲလှသော နာမည်ကြီးကျမ်းတို့ကိုပင် ဆရာ၏ အထောက်အနည်းငယ်မျှဖြင့် သွက်လက်စွာ စာဆိုနိုင်သူမှာ သာမညဉာဏ်ရှင် မဟုတ်ကြောင်းကို သိနိုင်လောက်သည်"။

## ရဟန်းဘဝသို့ ရောက်တော်မူခြင်း

ဗုဒ္ဓစာပေတို့ကို အတော်အတန် လေ့လာသင်ယူပြီးသော ရှင်သောဘနသည် သာသနာတော်၏ အတိမ်အနက်ကို ကောင်းစွာရိပ်စားမိပြီးလျှင် သာသနာတော်၏ အရသာ, ရှင်သာမဏေဘဝ၏ အရသာတို့ကိုလည်း နားလည်နေပြီ ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား၏ အဆုံးအမတော်များကို အထူးအားဖြင့် ကမ္မဋ္ဌာန်းဆိုင်ရာ နည်းညွှန်ချက်များကို လက်တွေ့ကျင့်ကြံလိုသည်။ တတ်နိုင်ပါလျှင် မိမိတို့နယ်တစ်ဝိုက်၌ အကျော်အမော်ဖြစ်တော်မူသော သီးလုံးဆရာတော်ဘုရားကြီးလို ဖြစ်လိုသောဆန္ဒရှိသည်။ ဤရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် အသက် ၁၉-နှစ်နှင့် ၄-လရှိသော ရှင်သောဘနသည် ၁၂၈၅-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄-ရက်နေ့တွင် မဟာမိုလ်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ် သုမေဓာဆရာတော်ဘုရားကြီး အရှင်နိမ္မလကို ဥပဇ္ဈာယ်ပြုလျက် ဆိပ်ခွန်ရွာ အင်ကြင်းတောတိုက် ဗဒ္ဓသိမ်တော်၌ ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

ရဟန်းဖြစ်စ အရှင်သောဘနသည် ပရိယတ်၌ စိတ်ဆန္ဒရှိသကဲ့သို့ ပဋိပတ်၌လည်း စိတ်ဆန္ဒရှိတော်မူသည်။ ပရိယတ်ကို အားထုတ်နေစဉ်မှာပင် ပဋိပတ်၏ အခြေခံဖြစ်သည့် သီလကို လုံခြုံအောင် စောင့်ထိန်းမှု, ဓုတင်ကျင့်သုံးမှုတို့၌ မမေ့လျော့ခဲ့ပေ။ ရဟန်းဖြစ်ပြီးစ ၄-လအတွင်းမှာပင် ရုက္ခမူဓုတင်, ပိဏ္ဍပါတိကဓုတင်, ဧကာသနိကဓုတင်, ပတ္တပိုဏ်ဓုတင်စသည်တို့ကို ဆောက်တည် ကျင့်သုံးတော်မူသည်။

ယင်းသို့ ပဋိပတ်အခြေခံများကို ကျင့်သုံးလျက် စာပေပရိယတ်ကိုအားထုတ်တော်မူရာ ၁၂၈၆, ၈၈, ၈၉-ခုနှစ်တို့၌ အစိုးရ ပထမပြန် ပထမငယ်, ပထမလတ်, ပထမကြီးတန်းတို့ကို မပင်မပန်း ချမ်းသာလွယ်ကူစွာအောင်မြင်တော်မူသည်။ ထိုအချိန်က အရှင်သောဘနသည် ရဟန်းသိက္ခာ

၃-ဝါရ၍ ၄-ဝါမြောက်ဖြစ်သည်။ ထိုခေတ်က စာချတန်း မရှိသေးသဖြင့် စာမေးပွဲ အတန်းဆုံး၍ ပရိယတ် အတော်ပင် ပြည့်စုံနေပြီ ဖြစ်လေသည်။

## စာချဘုန်းကြီး ဦးသောဘန

အရှင်သောဘနသည် ၄-ဝါမြောက်၌ ပထမကြီးစာမေးပွဲကို အောင်မြင်ပြီး ၅-ဝါမြောက် ၁၂၉၀-ပြည့်တွင် မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် ဘွားတော်ကျောင်း၌ တစ်နှစ် တစ်ဝါမျှ နေထိုင်လျက် မန္တလေးစာချနည်းကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီးရအောင် ယူတော်မူသည်။ ယင်းနောက် ၆-ဝါမြောက် ၁၂၉၁-ခုနှစ်တွင် မော်လမြိုင်မြို့ တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော်ဘုရားကြီး၏ အမိန့်တော်အရ ထိုကျောင်း၌ စာချဘုန်းကြီးအဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူရသည်။ ဘုန်းကြီး ဦးသောဘနသည် တပည့်စာသင်သားများကို စာပေပို့ချသည့်အပြင် ကိုယ်တိုင်လည်း ပါဠိ,အဋ္ဌကထာ,ဋီကာများကို ကြည့်ရှုလေ့လာတော်မူသည်။ ထိုသို့ လေ့လာရာတွင်လည်း ဘုန်းကြီး ဦးသောဘနသည် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်တို့၌လာသော မဟာသတိပဋ္ဌာနသုတ်ကို အဋ္ဌကထာ, ဋီကာတို့နှင့်တကွ အားရပါးရ လေ့လာလေသည်။

အဘယ်ကြောင့် ဤသုတ်ကိုမှ လေ့လာရသနည်း? အကြောင်းရှိပေသည်။ ထိုအကြောင်းကပင် အရှင်သောဘန၏ သာသနာရေးဆိုင်ရာ လုပ်ငန်းကို လမ်းပြောင်းပေးလိုက်သည်။

အရှင်သောဘနသည် စာသင်, စာချဘဝဖြင့် သာသနာ့တာဝန်ကို ထမ်းရွက်နေစဉ်မှာပင် ပဋိပတ်နယ်ဆီသို့ စိတ်ကိုစေလွှတ်ထား၍ မဝေးလှသော တစ်နေ့တွင် **"ငါသည် လက်တွေ့ လေ့လာအားထုတ်မည်"** ဟူသော အဓိဋ္ဌာန်ကို ခိုင်မြဲစွာ ဆောက်တည်ခဲ့သည်။ အရှင်သောဘနသည်

သာမဏောဘဝကပင် မဟာသတိပဋ္ဌာနသုတ်ကို လေ့လာကြည့်ရှုသော အခါ ထိုသုတ်နိဂုံးလာ ဘုရားရှင်၏ အာမခံချက်ကို တွေ့၍ သဘောကျခဲ့ ဖူးသည်။ ထိုအာမခံချက်ကား-

> "သတိပဋ္ဌာန်တရားကို ကျင့်ကြံအားထုတ်လျှင် အကြာ ဆုံး ၇-နှစ်၊ အမြန်ဆုံး ၇-ရက်အတွင်းမှာပင် ရဟန္တာ သော်လည်းကောင်း၊ အနာဂါမ်သော်လည်းကောင်း ဖြစ်နိုင် သည်"

ဟူ၍ပင် ဖြစ်လေသည်။

## ဇေတဝန်ဆရာတော်ကြီးထံ တရားအားထုတ်ခြင်း

စာချဘုန်းကြီး ဦးသောဘနသည် တောင်ဝိုင်းကလေးတိုက်ကျောင်း မှ ၁၂၉၃-ခုနှစ် ပြာသိုလတွင် သထုံမြို့ ဇေတဝန်ဆရာတော်ဘုရားကြီးထံ တရားအားထုတ်ရန် ထွက်တော်မူသည်။ အရှင်သောဘနသည် ဆရာ တော်ဘုရားကြီး ညွှန်ကြားပြသသည့်အတိုင်း မီးပွတ်ယောက်ျားကဲ့သို့ မနေမနား ကြိုးစားအားထုတ်လေသည်။ တရားအားထုတ်နေသည့်ကာလ အတွင်း စကားလုံးဝမပြောဘဲ အဆက်မပြတ် တသမတ်တည်း အားထုတ် သောရက်များ, မအိပ်မနေ အားထုတ်သောရက်များ, နေ့လုံးပေါက် စကြံ သွားလျက် အားထုတ်သောရက်များ မနည်းလှပေ။

အရှင်သောဘနသည် ဇေတဝန်ဆရာတော်ကြီးထံ ၁-နှစ်ခန့် အားထုတ်ရန် ရည်သန်ခဲ့သော်လည်း တရားအားထုတ်၍ ၄-လခန့် ရှိ သောအခါ တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော်ကြီး အသည်း အသန် မကျန်းမမာဖြစ်လာခြင်းကြောင့် ၁၂၉၄-ခုနှစ် ဝါဆိုလဆန်း ၇- ရက်နေ့တွင် တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ ပြန်ကြွရလေသည်။

## တိုက်ကျောင်းဆရာတော် ဦးသောဘန

တိုက်ကျောင်းဆရာတော်ကြီးသည် အရှင်သောဘန ပြန်ရောက်၍ ၇-ရက်အရမှာပင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ဆရာတော်ကြီး ပျံလွန်ပြီးနောက် အရှင်သောဘနသည် ၂-ဝါမျှ ကျောင်းစောင့်ဘုန်းကြီး အဖြစ် နေထိုင်ပြီး ၁၂၉၅-ခုနှစ် ၁၀-ဝါရသောအခါ တိုက်ကျောင်း နာယကဆရာတော်အဖြစ်သို့ ရောက်တော်မူသည်။ တောင်ဝိုင်းကလေး တိုက်ကျောင်း၌ အရှင်သောဘနသည် ပဋိပတ်တစ်ခုတည်းကိုသာ လုပ်ခွင့် မရဘဲ အခြေအနေအရ ပရိယတ်ကိုလည်း ပို့ချသင်ကြားပေးရသည်။

ဤသို့ဖြင့် ဇေတဝန်ဆရာတော်ဘုရားကြီးထံ၌ အားထုတ်ခဲ့သည့် အတိုင်း ဆက်လက်အားထုတ်ရာ ကျေနပ်ဖွယ်ရှိသော အခြေအနေသို့ ဆိုက်ရောက်ခဲ့လေသည်။ သို့သော်လည်း မိမိကျောင်းတိုက်သည် ပရိယတ္တိ ကျောင်းတိုက် ဖြစ်နေ၍လည်းကောင်း၊ တရားအားထုတ်လိုသူများနှင့် မကြုံရသေးသဖြင့်လည်းကောင်း အရှင်သောဘနသည် မော်လမြိုင်၌ နေစဉ် ကမ္မဋ္ဌာန်းပြသခွင့် မကြုံရသေးပေ။

၁၃၀၀-ပြည့်နှစ်တွင်မူ တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာ တော် အရှင်သောဘနသည် ဆွေမျိုးဉာတိများကို ချီးမြှောက်ရန် ဆိပ်ခွန် ရွာသို့ ပြန်ကြွတော်မူ၍ ထိုရွာ အင်ကြင်းတောတိုက် မဟာစည်ကျောင်း၌ သီတင်းသုံးတော်မူသည်။ ဆိပ်ခွန်သို့ ကြွလာခြင်း၏ ရည်ရွယ်ချက်မှာ ဆိပ်ခွန်ရှိ လူအပေါင်းတို့အား သတိပဋ္ဌာန်ဝိပဿနာလုပ်ငန်းကို ဟော ကြား၍ လက်တွေ့အားထုတ်နည်းကို ပြသရန်ဖြစ်လေသည်။

ထို့ကြောင့် အရှင်သောဘနသည် မဟာစည်ကျောင်း၌ အပ္ပမာဒ ဝိပဿနာတရားကို အကျယ်ဟောကြားတော်မူသည်။ ဆရာတော်၏ တရားကို နာရပြီးနောက် ဝိပဿနာတရားကို လက်တွေ့အားထုတ်လိုသူ တို့လည်း တစ တစ ပေါ်ပေါက်လာသဖြင့် ကမ္မဋ္ဌာန်းကိုပါ လက်တွေ့ပြရ

သည်။ ဆရာတော်၏ ညွှန်ကြားချက်အတိုင်း လိုက်နာ၍ ကျင့်ကြံအားထုတ်ကြသောသူတို့သည် တရားတော်၏ မှန်မြတ်သောအရသာကို ထိုက်သည့်အားလျော်စွာ ကိုယ်တွေ့ တွေ့မြင်ကြရလေသည်။

ဤသို့ တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော် အရှင်သောဘနသည် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် ဆိပ်ခွန်ရွာ အင်ကြင်းတောတိုက် မဟာစည်ကျောင်း၌ ၇-လခန့်မျှ သီတင်းသုံးလျက် သတိပဋ္ဌာန် ဝိပဿနာကမ္မဋ္ဌာန်းကို အဦးအစ လက်တွေ့ပြတော်မူသည်။ မိမိ၏ ရည်ရွယ်ချက်အတိုင်း ဝိပဿနာလုပ်ငန်းကို အစပြု ဟောကြား ပြသခဲ့သော အရှင်သောဘန၏ ဝိပဿနာလုပ်ငန်းကား အောင်မြင်မှုသရဖူကို ဆောင်းခဲ့လေပြီ။

## အရှင်သောဘနနှင့် အဘယာရာမဆရာတော်

ဗြိတိသျှခေတ် နောက်ပိုင်း၌ မြန်မာပြည်သာသနာ နယ်ပယ်တွင် “အဘယာရာမ ရွှေဂူဆရာတော်” ဟု ဆိုလျှင် မသိသူ မရှိသလောက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်က မြန်မာပြည်၌ အဘယာရာမဆရာတော်ကို စာအတတ်ဆုံးပုဂ္ဂိုလ်ဟူ၍ အသိအမှတ် ပြုထားကြသောကြောင့် ဖြစ်သည်။

အဘယာရာမဆရာတော်ကား-

- အဘိဓာန်နိဿယသစ်,
- မောဂ္ဂလ္လာန်နိဿယသစ်,
- မုခ္ခမတ္တဝိနိဿယသစ်,
- ဟိတောပဒေသနိဿယ,
- အမရကောသနိဿယ,
- ကာတန္တနိဿယ-စသော မာဓဝ, သက္ကတနိဿယကျမ်း

ပေါင်း များစွာတို့ကို ပြုစုတော်မူခဲ့သော ဆရာတော်ဖြစ်သည်။ မာဓဝ, သဒ္ဒတ ၂-ဌာနလုံး၌ပင် ကျွမ်းကျင်တော်မူသဖြင့် ဂိုဏ်းဂဏမရွေး လေးစား ကြည်ညိုခံရသော ဆရာတော်ဖြစ်၍ စာပေအခက်အခဲတို့ကို တကယ်တန်း ဖျက်ခွဲဖြေရှင်းနိုင်ခဲ့သော ဆရာတော်လည်း ဖြစ်သည်။

ထို့ကြောင့် တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော် အရှင်သောဘနသည် မော်လမြိုင် အဘယာရာမကျောင်း၌ သီတင်းသုံးနေတော်မူသော အဘယာရာမဆရာတော့်ထံ မကြာမကြာ ကြွရောက်၍ စာပေဆိုင်ရာ အခက်အခဲများကို လျှောက်ထားမေးမြန်းလေသည်။ အရှင်သောဘန လျှောက်ထားမေးမြန်းသော အချက်များကား များပြားလှပေသည်။

နာဂါနုသာသနီကမ္ဘဝါစာ၌ "မာ ခေါ ဝိတ္ထာယသိ" ဟု ရှိနေရာ ယင်းပါဠိ မှန်, မမှန်-စသော ချွတ်ယွင်းတတ်သည့် ပုဒ်ပါဠိအမျိုးမျိုးတို့၏ အသုံးအဖြတ်များကို အရှင်သောဘနက မေးမြန်းရာ အဘယာရာမ ဆရာတော်က ကျေနပ်လောက်အောင် ဖြေကြားတော်မူသည်။

ထို့ပြင် ဝဇိရဗုဒ္ဓိဋီကာ (၂၆), မဏိမပဉ္စာသဋီကာ (မဋီ၊၃။၇၅) တို့၌ လာသော-

အင်္ဂီ အင်္ဂီ သမ္ဘဝသိ၊ ဟဒယာ အဓိဇာယသေ။
အတ္တာ ဝေ ပုတ္တ နာမာသိ၊ သ ဇီဝ သရဒေါသတံ။

ဟူသော ဂါထာအကြောင်းကို မေးမြန်းရာ အဘယာရာမဆရာတော်က ပါဠိမှန်, အနက်မှန်တို့ကို ပေးပြတော်မူသည်။ ဤအကြောင်းကို ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက "အဘယာရာမဆရာတော် သဒ္ဒတ ကျွမ်းကျင်တော်မူပုံ" စာတမ်း၌-

"ပါဠိမှန် ဖော်ထုတ်နိုင်, အနက်မှန် ပေးနိုင်ရုံသာမက "အဘသည် အရပ်တစ်ပါးမှ ပြန်လာလျှင် ဤမန္တန်ကို စုပ်၍ သား၏

ဦးထိပ်၌ နမ်းရသည်ဟူ၏'' ဟု ထိုဂါထာ အသုံးချပုံကိုပါ ပြဆိုတော်မူခဲ့ပါသေးသည်။ နှစ်ပေါင်းများစွာ မှားယွင်းနေခဲ့ရာမှ အဘယာရာမဆရာတော်၏ သက္ကတကျမ်းကျင် နှံ့စပ်မှုကြောင့် အမှန်အတိုင်း ပြန်လည်ပေါ်ထွက်လာ၍ အနက်မှန်နှင့် အသုံးပြုပုံကိုပါ သိခွင့်ရသောဂါထာအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ ဆရာတော်၏ ကျေးဇူးကြောင့်ပင် ထိုဂါထာသည် ဆဒ္ဒသင်္ဂဟနာမ ဝဇိရဗုဒ္ဓိဋီကာ, ပဉ္စာသဋီကာတို့၌ မူမှန်အတိုင်း ပါဝင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဆရာတော်က .... ကျမ်းညွှန်းကို "နိရုတ္တ၊ နိဃဏ္ဍု- ကလ္ပာ" ဟု ပေးထားပါသည်။ ဆရာတော် ပေးထားသည့် အတိုင်းပင် ထိုကျမ်း ထိုကလ္ပာ (စာပိုဒ်၊ ၄) ၌ တွေ့ရပါသည်"။

စသည်ဖြင့် ရှင်းလင်းထားပေသည်။[၁]

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ခန္ဓနိဒ္ဒေသ ဝိညာဏက္ခန္ဓာ လောဘမူစိတ်ကို ဖွင့်ဆိုရာ(၂၈၄)၌ မိစ္ဆာဒိဋ္ဌိနှင့် စပ်လျဉ်း၍ မဟာဋီကာ (၂၁၂၀) ဆရာက-

"တာယ ဟိ ဝိပလ္လတ္ထစိတ္တာ သတ္တာ "တောဝကော ဇီဝဝိသယော ယာဝ တ္တန္ဒြိယဂေါစရော"တိ ပရလောကံ ပဋိက္ခိပိတွာ "နတ္ထိ ကာမေသု အာဒီနဝေါ"တိ ယထာ တထာ ကာမေသု ပါတဗျတံ အာပဇ္ဇန္တိ။ အာဒိသဒ္ဒေန "ဧသ ပန္ထော ပဂေဝ ဝိဟိတော ဒေဝယာနေ၊ ယေန ယန္တိ ပုတ္တဝန္တော ဝိသောကာ။ တံ ပဿန္တိ ပသဝေါ ပက္ခိနော စ ၊ တေန တေ မာတရိပိ မိထုနံ စရန္တီ"တိ

---

၁။ အဘယာရာမဆရာတော်ဘုရားကြီး နှစ်တရာပြည့်စာတမ်း၊ ၁၀၂-၃။

အာဒိနာ နယေန ပုတ္တမုခဒဿနံ သဂ္ဂမောက္ခမဂ္ဂေါတိ
ဝေမာဒိကံ မိစ္ဆာဒိဋ္ဌိ သင်္ဂဟာတိ။

ဟု ဖွင့်ဆိုထားသည်။

ယင်းမဟာဋီကာလာ "ဇီဝဝိသယော"ပုဒ်၏ အနက်အဓိပ္ပါယ်နှင့် "တောဝကော"ပုဒ်၏ ရုပ်ပြီးပုံ ၊ "ဒေသ ပဋ္ဌော" စသော ဂါထာအကြောင်းကိုလည်း အရှင်သောဘနက မေးမြန်းလျှောက်ထားရာ အဘယာရာမဆရာတော်က ရှင်းလင်းမိန့်ကြားတော်မူသည်ဟု ထေရုပ္ပတ္တိ၌ ပြဆိုထားသည်။ ဤ၌ အဘယာရာမဆရာတော်က မည်သို့ရှင်းလင်းဖြေကြားတော်မူသည်ကို မသိရသော်လည်း မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယ တတိယတွဲ စာမျက်နှာ ၂၆၉၊ ၂၇၀-တို့၌ အောက်ခြေမှတ်ချက်အဖြစ် ရှင်းလင်းထားသည်ကို တွေ့ရှိနိုင်ပေသည်။

ဤသို့လျှင် တောင်ဝိုင်းကလေး တိုက်ကျောင်းဆရာတော် အရှင်သောဘနသည် အဘယာရာမဆရာတော်အား မိမိလျှောက်ထားလိုသော အချက်များကို လျှောက်ထားခွင့်, ဆရာတော်၏ မိန့်ကြားချက်များကို မှတ်သားနာယူခွင့် ရရှိခဲ့သည်။ သည်မျှသာမကသေး အဘယာရာမဆရာတော်ကြီး၏ မာဓေ, သဒ္ဒတ္ထနိဿယ ကျမ်းများကို ကြည့်ရှုလေ့လာခွင့်ကိုလည်း ရရှိခဲ့သည်။ ထို့ကြောင့် အရှင်သောဘနသည် အဘယာရာမဆရာတော်ကြီးကို မိမိ၏ ဆရာတစ်ပါးဟုပင် မှတ်ယူခဲ့လေသည်၊

ဤအချိန်ကား အရှင်သောဘနသည် ၁၇-ဝါ ၁၈-ဝါခန့် ရရှိ၍ မဟာထေရ်ကြီးဖြစ်ရန် နီးကပ်လာသော အချိန်ဖြစ်သည်။ နှောင်မကြာ မြင့်မီ ၁၃၀၃-ခုနှစ်၌ အရှင်သောဘနသည် ဂုဏ်ထူး ၅-ကျမ်းနှင့်တကွ နိုင်ငံတော်အစိုးရ၏ ဓမ္မာစရိယတန်း ကျမ်းကြီး ၈-ကျမ်းကို အောင်မြင်သဖြင့် "သာသနဓဇသိရီပဝရဓမ္မာစရိယ" ဘွဲ့ထူးကို ရရှိတော်မူသည်။ ဝါတော် ၂၀-မပြည့်မီမှာပင် အရှင်သောဘနသည် အခြေခံကျမ်းများနှင့်

တကွ ပိဋကသုံးပုံ ပါဠိ, အဋ္ဌကထာ, ဋီကာဟူသော ပရိယတ္တိ၌ ရဲရင့်ပြောင်မြောက်သော ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်ဖြစ်သည့်အပြင် ပဋိပတ္တိအရာ၌လည်း သတိပဋ္ဌာန်ဝိပဿနာကမ္မဋ္ဌာန်းနည်းကို ဆရာနည်းကျကျပြသနိုင်သော ကမ္မဋ္ဌာနာစရိယ ဆရာတစ်ဆူလည်း ဖြစ်လေပြီ။

ဤသို့ ပရိယတ်, ပဋိပတ် ၂-ရပ်စွယ်စုံဖြစ်သော ဆရာတော်ကလေးအရှင်သောဘနသည် ၁၃၀၃-ခုနှစ် ဝါတွင်းကာလထိအောင် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်း၌ စာသင်သားတို့အား ပရိယတ္တိစာပေကို ပို့ချလျက် ပဋိပတ်ကမ္မဋ္ဌာန်းကိုလည်း စီးဖြန်းပွားများ အားထုတ်ကာနေတော်မူသည်။ ထိုနှစ် နတ်တော်လဆုတ်ပိုင်း၌ကား ဒုတိယကမ္ဘာစစ်၏ရိုက်ခတ်မှုကြောင့် တောင်ဝိုင်းကလေးမှ ထွက်ခွါရန် အကြောင်းဖန်လာသည်။ ထိုအခါ အရှင်သောဘနသည် မိမိသုံးနေသည့် သင်္ကန်း, သပိတ်ပရိက္ခရာမျှကိုသာ ယူဆောင်လျက် ဇာတိရပ်ဌာန် ရွှေဘို ဆိပ်ခွန်ရွာသို့ ပြန်ကြွတော်မူခဲ့သည်။

## ဝိပဿနာရှုနည်းကျမ်း ရေးသားခြင်း

အရှင်သောဘနသည် ဆိပ်ခွန်ရွာ အင်ကြင်းတောတိုက် မဟာစည်ကျောင်း၌ သီတင်းသုံးလျက် ဝိပဿနာ လုပ်ငန်းတရားကို ကျယ်ပြန့်စွာပြောဟောပြသခြင်း ပြုနိုင်ခဲ့သည်။ ဆရာတော်၏ စိတ်ပါဝင်စား အားကျလာအောင် အဟောအပြောကောင်းမှု, လက်တွေ့ အပြအသကောင်းမှုတို့ကြောင့်ပင် တရားအားထုတ်သော ယောဂီများမှာ တစ်နေ့တခြား များပြားတိုးတက်လာလေသည်။ ဆရာတော်၏ ညွှန်ကြားချက်အတိုင်း လိုက်နာအားထုတ်၍ တရားအရသာကို သိလာကြသောသူတို့က အခြားပုဂ္ဂိုလ်တို့အားလည်း တရားအရသာကို သိစေလိုသောဆန္ဒ ဖြစ်ပေါ်လာကြသည်။ ထိုသူတို့ အကျိုးရှိအောင် လုပ်ရန်မှာ ကျမ်းစာရေးသား၍ ဖြန့်ဖြူးခြင်းသာဖြစ်သည်ဟု သဘောပေါက်လာကြသည်။

ထို့ကြောင့်ပင် ထိုယောဂီဥပါသကာတို့သည် ဆရာတော် အရှင်သောဘနအား ဉာဏ် အနု,အလတ်,အရင့် ပုဂ္ဂိုလ်တို့နှင့် သင့်လျော်သော လက်တွေ့ ဝိပဿနာရှုနည်းကျမ်းတစ်ခုကို ပြုစုတော်မူပါရန် လျှောက်ထား တောင်ပန်းကြသည်။ ထိုဥပါသကာတို့၏ တောင်ပန်းချက်ကြောင့်ပင် အရှင်သောဘနသည် ဝိပဿနာရှုနည်းကျမ်းကို ရေးသားစီရင်တော်မူလေသည်။

ထိုစဉ်အခါ အင်္ဂလိပ်, အမေရိကန်တို့က ရွှေဘိုမြို့သို့ နေ့စဉ် လာရောက် ဗုံးကြဲနေကြသည်။ ထိုဗုံးသံများအကြားမှပင် ၇-လမျှဖြင့် ဝိပဿနာရှုနည်းကျမ်း ၂-တွဲတို့ကို ပြီးစီးအောင် ရေးသားတော်မူသည်။ ၂-တွဲပေါင်း ရှိုင်ဆိုက်နှင့် စာမျက်နှာ ၉၅၀-ခန့်မျှ ကြီးမားသောကျမ်းကို ၇-လဖြင့် အပြီးရေးသားနိုင်ခြင်းသည် အံ့သြဖွယ်ရာ ဖြစ်ပါပေသည်။

ဤမျှ တိုတောင်းလှသော အချိန်ကာလအတွင်း ပြီးစီးအောင် ရေးသားရသော်လည်း ပါဠိ, အဋ္ဌကထာ, ဋီကာ အကိုးသာဓကများနှင့်တကွ လက်တွေ့သဘောတရားပါအောင် အချက်ပိုင်ပိုင် ရေးသားထားသောနိုင်ခံ့သည့် ကျမ်းကြီးတစ်ဆူ ဖြစ်လေသည်။ ထိုကျမ်း ပထမတွဲကို စစ်ကြီးအတွင်း ၁၃၀၅-ခုနှစ် တပို့တွဲလတွင် ရိုက်နှိပ်ပြီးစီးခဲ့သည်။ ဒုတိယတွဲကိုမူ စစ်ကြီးအပြီး ၁၃၀၇-ခုနှစ်ကျမှ ရိုက်နှိပ်ထုတ်ဝေနိုင်လေသည်။

## ဝိပဿနာရှုနည်းကျမ်း၏ ဂုဏ်ရည်များ

ဝိပဿနာရှုနည်းကျမ်းမှာ အစ, အလယ်, အဆုံး အလုံးစုံကောင်းသော ကျမ်းဖြစ်၍ အရသာမြိန်ရှက်လှသော ဟင်းကောင်းတို့ဖြင့်ချည်း ပြင်ဆင်ထားသည့် ထမင်းစားပွဲကြီးနှင့် တူပေသည်။ ထို့ကြောင့် ထေရုပ္ပတ္တိရေး ဆရာတော်အရှင်သီလာနန္ဒာဘိဝံသက ဤသို့ ချီးကျူးထောမနာ ပြုထားလေသည်။

"မြန်မာနိုင်ငံ၌ ဝိပဿနာကျမ်းပေါင်း မြောက်မြားစွာ ထွက်ပေါ်လာခဲ့ကြဖူးပါသည်။ သို့သော် လက်တွေ့လုပ်ငန်း ဆိုင်ရာတွင်မူ ဤဝိပဿနာရှုနည်းကျမ်းလောက် ပြောင် မြောက်ပြည့်စုံသောကျမ်းကို မတွေ့ဖူးသေးပါ။ ပါဠိ, အဋ္ဌကထာ, ဋီကာတို့လာ မိန့်ဆိုချက်တို့ကို လက်တွေ့ သဘော တရားနှင့် ဟပ်၍ဟပ်၍ ပြထားသည်တို့မှာ ထူးခြားသည်နှင့် အမျှ နှစ်သက်ဖွယ်အတိ ရှိလေသည်"။

အထူးအားဖြင့် ဒုတိယတွဲအစ၌ ဖေါ်ပြထားသော အခန်း ၅-မှာ လက်တွေ့နှင့် ပတ်သက်၍ အနှစ်သာရဖြစ်ပေသည်။ ဝိပဿနာအလုပ်ကို မလုပ်တတ်မရှိရလေအောင် အလွန်အသေးစိတ် ညွှန်ကြားချက်များ ပေးထားသည်ကို တွေ့ရသည်။ ထိုသို့ အသေးစိတ်ပေးနိုင်သည်မှာ ကိုယ် တွေ့လည်း အားထုတ်ဖူး, အခြားသူများအားလည်း လက်တွေ့ပြသထားဖူး သောကြောင့်သာ ဖြစ်လေသည်။ ထိုသို့မဟုတ်က ဤညွှန်ကြားချက်မျိုးကို ပေးနိုင်ရန် ခဲယဉ်းဘိသည်။

"အမှတ်ကောင်းနေစဉ် ဖျဉ်းကနဲ ကြက်သီးထတတ်၏။ ကျောထဲကဖြစ်စေ, တစ်ကိုယ်လုံးကဖြစ်စေ စိမ့်ကနဲ စိမ့်ကနဲ အေးမှုလည်းဖြစ်တတ်၏။ မကြောက်နဲ့ သဘော အတိုင်း ပီတိဖြစ်ပေါ်လာခြင်း ဖြစ်၏"၊ "တစ်စုံတစ်ရာ အသံ ကလေးများကို ကြားရသောကြောင့်လဲ ဖျတ်ကနဲ လန့်တတ်၏။ မကြောက်နဲ့ သမာဓိအရှိန် ကောင်းလာတဲ့အတွက် ဖဿဒွါ၊ ပြင်းပြပုံကို ထင်ရှား သိလာခြင်း ဖြစ်၏"။

ဤသို့စသော သတိပေးညွှန်ကြားချက်များမှာ အလွန်ပင် ထိမိလှပေသည်။ ထို့ကြောင့် ထေရုပ္ပတ္တိရေးဆရာတော်က ဤသို့ ချီးကျူးထားပြန်သည်။

"ဤအခန်း ၅-မျှကို အစ အဆုံး ဖတ်ရှုပါလျှင် ကျမ်းပြု ပုဂ္ဂိုလ်သည် သာမန်မဟုတ်ကြောင်း၊ ဝိပဿနာဆိုင်ရာတွင်

အလွန်မြင့်မားသော အဆင့်သို့ ရောက်ပြီးသူဖြစ်ကြောင်း မှန်းဆ သိမြင်နိုင်လောက်ပါတော့သည်"။

မဟာသတိပဋ္ဌာနသုတ်ပါဠိတော်နှင့် အဖွင့်အဋ္ဌကထာ, ဋီကာတို့၌ သတိပဋ္ဌာန် ၄-ပါးလုံးဆိုင်ရာ ရှုမှတ်နည်းတို့ကို ဖော်ပြထားသည်။ သို့သော် ကာယာနုပဿနာပိုင်းမှာသာ ရှုမှတ်ပုံများကို ခပ်ကျယ်ကျယ် ရေး၍ အထက်ပိုင်း ရှုမှတ်ပုံများကိုမူ အကျဉ်းမျှသာ ပြသွားတော့သည်။ စာအုပ်ကိုသာ ဆရာလုပ်၍ အားထုတ်ရသော ယောဂီတို့အဖို့ ဝေဒနာနုပဿနာ-စသော ရှုမှတ်မှုများ၌ မရှုတတ် ဖြစ်ကြရသည်။ ထိုရှုမှတ်မှုများမှာ ရှေးအခါက ကေန်ရှိခဲ့ပေမည်။

ဝိပဿနာ အဆက်ပြတ်ခဲ့သလောက်ဖြစ်သော ဤအချိန်မှာမူ ထိုရှုမှတ်နည်းများမှာ ကွယ်ပျောက်သလောက်ဖြစ်နေ၍ လက်တွေ့အားထုတ်လိုသောပုဂ္ဂိုလ်များ အားလျော့ရမလို ဖြစ်ကြသည်။ ထိုသို့သော ပုဂ္ဂိုလ်များကို အားတက်စေ၍ အထက်ပိုင်း ရှုမှတ်နည်းများကို လက်ဖြင့်ကိုင်ပြသကဲ့သို့ ရှင်းလင်းစွာ နားလည်အောင် ဝိပဿနာရှုနည်းကျမ်းက ပြထားပေသည်။ ဤအကြောင်းကိုလည်း ထေရုပ္ပတ္တိရေးဆရာတော်က ဤသို့ ထောမနာပြုတော်မူသည်။

> "ဝိပဿနာအရာ၌ အဆက်ပြတ်၍ တိမ်မြုပ်နေသော လွန်စွာ အရေးပါသည့် ကွင်းဆက်တစ်ခုကို ဤဝိပဿနာရှုနည်းကျမ်းက ပြောင်မြောက်စွာ ဖော်ထုတ်ထားလေသည်"။

## ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီး

မြန်မာနိုင်ငံ လွတ်လပ်ရေး ရခါနီး ၁၃၀၉-ခုနှစ် နတ်တော်လဆန်း ၁-ရက် (၁၃-၁၁-၄၇)နေ့၌ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီးကို တည်

ထောင်ကြသည်၊ ထိုအသင်းကြီးတွင် သူဌေးကြီး ဆာဦးသွင်ကို ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ကြသည်။

အသင်းကြီး၏ ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာတော်, ပဋိပတ္တိ သာသနာတော် ၂-ရပ်လုံးကိုပင် အစွမ်းကုန် အမြင့်မားဆုံး ချီးမြှောက်ရန် ဖြစ်သည်။ ထိုတွင် ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်ရန် ကမ္မဋ္ဌာန်းဌာန ကြီးတစ်ခု တည်ထောင်ရေးအတွက် စဉ်းစားကြသောအခါ သူဌေးကြီး ဆာ ဦးသွင်ကပင် ရန်ကုန်သာသနာ့ရိပ်သာကြီး တည်ရှိရာ ၅-ဧကကျော် ခြံမြေကွက်ကို ကမ္မဋ္ဌာန်းဌာနတစ်ခု တည်ထောင်ရန် ဗုဒ္ဓသာသနာနုဂ္ဂဟ အသင်းကြီးအား အပြီးအပိုင် လှူဒါန်းလေသည်။

ဆာဦးသွင်သည် အထက်မြန်မာနိုင်ငံ စစ်ကိုင်းမြို့သို့ ရောက်ရှိနေစဉ် ရေဦးမြို့မှ စက်ပိုင်သူဌေး ဦးဘသင်နှင့် အာလာပသလ္လာပ စကားပြောရင်း ပဋိပတ်ဆရာတစ်ဦး အလိုရှိ၍ စုံစမ်းနေကြောင်း ရောက်သွားသည်။ ဦးဘသင်က ရွှေဘိုမြို့ ဆိပ်ခွန်ရွာ၌ သီတင်းသုံးနေသော မဟာစည် ဆရာတော်သည် သူဌေးကြီး လိုအပ်ချက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ် ကြောင်း ပြောပြသည်။ ဤသို့ဖြစ်လျှင် "ထိုဆရာတော်၏ တရားကို နာလို ပါသည်၊ ဦးဘသင်ကပဲ ပင့်ပေးပါ"ဟု မေတ္တာရပ်ခံရာ ဦးဘသင်ကလည်း ဝမ်းမြောက်ဝမ်းသာပင် တာဝန်ယူ၍ ပင့်ပေးလေသည်။

## မဟာစည်ဆရာတော် တရားဟောတော်မူခြင်း

၁၃၀၉-ခုနှစ် ဝါခေါင်လဆုတ် ၂-ရက်နေ့ မဟာစည်ဆရာတော် သည် စစ်ကိုင်းသို့ ကြွတော်မူ၍ သမိဒ္ဓေါဒယချောင် ဆရာကြီးဒေါ်မာလာရီ ၏ ဓမ္မာရုံ၌ တရားဟောတော်မူသည်။ ဟောသောတရားတော်မှာ မာလုကျ- ပုတ္တသုတ္တန်ဖြစ်၍ ဟောသည့်တရားနှင့် ဟောကြားသူ ဆရာတော်၏ အနေထားမှာ ညီညွတ်နေကြောင်း တွေ့ရသည်။ ဤအကြောင်းကို မဟာ

စည်ဆရာတော် ပြန်ကြွသွားပြီးနောက် နီးစပ်ရာပုဂ္ဂိုလ်များအား သူဌေးကြီးက ဖွင့်ဟပြောကြားလေသည်။

> "ဆရာတော်ကို မြင်လျှင်မြင်ခြင်းပင် မြင်ရသူတို့ လေးစားခန့်ညားလောက်သော ဆရာတော်၏ အရပ်အမောင်းကို သတိပြုမိသည်၊ ရုံထားသောသင်္ကန်းမှ အပြင်သို့ ထွက်နေသောလက်ခြေတို့ကို ကြည့်ရှုအကဲခတ်ရာ ပြည့်ပြည့်ဖြိုးဖြိုးဖြင့် မဟာပုရိသလက္ခဏာဝင်ဖြစ်ကြောင်း ကျေနပ်စွာတွေ့ရသည်၊ မျက်နှာတော်မှာလည်း ပကတိတည်ငြိမ်သော သမာဓိရှင်ဖြစ်ကြောင်း မှတ်သားရသည်၊ ကားကားစွင့်စွင့်ရှိသော နားရွက်တို့ကိုလည်း သဘောကျမိသည်၊ မျက်လုံးများနှင့် ပတ်သက်၍ အလွန် စူးရှနက်နဲသော မျက်လုံးများဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမိသည်၊ စကားသံကို နားထောင်ရသောအခါမှာလည်း ဤအသံမျိုး ဤအဆိုမျိုးသည် ပရိယာယ်မပါ ဝဉ္စနာမဖက် သက်သက်ရိုးသားမှုကို ဖော်ပြနေသော အသံမျိုး, ပြောဆိုပုံမျိုး ဖြစ်ကြောင်း တွေ့ရသည်"။

ဆရာတော်၏ ထူးခြားဆန်းကြယ်၍ နက်နဲလှသောတရားတော်ကို နာကြားရသောအခါမှာလည်း သူဌေးကြီးသည် လွန်စွာနှစ်ခြိုက် သဘောကျသွားသည်။ ထို့ကြောင့် သူဌေးကြီးသည် **"ငါ စုံစမ်းရှာဖွေနေသော ဆရာမှာ ဤအရှင်မြတ်ပင် ဖြစ်သည်"**ဟု မှတ်ယူလေတော့သည်။

မဟာစည်ဆရာတော်နှင့် သူဌေးကြီးဆာဦးသွင် ဤပုဂ္ဂိုလ်နှစ်ဦးသည် ရှေးဘဝများက ညီအစ်ကိုဖြစ်စေ, အခြားနီးစပ်သော ဆွေမျိုးဖြစ်စေ မတော်ခဲ့ပါဟု အဘယ်သူသည် ငြင်းဆိုနိုင်ပါမည်နည်း။ ဤမျှ အဆင်ပြေနေသည့်အထဲတွင် ဆရာတော်၏ငယ်နာမည်နှင့် သူဌေးကြီး၏ အမည်မှာ

တိုက်တိုက်ဆိုင်ဆိုင်ပင် တူနေပြန်သေးသည်။ ဤမျှ တိုက်ဆိုင်ထူးခြားသော ဦးသွင်နှစ်ဦးတို့၏ တွေ့ဆုံမှုကား ဗုဒ္ဓသာသနာသမိုင်းတွင် မှတ်တမ်းတင်ရမည့် တွေ့ဆုံမှုသာ ဖြစ်လေသည်။ မဟာစည်ဆရာတော်သည် သူဌေးကြီး ဆာဦးသွင်အမှူးရှိသော ပရိသတ် ၃၀၀-ကျော်တို့အား ၅-ရက်တိုင်တိုင် ဝိပဿနာလက်တွေ့လုပ်ငန်း တရားများကို ဟောကြားတော်မူလေသည်။

## ရန်ကုန်မြို့၌ သာသနာ့ရိပ်သာ ဖွင့်လှစ်ခြင်း

၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့တွင် သူဌေးကြီး ဆာဦးသွင်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုတို့၏ ပင့်ဆောင်ချက်အရ ရွှေဘို ဦးမုနိန္ဒ, ရွှေမင်းဝံဆရာတော် ဦးကောသလ္လတို့နှင့်အတူ မဟာစည်ဆရာတော်သည် ရန်ကုန်မြို့သို့ ရောက်ရှိတော်မူသည်။

ထိုအချိန်က ရန်ကုန်သာသနာ့ရိပ်သာ၌ အဆောက်အအုံများ မများလှသေးပေ။ တရားအားထုတ်မည့် ယောဂီများလည်း အဆင်သင့်မရှိသေးချေ။ သို့သော် ရောက်ပြီးလျှင်ပြီးခြင်းပင် တရားအားထုတ် လိုသူများရှိက တရားပြမည့်အကြောင်း မိန့်ကြားတော်မူရာ တရားအားထုတ်လိုသူများ တစတစ ပေါ်ပေါက်လာသဖြင့် နတ်တော်လပြည့်နေ့တွင် ယောဂီ ၂၅-ဦးတို့အား ဝိပဿနာအလုပ်ပေး တရားတော်ကြီးကို ဟောကြား၍ ကမ္မဋ္ဌာန်းပေးတော်မူသည်။

ယောဂီများ တစ်နေ့တခြား များပြားလာ၍ ဆရာတော်ကိုယ်တိုင် အလုပ်ပေးတရားတော်ကြီးကို ဟော၍ ကမ္မဋ္ဌာန်းမပေးနိုင်သောအခါ ၁၃၁၃-ခုနှစ် ဝါဆိုလမှစ၍ အသံသွင်းကြိုးခွေဖြင့် သွင်းထားသောတရားတော်ကိုပင် ဖွင့်ပြ၍ ကမ္မဋ္ဌာန်းပေးတော်မူသည်။ ၁၃၁၆-ခုနှစ်တွင် ထိုတရားတော်ကြီးကို အသံသွင်းကြိုးခွေမှ ကူးယူ၍ စာအုပ်အဖြစ် ထုတ်ဝေ

သည်။ နောင်တွင်လည်း အခါအားလျော်စွာ ထပ်မံရိုက်နှိပ်ခဲ့ရာ ကောဇာသက္ကရာဇ် ၁၃၅၆ (ခရစ် - ၁၉၉၄) ခုနှစ်က ၁၉-ကြိမ်မြောက် ရိုက်နှိပ်ပြီး ဖြစ်လေသည်။

မဟာစည်ဆရာတော် ရန်ကုန်ရောက်၍ နှစ်များမကြာမီမှာပင် မြန်မာပြည် အနယ်နယ်အရပ်ရပ်၌ ရိပ်သာပေါင်းများစွာ ပေါ်ပေါက်လာတော့သည်။ ဗန်းမော်, မြစ်ကြီးနား, ရှမ်းပြည်တောင်ပိုင်း, မြောက်ပိုင်းတို့၌ မဟာစည်ဩဝါဒခံ ရိပ်သာများ ပေါ်ပေါက်လာသည်။ မြန်မာပြည် အောက်စွန်း ရေး, ဘိတ်, ထားဝယ်တို့နှင့်တကွ ရခိုင်ပြည်နယ် စစ်တွေ-စသောမြို့တို့၌လည်း မဟာစည်ရိပ်သာများ ပေါ်ထွက်လာကြသည်။

နောင်အခါတွင် မြန်မာပြည်တွင်သာမက ယိုးဒယား, သီဟိုဠ်-စသော နိုင်ငံတို့မှာပင် မဟာစည်ဩဝါဒခံ ရိပ်သာများ ပေါ်ပေါက်လာကြသည်။ ၁၃၃၄-ခုနှစ် နတ်တော်လပြည့်ကျော် ၄-ရက်နေ့တွင် ကျင်းပသော ၂၃-ကြိမ်မြောက် နှစ်ပတ်လည် ဩဝါဒခံယူပူဇော်ပွဲတွင် တင်ပြသော ယောဂီစာရင်းအရ မြန်မာပြည်တွင်း၌ ယောဂီပေါင်း ၆-သိန်းကျော်ရှိနေကြောင်းနှင့် ယိုးဒယားနိုင်ငံ၌ ယောဂီ ၁-သိန်းကျော်၊ သီဟိုဠ်နိုင်ငံ၌ ယောဂီ ၁-သောင်းကျော်ရှိ၍ ကမ္ဘောဒီးယား, ဣန္ဒိယ-စသော နိုင်ငံများ၌လည်း အနည်းငယ်စီရှိနေကြောင်း သိရသည်၊

ယခုအခါ ကမ္ဘာအနှံ့အပြား မဟာစည်ဩဝါဒခံ ယောဂီပေါင်းမှာ တစ်သန်းမက များပြားလိမ့်မည်ဟု ခန့်မှန်းရပေသည်။ ဤသို့လျှင် မဟာစည်ဆရာတော်ကို အကြောင်းပြု၍ မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာအရပ်ရပ်တွင် ဝိပဿနာတရားမိုးကြီး ရွာသွန်းဖြိုးစေခဲ့လေတော့သည်။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိတော်မူခြင်း

သာသနာ့ရိပ်သာသို့ ရောက်ပြီးနောက် ၂-နှစ်ကျော်အကြာ ၁၃၁၃ (၁၉၅၂) ခုနှစ်တွင် မဟာစည်ဆရာတော်သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့

တံဆိပ်ကို ရရှိတော်မူသည်။ မဟာစည်ဆရာတော်သည် ၁၃၀၃-ခုနှစ်က "သာသနဓဇသိရီပဝရဓမ္မာစရိယ"ဘွဲ့ကို စာမေးပွဲဖြေဆိုပြီး ရရှိခဲ့၍ "အဂ္ဂ-မဟာပဏ္ဍိတ"ဘွဲ့ကိုမူ စာမေးပွဲမဖြေဆိုရဘဲ ရရှိတော်မူသည်။ ဆရာတော်၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ကြည်ညိုလေးစား၍ အစိုးရလူကြီးမင်းတို့က ဆက်ကပ်သောဘွဲ့ ဖြစ်သည်။ ထိုဘွဲ့၏ အဆင့်အတန်းမြင့်ကြောင်းကို ထေရုပ္ပတ္တိရေးဆရာတော်က ဤသို့ ဖော်ပြထားလေသည်။

> "သီလ, သမာဓိ, ပညာလည်းပြည့်စုံ, ကျော်စောကိတ္တိလည်းရှိသော ဆရာတော်များသာ ရသောဘွဲ့တည်း။ အတိုချုံး၍ ပြောရလျှင် အဂ္ဂမဟာပဏ္ဍိတဘွဲ့မှာ ရှေးအခါက ရာဇဂုရုဘွဲ့နှင့် တန်းတူပင်ဖြစ်လေသည်။ ဤဘွဲ့ကို လက်ခံရရှိတော်မူသဖြင့် မဟာစည်ဆရာတော်သည် မင်းအကိုးကွယ်ခံ မင်းဆရာ ရာဇဂုရု အဆင့်အတန်းသို့ ရောက်ရှိသွားပါတော့သည်"။

## နိုင်ငံခြားသို့ သာသနာပြုခရီး လှည့်လည်တော်မူခြင်း

မြန်မာနိုင်ငံ အစိုးရသည် လွတ်လပ်ရေးရပြီးသည်မှ စ၍ ဆဋ္ဌ-သင်္ဂါယနာတင်ရန် စီမံခဲ့သည်၊ ဆဋ္ဌသင်္ဂါယနာတင်သောအခါ ရှေးသင်္ဂါ-ယနာများထက် ထူးခြားအောင် တင်လိုကြသည်။ ရှေးသင်္ဂါယနာများကို တိုင်းပြည်တစ်ခုတည်းက သံဃာများကသာ တင်ခဲ့ကြသည်၊ ဆဋ္ဌသင်္ဂါ-ယနာ၌မူ မြန်မာသံဃာများသာမကဘဲ အခြားထေရဝါဒနိုင်ငံများမှ သံဃာတော်များ ပါဝင်ဆောင်ရွက်စေလိုသည်။ မြန်မာနိုင်ငံ၏ သင်္ဂါယနာသာမဟုတ်ဘဲ ထေရဝါဒသင်္ဂါယနာ ဖြစ်စေလိုသည်။ ထိုသို့ဖြစ်ရန်မှာလည်း အခြားနိုင်ငံ အစိုးရများနှင့် သံဃာတော်များက ပါဝင်ကူညီဆောင်ရွက်မှသာ ဖြစ်နိုင်မည်။ ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာ၏ ရှေ့ပြေးလုပ်ငန်းတစ်ရပ်မှာ အခြားထေရဝါဒနိုင်ငံများကို စည်းရုံးရေးပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ၁၃၁၄-ခုနှစ်တွင် ဆဋ္ဌသင်္ဂါယနာ စည်းရုံးရေး သာသနာ့မစ်ရှင်တစ်ခုကို နိုင်ငံခြားသို့ စေလွှတ်လေသည်။ ထိုအဖွဲ့တွင် သံဃာတော်များဘက်မှ ညောင်ရမ်းဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်တို့ ပါဝင်၍ လူပုဂ္ဂိုလ်များဘက်မှ ဆရာတော်များ၏ စကားပြန်အဖြစ် ရွှေပြည်တော် ဦးတင်နှင့် ကပ္ပိယအဖြစ် ပါလီမန်အတွင်းဝန် ဦးသန်းစိန်တို့ ပါဝင်ကြသည်။ ထို ၄-ဦးအဖွဲ့သည် ၁၃၁၄-ခုနှစ် သီတင်းကျွတ်လဆုတ် ၆-ရက်နေ့တွင် ယိုးဒယားနိုင်ငံသို့ ကြွ၍ ယိုးဒယား သာသနာပိုင်နှင့် တွေ့ဆုံပြီး ဆဋ္ဌသင်္ဂါယနာအကြောင်းကို လျှောက်ထား ဆွေးနွေးကြသည်။ ယိုးဒယားသာသနာပိုင်က ရေမြေ့ရှင် ဘုရင်မရှိသောကြောင့်လည်းကောင်း၊ သာသနာပိုင်မရှိသောကြောင့်လည်းကောင်း သင်္ဂါယနာတင်နိုင်မည် မထင်ကြောင်း မိန့်ကြားသည်။ ထိုအခါ ညောင်ရမ်း ဆရာတော်ဘုရားကြီးက-

> "မြန်မာနိုင်ငံ၌ ဘုရင်မရှိသော်လည်း အများဆန္ဒအရ ရွေးကောက်တင်မြှောက်ထားသော အစိုးရရှိ၍ ထိုအစိုးရ၏ ဥက္ကဋ္ဌအဖြစ် သမ္မတကြီးရှိနေသဖြင့် ဘုရင်ကဲ့သို့ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ သာသနာပိုင်မရှိသော်လည်း သာသနာပိုင်ရှိစဉ်ကကဲ့သို့ပင် သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ပရိယတ်, ပဋိပတ်ကို ကြိုးစားအားထုတ် လျက်ရှိကြကြောင်း၊ ထိုသို့ကြိုးစားအားထုတ်ကြသဖြင့် ယခုအခါ၌ ပိဋကသုံးပုံကို အာဂုံဆောင်နိုင်သောပုဂ္ဂိုလ် ပေါ်ထွက်နေပြီဖြစ်ကြောင်း"

ဤအကြောင်းများကြောင့် မြန်မာနိုင်ငံ၌ သင်္ဂါယနာတင်နိုင်ကြောင်း အချက်ကျကျ ပြန်လည်လျှောက်ထားလေသည်။ ထိုစကားကို ကြားသောအခါ ယိုးဒယားသာသနာပိုင်ဆရာတော်က "ဒီလိုဆိုလျှင် မြန်မာပြည်ကသာ သင်္ဂါယနာ တင်နိုင်ပါတယ်"ဟု အမိန့်ရှိ၍ မြန်မာပြည်ကတင်သော ဆဋ္ဌ-

သင်္ဂါယနာကို ယိုးဒယားသံဃာများက ကန့်ကွက်မည်မဟုတ်သည့်အပြင် အားပင် ပေးဦးမည်ဖြစ်ကြောင်း အမိန့်ရှိလိုက်လေသည်။

ထို့နောက် ဆရာတော်များအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံသို့ ခရီးဆက်ကာ လေ့လာကြသည်။ ကမ္ဘောဒီးယား သာသနာပိုင်ဆရာတော်ကြီးမှာ နဂိုကပင် ဆဋ္ဌသင်္ဂါယနာတင်မည်ဆိုသည်ကို ကျေနပ်ပြီးဖြစ်၍ မြန်မာနိုင်ငံက သင်္ဂါယနာတင်သင့်ကြောင်း ရှင်းလင်းပြဖွယ် မလိုတော့ပေ။

တစ်နေ့တွင် မဟာစည်ဆရာတော်သည် တမရှက်(ဓမ္မယုတ္တိ)ဂိုဏ်းမှ ဆရာတော်ကြီး တစ်ပါးထံသို့ သွားရောက်ဖူးမျှော်သည်။ ဆရာတော်ကြီးအနီးရှိ ကိုယ်တော်တစ်ပါးက မဟာစည်ဆရာတော် ပါဠိလိုပြောသည်ကို ဆရာတော်ကြီးအား ကမ္ဘောဒီးယားဘာသာပြန်၍ လျှောက်သည်။ ထိုကိုယ်တော်နှင့် ပါဠိလို တော်တော်ပြော၍ ဖြစ်သည်ဟု မဟာစည်ဆရာတော် အမိန့်ရှိသည်။

ထိုဆရာတော်ကြီးထံမှ ပြန်ကြွခဲ့၍ သာသနာပိုင်ဆရာတော်ကြီးနှင့် ညောင်ရမ်းဆရာတော်ကြီးတို့ ၂-ပါး ပါဠိဘာသာဖြင့် စကားပြောကြသော်လည်း တစ်ပါးကို တစ်ပါး နားမလည်ဘဲ ရှိနေကြသည်၊ ပါဠိအသံထွက်မတူသောကြောင့်ဖြစ်သည်။

ဤအခိုက် မဟာစည်ဆရာတော် ပြန်ရောက်လာ၍ နိုင်ငံခြားပါဠိသံဖြင့် လျှောက်ထားပေးမှ သာသနာပိုင်ဆရာတော်ကြီး နားလည်တော့သည်။ ထိုအခါ ညောင်ရမ်းဆရာတော်ကြီးက "အင်း . . . မဟာစည်ဆရာတော်ပါပေလို့ တော်တော့တယ်"ဟု မှတ်ချက်ချတော်မူသည်။ မဟာစည်ဆရာတော်သည် သာသနာ့ရိပ်သာ၌ နိုင်ငံခြား ပါဠိအသံထွက်ကို လေ့ကျင့်ပြီးဖြစ်နေသည်။ သူတို့ပြောသည်ကို နားလည်၍ မိမိကလည်း သူတို့နားလည်အောင် နိုင်ငံခြားပါဠိသံဖြင့် ပြောတတ်ပေသည်။

ဆရာတော်များအဖွဲ့သည် မြင်ကွန်းမင်းသားကြီး သမီးတော် ဒေါ်မြို့က ပင့်သဖြင့် ဗီယက်နမ်နိုင်ငံ ဆိုင်ဂုံမြို့သို့ လေယာဉ်ဖြင့် ကြွရောက်ကြသည်။ ယင်းမြို့ သုသာန်အတွင်း မြင်ကွန်းမင်းသားကြီး၏ အုတ်ဂူရှိရာသို့ ကြွကြရသည်။ မင်းသားကြီး၏ အုတ်ဂူ၌ သရဏဂုံတင်, ပရိတ်ရွတ်, မေတ္တာပို့, အမျှဝေမှုများကို ပြုလုပ်ပြီးနောက် ဆိုင်ဂုံမြို့ရှိ ဗုဒ္ဓသာသနာကျောင်းများသို့ လှည့်လည်သွားရောက် ကြည့်ရှုကြသည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်ကြ၍ ထိုမှတစ်ဆင့် ယိုးဒယား၌ ခေတ္တဝင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူကြလေသည်။

## ဆဋ္ဌသင်္ဂါယနာနှင့် မဟာစည်ဆရာတော်

သင်္ဂါယနာဆိုသည်မှာ ပိဋကတ်တော်များကို ရဟန်းတော်များ စုပေါင်းရွတ်ဆိုခြင်းဖြစ်ရာ မူကောင်းမူမှန် ပိဋကတ်တော်မရှိလျှင် သင်္ဂါယနာပင်မရှိနိုင်ပေ။ ထို့ကြောင့် သင်္ဂါယနာလုပ်ငန်း၌ အရေးကြီးသော ပိဋကတ်တော် သုတ်သင်ပြင်ဆင်ရေးကို ရှေးဦးစွာ ဆောင်ရွက်တော်မူကြသည်။ ပိဋကတ်တော်ကို ပြင်ဆင်ရာတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်သို့ ပိဋကတ်တော်များကိုပို့ကာ ထိုထိုနယ်ရှိ ကျမ်းတတ်မထေရ်တို့ကို မူအမျိုးမျိုးနှင့် တိုက်ဆိုင် ပြင်ဆင်စေသည်။ ထိုဆရာတော်များ ပြင်ဆင်ပြီးမူကို တစ်ဖန်ဝိသောဓကအဖွဲ့ဖွဲ့၍ ရန်ကုန်မြို့၌ ထပ်မံပြင်ဆင်စေသည်။ ထိုဆရာတော်များကို **"ပဋိဝိသောဓက"** ဆရာတော်များဟု ခေါ်သည်။

ပဋိဝိသောဓကဆရာတော်များ ပြင်ဆင်ပြီးမူကိုမှ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်ပြီး ပုံနှိပ်မူကြမ်း (ပရု) အဖြစ်သို့ ရောက်စေသည်။ ထိုမူကြမ်းကို အထပ်ထပ်စစ်ဆေး၍ နောက်ဆုံးမူကြမ်းကို ဆရာတော် ၅-ပါး ပါဝင်သောအဖွဲ့သို့ ပို့ရသည်။ ထိုအဖွဲ့က ပြင်ဆင်စရာ ရှိသည်တို့ကို ပြင်ဆင်၍ အတည်ပြုပြီးနောက် စာမူချောအဖြစ်သို့

ရောက်အောင် ရိုက်နှိပ်စေရသည်။ နောက်ဆုံးပုံနှိပ်မူကြမ်းကို သုတ်သင်ပြင်ဆင်သောအဖွဲ့ကို **"သြသာနသောဓေယျပတ္တပါဠကအဖွဲ့"** ဟု ခေါ်သည်။ နောက်တွင် အတိုချုံး၍ **"သြသာနအဖွဲ့"** ဟု ခေါ်ကြလေသည်။

သြသာနအဖွဲ့ဝင်ဆရာတော်များမှာ-

(၁) သာသနာ့ရိပ်သာ မဟာစည်ဆရာတော်

(၂) ရန်ကုန် ဘုရားကြီးဆရာတော်

(၃) ဗားကရာဆရာတော်

(၄) သီဟိုဠ် အရှင်ဗုဒ္ဓဒတ္တဆရာတော်နှင့်

(၅) ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓါဘိဝံသတို့ ဖြစ်သည်။

ဤအဖွဲ့ဝင်များမှာ အစပိုင်း၌ ဖြစ်သည်၊ နောင် အခါအားလျော်စွာ အလယ် ၃-ပါး၌ အပြောင်းအလဲရှိသည်။ သြသာနဆရာတော်တို့၏ တာဝန်သည် အလွန်ပင် ကြီးလေးလှသည်။ အချုပ်ကိုဆိုရလျှင် စာတစ်အုပ်လုံး ကောင်းမွန် သန့်ရှင်းရေး, အပြစ်ကင်းရေးသည် သြသာနအဖွဲ့၏ တာဝန်ဖြစ်သည်။ ထို့ကြောင့် ထေရုပ္ပတ္တိရေးဆရာတော်က ဤသို့ မှတ်တမ်းတင်ခဲ့သည်။

> "ယခုအခါ ဆဋ္ဌသင်္ဂါယနာမူ ကျမ်းစာများကို ဖတ်ပြီးလျှင် အခြားရေးရိုက်စာအုပ်များကို မဖတ်တတ်လောက်အောင်ပင် ဖြစ်ကြသည်။ ဆဋ္ဌမူကို ဖတ်ရသည်မှာ မျက်စိလည်း သက်သာ ဉာဏ်လည်း သက်သာလှသည်။ ဤသို့ အဖက်ဖက်မှ ရေးစာအုပ်များနှင့်မတူအောင် ဆဋ္ဌမူ ကျမ်းစာတို့ တိုးတက် ကောင်းမွန်လာခြင်း, ကမ္ဘာ့အဆင့်အတန်း မှီလာခြင်းအတွက် သြသာနအဖွဲ့ဆရာတော်များနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာပုံနှိပ်တိုက် စာပြင်ဆရာကြီးများကို စာဖတ်သူများက အထူးကျေးဇူးတင်ရမည် ဖြစ်ပေသည်"။

မဟာစည်ဆရာတော်သည် ဤမျှတာဝန်ရှိသောအဖွဲ့၌ ပါဝင်ဆောင်ရွက်တော်မူရသည်။ ပုဒ်ခက်ပါဠိခက် အဆုံးအဖြတ်ကြုံလာလျှင် မဟာစည် ဆရာတော်၏ အယူအဆ အဆုံးအဖြတ်ကို အခြားဆရာတော်များက လေးစား နှစ်ခြိုက်တော်မူကြသည်သာ များလေသည်။ မဟာစည်ဆရာတော်သည် ဤကြီးသောနလုပ်ငန်းကို အစမှ အဆုံးတိုင်အောင် ဆောင်ရွက်တော်မူခဲ့သည်။ အကျိုးဆောင်ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသက ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂-အုပ်ကို သုတ်သင်ပြင်ဆင်ရန် မဟာစည်ဆရာတော်အား အပ်နှင်းတော်မူသည်။ မဟာစည်ဆရာတော်သည် အပ်နှင်းသည့်အတိုင်း တစ်ပါးတည်း ပြင်ဆင်တော်မူသည်။

ဆဋ္ဌသင်္ဂါယနာနှင့်စပ်၍ မဟာစည်ဆရာတော်၏ ကြိုးပမ်းဆောင်ရွက်မှုကြီးမားပုံကို ထေရုပ္ပတ္တိရေးဆရာတော်က ဤသို့ မှတ်တမ်းတင်ကာ ချီးကျူးတော်မူသည်။

> "မဟာစည်ဆရာတော်သည် ကြီးမားသော ဉာဏ်စွမ်း, ကြီးမားသော လုံ့လဝီရိယစွမ်းတို့ဖြင့် ဆဋ္ဌသင်္ဂါယနာ ကျမ်းစာတို့ကို ပြင်ဆင်တော်မူခဲ့သည်။ ထိုသို့ ပြင်ဆင်တော်မူခဲ့ရသောကျမ်းစာများကား ၁၀-အုပ် ၁၅-အုပ်မျှ မဟုတ်၊ အစိတ် သုံးဆယ်လည်းမဟုတ်၊ ပါဠိတော်,အဋ္ဌကထာ,ဋီကာ အားလုံးပေါင်းလိုက်လျှင် စာအုပ်ပေါင်း ၁၁၇-အုပ် ဖြစ်လေသည်။ တစ်အုပ်တစ်အုပ်၌ ပျမ်းမျှ စာမျက်နှာ ၃၅၀-ခန့်ပါဝင်မည်ဖြစ်ရာ စာမျက်နှာအားဖြင့်တွက်လျှင် စာမျက်နှာ ၄-သောင်းကျော်ခန့် ဖြစ်သည်။
>
> ဤမျှများပြားလှသော ပိဋကတ်တော်ကျမ်းစာတို့ကို သုတ်သင်ပြင် ဆင်ခွင့်ရသော မဟာစည်ဆရာတော်ဘုရားကြီးသည် ကုသိုလ်ထူးတော်မူပါပေစွ။ နောင်လာ နောက်သားတို့အတွက် ကျေးဇူးကြီးမားတော်မူပါပေစွ။

ဤကား မဟာစည်ဆရာတော်၏ လူသိနည်းသော ဆဋ္ဌ-
သင်္ဂါယနာဆိုင်ရာ လုပ်ငန်းဖြစ်ပါသည်"။

## ဆဋ္ဌသင်္ဂါယနာ ပုစ္ဆကဆရာတော်

မဟာစည်ဆရာတော်သည် ပိဋကတ်တော် သုတ်သင် ပြင်ဆင်ရေး လုပ်ငန်းကို ဆောင်ရွက်တော်မူယင်းပင် တစ်ဖက်မှလည်း ဆဋ္ဌသင်္ဂါယနာ ပုစ္ဆကဆရာတော်အဖြစ် ဆောင်ရွက်တော်မူရသည်။ သင်္ဂါယနာ အစဉ် အလာအရ စုပေါင်းရွတ်ဆိုခြင်းမပြုမီ ပါဠိတော်များကို တစ်ခုစီ စစ်ဆေး ရသည်။

- ဤသုတ်ကို မြတ်စွာဘုရား အဘယ်ဌာနမှာ ဟောခဲ့သနည်း၊
- အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောခဲ့သနည်း၊
- အဘယ်အကြောင်းကြောင့် ဟောခဲ့သနည်း

အစရှိသည်ဖြင့် ဘုရားဟော အစစ်ဖြစ်ကြောင်း ခိုင်လုံသေချာအောင် အထပ်ထပ် စစ်ဆေးစိစစ်ရသည်။ ဤသို့ စစ်ဆေးစိစစ်၍ ကျေနပ်မှသာ အတည်ပြု လက်ခံကြောင်း ထင်ရှားစေရန် သံဃာတော်အားလုံး စုပေါင်း ရွတ်ဆိုတော်မူကြသည်။ ထိုကိုပင် သင်္ဂါယနာတင်သည်ဟု ခေါ်လေသည်။

ပထမသင်္ဂါယနာတင်စဉ်က အရှင်မဟာကဿပက မေးစိစစ်သူ ပုစ္ဆကအဖြစ် ဆောင်ရွက်တော်မူ၍ အရှင်ဥပါလိ, အရှင်အာနန္ဒာတို့က ဖြေဆိုသူ ဝိသဇ္ဇကအဖြစ် ဆောင်ရွက်တော်မူကြသည်။

ထိုအစဉ်အလာအတိုင်းပင် ဆဋ္ဌသင်္ဂါယနာ၌ မေးစိစစ်မည့် ဆရာ တော်, ဖြေဆိုမည့်ဆရာတော်ဟူ၍ ပုဂ္ဂိုလ်ထူး ၂-ပါး လိုအပ်နေသည်။ သံဃာ့ပရိသတ်, လူပရိသတ်အလယ်တွင် အမေးအဖြေ ပြုလုပ်ရမည်ဖြစ် ၍ ထိုလုပ်ငန်းမှာ မလွယ်ကူလှပေ။ အများရှေ့မှောက် ပြုလုပ်ရမည့်အလုပ် ဖြစ်၍ စာကိုဖတ်ကာ မေးဖြေရန်လည်း မလျော်၊ မေးသူ, ဖြေသူ ၂-ပါးလုံး အလွတ် မေးဖြေကြရမည် ဖြစ်သည်။

ထို့ထက်သာ၍ ခက်သည်မှာ အမေး အဖြေ ပြုလုပ်သောအခါ ပါဠိ, မြန်မာ ၂-ဘာသာဖြင့် ပြုလုပ်ရမည်ဖြစ်၍ ပါဠိတော်ကို ကျေပွန်စွာလေ့လာပြီးဖြစ်သည့်အပြင် ပါဠိဘာသာကိုလည်း ပြောနိုင်ဆိုနိုင်သည်အထိ ကျွမ်းကျင်ရပေမည်။ အမေးအဖြေပြုမည့် ၂-ပါးတွင် ဖြေဆိုသူ ဆရာတော်ကို ရှာရန်မှာ လွယ်ကူလျက် ရှိသည်။ အဘယ့်ကြောင့်ဟူမူ ပိဋကသုံးပုံ အာဂုံဆောင် **"တိပိဋကဓရ"**ဘွဲ့ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် ရှိသောကြောင့်တည်း။

ပုစ္ဆကဆရာတော်ကို ရွေးချယ်ရာ၌ကား ဆဋ္ဌသင်္ဂါယနာဝန်ဆောင် ဆရာတော်တို့သည် ပုစ္ဆကလုပ်ငန်းနှင့် အထိုက်တန်ဆုံးလည်းဖြစ်၊ လက်လှမ်းလည်းမှီသော မဟာစည်ဆရာတော်ကိုပင် ရွေးချယ်တော်မူကြသည်။ အမေး, အဖြေ ၂-ဖက်လုံး၌ အတိုင်,အဖေါက်ညီသော ဆရာတော်များဖြစ်၍ လွန်စွာအဆင်ပြေလှသည်။ သင်္ဂါယနာဂုဏ်နှင့် လိုက်လျောအောင်ပင် ခမ်းခမ်းနားနားဖြစ်အောင် ဆောင်ရွက်တော်မူကြလေသည်။

## အဋ္ဌကထာသင်္ဂါယနာ စိစစ်ခန်း

ပါဠိတော် သင်္ဂါယနာတင်ပြီးနောက် ဆရာတော် သံဃာတော်များနှင့် နိုင်ငံတော်အစိုးရတို့သည် အဋ္ဌကထာသင်္ဂါယနာ, ဋီကာသင်္ဂါယနာတို့ကိုပါ ဆင်နွှဲကျင်းပရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ထို့ကြောင့်ပင် ပါဠိတော်သင်္ဂါယနာပြီးဆုံးသည့်နောက် ၁၃၁၈-ခုနှစ် ပြာသိုလဆန်း ၂-ရက်နေ့မှာပင် အဋ္ဌကထာသင်္ဂါယနာကို စတင်ကျင်းပသည်။

အဋ္ဌကထာ, ဋီကာတို့ကို သင်္ဂါယနာတင်ခြင်းသည် ဆဋ္ဌသင်္ဂါယနာ၏ ထူးခြားချက်ပင် ဖြစ်သည်။ ရှေးသင်္ဂါယနာများ၌ကား ပါဠိတော်ကိုသာ သင်္ဂါယနာတင်ခဲ့ကြသည်။

အဋ္ဌကထာတို့ကို သင်္ဂါယနာတင်သောအခါ ပါဠိတော်များကဲ့သို့ နေ့စဉ် အမေး,အဖြေ ပြုလုပ်ဖွယ်မလို၊ ကြည်ညိုဖွယ် မှတ်သားဖွယ် ကောင်းသော အချက်များကိုသာ ထုတ်ဆောင်၍ စိစစ်ပြောဆိုမည်ဟု ဝန်ဆောင်သံဃာ့အဖွဲ့က ဆုံးဖြတ်ချက်ချထားသည်။

အဋ္ဌကထာတို့ကို စိစစ်စေရန် လျှောက်ထားပြောဟောရမည့် လုပ်ငန်းမှာ လွယ်ကူသောလုပ်ငန်းမဟုတ်၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ပိုင်နိုင်စွာ လေ့လာပြီးသော ပုဂ္ဂိုလ်များနှင့်သာ ထိုက်တန်သောအလုပ်ဖြစ်သည်။ ထို့ကြောင့် အဋ္ဌကထာစိစစ်ရေးကို ဆောင်ရွက်ရန် ပခုက္ကူမြို့ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မဟာဝိဇယာရာမဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ (နောင်တွင်အဘိဓဇမဟာရဋ္ဌ-ဂုရု) ဘွဲ့တံဆိပ်တော်ရ မဟာဝိသုတာရာမဆရာတော်ဘုရားကြီး နှင့် မဟာစည်ဆရာတော်တို့အား တာဝန်ပေးအပ်ကြသည်။ ထိုတွင် မဟာ-ဝိဇယာရာမ ဆရာတော်ဘုရားကြီး နှင့် မဟာဝိသုတာရာမ ဆရာတော်ဘုရားကြီးတို့သည် အဋ္ဌကထာဆိုင်ရာနှင့် ပထမ, ဒုတိယ, တတိယ, ဆဋ္ဌ-သင်္ဂါယနာဆိုင်ရာ အကြောင်းအချက်တို့ကို မိန့်မြွက်တော်မူကြသည်။ ထိုဆရာတော်ဘုရားကြီးတို့၏ နောက်တွင်မူ မဟာစည်ဆရာတော်ဘုရားက တတိယသင်္ဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ခန်းမှစ၍ အဋ္ဌကထာစိစစ်ရေးကို နေ့စဉ် လျှောက်ထားပြော ဟောတော်မူသည်။

ပါဠိတော်သင်္ဂါယနာ အမေး, အဖြေပြုလုပ်စဉ်က မဟာစည်ဆရာတော်၏ စွမ်းရည်မှာ ပေါ်သင့်သလောက် မပေါ်သေးဟု ဆိုရမည်ဖြစ်သည်။ ထိုစဉ်က ဆရာတော်၏တာဝန်မှာ ပါဠိတော်မှ ကောင်းနိုးရာရာသုတ်များကို ရွေးချယ်၍ မေးမြန်းရသည့် တာဝန်သာရှိခဲ့သည်။ အဋ္ဌကထာသင်္ဂါ-ယနာ စိစစ်ခန်းတွင်မူကား တစ်ပါးတည်း အစွမ်းပြရသော အလုပ်ဖြစ်လာလေသည်။ ဤအဋ္ဌကထာစိစစ်ခန်းကျမှ မဟာစည်ဆရာတော်၏ စွယ်စုံ

စွမ်းရည်များ ထင်ထင်ရှားရှား ပေါ်လာတော့သည်။ အဋ္ဌကထာစိစစ်ခန်းကို ကြားနာရမှပင် စာတတ်ဆရာတော်များလည်း မဟာစည်ဆရာတော်၏ အရည်အချင်းကို အမှန်အတိုင်း တစ်စိတ်တစ်ဒေသအားဖြင့် သိခွင့်ရသွားကြသည်။ "**အသင့်အတင့်မျှသာ စာတတ်မည့် ကမ္မဋ္ဌာန်းဘုန်းကြီးကလေး**"ဟု အထင်သေးခဲ့ကြသော ဆရာတော်များလည်း ထိုအခါမှစ၍ အထင်သေးနိုင်ကြမည် မဟုတ်တော့ပေ။

အဋ္ဌကထာတို့၌ မဟာစည်ဆရာတော် မည်သို့မည်ပုံ စိစစ်ခဲ့သည်ကို သိလိုလျှင် ဗုဒ္ဓသာသနာ့အဖွဲ့မှ ရိုက်နှိပ်ထုတ်ဝေသော အဋ္ဌကထာသင်္ဂါယနာ စိစစ်ခန်းကို ဖတ်ပါဟုပင် ညွှန်ကြားရပေမည်။ အဋ္ဌကထာတို့တစ်ကျမ်းနှင့် တစ်ကျမ်း မညီသကဲ့သို့ ရှိနေရာတွင် ကျမ်းညှိစိစစ်၍ ဝေဖန်စရာရှိလျှင်လည်း ဝေဖန်ပြသွားသည်။ ဋီကာအဆိုနှင့်ဟပ်၍ အချို့နေရာတွင်လည်း ရှင်းလင်းပြသည်၊ အချို့နေရာတွင် ဆိုင်ရာဋီကာကိုပင် သူ့ခေတ်ဖြင့် ဝေဖန်၍ ဋီကာအဆိုကို စစ်ဆေးပြသွားသည်။ စာမြည်းသဘောအနေဖြင့် ထုတ်ပြရလျှင် –

- သုဝဏ္ဏဘူမိဆိုင်ရာ စိစစ်ချက်၊
- သာသနာငါးထောင်နှင့် ယုဂ် ၅-ပါးဆိုင်ရာ ညှိနှိုင်းစိစစ်ချက်၊
- ဓမ္မပဒဋီကာ စိစစ်ချက်၊
- ကထာဝတ္ထုကျမ်းဟောရာ သတ္တရာဇ် စိစစ်ချက်၊
- ဓမ္မပုပတိချွတ်ခန်း စိစစ်ချက်၊
- မြတ်စွာဘုရား တရားဟောစဉ် ဘာသာစကား စိစစ်ချက်၊
- အက္ခရာတစ်လုံး ဘုရားတစ်ဆူ စိစစ်ချက်

စသည်တို့ဖြစ်သည်။

ဤသည်တို့မှာ ပိဋကတ်တော်မှ ခဲကတ်သော အချက်များကို ဖြေရှင်းထားသော အချက်များဖြစ်၍ အလွန်အဖိုးတန်သော စိစစ်ချက်များဖြစ်သည်။ အချုပ်အားဖြင့်ဆိုရလျှင် မဟာစည်ဆရာတော်၏ စိစစ်ချက်သည်

အဋ္ဌကထာတို့ကို ဤသို့ စိစစ်ရသည်ဟု နောက်သားတို့အား နည်းပေး လမ်းညွှန်ပြသနေသော မီးရှူးတိုင်သဖွယ် ဖြစ်ပေတော့သည်။

## ဝိသုဒ္ဓိမဂ်နိဒါန်း ရေးသားတော်မူခြင်း

၁၃၁၉-ခုနှစ် ကမ္ဘာ့အေးဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ဝိသုဒ္ဓိမဂ် ကျမ်း ရိုက်နှိပ်ရန် မဟာစည်ဆရာတော် တည်းဖြတ်ပြင်ဆင်ချိန်က ဖြစ်၏။ တစ်နေ့သ၌ ကမ္ဘာအေး တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ဌာန ကျမ်းပြု အရှင်သီလာနန္ဒာဘိဝံသသည် အမေရိကန်နိုင်ငံ ဟာဗဒ်တက္ကသိုလ်က ရိုက်နှိပ်ထုတ်ဝေသော ရောမအက္ခရာဖြင့် ပုံနှိပ်ထားသည့် ဝိသုဒ္ဓိမဂ်စာအုပ် ကြီးကို ဖတ်ရှုခဲ့သည်။ ဝိသုဒ္ဓိမဂ်ကို တည်းဖြတ်သူမှာ ဟင်နရီကလပ်ခ် ဝါရင့်ဆိုသူ ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးမှာ အချောသတ်တည်းဖြတ်မှု မပြီးဆုံးမီ ၁၉၃၉-ခုနှစ်မှာပင် ကွယ်လွန်ခဲ့သည်။ သူ၏ မပြီးပြတ်သေးသောအလုပ် ကို ဣန္ဒိယနိုင်ငံသား (မြန်မာပြည်၌လည်း နှစ်အတန်ကြာ နေဖူးသော) ပါမောက္ခ ဓမ္မာနန္ဒကောသမ္ဗီဆိုသူက ဆက်လက်လုပ်ကိုင်ရသည်။ ထို စာအုပ်ကို ၁၉၅၀-ခုနှစ်ကျမှပင် ရိုက်နှိပ်နိုင်သည်။

ထိုစာအုပ်ကို ထပ်မံတည်းဖြစ်သူ ပါမောက္ခ ဓမ္မာနန္ဒကောသမ္ဗီက နိဒါန်းစကားကို ရေးသည်။ ထိုနိဒါန်းတွင် **"ဗုဒ္ဓဃောသ ဘဝအကြောင်း"** ဟူသောခေါင်းစဉ်ဖြင့် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသအကြောင်း ကို မတရားစွပ်စွဲ ပုတ်ခတ်၍ ရေးသားထားသည်။ ယင်းတို့ကို ဖတ်ရသော အရှင်သီလာနန္ဒာဘိဝံသသည် ဖြေရှင်းချေပလိုသော စိတ်များစွာ ဖြစ်လေ သည်။ ဤရေးသားချက်တို့ကို တနည်းနည်းဖြင့် ချေပသင့်သည်ဟု ယူဆ သည်။

ဤအကြောင်းကို အကျိုးဆောင်ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသအား လျှောက်ထားရာ ဆရာတော်က အရှင်သီလာနန္ဒာဘိဝံသအား ထိုနိဒါန်းကို မြန်မာပြန်ရန် အမိန့်ပေးသည်။ အရှင်သီလာနန္ဒာဘိဝံသ မြန်မာပြန်ပြီး

နောက် စာကူးစက်ဖြင့် မူပွား၍ ဆင္ဌသင်္ဂါယနာ ဝန်ဆောင်သံဃာ့အဖွဲ့ ဆရာတော်များထံ တင်ပြ၍ ဩဝါဒခံယူသည်။

၁၃၁၉-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့တွင် ဝန်ဆောင် သံဃာ့အဖွဲ့အစည်းအဝေးတစ်ခု ကျင်းပ၍ ဓမ္မာနန္ဒကောသမ္ဘီ၏ စွပ်စွဲချက် များကို ချေပလျက် အရှင်မဟာဗုဒ္ဓဃောသ၏ စစ်မှန်သော အကျိုး အကြောင်း, ဂုဏ်သတ္တိတို့ကို ပေါ်လွင်စေသော နိဒါန်းတစ်ခုကို ရေးသားရန် ဆုံးဖြတ်ကြသည်။ ထိုအစည်းအဝေးကပင် ရေးသားသည့် တာဝန်ကို-

(၁) အနီးစခန်းဆရာတော်

(၂) မဟာစည်ဆရာတော်

(၃) တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသဆရာတော်နှင့်

(၄) အရှင်သီလာနန္ဒာဘိဝံသ တို့အား

တာဝန်လွှဲအပ်ရန် တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။ နိဒါန်း ရေးအဖွဲ့ဝင် ၃-ပါးတို့ကလည်း မဟာစည်ဆရာတော်အား နိဒါန်းမူကြမ်းကို ရေးသားရန် တာဝန်လွှဲအပ်ကြပြန်သည်။

မဟာစည်ဆရာတော်ဘုရားသည် နိဒါန်းရေးရန် တာဝန်ယူပြီးနောက် သက်ဆိုင်ရာ ပါဠိ,အဋ္ဌကထာ,ဋီကာတို့ကိုလည်းကောင်း၊ သာသနာ့သမိုင်း ဆိုင်ရာ ဒီပဝင်, မဟာဝင်, စူဠဝင်, နိကာယသင်္ဂဟ-စသော ကျမ်းတို့ကို လည်းကောင်း၊ ဤနိဒါန်းနှင့် သက်ဆိုင်မည့် ရှေးဟောင်းသုတေသန ဆိုင်ရာ ရေးသားချက်တို့ကိုလည်းကောင်း၊ များစွာသော အင်္ဂလိပ်ဘာသာ ရေးကျမ်းတို့ကိုလည်းကောင်း အထပ်ထပ်ကြည့်ရှု စိစစ်လေ့လာ၍ အချိန် ယူကာ ရေးသားတော်မူသည်။ ထိုသို့ ရေးသားတော်မူပြီးနောက် စာမူ ကြမ်းကို မဟာစည်ဆရာတော်က နိဒါန်းပြုစုရေးအဖွဲ့သို့ တင်ပြတော် မူသည်။ မဟာစည်ဆရာတော်အပါအဝင် အဖွဲ့ဝင်တို့ကလည်း ရှုထောင့် အမျိုးမျိုးမှ ကြည့်ရှု သုံးသပ်ဝေဖန်၍ သေချာစွာ စစ်ဆေးတည်းဖြတ်ကြ သည်။ နိဒါန်းမူကြမ်းမှာ အလွန်ပြည့်စုံနေပြီးဖြစ်ရာ ပြင်ဆင်နှုတ်ပယ်

ဖြည့်စွက်ဖွယ် မရှိဖြစ်၍ မဟာစည်ဆရာတော် ရေးသားတော်မူသည့် အတိုင်း အတည်ပြုလိုက်ကြလေသည်။

ထို **ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ**၏ ပဓာနဦးတည်ချက်မှာ အဋ္ဌကထာ ဆရာ အရှင်မဟာဗုဒ္ဓဃောသအပေါ် မဟုတ်မမှန် စွပ်စွဲထားသော ရေးသားချက်များကို ဖြေရှင်းချေပရန် ဖြစ်သည်။ သို့သော် မဟာစည် ဆရာတော်သည် ထိုမျှဖြင့် တင်းတိမ်တော်မမူဘဲ အရှင်မဟာဗုဒ္ဓဃောသ အကြောင်းနှင့် ဆက်စပ်၍ ပြသင့်ပြထိုက်သော အချက်အလက်မှန်သမျှကို ကျမ်းအမျိုးမျိုးမှ ရှာဖွေစုဆောင်း၍ ဂုဏ်မြောက်စွာ ရေးသားတော်မူခဲ့ သည်။

ရှေးဦးစွာ ဓမ္မာနန္ဒကောသမ္ဗီ၏ စွပ်စွဲချက်ကို ခိုင်လုံသော ယုတ္တိ သာဓကတို့ဖြင့် ချေပရေးသားသည်၊ ထို့နောက် အရှင်မဟာဗုဒ္ဓဃောသ၏ ထေရုပ္ပတ္တိကိုလည်း သဘာဝယုတ္တိရှိအောင် အထူးစိစစ် ရေးသားတော်မူ သည်။ အချို့သောပုဂ္ဂိုလ်တို့က အရှင်မဟာဗုဒ္ဓဃောသရေး ဟု ဆိုသော အချို့အဋ္ဌကထာကျမ်းများသည် အရှင်မဟာဗုဒ္ဓဃောသ၏ လက်ရာ မဟုတ်၊ အခြားမထေရ်တစ်ပါး၏ လက်ရာသာဖြစ်သည်ဟု ဆိုကြသည်။ ထိုအဆိုများကိုလည်း သမာသမတ်ကျသော စိစစ်ချက်တို့ဖြင့် ဝေဖန်ပြဆို ထားပေသည်။ ထို့ကြောင့် အချုပ်အားဖြင့်ဆိုရလျှင် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ သည် ဆဋ္ဌသင်္ဂါယနာက လက်ခံအတည်ပြုအပ်သော **"အရှင်မဟာဗုဒ္ဓ ဃောသ အတ္ထုပ္ပတ္တိအသစ်"** ဟုပင် ဆိုထိုက်လေသည်။

ဆဋ္ဌသင်္ဂါယနာတင်သည့်အတွက် မြန်မာနိုင်ငံက ရအပ်သော အမြတ်အစွန်းတို့တွင် မဟာစည်ဆရာတော်၏ **ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ** သည် တစ်ခုအပါအဝင် ဖြစ်သည်။

ဤနိဒါနကထာဖြင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် အရှင်- မဟာဗုဒ္ဓဃောသဆရာတော်တို့ ရေးမူရေးဟန်ကို အမှီလိုက်နိုင်အောင် ရေးစွမ်းနိုင်သော ပုဂ္ဂိုလ်များ ထင်ရှားရှိကြောင်းကိုလည်း ကြေညာပြီးဖြစ်

သည်။ မြန်မာနိုင်ငံ ဆရာတော်များသည် ပိဋကတ်ကျမ်းသက်သက်မှာသာ ကျွမ်းကျင်ကြသည် မဟုတ်သေး၊ အခြားသမိုင်းဆိုင်ရာ, အယူဝါဒစသည့် ဆိုင်ရာကျမ်းတို့၌လည်း ကျွမ်းကျင်သော ဆရာတော်များဖြစ်ကြောင်း, မည်သည့်အယူအဆကိုမဆို သမာသမတ်စိတ်ထားဖြင့် မျှမျှတတ သဘာဝကျအောင် ဝေဖန်စိစစ်နိုင်စွမ်းသော ဆရာတော်များဖြစ်ကြောင်း ကိုလည်း ပြသပြီးဖြစ်လေသည်။ ဤစကားကို အပြောကြီးသည်ဟု ထင်လျှင် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာကို မင်းတုန်းမင်းလက်ထက်ရေး သာသနဝံသပ္ပဒီပိကာနှင့် နှိုင်းယှဉ်၍ကြည့်ပါဟု တိုက်တွန်းလိုပေသည်။

## မဟာဋီကာနိဿယ ရေးသားတော်မူခြင်း

ပထမသင်္ဂါယနာ တင်စဉ်အခါက အရှင်မဟာကဿပ အမှူးရှိသော သင်္ဂါယနာတင် ရဟန္တာအရှင်မြတ်တို့က ဝိနည်းပိဋကကို တပည့်များအား ပို့ချရန် အရှင်ဥပါလိအား အပ်နှင်းတော်မူကြသည်။ ထို့အတူပင် ဒီဃနိကာယ်ကို အရှင်အာနန္ဒာအားလည်းကောင်း၊ မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့်တို့အားလည်းကောင်း၊ သံယုတ္တနိကာယ်ကို အရှင်မဟာကဿပအားလည်းကောင်း၊ အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါအားလည်းကောင်း ဆိုင်ရာတပည့်များအား ပို့ချရန် အပ်နှင်းတော်မူခဲ့ကြသည်။

သင်္ဂါယနာတင်ပြီးနောက် ကြောင့်ကြမဲ့နေမည် စိုးရိမ်၍လည်းကောင်း၊ ပိဋကတ်တော်များ အဆက်မပြတ် တည်တံ့သွားစေလို၍လည်းကောင်း အရှည်ရှည်မျှော်ကာ ပြုလုပ်တော်မူခဲ့ကြပေသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြီးစီးသောအခါ၌လည်း ဆဋ္ဌသင်္ဂါယနာသံဃနာယက, ဝန်ဆောင်သံဃာ့အဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးသည် သင်္ဂါယနာတွင် ပါဝင်သောဆရာတော်တို့အား နိကာယ်ပါဠိတော်တို့ကို အသီးအသီး တာဝန်ယူ၍ မပြတ်ပို့ချကြရန် တိုက်တွန်းနှိုးဆော်တော်မူသည်။

ထိုအခါ မဟာစည်ဆရာတော်သည် "ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာ, ပဋိသမ္ဘိဒါမဂ်ပါဠိတော်နှင့် ၎င်းအဋ္ဌကထာ, မိလိန္ဒပဥှပါဠိတော်" ဟူသော ဤ ၅-ကျမ်းကို မပြတ်ပို့ချရန် တာဝန်ယူတော်မူသည်။ ဤသို့ တာဝန်ယူပြီးနောက် ၁၃၂၂-ခုနှစ် တပို့တွဲလမှစ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို မဟာဋီကာနှင့်တွဲ၍ ပို့ချတော်မူသည်။ ပို့ချယင်း ရေးခဲ့သော ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယသည် ၁၃၂၈-ခုနှစ် တပို့တွဲလဆန်း ၁၄-ရက်နေ့ ကျမှ ပြီးဆုံးခဲ့သည်။ ပါဠိတစ်တွဲအတွက် နိဿယ ၂-တွဲဖြစ်ရကား မဟာဋီကာနိဿယမှာ အားလုံးပေါင်း ၄-တွဲ ဖြစ်သည်။ မဟာစည်ဆရာတော်သည် ဝိသုဒ္ဓိမဂ်မဟာဋီကာကို ရဟန်းဖြစ်ပြီးစ အခါမှစ၍ သင်ယူလေ့လာခဲ့သည်။

ထို့ကြောင့် အထိုက်အလျောက် ကျေပွန်ပြီးဖြစ်၍ မည်သည့်နေရာ၌ ခက်ခဲသော အချက်များရှိသည်ကိုလည်း သိထားပြီးဖြစ်သည်။ ခက်ခဲသည်ဆိုသော နေရာများမှာလည်း အထူးအားဖြင့် သမယန္တရခေါ် ဟိန္ဒူဒဿနများနှင့် တိုက်ဆိုင်ရေးသားထားသော နေရာများ ဖြစ်သည်၊ ထိုနေရာများကို ပါဠိသက်သက်သာ တတ်သောသူနှင့် သက္ကတတတ်သော်လည်း ဒဿနဆိုင်ရာ သက္ကတကျမ်းများကို မလေ့လာဖူးသောသူတို့ ဖြေရှင်းခြင်းငှါ မစွမ်းနိုင်ကြပေ။

မြန်မာနိုင်ငံ၌ ဣန္ဒိယဒဿနတို့ကို လေ့လာတတ်မြောက်တော်မူခဲ့သော ဆရာတော်မှာ အဘယာရာမဆရာတော်ပင်ဖြစ်သည်။ ဆရာတော်သည် အဘိဓာန်နိဿယသစ်၌ ဟိန္ဒူဒဿနများမှ အချို့ကို ရှင်းလင်းရေးသားတော်မူခဲ့သည်။ သို့သော် ထိုမျှဖြင့် ဝိသုဒ္ဓိမဂ်မဟာဋီကာလာ သမယန္တရပိုင်းဆိုင်ရာ အခက်အခဲတို့ကို ဖျက်ခွဲဖြေရှင်းရန် မလုံလောက်သေးပေ။

ထို့ကြောင့် မဟာစည်ဆရာတော်သည် ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာကို ပို့ချနေယင်း ဣန္ဒိယဒဿနဆိုင်ရာ သက္ကတကျမ်းရင်းတို့ကိုလည်း

ကောင်း၊ အင်္ဂလိပ်ဘာသာရေး ကျမ်းတို့ကိုလည်းကောင်း ရနိုင်သမျှ ရှာဖွေ၍ ကြည့်ရှု လေ့လာတော်မူသည်။ အခြား ပညာရှင်တို့နှင့်လည်း နှီးနှောဆွေးနွေးတော်မူသည်။ ဤသို့ မိမိကိုယ်တိုင် ဒသနတို့ကို နားလည်အောင် လေ့လာအားထုတ်ပြီးသောအခါမှ ဝိသုဒ္ဓိမဂ်မဟာဋီကာ သမယန္တရပိုင်းကို ပို့ချ၍ နိဿယရေးတော်မူသည်။

ထိုနိဿယမှ သမယန္တရပိုင်းကို ထုတ်နုတ်၍ "ဝိသုဒ္ဓိမဂ် မဟာဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယ" ဟူသော အမည်ဖြင့် ကျမ်းငယ်တစ်စောင်ကို ၁၃၂၄-ခုနှစ်တွင် ထုတ်ဝေတော်မူခဲ့သည်။ ထိုကျမ်းကလေး ထွက်ပေါ်လာသောအခါ ကျမ်းတတ်ဆရာတော်များက မဟာစည်ဆရာတော်အား နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ချီးကျူးတော်မူကြသည်။ အချို့ဆရာတော်များက မဟာဋီကာကျမ်းကို နိဿယရေးရန် တိုက်တွန်းတော်မူကြသည်။

## မဟာဋီကာနိဿယ၏ ဂုဏ်ကျေးဇူးများ

မဟာဋီကာနိဿယပထမအုပ် ထွက်ပေါ်လာပြီးနောက် မဟာစည်ဆရာတော်သည် ပရိယတ်ကျွမ်းကျင်သော ထိုထိုဆရာတော်တို့အား ကျမ်းစာအုပ်များကို ဓမ္မဒါနအဖြစ်ဖြင့် လှူဒါန်းတော်မူသည်။ ဒုတိယအုပ်စသည် ထွက်ပေါ်လာသောအခါ၌လည်း ထို့အတူပင် လှူဒါန်းတော်မူသည်။ ဓမ္မဒါနလက်ခံရရှိသော ဆရာတော်များထံမှ ပြန်ကြားစာ, ချီးကျူးစာများလည်း ရရှိခဲ့ရာ ထိုစာများအနက် ၂-စောင်မှ ကောက်နုတ်ချက်ကို မဟာစည်ဆရာတော်သည် နိဿယနိဂုံး၌ ထည့်သွင်းပြသတော်မူသည်။

ချီးကျူးစာပေးပို့သော ဆရာတော် ၂-ပါးမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်နှင့် သပြေကန် ပရိတ်ကြီးနိဿယကျမ်းပြု သပြေကန် အရှင်ဝါသေဋ္ဌာဘိဝံသမထေရ်တို့ ဖြစ်လေသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမထေရ်မြတ်က အောက်ဖော်ပြပါအတိုင်း ချီးကျူးတော်မူသည်။

“ဆရာတော်၏ သမယန္တရပိုင်းဆိုင်ရာ စာအုပ်ကလေးများ ရရှိစဉ်ကပင် မဟာဋီကာ၏ မှီရာနိဿယကို မဟာစည်ဆရာတော်ရေးလျှင် သာလွန်ကောင်းမွန်မည့် အကြောင်းကို အချင်းချင်း နှီးနှောပြောဆိုကြဖူးပါသည်၊ နောက်မကြာမီ မျှော်လင့်သည့်အတိုင်းပင် ၎င်းနိဿယ ပထမအုပ်ထွက်လာသဖြင့် မဟာဋီကာနှင့် စပ်လျဉ်းသည့် တွေဝေမှုတို့ကို ဖြေရှင်းနိုင်တော့မည်ဟု အထူးဝမ်းသာလျက် ရှိကြပါသည်။ (ဤသို့ စသည်ဖြင့် ပြန်ကြားချီးကျူးလိုက်သည်)

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ မထေရ်မြတ်က ဤသို့ ချီးကျူးထောမနာ ပြုတော်မူသည်။

“(မဟာစည်)ဆရာတော်အရှင်မြတ်၏ ထူးခြားသော ဉာဏ်, ထက်သန်သော ဝီရိယ, ကရုဏာတို့ကို အစွဲပြုကာ ဖြစ်ခဲကြီးဖြစ်ပေါ်လာရသော ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကို ဓမ္မဒါနအဖြစ်ရရှိခဲ့ရာ အဖိုးအနဂ္ဃထိုက်တန်လှသော ရတနာအသွင် ထင်မြင်အားရ ဝမ်းမြောက်လှပါသည်၊ ကြည့်ရှုသုံးသပ်မိတိုင်း အနဂ္ဃတရအဖြစ်ကို နှစ်နှစ်ကာကာ နားလည်နိုင်ခဲ့ပါသည်။ ၎င်းဋီကာ သမယန္တရပိုင်း ဂဏ္ဌိနိဿယကို ရခဲ့စဉ် ယခင်အခါကပင် ထိုသမယန္တရပိုင်း နိဿယကို ကြည့်ရခြင်းဖြင့် ထွက်ပေါ်လာမည့် နိဿယ၏ ကောင်းခြင်းအဖြာဖြာ ပြည့်စုံလာမည်ကို မှန်းဆမျှော်လင့်တောင့်တခဲ့ပါသည်။

မျှော်လင့်ခဲ့သည့် အတိုင်းပင် အလွန်တွေ့ရခဲလှသော ကောင်းခြင်းဂုဏ်အင် စုံလင်ပြည့်ဝနေသည်ကို တွေ့ရသည်

ဖြစ်ရာ အားရဖွယ်ကောင်းလှပါသည်။ သကာသမယလည်း နှံ့စပ်ကျွမ်းကျင်လှသဖြင့်လည်းကောင်း၊ ပရသမယ များကိုလည်း ရှာဖွေကြိုးစား လေ့လာထားသဖြင့်လည်း ကောင်း အများ မှောင်အတိကျနေသော အရာများ၌ အလင်းရောင် ထိုးပြပေးနိုင်ခဲ့သည်မှာ ယခုခေတ်သုတေသီ များအဖို့ ကျေးဇူးတင်ဖွယ် ဖြစ်ရပါသည်။ (ဤသို့စသည် ဖြင့် ချီးကျူးတော်မူသည်။)

ဤဆရာတော် ၂-ပါး၏ ချီးကျူးမှုကို ခံရသည်ဆိုသဖြင့်ပင် ဤ မဟာဋီကာနိဿယသည် နိဿယမည်ကာမတ္တ ကျမ်းမျိုးမဟုတ်၊ တကယ် အဆင့်အတန်း မြင့်မားသောကျမ်းဖြစ်ကြောင်း ကျမ်းကိုမကြည့်ရှုရဘဲပင် ခန့်မှန်းနိုင်လောက်ပေသည်။ ကျမ်းကိုကြည့်ရလျှင်ကား ဧကန် အဆင့် အတန်းမြင့်သော ကျမ်းဖြစ်ကြောင်း ကိုယ်တိုင်သိမြင်၍ ဝန်ခံမည်သာဖြစ် ပေသည်။

**ဝိသုဒ္ဓိမဂ်မဟာဋီကာ**သည် သာမညကျမ်း မဟုတ်ကြောင်း မဟာ စည်ဆရာတော်သည် ကောင်းစွာသိတော်မူသည်။ ထို့ကြောင့်ပင် ဆရာ တော်သည် အတတ်နိုင်ဆုံး ကြိုးပမ်းချက်ဖြင့် ဤနိဿယကို ပြုစုတော်မူ သည်။ သက္ကတဘာသာရေး ကျမ်းတို့ကိုသာမက အင်္ဂလိပ်ဘာသာရေး ကျမ်းတို့ကိုပါ ကြည့်ရှုတော်မူခဲ့ရသည်။ ပုဒ်တစ်ပုဒ်မျှ (ဝါ) အဓိပ္ပါယ်တစ်ခု ကိုမျှ နားလည်နိုင်ရန်အတွက် ဆိုင်ရာအခန်းတစ်ခန်းလုံးကို ဖတ်ရှုခဲ့ရ သည်တို့လည်းရှိသည်၊ ဤမျှ ကြိုးပမ်းတော်မူခဲ့ရသည်။ ဤသို့ ကြိုးပမ်း ရခြင်း၏ ဂုဏ်ကျေးဇူးကို ထေရုပ္ပတ္တိရေးဆရာတော်က ဤသို့ မှတ်တမ်း တင်တော်မူသည်။

"ဤသို့ အဖက်ဖက်မှ ပြည့်စုံအောင် ကြိုးပမ်းတော်မူ ခဲ့သဖြင့်လည်း မဟာဋီကာနိဿယသည် "**သမန္တဘဒ္ဒ** =

**အဖက်ဖက်မှ ကောင်းသော ကျမ်းတစ်ကျမ်း**"အဖြစ် သာသနာတော်၌ တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်ပေသည်"။

## အခြားပုဂ္ဂိုလ်များ၏ ချီးမွမ်းထောမနာများ

မဟာစည်ဆရာတော် ရေးသား, ဟောကြား, ပြုစုတော်မူခဲ့သော ကျမ်းများကား တစ်စောင်မက, ဆယ်စောင်မက အကြီး, အငယ်, အလယ် အလတ် အရွယ်အစားစား ရှစ်ဆယ်ကျော်မျှရှိသည်ဟု သိရှိရပေသည်။ ထိုရှိသမျှကျမ်းများကို သုံးသပ်ဝေဖန်နေလျှင် ဆောင်းပါးစာတမ်း မဟုတ်တော့ဘဲ ကျမ်းဂန်ကြီးတစ်စောင် ဖြစ်နိုင်လောက်ပေသည်။ မိမိအနေဖြင့် ဤမျှ ကြီးကျယ်အောင် ရေးခြင်းငှါလည်း မရေးစွမ်းနိုင်၊ ရေးသားရန်လည်း မလိုအပ်တော့သဖြင့် အခြားကျော်ကြားသော ပုဂ္ဂိုလ်များ၏ ချီးကျူးမှုများတွင် ထင်ရှားသောပုဂ္ဂိုလ်နှစ်ပါးတို့၏ ချီးကျူးမှုကိုသာ ဖော်ပြလိုပေသည်။

ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်တွင် သဘာပတိဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု မန္တလေး မစိုးရိမ်ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တ-သူရိယာဘိဝံသ)က မဟာစည်ဆရာတော်အား ချီးကျူးတော်မူကြောင်းကို မစိုးရိမ် ထေရုပ္ပတ္တိကထာ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"မဟာစည်ဆရာတော်ဟာ ဒို့များထက် ဉာဏ်သာတယ်၊ ဒို့များမမြင်တဲ့ စာမှားပေမှားများကို မြင်အောင် ကြည့်နိုင်တယ်၊ အရှင်အနုရုဒ္ဓါတို့, ဋီကာကျော်ဆရာတို့, အခြားကျမ်းပြုဆရာတို့ မမြင်တဲ့ အမှားများကိုတောင် မြင်အောင်ကြည့်နိုင်တယ်၊ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း ဒိဋ္ဌိဝိသုဒ္ဓိ အခန်းမှာ နာမ်, ရုပ်တို့ကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဖြင့် ပိုင်းခြားသိရမည်ဆိုရာ ပဒဋ္ဌာန်ကို ဒိဋ္ဌိဝိသုဒ္ဓိ

အခန်းမှာ မဆိုသင့်သေးဘဲ ကင်္ခါဝိတရဏီဝိသုဒ္ဓိအခန်းမှာမှ ဆိုသင့်ကြောင်း ဆဋ္ဌသင်္ဂါယနာတင်စဉ်က မဟာစည်ဆရာတော်က ထောက်ပြနိုင်ခဲ့တယ်။ ဒီကရေ့ မဟာစည်ဆရာတော်ထက် သာသူကို မပြောနဲ့၊ တန်းတူပုဂ္ဂိုလ်ကိုတောင် တွေ့ရဖို့မလွယ်ဘူး။ မဟာစည်ဆရာတော်ရဲ့ စွမ်းရည်သတ္တိကို သိလို့လဲ ဒီဝိသုဒ္ဓိမဂ်မဟာဋီကာကို နိဿယပြုစုဖို့ ဒို့များက တိုက်တွန်းရတယ်။ (ထေရုပ္ပတ္တိ။ ၁၃၃။)

ထို့ပြင် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဝိသုဒ္ဓါရုံ ပိုက်ကျိုးဆရာတော်ဘုရားကြီးကလည်း မဟာစည်ဆရာတော်၏ ဉာဏ်ရည် ဉာဏ်စ အစွမ်းသတ္တိများကို ယယ်ယယ်ကပင် သိတော်မူခဲ့သဖြင့် **"မဟာစည်ဆရာတော်ဟာ ယခုခေတ်ကျော်ကြားထင်ရှား လူသိများနေတဲ့ ဆရာတော်များထက်ပင် သာလွန်တယ်"**ဟူ၍ စာရေးသူအား မိန့်ကြားတော်မူခဲ့သည်။

စစ်ကိုင်းတောင်ရိုး၌ ဒေသစာရီလှည့်လည်ပြီး ပြန်ကြွလာသော ဘုန်းတော်ကြီးတစ်ပါးက စစ်ကိုင်းမှာ သတင်းတစ်ခု ကြားခဲ့ကြောင်း၊ ယင်းသတင်းမှာ ဟုတ်မှန်ဖွယ်ရှိ၍ အားရကြည်ညိုဖွယ်လည်း ကောင်းကြောင်း စကားချီကာ **"ဆဋ္ဌသင်္ဂါယနာခေတ်မှ ဤဘက်၌ မြန်မာပြည်မှာ စာအတတ်ဆုံး ဆရာတော် ၃-ပါးရှိတယ်၊ ယင်း ၃-ပါးတွင် မဟာစည်ဆရာတော်ဟာ ထိပ်ဆုံးမှပါဝင်နေတယ်"** ဟူ၍ မိန့်ကြားသည်ကိုလည်း ကြားခဲ့ရဖူးပေသည်။

ဤမျှဖြင့် ကျေးဇူးတော်ရှင် သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီး၏ **"ထူးမြတ်ထင်ပေါ် ဘက်စုံတော် ဆရာတော်"**၏အဖြစ် သိသာထင်ရှားလောက်ပေပြီ။

## နိဂုံးချုပ်

ဤသို့ ထူးလည်းထူး, မြတ်လည်းမြတ်၍ မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာ အရပ်ရပ်တို့၌ နှံ့စပ်ကျော်ကြား ထင်ရှားတော်မူသော သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့်တကွ မဟာစည် ပဋိ-ပတ္တိသာသနာဝင်ကျမ်းကြီး ၁၃၃၆-ခုနှစ်က ထွက်ပေါ်လာရာ မိမိလက် သို့ကား မရောက်သေးပေ။ ဝက်လက်မြို့ မစိုးရိမ်ဆရာတော် ဦးတိဿ အရှင်မြတ် အဘယာရာမရွှေဂူကျောင်းတိုက် သာသနောဒယကျောင်းသို့ ကြွရောက်လာပြီး မဟာစည်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိရေးသား ပေးရန် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသအား မေတ္တာရပ်ခံသည်။ ထိုစဉ်အခါ အနီးအပါးတွင် မိမိလည်းရှိနေသည်။ သာသနာဝင်ကျမ်းကြီး ထွက်ပေါ်လာပြီးနောက် ကာလအတန်ကြာသည့် တစ်ခုသော နံနက်ခင်း တွင် သာသနောဒယကျောင်းသို့ ရောက်၍ စာအုပ်စင်မှ စာအုပ်ကြီးကို ယူကာ မဟာစည်ထေရုပ္ပတ္တိကို ဖတ်နေမိသည်။

ထိုအခါ အပြင်မှ ပြန်ကြွလာသော ဆရာတော် အရှင်သီလာနန္ဒာ-ဘိဝံသက မိမိအား-

"ဦးပဥ္စင်း! ဘာစာတွေ ဖတ်နေတာလဲ"ဟု မေးတော်မူရာ မိမိက-

"ကိုယ့်ဆရာသမားရေးတဲ့ မဟာစည်ထေရုပ္ပတ္တိကို ဖတ်နေတာပါ ဘုရား"ဟု လျှောက်သည်။ ဆရာတော်က-

"ဦးပဥ္စင်းတို့ကတော့ မဟာစည်ထေရုပ္ပတ္တိကို ဦးသီလာနန္ဒက ရေးတယ်၊ ဒါလောက်ပဲ သိမှာပဲနော်"ဟု အမိန့်ရှိရာ မိမိက "ဒါလောက်ပဲ သိတာပေါ့ဘုရား၊ ဘာကို သိရဦးမှာလဲ"ဟု လျှောက်သည်။

"(မဟာစည်) ဆရာတော်ဘုရားကြီး ကြိုးပမ်း အားထုတ်နေတဲ့ ရဟန်းကိစ္စ ပြီးပါပြီလားလို့ ထေရုပ္ပတ္တိကျမ်းကို ရေးပြီး ဦးသီလာနန္ဒက မေးလိုက်တာ"ဟု ဆရာတော်က မိန့်သည်။

ဤတွင် မိမိက "ဘုန်းကြီး၊ ဘယ်လိုဖြေသလဲဘုရား"ဟု လျှောက်ရာ "ပြီးပြီလို့ ဝန်ခံတယ်"ဟု ဆရာတော် ဦးသီလာနန္ဒက မိန့်သည်။

ဆက်လက်၍ မိမိက-

"ဘာကို ထောက်ပြီး ဒီလို ဝန်ခံတယ်လို့ ပြောနိုင်ပါလဲဘုရား" ဟု မေးကြည့်ရာ "ထေရုပ္ပတ္တိထဲမှာ "အညာဗျာကရဏလော" ဆိုတဲ့ ခေါင်းစီးနဲ့ ရေးထားတဲ့ အချို့စကားပိုဒ်တွေကို ရဟန်းကိစ္စမပြီးသေးရင် ဖျက်ပစ်ရမှာ၊ ဆရာတော်ကြီးက ဖျက်မပစ်ဘူး၊ ဒါဟာ ဝန်ခံခြင်းပဲ"ဟု ထေရုပ္ပတ္တိရေး ဆရာတော်က အမိန့်ရှိသည်။

"ဒီလို မဖျက်တာနဲ့ ဝန်ခံတယ်လို့ ပြောနိုင်ပါမည်လားဘုရား" ဟု မေးမြန်းရာ ဆရာတော်က-

"ဦးပဥ္စင်း၊ မဟာစည်ဆရာတော်ဟာ ဒါလောက်မညံ့ဘူး၊ အရာရာမှာ အကင်းပါးတယ်"ဟု အမိန့်ရှိလေသည်။

ထိုအခါ မိမိသည် ဆရာတော်၏ စကားကို မပယ်နိုင်ဘဲ သာမဏေဘဝ(၁၃၁၉-ခုနှစ်ခန့်)က ဆင်ဖြူကျွန်းမှ ဆရာတော်တစ်ပါးက သူ ရဟန်းကိစ္စပြီးကြောင်း ကြော်ငြာစာတစ်စောင် ထုတ်ဝေရာ **"မဟာစည်ဆရာတော်ဘုရားကြီးလဲ ဘယ်လ, ဘယ်ရက်က ရဟန်းကိစ္စပြီးတယ်"** ဟု ထည့်သွင်းထားသည်ကို ပြန်လည်သတိရမိသည်။ ထို့နောက် ဝမ်းမြောက်ဝမ်းသာဖြစ်နေသော မိမိသည် ထေရုပ္ပတ္တိကျမ်းကို ဖွင့်လှန်ကြည့်ရှုရာ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ၏ ရေးသားချက်များကို ဤသို့ တွေ့ရှိရလေသည်။

> "အဋ္ဌကထာ၏ အဖြေကို ဖတ်ပြီးနောက် ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ အခန်း (၅) (သတ္တမနိပ်၊ စာမျက်နှာ-၄၀)လာ အောက်ပါစာပိုဒ်ကို ဖတ်ကြည့်ပါ။
>
> ဤ သိမှတ်မှု ဝိပဿနာဉာဏ်သည်လည်း ဣန္ဒြေငါးပါး ရင့်သောခဏ၌ အမှတ်အထူး ကောင်းနေစဉ်အတွင်း

မှာပင် တစ်ကြိမ်ထက်တစ်ကြိမ် သာ၍သွက်လက်ရှင်းလင်းစွာ အနည်းဆုံး သုံးလေးခါမျှ သိမြင်ပြီးလျှင် ထိမှု, သိမှု, ကြားမှု, မြင်မှု, စားမှု, နံမှု ဟူသော ဤသင်္ခါရ ၆-မျိုးတွင် ထိုခဏ၌ ထင်ရှားဖြစ်ပျက်သော သင်္ခါရတစ်မျိုးမျိုးကို မှတ်သိပြီးသည်နှင့် တပြိုင်နက် (မှတ်ရတဲ့အာရုံနဲ့ မှတ်သိမှု ဟူသော သင်္ခါရ အလုံးစုံကင်းပြတ် ချုပ်ငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်လျက် မဂ်, ဖိုလ်အဖြစ်သို့သာလျှင် ဆိုက်ရောက်သွား တော့၏။) ဤ၌ ကွင်းပြထားသော စကားများမှာ ကိုယ်တွေ့မရှိသူ၏ စကားများ ဖြစ်နိုင်ပါမည်လော"။

အရှင်သီလာနန္ဒာဘိဝံသ၏ ဖေါ်ပြပြီးစကားများကို ဖတ်ရှုပြီးနောက် **"ထူးမြတ်ထင်ပေါ် ဘက်စုံတော် ဆရာတော်"** ဖြစ်တော်မူမည့် ပဋိပတ္တိ သာသနာပြု မဟာစည်ဆရာတော်ဘုရားကို ရွှေဘိုမြို့ ဆိပ်ခွန်ရွာမှ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ပင့်ဆောင်ကာ ပဋိပတ္တိသာသနာပြု လုပ်ငန်းနှင့် ဆဋ္ဌသင်္ဂါယနာတင်လုပ်ငန်းတို့၌ ရှေ့တန်းခေါင်းဆောင်ဆရာ တော်အဖြစ် ရွေးချယ်တင်မြှောက်တော်မူကြသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ လူကြီးမင်းများနှင့် ဆဋ္ဌသင်္ဂါယနာဝန်ဆောင်သံဃာ့အဖွဲ့ ဆရာတော်များ အား အထူးကျေးဇူးတင်ကာ ဝမ်းမြောက်မဆုံးဖြစ်မိပါကြောင်း ပြောကြား ယင်း ဤစာတမ်းကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသတည်း။

အရှင်အဂ္ဂညာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး။

## ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သီလာနန္ဒာဘိဝံသ
## ၏
# သီဟနာဒကထာ - ရဲရဲတောက် ဩနဲ့ဆိုချက်များ

လွန်ခဲ့သည့် (မြန်မာ-၁၃၆၂၊ ခရစ်-၂၀၀၀)ခုနှစ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်နှင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် အရှင်သီလာနန္ဒာဘိဝံသအား မြန်မာနိုင်ငံ ရန်ကုန်မြို့ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ပညာရှင်များက "စာပေပါရဂူ"ဘွဲ့ ဆက်ကပ်ပူဇော်ကြောင်း သတင်းစာများတွင် ဖတ်ရှုခဲ့ရသည်။ ထိုစဉ်က မိမိအနေဖြင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။ အကြောင်းကား — မြန်မာနိုင်ငံတွင် အကြီးကျယ်ဆုံး တက္ကသိုလ်ကြီးက ရှာမှရှားသည့် ပညာရှင်ပုဂ္ဂိုလ်ကြီးအား ထိုက်တန်သော ဘွဲ့ထူးဂုဏ်ထူးဖြင့် ချီးကျူးပူဇော်သောကြောင့်ပင်။

ဆရာတော် အရှင်သီလာနန္ဒာဘိဝံသသည် အလိုနည်းမှု (အပ္ပိစ္ဆာ) ဂုဏ်ရှိသူဖြစ်၍ သူ၏ သီလ, သမာဓိ, ပညာဂုဏ်နှင့် စာပေပရိယတ္တိဂုဏ်တို့ကို အခြားသူတို့ သိရှိအောင် ထုတ်ဖော်ပြသတတ်သူ မဟုတ်ချေ။ ထို့ကြောင့်ပင် ဆရာတော်သည် သက်တော် (၅၀)ပြည့်သည့်တိုင်အောင် သူ၏ စွမ်းရည်သတ္တိ, စာပေဂုဏ်မြင့်မားမှုတို့နှင့် နှိုင်းစာလျှင် လူသိမများလှသော ပညာရှင်ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ သို့ရာတွင် ဆရာတော် ပြုစုရေးသားခဲ့သော ကျမ်းဂန်များ၊ စာစောင်, စာတမ်းများကို သေချာစွာ ကြည့်ရှုလေ့လာသူ သုတေသီပုဂ္ဂိုလ်များနှင့် ဆရာတော်ထံတွင် ပညာဆည်းပူး

ရယူခဲ့သော တပည့်များကား တိုင်းတာ၍မရနိုင်အောင် နက်နဲစူးရှသည့် ပညာရှင်ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း ကောင်းစွာသိရှိကြပေသည်။

ဆရာတော်သည် ကျမ်းဂန်ရေးသား ပြုစုရာ၌လည်းကောင်း၊ စာပေပို့ချ သင်ပြရာ၌လည်းကောင်း အများသူငါ မသိမမြင်နိုင်သော တိမ်မြုပ်ခက်ခဲသည့် အကြောင်းအရာ အချက်အလက်တို့ကို ကွက်ကွက်ကွင်းကွင်း ထင်လင်းအောင် ဖေါ်ထုတ်ရေးသား ပြသနိုင်သော စွမ်းရည်သတ္တိရှိသူ ပုဂ္ဂိုလ်ထူးဖြစ်ပေသည်။ ထို့ကြောင့်ပင် ဆရာတော်၏ မိန့်ဆိုချက်များသည် မှန်ကန်တိကျ၍ တုံ့ပြန်ချေဖျက်ရန် ခဲယဉ်းလှသည့် **သီဟနာဒကထာများသာ** ဖြစ်လေသည်။

သီဟနာဒကထာဟူသည်မှာ –

(၁) မဖေါက်မပြန် မှန်ကန် ကောင်းမြတ်သော စကား

(၂) ကြောက်ရွံ့ ခြင်းမရှိ ရဲရင့်ခိုင်မာသော စကား

(၃) တုံ့ပြန် မပယ်ဖျက်နိုင်သော စကား–ဟူ၍ အဓိပ္ပါယ်ရသည်။

သဗ္ဗညုဘုရားရှင်တို့ ဟောကြားတော်မူအပ်သော တရားတော် စကားတော်များသည် ပြဆိုခဲ့ပြီး အဓိပ္ပါယ်ရရှိသည့် သီဟနာဒကထာများသာ ဖြစ်သည်။ သဗ္ဗညုဘုရားရှင်တို့၏ တရားတော် စကားတော်များသာမက တပည့်သာဝကများ၏ ရဲရဲတောက်မိန့်ဆိုအပ်သော အဆုံးအဖြတ် အဆိုအမိန့်များကိုလည်း **သီဟနာဒကထာ**ဟူ၍ပင် ဆိုရပေသည်။

အရှင်သီလာနန္ဒာဘိဝံသသည် ၁၂၈၉–ခုနှစ် နတ်တော်လပြည့်ကျော် ၈–ရက် (၁၆–၁၂–၁၉၂၇) သောကြာနေ့တွင် မွေးဖွားခဲ့သည်။ သာမဏေနှင့် ရဟန်းငယ်ဘဝတွင် စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယ ချောင်တွင် သီတင်းသုံးနေထိုင်ခဲ့ပြီး စစ်ကိုင်းတောင်ရိုးရှိ ကျမ်းဂန်တတ် ဆရာတော်များထံတွင် စာပေကျမ်းဂန်များကို လေ့လာသင်ယူခဲ့သည်။ အစိုးရဓမ္မာစရိယစာချတန်းနှင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း

သကျသီဟ စာသင်, စာချတန်းတို့ကို ဒက္ခိဏာရာမဘုရားကြီးတိုက်တွင် သီတင်းသုံးနေထိုင်ကာ အောင်မြင်တော်မူခဲ့သည်။ စာမေးပွဲကိစ္စ ပြီးဆုံးပြီးနောက် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်တွင် မူလဝိသောဓက, ပဋိ-ဝိသောဓကနှင့် ဩသာနဝိသောဓကအဖြစ်ဖြင့် သင်္ဂါယနာကိစ္စ အဝဝကို ဆောင်ရွက်ပြီးနောက် သီရိလင်္ကာ (သီဟိုဠ်ကျွန်း) သို့ ကြွရောက်ကာ သက္ကတဘာသာ, အင်္ဂလိပ်ဘာသာ-စသော ဘာသန္တရတို့ကို လေ့လာ ဆည်းပူးတော်မူခဲ့သည်။ ထို့ကြောင့်ပင် ဆရာတော်သည် **ပါဠိ, သက္ကတ, ပါကတ, အင်္ဂလိပ်, ဟိန္ဒီ, ဘင်္ဂလီ**-စသော ဘာသန္တရတို့ကို နိုင်နင်းပွန်းတီးစွာ တတ်ကျွမ်းလိမ္မာတော်မူသည်။

ဆရာတော် အရှင်သီလာနန္ဒာဘိဝံသသည် သီရိလင်္ကာမှ ပြန်လည်ကြွရောက်တော်မူလာပြီး ဆဋ္ဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေတွင် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးကို ဦးစီးရေးသား တည်းဖြတ်တော်မူသည်။ အခြားသော ကျမ်းဂန်သုတ်သင်ခြင်း, နိဒါန်းရေးသားခြင်း-စသောကိစ္စတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၂၉-ခုနှစ်တွင် မန္တလေးမြို့ စိန်ပန်းရပ် အဘယာရာမ ရွှေဂူတိုက်သို့ ကြွရောက်သီတင်းသုံးတော်မူကာ ဒုတိယနာယကအဖြစ် ဆောင်ရွက်တော်မူသည်။ ထိုစဉ်က ရူပသိဒ္ဓိ, မောဂ္ဂလ္လာန်-စသော ပါဠိဗျာကရုဏ်းကျမ်းများ၊ မုဒ္ဓဗောဓ, ကာတန္တ-စသော သက္ကတဗျာကရုဏ်းကျမ်းများ၊ ကာဗျာဒါသ-စသော သက္ကတအလင်္ကာကျမ်းများ၊ သုတဗောဓ-စသော သက္ကတဆန်းကျမ်းများ၊ တက္ကသင်္ဂဟ-စသော ဒဿနကျမ်းများနှင့်တကွ ပါကတပ္ပကာသ- စသော ပါကတဘာသာ ဗျာကရုဏ်းကျမ်းများကို ပို့ချတော်မူခဲ့သည်။ ယခုအခါ အရှင်သီလာနန္ဒာဘိဝံသသည် အဘယာရာမရွှေဂူတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဖြစ်တော်မူသည်။

ဆရာတော် စိုးမိုးအုပ်ချုပ်ရာ အဘယာရာမရွှေဂူတိုက်ကြီးသည် ကမ္ဘာက အသိအမှတ်ပြုရသည့် အဆင့်အတန်းမြင့်မားသော ပရိယတ္တိစာသင်တိုက်ကြီး ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် — ပထမအဘယာရာမ ရွှေဂူဆရာတော်သည် မြန်မာပြည်တွင် သက္ကတဘာသာ အတတ်ကျွမ်းဆုံး ပုဂ္ဂိုလ်အဖြစ် ကျော်ကြား၍ ဣန္ဒိယ, သီရိလင်္ကာ, ထိုင်း, ဂျပန်စသော နိုင်ငံများသို့တိုင်အောင် ထင်ရှားသော ကျမ်းဂန်တတ်ဆရာတော် ဖြစ်တော်မူသည်။ ဒုတိယဆရာတော် အရှင်ပဒုမသည်လည်း ကျမ်းဂန်တတ်ဆရာတော်ပင် ဖြစ်သည်။ တတိယဆရာတော် အရှင်သီလာနန္ဒာဘိဝံသမှာမူ အထူးရေးသား ဖော်ပြနေဖွယ်ပင် မလိုသည့် ပညာရှိ ပညာကျော် ဆရာတော်ဖြစ်တော်မူသည်။ ဆရာတော်များ သီတင်းသုံး အုပ်ချုပ်တော်မူရာ အဘယာရာမ ရွှေဂူတိုက်ကြီးသည် ကေသရာခြင်္သေ့မင်းများ ကိန်းအောင်းရာ ရွှေဂူကြီးပမာ ကျမ်းဂန်တတ် ပညာကျော် ဆရာတော်များ၏ သီဟနာဒအသံတော်ဖြင့် ဟိန်းဟောက်စံပျော်ရာ ရွှေဂူကြီးပင် ဖြစ်ပါပေသည်။

ပထမ အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ ရေးသားစီရင်အပ်သော ကျမ်းဂန်များ၌ အလွန်ပင် မှန်ကန်တိကျ၍ တုံ့ပြန်မပယ်ဖျက်နိုင်သော သီဟနာဒကထာ ရဲရဲတောက် အဆိုအမိန့် အဆုံးအဖြတ်များ များစွာပါရှိပေသည်။ ယင်းတို့တွင် ဤ၌သိသာရုံ အမြွက်မျှ ဖော်ပြပါမည်။

(၁) မောဂ္ဂလ္လာန်နိဿျ နိဒါန်းအကျယ်၌ -

"ကစ္စာယနအပဒါနဋ္ဌကထာ၌ သဒ္ဒါကျမ်းကို တေဒဂ်ရမဟာကစ္စာယနမထေရ်ဖြတ် ဟောအပ်သည် ဟု ဆို၏။ ထိုကျမ်းသည် ပါဠိသံဝဏ္ဏနာဖြစ်၍ အဋ္ဌကထာအမည်ရသော်လည်း ပညာရှိတို့ ပမာဏပြုလောက်သော ကျမ်း

မဟုတ်သည်၏အဖြစ်ကို ထိုကျမ်း၏ အဆိုအမိန့်ဖြင့် သိအပ်၏။ အပဒါန်နိသျပြု ဒုတ်ကျောင်းဆရာတော်လည်း ထိုကျမ်းကို ပမာဏမပြု”

ဟူ၍ မိန့်ဆိုထားသည်။ ဤမိန့်ဆိုချက်သည် သီဟနာဒကထာ ဟုတ်, မဟုတ် အပဒါန်အဋ္ဌကထာကို လေ့လာသုံးသပ်ဖူးသော ပညာရှင်များ သိနိုင်ပေသည်။

(၂) မောဂ္ဂလ္လာန်နိသျ ဏာဒိကဏ္ဍ၊ ၁၉- သုတ်နိသျ အောက်ခြေမှတ်ချက်၌ ဤသို့ မိန့်ဆိုတော်မူသည်။

“ဤသို့ ပါဏိနီ-စသော ဗျာကရဏ်းဆရာတို့သည် ဝရဏာ, ပဥ္စာလာ-စသော သဒ္ဒါတို့၏ ရူဠှီအဖြစ်ကို ဆို၍ အနွတ္ထအဖြစ်ကို ဆိုကြသော ပေါရာဏသဒ္ဒသတ္ထည္ဟုတို့၏ အဆိုကို ပယ်ပြီးဖြစ်ခြင်းကြောင့် အဋ္ဌကထာဆရာသည် လည်း ထိုပါဏိနီ-စသည်တို့နှင့်အညီ ကောသလာ, ကုရူ-စသော သဒ္ဒါတို့၏ ရူဠှီအဖြစ်ကို ဆိုတော်မူ၏။ ဋီကာတို့၌ကား- ပါဏိနီအဆိုကိုမညွှန်ပြဘဲ ပေါရာဏသဒ္ဒသတ္ထည္ဟု တို့၏ အဆိုကို ညွှန်ပြ၍ “အယမေတ္ထ ရူဠှီ” ဟု အဋ္ဌ-ကထာစကားနှင့် စပ်သော်လည်း မစပ်မိလေ”။

အဘယာရာမဆရာတော်၏ ဤသုံးသပ်ချက်သည် အံ့ဖွယ်သူရဲ ထူးကဲလှပေသည်။ အရှင်ဓမ္မပါလ-စသော ဋီကာဆရာ များ၏စကားကို ရဲဝံ့ပြတ်သားစွာ ဝေဖန်ထားသဖြင့် သီဟနာဒအစစ် ဖြစ်ပါပေသည်။

(၃) မောဂ္ဂလ္လာန်နိသျ ခါဒိကဏ္ဍ၊ ၁၁၀- သုတ်၏ အောက်ခြေမှတ်ချက်၌-

“ရူပသိဒ္ဓိ, မောဂ္ဂလ္လာန်တို့၌ တညီတည်းဆိုသည်ဟုလည်း ပမာဏမဟုတ်။ အဋ္ဌကထာဆရာမြတ်တို့ပင် ရံခါ

ပါဠိပျက်ကို ဖွင့်မိတတ်၏။ ထိုစကား ထင်ရှားရုံ ဥဒါဟရဏ်
တစ်ခုပြပေအံ့"

ဟု မိန့်ဆိုထားသည်။ ဤသို့ မိန့်ဆိုပြီးနောက်

"ဥသ္မဋ္ဌ ပဋိစ္စာတိ တယော ဝါရေ ဂါဟာပိတံ ဥသုမံ
ပဋိစ္စ၊ ဦသဋ္ဌာတိပိ ပါဌော၊ အယမေဝတ္ထော"

ဟူသော အင်္ဂုတ္တရဋ္ဌကထာ(အံ၊ဋ္ဌ၊၂။၁၉၅) စကားသည် ဥသ္မဋ္ဌ-ဟူသော ပါဠိပျက်ကို ပါဠိမှန်ထင်ကာ ဖွင့်ဆိုထားသော စကားဖြစ်ကြောင်း ရဲဝံ့စွာ မိန့်ဆိုထားသည်။ အဘယာရာမဆရာတော်၏ ဤမိန့်ဆိုချက်သည်လည်း ပယ်ဖျက်ရန် ခဲယဉ်းလှသဖြင့် "သီဟနာဒကထာ"ပင် ဖြစ်ပေသည်။

ယခုအခါ ကမ္ဘာ့ဗုဒ္ဓသာသနာပြု တတိယ အဘယာရာမဆရာတော် အရှင်သီလာနန္ဒာဘိဝံသ၏ သီဟနာဒကထာများကို ဖော်ပြရန် အခွင့် ရောက်လာပေသည်။ ဆရာတော်သည် ပိဋကပါဠိပညာနှင့် စပ်၍ ကမ္ဘာက အလေးအမြတ်ပြုရမည့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးကို ဦးစီး ရေးသား တည်းဖြတ်တော်မူခဲ့သည်။ အဆိုပါ အဘိဓာန်ကျမ်းကြီး ပထမတွဲ ပြီးစီးသောအခါ ခန့်ညားထည်ဝါသော နိဒါန်းရေးသားရန် လိုအပ်လာပေသည်။

ဤတွင် ပါဠိ, သက္ကတ, ပါကတ, အင်္ဂလိပ်, ဟိန္ဒီ-စသော ဘာသန္တရပညာ ကောင်းစွာတတ်မြောက်ထားသော ဆရာတော်သည် "ပါဠိဘာသာနှင့် ပါဠိစာပေသမိုင်း"တို့ကို ၃-ပိုင်းခွဲခြား ရေးသားပြီးလျှင် ပါဠိအဘိဓာန်သမိုင်းကို ဝေဝေဆာဆာ ရေးသားတင်ပြထားပေသည်။ ထိုနိဒါန်းတွင် ပါဠိဘာသာသည် နဝီနသက္ကတ (နောက်ပေါ် သက္ကတ)နှင့် မတူဘဲ ဝေဒကျမ်းသုံး ဝေဒိကသက္ကတနှင့်သာ ရုပ်အစီအရင်ဟူသော အချက်များ များစွာတွေ့ရှိရသောကြောင့် နဝီနသက္ကတဘာသာထက် ရှေးကျကြောင်း သုံးသပ်ထားပေသည်။ ဆရာတော်၏ ဤသုံးသပ်ချက်

သည် တုံ့ပြန်ပယ်ဖျက်ရန် ခဲယဉ်းလှသည့် **"သီဟနာဒကထာ"**ပင် ဖြစ်ပေသည်။

ဤသို့သော အံ့သြဖွယ်ရာ အရေးအသားတို့ဖြင့် ခြယ်မှုန်းထားအပ်သော တိပိဋက ပါဠိ-မြန်မာ အဘိဓာန်နိဒါန်းကို သီးခြားစာအုပ်အဖြစ် ရိုက်နှိပ်ကာ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ပါဠိဘာသာသင်တန်းသား, ကျောင်းသူ, ကျောင်းသားများအတွက် ပြဋ္ဌာန်းခဲ့ဖူးလေသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွာသာသနာ ရောက်ရှိလာသည်မှာ ရှေးဟောင်း သုတေသနဌာန၏ တူးဖော်တွေ့ရှိချက်အရ ခရစ်နှစ် နှစ်ဦးပိုင်းလောက်ကပင်ဖြစ်ကြောင်း သိရှိရပေသည်။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓသာသနာရောက်လာသည့်အခါ ပါဠိဘာသာ ပိဋကကျမ်းစာတို့ကို လေ့လာသင်ယူကြပြီး ပါဠိဘာသာကျမ်းဂန်များကို ရေးသားပြုစုကြသည်။ သို့ရာတွင် မြန်မာနိုင်ငံသားတို့၏ ပါဠိဘာသာ အရည်အသွေးနှင့် အရေးအသားသည် သီရိလင်္ကာ(သီဟိုဠ်)ကျွန်းသားတို့၏ အရည်အသွေးနှင့် အရေးအသားကို မမှီဟူ၍ ပညာရှင်များက ဝေဖန်ကြသည်။

မြန်မာနိုင်ငံဖြစ် ပါဠိကျမ်းဂန်တို့တွင် ပုဂံခေတ် "သဒ္ဒနီတိ"ကျမ်းနှင့် ပင်းယခေတ် "အဘိဓာန်ဋီကာ"ကျမ်းတို့သည် အရည်အသွေးကောင်းသော မြန်မာနိုင်ငံဖြစ် ပါဠိကျမ်းဂန်တို့တွင် အထင်ရှားဆုံးဖြစ်သည်။ ယင်း ၂-ကျမ်းကို ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓကအဖွဲ့က တည်းဖြတ်ပြင်ဆင်၍ ဗုဒ္ဓသာသနာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ရာ ဆရာတော်သည် ပါဠိဘာသာဖြင့် နိဒါန်းရေးသားတော်မူသည်။

သဒ္ဒနီတိကျမ်း၏ နိဒါန်း၌ သက္ကတဘာသာဗျာကရဏ်းကျမ်းများနှင့် မာဂဓဘာသာဗျာကရဏ်းကျမ်းတို့၏ သမိုင်းကို ပေါ်လွင်ထင်ရှားအောင် ရေးသားထားသည့်အပြင် ပါဠိဘာသာ အရည်အသွေး အရေးအသားတို့ကိုလည်း အထူးကောင်းမွန်အောင် စီစဉ်ထားပေသည် ။ ထို့ကြောင့်

ပါဠိပညာရှင်များက ထို **"သဒ္ဒနီတိနိဒါနကထာ"** ကို ချီးကျူးထောမနာ ပြုကြလေသည်။

သဒ္ဒနီတိကျမ်းကို သုံးသပ်ဝေဖန်ရာ၌ ကျမ်းပြုဆရာကိုယ်တိုင်က မည်သည့်ခေတ်တွင် ရေးသားကြောင်း ဖော်ပြထားခြင်းမရှိသဖြင့် ကျမ်းပြီးကာလကို သိရှိရန် မလွယ်ကူပေ။ သာသနာလင်္ကာရစာတမ်းနှင့် ပိဋကတ်တော်သမိုင်းတို့ကလည်း တစ်မျိုးစီ ဖော်ပြထားကြသည်။ ဤနေရာတွင် နိဒါန်းရေးဆရာတော်က သဒ္ဒနီတိကျမ်း၏ ကျမ်းရင်းစာသားကို သုံးသပ်ဝေဖန်ကာ **"ကျစွာမင်းလက်ထက် ရေးသားသည်"** ဟူသော ပိဋကတ်တော်သမိုင်း၏အဆိုကို ထောက်ခံဆုံးဖြတ်တော်မူသည်။

သဒ္ဒနီတိ ၃-ကျမ်းတွင် **ပဒမာလာကျမ်း**ကို ရေးသားရာ၌ ကျမ်းဆရာသည် ပါဏိနီယဗျာကရဏ်းအပြင် သက္ကတဘာသာ ကောဇ္ဇရ-ကောသကျမ်း, ဝိဒဂ္ဓမုခမဏ္ဍနဋီကာကျမ်း, ကာဗျာဒါသကျမ်း-စသည်တို့ကို မှီငြမ်းကိုးကား ရေးသားထားကြောင်း ဆရာတော်က ညွှန်ပြထားသည်။

**ဓာတုမာလာကျမ်း**ကို ရေးသားရာ၌ ကျမ်းဆရာသည် ပါဏိနီယဓာတုပါဌကျမ်းလာ ဓာတ်များနှင့် အသုံးအနှုန်းတို့ကိုပင် ယူငင်ရေးသားထားသည့်အပြင် အမရကောသကျမ်းလာ စကားတို့ကိုလည်း ယူငင်ထားကြောင်း ညွှန်ပြထားသည်။

**သုတ္တမာလာကျမ်း**ကို ရေးသားရာ၌ ပါဏိနီယဗျာကရဏ်းကျမ်း, မဟာဘာသကျမ်း, ကာသိကာဝုတ္တိကျမ်းနှင့် ကာဗျာဒါသကျမ်းတို့ကို မှီငြမ်းကိုးကား ရေးသားထားသည့်အပြင် ဝါကျစိတ်ငါးပါးနှင့်စပ်၍ န္ယာယ-ဒဿန-စသော ဒဿနကျမ်းများ ၃၂-ပါးသော တန္တယုတ္တိနှင့် စပ်၍ သုဿုတသံဟိတဆေးကျမ်း-စသည်တို့ကို မှီငြမ်းကိုးကား ရေးသားထားကြောင်း ဆရာတော်က ကျမ်းညွှန်းနှင့်တကွ ဖော်ပြထားပေသည်။ ဤ

သုံးသပ်ချက်သည်လည်း ခက်ခက်ခဲခဲ တိုက်ဆိုင်ကြည့်ရှုကာ ရရှိအပ်သော သုံးသပ်ချက်ဖြစ်၍ တုံ့ပြန်ပယ်ဖျက်ရန် ခဲယဉ်းလှသော "**သီဟနာဒ**"ပင် ဖြစ်ပေသည်။

သဒ္ဒနီတိ ၃-ကျမ်းလုံး၏ အဖြစ်သနစ်အကြောင်းအရာတို့ကို ပါဠိနိဒါန်းတွင် စုံလင်အောင် ရေးသားပြီးဖြစ်သော်လည်း ဓာတုမာလာကျမ်းကိုမူ ဆရာတော်သည် မှီရာပါဏိနီယဓာတုပါဌကျမ်းနှင့် အစမှ အဆုံးအထိ ညှိနှိုင်း တိုက်ဆိုင်ကာ လေ့လာသုံးသပ်ထားပေသည်။ ယင်းကို "**သဒ္ဒနီတိ ဓာတုမာလာကို ပါဏိနီယဓာတုပါဌနှင့် တိုက်ဆိုင်လေ့လာခြင်း**"ဟူ၍ အမည်ပေးထားသည်။

ဆရာတော်သည် ဓာတုမာလာကို လေ့လာသုံးသပ်ရာ၌ ကျမ်းဆရာ၏ တိမ်းယိမ်းချက်များ၊ အဆင့်ဆင့်ရေးကူးသူတို့၏ လွဲမှားချက်များနှင့် (ကျမ်းဆရာ၏) လစ်ဟင်းချက်တို့ကို တစ်သီးတစ်သန့် ထုတ်နုတ်ဝေဖန်ထားပေသည်။ ထိုတွင် "**စေဝိ စေတနာ တုလျေ (၁၇၁)**" ဟူသော သဒ္ဒနီတိဓာတုမာလာရှိ ဓာတ်နှင့် ဓာတ်နက်တို့၏ အဆင့်ဆင့်ရေးကူး မှားယွင်းလာပုံမှာ မှတ်သားဖွယ်ကောင်းလှကြောင်း ဝေဖန်သုံးသပ်ပြီးလျှင် "**ဤ၌ ကျမ်းဆရာကိုယ်တိုင် မိမိရေးကူးသောပါဌ်၏ အနက်ကို ပြတ်သားစွာ မသိခဲ့**"ဟူ၍ ဝေဖန်သုံးသပ်တော်မူသည်။ ဤသုံးသပ်ချက်သည် အလွန်ရဲရင့် ပြောင်မြောက်သော သုံးသပ်ချက် "**သီဟနာဒ**" ဖြစ်ပေသည်။

လစ်ဟင်းချက်ကို ဝေဖန်သုံးသပ်ရာတွင် ဓာတုမာလာ၌ ဓာတ်ပေါင်း **၁၆၈၆**-ဓာတ်ရှိသော်လည်း ပါဠိဘာသာ၌ အသုံးများ၍ ပါဝင်သင့်သောဓာတ်များ ကျန်ရှိနေသေးကြောင်း၊ ပါဠိတော်, အဋ္ဌကထာတို့၌ ထင်ရှားရှိနေသော ပရိဖုဋ္ဌ, ပါရိဖုည-ပုဒ်များ ပြီးစေဖို့ရာ ဖုရ, ဖူရ ဓာတ်များ မပါဝင်ဘဲ လစ်ဟင်းနေကြောင်း သုံးသပ်ဝေဖန်ထားသည်။ ဤသည်လည်း ရဲရင့်ပြောင်မြောက်သော "**သီဟနာဒ**"ပင် ဖြစ်သည်။

ဓာတုမာလာကို ဓာတုပါဌနှင့် တိုက်ဆိုင်လေ့လာခြင်းကြောင့် အကျိုးများစွာရရှိခဲ့ကြောင်း၊ ယင်းတို့တွင် ဓာတုမာလာနိဿယ၏ အနက်ပေး ချွတ်ယွင်းမှု ၃၀-ခန့်ရှိကြောင်း ဖော်ပြထားသည်။ ဓာတုမာလာရှိ အချို့ဓာတ်များ သက္ကတကျမ်းရင်း၌ မတွေ့ဟူ၍ ပါဠိ, သက္ကတပညာရှင်ကြီးများ မိန့်ဆိုထားသည်ကို ဆရာတော်က ပါဏိနီယဓာတုပါဌ၌ တွေ့ရှိကြောင်း မိန့်ဆိုထားသည်။ ဤသည်လည်း ရဲရင့်ပြောင်မြောက်သော "**သီဟနာဒ**"ပင် ဖြစ်လေသည်။

အဘိဓာန်ဋီကာကို ကမ္ဘာအေးဗုဒ္ဓသာသနာပြုအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်ရာ ဆရာတော်သည် သက္ကတကျမ်းများနှင့် ညှိနှိုင်းပြင်ဆင်မှုကို တာဝန်ယူတော်မူရသည်။ ထိုတာဝန်ကို ကျေပွန်အောင် စွမ်းနိုင်သမျှ ထမ်းဆောင်တော်မူခဲ့သည်။ ဋီကာရိုက်နှိပ်မှု ပြီးဆုံးသောအခါ ဆရာတော်သည် အဘိဓာန်ဋီကာနိဒါန်းကို ပါဠိဘာသာဖြင့် အဆန်းတကြယ် ခြယ်မှုန်း ရေးသားတော်မူသည်။ ဆရာတော်၏ ပါဠိနိဒါန်းကို ကြည့်ရှုရသောအခါ အဘိဓာန်ဋီကာဆရာ စတုရင်္ဂဗလအမတ်ကြီး၏ ပညာဂုဏ်ရည်ကို အထူးသိရှိ ဝမ်းမြောက်ရပေသည်။

အဘိဓာန်ဋီကာဆရာသည် ကောသကျမ်းတို့၌သာ လေ့လာပွန်းတီးသည် မဟုတ်သေး၊ သဘင်သည်တို့၏ အတတ်ပညာကို ပြဆိုရာ နာဋကကျမ်း, ဆေးကျမ်း, နက္ခတ်ကျမ်း, နီတိကျမ်း, ဗျာကရဏ်းကျမ်းတို့၌လည်း လေ့လာပွန်းတီးပြီးဖြစ်ကြောင်း အထောက်အထားနှင့်တကွ ဆရာတော်က ဖော်ပြထားသည်။ အဘိဓာန်ဋီကာကို သက္ကတကျမ်းတို့နှင့် ညှိနှိုင်းပြင်ဆင်ရာတွင် သက္ကတကျမ်းတတ် အခြားပညာရှိကြီးများ၏ သုံးသပ်ဝေဖန်ချက်များကို ရရှိရန် ဆရာတော်က ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။

စစ်ကိုင်းတောင် ကျွစာချောင် ဆရာတော်ဘုရားကြီး (ဦးဝိဇယ)၏ ညွှန်ပြချက်အရ မန္တလေးမြို့ တောင်ပြင် မိုးထားတိုက်ဆရာတော် ဦးပညိ-

နွှယ်၏ ပြင်ဆင်ချက်များကို ရရှိရန် အားထုတ်ခဲ့သော်လည်း အချိန်မီ မရရှိခဲ့ပေ။ သို့ဖြစ်၍ မိမိ (ဆရာတော် ဦးသီလာနန္ဒ) တစ်ပါးတည်း၏ အစွမ်းဖြင့်သာ ပြင်ဆင်ခဲ့ရသည်။ အဘိဓာန်ဋီကာ ရိုက်နှိပ်ပြီးစီးသော အခါမှပင် ဦးပညိန္ဒွယ်၏ ပြင်ဆင်ချက်များကို ရရှိ၍ တိုက်ဆိုင်ကြည့်ရှုရာ အနည်းငယ်သော နေရာမှလွဲ၍ အားလုံးတူညီနေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရကြောင်း ဆရာတော်က မိန့်ဆိုထားသည်။

အနည်းငယ်သောနေရာ ဟူသည်မှာ — ဗြဟ္မာ၏ တစ်နေ့တာ အသက်တမ်းကို ပြဆိုရာ အဘိဓာန်ဋီကာပါဌ်တွင် **"စတုဝီသတိယုဂ-သဟဿစတုက္ကံ"**ဟု ပါဌ်ရှိနေသည်၊ ယင်းပါဌ် မမှန်ကန်ကြောင်း သိသော်လည်း ပါဌ်မှန်ကို မဖော်ထုတ်နိုင်ခဲ့ပေ။ ဆရာတော် ဦးပညိန္ဒွယ်၏ ပြင်ဆင်ချက်ကို ကြည့်ရှုရသောအခါမှ ဖော်ပြပြီး ဋီကာပါဌ်တွင် စတု-ဝီသတိ နောင် **"ဦန"**ပုဒ် ကျနေကြောင်းသိရ၍ ထိုဆရာတော်အား ချီးကျူးမိကြောင်း၊ ကမ္ဘာအေးမူ၌ ပါဌ်မှန်ကို မဖော်ပြနိုင်သဖြင့် များစွာဝမ်းနည်းဖွယ်ဖြစ်ကြောင်း ဆရာတော်က ကျစွာဆရာတော်ဘုရားကြီး၏ ပရိယတ္တိဂုဏ်ရည်စာတမ်း၌ ဖော်ပြထားလေသည်။

အဘိဓာန်ဋီကာဆရာသည် အရည့ဝဂ်အဖွင့်စသည်တို့၌ မြန်မာဘာသာ စကားလုံးများကို ထည့်သွင်းဖွင့်ဆိုထားလေသည်။ ယင်းသို့ ဖွင့်ဆိုခြင်းသည် စာသင်သားများ မတွေမဝေ သိရှိနိုင်ခြင်း အကျိုးရှိကြောင်း၊ ရှေးသူဟောင်းတို့ ဖွင့်ရိုးထုံးစံရှိသဖြင့် ချီးမွမ်းဖွယ်ကောင်းကြောင်း ဆရာတော်က မိန့်ဆိုသည်။ အမရကောသအဘိဓာန်ကျမ်း၏ မဟေဿရဋီကာ, စိန္တာမဏိဋီကာနှင့် ဋီကာသဗ္ဗသွဗ္ဗာချာတို့၌ ဒေသဘာသာစကားလုံးများ ထည့်သွင်းဖွင့်ဆိုထားသည်။

ဝဇိရဗုဒ္ဓိဝိနည်းဋီကာ ဝိကာလဘောဇနသိက္ခာပုဒ်အဖွင့်၌ ဒ္ရမိဠ တောင်ပိုင်းသုံး ဘာသာစကားလုံးများ ထည့်သွင်းဖွင့်ဆိုထားကြောင်း၊

ရူပသိဒ္ဓိဋီကာ ရေးမြန်မာမှု နာမ်ပိုင်း၌ သီဟိုဠ်ဘာသာ စကားလုံးများကို လည်းကောင်း၊ မဓုသာရတ္ထဒီပနီဋီကာ၌ ရေးမွန်ဘာသာ စကားလုံးများ ကိုလည်းကောင်း ထည့်သွင်းဖွင့်ဆိုထားကြောင်း ဆရာတော်က ထောက် ပြတော်မူသည်။ ရူပသိဒ္ဓိဋီကာ သီဟိုဠ်မူ၌ သီဟိုဠ်ဘာသာ စကားလုံးများ အစား မာဂဓဘာသာ စကားလုံးများ ထည့်သွင်းပုံနှိပ်ထားကြောင်း၊ ယင်း သည်လည်း စာပြင်ဆရာတို့ ပြင်ဆင်ချက်သာဖြစ်ကြောင်း ဆရာတော်က မိန့်ဆိုထားသည်။ ဤသည်လည်း ဆရာတော်၏ ဗဟုသစ္စဂုဏ်ကို ပေါ်လွင်စေသော **"သီဟနာဒကထာ"** ပင် ဖြစ်လေသည်။

သဒ္ဒနီတိသုတ္တမာလာ ပါဠိနယာဒိသင်္ဂဟတွင် ဝါဒ, ဇပ္ပ, ဝိတဏ္ဍာ- ဟူသော ကထာ ၃-ပါးအဖွင့်၌လည်းကောင်း၊ ဝါကျာဝယဝ (ဝါကျစိတ် ၅-ပါး) အဖွင့်၌လည်းကောင်း၊ တန္တယုတ္တိ ၃၂-ပါးအဖွင့်၌လည်းကောင်း ရေးပုံနှိပ်မှုများ မှားယွင်းချွတ်ချော်နေရာ ဆရာတော်သည် အမျိုးမျိုးသော ရေးဟောင်း ဒဿနကျမ်းတို့နှင့် တိုက်ဆိုင်ပြင်ဆင်ပေးတော်မူသည်။ ယင်းတို့၏ အောက်ခြေ၌ အကိုးသာဓကများကိုလည်း ညွှန်ပြပေးတော်မူ သည်။ ထို့အတူပင် ကထာဝတ္ထုအနုဋီကာကို သမယန္တရဒဿနကျမ်း တို့နှင့် တိုက်ဆိုင်ပြင်ဆင်၍ အောက်ခြေတွင် ကျမ်းညွှန်းများ ထည့်သွင်း ထားသည်မှာလည်း ဆရာတော်၏ ဆောင်ရွက်ချက်ပင်ဖြစ်သည်။

ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်းပြု မဟာစည်ဆရာတော်သည် ဖော်ပြပြီးကျမ်းတို့၌ပါရှိသော ဝါကျာဝယဝ ၅-ပါး၊ နိဂ္ဂဟဋ္ဌာန ၂၂-ပါး တို့ကို အလွယ်တကူ သိရှိနားလည်စေရန် အရှင်သီလာနန္ဒာဘိဝံသအား ကျမ်းစာတစ်စောင် ရေးသားစီရင်ဖို့ တောင်းပန်တိုက်တွန်းတော်မူသည်။ အရှင်သီလာနန္ဒာဘိဝံသသည်လည်း ဝမ်းမြောက်ဝမ်းသာပင် ဝန်ခံကာ **"ဝါကျာဝယဝဝဏ္ဏနာကျမ်း"** ကို ရေးသားစီရင်တော်မူသည်။ ထိုကျမ်း သည် အတိုင်းအရှည် ပမာဏအားဖြင့် မကြီးမားလှသော်လည်း အလွန် ခက်ခဲ နက်နဲလှသဖြင့် ချီးမွမ်းအံ့ဩဖွယ် ကောင်းလှပေသည်။ ထို့ကြောင့်

ပင် တိုက်တွန်းသူ မဟာစည်ဆရာတော်က အမှာစကား ရေးသားကာ ချီးကျူးထောမနာပြုတော်မူသည်။

“အနက်မှန် သိရန် မလွယ်သော ဝါဒ, ဇပ္ပ, ဝိတဏ္ဍာတို့၏ အနက် အဓိပ္ပါယ်ကို ဖေါ်ပြထားသည်မှာ မှတ်သားဖွယ်ကောင်းလှကြောင်း၊ ဆလ နှင့် ဇာတိ၏သရုပ်ကို ထုတ်ပြထားသည်မှာလည်း မှတ်သားဖွယ်ကောင်း လှကြောင်း၊ ကထာဝတ္ထုကျမ်းဆိုင်ရာ အနုလောမပဉ္စက, ပဋိကမ္မစတုက္က တို့ကို ပုံစံများဖြင့် ထုတ်ပြထားသည်မှာလည်း အလွန်ပင် မှတ်သားဖွယ် ကောင်းကြောင်း” မဟာစည်ဆရာတော်က အမှာစကားတွင် ဖေါ်ပြထား သည်။ ထို့ကြောင့် ဝါကျာဝယဝဏ္ဏနာတစ်ကျမ်းလုံး **“သီဟနာဒကထာ”** များပင် ဖြစ်သည်ဟုဆိုက အတိဝုတ္တမဖြစ်တန်ရာပေ။

သက္ကတဘာသာဗျာကရဏ်းကျမ်း, ဒဿနကျမ်းတို့ကို နှံ့နှံ့စပ်စပ် လေ့လာတတ်မြောက်ထားသော ဆရာတော်သည် ပါဠိဘာသာ, သက္ကတ ဘာသာ အက္ခရာတို့ကို ရွတ်ဆိုရာ၌ မပါလျှင်မပြီး အရေးကြီးလှသော ဌာန်, ကရိုဏ်း, ပယတ်တို့ကို အကြွင်းမရှိ တတ်သိထားဟန်ရှိပေသည်။ ထို့ကြောင့်ပင် ဆရာတော်သည် ဌာန်,ကရိုဏ်း,ပယတ်အဖွင့်ကျမ်း၌ ဌာန်, ကရိုဏ်းတို့၏အရကို တိတိကျကျ ပြဆိုထားသည်။ ထိုတွင် ကဏ္ဍဌာန် အရကို သက္ကတကျမ်းတို့၌ မဖွင့်ပြသော်လည်း ပုဂံခေတ် ကာရိကာကျမ်း အဆိုအတိုင်း ညွှန်ပြပြီးလျှင် ယင်းကာရိကာသည်လည်း သက္ကတကျမ်း တို့၏ အဆိုအမိန့်ကို အမှီပြုကာ ရေးသားထားခြင်းဖြစ်ကြောင်း သုံးသပ် ဝေဖန်တော်မူသည်။

တစ်ဖန် “ကဝဂ် ၅-လုံးသည် ကဏ္ဍဌာန်၌ ဖြစ်သည်”ဟု တစ်ညီ တည်း ဆိုကြသော စန်းကျမ်း, သိဒ္ဓန္တကောမုဒီ-စသော သက္ကတသဒ္ဒါကျမ်း တို့နှင့် နျာသ, ရူပသိဒ္ဓိ-စသော ပါဠိသဒ္ဒါကျမ်းတို့၏ အဆိုသည် လက် တွေ့နှင့်မကိုက်ညီသဖြင့် အခက်ကြုံရကြောင်း၊ စန်းကျမ်းစသော သက္ကတ သဒ္ဒါကျမ်းဆရာတို့ အဘယ့်ကြောင့် ယင်းသို့ဆိုကြသည်ကို ဖြစ်နိုင်သည့်

အကြောင်းကို ရှာဖွေကာ ဝေဖန်သုံးသပ်တော်မူသည်။ ဤသို့စသည်ဖြင့် ဗျာန် ကရိုက်း ပယတ်အဖွင့်ကျမ်း၌ ရဲရင့်ပြောင်မြောက်သော **"သီဟ-နာဒကထာ"**များ များစွာပါရှိနေပေသည်။

"သဒ္ဒါမှာ လိင်, ဝိနည်းမှာ သိမ်"ဟူသော ရှေးသူဟောင်းတို့၏ စကားနှင့်အညီ ဝိနည်းအရာ ရှုပ်ထွေးနက်နဲ ခက်ခဲလှသော သိမ် အကြောင်းအရာတို့ကို ဆရာတော်သည် လက်တွေ့သင်တန်းပေးပြီးလျှင် **"သိမ်သင်တန်းကျမ်း"** ကို ရေးသားထုတ်ဝေတော်မူသည်။ ထိုကျမ်း၌ သိမြင်ရန် ခက်ခဲသော အကြောင်းအရာတို့ကို သရုပ်ပြ ပုံတို့ဖြင့် သိသာ လွယ်ကူအောင် ရှင်းလင်းပြဆိုထားသည်မှာ အံ့မခန်းဖွယ် ဆန်းကြယ် နက်နဲလှသော **သီဟနာဒကထာ**များပင် ဖြစ်ပေသည်။

ထို့ပြင် ဆရာတော် သက်တော် ၅၀-ပြည့်မွေးနေ့တွင် ဖြန့်ဝေ လှူဒါန်းသည့် **"မှတ်စု (၅၀)"** ခေါ် ခက်ခဲလှသောပုဒ်များ၏ အဆုံး အဖြတ်(၅၀)သည်လည်း **သီဟနာဒကထာများ**ပင် ဖြစ်လေသည်။

ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်သည် ပြဆိုခဲ့ပြီးသည့်အတိုင်း ကျမ်းဂန်တို့၏ တိမ်မြုပ်ငုပ်ကွယ်နေသော အနက်အဓိပ္ပါယ်တို့ကို ပေါ်လွင် ထင်ရှားအောင် ထုတ်ဖော်ပြသနိုင်သကဲ့သို့ အခြားသော ပညာရှင် သူတော်စင်ပုဂ္ဂိုလ်ကြီးတို့၏ တိမ်မြုပ်ငုပ်ကွယ်နေသော အဖြစ်သနစ် အကြောင်းအရာတို့ကိုလည်း ကောင်းစွာဖော်ထုတ်ပြသနိုင်ပေသည်။

မှန်ပေသည်။

ဆရာတော်သည် ကမ္ဘာကျော် ပညာရှင် သူတော်စင်ဖြစ်သည့် သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီး၏ ဖြစ်တော်စဉ် ထေရုပ္ပတ္တိကို ထိုဆရာတော်ဘုရားကြီး၏ တောင်းပန်တိုက်တွန်းချက်အရ ရေးသားပြုစုတော်မူခဲ့သည်။ ဆရာတော်သည် မဟာစည်ဆရာတော် ဘုရားကြီး၏ ပဋိပတ္တိစွမ်းရည်ကို "ဝိပဿနာရှုနည်းကျမ်း အခန်း ၅-သည် တရားထူးရပြီးပုဂ္ဂိုလ်တို့၏ ဥဒါန်းစကားကဲ့သို့ပင် ဖြစ်လေသလော"

ဟု တွေးတောဆင်ခြင် အမှွမ်းတင်ကာ ချီးကျူးတော်မူသည်။ ထို့အတူပင် ဆရာတော်ဘုရားကြီး၏ ပရိယတ္တိစွမ်းရည်ကို ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ ရေးသားခြင်းအခန်း၌ အစွမ်းကုန်ဖော်ပြထားပေသည်။

ဤသို့လျှင် ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် အရှင်သီလာနန္ဒာ-ဘိဝံသသည် ထူးခြားဆန်းကြယ် အံ့သြဖွယ် **သီဟနာဒကထာ** အမျိုးမျိုးတို့ကို မိန့်ဆိုဟိန်းဟောက် ရဲရဲတောက် ထုတ်ဖော်နိုင်သည့်အပြင် မဟာစည်ဆရာတော်, ကျစွာဆရာတော်, အဘယာရာမဆရာတော်-စသော ဆရာတော်ဘုရားကြီးတို့၏ ပရိယတ္တိ, ပဋိပတ္တိဂုဏ်ရည်တို့ကိုလည်း ထုတ်ဖော်ပြသတော်မူခဲ့သည်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဖခင်ကြီးဆရာဆိုင်၏ ဘဝဖြစ်စဉ်ကိုလည်း **"မြန်မာဇီသုကာပညာရှင် ဆရာဆိုင်"** အမည်ဖြင့် ကျမ်းစာတစ်အုပ်ထုတ်ဝေကာ ကျေးဇူးဆပ်တော်မူခဲ့လေသည်။

ကမ္ဘာတစ်လွှားတွင် နေရာအနှံ့အပြား ကြွသွားလှည့်လည် ဓမ္မစည်ကြီး ရိုက်တီးဆော်ရွမ်းတော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် စာပေပါရဂူဘွဲ့ရ အရှင်သီလာနန္ဒာဘိဝံသအား တပည့်တပန်း ရဟန်းရှင်လူတို့က အာမိသ, ဓမ္မ မြတ်နှစ်ဝဖြင့် ပူဇော်ကြလျက် ဖော်ပြပါ ပတ္ထနာအမှုပြုကြပါသတည်း။

မဟာသီဟော မဟာဓီရော၊ ပသံသိယ ပသံသိယော။
ဝိဇမ္ဘိယာဘယေ သီဟ-နာဒံ နဒတု သဗ္ဗဒါ ။

အရှင်အဂ္ဂဉာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ ၊ မန္တလေး

# သဒ္ဒသာရတ္ထဇာလိနီကျမ်း
နှင့်
# ကျမ်းပြုပုဂ္ဂိုလ်

ဝေဒင် ၆-မျိုးတွင်လည်းကောင်း၊ ကဝိလက္ခဏာ ၄-မျိုးတွင်လည်း ကောင်း တစ်မျိုးအပါအဝင်ဖြစ်သော သဒ္ဒါဗျာကရဏ်းကျမ်းသည် သုတ်, ဝုတ္တိ, ဥဒါဟရဏ်တို့ဖြင့် ပြည့်စုံကျယ်ဝန်းစွာ ရေးသားစီရင်အပ်သော သဒ္ဒါကြီးကျမ်း (မဟာသဒ္ဒတ္ထ) နှင့် သုတ်, ဝုတ္တိ, ဥဒါဟရဏ်မပါ သဒ္ဒ-ဝိနိစ္ဆယ, အတ္ထဝိနိစ္ဆယ, သဒ္ဒတ္ထဝိနိစ္ဆယတို့ကိုသာ ပေါ်လွင်သိသာရုံမျှ ဂါထာ, စုဏ္ဏိယတို့ဖြင့် အကျဉ်းချုပ် ရေးသားစီရင်အပ်သော သဒ္ဒါငယ် ကျမ်း (စူဠသဒ္ဒသတ္ထ) ဟူ၍ ၂-မျိုး ၂-စားရှိလေသည်။

ထိုတွင် သဒ္ဒါငယ်ကျမ်းသည် သက္ကတဘာသာ သဒ္ဒါငယ်ကျမ်း, မာဂဓဘာသာ သဒ္ဒါငယ်ကျမ်းဟူ၍ ၂-မျိုး ကွဲပြန်သည်။ သက္ကတဘာသာ သဒ္ဒါငယ်ကျမ်းတို့ကား သဒ္ဒတ္ထစိန္တာ, ဟရိကာရိကာ, ဇယ်ဒါသကာရိကာ-စသည်တို့ ဖြစ်သည်။ မာဂဓဘာသာ သဒ္ဒါငယ်ကျမ်းတို့ကား — သမ္ဗန္ဓစိန္တာ, သဒ္ဒတ္ထဘေဒစိန္တာ, ကာရိကာ, သဒ္ဒသာရတ္ထဇာလိနီ, သဒ္ဒဝုတ္တိ, ကစ္စာယန-သာရ-စသည်ဖြင့် ပိဋကတ်တော်သမိုင်းကျမ်း၏ ဖေါ်ပြချက်အရ ကျမ်းပေါင်း ၃၀-မျှ တွေ့ရှိရပေသည်။

ယင်းတို့တွင် သမ္ဗန္ဓစိန္တာကျမ်း, နိရုတ္တိပိဋကသဒ္ဒါငယ်ကျမ်းနှင့် သဒ္ဒ-နေတ္တိသဒ္ဒါငယ်ကျမ်းတို့သည် သီဟိုဠ်ရေးဖြစ်၍ ကျန်သဒ္ဒါငယ်ကျမ်းတို့

ကား မြန်မာရေးကျမ်းတို့ဖြစ်ကြောင်း ပိဋကတ်တော်သမိုင်းအရပင် သိရှိရလေသည်။ ယင်းတို့တွင် ဤ၌ သဒ္ဒသာရတ္ထဇာလိနီကျမ်း၏ အကြောင်းအရာကိုသာ အနည်းငယ်မျှ ဖော်ပြလိုပေသည်။

## သဒ္ဒသာရတ္ထဇာလိနီကျမ်း

ဤကျမ်း၏အမည်ကို ပုဒ်ခွဲကြည့်လျှင် သဒ္ဒ + သာရ + အတ္ထ + သာရ + ဇာလိနီ-ဟူ၍ ၅-ပုဒ် တွေ့ရှိရပေမည်။ ယင်းတို့တွင် နောက်သာရ-တစ်ပုဒ်ကို ချေ၍ "သဒ္ဒသာရတ္ထဇာလိနီ"ဟု ၄-ပုဒ် ပေါင်းစုထားသည့် သမူဟအမည်ပညတ်ကို တွေ့ရှိအပ်ပေသည်။

ဆိုလိုရင်းမှာ — သဒ္ဒသာရဇာလ, အတ္ထသာရဇာလ, သဒ္ဒတ္ထသာရ-ဇာလ ဟု ၃-မျိုးခွဲကာ ကျမ်း၏အနက် (အဘိဓေယျ)ကို မှတ်သားရမည်။

သဒ္ဒသာရဇာလဟူသည်မှာ — အနှစ်သာရရှိ၍ ကောင်းမြတ်သော သဒ္ဒဝိနိစ္ဆယတို့ကို ကွန်ရက်ယှက်သည့်ပမာ ရောပြွမ်းပြဆိုထားသော အပိုင်းအခန်း ဖြစ်သည်။ ထို့ကြောင့် ဤကျမ်းရှေ့ပိုင်း ၂၄၃-ဂါထာ၏ အဆုံး၌ "ဣတိ သဒ္ဒသာရတ္ထဇာလိနိယာ သဒ္ဒသာရပကိဏ္ဏကကဏ္ဍော ပဌမဘာဏဝါရော"ဟု မိန့်ဆိုထားပေသည်။

အတ္ထသာရဇာလဟူသည် — အနှစ်သာရရှိ၍ ကောင်းမြတ်သော အတ္ထဝိနိစ္ဆယတို့ကို ကွန်ရက်ယှက်သည့်ပမာ ရောပြွမ်းပြဆိုထားသော အပိုင်းအခန်းဟူ၍ ဆိုလိုသည်။ ထို့ကြောင့် ဤကျမ်း ဂါထာနံပါတ် ၂၄၄-မှစ၍ ၂၇၅-ဂါထာအထိ ဂါထာပေါင်း ၃၂-ပုဒ်တို့၏ အဆုံး၌ "ဣတိ သဒ္ဒသာရတ္ထဇာလိနိယာ အတ္ထသာရပကိဏ္ဏကကဏ္ဍော ဒုတိယော"ဟု ပြဆိုထားပေသည်။ ထို့နောက်

-ဂါထာနံပါတ် ၂၇၆-မှ ၃၁၂-အထိ ဂါထာပေါင်း ၃၇-ပုဒ်ကို သန္ဓိသာရကဏ္ဍာဟူ၍လည်းကောင်း၊

-ဂါထာနံပါတ် ၃၁၃-မှ ၃၅၆-အထိ ဂါထာပေါင်း ၄၄-ပုဒ်ကို နာမသာရကဏ္ဍဟူ၍လည်းကောင်း၊

-ဂါထာနံပါတ် ၃၅၇-မှ ၃၉၉-အထိ ဂါထာပေါင်း ၄၃-ပုဒ်ကို ကာရကသာရကဏ္ဍဟူ၍လည်းကောင်း၊

-ဂါထာနံပါတ် ၄၀၀-မှ ၄၃၇-အထိ ဂါထာပေါင်း ၃၈-ပုဒ်ကို သမာသသာရကဏ္ဍဟူ၍လည်းကောင်း၊

-ဂါထာနံပါတ် ၄၃၈-မှ ၄၆၄-အထိ ဂါထာပေါင်း ၂၃-ပုဒ်ကို တဒ္ဓိတသာရကဏ္ဍဟူ၍လည်းကောင်း၊

-ဂါထာနံပါတ် ၄၆၅-မှ ၄၈၇-အထိ ဂါထာပေါင်း ၂၃-ပုဒ်ကို အာချာတသာရကဏ္ဍဟူ၍လည်းကောင်း၊

-ဂါထာနံပါတ် ၄၈၈-မှ ၅၁၄-အထိ ဂါထာပေါင်း ၂၉-ပုဒ်ကို ကိတသာရကဏ္ဍဟူ၍လည်းကောင်း ၉-ခုသော အပိုင်းအခန်းတို့ဖြင့် တန်းဆာဆင်ကာ ဤသဒ္ဒသာရတ္ထဇာလိနီကျမ်းကို ရေးသားစီရင်ထားလေသည်။ နိဂုံးကိုမူ ဣန္ဒဝဇိရာဂါထာ ၂-ပုဒ်တို့ဖြင့် ဆုတောင်းပတ္ထနာပြုကာ အဆုံးသတ်ထားလေသည်။

ထို့ကြောင့် သဒ္ဒသာရတ္ထဇာလိနီကျမ်းဟူသည်မှာ သဒ္ဒသာရဝိနိစ္ဆယ, အတ္ထသာရဝိနိစ္ဆယ, သဒ္ဒတ္ထသာရဝိနိစ္ဆယတို့ကို ကွန်ရက်ယှက်သည့်ပမာ ရောပြွမ်းပြဆိုထားသောကျမ်းဟု ဆိုလိုရင်းဖြစ်ပေသည်။

## သဒ္ဒသာရတ္ထဇာလိနီကျမ်း၏ ဂုဏ်ရည်

မြန်မာနိုင်ငံ ပရိယတ္တိစာပေနယ်၌ သဒ္ဒတ္ထဘေဒစိန္တာကျမ်းနှင့် ကစ္စာယနသာရကျမ်းဟူသော သဒ္ဒါငယ်ကျမ်း ၂-ဆူကို အထက်တန်းစာမေးပွဲကြီးများ၌ ပြဋ္ဌာန်းကျမ်းစာအဖြစ် သတ်မှတ်ကာ စံပြသဒ္ဒါငယ်ကျမ်းများဟု အသိအမှတ်ပြုထားပေသည်။ သို့သော်လည်း ဂါထာပေါင်း

၅၆၈-ပုဒ်တို့ဖြင့် တန်းဆာဆင်ထားသည့် ပုဂံခေတ်ရေး ကာရိကာသဒ္ဒါ ငယ်ကျမ်းနှင့် ဂါထာပေါင်း ၅၁၆-ပုဒ်တို့ဖြင့် တန်းဆာဆင်ထားသည့် ပင်းယခေတ်ရေး သဒ္ဒသာရတ္ထဇာလိနီ သဒ္ဒါငယ်ကျမ်းတို့ကိုလည်း စံပြ သဒ္ဒါငယ်ကျမ်းများအဖြစ် အသိအမှတ်ပြုသင့်ပေသည်။

အဘယ့်ကြောင့်ဆိုသော် — အက္ခရာတို့၏ ဖြစ်ရာဌာန (ဌာန်) အရကို မာဂဓနှင့် သက္ကတဘာသာသဒ္ဒါကျမ်းတို့၌ ပြည့်ပြည့်စုံစုံ ဖော်ပြထားခြင်း မရှိသော်လည်း ကာရိကာသဒ္ဒါငယ်ကျမ်း၌မူ ပြည့်စုံစွာ ဖော်ပြထားလေ သည်။ ဤအကြောင်းတစ်ချက်ဖြင့်ပင် ကာရိကာသဒ္ဒါငယ်ကျမ်းကို စံပြ သဒ္ဒါငယ်ကျမ်းအဖြစ် အသိအမှတ်ပြုသင့်ပေသည်။

ထို့ကြောင့် အဂ္ဂမဟာပဏ္ဍိတ စာပေပါရဂူ ဆရာတော် အရှင်သီလာ-နန္ဒာဘိဝံသက သူ၏ "ဌာန် ကရိုဏ်း ပယတ် အဖွင့်ကျမ်း"၌ ဤသို့ မိန့်ဆို ထားလေသည်။

> "(အက္ခရာတို့၏ ဖြစ်ရာ) ဌာနအရကို န្យាသ, ရူပသိဒ္ဓိ, ဂုဏ်း ဋီကာကျမ်းတို့၌ ပြဆိုထားသည်ကို မတွေ့ရ၊ သက္ကတ ကျမ်းတို့၌လည်း ပြည့်ပြည့်စုံစုံ ပြထားသည်ကို မတွေ့ရ ပေ။ အထူးဖွင့်ပြစရာမလိုပဲ ရှင်းလင်းစွာပင် နားလည်နိုင် လောက်သည်ဟု ယူဆ၍ မပြခဲ့ကြခြင်း ဖြစ်ဟန်တူပေ သည်။ မြန်မာနိုင်ငံ ပုဂံဖြစ် ကာရိကာကျမ်းတွင်မူ ထိုဌာန် အရတို့ကို ကျကျနနပင် ပြဆိုထားသည်ကို တွေ့ရပေ သည် (ဌာန်ကရိုဏ်းပယတ်အဖွင့်ကျမ်း၊ နှာ-၅)။

ကာရိကာသဒ္ဒါငယ်ကျမ်းအတူပင် သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါငယ်ကျမ်း ကိုလည်း စံပြကျမ်းအဖြစ် အသိအမှတ်ပြုသင့်ပေသည်။ ယင်းကျမ်းသည် လည်း ရှေးမာဂဓသဒ္ဒါကျမ်းတို့၌ ဖော်ပြမထားသော ဖိဝှါမူလဌာန်ကို ထည့်သွင်းကာ ဌာန် ၈-ပါးရှိကြောင်း —

အဒ္ဒ ဌာနာနိ ဝဏ္ဏာနံ၊ ကဏ္ဍော သိရော ဥရောပိ စ။
ဇိဝှါမူလဥ္စ ဒန္တာ စ၊ နာသိကောဋ္ဌာ စ တာလု စ။(ဂါထာ-၂၇၆)

ဤသို့ ပြဆိုထားသည်။ ဤဂါထာသည် -

"အဖျော် ဌာနာနိ ဝဏ်ာနာ-မုရး ကဏ္ဍား ဂိရသ္တတာ။
ဇိဟ္ဂာမူလံ စ ဒန္တာ စ၊ နာသိကော် ဖျော် စ တာလု စ"။

ဟူသော ပါဏိနီယသိက္ခာကျမ်းလာ ဂါထာနှင့် တူညီနေသည်။

ဤအကြောင်းကိုလည်း ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက သူ၏ "ဌာန်း ကရိုဏ်း ပယတ်အဖွင့်ကျမ်း" (နှာ-၁၀) ၌ ဤသို့ ပြဆိုထား လေသည်။

"ဇိဝှါမူလဌာန်ကို နျာသ,ရူပသိဒ္ဓိ,မောဂ္ဂလ္လာန်-စသော ကျမ်းတို့၌ မပြကြသော်လည်း ပင်းယခေတ်ပေါ် သဒ္ဒ-သာရတ္ထဇာလိနီကျမ်းတွင်မူ ပြဆိုလျက်ရှိသည်ကို တွေ့ရ သည်၊ ထို(ဇာလိနီ)ကျမ်း၌ ပါဏိနီယသိက္ခာကျမ်းမှ ဂါထာ ကိုပင် ကူးယူဖော်ပြ၍ ဌာန် ၈-ပါးကို ပြလေသည်"။

## သဒ္ဒသာရတ္ထဇာလိနီကျမ်းပြု ပုဂ္ဂိုလ်

ဤကျမ်းပြုပုဂ္ဂိုလ်ကား စစ်ကိုင်းမြို့နယ် ဆားတောင်ရွာကြီး၏ အနောက်ဖက် ၁-မိုင်ကျော်ခန့်အရပ်တွင် တည်ရှိသော သာစည်ရွာ၌ မွေးဖွားသည့် အရှင်နာဂိတမထေရ်ဖြစ်သည်။

ထိုမထေရ်၏ ဖွားသက္ကရာဇ်ကို အတိအကျ မသိရသော်လည်း လေးစီးရှင် ကျော်စွာမင်း (၇၁၃-၇၂၃) ၏ "ကျော်စွာကျောင်းတော်ကြီး" အလှူခံရခြင်းကို ထောက်ရှုက ကောဇာနှစ် ၆၈၀-ဝန်းကျင်ခန့်ဟု မှန်းဆ နိုင်ပေသည်။

ဤကျမ်းပြုလောင်းလျာသူငယ်သည် ငယ်စဉ်အခါ ပညာသင်ကျောင်းသားဘဝက ကျောင်းမှ အကြိမ်ကြိမ် ထွက်ပြေးခဲ့သည်၊ နောက်ဆုံးတွင် ကျောင်းမှထွက်ပြေးလာသော သားငယ်ကို ဖခင်ဖြစ်သူက ဆူးချုံအတွင်းသို့ ခြောက်လှန့်သည့်အနေဖြင့် တွန်းထိုးပစ်လိုက်သည်၊ သူငယ်လည်း ထွက်ပြေးတိမ်းရှောင်ကာ အိမ်သို့မလာတော့ဘဲ ကျောင်းမှာပင် အမြဲနေလေသည်။

မိဘများထံ မပြန်တော့ဘဲ တစတစ စာပေသင်ကြား လွင့်ပါးလေသော် ကျောင်းသားဘဝမှ ရှင်သာမဏေ၊ ရှင်သာမဏေဘဝမှ ပဉ္စင်းအဖြစ်သို့ ရောက်၍ ပုဂံပြည်သို့ သွားကာ ပညာသင်ကြားလေသည်။

နောင်အခါတွင် ဉာဏ်ပညာရှိလှ၍ စာပေရမိသောကြောင့် ရောက်ရာအရပ်တိုင်းမှာပင် ဆရာသမားတို့၏ ချီးမြှင့်မြှောက်စားခြင်းကို ခံယူကာ ကျော်စောထင်ရှားလာလေသည်။ ကာလကြာမြင့်သောအခါ သားကိုတွေ့ရှိရန် မျှော်လင့်တောင့်တနေသော အဘသည် ပုဂံပြည်သို့ သွားကာ သားပျောက်ကို ရှာလေသည်။

တစ်ခုသောကျောင်းတွင် စာပေကျမ်းဂန် သင်အံကြိုးစားနေသော သားရဟန်းကို တွေ့၍ လုပ်ကျွေးပြုစုနေသည်။ စာပေကြိုးစား သင်ကြားနေစဉ် သားရဟန်းသည် တစ်စုံတစ်ရာ ပြောကြားခြင်းမရှိဘဲ ဖခင်ပြုစုတိုင်းသာ လက်ခံသုံးဆောင်သည်။ ကာလအတန်ကြာသောအခါ ပြုစုလုပ်ကျွေးသော ဖခင်ကို “ယနေ့ ဆားငန်သည်၊ ယနေ့ ဆားပေါ့သည်” ဟု ပြောကြားလာသည်။ ထိုအခါ ဖခင်က “ရှေးက ဤသို့ မပြောဆိုဘဲ ယခုအဘယ့်ကြောင့် ဤသို့ ပြောဆိုသနည်း? ဟု မေးမြန်းရာ–

> “ရှေးက စာပေမကျ၊ ယခုမှ စာပေကျ၍ ကိုယ်လက်
> ဖြည့်တင်းလိုသောကြောင့် ဆိုမိသည်”

ဟု သားရဟန်းက ဆိုလေသည်။

ထို့နောက် ဖခင်နှင့်သားရဟန်းတို့သည် ပုဂံပြည်မှ ဇာတိရပ်ဌာန်သို့ ပြန်လာကြသည်၊ လမ်းတွင် ပင်းယနေပြည်တော်သို့ ဝင်ကာ ဘုရားဖူးကြသည်။

ထိုအခါ လေးစီးရှင် ကျော်စွာမင်း၏ ကျော်စွာကျောင်းကြီးကိုတွေ့၍ မေးမြန်းကြရာ "သီလဝန် ဂုဏဝန်မှန်၍ ရဲရင့်တည်ကြည်သော ပုဂ္ဂိုလ် တက်နေပါစေ"ဟု ဘုရင်မင်းတရား မိန့်မှာထားကြောင်း သိရသည်။ ဤတွင် သားအဖနှစ်ဦး ကျော်စွာမင်းကျောင်းပေါ်တွင် တက်ရောက် နေထိုင်ကြသည်။

ဤအကြောင်းကို ကြားသိတော်မူသော ဘုရင်မင်းသည် အတွင်းဝန်, အတွင်းသေနာပတိ ပညာရှိ သိရီမဟာစတုရင်္ဂဗလအမတ်ကြီးကို စုံစမ်းစေတော်မူသည်၊ အမတ်ကြီးသည် ကျော်စွာကျောင်းသို့သွား၍ သာစည်ရွာသား ရဟန်းတော် အရှင်နာဂိတအား ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန် အရပ်ရပ်မှ ခက်ဆစ်ခက်ရာ မေးမြန်းစုံစမ်းသည်။

မေးမြန်းတိုင်းပင် ရရမိမိ တိတိပပ ဖြေကြားနိုင်သဖြင့် ဘုရင်မင်းထံ ပြန်ကြား တင်သွင်းလေသည်၊ ထိုအခါ ဘုရင်မင်းမြတ်ကိုယ်တိုင် ကျောင်းတော်သို့ သွား၍ အရှင်နာဂိတအား ကျောင်းတော်ကြီးကို တင်လှူလေသည်။

အရှင်နာဂိတသည် ငယ်စဉ်အခါ ဖခင်၏ ဆူးချုံအတွင်း ထိုးပစ်ခြင်း ခံရသည်ကို အစွဲပြု၍ **"ဆူးတွင်းပစ် ဆရာတော်"**ဟု ကျော်စောထင်ရှားလေသည်။

## သဒ္ဒသာရတ္ထဇာလိနီကျမ်း ပြီးစီးချိန်

ဆူးတွင်းပစ်ဆရာတော်သည် ဤသဒ္ဒသာရတ္ထဇာလိနီကျမ်းကို မည်သည့်ခုနှစ်တွင် စီရင်ပြီးစီးသည်ဟု ထိုကျမ်း၌ ဖော်ပြထားခြင်းမရှိချေ။ ထို့ကြောင့် ကျမ်းပြီးခုနှစ်ကို အတိအကျသိရှိရန် မလွယ်ကူပေ၊ ကျော်စွာ

မင်းလက်ထက်၌ ပြီးစီးလေသလော? သို့မဟုတ် နောက်ကာလမှ ပြီးစီးသလော? ဟု တွေးတောဖွယ်ရှိပေသည်။ သာသနာလင်္ကာရစာတမ်းဆရာကမူ ကျော်စွာမင်းလက်ထက် ပြီးစီးကြောင်း ဤသို့ဆိုလေသည်။

"မင်းဆရာဖြစ်လျှင် သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါငယ်ကျမ်းကို စီရင်၍ ယခုထက်တိုင် ထင်ရှားရှိ၏။ ထို့ကြောင့် သဒ္ဒသာရတ္ထဇာလိနီကို ရှင်နာဂိတ ပြုသည်ဟု ပိဋကတ်သမိုင်းများတွင် ဆိုလေသည် (သာသနာလင်္ကာရ။ ၁၃၃)။

ပုဂံခေတ် သဒ္ဒနီတိကျမ်းနှင့် ပင်းယခေတ်ပေါ် အဘိဓာန်ဋီကာကျမ်းတို့ အရည်အသွေး ပြည့်ဝကြသကဲ့သို့ ဤသဒ္ဒသာရတ္ထဇာလိနီကျမ်းသည်လည်း အရည်အသွေး ပြည့်ဝပေသည်။ ထို့ကြောင့် စာချအကျော် ဆရာတော်များက –

– ပါဠာနုသာရိ သမ္ဗန္ဓော၊ သမ္ဗန္ဓော စ ဥပမာယ စ။
ဟေတုနာပိ စ သမ္ဗန္ဓော၊ ဥပမာဟေတုနာပိ စ။
သမ္ဗန္ဓဘေဒါ ဝိညေယျာ၊ စတဿောပိ ဝိဘာဝိနာ။(၂၅၅)

– ပဒစ္ဆေဒံ ပဠမံဝ၊ ကတွာန တဒနန္တရံ။
သမာသော ကတ္တဗ္ဗော ပဏ္ဍာ၊ အတ္ထံ ဇာနေယျ ပဏ္ဍိတော။(၄၀၀)

စသော ဂါထာများကို ပရိဘာသာ နိယာမဂါထာများအဖြစ် အမြဲသီဆိုကျူးရင့်တော်မူကြလေသည်။

## မှီငြမ်းပြု ကျမ်းများ

- ဗာန် ကရိုဏ်း ပယတ်အဖွင့်ကျမ်း
- သာသနာလင်္ကာရစာတမ်း
- သာသနဝံသပ္ပဒီပိကာ

- ပိဋကတ်တော်သမိုင်း
- သာသနဗဟုသုတပကာသနီ
- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ - ၄
- စာဆိုတော်များ အတ္ထုပ္ပတ္တိ
- ပင်းယသာသနာဝင် ။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး
၁၃၇၀-ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၄-ရက်
(၁၈-၁၀-၂၀၀၇)

# သံဃာ့ဦးသျှောင် မီးရှူးတန်ဆောင်

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ အဆုံးအမသာသနာ ရှည်ကြာစွာ တည်တံ့ရေးအတွက် အလွန်လေးနက်သော ဩဝါဒမိန့်ခွန်းတော်ကို ဟောကြားမိန့်မြွက်တော်မူခဲ့သည်။ ယင်းကား ခုဒ္ဒကနိကာယ် ဣတိဝုတ္တကပါဠိ စတုက္ကနိပါတ် သီလသမ္ပန္နသုတ် (ဣတိဝုတ်။ ၂၆၇-၈။) နှင့် သံယုတ္တနိကာယ် မဟာဝဂ္ဂ ဗောဇ္ဈင်္ဂသံယုတ် ပဗ္ဗတဝဂ် သီလသုတ် (သံ၊၃။၆၁-၆၄။)တို့ဖြစ်သည်။ ယင်း၂-သုတ်သည် နောက်ပိုင်းတွင် အနည်းငယ် ကွဲပြားသော်လည်း ဦးတည်ချက်မှာ အတူတူပင်ဟု ဆိုရပေမည်။ ဣတိဝုတ်လာ သီလသမ္ပန္နသုတ်ထက် သံယုတ်လာ သီလသုတ်က အနည်းငယ် ပိုလွန်ရှည်လျားသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရဟန်းတော်တို့အား ဤသို့မိန့်ကြားတော်မူသည်။

"ရဟန်းတို့ ! သီလနှင့် ပြည့်စုံကြသူ, သမာဓိနှင့် ပြည့်စုံကြသူ, ပညာနှင့် ပြည့်စုံကြသူ, အရဟတ္တဖိုလ် "ဝိမုတ္တိ" နှင့် ပြည့်စုံကြသူ, ဝိမုတ္တိကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် အမြင်နှင့် ပြည့်စုံကြသူ, သူတစ်ပါးကို ဆုံးမတတ်သူ, တရားကို သိစေတတ်သူ, တရားကို ကောင်းစွာပြတတ်သူ, တရားကို ဆောင်စေတတ်သူ, သူတော်ကောင်းတရားကို ကောင်းစွာဟောကြားခြင်းငှါ စွမ်းနိုင်ကြသူ ရဟန်းတို့အား ဖူးမြင်ရုံမျှကိုလည်း ကျေးဇူးများ၏ ဟု ငါဘုရား

ဟောၐ်။ ကြားရုံမျှကိုလည်း ကျေးဇူးများ၏ ဟု, ထိုရဟန်းတို့အား ချဉ်းကပ်ရုံမျှကို လည်းကျေးဇူးများ၏ဟု, ထိုရဟန်းတို့ကို မှီဝဲဆည်းကပ်ရုံမျှကိုလည်း ကျေးဇူးများ၏ ဟု, ထိုရဟန်းတို့၏ဂုဏ်ကို အောက်မေ့ရုံမျှကိုလည်း ကျေးဇူးများ၏ဟု, ထိုရဟန်းတို့သို့ အတုလိုက်၍ ရဟန်းပြုရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဘုရားဟောတော်မူ၏။

ထိုသို့ ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း? ရဟန်းတို့! ထိုသို့သဘောရှိသော ရဟန်းတို့ကို ချဉ်းကပ်သူ, မှီဝဲဆည်းကပ်သူတို့အား မပြည့်စုံသေးသော သီလအစု, သမာဓိအစု, ပညာအစု, ဝိမုတ္တိအစု, ဝိမုတ္တိဉာဏဒဿန (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်အစုသည် ပွားများပြည့်စုံခြင်းသို့ ရောက်၏။

ရဟန်းတို့! ဤသို့ သဘောရှိသော ရဟန်းတို့ကို "ဆုံးမတတ်သူဆရာ"တို့ဟူ၍လည်းကောင်း၊ "လှည်းမှူးသဖွယ် ခေါင်းဆောင်ပုဂ္ဂိုလ်"တို့ဟူ၍လည်းကောင်း၊ "ကိလေသာမြူ အညစ်အကြေးကို ပယ်စွန့်ပေးသူ"တို့ ဟူ၍လည်းကောင်း၊ "အမိုက်မှောင်ကို ပယ်ဖျောက်တတ်သောသူ" တို့ဟူ၍လည်းကောင်း၊ "အလင်းကို ပြုတတ်သောသူ"တို့ဟူ၍လည်းကောင်း၊ "အရောင်ကို ပြုတတ်သောသူ"တို့ဟူ၍လည်းကောင်း၊ "ထွန်းပြောင်ခြင်းကို ပြုတတ်သောသူ"တို့ဟူ၍လည်းကောင်း၊ "မီးရှူးတိုင်ကို ဆောင်တတ်သောသူ" တို့ဟူ၍လည်းကောင်း၊ "တောက်ပခြင်းကို ပြုတတ်သောသူ" တို့ဟူ၍လည်းကောင်း၊ "အရိယာ" တို့ဟူ၍လည်းကောင်း၊ "ပညာမျက်စိ အမြင်ရှိသူ" တို့ဟူ၍လည်းကောင်း ဆိုရကုန်၏"(မြန်မာပြန်) ။

ဖော်ပြပြီး ပါဠိတော်မြန်မာပြန်ကို အကျဉ်းချုပ် ဖော်ပြရလျှင် ဤသို့ ဖြစ်သည်။

"သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ဂုဏ်နှင့် ပြည့်စုံ၍ သွန်သင်ပြသ ဟောကြား ဆုံးမတတ်သော ရဟန်းတို့ကို မျက်စိဖြင့် ဖူးမြင်ရရုံ, နားဖြင့် ကြားရရုံ, ချဉ်းကပ် မှီဝဲရရုံ, ဂုဏ်ကျေးဇူးကို အောက်မေ့ရရုံ, အတုလိုက်၍ ရှင်ရဟန်းပြုရရုံကိုလည်း ကျေးဇူးများ၏ဟု ငါဘုရားဟော၏။ အဘယ့်ကြောင့်နည်း? ထိုသို့သဘောရှိသော ရဟန်းတို့ကို ချဉ်းကပ်မှီဝဲသောသူအား မပြည့်စုံသေးသော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဂုဏ်အစုသည် ပြည့်စုံခြင်းသို့ ရောက်၏။ ထိုသို့သဘောရှိသော ရဟန်းတို့ကို ဆရာတို့ဟူ၍ အရောင်အလင်းကို ပြုတတ်သူ, မီးရှူးတိုင်ကို ဆောင်တတ်သူ, မျက်စိ အမြင်ရှိသူ, အရိယာပုဂ္ဂိုလ်တို့ဟူ၍ ဆိုရပေ၏"။

ဤပါဠိတော်လာ မိန့်ဆိုချက်သည် လွန်စွာ လေးနက်လှပေသည်။ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မှတစ်ပါး သတ္တဝါအားလုံးတို့သည် ပညာရှိ သူတော်ကောင်းတို့အထံမှ သူတော်ကောင်းတရားကို မကြားနာရလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ရနိုင်သူ, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သူဟူ၍ မရှိချေ။ ပညာအရာ ဧတဒဂ်ဘွဲ့ထူးရ အရှင်သာရိပုတြာသည်ပင် အရှင်အဿဇိအထံမှ ဂါထာတစ်ပုဒ်ကို နာယူရ၍ သောတာပတ္တိမဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုရကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။ မှန်၏။ သောတာပတ္တိမဂ်, ဖိုလ်ကိုရခြင်း၏ အကြောင်းတို့ကား-

(၁) သူတော်ကောင်းကို မှီဝဲဆည်းကပ်ရခြင်း = သပ္ပုရိသသံသေဝ,

(၂) မဂ်, ဖိုလ်ရကြောင်း သူတော်ကောင်းတရားကို ကြားနာရခြင်း = သဒ္ဓမ္မဿဝန,

(၃) အသင့်အားဖြင့် နှလုံးသွင်းခြင်း = ယောနိသော မနသိကာရ,

(၄) လောကုတ္တရာတရားအားလျော်သော အကျင့်မြတ်ကို ကျင့်ခြင်း= ဓမ္မာနုဓမ္မပဋိပတ္တိ ဟူ၍ ၄-ပါးအပြားရှိလေသည်။ [၁]

ထို ၄-ပါးတို့တွင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရှိရေး၌ သူတော်ကောင်းကို မှီဝဲဆည်းကပ်ရခြင်းနှင့် သူတော်ကောင်းတရားကို ကြားနာရခြင်းတို့သည် အလွန်အရေးပါသော အင်္ဂါရပ်တို့ ဖြစ်လေသည်။

ဤသုတ္တန်၌ အရိယာသူတော်ကောင်းတို့ကို ကြည်ညို၍ ယင်းတို့ကို အတုလိုက်ကာ ရှင်ရဟန်းပြုခြင်း **"အနုပဗ္ဗဇ္ဇာ"**သည် အမြင့်မြတ်ဆုံး အဆင့်အတန်းဖြစ်သည်၊ သာသနာရှည်ကြာတည်ရေး၌ အနုပဗ္ဗဇ္ဇာသည် လိုရင်းပဓာနဖြစ်သည်။ ထို့ကြောင့် သံယုတ်အဋ္ဌကထာ (၃။၁၈၀) နှင့် ဋ္ဌကတိဝုတ် အဋ္ဌကထာ (၃၁၅) တို့၌ ဘုရားရှင်လက်ထက်တော်မှ စ၍ တတိယသင်္ဂါယနာတင် အသောကခေတ်တိုင်အောင် သိဿာနုသိဿ (တပည့်အစဉ်အဆက်) ဆင်းသက်လာပုံကို ဤသို့ ဖော်ပြထားလေသည်။

"အရှင်မဟာကဿပမထေရ်ကို အတုလိုက်၍ ရှင်ရဟန်းပြုသူပေါင်း တစ်သိန်းမျှရှိသည်။ ယင်းတို့တွင် အကြီးဆုံး သဒ္ဓိဝိဟာရိကတပည့် အရှင်စန္ဒဂုတ္တမထေရ်ကို အတုလိုက်၍ ရှင်ရဟန်းပြုသူပေါင်း တစ်သိန်း။ ယင်း၏ တပည့် အရှင်သူရိယဂုတ္တမထေရ်ကို အတုလိုက်၍ ရှင်ရဟန်းပြုသူပေါင်း တစ်သိန်း။ ယင်း၏တပည့် အရှင်အဿဂုတ္တမထေရ်ကို အတုလိုက်၍ ရှင်ရဟန်းပြုသူပေါင်း တစ်သိန်း။ ယင်း၏တပည့် အရှင်ယောနကဓမ္မရက္ခိတမထေရ်ကို အတုလိုက်၍ ရှင်ရဟန်းပြုသူပေါင်း တစ်သိန်း

---

၁။ သံ ၊ ၃။ ၃၀၂။

မှု ရှိလေသည်။ ယောနကဓမ္မရက္ခိတမထေရ်၏ တပည့် တစ်သိန်းတွင် ပါဝင်သော အသောကမင်းကြီး၏ညီတော် တိဿမထေရ်ကို အတုလိုက်၍ ရှင်ရဟန်းပြုသူပေါင်းသည် ၂-ကုဋေခွဲမျှရှိသည် ဟူ၏။ အသောကမင်းကြီး၏ သား တော် အရှင်မဟိန္ဒမထေရ်ကို အတုလိုက်၍ ရှင်ရဟန်း ပြုသူပေါင်းကား အရေအတွက် အပိုင်းအခြားပင်မရှိပေ။ ယနေ့တိုင်အောင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)၌ ဆရာသမား ကို ကြည်ညို၍ ရှင်ရဟန်းပြုသူဟူသမျှသည် အရှင် မဟိန္ဒကို အတုလိုက်၍ ရှင်ရဟန်းပြုသူများ ဖြစ်ကြလေ သည်"။

ပရိဝါပါဠိတော်နှင့် ပါရာဇိကကဏ္ဍအဋ္ဌကထာ (၁၂၄)တို့၌ ဝိနယ သာသနာဆင်းသက်လာပုံကို ပဓာနထား၍ အာစရိယပရမ္ပရာကို ဖေါ် ပြရာ၌-

ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။

ပရမ္ပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဇ္ဇမာန မာနေသုံ၊ တတိယော ယာဝ သင်္ဂဟော။

ဟူ၍ မိန့်ဆိုထားပေသည်။

ဖေါ် ပြပြီး သံယုတ်နှင့် ဣတိဝုတ်အဋ္ဌကထာတို့အလို အာစရိယ-ပရမ္ပရာကို ဖေါ် ပြရလျှင်-

ကဿပေါ စန္ဒဝုတ္တော စ၊ သူရိယဝုတ္တော စ အဿကော။
ယောနကော ဓမ္မရက္ခိတော၊ ပဉ္စေတေ ဝိဇိတာဝိနော။

ပရမ္ပရာယ သဒ္ဓမ္မံ၊ ဒီပေ ဇမ္ဗုသိရီဝှယေ။
အစ္စိဋ္ဌမာန မာနေသုံ၊ တတိယော ယာဝ သင်္ဂဟော။
ဟူ၍ ဖြစ်သင့်ပေသည်။

ဤသို့ **"သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်း ခိုရ"** ဟူသကဲ့သို့ အရှင်မဟာကဿပ-စသော သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အရိပ်အသားကောင်းလှသည့် သာသနာ့အာဇာနည်မဟာထေရ် သာသနာ့သစ်ပင်ကြီး ၅-ပင်ကို မှီခိုရသဖြင့် တတိယသင်္ဂါယနာခေတ်တိုင်အောင် သာသနာဝင် ရှင်ရဟန်းအပေါင်း ထောင်,သောင်း,သိန်း,သန်း ကိန်းဂဏန်း မပြနိုင်လောက်အောင် သာသနာစောင့်ပုဂ္ဂိုလ်များ ထွန်းကားပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရပေသည်။ ဗုဒ္ဓသာသနာတော်သည်လည်း စည်ပင်ခိုင်ဖြိုးကြီးပွားတိုးတက်ခဲ့ပေသည်။

ဤအတူပင် ကောဇာသကရာဇ် ၁၂၈၅-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့၍ ၁၃၀၄-ခုနှစ် ပြာသိုလတွင် ရဟန်းအဖြစ်သို့ ရောက်တော်မူကာ ၁၃၁၃/၁၄-ခုနှစ်တို့၌ ပရိယတ္တိသာသနဟိတ သကျသီဟဓမ္မာစရိယနှင့် သာသနဓဇသိရီပဝရ အစိုးရဓမ္မာစရိယကျမ်းစုံ အောင်မြင်တော်မူသော အရှင်သာသနာဘိဝံသကို အမှီပြုကာ မြောက်မြားစွာသော သာသနာ့အာဇာနည် ရှင်ရဟန်းများ ထွန်းကားပေါ်ပေါက်လာကြပေသည်။ ဆရာတော် အရှင်သာသနာဘိဝံသသည် စာတက်ဖေါ် စာတက်ဖက်ဖြစ်သော အရှင်သီလာနန္ဒာဘိဝံသနှင့်အတူ မန္တလေးမြို့ တောင်ပြင် ဇာတကပါဠိမူလဝိသောဓကအဖွဲ့တွင် ပါဝင်၍ ပဥ္စမသင်္ဂါယနာတင် ကျောက်စာတော်မူနှင့် တာဝန်ကျရာ ရှေးပါဠိတော်ကျမ်းစာအုပ်များကို တိုက်ဆိုင်စစ်ဆေးမှု လုပ်ငန်းကို စတင်ဆောင်ရွက်တော်မူကြသည်။

ကျောက်စာတော်မူနှင့် တိုက်ဆိုင်ပြီးသော ပါဠိတော်များကို သီဟိုဠ်, ယိုးဒယား,ကမ္ဘောဒီးယား,အင်္ဂလိပ်မူများနှင့် တိုက်ဆိုင်ရန် ဘာသန္တရကျမ်း

ကျင်သော ရဟန်းတော် ၂-ပါးကို ရွေးချယ်ရာ အရှင်သာသနာဘိဝံသနှင့် အရှင်သီလာနန္ဒာဘိဝံသတို့ အရွေးချယ်ခံတော်မူကြရသည်။ အရှင်သာသနာဘိဝံသသည် ပိဋကတ်ကျမ်းစာများကို တည်းဖြတ်သုတ်သင်ခြင်း ဝိသောဓနလုပ်ငန်းတွင် ပါဠိဝိသောဓက, ပဋိဝိသောဓက, ဩသာန-သောဓေယျပတ္တပါဌကအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်တော်မူခဲ့ရလေသည်။

ဆရာတော် အရှင်သာသနာဘိဝံသသည် ၁၃၁၈ (၁၉၅၇) ခုနှစ်တွင် မဏ္ဍိရတနာရာမ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း၌ ကျောင်းထိုင်နာယကအဖြစ် သီတင်းသုံးတော်မူ၍ စာသင်သားတပည့်များအား စာပေပို့ချယင်းပင် ပါဠိတော်, အဋ္ဌကထာ, ဋီကာ သင်္ဂါယနာ ကိစ္စများကို ၁၃၂၃ (၁၉၆၁)ခုနှစ် ပစ္ဆိမသန္နိပါတတိုင်အောင် ၆-နှစ်တိုင်တိုင် ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ရွှေဝါဝင်းကျောင်း ကျောင်းထိုင်နာယက ဖြစ်လာချိန်မှစ၍ စာသင်သားတပည့်တို့အား စာချနည်းစံနစ် ဆရာနည်းကျကျ ရရှိစေရန် နေ့ဝါ, ညဝါများကို စွမ်းအားရှိသမျှ ပို့ချပေးတော်မူသည်။ သက်တော် ၇၀-ကျော်လွန်လာသောအခါ ညဝါများကို မပို့ချတော့ဘဲ သဒ္ဒတ္ထဘေဒစိန္တာ, ကစ္စာယနသာရကျမ်းများကိုသာ ပို့ချတော်မူသည်။

ရွှေဝါဝင်းဆရာတော်သည် ၁၃၄၂ (၁၉၈၀)ခုနှစ်မှ စတင်ပေါ်ပေါက်လာသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးတွင် ၁၃၄၂-ခုနှစ်မှ စ၍ မန္တလေးတိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍ ၁၃၅၀-ပြည့်နှစ်မှစ၍ မန္တလေးတိုင်း သံဃ-နာယကအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ၁၃၄၁-ခုနှစ်မှစ၍ မြန်မာပြည် ဗုဒ္ဓဘာသာသာသနာပြု မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအဖွဲ့၏ ဩဝါဒါစရိယ၊ ငြိမ်းချမ်းရေးကျောင်းတိုက် ပရိယတ္တိ-သာသနပါလအသင်းကြီး၏ ဩဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ်

သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ ဩဝါဒါစရိယ-စသော အဖွဲ့ပေါင်း ၁၄-ဖွဲ့တို့၏ ဩဝါဒါစရိယဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ဤသို့ သာသနာပြုကိစ္စ အဝဝတို့ကို ဆောင်ရွက်တော်မူလျက်-

၁။ ကစ္စာယနသာရဋီကာပောင်း နိဿယ (ရေးသားပြီး)
၂။ ကစ္စာယနသာရပကာသနီကျမ်း (ရိုက်နှိပ်ပြီး)
၃။ သဒ္ဒတ္ထဘေဒစိန္တာပကာသနီကျမ်း (ရိုက်နှိပ်ပြီး)

စသော ကျမ်းပေါင်းများစွာတို့ကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

ပြဆိုခဲ့ပြီးသော ပရိယတ္တိဝိသာရဒဂုဏ်, ပဋိပတ္တိမာမကဂုဏ်, ပရ-ဟိတာဝဟဂုဏ်, ကုလဝံသာနုရက္ခဂုဏ်-စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော မန္တလေးမြို့ မင်္ဂလာရတနာရာမ မြတောင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ရွှေဝါဝင်းဆရာတော်ဘုရားအား နိုင်ငံတော်အစိုးရမင်းတို့က-

(၁) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်
(၂) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်
(၃) အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်
(၄) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်တို့ဖြင့် လေးမြတ်ကော်ရော် ပူဇော်ကြသည်။

ယခုအခါ သက်တော် ၉၀၊ သိက္ခာတော် ၇၀-ရရှိတော်မူသော မင်္ဂလာရတနာရာမ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းဆရာတော်ဘုရားကြီးအား မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော်အပေါင်းတို့က "**သံဃာ့ဦးသျှောင် မီးရှူးတန်ဆောင်ကြီး**"ဟု အသိအမှတ်ပြုကာ သံဃပိတာ,

သံဃပရိဏာယကအဖြစ်ဖြင့် လေးစားမှီခို ကြည်ညိုအားထားကြပေသည်၊ ရွှေဝါဝင်းဆရာတော်ဘုရားကြီးကလည်း နာယကဂုဏ် ၆-ပါးနှင့် အညီ သနားစောင့်ရှောက် ချီးမြှောက်တော်မူနေသည်ကို တွေ့မြင်သိရှိရပေသတည်း။

ဥက္ကာဓာရော မဟာထေရ၊ သတံ ဟိတတ္ထကာရကော။
ဂုဏော စိန္တိယ ပူဇေန္တိ၊ ဓမ္မစက္ကာနုဝတ္တကာ။

အရှင်အဂ္ဂညာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

# ဓမ္မပြည့်ကျော် ဆရာတော်

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးခါစ တစ်ခုသောအခါ သမယ၌ ဗာရာဏသီပြည်အနီး ခေမိယသရက်ဥယျာဉ်၌ သီတင်းသုံးနေသော ရဟန်းတော် အရှင်ဥဒေနအထံသို့ ဃောဋမုခမည်သောပုဏ္ဏားတစ်ယောက် ရောက်လာပြီးလျှင် အရှင်ဥဒေနအား အမေးပုစ္ဆာပြဿနာတစ်ရပ်ကို မေးမြန်းလျှောက်ထားသည်။

> "အရှင်ရဟန်း၊ တရားစောင့်သော (တရားနှင့်လျော်ညီသော) ရှင် ရဟန်းမည်သည်မရှိဟု အကျွန်ုပ် အယူရှိပါ၏။ ဤသို့ ဖြစ်ခြင်းသည်လည်း အရှင်ကဲ့သို့သော (ပညာရှိ) ပုဂ္ဂိုလ်တို့ကို မဖူးမြင်ရခြင်းကြောင့်လည်းကောင်း, တရားသဘောကို မသိခြင်းကြောင့်လည်းကောင်း ဖြစ်ရာပါ၏"။[၁]

ထိုအခါ အရှင်ဥဒေနက "ပုဏ္ဏား၊ လောက၌- (၁) မိမိကိုယ်ကို ပူပန်စေတတ်သော "အတ္တန္တပ"ပုဂ္ဂိုလ်၊ (၂) သူတပါးကို ပူပန်စေတတ်သော "ပရန္တပ"ပုဂ္ဂိုလ်၊ (၃) မိမိ, သူတပါးနှစ်ဦးသားကို ပူပန်စေတတ်သော "ဥဘယန္တပ"ပုဂ္ဂိုလ်၊ (၄) မိမိ, သူတပါး နှစ်ဦးသားကို မပူပန်စေတတ်သော "အနုဘယန္တပ"ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ် ၄-မျိုးရှိရာ အဘယ်ပုဂ္ဂိုလ်သည် သင်၏စိတ်ကို နှစ်သိမ့်စေပါသနည်း" ဟု မေးတော်မူသည်၊ ထိုအခါ ဃောဋမုခပုဏ္ဏားက-

---

၁။ မ၊ ၂။ ၃၆၅။

"အရှင်ဥဒေန! ရှေ့ ၃-မျိုးသော ပုဂ္ဂိုလ်တို့သည် အကျွန်ုပ်၏ စိတ်ကို မနှစ်သိမ့်စေနိုင်ပါ။ မိမိ, သူတပါးနှစ်ဦးသားကို မပူပန်စေတတ်သော မျက်မှောက်သော ကိုယ်၏ အဖြစ်(ယခုဘဝ)၌ပင် ကိလေသာ ဆာလောင်မွတ်သိပ်မှု မရှိဘဲ ငြိမ်းချမ်းအေးမြ ချမ်းသာသုခကိုခံစားလျက် မြတ်သောကိုယ်ဖြင့် နေထိုင်ရသော စတုတ္ထပုဂ္ဂိုလ်သည်သာ အကျွန်ုပ်၏စိတ်ကို နှစ်သိမ့်စေနိုင်ပါသည်"

ဟု လျှောက်ထားလေသည်။

ဤတွင် ရဟန်းတော် အရှင်ဥဒေနက "ပုဏ္ဏား! ဤလောကဝယ် (၁) လောကီစည်းစိမ်ဥစ္စာတို့၌ ပြင်းစွာတပ်မက်၍ သားမယား, လယ်ယာ, ရွှေငွေတို့ကို ရှာမှီးကာ အိမ်ရာတည်ထောင်သော "အဂါရိက" ပရိသတ်၊ (၂) လောကီစည်းစိမ်ဥစ္စာတို့၌ ပြင်းစွာတပ်မက်ခြင်း မရှိမူ၍ သားမယား, လယ်ယာ, ရွှေငွေတို့ကို စွန့်ပယ်ကာ အိမ်ရာတည်ထောင်လူ့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်သို့ဝင်ရောက်သော "အနဂါရိက" ပရိသတ်ဟူ၍ ပရိသတ် ၂-မျိုးရှိရာ အဘယ်ပရိသတ်၌ ဆိုခဲ့ပြီးပုဂ္ဂိုလ် ၄-မျိုးတို့တွင် အဘယ်ပုဂ္ဂိုလ်ကို သင် အများဆုံး တွေ့မြင်ရသနည်းဟု မေးတော်မူသည်၊ ဃောဋမုခပုဏ္ဏားက-

"အရှင်ဥဒေန! မိမိ, သူတပါးနှစ်ဦးသားကို မပူပန်စေတတ်သော မျက်မှောက်ကိုယ်၏အဖြစ် (ယခုဘဝ) ၌ပင် ကိလေသာဆာလောင် မွတ်သိပ်မှုမရှိဘဲ ငြိမ်းချမ်းအေးမြ ချမ်းသာသုခကို ခံစားလျက် မြတ်သောကိုယ်ဖြင့် နေထိုင်ရသော ဤစတုတ္ထပုဂ္ဂိုလ်ကို အိမ်ရာမထောင်သော အနဂါရိယပရိသတ်၌ အများဆုံး တွေ့မြင်ရပါသည်"

ဟု ဖြေဆိုလျှောက်ထားသည်။

တစ်ဖန် အရှင်ဥဒေနက "ပုဏ္ဏား! ယခုတွင်ပင် "တရားစောင့်သော ရှင် ရဟန်းမည်သည် မရှိဟု အကျွန်ုပ်အယူရှိပါ၏"ဟူ၍ သင်လျှောက်ထား သောစကားကို ငါတို့ ကြားသိရကုန်၏" ဟု မိန့်တော်မူရာ ဃောဋမုခ ပုဏ္ဏားက ဤသို့ လျှောက်ထားပြန်သည်။

"အရှင်ဥဒေန! ထိုစကားကို စင်စစ် အကြောင်းနှင့် တကွ အကျွန်ုပ် ပြောဆိုခဲ့ပါ၏။ တရားစောင့်သော (တရား နှင့် လျော်ညီသော) ရှင် ရဟန်းမည်သည် ရှိ၏ဟု အကျွန်ုပ် အယူရှိပါသည်"။

ဤသို့ လျှောက်ထားပြီးနောက် ထိုပုဂ္ဂိုလ် ၄-မျိုးကို အကျယ်ဝေဖန် ဟောကြားရန် လျှောက်ထားလေသည်။ အရှင်ဥဒေနက အကျယ်ဝေဖန် ဟောပြလိုက်ရာ တရားဒေသနာ၏အဆုံး၌ ဃောဋမုခပုဏ္ဏားသည် သရဏဂုံတည်လေသည်။

ဤ၌ ဃောဋမုခပုဏ္ဏားသည် လောကာယတအယူဝါဒကို လက်ခံ ယုံကြည်သောပုဂ္ဂိုလ် ဖြစ်သည်။ လောကာယတဟူသည်မှာ "ရဟန်းတို့! လောကာယတအတတ်ကို မသင်ယူအပ်၊ သင်ယူသောရဟန်းအား ဒုက္ကဋ် အာပတ်သင့်၏"ဟု (ဝိ၊၄။၂၀၀) ဘုရားရှင် တားမြစ်ထားသော အယူဝါဒ ဖြစ်သည်။ ယင်းအယူဝါဒ သည် ကံ, ကံ၏အကျိုးနှင့် နတ်ပြည်, တမလွန် လောကကို ပယ်မြစ်သော အယူဝါဒဖြစ်သည်။ ထိုလောကာယတကျမ်းကို စဗ္ဗာက (စာ၀ါက)ဆရာ စီရင်သည်။

ထိုအယူဝါဒကို ယုံကြည်သူသည် "သက်ရှိ, သက်မဲ့ အရာဝတ္ထု အားလုံးသည် လူသားက ပြုလုပ်ထားအပ်သော အရာဝတ္ထုမျှဖြစ်၏။ တစ်စုံ တစ်ခုသောအမှုကို ပြုလုပ်ပြီးလျှင်(ယုတ်စွအဆုံး အမိ, အဘကို သတ်ပြီး လျှင်) မိမိကိုယ်ကို မွေးမြူအပ်,စောင့်ရှောက်အပ်၏"ဟု ခံယူတော့သည်။ ထို့ကြောင့် လောကာယတ အယူဝါဒရှိသူဟူသမျှ အပါယ် ၄-ပါး လားရ

သည်သာဖြစ်လေသည်၊ ဤယောင်္ဂမှုခပုဏ္ဏားသည်ကား သစ္စာနုလောမိက ဝိပဿနာဉာဏ်, ယထာဘူတဉာဏ်ဟူသော အာသယအဇ္ဈာသယဓာတ်ခံ ရှိသူဖြစ်သောကြောင့် အရှင်ဥဒေန၏ တရားဒေသနာအဆုံး၌ သရဏဂုံ တည်ကာ သမ္မတ္တိချမ်းသာအဖြာဖြာကို ရရှိခံစားရသည်၊ ဤအကြောင်းကို အဋ္ဌကထာ, ဋီကာကျမ်းတို့၌ ဤသို့ မိန့်ဆိုတော်မူကြသည်။

"တေသ ကိရ ဇာနနသိပ္ပေ "မာတရမ္ပိ ပိတရမ္ပိ ဃာတေတွာ အတ္တာဝ ပေါသေတဗ္ဗော"တိ အာဂစ္ဆတိ၊ တော် သိပ္ပံ ဇာနန္တော ဌပေတွာ တော် အညော သဂ္ဂေ နိဗ္ဗတ္တော နာမ နတ္ထိ၊ သေ ပန ထေရ် ဥပနိဿာယ ပုည် ကတွာ တတ္ထ နိဗ္ဗတ္တတိ"။[၁]

"သဗ္ဗမိဒံ ထာဝရဇင်္ဂမံ ပုရိသကတံ၊ တသ္မာ ယံကိဉ္စိ ကတွာ အတ္တာ ပေါသေတဗ္ဗော ရက္ခိတဗ္ဗော"တိ လောကာယတနိဿိတော နီတိမဂ္ဂေါ ယောင်္ဂမှုခကန္တော၊ တသ္မာ အာဟ "တေသ ကိရ ဇာနနသိပ္ပေ"တိအာဒိ။[၂]

လောကာယတဝါဒနှင့် စပ်လျဉ်း၍ မှတ်သားဖွယ်အကျယ်ကို အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန်နိဿယနိဒါန်းအကျယ်၌ ကြည့်ရှုရာ၏။ လောကာယတဝါဒကို ခံယူထားသည့် ယောင်္ဂမှုခပုဏ္ဏားကဲ့သို့သော မိစ္ဆာအယူရှိသူကိုပင် သရဏဂုံတည်ကာ ချမ်းသာသုခ ရရှိခံစားနိုင်အောင် ဆုံးမဟောကြားနိုင်သော အရှင်ဥဒေနမထေရ်မြတ်၏ ဒေသနာဉာဏ် အစွမ်းကား အံ့မခန်းဖွယ် ဆန်းကြယ်နက်နဲလှပါပေသည်။

ဤ အရှင်ဥဒေနမထေရ်မြတ်နှင့် အလားတူသော ဤဖက်ခေတ် မြန်မာပြည်ဖွား မထေရ်မြတ်များကို ညွှန်ပြပါဟုဆိုလျှင် (၁) အဂ္ဂမဟာ- ပဏ္ဍိတ အဘယာရာမရွှေဂူဆရာတော် (၂) အဂ္ဂမဟာပဏ္ဍိတ မဟာစည်

---

၁။ မဋ္ဌ၊၃။၂၈၂။ ၂။ မဋီ၊၃။၁၈၈။

ဆရာတော် (၃) အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ပုစွန်တောင် ရွှေကျင်တိုက် သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ-စသော သာသနာ့ထိပ်ခေါင်တင် ကျေးဇူးရှင်ဆရာတော်များကို ညွှန်ပြရပေမည်။

ထိုဆရာတော်များတွင် အဘယာရာမဆရာတော်သည် ခက်ခဲနက်နဲလှသော မာဂဓ, သက္ကတနိသျ ကျမ်းပေါင်းများစွာကို ရေးသားစီရင်တော်မူသကဲ့သို့ မဟာစည်ဆရာတော်သည် ခက်ခဲနက်နဲလှသော ပဋိပတ္တိကျင့်စဉ်ကျမ်းများ, အမျိုးမျိုးသော သုတ္တန်ပါဠိတော် ဟောစဉ်တရားများနှင့် ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယ-စသော ကျမ်းပေါင်းများစွာတို့ကို ဟောကြားပို့ချ ရေးသားစီရင်တော်မူသည်။ ထို့အတူပင် သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသသည်လည်း ခက်ခဲနက်နဲသော ကျမ်းစာအမျိုးမျိုးတို့ကို ရေးသားစီရင်တော်မူသည်။ ယနေ့ခေတ်အခါ၌လည်း ဖော်ပြပြီးဆရာတော်ကြီး ၃-ပါးကဲ့သို့သော ရဟန်းကောင်း ရဟန်းမြတ်များနှင့် တွေ့ကြုံ ဆုံဆည်းကြရသော ပုဂ္ဂိုလ်များသည်လည်း အပါယ်ဆင်းရဲမှ လွတ်မြောက်ကာ သမ္ပတ္တိချမ်းသာ အဖြာဖြာကို ရရှိခံစားနိုင်ကြပေသည်။

ဤ၌ သပြေကန်ဆရာတော်၏ ပရိယတ္တိ, ပဋိပတ္တိဂုဏ်ရည်တို့ကို ဖော်ပြရန် အခွင့်ရောက်လာသည်။ ဆရာတော်ကား အလိုနည်းခြင်း "အပ္ပိစ္ဆာ"ဂုဏ် ရှိတော်မူသည့်အတိုင်း ငယ်ရွယ်စဉ်အခါက ရွှေကျင်ဂိုဏ်း၏ ပြင်ပ၌ အလွန်ထင်ရှားကျော်ကြားသောပုဂ္ဂိုလ် မဟုတ်ပါပေ။ ရွှေကျင်ဂိုဏ်း အတွင်း၌ကား ရှင်သာမဏေဘဝဖြင့်ပင် ဝိနည်း ၅-ကျမ်းကို အာဂုံပြန်ဆိုနိုင်သော "ဝိနယဓရ"သာမဏေကျော်အဖြစ် ရွှေကျင်ဂိုဏ်း၏ မှတ်တမ်းတင်ခြင်းကိုပင် ခံယူတော်မူခဲ့ရသည်။

ရဟန်းသိက္ခာတစ်ဝါအရတွင် သံယုတ် ၅-ကျမ်းကို အာဂုံပြန်ဆိုနိုင်သောကြောင့် ရန်ကုန်မြို့ စေတိယင်္ဂဏအသင်းကြီး၏ "ဝါသေဋ္ဌာဘိသိရီ-ပဝရသာသနဓဇသံယုတ္တဘာဏက"ဘွဲ့ကို ခံယူတော်မူခဲ့ရသည်။ ထို့ပြင် တဝ အသက် ၁၅-နှစ်အရွယ် ရှင်သာမဏေဘဝမှစ၍ နဝအရွယ်

ရဟန်းငယ်ဘဝတိုင်အောင် သပြေကန် မဟာဓမ္မိကာရာမတိုက်, ပခုက္ကူ မဟာဝိဇယာရာမတိုက်, မန္တလေး အဘယာရာမရွှေဂူတိုက်တို့၌ ကျေးဇူးတော်ရှင် ဆရာတော်များ၏ ဆွမ်းမခံစေဘဲ စာပေကိုသာ ကြိုးစားရန် အထူးချီးမြှောက်မှုကိုလည်း ခံယူတော်မူခဲ့ရသည်။ စာမေးပွဲဂုဏ်ထူးအားဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ "ဝါသေဋ္ဌာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ"ဘွဲ့နှင့် နိုင်ငံတော်အစိုးရ "ဘဒ္ဒန္တ-ဝါသေဋ္ဌာဘိဝံသ သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိ" ဟူသော ဘွဲ့ထူးကို အစဦးဆုံး ခံယူတော်မူခဲ့ရသည်။

သပြေကန်ဆရာတော်သည် ၅-ဝါပြည့်ကြွယ် မဖွံ့မအရွယ်မှစ၍ ပါဠိဘာသာ ဂါထာ, စုဏ္ဏိယ၊ မြန်မာဘာသာ လင်္ကာ, စကားပြေ ကျမ်းဂန် စာပေများကို ရေးသားပြုစုတော်မူခဲ့ရာ အဘယာရာမဆရာတော်စသော ပညာရှင် သူတော်ကောင်းတို့၏ ကောင်းချီးပေးခြင်းကို ခံယူတော်မူခဲ့ရသည်။

အဘယာရာမဆရာတော်၏ သမ္ဗန္ဓစိန္တာ စာကိုယ်,ဋီကာနိသျနှစ်စောင်တွဲ၏ နိဒါန်းကို အရှင်ဝါသေဋ္ဌက ရေးသား၍ ဆရာတော်အား ဆပ်ကပ်ရာ စာချ ဓမ္မာစရိယမဟုတ်သေးသော အရှင်ဝါသေဋ္ဌအား အဘယာရာမဆရာတော်က "ဦးဝါသေဋ္ဌ (ဓမ္မာစရိယ) "ဟူ၍ ဓမ္မာစရိယဘွဲ့ထူးဖြင့် ချီးကျူးတော်မူခဲ့သည်။ အဘယာရာမ ထေရုပ္ပတ္တိကျမ်း၏ နောက်ဆက်တွဲအဖြစ် "အဘယာရာမိကဂုဏ်ရည်"စာတမ်းကို သမဝုတ္တိဂါထာ, မြန်မာစကားပြေတို့ဖြင့် ရေးသားရာ ပညာရှင်တို့က ချီးကျူးထောမနာ ပြုခဲ့ကြသည်၊ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ္ဂနိဒါနကထာ ရေးသားတော်မူသော မဟာစည်ဆရာတော်က ထိုနိဒါနကထာ၏ သင်္ဂဟာအနုဂီတိဂါထားများကို ရေးသားစေရာ ၁၁-လုံး, ၁၂-လုံး, ၁၄-လုံးဘွဲ့ သမဝုတ္တိဂါထားများဖြင့် ၇၄-ဂါထာ ရေးသား ပေးပို့တော်မူသည်၊ မဟာစည်ဆရာတော် စသော ပညာရှင်အပေါင်းက သောင်းသောင်းဖျဖျ ချီးကျူးတော်မူကြသည်။

ဤမျှလောက် ကျမ်းဂန်တတ်သိ ပညာရှိများနယ်ပယ်တွင် ထင်ရှားသော်လည်း သပြေကန်ဆရာတော်သည် "အပ္ပိစ္ဆာ"ဂုဏ် အားကြီးမှုကြောင့် မြန်မာတစ်နိုင်ငံလုံး ပျံ့နှံ့ထင်ရှားအောင် ကျော်စောခြင်းကိုကား မရရှိသေးပေ။ သက်တော် ၅၀-ကျော်လာသောအခါ ဆဋ္ဌသင်္ဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ အကျိုးတော်ဆောင် ဝိဇ္ဇာလင်္ကာရဆရာတော်၏ တိုက်တွန်းတောင်းပန်မှုကြောင့် ရေးသားအပ်သော ပရိတ်ကြီးနိဿယသစ်ကျမ်း ထွက်ပေါ်လာသောအခါ၌ကား သပြေကန်ဆရာတော်၏ ဂုဏ်ရနံ့သည် မြန်မာနိုင်ငံ မဆုံးအောင် ပျံ့နှံ့ကျော်စောလေတော့သည်။

ဤကျမ်းစာ ထွက်ပေါ်ပြီးနောက် ကာလအတန်ကြာ၍ သပြေကန်ရွာ မဟာဓမ္မိကာရာမတိုက်မှ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပုစွန်တောင် ရွှေကျင်ကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးရသောအခါ ဆရာတော်၏ ထူးခြားပြောင်မြောက်သော စွမ်းရည်များကို သိရှိလာကြပြီး ဆရာတော်၏ တရားကျမ်းစာများကို သူ့ထက်ငါ ဦးအောင် ဖတ်ရှုမှတ်သား နာကြားလာကြသည်။ ဤသို့ ဆရာတော်သည် သက်တော် ဝါတော်ကြီးရင့်လာလေ ဂုဏ်သတင်း ပိုမိုပျံ့သင်းလာလေ ဖြစ်တော့သည်။

## နိဂုံးချုပ်

သပြေကန်ဆရာတော်သည် ဆရာသခင် ကျေးဇူးရှင်ဆရာတော်များအား အဘယာရာမိကဂုဏ်ရည်စာတမ်းဖြင့် ရေးသားပူဇော်ရာတွင် "အဘယာရာမဆရာတော်၏ စိတ်နေသဘောထားကား အလွန်ပင် လေးနက် တည်ကြည်လှပါပေသည်၊ လေးနက်တည်ကြည်သည်နှင့် အမျှပင် ဆရာတော်၏ သီလ, သမာဓိ, ပညာဂုဏ်တော်များမှာလည်း အလွန်ပင် လေးနက်လှပါပေသည်၊ ထိုဂုဏ်တော်များကို အကုန်အစင် သိမြင်ဘို့ရာ မိမိကဲ့သို့သောသူတို့၏ အရာမဟုတ်၊ အဘယာရာမဆရာတော်ကဲ့သို့သော

တကယ့်ပညာရှင်ကြီးများသာ သိနိုင်ကြပေလိမ့်မည်" ဟု ငြီးတွားလျက် ဖော်ပြပါ ဝသန္တတိလကဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူလေသည်။

မီနာ ပြဟာဝ ဖလဿ ဂဘီရဘာဝံ၊
နာဏူ ဝိဒုံ ဂုဏောမဟောဒဓိ'ဂါဓေမွိ။
အမှာကမာစရိယကေသရိနော သမဂ္ဂ-
တန္တြပွဝီဏာဝိဗုဓာဝ န မပ္ပမန္တာ။

"ပင်လယ်သမုဒ္ဒရာကြီး၏ နက်နဲသည်၏အဖြစ်ကို တိမိရ, တိမိရပိင်္ဂလ စသော ငါးကြီးများသာ သိနိုင်ကြ၍ အရွယ်အစား သေးမွှားလှသော ငါးကလေးများ မသိနိုင်ကြသကဲ့သို့ အကျွန်ုပ်တို့၏ ကျေးဇူးရှင် အဘယာ-ရာမ ဆရာတော်ဘုရားကြီး၏ သီလ, သမာဓိ, ပညာ ကျေးဇူးဂုဏ် မဟာသမုဒ္ဒရာ၏ နက်နဲမှုအတိုင်းအတာကိုလည်း ကျမ်းဂန်အရပ်ရပ် အလုံးစုံသော အဆုံးအဖြတ်တို့၌ လိမ္မာကျွမ်းကျင်သော ပညာရှင်ကြီးများသာ သိနိုင်ကြမည်ဖြစ်၍ အကျွန်ုပ်ကဲ့သို့သော ပုဂ္ဂိုလ်များမှာ မသိနိုင်ကြပါ" ဟူ၍ သပြေကန်ဆရာတော် ဥဒါန်းကျူးရင့်သကဲ့သို့ မိမိသည်လည်း "ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ သပြေကန်ဆရာတော်ဘုရားကြီး၏ ကြီးကျယ်နက်နဲလှသော သီလ, သမာဓိ, ပညာဂုဏ်တို့၏ နက်နဲမှုအတိုင်းအတာကို အကုန်အစင် မသိမြင်နိုင်ပါ"ဟူ၍ ပြောကြားယင်း နိဂုံးကမ္ပတ် အဆုံးသတ်ရပါသတည်း။

အရှင်အဂ္ဂညာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

# သမဏာဘဒြတရားနှင့် ရင္ဂုရဆရာတော်

သမဏာဘဒြဟူသည် ရဟန်းမြတ်တို့၏ ကောင်းခြင်းဟု အဓိပ္ပါယ်ရသည်၊ ယင်းသမဏာဘဒြတရားကို ဟောကြားသူမှာ သောဏာကမည်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ဖြစ်၍ နားကြားသူမှာ ဂေါတမဗုဒ္ဓအလောင်းအလျာ ဗာရာဏသီပြည်ရှင် ဘုရင်အရိန္ဒမမင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ် ၂-ဦးတို့ တစ်ခုသောဘဝ၌ ဂေါတမဗုဒ္ဓအလောင်းအလျာသည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်ရှင် ဘုရင်မင်း၏ မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေနေ၍ ပစ္စေကဗုဒ္ဓါအလောင်းသည် ပုရောဟိတ်ပုဏ္ဏား ဇနီးဝမ်း၌ ပဋိသန္ဓေ စွဲယူနေသည်၊ သူငယ် ၂-ဦး တစ်နေ့တည်း၌ ဖွားမြင်ကာ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ကြ၍ ခွဲမရနိုင်အောင် အသွင်သဏ္ဍာန် တူညီနေကြသည်။ မင်းသားကလေးသည် အရိန္ဒမအမည်ရှိ၍ ပုရောဟိတ်သားသည် သောဏာက အမည် ရလေသည်။ ဖွားဖက်တော် သူငယ်၂-ဦးတို့ တက္ကသိုလ်ပြည်သို့ သွား၍ အတတ်ပညာမျိုးစုံကို အတူတကွ သင်ယူကြလေသည်။

အတတ်ပညာအဖြာဖြာ တတ်မြောက်ကြပြီးနောက် တိုင်းတော်ပြည်တော်သို့ ဒေသစာရီလှည့်လည်ယင်း ပြန်လာကြရာ ဗာရာဏသီမင်း နတ်ရွာစံပြီးနောက် ၆-ရက်မြောက်နေ့တွင် ဗာရာဏသီမြို့တွင်း ပုဏ္ဏားများ ဝေဒကျမ်းရွတ်ဖတ်ပွဲသို့ ရောက်လာကြသည်၊ ပုဏ္ဏားများ၏ ဧည့်ခံကျွေးမွေးမှုကို ခံယူပြီး မင်းဥယျာဉ်အတွင်း တစ်ညတာ နားနေကြသည်၊ နောက်တစ်နေ့ နံနက်တွင် မှူးမတ်ဗိုလ်ပါများက မြင်းယာဉ်ကသော ဖုဿရထားကို နန်းတော်တွင်းမှ မင်းလောင်းရှိရာ စေလွှတ်လိုက်ကြသည်၊ ဖုဿရထားသည် မင်းလောင်းရှိရာ မင်္ဂလာဥယျာဉ်တံခါးဝ၌ နောက်သို့

ပြန်လှည့်ကာ မင်းလောင်းစီးနင်းရန် အဆင်သင့် တည်နေလေသည်။ အရိန္ဒမမင်းသားသည် ကျောက်ဖျာအပြင်၌ ကျိန်းစက်နေစဉ် သောဏက လုလင်သည် အနီးအပါးတွင် ထိုင်နေကာ တူရိယာအသံကို ကြားရ၍ "အရိန္ဒမမင်းသားအတွက် ဖုဿရထား ဆိုက်လာပြီ၊ ယနေ့ပင် မင်းအဖြစ် ကိုရ၍ ငါ့အား သေနာပတိအရာကို ပေးလိမ့်မည်၊ ငါသည် အစိုးရမင်း များ၏ ရာထူးရာခံကို အလိုမရှိ၊ အရိန္ဒမမင်းသားဉယျာဉ်မှ ထွက်သွားလျှင် ရဟန်းပြုတော့မည်" ဟု ကြံစည်တွေးတောနေသည်၊ မှူးမတ်မိုလ်ပါများ ဉယျာဉ်တွင်း မဝင်လာမီ လုံခြုံဖုံးကွယ်သော တစ်နေရာ၌ ပုန်းအောင်းနေ သည်၊ မှူးမတ်မိုလ်ပါများ ဉယျာဉ်တွင်း ဝင်လာကြပြီး အရိန္ဒမမင်းသားအား ရာဇာဘိသိက် သွန်းလောင်းကာ ဖုဿရထားဖြင့် ရွှေနန်းတော်သို့ ပင့် ဆောင်သွားကြလေသည်။

ထို့နောက် သောဏကလုလင်သည် ကျောက်ဖျာအပြင်၌ ထိုင်နေစဉ် အင်ကြင်းပင်မှ သစ်ရွက်ရော်တစ်ခုသည် အညှာမှ ကြွေကျကာ မြေခလာ သည်၊ ဤတွင် သောဏကသည် "ဤသစ်ရွက်သည် ရင့်ရော်ဆွေးမြေ့၍ ကြွေကျကာ မြေခရသကဲ့သို့ ငါ၏ ခန္ဓာကိုယ်သည်လည်း အိုမင်းရင့်ရော် ကာ မရဏစက်ကွင်း သက်ဆင်းရပေမည်" စသည်ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ ဝိပဿနာဉာဏ် ပွားများလျက် ပစ္စေကဗောဓိဉာဏ်ကို ရရှိလေသည်၊ ထိုခဏမှာပင် လူ့အသွင် ကွယ်ပျောက်၍ ရဟန်းအသွင် ပေါ်ပေါက်ကာ "ငါ့အား နောက်ထပ်တစ်ဖန် ဘဝအသစ် မရှိတော့ပြီ" ဟု ဥဒါန်းကျူးလျက် ဟိမဝန္တာတောင်အနီး နန္ဒမူလိုဏ်ဂူသို့ ကြွမြန်းသွား လေသည်။ ဘုရားလောင်း အရိန္ဒမမင်းသည် မင်းစည်းစိမ် ယစ်မူးကာ နှစ်ပေါင်း ၄၀-တိုင်တိုင် ငယ်ကျွန်တော် သောဏကကို အမှတ်မရဘဲ နေလေသည်။ နှစ်ပေါင်း ၄၀-ကျော်လွန်လာမှ အမှတ်ရ၍ "ငါ၏ ငယ် ကျွန်တော် သူငယ်ချင်း သောဏက အဘယ်မှာနည်း" ဟု အဖန်ဖန်

အောက်မေ့နေသော်လည်း သောဏကကို မြင်၍ ကြား၍ ပြောကြားလာသူ တစ်ဦးတစ်ယောက်မျှ မတွေ့ရပေ။

ကာလအတန်ကြာသောအခါ "သောဏကအကြောင်း သတင်း ကြား၍ ပြောကြားလာသူ အဘယ်သူအား ငါသည် အသပြာတစ်ရာ ပေးရ ပါအံ့နည်း။ သောဏကကို မြင်၍ ပြောကြားလာသူ အဘယ်သူအား အသပြာတစ်ထောင် ပေးရအံ့နည်း။ အဘယ်သူသည် မြေမှုန့်အတူ ကစား ဖက်ဖြစ်သော သူငယ်ချင်းသောဏကကို ငါ့အား ပြောကြားလာပါအံ့နည်း" ဟု အမိပွါယ်ရသော-

ကဿ သုတွာ သတံ ဒမ္မိ၊ သဟဿံ ဒဋ္ဌု သောဏကံ။
ကော မေ သောဏကမက္ခာတိ၊ သဟာယံ ပံသုကီဠိတံ။

ဤဂါထာသီချင်းကို ကျူးရင့်သီဆိုနေလေသည်။ နန်းတွင်းသူများမှ စ၍ တိုင်းသားပြည်သူအများတို့ကလည်း ကျူးရင့်သီဆိုနေကြလေသည်။

နှစ်ပေါင်း ၅၀-လွန်မြောက်လာသောအခါ သားကြီး ဒီဃာဝုမင်းသား နှင့်တကွ သားတော်, သမီးတော်များ များပြားလာလေသည်၊ ထိုအခါ သောဏကပစ္စေကဗုဒ္ဓါသည် "အရိန္ဒမမင်းသည် ငါ့ကို ဖူးတွေ့လို၏၊ သူရှိရာအရပ်သို့ သွား၍ ကာမဂုဏ်တို့၏ အပြစ်ကိုလည်းကောင်း, တော ထွက်ခြင်း၏ အကျိုးအာနိသင်ကိုလည်းကောင်း ပြောပြ၍ ရဟန်းပြုခြင်း အစီအစဉ်ကို ငါ ပြုလုပ်အံ့"ဟု ကြံစည်ပြီးလျှင် အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်လမ်း၌ ပျံသန်းကာ ဗာရာဏသီမင်း ဉယျာဉ်အတွင်း ထိုင်နေ သည်။ သောဏကပစ္စေကဗုဒ္ဓါသည် အရိန္ဒမမင်း၏ ဖော်ပြပြီး ဂါထာသီချင်း ကို သီဆိုနေသော ကလေးသူငယ်တစ်ယောက်အား သီချင်းတုံ့ အဖြေ ဂါထာကို-

မယှံ သုတွာ သတံ ဒေဟိ၊ သဟဿံ ဒဋ္ဌု သောဏကံ။
အဟံ တေ သောဏကမက္ခိဿံ၊ သဟာယံ ပံသုကီဠိတံ။

ဟူ၍ သင်ပေးပြီးလျှင် အရှင်မြတ် မင်းဥယျာဉ်အတွင်း ရှိနေကြောင်း ဘုရင်အား သိစေသည်။ ဤအကြောင်းကို ကြားသိ၍ မိမိအထံသို့ ရောက်လာသော အရှိန္ဒမမင်းအား သောဏကပစ္စေကဗုဒ္ဓါသည် ရဟန်းတို့၏ ကောင်းခြင်း သမဏဘဒြတရားကို ဟောကြားလေသည်။ ထိုသမဏဘဒြ ဂါထာတို့ကို ဤ၌ မြန်မာဘာသာ ကဗျာပြုကာ ဖော်ပြမည်။

## သမဏဘဒြတရား = ရဟန်းတို့၏ ကောင်းခြင်း ၈-ပါး

၁။ ဥစ္စာစပါး၊ လုံခြုံကြားဖို့၊ သိုထားသိမ်းခြင်း၊ မရှိကင်း၊ ကောင်းခြင်း သမဏဘဒြ။

၂။ အပြစ်ကင်းကွာ၊ ဆွမ်းကိုသာလျှင်၊ မှန်စွာမယွင်း၊ ရှာမှီးခြင်း၊ ကောင်းခြင်း သမဏဘဒြ။

၃။ ငြိမ်းအေးပြီးစွ၊ ဆွမ်းဟာရကို၊ ရွှင်ပြစိတ်ထား၊ သုံးဆောင်စားလျှင်း၊ မှန်မယွင်း၊ ကောင်းခြင်း သမဏဘဒြ။

၄။ တိုင်းသားပြည်သူ၊ ခပ်သိမ်းလူမှ၊ ကောက်ယူခွန်တုတ်၊ ပြုလုပ်နှိပ်နင်း၊ မရှိကင်း၊ ကောင်းခြင်း သမဏဘဒြ။

၅။ မိမိကိန်းအောင်း၊ နေရာကျောင်းနှင့်၊ တန်ဆောင်း ဆောက်ဦး၊ အထူးထူး၌၊ နှစ်ခြိုက်လွန်ကဲ၊ တပ်စွဲကင်းရှင်း၊ နေနိုင်ခြင်း၊ ကောင်းခြင်း သမဏဘဒြ။

၆။ ခိုးသူနှိပ်စက်၊ မနှောင့်ယှက်၍၊ လုယက်သည့်ဘေး၊ ရှောင်ဝေးလွတ်ကင်း၊ မရှိလျှင်း၊ ကောင်းခြင်း သမဏဘဒြ။

၇။ မင်းမှူးမတ်ဟူ၊ ထိုသသူနှင့်၊ ကြည်ဖြူရွှင်မော၊ တသောသောဖြင့်၊ ရောနှောခြင်း ကင်း၊ မရှိလျှင်း၊ ကောင်းခြင်း သမဏဘဒြ။

၈။ အရပ်ဒိသာ၊ ရှစ်မျက်နှာတွင်၊ လိုရာရပ်ခွင်၊ ကြွသွားချင်က၊ ပိတ်ပင်တားခြင်း၊ မရှိကင်း၊ ကောင်းခြင်း သမဏဘဒြ။

ဖော်ပြပြီး သမဏဘဒြတရား ၈-ပါးကို အင်္ဂုတ္တိုလ်အဋ္ဌကထာ (၃၇), အပဒါန်အဋ္ဌကထာ (၁၊ ၉), ဇာတကအဋ္ဌကထာ (၁၊ ၉) တို့၌ သုမေဓာတောထွက်ခန်းကို ဖော်ပြသော-

စက်မံ တတ္ထ မာပေသိ၊ ပဏ္ဏသာလံ သုမာပိတံ။
အဋ္ဌဂုဏသမုပေတံ၊ အဘိညာဗလ မာဟရိ။

ဟူသော ဗုဒ္ဓဝံသပါဠိတော် (၃၀၈)လာ ဂါထာ၏ အဋ္ဌဂုဏသမုပေတံ- ပုဒ်ကို ဖွင့်ဆိုရာတွင် "အဋ္ဌဂုဏသမုပေတန္တိ အဋ္ဌဟိ သမဏသုခေဟိ ဥပေတံ။ အဋ္ဌိမာနိ သမဏသုခါနိ နာမ" စသည်ဖြင့် သမဏသုခဟူ၍ ဖွင့်ဆိုထားလေသည်။ ယင်းကို ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် အတွဲ ၁၊ အပိုင်း ၁၊ ခါး-၌ မြန်မာကဗျာဖြင့် ဤသို့ ဖော်ပြထားသည်။

၁။ ဥစ္စာစပါး၊ သိမ်းမထား၊ ရှေးဖျားသမဏ၊ မြတ်သုခ။
၂။ အပြစ်ကင်းကွာ၊ ဆွမ်းကိုရှာ၊ ဤမှာ သမဏ၊ မြတ်သုခ။
၃။ ဆင်ခြင်ဉာဏ်ရှေး၊ ဆွမ်းတော်အေး၊ ဘုဉ်းပေးသမဏ၊ မြတ်သုခ။
၄။ ပြည်ပိုင်စိုးမင်း၊ တုတ်ခွန်ညှဉ်း၊ လွတ်ကင်း သမဏ၊ မြတ်သုခ။
၅။ အဆောက်အဦ၊ ငါ့ဟာဟူ၍၊ လူနှယ်နှိုင်းစက်၊ မတပ်မက်၊ မှတ်ချက် သမဏ၊ မြတ်သုခ။
၆။ ခိုးသူလုယက်၊ ဘေးနိပ်စက်၊ လွတ်ထွက် သမဏ၊ မြတ်သုခ။
၇။ မှူးမတ်စိုးမင်း၊ ရောယှက်ကင်း၊ ငြိမ်းခြင်း သမဏ၊ မြတ်သုခ။
၈။ လေးမျက်နှာရပ်၊ မတားအပ်၊ လွတ်လပ် သမဏ၊ မြတ်သုခ။

ဤသို့ အင်္ဂုတ္တိုလ်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာနှင့် ဇာတက အဋ္ဌကထာတို့၌ အဋ္ဌဂုဏ-အရ သမဏဘဒြတရား ၈-ပါးကိုပင် သမဏ သုခဟု အမည်တပ်ကာ ဖွင့်ဆိုထားကြသော်လည်း ဗုဒ္ဓဝံသအဋ္ဌကထာ (၉၈)ဆရာ အရှင်ဗုဒ္ဓဒတ္တမထေရ်မြတ်ကမူ အဆိုပါ အဋ္ဌကထာတို့၏ ဖွင့်ပြချက်သည် ပါဠိတော်နှင့်မညီဟု မိန့်ဆိုလေသည်။ မည်သို့ပင်ဖြစ်စေ၊

သမထဘာဒြတရား, သမထသုခတရားတို့ကား ဗုဒ္ဓသာသနာတော်၌ အလွန်မြင့်မြတ် ကောင်းမွန်သော တရားများသာ ဖြစ်ပေသည်၊ ထို့ကြောင့်ပင် ပိဋကတ္တယကောဝိဒ ဘာသန္တရဆေက ကာဗျပါရဂူဖြစ်တော်မူသော မန်လည်ဆရာတော်ဘုရားကြီးသည် ဇာတကပါဠိ သဋ္ဌိနိပါတ် သောဏက ဇာတ်တော်လာ သမထဘာဒြကထာ ၈-ဂါထာကို အဓိပ္ပါယ်အဆုံးအဖြတ် တို့နှင့်တကွ သမထဘာဒြကထာ နိဿယကျမ်းအဖြစ်ဖြင့် ရေးသားဖွင့်ဆို တော်မူခဲ့သည်။

ဖေါ်ပြပြီး သမထဘာဒြတရားတို့နှင့် ပြည့်ဝစုံလင် ဂုဏ်တင်ထိုက်သော ပုဂ္ဂိုလ်ကို ညွှန်ပြပါဟုဆိုလျှင် မဆိုင်းမတွပင် ဤစာရေး သူအနေဖြင့် မန္တလေး မဟာအောင်မြေမြို့နယ် ဒဟတ္ထောပရိယတ္တိစာသင်တိုက် ပဓာနနာယက, မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ရွှေကျင်), ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယက, အဂ္ဂမဟာသဒ္ဓမ္မဇောတိက-ဓဇ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရ သက်တော်ရှည် ဆရာတော်ဘုရားကြီး အရှင်သုဇာတသာရမထေရ်မြတ်ကြီးကိုပင် ဖေါ်ပြရပေမည်။ ဆရာတော်ဘုရားကြီးသည် ငယ်စဉ်အခါက လာဘသက္ကာရသိလောကကို အလိုမရှိသဖြင့် ပရိယတ္တိစာမေးပွဲများကို မဝင်ခဲ့သော်လည်း ရဟန်းဖြစ်ပြီးနောက် သာသနာပြုရာတွင် ပရိယတ္တိအရည်အချင်း ပြည့်ဝမှု အများလက်ခံကြသည်ကို နှလုံးပြု၍ သက်တော် ၂၄-နှစ်မှ ၂၉-နှစ်အတွင်း ကျန်းမာရေးကြောင့် ၁-နှစ်အနားယူကာ ပထမငယ်, ပထမလတ်, ပထမကြီး, အစိုးရ သာသနဓဇသိရီပဝရဓမ္မာစရိယတန်းတို့ကို အကျအရှုံးမရှိ ၅-ကြိမ်တည်းဖြင့် အပြီးအောင်မြင်တော်မူခဲ့သည်။ ဤသည်ကို ထောက်ရှုက ဆရာတော်ကြီး၏ ပရိယတ္တိဂုဏ် အရည်အချင်းကို ပညာရှင်များ သိမြင်နိုင်ပေသည်။

ဆရာတော်ကြီး၏ ကျင့်စဉ်ပဋိပတ်နှင့် သာသနာပြုလုပ်ငန်းတို့မှာလည်း အံ့မခန်းဖွယ် ကြီးကျယ်များပြားလှပါပေသည်၊ ဆရာတော်ကြီး

သည် သက်တော် ၃၇-နှစ်အရွယ် သိက္ခာတော် ၁၇-ဝါအရ ၁၃၂၅-ခုနှစ်တွင် ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါးတန်းကျောင်း စာချဆရာတော်အဖြစ်မှ သက်ဆိုင်ရာဒကာ + ဒကာမများ၏ ပင့်ဖိတ်ချက်အရ ဒဟာဓတ္တာကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးကာ အလွန်ခဲယဉ်းပင်ပန်းစွာ သာသနာပြုလုပ်ငန်းတို့ကို ဦးစီးဆောင်ရွက်တော်မူခဲ့သည်၊ ဒဟာဓတ္တာကျောင်းတိုက်ဟူသည် ဒဟာဓတ္တာဘုရားကို အမှီပြု၍ ဖြစ်ပေါ်လာသောအမည် ဖြစ်သည်၊ ဒဟာဓတ္တာဘုရားသည် ပုဂံပြည်မင်းရှင်စော တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်ဘုရားတစ်ဆူဖြစ်သည်၊ မန္တလေး ရတနာပုံခေတ်က ဘုရား, တန်ဆောင်း, ပြာသာဒ်ကျောင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ သံဃာတော် ၇၀-ကျော် သီတင်းသုံး၍ ကျောင်းဆောင်ပေါင်း ၆-ကျောင်းအထိ ရှိခဲ့ပေသည်၊ သို့သော်လည်း ဆရာတော်သီတင်းသုံးသည့်အချိန်တွင် တိမ်ကောပျက်စီး၍ ဘုရားအို ဘုရားပျက်နှင့် ကျောင်းနှစ်ဆောင်မျှသာ ကျန်တော့သည်၊ ကျောင်းများသည်လည်း အလွန် ယိုယွင်းကာ အိုမင်းနေလေပြီ၊ ဤအခြေအနေတွင် ရောက်ရှိလာသော ဆရာတော်သည် မိမိ၏ ဘုန်းစ ကံစ ဉာဏ်စတို့ကို အသုံးပြုကာ စွမ်းအားရှိသမျှ ကြိုးပမ်းအားထုတ်ရပေသည်။

မင်းရှင်စော တည်ထားကိုးကွယ်ခဲ့သော မူလစေတီဟောင်း၏ ပတ်ပတ်လည် ၂-ပေစီ တိုးချဲ့ပြီးလျှင် ထိုစေတီဟောင်းကို ခြုံငုံကာ အသစ်တည်ဆောက် ပြုပြင်ရသည်၊ ထိုသို့ပြုပြင်ရာ၌ ဆရာတော်၏ ဆွေမျိုးသားချင်း ဒကာ+ဒကာမများက ဝိုင်းဝန်းကူညီ အားပေးကြသဖြင့် အောင်မြင် ပြီးစီးခဲ့သည်၊ ဆက်လက်၍ သံဃာတော်များ သီတင်းသုံးရန် မဟာညွှန့်အုတ်ကျောင်းအစရှိသော ကျောင်းဆောင်များ စီကာစဉ်ကာ ပေါ်ပေါက်လာကြသည်၊ ထိုအခါ ဆရာတော်သည် တပည့်သံဃာ ၃၀-ကျော် ၄၀-ခန့်မျှ မွေးမြူကာ နေ့ဝါ, ညဝါ စာပေကျမ်းဂန်များကို အားသွန်ခွန်စိုက် ပို့ချတော်မူ၍ တစတစ တိုးတက်လာကာ ယခုအခါ ထင်းရှားသော စာသင်

တိုက် တစ်တိုက်အဖြစ်သို့ ရောက်ရှိနေပေသည်၊ ဒဟာတွော ပရိယတ္တိစာသင်တိုက်အတွင်း၌ "အကနိဋ္ဌ"အမည်ရှိသော ကြီးကျယ်ခမ်းနားသည့် ဓမ္မာရုံကြီးတစ်ခုလည်း ပြီးစီးနေပေသည်။

ဒဟာတွောဆရာတော်သည် ဒဟာတွောကျောင်းတိုက်အတွင်းမှာသာ သာသနာပြုလုပ်ငန်းတို့ကို ဆောင်ရွက်တော်မူသည် မဟုတ်သေး၊ ဆရာတော်၏ ဇာတိဌာန ဝမ်းပြည့်ကျေးရွာ၌ ဆရာသမား အစဉ်အဆက် သီတင်းသုံးနေခဲ့သော ရှေးဟောင်းကျောင်းကြီးကို ဖျက်၍ အဂ္ဂမဟာပဏ္ဍိတပူဇော်မှ အပူဇော်ခံရရှိတော်မူသော ဝတ္ထုကြေးငွေများကို မ,တည်၍ အလျား ၆၃-ပေ အနံ ၃၆-ပေ အာစီလောင်း တိုက်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းတော်မူခြင်း၊ ဇာတိကျေးရွာရှိ စေတီပုထိုး အဟောင်းအမင်းတို့တွင် ဆရာတော်က သီးခြား စေတီတစ်ဆူ၊ စေတနာရှင် ဒကာ+ဒကာမတို့နှင့် ပူးပေါင်း၍ အခြား စေတီ ၁၄-ဆူတို့ကို ပြုပြင်မွမ်းမံကာ သံကွန်ကရစ် အာရုံခံတန်ဆောင်း ဆောက်လုပ်လှူဒါန်းခြင်း၊ လူသူအများ သွားလာရာ တံတား ၃-စင်းတို့ကို ဆောက်လုပ်လှူဒါန်းခြင်း၊ အလျား ၁၂၇-ပေ၊ အနံ ၂၇-ပေရှိ ၂-ထပ်အလယ်တန်းကျောင်းကြီး မဟာရံတံတိုင်းကြီးတို့ကို ဆောက်လုပ်လှူဒါန်းခြင်း၊ နှစ်စဉ်နှစ်တိုင်း ဒဟာတွောကျောင်းတိုက် သံဃာများနှင့်တကွ အခြားသံဃာတော်များအား သင့်လျော်သလို သင်္ကန်း, ထီး, ဘိနပ်အစုံ ၁၅၀-ကျော်၊ စောင်, တဘက်-စသည်တို့ကို လှူဒါန်းခြင်း၊ ကျေးရူးရှင်မိခင်ကြီးအား ဆရာတော်သက်တော် ၂၉-နှစ်မှစ၍ မိခင်ကြီး ကွယ်လွန်ချိန်(၈၅-နှစ်)အထိ ဝတ္ထုကြေးငွေနှင့်တကွ ဝတ်ဖွယ်, စားသောက်ဖွယ် လစဉ် ပေးစွန့်လှူဒါန်းခြင်းစသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်တော်မူခဲ့ပေသည်။ လူအများ အန္တရာယ်ကင်းခြင်း, ကျန်းမာခြင်း, စီးပွားဥစ္စာ တိုးတက်ခြင်း, အကြံအစည် အလုပ်အကိုင်အောင်မြင်ခြင်း-စသော ကောင်းကျိုးများကို ပေးစွမ်းနိုင်သော မဟာသရဏဂုံကြီးကို ရွတ်ဖတ်ပူဇော်ရန်-

“သရဏဂုံ၊ ကိုယ်လုံးခြုံ၊ လုံးစုံ သိဒ္ဓိပေါက်။
အန္တရာယ်ကင်း၊ ကပ်ကျော်နင်း၊ လက်ငင်း ချမ်းသာရောက်”

ဟူသော သံပေါက်ဖြင့် လှုံ့ဆော်တိုက်တွန်းထားသော မဟာသရဏဂုံကြီး ကျမ်းကိုလည်း ထေရုပ္ပတ္တိကျမ်းနှင့်တွဲကာ လှူဒါန်းတော်မူခဲ့ပေသည်။

## နိဂမန ထေရုပ္ပတ္တိ

သုပညာ သုန္ဒရံ ဇာယီ၊ သုသီလံ သံဝရဂုဏီ။
သုမိတိ နိဒဟံ ထေရော၊ ရဋ္ဌဂုရု ဘိပူဇိတော။

—**ဘန္တေ**၊ သာသနာစံပြ၊ ဂဏထိပ်တင်၊ ကျေးဇူးရှင်ဟု၊ ဂုဏ်တင် သိမှတ်၊ ဒဟတ္တောဆရာတော် အရှင်မြတ်ကြီးဘုရား။ **ဂုဏီ**၊ သီလ, သမာ၊ ပညာဟူဘိ၊ ဂုဏ်ထူးရှိသည့်၊ အဓိပတိနွယ်ဝင်၊ ကျေးဇူးရှင်ဖြစ်တော်မူ သော။ **ထေရော**၊ မန္တလေးဇေယျ၊ ရွှေဘုံနဂရ၊ မဟာအောင်မြေဌာနဌ၊ ထာဝရမွေ့လျော်၊ ဆရာတော်ဟု၊ ထင်ပေါ်ကျော်ဟီး၊ ဒဟတ္တောဆရာတော် မထေရ်မြတ်ကြီးသည်။ **သုသီလံ**၊ ရှင်ငယ်က စ၊ ယခုကျအောင်၊ ထာဝရ စောင့်စည်း၊ လွန်သိပ်သည်းသည့်၊ အဓိသီလ သိက္ခာတော်မြတ်ကြီးကို။ **သံဝရံ = သံဝရန္တော**၊ မကျိုးမပေါက်၊ မညှိုးပျောက်အောင်၊ စောင့်ရှောက် ထိန်းသိမ်းတော်မူလျက်လည်းကောင်း။ **သုမိတိ**၊ နှစ်ပါးခုရ၊ ကိုယ့်ကိစ္စဝယ်၊ နိစ္စတည်ဘိ၊ သမာဓိခေါ် သိက္ခာတော်မြတ်ကြီးကို။ **နိဒဟံ = နိဒဟန္တော**၊ ကမ္ဘာ့ဗဟို၊ တောင်မြင့်မိုရ်သို့၊ ထိုထို အာရုံ၊ အဖုံဖုံ အစားစား၊ မရွေ့လျား အောင်၊ စိတ်ထောင် တည်ထားတော်မူလျက်လည်းကောင်း။ **သုပညာ**၊ ဘဝါဘဝ၊ သံသာရက၊ ထာဝရဆည်းပူး၊ ပါရမီကုသိုလ်ထူးကြောင့်။ **သုန္ဒရံ ဇာယီ**၊ ဆရာ့ဂုဏ်ရည်၊ တိုက်ဂုဏ်ရည်နှင့်၊ စုံညီတင့်အောင်၊ ကြောင်းသင့် ကျိုးပေါ်၊ ကောင်းစွာဖြစ်ထွန်းတော်မူပါပေပြီ။ **ရဋ္ဌဂုရု**၊ “အဘိဓဇ မဟာ-

ရဋ္ဌဂုရု"၊ ပြည်ထောင်စု ဆရာသခင်၊ သာသနာတွင် အဓိပတိ၊ ဂုဏ်ထူး ဆောင် ဘွဲ့တံဆိပ် ရရှိတော်မူသော။ **ထေရော၊** လူ့ဘုံ သာသနာ၊ ရံခါ တွေ့ကြုံ၊ အတိဒုလ္လဘာ၊ ပုဂ္ဂလဇာနည်၊ ဒဟတ္တောဆရာတော် မဟာထေရ်၏ မြတ်ကြီးကို။ **အဘိပူဇိတော၊** သာသနာဝင်၊ သူတော်စင် မှန်သမျှ (ဓမ္မ၊ အာမိသ၊ မြတ်နှစ်ဝဖြင့်၊) ဦးချကော်ရော် ပူဇော်အပ်၊ ပူဇော်ထိုက်ပါပေ သတည်း။

အရှင်အဂ္ဂညာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး။

# ဘက်ပေါင်းစုံမှ ရှုတိုင်းလှ
## (သို့မဟုတ်)
# အလုံးစုံတင့်တယ် ကြည်ညိုဖွယ်

ယခုတလော ပါဠိဘာသာ ပိဋကတ်ကျမ်းစာတို့ကို ကြည့်ရှုသုံးသပ်ရာ၌ ပါဠိပုဒ် ၂-ခုကို အထူးစိတ်ဝင်စားမိသည်။ စိတ်ဝင်စားခြင်းအကြောင်းမှာလည်း ခေတ်ကာလအခြေနေအရ တွေ့ရှိခံစားရသော မနှစ်မြို့ဖွယ်ရာအာရုံများနှင့် ဆက်စပ်နီးနွယ်နေသောကြောင့် ဖြစ်သည်။

ဘဝသံသရာ ကမ္ဘာလောကအတွင်း မှီတင်းနေကြသော သူသူငါငါ သတ္တဝါဟူသမျှတို့သည် သက်ရှိ, သက်မဲ့ ဗဟိဒ္ဓအာရုံ အမျိုးမျိုးတို့နှင့် တွေ့ကြုံဆုံစည်းကာ နေထိုင်ကြရသူချည်းသာ ဖြစ်ကြသည်။ တွေ့ကြုံရသမျှ ဗဟိဒ္ဓအာရုံတို့ကို ဝိပဿနာဉာဏ်မြင်ဖြင့် ပီပြင်အောင် မရှုမြင်နိုင်ကြလျှင် အာရုံ၏ဆွဲဆောင်ရာနောက်သို့ လိုက်ပါကြရမည်သာ ဖြစ်လေသည်။

ဤကမ္ဘာတွင် လူတို့နေထိုင်ရာ အိမ်ဂေဟာနှင့် ရေမြေတောတောင် အဆောင်ဆောင် အစားစား သက်မဲ့အာရုံများသည် ယခုအခါ သတ္တဝါတို့၏ မကောင်းသော ကံကြမ္မာနှင့် ဥတုရာသီတို့၏ ဖေါက်ပြန်ပျက်စီးမှုတို့ကြောင့် ကမ္ဘာအရပ်ရပ်တွင် လေမုန်တိုင်းကျခြင်း, မြေပြိုခြင်း, လျှော်လှုပ်ခြင်း, မီးတောင်ပေါက်ကွဲခြင်း-စသော သဘာဝဘေးဆိုး အန္တရာယ်အမျိုးမျိုးတို့နှင့် တွေ့ကြုံခံစားနေကြရသည်။

ကလိယုဂ် ဆုတ်ကပ်ဖွား ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများသည်လည်း မေတ္တာ, ကရုဏာစသော ဗြဟ္မစိုရ်တရားများ ခေါင်းပါး၍ လောဘ, ဒေါသ-စသော ကိလေသာအယုတ်တရားတို့သာ တိုးပွားနေကြသောကြောင့် တစ်ယောက်နှင့် တစ်ယောက်, တစ်ဖွဲ့နှင့် တစ်ဖွဲ့, တစ်နိုင်ငံနှင့် တစ်နိုင်ငံ တိုက်ခိုက်ညှဉ်းဆဲ သတ်ဖြတ်နေကြသည်ကိုသာ နေ့စဉ်နှင့်အမျှ နားမဆံ့အောင် ကြားသိနေရပေသည်။

ထို့ကြောင့် ဤအနိဋ္ဌာရုံအမျိုးမျိုးတို့မှ လွတ်ကင်းအောင် ရှောင်ရှား၍ သာယာစိုပြည်သော ဣဋ္ဌာရုံအမျိုးမျိုးတို့နှင့် တွေ့ကြုံဆုံစည်းရန် ကြံစည်အားထုတ်သောအခါ ပြဆိုခဲ့ပြီး "သမန္တဘဒ္ဒ(သမန္တဘဒြ)"ဟူသော ပါဠိပုဒ်နှင့် "သမန္တပါသာဒိက"ဟူသော ပါဠိပုဒ် ၂-မျိုးသည် မိမိ၏ စိတ်အစဉ်တွင် အထင်အရှားပေါ်လာလေသည်။

သမန္တဘဒ္ဒ (သမန္တဘဒြ) ဟူသည်မှာ ကောင်းမြတ်သော သက်ရှိ, သက်မဲ့ အရာဝတ္ထုတစ်ခုခုကို ရှုမြင်တွေ့ရှိသောအခါ "ထက်ဝန်းကျင် (ဘက်ပေါင်းစုံ)မှ ကောင်းမြတ်တင့်တယ် နှစ်သက်ဖွယ်ရှိ၏"ဟု အဓိပ္ပါယ်ညွှန်ပြသောပုဒ် ဖြစ်သည်။ ထို့အတူပင် သမန္တပါသာဒိကဟူသောပုဒ်သည်လည်း "ထက်ဝန်းကျင် (အလုံးစုံ) ပြည့်စုံတင့်တယ် ကြည်ညိုဖွယ်ရှိ၏" ဟူသော အဓိပ္ပါယ်ကို ညွှန်ပြသည်။ ထို့ကြောင့် အနိဋ္ဌာရုံပေါင်းစုံ လွှမ်းခြုံနေသော ဤကမ္ဘာလောကကြီး၌ အဆိုပါ ပါဠိပုဒ် ၂-မျိုးတို့က ဖော်ပြနေသော ဘက်ပေါင်းစုံမှ လှပတင့်တယ် နှစ်သက်ဖွယ်ရှိသော အာရုံမျိုးနှင့် အလုံးစုံတင့်တယ် ကြည်ညိုဖွယ်ရှိသော အာရုံမျိုးကို ဣဋ္ဌာရုံလိုလားသည့် သူတော်စင်မှန်သမျှ တောင့်တနေသည်မှာ သေချာလှပါပေသည်။

ဘက်ပေါင်းစုံမှ ရှုတိုင်းလှ၍ အလုံးစုံတင့်တယ် ကြည်ညိုဖွယ်ကို ဆောင်သော ဣဋ္ဌာရုံမျိုးကို တွေ့မြင် ရှုစားလိုပါသည်ဟုဆိုလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကိုသာ အထူးအရေးထားကာ ရှုစားရပေမည်။ အဘယ့်

ကြောင့်ဆိုသော် စကြဝဠာ ကမ္ဘာလောက ကုဋေတစ်သိန်းအတွင်း၌ ဗုဒ္ဓ မြတ်စွာနှင့် ယှဉ်ပြိုင်နိုင်သော ရူပကာယ, နာမကာယ ပိုင်ရှင်ပုဂ္ဂိုလ်ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိသောကြောင့်တည်း။

ဗုဒ္ဓမြတ်စွာသည် မနှိုင်းယှဉ်အပ်သော ဘုန်းတော် ကံတော် ပါရမီ တော်တို့ကြောင့် ၃၂-ပါးသော လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာ ငယ်တို့နှင့်တကွ ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် တန်ဆာဆင် ထားအပ်သည့် လူမမီ, နတ်မမှီ ဗြဟ္မာပင် မတုပနိုင်သော ရူပကာယနှင့် ပြည့်စုံတော်မူပေသည်။ ထို့ပြင်တဝ ဝါသနာနှင့်တကွသော တစ်ထောင့် ငါးရာ ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်နေသောကြောင့် အတုမရှိသော နာမကာယပိုင်ရှင် ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အရေအတွက်ရှိသည့် တရားတော်များနှင့် မြတ်စွာဘုရား၏ တပည့်သံဃာတော်များသည်လည်း သမန္တဘဒ္ဒ, သမန္တ- ပါသာဒိကဂုဏ် ပြည့်စုံကြွယ်ဝသော တရားတော်, သံဃာတော်များသာ ဖြစ်တော်မူကြပေသည်။

ထို့ကြောင့် အဋ္ဌကထာသစ်ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသ သည် အရှင်မြတ် ရေးသားစီရင်အပ်သော အဋ္ဌကထာသစ်ကျမ်းများတွင် အထူးအလေးအမြတ်ပြုအပ်သော ဝိနည်းပါဠိတော်ငါးကျမ်းအဖွင့် အဋ္ဌ- ကထာကျမ်းကြီး (၄-တွဲ)ကို အကြောင်း ၉-ချက်ပြကာ "သမန္တ- ပါသာဒိကာ" ဟူ၍ အမည်သညာ ပေးထားလေသည်။

အင်းဝခေတ် ကျမ်းပြုအကျော် ဆရာတော်အရှင်မဟာအရိယဝံသ သည်လည်း အရှင်မြတ်ရေးသားစီရင်အပ်သော ဇာတ်တော်ကြီးဆယ်ဘွဲ့ ပါဠိတော်, အဋ္ဌကထာလာပါဠိပုဒ်များကို သုတ်သင်ရှင်းလင်းရာ ဇာတက- ဝိသောဓနကျမ်း၏ နိဂုံး၌ "သမန္တပါသာဒိကမဟာအရိယဝံသတ္ထေရေန

ရစိတံ ဒသဇာတကဝိသောဓနံ နိဋ္ဌိတံ"ဟူ၍ အရှင်မြတ်၏ ဘွဲ့အမည်ကို "သမန္တပါသာဒိက"ဟူသော ဝိသေသနဂုဏ်ပုဒ်ဖြင့် အထူးပြုကာ ရေးသား ထားသည်ကို တွေ့ရှိရပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလယ်ပိုင်းဒေသ၌ ရေးနှစ်ပေါင်း များစွာကပင် အလွန်ထင်ရှား လူသိများသော စစ်ကိုင်းတောင်ရိုးသည် တောင်ထွတ်ပေါင်း ၃၇-ခုတို့ဖြင့် လွှမ်းခြုံထားသည့်အပြင် ဘုရားသား ကျော် ရဟန်းတော် သာမဏေများ သီတင်းသုံးရာ ကျောင်းတိုက်တာများ၊ သူတော်, သီလရှင်, သီတင်းသည်များ တရားမွေ့ကာ နေထိုင်ရာ ချောင်များ နှင့် အလွန်ကြည်ညိုဖွယ်ရာ စေတီများဖြင့်လည်း တန်ဆာဆင်ထားသော ကြောင့် သမန္တဘဒ္ဒ၊ သမန္တပါသာဒိကဂုဏ်နှင့် အထူးပြည့်စုံသည်ဟု ဆိုရ ပေမည်။

ယခုအခါ စစ်ကိုင်းတောင်ရိုး၌ ချောင်နှင့် ကျောင်းတိုက်တာပေါင်း ၅၀၀-ကျော် ၆၀၀-ခန့်မျှရှိ၍ စေတီပေါင်း ၃၀၀-ကျော် ၄၀၀-ခန့်မျှ ရှိကြောင်း သိရှိကြည်ညိုရပေသည်။ စစ်ကိုင်းတောင်ရိုးရှိ ကျောင်းတိုက် များ၏ ကျောင်းဆောင်တို့သည် နတ်ဘုံဗိမာန်တမျှ ခမ်းနားသိုက်မြိုက် လှပေသည်ဟု ဆိုကြသည်။ စေတီတော်များသည်လည်း အသစ်တစ်ဖန် မွမ်းမံပြင်ဆင်ထားသဖြင့် အလွန်ပင် ကြည်ညိုဖွယ်ရာ သမန္တဘဒ္ဒ, သမန္တ-ပါသာဒိကဂုဏ်ကို ဆောင်တော်မူကြပါပေသည်။ ထို့ကြောင့် စာဆိုရှင် ပညာရှိတို့က-

"သာယာညို့မှိုင်း၊ မြို့စစ်ကိုင်းမှ၊ ရှုတိုင်းအံ့ရာ၊ မြောက်
မျက်နှာဝယ်၊ မကွာယှဉ်မှီး၊ ကျော်တိပြီးသား၊ မြစ်ကြီးခွေကာ၊
ထွေထွေဖြာလျက်၊ ရောကမ်းစွန်း၊ မြင့်သွန်းသွန်းလျှင်၊
ကွန့်ရှွန်းကျက်သရေ၊ လက်လက်ဝေ၍၊ တက်နေပုံဆောင်၊
စစ်ကိုင်းတောင်ကား၊ ဖျိုင်းရောင်အသွေး၊ ဖြူဖြူဖွေးလျက်၊

> ညစ်ကြေးပယ်ခွါ၊ သူတော်စွာတို့၊ ခေမာမျိုးရိပ်၊ ကူးတို့ဆိပ်
> တည်း။" (ဇေယျာစလပျို့)

ဟူ၍ စပ်ဆိုတော်မူကြသည်။

စစ်ကိုင်းတောင်ရိုးသည် တောင်ထွတ်ပေါင်း ၃၇-ခုတို့ဖြင့် ရှုချင်ဖွယ်ရာ တန်ဆာဆင်ထားသောကြောင့် စကြဝဠာ ကမ္ဘာတိုက်ပေါင်း ၁-သောင်းအတွင်း၌ အလွန်ပင် တွေ့ကြုံခဲလှသော တောင်မြတ်ဖြစ်သည်။

စစ်ကိုင်းတောင်ရိုးကို ရဟန်း,ရှင်,လူ ပြည်သူအများက အထူးစိတ်ဝင်စားကာ အသိအမှတ်ပြုနေကြသည်မှာ တောင်ရိုးကြီး၏ တောနှင့်တောင်နှင့် သဘာဝကျကျ ပန်ရအောင် တည်ရှိနေခြင်း၊ ဧရာဝတီမြစ်ကြီးနှင့် မြစ်ကမ်းစပ်တို့၏ ရှုမခန်းဖွယ် တင့်တယ်လှပနေခြင်းတို့ကြောင့် ဖြစ်လေသည်။

တောင်ထွတ်ပေါင်း ၃၇-ခုတို့မှာ မြင့်မောက်ခန့်ထည်သော တောင်ထွတ်ပေါင်း ၂၀၊ မျက်စဉ်းညိုအရောင် အဥ္စနတောင်ထွတ် ၂-ခု၊ ဣန္ဒာ-သယတောင်ထွတ် ၃-ခု၊ အရှေ့,အနောက် ဗီလာဆီးကာနေသော တောင်ဗီလာတောင်ထွတ် ၃-ခု၊ ချုံပိတ်ပေါင်းတို့ဖြင့် ရှုမငြောင်းသည့် ဝလ္လာဂီရိတောင်ထွတ် ၄-ခု၊ စစ်ကိုင်းတောင်ရိုး၏ အနောက်ဖက် အစွန်ရှိ အပရန္တတောင်ထွတ် ၅-ခုတို့ ဖြစ်လေသည်။ ဤသို့သော အကြောင်းအရာတို့ကို ကောင်းစွာသိရှိ ဆင်ခြင်မိသော စာဆိုကဝိ ပညာရှိတို့က-

> "သုံးဆယ့်ခုနစ်ချက်၊ ဗောဓိပက်နှင့်၊ လိုက်ဖက်ညီ
> တောင်း။ တောင်ထွတ်ပေါင်းဖြင့်၊ တစ်သောင်းတိုက်ပေါ်၊
> ရခဲလှော်၏၊ အဟော်ဝတ၊ ကြားရုံမျှနှင့်၊ ရေးကဆည်းပူး၊
> ပါရမီထူးတည့်။ ရောက်ဖူးမြင်ဖူး၊ ထိုနှစ်ဦးကား၊ ချီးကျူး
> ဆုံး၄ါ၊ မစွမ်းရာဘူး" (ဇေယျာစလပျို့)

ဟူ၍ တစ်မျိုး၊

"မြင့်မောက်ခန့်ထည်၊ တောင်နှစ်ဆယ်နှင့်၊ နှစ်သွယ်
အဥ္ဇန၊ သုံးမျှ ကူဋာ၊ တောင်ဖီလာလည်း၊ သချ်ာထိုနှုံး၊
လေးလုံးစိကာ၊ ဝလ္လာဂီရိ၊ ငါးရှိ အပရန်၊ သချ်ာကန်သော်၊
မှတ်ရန်ပြု ပြ၊ သုံးဆဲ့ခုနစ်တောင်၊ ရှုမြှောင် နိမ့်မြင့်၊ အဆင့်
ဆင့်ဖြင့်၊ တင့်တင့်တယ်တယ်၊ ဆန်းတကြယ်ရှင့်"
(ဧယျာစလပျို့)

ဟူ၍ တစ်သွယ် နှစ်သက်ဖွယ်ရှိအောင် ရေးသားစပ်ဆိုတော်မူကြသည်။

ဤသို့ စစ်ကိုင်းတောင်၏ မြင့်ခေါင်တင့်တယ် ဂုဏ်အသွယ်သွယ်တို့ကို ပြဆိုပြီး၍ ယခုအခါ ကျစ္စာချောင် ကျစ္စာဆရာတော်ဘုရား၏ ပရိယတ္တိ, ပဋိပတ္တိဂုဏ်ရည်တို့နှင့် သာသနာပြုစွမ်းရည်တို့ကို ရေးသားဖော်ပြရန် အခွင့်ရောက်လာပေသည်။

ကျစ္စာဆရာတော်ဟု ဆိုရာ၌ ယခုရေးသားဖော်ပြမည့် ကျစ္စာဆရာတော်သည် ကျစ္စာချောင် ကျစ္စာကျောင်းတိုက်၏ အဘယ်နှစ်ပါးမြောက် ဆရာတော်ဟူ၍ ပြဆိုရန် မလွယ်ကူလှပေ။ အဘယ့်ကြောင့်ဆိုသော် စစ်ကိုင်းတောင်သာသနာသည် ဘုရားရှင်ရှေ့လက်ထက်မှ စတင်ဖြစ်ပေါ်လာသည်ဟု သမိုင်းဆရာတို့ဆိုသကဲ့သို့ ကျစ္စာချောင် ကျစ္စာကျောင်းတိုက်သည်လည်း နှစ်ရာပေါင်းများစွာ ကြာညောင်းခဲ့ပြီးဖြစ်သောကြောင့်တည်း။

ကျစ္စာချောင်၏ နှစ်ပေါင်းများစွာ ကြာညောင်းခဲ့ကြောင်းကို ချောင်၏ အမည်ကပင် ဖော်ပြလျက်ရှိပေသည်။ ကျစ္စာဟူသောအမည်သည် မြန်မာမင်း တစ်ပါးပါး၏ အမည်သာဖြစ်ဖွယ်ရှိရာ ယင်းကျစ္စာမင်းသည် ပုဂံဆက် ကျစ္စာမင်းနှင့် စစ်ကိုင်းဆက် ကျစ္စာမင်းဟူ၍ ၂-ပါးသာရှိရာ ဤ၌ စစ်ကိုင်းဆက် ကျစ္စာမင်းသာ ဖြစ်ပေသည်။ ဤကျစ္စာချောင်ကို စတင်တည်ထောင် လှူဒါန်းခဲ့သော ကျစ္စာမင်းသည် စစ်ကိုင်းမြို့တည် အသင်္ခယာ စောယွန်းမင်း၏ သားတော်ကြီးဖြစ်၍ သက္ကရာဇ် ၇၀၁-ခုနှစ်တွင် နန်းတက်သော စတုတ္ထ စစ်ကိုင်းမင်း ဖြစ်သည်။

ကျွဲစာမင်းသည် "သိရီ တြိဘဝနာဒိတျပဝရဓမ္မရာဇ"ဟူသောဘွဲ့ကို ခံယူ၍ ဇေတဝန်ရွှေကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းတော်မူသည်။ ထိုအခါမှစ၍ ကျွဲစာချောင်, ကျွဲစာကျောင်းတိုက်ဟူသော အမည်သည် ပေါ်လွင်ထင်ရှားလာသည်။ ကျွဲစာချောင်, ကျွဲစာကျောင်းတိုက်၏ သက်တမ်းသည် နှစ်ပေါင်း ၆၇၁-နှစ်ခန့်ရှိပြီးဖြစ်သောကြောင့် ထိုကျောင်းတိုက်ကို အုပ်ချုပ်သော ဆရာတော်အစဉ်အဆက်ကို အပြည့်အစုံ ညွှန်ပြရန်မှာ မလွယ်ကူသောကိစ္စ ဖြစ်ပေသည်။

ယခုလက်ရှိ ကျွဲစာဆရာတော် ဘဒ္ဒန္တလက္ခဏမထေရ်မြတ်သည်ကား ပိဋကတ်ကျမ်းဂန် လွန်စွာတတ်မြောက်တော်မူ၍ လောကီ, လောကုတ္တရာ ဗဟုသုတအဖြာဖြာတို့နှင့် ပြည့်စုံတော်မူသော မြန်မာနိုင်ငံလွတ်လပ်ရေးခေတ်၌ "ရွှေမျက်မှန်ဆရာတော် ဦးဝိဇယ" ဟု ထင်ရှားတော်မူသည့် ကျွဲစာဆရာတော်ဘုရားကြီးအထံတော်မှ လောကီ, လောကုတ္တရာ ဓမ္မအမွေ ဆက်ခံသော ဆရာတော်ဖြစ်သည်။

ဆရာတော် ဘဒ္ဒန္တလက္ခဏသည် မန္တလေးတိုင်း မြင်းခြံမြို့နယ် ကတောရွာ ခမည်းတော် ဦးသာထယ် + မယ်တော် ဒေါ်ဖွားစောတို့မှ ၁၂၉၇-ခုနှစ် ဦးတန်ခူးလဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်သည်။

ဆရာတော်လောင်းလျာသူငယ်သည် ၁၁-နှစ်သား အရွယ် ၁၃၀၈-ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ရောက်၍ ၁၃၁၆-ခုနှစ် ဝါဆိုလဆန်း ၄-ရက်နေ့တွင် ရဟန်းမြတ်အရှင်လက္ခဏအဖြစ်သို့ ရောက်တော်မူသည်။

အရှင်လက္ခဏသည် ကတောရွာ ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉတ္တရမထေရ်အထံတွင် ပိဋကတ်အခြေခံ ကျမ်းစာများနှင့်တကွ ပါဠိ, အဋ္ဌကထာအချို့တို့ကိုပါ သင်ယူပြီးနောက် မန္တလေးမြို့၌ ထင်ပေါ်ကျော်ကြားသော ဆရာတော်များအထံတွင် အထက်, အောက်

ကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်အောင် သင်ယူပြီးလျှင် ၁၃၁၉/၂၀-ခုနှစ်များ၌ အစိုးရ သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့နှင့် မဟာဝဂ္ဂပါဠိပါရဂူဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

အရှင်လက္ခဏသည် စာမေးပွဲအောင်ပန်း အသီးသီးရရှိပြီးနောက် ၁၃၂၀-ခုနှစ်တွင် မန္တလေးမြို့ ၆၈-လမ်း ပတ်ကုန်းပျော်ဘွယ်ရပ် မဟာ-ဝိဇိတာရုံကျောင်းတိုက်၌ ပဓာနနာယက ဥပဇ္ဈာယ်ဆရာတော် ဘဒ္ဒန္တ ဝါသနမဟာထေရ်နှင့် တိုက်အုပ်ဆရာတော် နောင်တော် ဘဒ္ဒန္တဝိစာရိန္ဒာ-ဘိဝံသတို့၏ ခြေတော်ရင်း၌ နေထိုင်ကာ တိုက်သားတပည့်များအား စာပေ ပို့ချပေးတော်မူသည်။ ၄-နှစ်တာမျှ စာပေပို့ချပြီးနောက် ၁၃၂၄-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ကျစ္စာချောင် ဆရာတော်ကြီး ဘဒ္ဒန္တဝိဇယအထံတော်၌ ဝတ်ကြီးဝတ်ငယ်များကို ပြုစုလျက် သက္ကတဘာသာ, ဟိန္ဒီ, ဗင်္ဂါလီ, အင်္ဂလိပ်-စသော ဘာသန္တရပညာများကို လေ့လာဆည်းပူးတော်မူသည်။

အရှင်လက္ခဏသည် ၁၃၂၉-ခုနှစ်တွင် ကျစ္စာဆရာတော်ကြီး ဘဒ္ဒန္တ ဝိဇယ ပျံလွန်တော်မူရာ ကျစ္စာကျောင်းတိုက်ကို လက်ခံရယူကာ နာယက ဆရာတော်အဖြစ် စိုးမိုးအုပ်ချုပ်တော်မူရသည်။ ထိုအချိန်၌ ဆရာတော် အရှင်လက္ခဏသည် သက်တော် ၃၃/၃၄-နှစ် အရွယ်တော်ဖြစ်လေသည်။

ဆရာတော် အရှင်လက္ခဏသည် ငယ်စဉ်အခါ သာမဏေဘဝမှ စ၍ သက်တော် ၃၀-ကျော် ထေရအရွယ် ရောက်သည့်တိုင်အောင် ဆရာ ကောင်း ဆရာမြတ်တို့အထံတွင် သကသမယဟူသော ပိဋကတ်ကျမ်းစာ ပါဠိ, အဋ္ဌကထာ, ဋီကာများနှင့် သမယန္တရဟူသော သက္ကတ, ဟိန္ဒီ, ဗင်္ဂါလီ, အင်္ဂလိပ်-စသော ဘာသန္တရတို့၌ လိမ္မာကျွမ်းကျင် ပညာရှင်အဖြစ်သို့ ရောက်အောင် အပတ်တကုတ် ကြိုးစားအားထုတ်တော်မူခဲ့သည်။

ဤသို့ ပရိယတ္တိအရာ၌ ဆရာတစ်ဆူ တံခွန်ထူနိုင်သော ဆရာတော် အရှင်လက္ခဏသည် ဤမျှဖြင့် အားရတင်းတိမ်ခြင်းမရှိသေးဘဲ ပဋိပတ္တိ

အရာ၌လည်း ဆရာတစ်ဆူ တံခွန်ထူတော်မူလိုသည်။ ထို့ကြောင့် ၁၃၃၄-ခုနှစ် သက်တော် ၃၈-နှစ်အရွယ်တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်ဘုရားကြီးနှင့် အရှင်ပဏ္ဍိတာဘိဝံသ-စသော ကမ္မဋ္ဌာနာစရိယ နာယကဆရာတော်များအထံတွင် သတိပဋ္ဌာန် ဝိပဿနာ တရားတော်တို့ကို ကျေနပ်အားရသည်အထိ အားထုတ်ခံယူ ကျင့်သုံးတော်မူခဲ့သည်။

ယင်းသို့ အစစအရာရာပြည့်စုံအောင် အားထုတ်သင်ယူပြီးနောက် ဆရာတော်အရှင်လက္ခဏာသည် မဟာစည်ဆရာတော်ဘုရား၏ ဆန္ဒအရ ၁၃၄၅-ခုနှစ်မှ ၁၃၄၉-ခုနှစ်တိုင်အောင် မဟာစည်သာသနာ့ရိပ်သာကြီး၌ နာယကကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ်ဖြင့် သီတင်းသုံးနေထိုင်တော်မူခဲ့သည်။

ဤသို့လျှင် ကျေးဇူးရှင်ဆရာတော်သည် မိမိအတွက် အဖက်ဖက်မှ ပြည့်စုံလုံလောက် ပါရဂူမြောက်အောင် အားထုတ်ဆည်းပူးတော်မူပြီးနောက် ရဟန်း,ရှင်,လူ သာသနာဝင်သူတော်စင်များအတွက် ပရိယတ်, ပဋိပတ် လုပ်ငန်းတို့ကို နေ့ညမနား ကြိုးစားအားထုတ်တော်မူသည်။

ပဋိပတ္တိသာသနာအတွက် ၁၃၄၃-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ကျေးဇူးချောင်၌ "မဟာအတုလရံသီ ဓမ္မရိပ်သာ"ကို တည်ထောင်ဖွင့်လှစ်တော်မူသည်။

ပရိယတ္တိသာသနာအတွက် ၁၃၅၀-ခုနှစ်မှ စ၍ စစ်ကိုင်းတောင်ရိုး ကျေးဇူးချောင်၌ "မဟာဝိဇယရံသီ စာသင်တိုက်"ဟု ကမ္ပည်းတင်ကာ ပရိယတ္တိစာသင်တိုက် တိုးချဲ့ဖွင့်လှစ်တော်မူသည်။

၁၃၆၂-ခုနှစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) အမှတ်(၄) ရပ်ကွက်၌ "သိရီလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာကြီး"ကိုလည်း ဖွင့်လှစ်တော်မူပြန်သည်။

ဤသို့လျှင် ကျစ္စာဆရာတော်သည် ပရိယတ္တိ, ပဋိပတ္တိလုပ်ငန်းတို့ကို ကိုယ်တော်တိုင် ဆုံးခန်းတိုင်ရောက် ပေါက်မြောက်အောင် လေ့လာဆည်းပူးတော်မူခဲ့ပြီး ပရိယတ္တိ, ပဋိပတ္တိသာသနာနှစ်ရပ် အရှည်ခံ၍ တည်တံ့ရစ်အောင် အစွမ်းကုန် ကြိုးစားအားထုတ်တော်မူသည်။ ဆရာတော် အားထုတ်တော်မူသည့်အတိုင်းပင် ကျစ္စာချောင် မဟာဝိဇယရံသီစာသင်တိုက်ကြီး၌ စာသင်သံဃာတော် ၆၀/၇၀ မျှ စာသင်, စာချပြုကာ သီတင်းသုံးနေတော်မူကြသည်။ ရိပ်သာကြီး ၂-ခုတို့၌ ယောဂီသူတော်စင်များ အဆက်မပြတ် ဝိပဿနာကမ္မဋ္ဌာန်းတရားကို ကြိုးပမ်းအားထုတ်နေကြသည်ကိုလည်း တွေ့ရှိရပေသည်။

ဤဆောင်းပါးအစ၌ ဖော်ပြခဲ့သော သမန္တဘဒ္ဒ၊ သမန္တပါသာဒိကဂုဏ်တို့ဖြင့် လွှမ်းခြုံထားသည့် ကျစ္စာဆရာတော်ဘုရားသည် ဤမျှမြင့်မြတ်ခက်ခဲသော သာသနာပြုလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်တော်မူနိုင်ခြင်းမှာ ဆရာတော်၏ အလွန်စွဲမြဲသော ဖော်ပြပါ အဓိဋ္ဌာန်ချက်တို့ကြောင့် ဖြစ်လေသည်။

- ကံကောင်းထောက်မ၍ လူ့ဘဝကိုရခိုက်
  ထိုလူ့ဘဝကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့ခန္ဓာကိုယ်ကိုရခိုက်
  ထိုလူ့ခန္ဓာကိုယ်ကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့အသိဉာဏ်ကိုရခိုက်
  ထိုလူ့အသိဉာဏ်ကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့အင်အားကိုရခိုက်
  ထိုလူ့အင်အားကို အကျိုးရှိအောင် သုံးပါမည်။
- ကံကောင်းထောက်မ၍ လူ့စည်းစိမ်ဥစ္စာကိုရခိုက်
  ထိုလူ့စည်းစိမ်ဥစ္စာကို အကျိုးရှိအောင် သုံးပါမည်။

## နိဂုံးချုပ်

ဤကား မိမိသိရသမျှ ကျစ္စာဆရာတော် အရှင်လက္ခဏမဟာထေရ် မြတ်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ဖြစ်သည်။ ဆရာတော်၏ ပရိယတ္တိ, ပဋိပတ္တိ ဂုဏ်ရည်များနှင့် သာသနာပြုစွမ်းရည်တို့ကား ရေးသား၍ မကုန်နိုင်ပါပေ။

ပုံစံပြရသော် ၁၃၃၈-ခုနှစ်က ဆရာတော် စီစဉ်ထုတ်ဝေခဲ့သော ကျစ္စာဆရာတော်ဘုရားကြီး၏ "ဝံသာနုရက္ခိတ ရွှေမျက်မှန် ဦးဝိဇယ" အမည်ရှိ စာစောင်၌ အလွန်ပြောင်မြောက်သော လောကီ, လောကုတ္တရာ ဗဟုသုတအဖြာဖြာတို့ကို အံ့ဩဖွယ်ရာ တွေ့ရှိရပေသည်။ ဆရာတော်၏ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ, အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ပြုဇော်ပွဲ၌ ထုတ်ဝေအပ်သော "မြင့်မြတ်သော နှလုံးလှ မေတ္တာရှင်" အမည်ရှိ စာစောင်၌ ဆရာတော်၏ ပရိယတ္တိ, ပဋိပတ္တိဂုဏ်ရည်များနှင့် ပြည်တွင်း ပြည်ပ သာသနာပြုစွမ်းရည်များ၊ ပရဟိတဆောက်ရွက်ချက်များကို ဖတ်မကုန် မှတ်မကုန်အောင် ပြည့်စုံစွာ တွေ့ရှိရသည်။ ၁၃၇၀-ခုနှစ် (၂၀၀၉)က ထုတ်ဝေလိုက်သည့် "ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ လှုပ်ရှားမှုသမိုင်း"အမည်ရှိ စာစောင်တို့၌ ဆရာတော်၏ လောကတ္ထစရိယာ ကျင့်ကြံအားထုတ်ပုံမှာ ပညာရှင် သူတော်စင်မှန်သမျှ ပြောပြမပြီး အံ့ချီး မကုန် အလွန်ပင် ပြည့်စုံလှပါပေသည်။

ဤသည်တို့ကို ထောက်ရှုက ကျစ္စာဆရာတော်သည် အလွန်ကြီးမြတ် သော ဇောမိဆုကြီး တစ်ဆုဆုကို ရယူတော်မူကာ အငြိမ်းဓာတ်ဘုံနန်း၌ စံမြန်းတော်မူမည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း သိသာထင်ရှားပါ သတည်း။

အရှင်အဂ္ဂဉာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

# ပရိယတ္တိစာသင်တိုက်

## ဓမ္မနှင့် အဓမ္မ

"ပရိယတ္တိစာသင်တိုက်" ဟူသောဝေါဟာရနှင့် စပ်လျဉ်း၍ "ဓမ္မနှင့် အဓမ္မ" ဟူသောအဆိုကို တင်ပြလိုပေသည်၊ ဓမ္မနှင့် အဓမ္မဟုဆိုလျှင်လည်း ဗုဒ္ဓဘာသာ သာသနာနယ်ပယ်တွင် စိတ်မဝင်စားသူဟူ၍ ရှိနိုင်မည် မဟုတ်ပေ၊ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာ သာသနာကို ဓမ္မဖြင့် စတင်တည်ထောင်တော်မူခဲ့၍ အဓမ္မဖြင့် အဆုံးသတ်ကာ ချုပ်ငြိမ်းကွယ်ပျောက်ရသောကြောင့်တည်း။

"ဓမ္မ" ဟူသော စကားလုံးသည် အလွန်အသုံးများ၍ အလွန်အရာကျယ်လှပေသည်၊ ယင်းဓမ္မသည် အနက်ဒြပ် အတ္ထပညတ်ကို ဟောသကဲ့သို့ စကားလုံးဟူသော သဒ္ဒပညတ်ကိုလည်း ဟောသေးသည်၊ ဓမ္မ၏ ဟောနိုင်သောအနက်တို့ကို အဋ္ဌကထာကျမ်းတို့၌ ၁၀-နက်ကျော်အထိ ဖွင့်ပြ၍ အဘိဓာန်ကျမ်းတို့၌မူ အနက်ပေါင်း ၅၀-ကျော်အထိ ပြဆိုကြသည်။ ယင်းတို့ကို နမူနာမျှ ထုတ်ပြရသော်–

အရှိသဘော, ပင်ကိုယ်သဘော, အသိပညာ, အသင့်ယုတ္တိ, အမှန်သစ္စာ, ကောင်းမှုကုသိုလ်, ဂုဏ်ကျေးဇူး, အကျင့်စာရိတ္တ, တည်ကြည်မှုသမာဓိ, အပြစ်အာပတ် – စသည်တို့ဖြစ်သည်။

ထို့ကြောင့် ဓမ္မသဒ္ဒါ၏ အရာဌာနအလိုက် ယူသင့် ယူထိုက်သော အနက်ကို အတိအကျ ညွှန်ပြဖို့ရာ မလွယ်ကူလှပေ။

မလွယ်ကူကြောင်း သိသာစေရန် ပုံစံပြရသော် —

"အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော"။ [၁]

ဤပါဠိတော်၌ ဂမ္ဘီရော-စသော တွဲဖက်သဒ္ဒါများကို ထောက်၍ ဓမ္မသဒ္ဒါ၏ အနက်ကို "ဓမ္မောတိ စတုသစ္စဓမ္မော"ဟု ဖွင့်ပြပြီးနောက် "သန္တော နှင့် ပဏီတော"ဟူသော ပုဒ်တို့နှင့် တွဲစပ်ရာ၌မူ လောကုတ္တရာဓမ္မကိုသာ ယူသင့်ကြောင်း အဋ္ဌကထာ (မ၊ဋ္ဌ၊၂။၈၀)၌ မိန့်ဆိုသည်။ တစ်ဖန်-

န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။

ဟူသော ထေရဂါထာ(၂၇၂)နှင့် ဇာတကပါဠိ(၁။၃၅၇)တို့၌လာသော ဓမ္မ-သဒ္ဒါ၏ အနက်ကို သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ (၉၂-၃)နှင့် အဋ္ဌသာလိနီ အဋ္ဌကထာ (၈၁)တို့၌ "ဂုဏ်ကျေးဇူး"ဟု ဖွင့်ဆို၍ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (၁။၁၇)၌ "ကောင်းမှုကုသိုလ်"ဟု ဖွင့်ဆိုသည်။ ကျမ်းရင်းပါဠိ, အဋ္ဌကထာ (ထေရ၊ဋ္ဌ၊၂။၂၇-၈။ဇာ၊ဋ္ဌ၊၄။၅၀၁-၄) တို့၌မူ "သုစရိတဓမ္မ"ဟု ဖွင့်ဆိုကြသည်။

## ဓမ္မနတ်သား နှင့် အဓမ္မနတ်သား

ဓမ္မနှင့် အဓမ္မသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဖက်ဖြစ်သော်လည်း ပဟာယက, ပဟာတဗ္ဗအဖြစ်ဖြင့် အချင်းချင်း တွဲစပ်နေတတ်သည်၊ ဓမ္မသည် ပဟာယကဖြစ်၍ အဓမ္မသည် ပဟာတဗ္ဗဖြစ်သောကြောင့် ရံဖန်ရံခါ အဓမ္မက အနိုင်ရသကဲ့သို့ရှိသော်လည်း စင်စစ်မှုချသဘာဝအားဖြင့် ဓမ္မကသာ အနိုင်ရသည်။

---

၁။ ဝိ၊ ၃။ ၅။ မ၊ ၁။ ၂၂၄။ မ၊ ၂။ ၂၉၁။

ရှေးသရောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုနေစဉ် ဂေါတမဘုရားအလောင်းတော်သည် ကာမာဝစရနတ်ပြည်၌ ဓမ္မမည်သော နတ်သားဖြစ်၍ ဒေဝဒတ်အလောင်းသည် အဓမ္မမည်သောနတ်သား ဖြစ်လေသည်၊ တစ်ခုသော လပြည့်ဥပုသ်နေ့ ညဉ့်ဦးယံတွင် ဓမ္မနတ်သား သည် နတ်တန်းဆာတို့ဖြင့် တန်းဆာဆင်ထားသည့် နတ်ရထားကိုစီးလျက် ဇမ္ဗူဒီပါကျွန်းကို လက်ျာရစ်လှည့်ကာ ရွာ, နိဂုံး, ဇနပုဒ်(တိုင်း)တို့အပေါ်၌ ပါဏာတိပါတ, အဒိန္နာဒါန-စသော အကုသိုလ်ဒုစရိုက်တရားတို့မှ ရှောင် ကြဉ်ကြ၍ လူကြီးမိဘတို့အား လုပ်ကျွေးပြုစုကြရန် တရားဓမ္မဟောပြ သည်။ အဓမ္မနတ်သားကမူ နတ်ရထားကိုစီးလျက် လက်ဝဲရစ်လှည့်ကာ အကုသိုလ်ဒုစရိုက်တရားတို့ကို ပြုလုပ်ကြရန် ဟောပြလေသည်။

တစ်နေ့ရာတွင် ရထားဦးချင်း ဆိုင်မိ၍ သူမရှောင်၊ ကိုယ်မရှောင် ဖြစ် နေကြရာ ဓမ္မနတ်သားက-

"ဓမ္မော ဟဝေ ပါတုရဟောသိ ပုဗ္ဗေ၊
ပစ္ဆာ အဓမ္မော ဥဒပါဒိ လောကေ။
ဇေဋ္ဌော စ သေဋ္ဌော စ သနန္တနော စ၊
ဥယျာဟိ ဇေဋ္ဌဿ ကနိဋ္ဌ မဂ္ဂါ။"

"အို... အဓမ္မနတ်သား! သူတော်ကောင်းတရား (ဓမ္မ) သည် ကမ္ဘာဦးအခါ ရှေးဦးစွာက ပေါ်ထွန်းလာခဲ့ပြီး မသူတော်တရား (အဓမ္မ)သည် နောက်နောင်ရောက်လာ ကလိယုဂ်အခါမှ ပေါ်ထွန်းလာသည်။ ငါသည် ရှေးဦးစွာ (နတ်ပြည်၌) ဖြစ်ခဲ့၍ အသက်သိက္ခာဂုဏ်ဝါကြီးရင့် မြင့် မြတ်တင့်တောင်း နတ်သားဟောင်း ဖြစ်ပါသည်၊ ညီငယ် ဖြစ်ငြား အို...အဓမ္မနတ်သား! နောင်တော်ကြီးအား လမ်းခရီး မှ ဖယ်ပေးပါလော့။"

ဤသို့ သာယာဖျောင်းဖျ နားချလေသည်။

သို့ပါသော်လည်း အစမ္မနတ်သားက –

"အို...စမ္မနတ်သား၊ တောင်းပန်ခြင်းဖြင့်လည်းကောင်း၊ လေချိုပင့်ဆော် အလျှော်ပြောပြခြင်းဖြင့်လည်းကောင်း သွားလမ်းရရန် ထိုက်တန်သည့်အနေဖြင့် ငါသည် သင့်အား လမ်းကိုမပေး၊ ယခု လမ်း၌ ရင်ဆိုင်ယှဉ်ပြိုင်နေကြသော ငါတို့နှစ်ဦးအား စစ်ထိုးခြင်းဖြစ်ပါစေ၊ စစ်ပွဲနိုင်သူ အောင်လံထူသောသူသည် ရထားသွားရန် ကေန်လမ်းရပါလိမ့်မည်"

ဟု မာန်စွယ်ထောင်လွှား ပြောကြားလေသည်။

ဆက်လက်၍ နားချပါသော်လည်း မနာမခံ ပယ်လှန်နေသော အစမ္မနတ်သားအား ဓမ္မနတ်သားက "သင့်အား မုန်းခြင်းမပြု အမှုမထား အချစ်ပွားကာ လမ်းပေးပါ၏။ သင်၏ နှုတ်ထွက်ကြမ်းကြုတ် ဝစီယုတ်ကိုလည်း သနားညှာတာ သည်းခံပါ၏"ဟု ပြောဆိုလိုက်ရာ အစမ္မနတ်သားသည် သူ၏ ရထား၌ မျက်မာန်ပွားကာ မနေသာဘဲ ဦးခေါင်းစောက်ထိုး မြေ၌လျှိုးကာ အဝီစိငရဲ၌ ကျက်ရှုရာလေသည်။[၁]

## သဒ္ဓမ္မသုံးဖြာ သာသနာ

ဂေါတမဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၂-လပြည့်မြောက်သည့် ဝါဆိုလပြည့် စနေနေ့ နံနက်စောစောတွင် ဗောဓိမဏ္ဍိုင်မှ ကာသိတိုင်း ဗာရာဏသီမြို့တော်သို့ ဓမ္မစကြာတရားဦးဟောရန် ကြွချီတော်မူသည်၊ ဗောဓိပင်နှင့် ဂယာမြို့ အကြား လမ်းခရီး၌ ဥပကတက္ကတွန်းနှင့် တွေ့ဆုံတော်မူရာ မြတ်စွာဘုရားက –

"ဓမ္မစက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ အမတဒုန္ဒုဘိ"ံ။"[၂]

---

၁။ ဇာ၊၁။ ၂၂၉။ ဇာဋ္ဌ၊၄။ ၁၀၂-၃-၄။ ၂။ ဝိ၊၂။၁၂။ မ၊၁။ ၂၂၇။ မ၊၂။ ၂၉၅။ အဘိ၊ ဣ။ ၂၁၈။

"အို ... ဥပက! ငါသည် ဓမ္မစက်ကို လည်စေဖို့ရန် ကာသိတိုင်း ဗာရာဏသီမြို့တော်သို့ ကြွချီနေ၏။ သူကန်းပမာ အမိုက်တိုက်သာဖြစ်သော လောကအတွင်း၌ အမြိုက်နိဗ္ဗာန်ဟူသော ဓမ္မစည်ကြီးကို ရိုက်တီးဆော်ရွှမ်းတော့မည်"။

ဤသို့ ဥပကတက္ကတွန်းအား မိန့်ကြားကြေညာတော်မူသည်။ ကြေညာတော်မူသည့်အတိုင်း ထိုဝါဆိုလပြည့်နေ့ နေဝင် လထွက် အချိန်တွင် ဓမ္မစကြာတရားဦးကို စတင် ဟောကြားတော်မူသည်၊ ဆက်လက်၍ မြတ်စွာဘုရားသည် ၄၅-ဝါ ကာလကြာအောင် ဝေနေယျသတ္တဝါတို့အား ဓမ္မအမြိုက်ဆေး တိုက်ကျွေးဆုံးမတော်မူသည်။ ထိုသူတော်ကောင်းတရားသဒ္ဓမ္မများသည်-

- ထိုးထွင်းသိမြင်အပ်သည့် မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော ပဋိဝေဓသဒ္ဓမ္မ၊
- သီလ, သမာဓိ, ပညာသိက္ခာသုံးပါး အကျင့်တရားဟူသော ပဋိပတ္တိသဒ္ဓမ္မ၊
- တရားအစု ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဟူသော ပရိယတ္တိသဒ္ဓမ္မ-

ဟူ၍ သုံးမျိုးသုံးစားရှိလေသည်။

## တရားစစ် တရားမှန်

အဆိုပါ သဒ္ဓမ္မများသည် လောက၌ အမြတ်ဆုံးသော ရတနာစစ် ရတနာမွန်များဖြစ်သည်၊ "ရတနာ"ဟူသည် ပုဉ်းကံပါရမီရှင်ပုဂ္ဂိုလ်တို့နှင့်သာ ထိုက်တန်၍ ပုဉ်းကံနည်းပါး အညံ့စားပုဂ္ဂိုလ်တို့နှင့် မထိုက်တန်ချေ၊ ပါရမီရှင်ပုဂ္ဂိုလ်များ ထင်ရှားမရှိလျှင် ရတနာစစ် ရတနာမွန်များ ကွယ်ပျောက်သွားကြသည်။

လောကီရတနာတို့တွင် လူတို့ အသုံးအစွဲများသော ရွှေရတနာသည် ရွှေတုရွှေယောင်များ ပေါ်ပေါက်လာသောအခါ တစတစ တိမ်မြုပ်ကွယ်ပျောက်သွားသည်၊ ထို့အတူပင် တရားတုတရားယောင်များ ပေါ်ပေါက်ထွန်းကားလာသောအခါ မြတ်စွာဘုရား၏ တရားစစ် တရားမှန်များ တစတစ အရှိန်သေးသိမ် မှေးမှိန် ကွယ်ပျောက်ရလေသည်၊ ဤအကြောင်းကို နိဒါနဝဂ္ဂ, ကဿပသံယုတ်, သဒ္ဓမ္မပတိရူပကသုတ် (သံ၊၁။၄၂၂-၃) ၌ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူသည်။

## တရားတု တရားယောင်များ

တရားစစ်တရားမှန်ဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး ကွယ်ပခြင်း၏အကြောင်း မကောင်းသော တရားတု တရားယောင်တို့ကို ကျမ်းဂန်တို့၌ နှစ်မျိုးနှစ်စား ခွဲခြားပြဆိုသည်၊

ယင်းတို့ကား — အစစ်အမှန်မဟုတ်သည့် ပဋိဝေဓတရားအတု အယောင်ဟူသော "အဓိဂမသဒ္ဓမ္မပတိရူပက"နှင့် အစစ်အမှန်မဟုတ်သည့် စာပေကျမ်းဂန် အတုအယောင်ဟူသော "ပရိယတ္တိသဒ္ဓမ္မပတိ-ရူပက"တို့ ဖြစ်သည်။

ထိုတွင် ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရာ၌ တွေ့ကြုံတတ်သော ဩဘာသ, ပီတိ, ပဿဒ္ဓိ, အဓိမောက္ခ, ပဂ္ဂဟ, သုခ, ဉာဏ, ဥပဋ္ဌာန, ဥပေက္ခာ, နိကန္တိ-ဟူသော ဝိပဿနာညစ်ညူးကြောင်း တရား ၁၀-ပါးသည် အဓိဂမသဒ္ဓမ္မပတိရူပက = ပဋိဝေဓတရားတု တရားယောင်များ ဖြစ်သည်။

ယင်းတို့ကို အတုအယောင်ဟု သိမြင်၍ မဂ်, ဖိုလ်အစစ်ကို ရရန် ဝိပဿနာတရားကို ဆက်လက်ရှုပွား အားထုတ်လျှင် ပဋိဝေဓတရားစစ် တရားမှန်ကို ကေန်ပိုင်ပိုင် ရရှိနိုင်လေသည်။

## ပရိယတ္တိ အစစ်အမှန်

ပရိယတ္တိတရား အစစ်အမှန်များမှာ မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ပိဋကသုံးသွယ် နိကာယ်ငါးရပ် ပါဠိတော် မြတ်နှင့် ယင်း၏အဖွင့်သံဝဏ္ဏနာ ပကိဏ္ဏကဒေသနာဟူသော အဋ္ဌကထာ များဖြစ်သည်။

ယင်းပါဠိ, အဋ္ဌကထာများကို ပထမ, ဒုတိယ, တတိယ သင်္ဂါယနာ သဘင်တို့၌ အရှင်မဟာကဿပ-အစရှိသော တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်ကြီးများ စိစစ်ဝေဖန်တော်မူကြ၍ အားလုံးသဘောတူ အတည်ပြုကာ သင်္ဂါယနာတင်တော်မူကြသည်။

သင်္ဂါယနာသုံးတန်တင်ထားအပ်သော ဖော်ပြပြီး ပါဠိ, အဋ္ဌကထာ တို့နှင့် ညီလျော်သော နောက်ပေါ် အဋ္ဌကထာ,ဋီကာ,အနုဋီကာ,ယောဇနာ, ဂဏ္ဌိ, နိဿယ, မြန်မာပြန်-စသော ကျမ်းဂန်တို့ကိုလည်း ပရိယတ္တိသဒ္ဓမ္မ အစစ်အမှန်ဟူ၍ ခေါ်ဆိုပညတ် အသိအမှတ်ပြုရလေသည်။

## တရားတုများ ပေါ်ပေါက်လာခြင်း

၄၅-ဝါကာလကြာအောင် မြတ်စွာဘုရား ဟောကြားတော်မူအပ် သော တရားတော်များသည် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်ပေါင်း ၁၀၀- အတွင်း အယူဝါဒ အကွဲအပြားမရှိ ပကတိအတိုင်း တည်ရှိနေကြသည်။ ထိုကာလအတွင်း တရားတုတရားယောင်များ ထင်ရှားမပေါ်လှာသေးပေ။

နှစ်ပေါင်း ၁၀၀-ပြည့်မြောက်လာသောအခါ ဝေသာလီပြည်၌ ဝဇ္ဇီ တိုင်းသား ရဟန်းများသည် အဓမ္မဝတ္ထု ၁၀-ပါးကို ဟောကြားပြသ ကျင့်သုံးလာကြသည်။ ထိုအခါ အရှင်မဟာယသအမှူးရှိသော သံဃာ တော်များက “အဓမ္မ” အဖြစ် အဆုံးအဖြတ်ပေး၍ ဝဇ္ဇီတိုင်းသား ရဟန်းများ ကို နှင်ထုတ်ပြီးလျှင် တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ်

ခုနစ်ရာတို့သည် ဝေသာလီပြည် ဝါလုကာရုံကျောင်း၌ ဒုတိယသင်္ဂါယနာ တင်တော်မူကြသည်။

## သံဃာ့ဂိုဏ်းကြီး ၁၈-ဂိုဏ်း

နှင်ထုတ်ခြင်းခံရသော ဝဇ္ဇီတိုင်းသား ရဟန်းများသည် အသင်းအပင်း ကိုရ၍ ဓမ္မနှင့်ဝိနယကို တစ်မျိုးတစ်ဖုံပြုပြင်ကာ "မဟာသင်္ဂီတိ"ဟူသော အမည်ဖြင့် သီးခြားသင်္ဂါယနာတင်ကြသည်။

ထိုအခါမှစ၍ ပထမ, ဒုတိယသင်္ဂါယနာတင် ဓမ္မနှင့် ဝိနယကိုသာ လက်ခံသောမထေရ်မြတ်တို့၏ "ထေရဝါဒဂိုဏ်း"နှင့် မဟာသင်္ဂီတိ စင်ပြိုင် သင်္ဂါယနာတင် မထေရ်တို့၏ "မဟာသံဃိကဂိုဏ်း" ဟူ၍ ၂-ဂိုဏ်း ကွဲပြားလာသည်။

ထို့နောက် မဟာသံဃိကဂိုဏ်းမှ (၁) ဂေါကုလိကဂိုဏ်း (၂) ဧက-ဗျောဟာရိကဂိုဏ်းဟူ၍ ၂-ဂိုဏ်းကွဲပြားလာသည်၊ တစ်ဖန် ဂေါကုလိက ဂိုဏ်းမှ (၃) ပညတ္တိဝါဒဂိုဏ်း (၄) ဗာဟုလိက(ဗဟုဿုတိက)ဂိုဏ်းဟူ၍ ၂-ဂိုဏ်း၊ ဆက်လက်၍ ဗာဟုလိကဂိုဏ်းမှ (၅) စေတိယဝါဒီဂိုဏ်းဟူ၍ ကွဲပြားလာရာ မူလမဟာသံဃိကဂိုဏ်းနှင့်တကွ ၆-ဂိုဏ်းဖြစ်လာသည်။

သန့်ရှင်းစင်ကြယ်သော ထေရဝါဒဂိုဏ်းမှလည်း (၁) မဟိသာသက ဂိုဏ်း (၂)ဝဇ္ဇိပုတ္တကဂိုဏ်းဟူ၍ ၂-ဂိုဏ်းပေါ်လာပြီးနောက် မဟိသာသက ဂိုဏ်းမှ (၃) သဗ္ဗတ္ထိဝါဒဂိုဏ်း (၄) ဓမ္မဂုတ္တိကဂိုဏ်းဟု ၂-ဂိုဏ်းကွဲလာ သည်။

တစ်ဖန် သဗ္ဗတ္ထိဝါဒဂိုဏ်းမှ (၅) ကဿပိယဂိုဏ်း (၆) သင်္ကန္တိက ဂိုဏ်း (၇) သုတ္တဝါဒီဂိုဏ်းဟူ၍ ၃-ဂိုဏ်းကွဲပြားလာသည်။

ဝဇ္ဇိပုတ္တကဂိုဏ်းမှလည်း (၈) ဓမ္မောတ္တရိယဂိုဏ်း (၉) ဘဒ္ဒ-ယာနိကဂိုဏ်း (၁၀)ဆန္နာဂါရိကဂိုဏ်း (၁၁) သမ္မိတိယဂိုဏ်းဟူ၍ ၄-ဂိုဏ်းကွဲပြားလာသည်။

ဤဂိုဏ်းကွဲ ၁၁-ဂိုဏ်းသည် မူရင်းထေရဝါဒဂိုဏ်းနှင့်တကွ ၁၂-ဂိုဏ်းဖြစ်သည်၊ မဟာသံဃိကဂိုဏ်းကွဲ ၆-ဂိုဏ်းနှင့် ထေရဝါဒဂိုဏ်းကွဲ ၁၂-ဂိုဏ်းအားဖြင့် ဒုတိယနှင့် တတိယသင်္ဂါယနာ နှစ်တန်အကြားတွင် သံဃာ့ဂိုဏ်းကြီး ၁၈-ဂိုဏ်းပေါ်ပေါက်လာသည်။

ထိုဂိုဏ်းတို့တွင် မူရင်းဖြစ်သော ထေရဝါဒဂိုဏ်းသည်သာ ရှေးဟောင်း ဓမ္မ, ဝိနယကို အလေးပြု၍ အယုတ်, အလွန်မရှိ ထက်ဝန်းကျင် ပြည့်စုံသန့်ရှင်းသော ဓမ္မ, ဝိနယကို ကျင့်သုံးဆောင်ရွက်သည်၊ ကြွင်း ၁၇-ဂိုဏ်းတို့ကား ရှေးဟောင်း ဓမ္မ, ဝိနယကို တစ်မျိုးတစ်မည်ပြုပြင်၍ အယုတ်, အလွန်ရှိသည့် မသန့်ရှင်း မစင်ကြယ်သော ဓမ္မ, ဝိနယကို ကျင့်သုံးဆောင်ရွက်ကြလေသည်။

ဤကား ဒုတိယနှင့် တတိယသင်္ဂါယနာအကြား နှစ်ပေါင်း ၁၀၀-ကျော်နှင့် ၂၀၀-အတွင်း ပေါ်ပေါက်လာသော သံဃာ့ဂိုဏ်းကြီး ၁၈-ဂိုဏ်းတို့ ဖြစ်သည်။

## တတိယသင်္ဂါယနာ

သာသနာနှစ် ၂၀၀-ကျော်တွင် "သိရီဓမ္မာသောက"ဟု လူသိများသော အသောကမင်းတရားကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကြည်ညိုလေးစား အရေးထားကာ အားပေးထောက်ပံ့လာသည်၊ ထိုအခါ အညတိတ္ထိယများသည် လာဘ်သပ္ပကာ ခေါင်းပါး စားဝတ်နေရေး ကျပ်တည်းလာကြသည်။

လာဘသက္ကာရကို အကြောင်းပြု၍ အညတိတ္ထိယများသည် ဗုဒ္ဓသာသနာတော်တွင်းသို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာကြပြီးလျှင် အညတိတ္ထိယတို့၏ မိစ္ဆာဒိဋ္ဌိ အယူဝါဒများကို မြတ်စွာဘုရား၏ ဓမ္မ, ဝိနယ အဖြစ် ဟောပြောပြသလာကြသည်။

ထိုအခါ သာသနာတော်၌ အညစ်အကြေးများဖြစ်ပေါ်လာသော ကြောင့် အသောကမင်းတရားကြီး တည်ထားကိုးကွယ်သော အသောကာ ရာမကျောင်းတိုက်ကြီးအတွင်း၌ သံဃာတော်များအချင်းချင်း ကွဲပြားကာ ၇-နှစ်တိုင်တိုင် ဥပုသ်, ပဝါရဏာ မပြုနိုင်ဘဲ ပြတ်စဲနေခဲ့သည်။

အသောကမင်းတရားကြီး ကိုယ်တိုင် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်အထံမှ ဗုဒ္ဓဝါဒ သမ္မာဒိဋ္ဌိအယူကို လေ့လာသင်ယူပြီးလျှင် အညတိတ္ထိယများကို စိစစ်ရွေးထုတ်၍ အဝတ်ဖြူပေးကာ လူဝတ်လဲ စေသည်၊ သာသနာတော်မှ ဖယ်ထုတ်ခံရသော အညတိတ္ထိယတို့ကား ၆-သောင်းမျှ ရှိလေသည်။

ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ဖြစ်ပေါ်ခဲ့ပြီးသော အကြောင်းဝတ္ထုများနှင့် ဖြစ်ပေါ်လတ္တံ့သော အကြောင်းဝတ္ထုများကို တား မြစ်ပယ်ရှားရန် မြတ်စွာဘုရားပေးတော်မူအပ်သော နည်းဖြင့် ဆန့်ကျင် ဖက်အယူဝါဒကို နှိမ်နင်းနိုင်သည့် "ကထာဝတ္ထု"မည်သော ၅-ခုမြောက် အဘိဓမ္မာကျမ်းကို ဟောကြားတော်မူသည်။

ထို့နောက် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော တိပိဋက ပရိယတ္တိဓရ ပဋိသမ္ဘိဒါပတ္တ ထေရဝါဒီ မဟာထေရ်တစ်ထောင် သည် သင်္ဂါယနာ ၂-တန်တင်ပြီး သန့်ရှင်းစင်ကြယ်သော ရှေးဟောင်းဓမ္မ, ဝိနယကို အသောကာရာမကျောင်းတိုက်ကြီးအတွင်း တတိယသင်္ဂါယနာ တင်တော်မူကြလေသည်။

## ဂိုဏ်းသစ် ၉-ဂိုဏ်း ပေါ်ပေါက်လာခြင်း

ဖော်ပြပြီး အညတိတ္ထိယများသည် ဗုဒ္ဓသာသနာတော်၌ ထောက် တည်ရာမရသဖြင့် အမျက်ဒေါသ ချောင်းချောင်းထလျက် ပါဋလိပုတ် မြို့တော်မှ ထွက်ခွါ၍ ရာဇဂြိုဟ်မြို့အနီး နာလန္ဒာမြို့၌ စည်းဝေးတိုင်ပင်ကြ

ကာ ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးရန် သာသနာနှစ် ၂၅၃-တွင် နေရာဌာန ၆-မျိုးတို့၌ နေထိုင်ကြ၍ ဂိုဏ်းသစ် ၉-ဂိုဏ်းတို့ကို ဖွဲ့စည်းတည်ထောင်ကြသည်။

ယင်းဂိုဏ်းတို့ကား- (၁) ဟေမဝတိကဂိုဏ်း (၂) ရာဇဂိရိကဂိုဏ်း (၃) သိဒ္ဓတ္ထိကဂိုဏ်း (၄) ပုဗ္ဗသေလိယဂိုဏ်း (၅) အပရသေလိယဂိုဏ်း (၆) ဝါဇိရိယဂိုဏ်း (၇) ဝေတုလ္လဂိုဏ်း (၈) အန္ဓကဂိုဏ်း (၉) အညမဟာသံဃိကဂိုဏ်းတို့ ဖြစ်သည်။

ထို ၉-ဂိုဏ်းတို့တွင် ဟေမဝတိကဂိုဏ်းဝင်ပုဂ္ဂိုလ်တို့သည် "သဒ္ဓမ္မပတိရူပက"ဟူသော ပရိယတ်တရားအတုအယောင်ကို ဘုရားဟောဒေသနာတော်အဖြစ်ဖြင့် ဖော်ပြလျက် "ဝဏ္ဏပိဋက"မည်သောကျမ်းကို ပြုစုကြသည်။

ထို့အတူ ရာဇဂိရိကဂိုဏ်းဝင်ပုဂ္ဂိုလ်တို့သည် "အင်္ဂုလိမာလပိဋက" မည်သောကျမ်းကိုလည်းကောင်း၊ သိဒ္ဓတ္ထိကဂိုဏ်းဝင်ပုဂ္ဂိုလ်တို့သည် "ဂုဠ္ဌဝေဿန္တရကျမ်း"ကိုလည်းကောင်း၊ ပုဗ္ဗသေလိယဂိုဏ်းဝင်တို့သည် "ရဋ္ဌပါလဂဇ္ဇိတကျမ်း" ကိုလည်းကောင်း၊ အပရသေလိယဂိုဏ်းဝင်တို့သည် "အာဠာဝကဂဇ္ဇိတကျမ်း"ကိုလည်းကောင်း၊ ဝါဇိရိယဂိုဏ်းဝင်တို့သည် "ဂုဠ္ဌဝိနယကျမ်း"ကိုလည်းကောင်း၊ ဝေတုလ္လဝါဒီဂိုဏ်းဝင်တို့သည် "ဝေတုလ္လပိဋကကျမ်း" ကိုလည်းကောင်း၊ အန္ဓကဂိုဏ်းဝင်တို့သည် "ရတနကူဋ" စသော ကျမ်းတို့ကိုလည်းကောင်း၊ အညသံဃိကဂိုဏ်းဝင်ပုဂ္ဂိုလ်တို့သည် "အက္ခရသာရိယ" စသော ကျမ်းတို့ကိုလည်းကောင်း ရေးသားပြုစုကြသည်။

တရားတု တရားယောင်ဖြစ်သော အဆိုပါ အညတိတ္ထိယကျမ်းတို့သည် ဇမ္ဗူဒီပ ဒက္ခိဏာယပြည်မှ လင်္ကာဒီပသီဟိုဠ်ကျွန်းသို့ အများအပြားရောက်ရှိလာကြသည်၊ ဤအကြောင်းသည် ဖော်ပြလတ္တံ့ပါ အဋ္ဌကထာကျမ်းတို့၌ ထင်ရှားသည်။

ဝဏ္ဏပိဋက အင်္ဂုလိမာလပိဋက ရဋ္ဌပါလဂဇ္ဇိတ အာဠာ-ဝကဂဇ္ဇိတဂုဠ္ဌမဂ္ဂဂုဠ္ဌဝေဿန္တရဂုဠ္ဌဝိနယဝေဒလ္လပိဋကာနိ ပန အဗုဒ္ဓဝစနာနိယေဝါတိ ဝုတ္တံ။[၁]

တိဿော ပန သင်္ဂီတိယော အနာရုဠှံ .... ဂုဠှဝိနယံ ဂုဠ္ဌဝေဿန္တရံ ဂုဠ္ဌမဟောသဓံ ဝဏ္ဏပိဋကံ အင်္ဂုလိမာလ-ပိဋကံ ရဋ္ဌပါလဂဇ္ဇိတံ အာဠာဝကဂဇ္ဇိတံ ဝေဒလ္လပိဋကန္တိ အဗုဒ္ဓဝစနံ ပရိယတ္တိသဒ္ဓမ္မပတိရူပကံ နာမ။[၂]

## သီရိလင်္ကာသာသနာ

အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏တပည့် အရှင်မဟာမဟိန္ဒသည် သာသနာနှစ် ၂၃၆-တွင် လင်္ကာဒီပ သီဟိုဠ်ကျွန်းသို့ ကြွရောက်၍ ဒေဝါနံ ပိယတိဿမင်းအမှူးရှိသော ကျွန်းသူ ကျွန်းသား လူအများကို ယုံကြည် သက်ဝင်စေ၍ ဗုဒ္ဓသာသနာတော်ကို သီဟိုဠ်ကျွန်း၌ တည်ထွန်းစေသည်၊ မဟာမေဃဝန်ဥယျာဉ်တော်ကို လှူဒါန်း၍ "မဟာဝိဟာရ"မည်သော သံဃာ့အရံကျောင်းတိုက်အဖြစ် တည်ရှိစေသည်။

ထိုအချိန်မှစ၍ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော်သည် ဝဋ္ဋ-ဂါမဏိမင်းလက်ထက် (ဗုဒ္ဓနှစ်-၄၅၅-၄၆၆) တိုင်အောင် ဂိုဏ်းတစ်ပါး တို့၏ အယူဝါဒနှင့် မရောယှက်ဘဲ အညစ်အကြေးကင်းကွာ သန့်ရှင်း စင်ကြယ်စွာ ထွန်းလင်းတောက်ပသည်။

ဝဋ္ဋဂါမဏိမင်းသည် "အဘယဂိရိ"မည်သော ကျောင်းတိုက်ကို တည် ထောင်၍ ကျေးဇူးပြုခဲ့ဖူးသော မဟာတိဿမထေရ်အား လှူဒါန်းသည်၊ မဟာတိဿမထေရ်သည် တပည့်ဖြစ်သူ ဗဟလမဿုတိဿမထေရ်နှင့် တွဲ၍ မဟာဝိဟာရဝါသီဂိုဏ်းမှ ခွဲကာ "အဘယဂိရိဝါသီဂိုဏ်း" ဟူ၍ သီးခြားတည်ထောင်သည်။

---

၁။ ဝိဋ္ဌ၊၃၉။ ၂။ သံဋ္ဌ၊၂။၁၈၆။

ဤသို့ သီဟိုဠ်ကျွန်း၌ ဂိုဏ်း ၂-ဂိုဏ်း ကွဲပြားလာသည်၊ ဤသည်ကား သီဟိုဠ်ကျွန်း၌ သာသနာဆုတ်ယုတ်ခြင်း၏ အကြောင်းဖြစ်လေသည်။

ထို့ပြင် ဇမ္ဗူဒီပ တ္တန္ဒိယပြည်မှ ရောက်ရှိလာသော ဝဇ္ဇိပုတ္တကဂိုဏ်း၌ အကျုံးဝင်သည့် ဓမ္မရုစိဂိုဏ်း၏ သက္ကတဘာသာသို့ တင်ထားသော ဓမ္မ, ဝိနယအသစ်ကို အဘယဂိရိဝါသီဂိုဏ်းက လက်ခံထားသည်၊ ထို့ကြောင့် အဘယဂိရိဝါသီဂိုဏ်းကိုလည်း "ဓမ္မရုစိဂိုဏ်း"ဟူ၍ ခေါ်ဆိုရလေသည်၊ ဤသည်လည်း သီဟိုဠ်ကျွန်း၌ သာသနာဆုတ်ယုတ်ခြင်း၏အကြောင်း ဖြစ်လေသည်။

## စတုတ္ထသင်္ဂါယနာ

မဟာဝိဟာရဝါသီဂိုဏ်းသား မထေရ်များသည် ပါဠိဘာသာဖြင့်သာ တည်ရှိနေသော ရှေးဟောင်း ဓမ္မ, ဝိနယပိဋကကို နှုတ်ငုံဆောင်ကာ ထိန်းသိမ်းစောင့်ရှောက်နေကြသည်။

ဝဋ္ဋဂါမဏိမင်း လက်ထက် ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်လာသောအခါ အချို့မထေရ်မြတ်တို့က ဇမ္ဗူဒီပ တ္တန္ဒိယပြည်သို့ သွား၍ ပိဋကတ်တော်ကို မမေ့ပျောက်အောင် စောင့်ရှောက်ကြသည်။

အချို့မထေရ်မြတ်တို့ကမူ သီဟိုဠ်ကျွန်းမှာပင် နေထိုင်၍ သစ်ဥ သစ်ဖု, သစ်ရွက်, သစ်သီးတို့ဖြင့် မျှတရောင့်ရဲကာ ပိဋကတော်ကို ထိန်းသိမ်းစောင့်ရှောက်တော်မူကြသည်။

နောင်အခါ ပိဋကတော်ကို နှုတ်ငုံဆောင်ကာ ထိန်းသိမ်းဖို့ရန် ခက်ခဲနိုင်ခြင်းနှင့် အဘယဂိရိဝါသီဂိုဏ်းသားတို့ လက်ခံထားသော အယူဝါဒ တစ်ပါးနှင့် ရောနှောရှုပ်ထွေးနိုင်ခြင်းတို့ကြောင့် ပိဋကတော်ကို ပေ၌ အက္ခရာတင်ရေးသားကာ ထိန်းသိမ်းစောင့်ရှောက်ရန် အားထုတ်တော်မူကြသည်။

မဟာဝိဟာရဝါသီဂိုဏ်းသား မထေရ်များသည် အနုရာဓမြို့တော်မှ ၆၈-မိုင် ဝေးကွာသော မလယတိုင်း မာတုလမြို့အနီး အာလောကလိုဏ်ဂူ၌ သီတင်းသုံးကာ ထိုဒေသအကြီးအကဲဖြစ်သူ၏ အစောင့်အရှောက်ကို ခံယူ၍ ပေထက်အက္ခရာတင်ခြင်းအမှုကို ဆောင်ရွက်တော်မူသည်။ ဤသည်ကို "စတုတ္ထသင်္ဂါယနာ"ဟု ခေါ်ဆိုရလေသည်။

## ဂိုဏ်း ၂-ဂိုဏ်း အငြင်းအခုံဖြစ်ခြင်း

ထိုမှနောက် ဘာတိယမင်းလက်ထက် (ဗုဒ္ဓနှစ်-၅၂၄-၅၅၂) သို့ ရောက်သောအခါ မဟာဝိဟာရဝါသီဂိုဏ်းနှင့် အဘယဂိရိဝါသီဂိုဏ်းတို့ ဝိနည်း၌ အငြင်းအခုံ ဖြစ်ပွားကြသည်။

ဖြစ်ပွားပုံမှာ — မေတ္တိယာမည်သောဘိက္ခုနီမက သူမကို အရှင်ဒဗ္ဗက မေထုနပဋိသေဝနအမှုဖြင့် ဖျက်ဆီးပါကြောင်း မြတ်စွာဘုရားအား လျှောက်ထားစွပ်စွဲသည်၊ ထိုအမှု မှန်, မမှန် စစ်ဆေးမေးမြန်းတော်မူရာ မမှန်ကန်ကြောင်း ပေါ်လွင်ထင်ရှားသဖြင့် ဘုရားရှင်က "တေန ဟိ ဘိက္ခဝေ မေတ္တိယံ ဘိက္ခုနိံ နာသေထ၊ ဣမေ စ ဘိက္ခူ အနုယုဉ္ဇထ" ဟူ၍ မိန့်ကြားတော်မူသည်။

ဤ၌ နာသေထ-ပုဒ်နောက်တွင် "သကာယ ပဋိညာယ" ဟူသော ၂-ပုဒ် ပါသင့်, မပါသင့် ငြင်းခုံကြခြင်းဖြစ်သည်။ အဘယဂိရိဝါသီဂိုဏ်းဝင်တို့က "ပါသင့်ကြောင်း" ပြောဆိုကြ၍ မဟာဝိဟာရဝါသီဂိုဏ်းဝင်တို့က "မပါသင့်ကြောင်း" ပြောဆိုကြသည်။

ငြင်းခုံမှု မပြီးပြတ်ကြောင်း ဘာတိယမင်း ကြားသိတော်မူရာ ဗြာဟ္မဏ ဇာတ်ရှိသော ဘာသန္တရကျွမ်းကျင်သူ"ဒီဃကာရာယန"မည်သော ပညာရှိ အမတ်ကို စေလွှတ်၍ ပြီးပြတ်အောင် ဆုံးဖြတ်စေသည်။

ဒီဃကာရာယန အမတ်သည် ၂-ဖက်ဂိုဏ်းဝင် မထေရ်တို့၏ စကားကို ကြားနာပြီးနောက် "အဆိုပါ ၂-ပုဒ်ပါရှိလျှင် ရဟန္တာအရှင်ဒဗ္ဗ ကျူးလွန်ရာရောက်၍ အပြစ်ရှိသည်၊ မပါရှိလျှင် ကျူးလွန်ရာ မရောက်၍ အပြစ်မရှိ၊ ထို့ကြောင့် သကာယ ပဋိညာယ ၂-ပုဒ် မပါမှ မှန်ကန်သည်"ဟု အဆုံးဖြတ် ပေးလေသည်။

ဤ၌ "ပဋိညာ" ဟူသည်မှာ — မေတ္တိယာဘိက္ခုနီ၏ "အယျေနမှိ ဒဗ္ဗေန မလ္လပုတ္တေန ဒူသိတာ"ဟူသော စွဲချက်ပင် ဖြစ်သည်။ ဤသည်ကို ထောက်ရှု၍ အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၂။၁၆၈)ဆရာက ဤသို့ မှတ်ချက်ပြုတော်မူသည်။

"ကိံ ပန ဘဂဝတာ မေတ္တိယာ ဘိက္ခုနီ ပဋိညာယ နာသိတာ, အပ္ပဋိညာယ နာသိတာတိ? ကိဉ္စေတ္ထ ယဒိ တာဝ ပဋိညာယ နာသိတာ၊ ထေရော ကာရကော ဟောတိ သဒေါသော။ အထ အပ္ပဋိညာယ၊ ထေရော အကာရကော ဟောတိ နိဒ္ဒေါသော"။

## ဝေတုလ္လဝါဒကို နှိမ်နင်းခြင်း

ဤသို့ဖြင့် အဘယဂိရိဝါသီဂိုဏ်းဝင်တို့ ရှုံးနိမ့်၍ ဘာတိယမင်းလက်ထက်၌ ခေါင်းမထောင်နိုင်တော့ပေ။ သို့သော်လည်း ဝေါဟာရကတိဿမင်းလက်ထက် (ဗုဒ္ဓနှစ် ၇၅၈-၇၈၀)၌ ခေါင်းထောင်လာပြန်သည်။

အဘယဂိရိဝါသီ ဓမ္မရုစိဂိုဏ်းဝင်တို့သည် "ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးခြင်းငှါ ရဟန်းအသွင်ဆောင် ဝေတုလ္လဝါဒီပုဏ္ဏားတို့ ရေးသားစီရင်အပ်သော ဝေတုလ္လပိဋကကျမ်းကို ဗုဒ္ဓဘာသိတ=ဘုရားဟောကျမ်း"ဟု တင်ပြလာကြသည်၊ ထေရဝါဒဂိုဏ်းဝင် မဟာဝိဟာရဝါသီ မထေရ်မြတ်တို့က ဓမ္မ, ဝိနယနှင့် နီးနှော တိုက်ဆိုင်၍ "အဓမ္မဝါဒ"ဟု ပယ်ချကြသည်။

ထိုအကြောင်း ဝေါဟာရကတိဿမင်း ကြားသိတော်မူ၍ သဗ္ဗသတ္ထ-ပါရဂူ ကပိလမည်သောအမတ်ကို အဆုံးအဖြတ် ပေးစေသည်၊ ကပိလ အမတ်က ဝေတုလ္လပိဋကကျမ်း ဘုရားဟောမဟုတ်ကြောင်း အဆုံး အဖြတ် ပေးလေသည်။

ထိုအခါ ဝေါဟာရကတိဿမင်းက ဝေတုလ္လပိဋကကျမ်းကို မီးရှို့ ဖျက်ဆီးစေ၍ ထိုကျမ်းကို လက်ခံသော ဓမ္မရုစိဂိုဏ်းသား ရဟန်းများကို နှိပ်ကွပ်ကာ ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းစေသည်။

အဘယဂိရိဝါသီဂိုဏ်းဝင် မထေရ်များသည် ဂေါဌာဘယမင်းလက် ထက် (ဗုဒ္ဓနှစ်-၈၀၀-၈၁၀)၌လည်း၊ ဝေတုလ္လဝါဒကို ဟောပြောပြသနေ ကြပြန်သည်။

ဂေါဌာဘယမင်းသည် မဟာဝိဟာရ, စေတိယဝိဟာရ, ထူပါရာမ ဝိဟာရ, ဣဿရသမဏကဝိဟာရ, ဝေဿဂိရိဝိဟာရ-ဟူသော ကျောင်း တိုက်ကြီး ၅-တိုက်နေ သံဃာတော်များကို တပေါင်းတည်း စည်းဝေး စေပြီး အဘယဂိရိဝါသီဂိုဏ်းသားများ ဝေတုလ္လဝါဒကို ဟောပြောပြသ နေခြင်းနှင့် ဝေတုလ္လဝါဒ ဘုရားဟောဟုတ်, မဟုတ် မေးမြန်းတော်မူသည်၊

သံဃာတော်များက ဘုရားဟောမဟုတ်ကြောင်း မိန့်ကြားတော်မူကြ ရာ ဝေတုလ္လဝါဒ လက်ခံယုံကြည်သူ ရဟန်း ၆၀-တို့ကို အမှတ်တံဆိပ် ခတ်နှိပ်၍ တိုင်းပြည်မှ နှင်ထုတ်တော်မူသည်၊ ဝေတုလ္လပိဋကကျမ်းစာ တို့ကိုလည်း မီးရှို့ဖျက်ဆီး၍ ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းတောက်ပ စေသည်။

## မဟာဝိဟာရကျောင်းတိုက် ဖျက်ဆီးခံရခြင်း

ဂေါဌာဘယမင်း နှင်ထုတ်လိုက်သော ရဟန်းတော်တို့တွင် အချို့ ရဟန်းတို့သည် ကာဝီရသဘော်ဆိပ်၌ လာရောက်နေထိုင်ကြသည်၊ တိတ္ထိယလုလင်ငယ် တစ်ယောက်သည် ထိုရဟန်းတို့ထံ၌ ရဟန်းပြု၍

"သံဃမိတ္တ"ဟူသော အမည်ဖြင့်ထင်ရှားလာသည်၊ သံဃမိတ္တရဟန်းသည် ဝေတုလ္လဝါဒအပေါ် "အဓမ္မ" ဟု အဆုံးအဖြတ်ပေးသော မဟာဝိဟာ-ဝါသီမထေရ်တို့အား အမျက်ရန်ငြိုးထား၍ "မဟာဝိဟာရဝါသီဂိုဏ်းသား ရဟန်းတို့အား ဝေတုလ္လဝါဒကို ခံယူစေမည်၊ သို့မဟုတ် သူတို့၏ ကျောင်းတို့ကို အမြစ်ပါနှုတ်၍ ဖျက်ဆီးပစ်မည်"ဟု ကြံစည်ကာ သီဟိုဠ်ကျွန်းသို့ ရောက်လာခဲ့သည်။

ဂေါဌာဘယမင်း၏ သားငယ် မဟာသေနမင်းသားကို ပညာသင်ပေးပြီး မဟာသေနမင်းသား မင်းဖြစ်လာသောအခါ (ဗုဒ္ဓနှစ်-၈၁၉-၈၄၅) အဘယဂိရိကျောင်း၌ နေထိုင်လျက် မဟာဝိဟာရဝါသီဂိုဏ်းသားတို့အား ဝေတုလ္လဝါဒကို လက်ခံဖို့ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားအားထုတ်သည်၊ မည်သို့ပင် အားထုတ်သော်လည်း တချို့တဝက်သာ လက်ခံသည်၊ လက်မခံသော မဟာဝိဟာရဝါသီဂိုဏ်းသားတို့အား ဆွမ်းအာဟာရ မလောင်းလှူရန် မင်းအာဏာဖြင့် တားမြစ်ပိတ်ပင်သည်၊ ဆွမ်းအာဟာရ မရရှိသော မဟာဝိဟာရဝါသီဂိုဏ်းသားတို့သည် "အသက်ဟူသောအကြောင်းကြောင့်လည်း ငါတို့သည် ဝေတုလ္လဝါဒကို လက်မခံကုန်အံ့"ဟု တိုင်ပင်ညီညွတ်ကာ မဟာဝိဟာရ-စသောကျောင်းတိုက်တို့ကို စွန့်ခွါ၍ ရောဟဏဇနပုဒ်ခေါ် သီဟိုဠ်ကျွန်း တောင်ပိုင်းနယ်နှင့် မလယဇနပုဒ်ခေါ် သီဟိုဠ်ကျွန်း အလယ်ပိုင်းနယ်တို့သို့ သွားကြလေသည်။

မဟာဝိဟာရဝါသီဂိုဏ်းသားများ ကျောင်းအားလုံးကို စွန့်ခွါထွက်သွားကြသောအခါ သံဃမိတ္တမည်သော ရဟန်းယုတ်သည် မဟာသေနမင်းကို နားချ၍ လောဟပါသာဒပြာသာဒ်-အစရှိသော ၃၆၄-ခုသော ပရိဝုဏ်ပြာသာဒ်တို့ကို ဖျက်ဆီးပြီးလျှင် အမြစ်အရင်းပါ နှုတ်စေ၍ အဘယဂိရိကျောင်းတိုက်သို့ ဆောင်ယူစေသည်။ ကျောင်းရာမြေကိုလည်း ထွန်ယက်စေကာ ပြောင်း, ပဲတို့ကို စိုက်ပျိုးစေသည်။

ဤသို့ဖြင့် မဟာဝိဟာရကျောင်းတိုက်သည် ရဟန်းများဆိတ်သုဉ်း၍ ကျောင်းအဆောက်အအုံမရှိ ဖြစ်လေသည်၊ ထိုအခါ "မေဃဝဏ္ဏာဘယ" မည်သော ကလျာဏမိတ္တအမတ်၏ ခြိမ်းခြောက်ဖျောင်းဖျ ပြောဆိုခြင်းဖြင့် မဟာသေနမင်းသည် မဟာဝိဟာရကျောင်းတိုက်ကို တစ်ဖန်ပကတိ အတိုင်း ဖြစ်အောင်ပြုပြင်ကာ ဖဲခွါသွားကြသောရဟန်းတို့ကို ပြန်လည် ပင့်ဆောင်၍ ပစ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးလေသည်။

## လင်္ကာဒီပ ဂိုဏ်း ၃-ဂိုဏ်း

တစ်ဖန် မဟာသေနမင်းသည် ကောက်ကျစ်သော စိတ်နှလုံးရှိသည့် "ကုဟကတိဿ" မည်သောမထေရ်ကို ကြည်ညိုပြန်၍ ထိုမထေရ် အတွက် မဟာဝိဟာရကျောင်းတိုက် နယ်ပယ်အတွင်း "ဇောတိဝန" မည် သောဥယျာဉ်၌ "ဇေတဝန်ကျောင်း"ကို ဆောက်လုပ်ရန် အားထုတ်သည်။

မဟာဝိဟာရဝါသီ ရဟန်းတို့သည် ကျောင်းမဆောက်ရန် တားမြစ် သော်လည်း မရသဖြင့် မဟာဝိဟာရကျောင်းတိုက်မှ ဖဲခွါသွားကြသည်၊ ထိုအခါ၌လည်း မဟာဝိဟာရကျောင်းတိုက်သည် ၉-လပတ်လုံး ရဟန်း များ ဆိတ်သုဉ်းနေသည်၊

မဟာသေနမင်းသည် သူ၏ဆန္ဒအတိုင်း ဇေတဝန်ကျောင်းကို ဆောက်လုပ်စေ၍ ကုဟကတိဿမထေရ်အား လှူဒါန်းလေသည်။ ထိုဇေတဝန်ကျောင်း၌ ဒက္ခိဏဂိရိကျောင်းမှ ရဟန်းများ လာရောက် နေထိုင်၍ ဝေတုလ္လဝါဒကို လက်ခံကျင့်သုံးကြလေသည်။

ဤသို့လျှင် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်ကျွန်းသို့ မရောက်လာမီ ရှေးကာလ၌ သန့်ရှင်းစင်ကြယ်သော ထေရဝါဒပိဋက ကိုသာ လက်ခံကျင့်သုံးသည့် "မဟာဝိဟာရဝါသီဂိုဏ်း"နှင့် ဆန့်ကျင်ဖက် ဖြစ်သော ဓမ္မရုစိဝါဒ, ဝေတုလ္လဝါဒကို လက်ခံကျင့်သုံးသော "အဘယ-

ဂိရိဝါသီဂိုဏ်း၊ ဇေတဝနဝါသီဂိုဏ်း"ဟူ၍ သီဟိုဠ်ကျွန်း၌ ဂိုဏ်းကြီး ၃-ဂိုဏ်း ထင်ရှားရှိနေလေသည်။ ထို့ကြောင့် မဏိသာရမဉ္ဇူသာဋီကာ(၁၂၄) ၌ ဤသို့ ဆိုလေသည်။

သီဟဠဒီပေ ဟိ မဟာဝိဟာရဝါသိနိကာယော
အဘယဂိရိနိကာယော ဇေတဝနဝါသိနိကာယောတိ
တယော နိကာယာ သန္တိ။

## ကထာဝတ္ထုကျမ်း

ပြဆိုခဲ့ပြီးသည့်အတိုင်း ဒုတိယနှင့် တတိယသင်္ဂါယနာတို့၏ အကြား၌ ပေါ်ပေါက်လာသော အဓမ္မဝါဒများနှင့် အသောကမင်းတရား သာသနာတော်မှ နှင်ထုတ်လိုက်သော အညတိတ္ထိယတို့၏ အဓမ္မဝါဒများကြောင့် ဗုဒ္ဓသာသနာ ဓမ္မဝါဒသည် ညစ်နွမ်း သေးသိမ် မှေးမှိန်ခဲ့ရသည်၊ ထိုအဓမ္မဝါဒများကို ထေရဝါဒဓမ္မဝါဒီဂိုဏ်းသားတို့က စွမ်းအားရှိသမျှ နှိမ်နင်းဖျက်ဆီးခဲ့ရသည်။

အထူးနှိမ်နင်းခဲ့သော ဓမ္မဝါဒီကျောင်းတိုက်များကား — မဇ္ဈိမဒေသ ဇမ္ဗူဒီပ တိုင်းနိုင်ငံ ပါဋလိပုတ်မြို့တော် "အသောကာရာမကျောင်းတိုက်" နှင့် သီဟိုဠ်ကျွန်း အနုရာဓမြို့တော် "မဟာဝိဟာရကျောင်းတိုက်"တို့ ဖြစ်သည်။

ထိုတွင် အသောကာရာမကျောင်းတိုက်နေ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် ပေါ်ပေါက်ခဲ့ပြီးသော အဓမ္မဝါဒများနှင့် နောက်နောင်တွင် ပေါ်ပေါက်လတ္တံ့သော အဓမ္မဝါဒများကို ရည်သန်၍ သကဝါဒီနှင့် ပရဝါဒီ ပုဂ္ဂိုလ်တို့၏ အပြန်အလှန် အမေး, အဖြေများဖြင့် အညတိတ္ထိယတို့၏ မိစ္ဆာဝါဒ အဓမ္မအယူများကို နှိမ်နင်းဖျက်ဆီးတော်မူသည်။ ယင်းသို့ နှိမ်နင်းသော်လည်း ဇမ္ဗူဒီပပြည်၌ ဗုဒ္ဓသာသနာတော်သည် စောစီးစွာကပင် တိမ်မြုပ်ကွယ်ပျောက်ခဲ့သည်။

သာသနာနှစ် ၂၀၀-ကျော်မှ ရောက်ရှိလာသော ဗုဒ္ဓသာသနာတော်သည် လင်္ကာဒီပသီဟိုဠ်ကျွန်း၌ သာသနာနှစ် ၂၀၀၀-ကျော် ယနေ့ကာလတိုင်အောင် ထွန်းတောက်နေသည်မှာ အံ့ဩဖွယ်ရာ ကောင်းလှပါပေသည်၊ မဟာဝိဟာရကျောင်းတိုက်နေ ဓမ္မဝါဒီ အရှင်မြတ်တို့သည်လည်း သီဟိုဠ်ကျွန်း၌ ပေါ်ပေါက်လာသော အဓမ္မဝါဒများကို စွမ်းအားရှိသမျှ နှိမ်နင်းခဲ့ရသည်၊ ထို့ကြောင့်ပင် အဓမ္မဝါဒီများ၏ တိုက်ခိုက်မှုကို များစွာခံခဲ့ရသည်။

သာသနာနှစ် ၉၇၀-ကျော်တွင် သီဟိုဠ်ကျွန်း၌ အရှင်မဟာဗုဒ္ဓဃောသ ရေးသားစီရင်အပ်သော ကထာဝတ္ထုအဋ္ဌကထာကျမ်း၌ ကထာဝတ္ထုပါဠိတော်တွင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ရည်ညွှန်းပယ်ဖျက်ခဲ့သော အဓမ္မဝါဒီဂိုဏ်းတို့၏အမည်များနှင့် အယူဝါဒများကို ပြည့်ပြည့်စုံစုံဖော်ပြထားသည်ကို တွေ့ရှိခဲ့ရပေသည်။

## မြန်မာပြည်သာသနာ

တတိယသင်္ဂါယနာခေတ်၌ ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ရာတွင် ရောက်ရှိလာသည်ဟု အဆိုရှိသော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာ့သမိုင်း၌လည်း ဓမ္မ, အဓမ္မ၊ ဝိနယ, အဝိနယ အငြင်းပွါးမှုများ ထင်ရှားပေါ်ပေါက်ခဲ့သည်။

ပရိယတ္တိစာသင်တိုက်များ၌ သီတင်းသုံးနေကြသော ပရိယတ္တိဝိသာရဒ, ပဋိပတ္တိမာမကပုဂ္ဂိုလ်မြတ်တို့က ထိုအငြင်းပွါးမှု ဝိဝါဒါဓိကရဏ်းများ ငြိမ်းအေးအောင် ငြှိမ်းသတ်တော်မူခဲ့ကြသည်။

မြန်မာနိုင်ငံ သာသနာ့သမိုင်း၌ အထင်ရှားဆုံးသော ဝိဝါဒါဓိကရဏ်းကား — တုံဂိုဏ်း, ရုံဂိုဏ်းတို့၏ အတင်, အရုံ အငြင်းပွါးမှု ဖြစ်သည်။

တုံဂိုဏ်းပုဂ္ဂိုလ်တို့က "သာမဏေများ မြို့ရွာအတွင်း ဝင်သောအခါ ရဟန်းများလို သင်္ကန်းရုံရန် မလို၊ လက်ကန်တော့ထိုး၍ အနံ တစ်တောင်,

အလျား ၃-တောင်ရှိ ဒုကုဋ်သင်္ကန်းအတုကို လက်ျာပုခုံးပေါ်တင်၍ ဝင်ရမည်"ဟု ဆိုသည်။

အရုံဂိုဏ်းပုဂ္ဂိုလ်တို့ကမူ "သာမဏေမျာလည်း ရဟန်းများကဲ့သို့ပင် ပရိမဏ္ဍလသိက္ခာပုဒ်နှင့်အညီ ဝတ်၍ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့်အညီ ရုံရမည်"ဟု ဆိုသည်။

ဤ အတင်, အရုံ အငြင်းပွါးမှုသည် ကောဇာနှစ် ၁၀၆၀-မာရ်အောင်ရတနာစေတီဒါယကာ စနေမင်းလက်ထက်မှစ၍ ကောဇာနှစ် ၁၁၄၃-ဘိုးတော်ပဒုံမင်း လက်ထက်တိုင်အောင် မင်းဆက် ၈-ဆက်ကြာညောင်းခဲ့သည်။ ဤအဓိကရုဏ်းကို ပရိယတ္တိဝိသာရဒ ကျမ်းဂန်တတ် မထေရ်မြတ်တို့က ခိုင်မာသော အဆုံးအဖြတ်ကို ပေး၍ ငြိမ်းအေးအောင် ဆောင်ရွက်တော်မူခဲ့ကြသည်။

## ဝိနိစ္ဆယဌာန အက်ဥပဒေ

"လူရှိလျှင် အမှုရှိသည်"ဟူသည့်အတိုင်း လူအချင်းချင်း, ရှင်ရဟန်းအချင်းချင်း အငြင်းပွါးမှုသည် နေရာဌာနတိုင်း၌ပင် ရှိနိုင်ပေသည်၊ ထို့ကြောင့် မြန်မာနိုင်ငံသာသနာတွင် သူ့ခေတ်နှင့်သူ ဝိနိစ္ဆယဌာနများ ရှိကြပေသည်။

လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖဆပလ အစိုးရခေတ်၌ ၁၃၁၁-ခုနှစ် ဝိနိစ္ဆယဌာန အက်ဥပဒေနှင့် ၁၃၁၆-ခုနှစ် ပြင်ဆင်ချက် ဝိနိစ္ဆယဌာနအက်ဥပဒေတို့ကို ပြဋ္ဌာန်း၍ အငြင်းပွါးမှု အဓိကရုဏ်းတို့ကို ငြိမ်းအေးအောင် အဆုံးအဖြတ် ပေးတော်မူခဲ့ကြသည်။

အဆိုပါဥပဒေအရ သက်ဆိုင်ရာဝိနည်းဓိုရ်ဆရာတော်များက စီရင်ဆုံးဖြတ်ခဲ့သော ဖြတ်ထုံးတို့ကို "နိုင်ငံတော် ဝိနိစ္ဆယဌာန စီရင်ထုံးများ"ဟု ကျမ်းစာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ကြသည်။

မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌လည်း "ဝိနည်းဓမ္မကံ အဓိက ရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေ"ကို ပြဋ္ဌာန်း၍ သက်ဆိုင်ရာဝိနည်းဓိုရ်ဆရာတော်များက အမျိုးမျိုးသော ဝိဝါဒါဓိကရဏ်းတို့ကို ငြိမ်းအေးအောင် ဆုံးဖြတ်တော်မူကြသည်။

အထူးအားဖြင့် ဓမ္မ, အဓမ္မ အငြင်းပွါးမှုများကို နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်များက ဆုံးဖြတ်တော်မူကြသည်၊ ယင်းတို့မှာ –

(၁) ကျောက်သဘော်ဝါဒ ဝိနိစ္ဆယ

(၂) လူသေ လူဖြစ်ဝါဒ ဝိနိစ္ဆယ

(၃) ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယ–စသည်တို့ဖြစ်သည်။

ဤသို့ ကြီးကျယ်နက်နဲ ခက်ခဲလှသော ဓမ္မ, အဓမ္မ ဝိဝါဒမှုခင်းများကို ငြိမ်းအေးအောင် ပရိယတ္တိစာသင်တိုက်တို့၌ သာသနာပြုလုပ်ငန်း ကြိုးပမ်းတော်မူကြသော ပိဋကတ္တယဆောက ပရိယတ္တိဝိသာရဒ မထေရ်မြတ်တို့ သည်သာလျှင် ယနေ့တိုင်အောင် ဆောင်ရွက်တော်မူကြလေသည်။

## ပရိယတ္တိစာသင်တိုက်များ။

"ယာဝ တေပိဋကံ ဗုဒ္ဓဝစနံ ဝတ္တတိ၊ န တာဝ သာသနာ အန္တရဟိတံ" (သံ၊ဋ္ဌ၊၂။၁၈၇)ဟူသော ကျမ်းဂန်နှင့်အညီ ဘုရားရှင်စကားတော် ပရိယတ္တိတရားတော်များ တည်ရှိနေသမျှ သာသနာမကွယ်နိုင်သေးသောကြောင့် ပရိယတ္တိတရားတော်များ တည်ရှိနေအောင် ကြိုးစားအားထုတ်ရပေမည်။

ပရိယတ္တိတရားတော်များ တည်ရှိနေရန် ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ပေါက်လာဖို့ အရေးကြီးလှသည်၊ ထိုပုဂ္ဂိုလ်များ ပေါ်ပေါက်လာရန်မှာလည်း ပရိယတ္တိစာသင်တိုက်များ တည်ရှိနေမှသာလျှင် ဖြစ်နိုင်သည်။ ထို့ကြောင့် သာသနာသုံးရပ် တည်ရှိစေရန် ပရိယတ္တိစာသင် တိုက်များကို ပြုစုပျိုးထောင်ရပေမည်။

ပြဆိုခဲ့ပြီးသည့်အတိုင်း မဇ္ဈိမဒေသ ဣန္ဒိယပြည်နှင့် လင်္ကာဒီပ သီဟိုဠ်ကျွန်းတို့၌ ပေါ်ပေါက်လာသော တရားတုတရားယောင် သာသနာ့အညစ်အကြေးတို့ကို အသောကာရာမကျောင်းတိုက်နှင့် မဟာဝိဟာရကျောင်းတိုက်နေ ပရိယတ္တိဝိသာရဒ မထေရ်မြတ်တို့က ဦးစီးဦးဆောင်ပြုကာ သုတ်သင်ရှင်းလင်းခဲ့ရသည်။

အလားတူပင် အခြား နေရာဌာနတို့၌လည်း အခြားပရိယတ္တိဝိသာရဒ ပုဂ္ဂိုလ်တို့က သုတ်သင်ရှင်းလင်းခဲ့ကြသည်။

ပရိယတ္တိစာသင်တိုက် တည်ထောင်ရာ၌ ပရိယတ္တိဝိသာရဒပုဂ္ဂိုလ် ရရှိရန် အရေးကြီးသကဲ့သို့ စာချ, စာသင် အရှင်မြတ်များ ကြီးမားသော သဒ္ဓါ, ဆန္ဒ, ဝီရိယရှိဖို့လည်း လိုအပ်လှပေသည်။ အဘယ်ကြောင့်ဆိုသော် သာမန် သဒ္ဓါ, ဆန္ဒ, ဝီရိယမျိုးဖြင့် ကြီးမားခန့်ထည်သော ပရိယတ္တိစာသင်တိုက် မဖြစ်နိုင်သောကြောင့်တည်း။

## မဟာသုဓောဓာရုံ ပရိယတ္တိစာသင်တိုက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ကြီးမားခန့်ထည်သော ပရိယတ္တိစာသင်တိုက်များ မြောက်မြားစွာ တည်ရှိနေသည်။ ထိုစာသင်တိုက်များတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးအနီး "မဟာသုဓောဓာရုံကျောင်းတိုက်" လည်း အပါအဝင်ဖြစ်သည်။

ယင်းကျောင်းတိုက်သည် အစ၏ ကောင်းခြင်းနှင့် ပြည့်စုံသောကြောင့် နှစ်ပေါင်း ၅၀-ပြည့်မြောက်လာရာ ရွှေရတုအခါသမယတွင် အစစအရာရာ ဟာကွက်ပျောက်ကွက်မရှိ ပြည့်စုံလှပေသည်၊ အာရာမသမုဋ္ဌာပကဆရာတော် "အရှင်နာရဒ"သည် အဌမနှင့် နဝမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးများမှ ပေါက်ဖွား၍ တေရသမနှင့် စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးများ၏ အန္တေဝါသိကတပည့်

လည်း ဖြစ်သည်၊ ထို့ကြောင့် ဆရာတော်သည် ပရိယတ္တိဝိသာရဒ, ပဋိ-ပတ္တိမာမက ပုဂ္ဂိုလ်ထူးဖြစ်သည်။

မိမိကိုယ်တိုင်သာ ဤမျှသောဂုဏ်တို့နှင့် ပြည့်စုံသည် မဟုတ်သေး၊ တစ်အူတုံ့ဆင်း ညီအရင်းများဖြစ်ကြသော –

(၁) အရှင်ဝိမလာဘိဝံသ (သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိသိဋ္ဌ-ဒီဃဘာဏက)

(၂) အရှင်ဉာဏဗလ (သာသနဓဇသိရီပဝရဓမ္မာစရိယ)

(၃) အရှင်ဥတ္တရ (သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဒီဃဘာဏက)

(၄) အရှင်ဂန္ဓသာရ (သာသနဓဇသိရီပဝရဓမ္မာစရိယ)

(၅) အရှင်နန္ဒမာလာဘိဝံသ (သ. စ. အ ဓမ္မာစရိယ၊ ပါဠိပါရဂူ၊ သာမဏေကျော်၊ အဂ္ဂမဟာပဏ္ဍိတ၊ M.A မဟာဝိဇ္ဇာ၊ Ph.D အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးနှစ်ခုတို့၏ ပါမောက္ခချုပ်)

ဟူသော အခြံအရံကောင်းများနှင့်လည်း ပြည့်စုံသည်၊ မဟာသုဗောဓာရုံ ပရိယတ္တိစာသင်တိုက်သည် ရွှေရတုအခါသမယတွင် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ ပြည့်စုံသကဲ့သို့ နာမ်ပိုင်းဆိုင်ရာ စာသင်, စာချပုဂ္ဂိုလ် တို့၏ ပြည့်စုံမှုမှာလည်း လက်ဖျစ်တီးကာ အံ့ချီးဖွယ်ရာ ကောင်းလှပါပေ သည်။

တစ်ရာကျော် နှစ်ရာခန့်ရှိ စာသင်သားသံဃာတော်များကို နေ့စဉ် နေ့တိုင်း နံနက်ဆွမ်း, နေ့ဆွမ်း မျှတအောင် ကျွေးမွေး၍ နေ့ဝါ, ညဝါ စာပေ ကျမ်းဂန်များကို အခြေခံမှစ၍ အထွတ်အထိပ်ရောက် ပေါက်မြောက် အောင် ပို့ချသင်ပြပေးသည်၊ ကိုယ်, စိတ်နှစ်ပါး လိမ္မာယဉ်ကျေး၍ ဘုရား သားတော်ပီပီ ငြိမ်းအေးတည်ကြည်အောင်လည်း ဆုံးမသွန်သင်သည်။

ထို့ကြောင့် မဟာသုဗောဓာရုံပရိယတ္တိစာသင်တိုက်နေ စာသင်သား သံဃာတော်များသည် နှစ်စဉ်နှစ်တိုင်း ငယ်, လတ်, ကြီး စာမေးပွဲများနှင့်

တကွ အနယ်နယ်အရပ်ရပ်၌ ကျင်းပသော သာသနာလင်္ကာရသာမဏေကျော်စာမေးပွဲများ၊ သကျသီဟ, စေတိယင်္ဂဏ-စသော စာသင်, စာချ ဓမ္မာစရိယစာမေးပွဲများ၊ တိပိဋကဓရစာမေးပွဲများအထိ ထူးထူးချွန်ချွန် ဆုံးခန်းတိုင်အောင် အောင်မြင် ပေါက်ရောက်တော်မူကြသည်။

## အာသီသ

ယခုအခါ၌ အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ပဓာနမဟာနာယကဆရာတော်ဘုရားကြီးနှင့်တကွ "အရှင်နန္ဒမာလာဘိဝံသ" ကဲ့သို့သော လောကုတ်, လောကီ နှစ်လီဂုဏ်အင် စုံလင်ပြည့်ဝသော တိုက်အုပ်ဆရာတော်၊ "အရှင်အဘိဇာတာလင်္ကာရာဘိဝံသ"ကဲ့သို့သော သာမဏေကျော်၊ သ.စ.အ ဓမ္မာစရိယ၊ တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ကျော်များဖြင့် တန်းဆာဆင်ထားသည့် မဟာသုဓောဓာရုံပရိယတ္တိစာသင်တိုက်ကြီးကား ဗုဒ္ဓမြတ်စွာ သာသနာတွင် အလွန်ပင် တင့်တယ်လှပါပေသည်၊ ထို့ကြောင့် "ဤ မဟာသုဓောဓာရုံ ပရိယတ္တိစာသင်တိုက်ကြီးနှင့်တကွ မြန်မာပြည်အရပ်ရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၏ စွမ်းအားတေဇော်အာနုဘော်ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာသည် အနှစ်ပြားမြောင် ကာလကြာအောင် ထွန်းလင်းတောက်ပြောင်ပါစေ"ဟု အာသီသပြုရပေသတည်း။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး
၁၃၆၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃-ရက်

# ရှင်တော်ဗုဒ္ဓ၏ သီဟနာဒ မေ့တစ်ဆူ

အနန္တကျေးဇူးတော်သခင် သဗ္ဗညုဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက် ဝေသာရဇ္ဇဉာဏ် ၄-ပါး, အသာဓာ-ရဏဉာဏ် ၆-ပါး, ဒသဗလဉာဏ် ၁၀-ပါး, ဗုဒ္ဓဉာဏ် ၁၄-ပါး စသည် တို့ကို အကြွင်းမဲ့ ရရှိတော်မူသည်။ ထိုတွင် စတုဝေသာရဇ္ဇဉာဏ် ဟူ သည်မှာ —

(၁) သဗ္ဗညုတဉာဏ်တော်
(၂) အာသဝက္ခယဉာဏ်တော်
(၃) အန္တရာယိကဓမ္မ
(၄) နိယျာနိကဓမ္မ

ဤ ၄-ပါးသောအရာဌာနတို့၌ ကြောက်ရွံ့ခြင်းမရှိ ရဲရင့်သောဉာဏ်တော် ဖြစ်သည်။

ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်နှင့်စပ်၍ "အရှင်ဘုရားသည် ဤမည်သောတရားကို မသိသေးပါ"ဟူ၍ တစ်စုံတစ်ယောက်သောသူ၏ စွပ်စွဲစောဒနာခြင်းကို လုံးဝကြောက်ရွံ့ခြင်းမရှိပေ။

အာသဝက္ခယဉာဏ်တော်နှင့်စပ်လျဉ်း၍လည်း "အရှင်ဘုရားအား ဤမည်သော ကိလေသာအာသဝတရားများ မကုန်ခန်းသေးပါ"ဟူ၍ စွပ်စွဲခြင်းကို ကြောက်ရွံ့ခြင်း အလျဉ်းမရှိပေ။ ထို့အတူပင် "မဂ်, ဖိုလ်၏ အန္တရာယ်ကို ပြုတတ်၏"ဟု ဟောကြားအပ်သော အန္တရာယိကဓမ္မ၌ "မဂ်, ဖိုလ်၏ အန္တရာယ်ကို မပြုတတ်ပါ"ဟူ၍လည်းကောင်း၊ "ဝဋ်ဆင်းရဲ

မှ ထွက်မြောက်ကြောင်းတရား"ဟု ဟောကြားအပ်သော နိယျာနိကဓမ္မ၌ "ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းတရား မဟုတ်ပါ"ဟူ၍လည်း ကောင်း ငြင်းဆန်စွပ်စွဲခြင်းကို ကြောက်ရွံ့ခြင်းမရှိ၊ အလွန်ပင် ရဲရင့်တော်မူလှပေသည်။

ဖော်ပြပြီးသော ဝေသာရဇ္ဇဉာဏ် ၄-ပါးနှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်များသည် အနည်းငယ်မျှ ချွတ်ချော်မှားယွင်းနေသည်ဟူ၍ မရှိ၊ အတိအကျ မှန်ကန်လှပေသည်၊ သဗ္ဗညုဘုရားရှင်ကလည်း ပရိသတ် ၄-ပါး၊ ပရိသတ် ၈-ပါး တပည့်သားတို့အား သားတို့သနင်း ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ ရဲဝံ့ထက်သန် ဒေသနာဉာဏ်ဖြင့် ဝေဖန်ဟောပြတော်မူသည်။ ထို့ကြောင့် ဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်၊ စကားတော်အားလုံးကို "သီဟနာဒကထာ = ခြင်္သေ့ဟောက်သည့်ပမာ ရဲရဲတောက်ဒေသနာ" ဟူ၍ ခေါ်ဆိုနိုင်ပေသည်၊ သို့သော်လည်း တရားတော်အားလုံးကို "သီဟ-နာဒ"ဟူ၍ မခေါ်ဆိုဘဲ တရားတော်၏ အနက်အဓိပ္ပါယ်အားလျော်စွာ ဓမ္မစက္ကပဝတ္တနသုတ္တန်၊ အနတ္တလက္ခဏသုတ္တန် စသည်ဖြင့်သာ ခေါ်ဆိုရလေသည်။

ဤဆောင်းပါးစာတမ်း၌ "သီဟနာဒ" အမည်ရသည့် ဓမ္မကထာ ဒေသနာတစ်ခုကိုသာ ရေးသားတင်ပြလိုပေသည်၊ ယင်းကား ဤသို့တည်း။

"ဣတိ ရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော၊ ဣတိ ဝေဒနာ၊ ဣတိ ဝေဒနာယ သမုဒယော၊ ဣတိ ဝေဒနာယ အတ္ထင်္ဂမော၊ ဣတိ သညာ၊ ဣတိ သညာယ သမုဒယော၊ ဣတိ သညာယ အတ္ထင်္ဂမော၊ ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော၊ ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော၊ ဣတိ

ဝိညာဏံ, ဣတိ ဝိညာဏဿ သမုဒယော, ဣတိ ဝိညာဏဿ အတ္ထင်္ဂမော"။

ဤသီဟနာဒ ဓမ္မကထာ ဒေသနာသည် ဒီဃ, မဇ္ဈိမ, သံယုတ္တ, အင်္ဂုတ္တရ ဟူသော နိကာယ် ၄-ရပ် ပါဠိတော်တို့၌ လာရှိသည်[၁]။ ထိုတွင် နိဒါနဝဂ္ဂ သံယုတ် ဒသဗလဝဂ် ဒုတိယဒသဗလသုတ် (သံ၊၁။၂၆၆)လာ ဖော်ပြပြီး ဒေသနာကိုသာ ယင်း၏ အဋ္ဌကထာက —

"ဣဒါနိ ယံ ဉာဏေန သမန္နာဂတော သီဟနာဒံ နဒတိ၊ တံ ဒဿေတုံ ဣတိ ရူပန္တိအာဒိမာဟ"

ဟူ၍ သီဟနာဒ ဓမ္မကထာအမည်သညာကို ပေးထားလေသည်။

ဣတိ = ဣဒံ၊ ဤသည်ကား။ ရူပံ၊ ရုပ်တည်း။ ရူပံ၊ ရုပ်သည်။ ဣတိ = ဧွံ၊ ဤမျှသာတည်း။ ဣတိ = ဧဝံ၊ ဤသို့လျှင်။ ရူပဿ၊ ရုပ်၏။ အတ္ထင်္ဂမော၊ ချုပ်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ .... "ဣတိ = ဣဒံ၊ ဤသည်ကား။ ဝိညာဏံ၊ ဝိညာဉ်တည်း။ ဝိညာဏံ၊ ဝိညာဉ်သည်။ ဣတိ = ဧတ္တကံ၊ ဤမျှသာတည်း။ ဣတိ = ဧဝံ၊ ဤသို့လျှင်။ ဝိညာဏဿ၊ ဝိညာဉ်၏။ အတ္ထင်္ဂမော၊ ချုပ်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပြဆိုခဲ့ပြီး သီဟနာဒ ဓမ္မကထာ၌ ခန္ဓာ ၅-ပါးဝယ် နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ, ဥဒယဗ္ဗယဉာဏ်ဖြစ်ပုံတို့ကို ညွှန်ပြထားသည်။ ထိုတွင် ဣတိ ရူပံ-ဖြင့် ရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံကို ပြ၍ ဣတိ ဝေဒနာ, ဣတိ သညာ, ဣတိ သင်္ခါရာ, ဣတိ ဝိညာဏံ-တို့ဖြင့် နာမပရိစ္ဆေဒဉာဏ်ဖြစ်ပုံကို ပြသည်။ ကျန်ပါဠိတော်တို့ဖြင့် ခန္ဓာတစ်ပါးတစ်ပါး၌ ဥဒယဉာဏ် ၅-ပါး, ဝယဉာဏ် ၅-ပါးစီအားဖြင့် ဥဒယဗ္ဗယဝိပဿနာဉာဏ် ၅၀-ကို ညွှန်ပြသည်။

၁။ ဒီ၊၂။၃၀၊၂၁၉။ မ၁။၇၈။ သံ၊၁။၂၆၆။ သံ၊၂။ ၇၀။ အံ၊၁။၃၅၄။

"ဣတိ ရူပံ-ဖြင့် ရူပပရိဂ္ဂဟဉာဏ်ကို ပြ၏" ဟု ဆိုရာ၌ ဤပါဠိတော်မျှဖြင့် ပြနိုင်သည် မဟုတ်ပေ၊ ဤပါဠိတော်က ညွှန်ပြသည့်အတိုင်း မဟာဘုတ် ၄-ပါး၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဟူသော ပသာဒရုပ် ၅-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, (ဖောဋ္ဌဗ္ဗ) ဟူသော ဂေါစရရုပ် ၇-ပါး၊ (တရားကိုယ် ၄-ပါး)၊ ဣတ္ထတ္တ,ပုရိသတ္တဟူသော ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထုဟူသော ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရရုပ် ၁-ပါး၊ ဤနိပ္ဖန္နရုပ် (ရုပ်အစစ်) ၁၈-ပါးတို့၏ ဖောက်ပြန်မှုသဘောနှင့် ဘူတရုပ်, ဥပါဒါရုပ် စသော အကွဲအပြားကို လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဟူသော ပိုင်းခြားသိမ်းဆည်းကြောင်း သဘော ၄-မျိုးတို့ဖြင့် အကြွင်းအကျန်မထားဘဲ ဉာဏ်ဖြင့်ရှုမှတ် သိမ်းဆည်းခြင်းကို "ရူပပရိဂ္ဂဟဉာဏ်" ဟု ခေါ်သည်။ ထို့အတူ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့ကိုလည်း လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် သိမ်းဆည်းခြင်းကို "နာမပရိဂ္ဂဟဉာဏ်" ခေါ်သည်၊ ဤနာမပရိဂ္ဂဟဉာဏ်ကိုပင် "ဒိဋ္ဌိဝိသုဒ္ဓိ" ဟု ဆိုသည်။ ဤအကြောင်းကို အဋ္ဌကထာ, ဋီကာတို့၌ ဤသို့ ဖွင့်ဆိုကြသည်။

"တတ္ထ ဣတိ ရူပန္တိ ဣဒံ ရူပံ ဧတ္တကံ ရူပံ၊ ဣတော ဥဒ္ဓံ ရူပံ နတ္ထီတိ ရုပ္ပနသဘာဝဉ္စေဝ ဘူတုပါဒါယဘေဒဉ္စ အာဒိံ ကတွာ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန အနဝသေသ ရူပပရိဂ္ဂဟော ဝုတ္တော။ .... ဣတိ ဝေဒနာတိအာဒီသုပိ....လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန အနဝသေသဝေဒနာသညာသင်္ခါရဝိညာဏပရိဂ္ဂဟော ဝုတ္တော။ (ဒီ၊ဋ္ဌ၊၂။၅၃။ သံ၊ဋ္ဌ၊၂။၄၄-၆။)

လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေနာတိ ကက္ခဠတ္တာဒိလက္ခဏဝသေန သန္ဓာရဏာဒိရသဝသေန သမ္ပဋိစ္ဆနာဒိဝသေန စ။ . . . . လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေနာတိ ဣဋ္ဌာနုဘဝနလက္ခဏာဒိလက္ခဏဝသေန

ဣဋ္ဌာကာရသမ္ဘောဂရသာဒိရသဝသေန ကာယိကအဿာ-
ဒါဒိပစ္စုပဋ္ဌာနဝသေန ဣဋ္ဌာရမ္မဏာဒိပဒဋ္ဌာနဝသေန။ သံ၊ဋီ၊
၂။၅၈-၉။ (-ဒီ၊ဋီ၊၂။၅၃။)

ဤနာမရူပပရိဂ္ဂဟဉာဏ်အရာ၌ ဖော်ပြပြီး အဋ္ဌကထာနှင့် ဋီကာကြီးတို့ ဖွင့်ဆိုပုံကို အထူးမှတ်သားရာ၏။ ဤအဋ္ဌကထာ, ဋီကာကြီးတို့၏ အဆိုအမိန့်ကို ယူ၍ အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်း၌ ဤသို့ ဆိုထားသည်။

လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနဝသေန နာမရူပ-
ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။ (သင်္ဂဟ။၁၅၈။)

အဘိဓမ္မတ္ထသင်္ဂဟကျမ်းဆရာ အရှင်အနုရုဒ္ဓါသည် ဤသင်္ဂြိုဟ်ကျမ်းမှာသာ ဤသို့ မိန့်ဆိုသည် မဟုတ်သေး၊ သူသည်ပင် စီရင်အပ်သည့် ပရမတ္ထဝိနိစ္ဆယကျမ်း (ဂါထာ - ၉၄၁-၂)၌လည်း ဤသို့ မိန့်ဆိုတော်မူသည်-

"ခန္ဓာယတနဓာတွာဒိ-ပ္ပဘေဒေဟိ ယထာရဟံ။
လက္ခဏပစ္စုပဋ္ဌာန-ပဒဋ္ဌာနဝိဘာဂတော။

ပရိဂ္ဂဟေတွာ သခ္ခါရေ၊ နာမရူပံ ယထာတထံ။
ဝဝတ္ထပေန္တော တတ္ထေဝ-မနုပဿတိ ပဉ္စဝိ။

အဋ္ဌကထာနှင့် ဋီကာကြီးတို့၌ နာမ်, ရုပ်ကို သိမ်းဆည်းရာ ဒိဋ္ဌိဝိသုဒ္ဓိအခန်း၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ၄-ချက်ဖြင့် သိမ်းဆည်းရမည် ဟု မိန့်ဆိုသည်ကို အရှင်အနုရုဒ္ဓါဆရာသည် အသေအချာ မှတ်ယူပြီးလျှင် သူ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်း, ပရမတ္ထဝိနိစ္ဆယကျမ်းတို့၌ အသေအချာ မိန့်ဆိုထားပေသည်၊ သို့ရာတွင် သင်္ဂြိုဟ်ကျမ်း၏အဖွင့် အဘိဓမ္မတ္ထ-ဝိဘာဝိနီခေါ် ဋီကာကျော်ကျမ်းက လက္ခဏ, ရသ, ပစ္စုပဋ္ဌာန ၃-ပုဒ်ကိုသာ ဖွင့်၍ ပဒဋ္ဌာနပုဒ်ကို မဖွင့်ဘဲ ချန်ထားခဲ့သည်။ ဋီကာကျော်၏အဖွင့်

မဏိသာရမဉ္ဇူသာဋီကာဆရာကမူ "အာသန္နကာရဏံ ပဒဋ္ဌာနန္တိပိ ဝတ္တုံဗ္ဗံ" (မဏိမဉ္ဇူ၊၂။၅၄၁)ဟု ပဒဋ္ဌာန်ကို ဆိုသင့်ကြောင်း မိန့်သည်။ ထို့အတူပင် ပရမတ္ထဒီပနီဋီကာ, အင်္ကုရဋီကာ, ဝိဘာဝနီယောဇနာဆရာတို့ကလည်း ပဒဋ္ဌာန်ကို ဖွင့်ဆိုကြသည်၊ ဤ၌ အဋ္ဌကထာ, ဋီကာကြီးတို့နှင့်တကွ ကျမ်းအားလုံးက ပဒဋ္ဌာန်ကို ဖွင့်ဆိုပါလျက် ဋီကာကျော်ဆရာက ပဒဋ္ဌာန်ကို မဖွင့်ဘဲ ချန်ထားခြင်းသည် ထူးဆန်းနေပေသည်၊ ဤနှင့်စပ်၍ မဟာစည်ဆရာတော်၏ သုံးသပ်ချက်ကား ဤသို့တည်း။

"ဋီကာကျော်၌ ပဒဋ္ဌာန်အားဖြင့် သိမ်းဆည်းခြင်းကို မပြမူ၍ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် ဤ ၃-ပါးတို့ အလိုအားဖြင့်သာလျှင် သိမ်းဆည်းသောဉာဏ်ကို ဒိဋ္ဌိဝိသုဒ္ဓိဟု ဖွင့်ပြတော်မူလေသည်၊ ၎င်းအဖွင့်သည် "ပဒဋ္ဌာနံ ပနေတ္ထ အညဓမ္မတာယ န ဥဒ္ဓဋံ"ဟူသော မဟာဋီကာ(၁၊၄၄၉)နှင့် ညီသောကြောင့် သင့်မြတ်ပါပေ၏။ .... ယင်းပဋ္ဌာန်သည် နာမ်, ရုပ်ပင်ဖြစ်သော်လည်း တိုက်ရိုက်သိမှတ်သင့်သော နာမ်, ရုပ်မှ တစ်ပါးတခြား အလွတ်တရားသာ ဖြစ်သောကြောင့်တည်း၊ အကယ်၍ ပဒဋ္ဌာန်အလိုအားဖြင့် ရှုနေပါလျှင် ပထဝီရုပ်ထင်ရှားခိုက်၌ ယင်းကို မရှုသေးဘဲ ကြွင်းသော ဓာတ် ၃-ပါးကို ရှေးဦးစွာ ရှုရလိမ့်မည်။ .... ထိုသို့ ရှုနေလျှင် အကြောင်းတရားတို့ကိုလဲ သိနေသောကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်သာ ဖြစ်လေရာ၏၊ နာမရူပပရိဂ္ဂဟဉာဏ် မဟုတ်ပြီ၊ သို့ဖြစ်၍ နာမရူပပရိစ္ဆေဒအရာ၌ ပဒဋ္ဌာန်အလိုအားဖြင့် ရှုပုံကိုမပြသော ဋီကာကျော်သည် ပြခဲ့သော မဟာဋီကာနှင့် တထပ်တည်း ညီညွတ်၍ သင့်မြတ်ပါပေ၏"။[၁]

၁။ ဝိပဿနာရှုနည်းကျမ်း၊ ၁။ ၂၈၆-၇။)

ဤသို့ ပဒဋ္ဌာန်ကို ဖွင့်မပြသော ဋီကာကျော်ဆရာ၏ အယူအဆ သင့်မြတ်ကြောင်းကို မဟာစည်ဆရာတော် သုံးသပ်တော်မူသည်။ ယင်း သို့ဖြစ်လျှင် "ပဒဋ္ဌာန်အားဖြင့် နာမ်, ရုပ်ကို သိမ်းဆည်းရမည်"ဟု ဆိုသော သင်္ဂြိုဟ်ဆရာ၏ စကားသည် အမှားသာတည်း ဟု မှတ်ယူရမည်လော? ဤသို့ မေးမြန်းဖွယ်ရှိလေသည်။ ဤစာတမ်းရေးသူအလိုအားဖြင့် "မမှားပါ" ဟူ၍ ဖြေဆိုရပေမည်၊ အဘယ်ကြောင့်ဆိုသော် သမထ, ဝိပဿနာ ကမ္မဋ္ဌာန်းအကြောင်းကို အပြည့်အစုံ ပြဆိုသော ဝိသုဒ္ဓိမဂ်ကျမ်း၏ ဒိဋ္ဌိ- ဝိသုဒ္ဓိနိဒ္ဒေသ (၂။၂၂၂) ၌ -

> "တံ သမ္မာဒေတုကာမေန သမထယာနိကေန တာဝ ....ဝိတက္ကာဒီနိ ဈာနင်္ဂါနိ, တံသမ္ပယုတ္တာ စ ဓမ္မာ လက္ခဏရသာဒိဝသေန ပရိဂ္ဂဟေတဗ္ဗာ"

ဟူ၍ မိန့်ဆိုထားသည်၊ ယင်း၏ နိဿယ,မြန်မာပြန်တို့၌ "လက္ခဏရသာဒိ" ကို "လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်"ဟု အနက်မြန်မာပြန်ဆိုထားကြ သည်။ မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်း (အသစ်)၌ လည်း "လက္ခဏရသာဒိ"၌ အာဒိ-အရ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်ကို ယူရ မည်ဟု အောက်ခြေမှတ်ချက်၌ ပြဆိုထားပေသည်။

ဤ၌ အကယ်၍သာ ပဒဋ္ဌာန်ကို မယူသင့်လျှင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာသည် "လက္ခဏရသာဒိဝသေန" ဟု သာမညအားဖြင့် မဆိုမူ၍ ယူသင့်သည်တို့ကို အတိအကျ ပြဆိုရမည်သာ ဖြစ်သည်၊ ဤသို့ အတိ အကျ မပြဆိုဘဲ သာမညသာ ဆိုထားသောကြောင့် "သာမညဝစနံ သဗ္ဗ- သာဓာရဏံ"ဟူသော ပရိဘာသာနှင့်အညီ "လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်" ၄-ပါးလုံးကိုပင် ယူသင့်ကြောင်း ထင်ရှားပေသည်၊ ထို့ကြောင့် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည် ပြဆိုအပ်ခဲ့ပြီးသော သုတ်မဟာဝါအဋ္ဌကထာနှင့် သံယုတ်အဋ္ဌကထာတို့၌ "လက္ခဏရသပစ္စု- ပဋ္ဌာနပဒဋ္ဌာနဝသေန"ဟု အတိအကျ မိန့်ဆိုထားပေသည်၊ ဋီကာဆရာ

အရှင်ဓမ္မပါလကလည်း ၄-ပုဒ်လုံးကိုပင် ဖွင့်ပြထားလေသည်။ ဤနေရာ၌ ဒိဋ္ဌိဝိသုဒ္ဓိမဖြစ်နိုင်ပါ ဟု ငြင်းဆိုရန်လည်း မသင့်ချေ။ ကင်္ခါဝိတရဏ-ဝိသုဒ္ဓိ၌ ပစ္စယပရိဂ္ဂဟ = အကြောင်းကို သိမ်းဆည်းခြင်း မှန်သော်လည်း ယင်း၌ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဖဿ, နာမ်ရုပ် စသော ဝေးသော အကြောင်းကို သိမ်းဆည်း၍ ဤနာမရူပပရိဂ္ဂဟဒိဋ္ဌိဝိသုဒ္ဓိ၌ နီးသော အကြောင်းအားဖြင့် နာမ် ရုပ်ကို သိမ်းဆည်းခြင်း ဟု ယူလျှင် သင့်လျော်နိုင်ပေသည်။ ထို့ကြောင့် မဟာစည်ဆရာတော်က -

> "သင်္ဂဟကျမ်း၌ ပဒဋ္ဌာန်ကို ထည့်၍ပြခြင်းကား ပစ္စယ-ပရိဂ္ဂဟသို့ ရောက်ခါနီးဖြစ်သော ဒိဋ္ဌိဝိသုဒ္ဓိ၏ အဆုံး၌ ပဒဋ္ဌာန်အလိုအားဖြင့် ထင်ခြင်း, ရှုခြင်းလဲ ဖြစ်နိုင်သော ကြောင့် ပြဆိုခြင်း ဖြစ်တန်ရာ၏"

ဟူ၍ ဝိပဿနာရှုနည်းကျမ်း (၁။၂၈၇)၌ မိန့်ဆိုထားလေသည်။

## ပဒဋ္ဌာန်ကို မရှုသင့် ဝါဒ

ဤသို့ အဋ္ဌကထာနှင့် ဋီကာကြီးတို့၌ "လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် နာမ်ရုပ်ကို သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏"ဟု အတိအကျ ပြဆိုထားသော်လည်း "ပဒဋ္ဌာန်ဖြင့် မရှုသင့်"ဟူသောဝါဒ ပေါ်ပေါက်ခဲ့ဖူးသည်၊ ယင်းကား သံလျင်တောရ ဓမ္မဝါဒီအမည်ခံ အရှင်တိလောကဉာဏ ပီကေဆရာတော်၏ အယူဝါဒဖြစ်သည်။

အရှင်တိလောကဉာဏ ပီကေဆရာတော်က သူ၏ "အရိယာဘုံသွားဉာဏ်လှေခါးကျမ်း" (၇၄၄)၌ ဤသို့ ရေးသားထားသည်။

> "ဝိသုဒ္ဓိမဂ်ဆရာက ဒိဋ္ဌိဝိသုဒ္ဓိဆိုင်ရာ နာမရူပပရိစ္ဆေဒဉာဏ်အတွက် ပြရာတွင်" လက္ခဏာရသာဒိဝသေန"ဟု ဆိုချက်ကို သင်္ဂြိုဟ်ဆရာက "လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာန-

ဝသေန”ဟု ဖော်ပြလိုက်ရာ ပဒဋ္ဌာနပုဒ်တစ်ခု လက်လွှန်သွားသည်ကို သတိပြု မှတ်ရာ၏။

လွှန်ပုံကား- ပဒဋ္ဌာန်အရသည် နာမ်ရုပ်တို့၏အကြောင်းကို ဖော်ပြသော အချက်တစ်ချက်ဖြစ်၍ ကင်္ခါဝိတရဏ-ဝိသုဒ္ဓိဆိုင်ရာ ပစ္စယပရိဂ္ဂဟဉာဏ်နှင့်သာ ပတ်သက်နေသဖြင့် ၎င်းအရာမှာသာ ပြသင့်ပေသည်၊ နာမရူပပရိစ္ဆေဒဉာဏ်၏ အရာမှာကား လက္ခဏရသပစ္စုပဋ္ဌာန ၃မျိုးနှင့်သာ ဆိုင်၍ ယင်း ၃-မျိုးကိုသာ ပြသင့်ပါလျက် သဂြိုဟ်ဆရာက နှုတ်လိုက်သောအနေဖြင့် “ပဒဋ္ဌာန”ပုဒ်ကို အပိုထည့်၍ ပြမိတန်ရာ၏။ တနည်းဆိုသော် သဂြိုဟ်ဆရာသည် ပရိယတ္တိရေပုဂ္ဂိုလ်မျိုးဖြစ်၍ ပဋိပတ္တိအရေးမှာ ဉာဏ်မကျက်စားမိသဖြင့် အမှတ်မဲ့ ထည့်လိုက်မိဟန်တူပေသည်”။

ဖော်ပြပြီး အရှင်တိလောကဉာဏ ပီကေ၏ အယူဝါဒကို သူ၏တပည့်များကလည်း ထောက်ခံရေးသားကြသည်၊ ဓမ္မာစရိယ ဦးစိန်ခိုက မိုးကြိုးသတင်းစာ (နေ့စွဲ - ၁၈၊ ၆၊ ၆၃)ထုတ် “မဟာစည် မြန်မာပြန် ပစ္စုပဋ္ဌာန်နဲ့ ပဒဋ္ဌာန်” ဆောင်းပါးအမှတ် ၂၃-၌ ဤသို့ ရေးသားထားသည်။

ဝိသုဒ္ဓိမဂ် ဒုတိယတွဲ (၂၂၂) ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ နာမ-ရူပပရိဂ္ဂဟကထာ (၆၆၃-အပိုဒ်)၌ သမထယာနိကအတွက် နာမ်ကို စ၍ ရှုခဏ်းတွင် “လက္ခဏရသာဒိဝသေန ပရိ-ဂ္ဂဟေတဗ္ဗာ”ပါဌ်၌ ကျွန်တော်စိန်ခိုက ၁၅-၆-၆၃ နေ့စွဲ ဆောင်းပါး ၂၁-တွင် အကျယ်ပြခဲ့သည့်အတိုင်း မောဟကဲ့သို့ ဝိတက်စသော ဈာန် နာမ်တရားတွေနှင့် ထိုတရားတို့နှင့် ယှဉ်ဘက် နာမ်တရားတွေကို စရှုရမည့် အခဏ်းဖြစ်နေသောကြောင့် “လက္ခဏရသာဒိ”၌ ပါသော လက္ခဏ, ရသစသည်ဆိုသော စကားဝယ် ယင်းနာမ်ဝိတက်စသည်တို့ရဲ့

လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ၃-မျိုးစလုံးကို ရှုနိုင်သည့် အတွက် လက္ခဏာရသအပြင် ပစ္စုပဋ္ဌာန်တစ်ခု ထပ်တိုးစေလိုသည်၊ မဟာစည်ဆရာတော်ကမူ "အာဒိ-စသည် ဟူသော စကား"အရ ပစ္စုပဋ္ဌာန်ကလေးတစ်ခုမျှ ယူရန် သံသယမကင်းဟု မိန့်တော်မူသည်၊ ထို့ကြောင့် နာမရူပ-ပရိစ္ဆေဒနှင့် မဆိုင်သော ပဒဋ္ဌာန်ကိုပါ ထည့်ပြီး ၄-မျိုးစလုံး အကုန်ယူဟု ဆိုသည်"။

## ပဒဋ္ဌာန် ဖြတ်ထုံး

ဤသို့ စသည်ဖြင့် အရှင်တိလောကဉာဏ ပီကေ၏ တပည့်များက ပဒဋ္ဌာန်မပါသင့်ကြောင်း မိုးကြိုးသတင်းစာတွင် ဆောင်းပါးပေါင်းများစွာ ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပေသည်၊ မိုးကြိုးသတင်းစာပါ ဆောင်းပါးများနှင့် အရိယာဘုံသွား ဉာဏ်လေ့ခါးကျမ်း၊ မြေရေလေမီး စာအုပ်ပါ အယူဝါဒတို့ကို တုန့်ပြန်ကာ ရန်ကုန်မြို့ ရှစ်မိုင် ဘာဝနာနု-ယောဂါရာမကျောင်းတိုက် ပိဋကတ္တယပါရဂူ ဓမ္မာစရိယဆရာတော် အရှင်ဉာဏဗလက ပဒဋ္ဌာန်ဖြင့် ရှုသင့်ကြောင်းကို မဟာစည်ဆရာတော်အား ထောက်ခံသည့်အနေဖြင့် "ပဒဋ္ဌာန် ဖြတ်ထုံးကျမ်း"ခေါ် ကျမ်းတစ်စောင်ကို ရေးသားပြုစုသည်၊ ယင်းသို့ ရေးသားရခြင်းအကြောင်းကို အရှင်ဉာဏဗလက ထိုကျမ်းနိဒါန်း၌ ဤသို့ ဖော်ပြထားလေသည်။

"ကျမ်းဂန်နှင့် မညီသော အယူအမှားတို့ကို ပယ်ရှား၍ ပဒဋ္ဌာန်စသည်နှင့် စပ်သော အချက်တို့ကို ဟုတ်တိုင်းမှန်စွာ သိရှိကြရန် ဗုဒ္ဓဘုရားရှင်၏ သာသနာတော်ကြီး ကြာမြင့်စွာ တည်တံ့ရန် ရည်မှန်းလျက် ပါဠိ,အဋ္ဌကထာ,ဋီကာတို့ကို မှီငြမ်းပြုကာ ရှေးခေတ်, ခုပေါ် ဆရာတော်တို့၏ ဝါဒမှန်တို့ကို လေးစားဖော်ပြလျက် ပဒဋ္ဌာနဝိနိစ္ဆယမည်သော ဤ ပဒဋ္ဌာန်ဖြတ်ထုံးကျမ်းကို ရေးသားရခြင်း ဖြစ်ပါသတည်း"။

# အာသီသ

မိမိသည် ပညာရှင်များ ဆင်ခြင်သုံးသပ် ဆုံးဖြတ်ကြရန် ရည်သန်ရေးသားအပ်သည့် "ရှင်တော်ဗုဒ္ဓ၏ သီဟနာဒ ဓမ္မတစ်ဆူ"မည်သော ဤဆောင်းပါးစာတမ်းဖြင့် အရှင်အနုရုဒ္ဓါဆရာ၏ "လက္ခဏာရသပစ္စုပဋ္ဌာန-ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ"ဟူသော စကားသည် အဋ္ဌကထာ, ဋီကာကြီးတို့နှင့် ညီညွတ်သည့်အပြင် သဘာဝယုတ္တိ ရသဖြင့် မှန်ကန်လှပါကြောင်း ထောက်ခံလျက် အဘိဓမ္မတ္ထသင်္ဂဟကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါအား လေးမြတ်ကော်ရော် ပူဇော်ရပေသည်။

ထို့ပြင်လည်း စစ်ကိုင်းတောင်ရိုး ဝေဠုယန္တာကျောင်းတိုက် ရွှေရတုသဘင် ဆင်ယင်ကျင်းပကြသော ပြည်တွင်း, ပြည်ပ ဗုဒ္ဓမြတ်စွာ သာသနာပြု ဝေဠုယန္တာ ညီ, နောင်ဆရာတော်တို့အား ဤဆောင်းပါးစာတမ်းဖြင့် ကူညီအားပေးကာ အလေးအမြတ်ပြုအပ်ပါသည်၊ ဆရာတော်များ သက်ရှည်, ကျန်းမာ ချမ်းသာစွာဖြင့် အစွန့်ရှည်စွာ သာသနာအမှု ပြုနိုင်ပါစေသတည်း။

အရှင်အဂ္ဂဉာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး
၁၃၇၀-ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၁-ရက် (၁၀-၉-၂၀၀၈)

# ပရိယတ် နှင့် ပဋိပတ်

## ဗုဒ္ဓုပ္ပါဒ ခေတ်ကာလ

လူ့ပြည်လောကအတွင်း၌ အတုမရှိသည့် မုနိမြတ်စွာ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားတစ်ဆူ ပွင့်ပေါ်တော်မူလာဖို့အရေးကား မကြုံတွေ့နိုင် လောက်အောင်ပင် ဖင့်နေးကြန့်ကြာ အလွန်ပင်ဝေးကွာလှဘိသည်။

ဒီပင်္ကရာမြတ်စွာဘုရားအထံတော်၌ သုမေဓာရှင်ရသေ့ နိယတ ဗျာဒိတ်ပန်း ဆင်မြန်းရာအခါမှ သဗ္ဗညုဘုရားတစ်ဆူ ဖြစ်တော်မူရာ ဤဘဒ္ဒကမ္ဘာတိုင်အောင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း နှစ်ကျိပ်လေးဆူမျှသော ဘုရားရှင်တို့သာ ပွင့်ပေါ်တော်မူကြသည်၊ ဤသည်ကို ထောက်ရှုက ဘုရားပွင့်ရာ ဗုဒ္ဓုပ္ပါဒကာလ၏ တွေ့ကြုံရန် ခဲယဉ်း လှကြောင်း ထင်ရှားပေသည်။

ဘုရားတစ်ဆူ ပွင့်တော်မူလာလျှင်လည်း ထိုဘုရားရှင်၏ အဆုံးအမ သာသနာကြာမြင့်စွာ တည်ရှိရေးသည် ဝေနေယျသတ္တဝါတို့အဖို့ အလွန် ပင် အရေးကြီးလှပေသည်။

လွန်ခဲ့ပြီး ၃၁-ကမ္ဘာမြောက်မှစ၍ ဤကမ္ဘာတိုင်အောင် ပွင့်ပေါ် တော်မူခဲ့ကြသော ဘုရားရှင် ၆-ဆူတို့တွင် ဝိပဿီ, သိခီ, ဝေဿဘူ ဟူသော ဘုရားရှင် ၃-ဆူတို့၏ သာသနာသည် ကြာရှည်စွာ မတည်ဘဲ ကကုသန္ဓ, ကောဏာဂမန, ကဿပ-ဟူသော ဘုရားရှင် ၃-ဆူတို့၏ သာသနာသည် ကြာရှည်စွာ တည်တွန်းခဲ့သည်။

ရှေးဘုရားရှင် ၃ ဆူတို့သည် လူတို့အသက် ၈-သောင်း,၇-သောင်း, ၆-သောင်းတမ်းတို့၌ အစဉ်အတိုင်း ပွင့်တော်မူကြ၍ တရားတော်ကို အကျဉ်းမျှသာ ဟောပြတော်မူကြသည်၊ နောက်ဘုရားရှင် ၃-ဆူတို့ကား လူတို့အသက် ၄-သောင်း, ၃-သောင်း, ၂-သောင်းတမ်းတို့၌ ပွင့်တော်မူကြ၍ တရားတော်ကို အကျယ်ဝေဖန် ဟောပြတော်မူသည်၊ ထို့ကြောင့် သက်တမ်းရှည်သောကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့၏ သာသနာသည် ကြာရှည်စွာ မတည်ဘဲ သက်တမ်းတိုသောကာလ၌ ပွင့်တော်မူကြသော ဘုရားရှင်တို့၏ သာသနာသည် ကြာရှည်စွာ တည်ထွန်းပေသည်။

ဂေါတမဘုရားရှင်သည်ကား အလွန်သက်တမ်းတိုသောကာလ၌ ပွင့်တော်မူရသောကြောင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်ကျယ်ပြန့်အောင် တရားတော်ကို ဟောပြတော်မူရသည်၊ ထို့ကြောင့် ဂေါတမဘုရားရှင်၏ သာသနာတော်သည် နှစ်အရေအတွက်အားဖြင့် မများလှသော်လည်း လူတို့၏အစဉ်အဆက် အသက်တမ်းပမာဏ (ပုရိသယုဂ)အားဖြင့် များပြားရှည်မြင့်စွာ တည်ထွန်းပေသည်။

## သာသနာနှစ် ငါးထောင်

ဂေါတမဘုရားရှင်၏ သာသနာတည်ထွန်းရာကာလကို အနှစ်ငါးထောင် ဟူ၍ ရှင်, လူအများ သိရှိနေကြသည်၊ ယင်းသို့ သိရှိနေခြင်းကား အဋ္ဌကထာဆရာများ၏ ထိုထိုကျမ်းတို့၌ မိန့်ဆိုထားသောစကားအရ အပြောအဆိုများသောကြောင့်ပင်ဖြစ်သည်။ ဘုရားရှင်ကိုယ်တိုင်ကမူ “ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ = သဒ္ဓမ္မသုံးဖြာ သာသနာသည် အနှစ်တစ်ထောင် တည်နိုင်ရာ၏” (ဝိ၊၄။၄၄၆) ဟုသာ ဟောတော်မူသည်၊ ဤစကားတော်သည် သာသနာဝင်ပုဂ္ဂိုလ်တို့ ဂုဏ်အင်္ဂါ အရည်အချင်း အပြည့်အစုံ တည်ရှိရာကာလကို ရည်ညွှန်း၍ ဟောထားသောစကားဖြစ်ကြောင်း ကျမ်းဂန်တတ်ဆရာတော်တို့က မိန့်ဆိုတော်မူကြသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကလည်း "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ = ရဟန်းတော်များ ကောင်းစွာ ကျင့်သုံးနေထိုင်ကြပါမူ လူ့ပြည်လောကသည် ရဟန္တာများ မဆိတ်သုဉ်းနိုင်ရာ" (ဒီ၊၂။၁၂၅) ဟု ဟောတော်မူပြန်သည်၊ ဤစကားတော်အရဆိုလျှင် သာသနာတော်သည် နှစ်အပိုင်းအခြားမရှိ တည်တွန်းနိုင်ကြောင်း သိသာသည်။ ထို့ကြောင့် သာသနာ ကြာရှည်စွာ တည်တံ့ရေး၌ ဘုရားရှင့်တပည့်သား သာဝကတို့သာ လိုရင်းပဓာနဖြစ်ကြောင်း ထင်ရှားလေသည်။

## သာသနာ၏ အရင်းမူလ

ဘုရားရှင်တို့ တည်ထားတော်မူအပ်သော သာသနာသုံးရပ်တွင် သင်ယူပို့ချအပ်သော စာပေကျမ်းဂန် ပိဋကစမ္ဘက္ခန်ကို ပရိယတ္တိဟု ခေါ်၍ ကျင့်ကြံပွားများအားထုတ်အပ်သော သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ပဋိပတ္တိဟု ခေါ်ဆိုသည်၊ ယင်းပဋိပတ်ဖြင့် ထိုးထွင်းသိအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို ပဋိဝေဓသာသနာဟူ၍ ခေါ်ဆိုရလေသည်။

သာသနာသုံးရပ်တွင် ပဋိဝေဓသည်သာ လိုရင်းပဓာန အနှစ်သာရဖြစ်သည်၊ ကျန် ၂-ပါးတို့ကား ပဋိဝေဓအနှစ်သာရကို ရရှိရေးအတွက် အခြေခံမူလ အကြောင်းရင်းမျှသာဖြစ်သည်။ ယင်းတို့တွင်လည်း "ပရိယတ္တိသည် အရင်းမူလလော? သို့မဟုတ် ပဋိပတ္တိသည် အရင်းမူလလော?" ဟူသော ပြဿနာသည် စတုတ္ထသံဂါယနာမတင်မီကပင် ပေါ်ပေါက်ခဲ့သည်။

ဤ၌ ပံသုကူဓုတင်ဆောင် သာသနာ့ထိပ်ခေါင်တင် မထေရ်မြတ်တို့က — "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ"ဟူသော ပါဠိတော်ကို အကိုးပြု၍

ပဋိပတ္တိသည်သာ သာသနာတော်၏ အရင်းမူလဟု ဦးစွာပဌမ တင်ပြ တော်မူကြသည်။ ပရိယတ္တိဝန်ဆောင် စာချဓမ္မကထိက မထေရ်မြတ် တို့ကမူ –

"သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိ။"

စသော ပါဠိမုတ္တက ပကိဏ္ဏကဒေသနာ မဟာအဋ္ဌကထာပါဠ်ကို ကိုးကား ၍ ပရိယတ္တိသည်သာ သာသနာတော်၏ အရင်းမူလဖြစ်ကြောင်း တုံ့ပြန် တင်ပြတော်မူကြသည်။ အစည်းအဝေးသို့ ကြွလာကြသော ပရိယတ္တိ- ဝိသာရဒ သာသနာ့ထိပ်ခေါင်တင် မထေရ်မြတ်အားလုံးက "ပရိယတ္တိသည် သာသနာတော်၏ အရင်းမူလဖြစ်သည်"ဟု တညီတညွတ်တည်း ဆုံးဖြတ် တော်မူကြသည်။

## ပိဋကတ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

ဘုရားဟောဖော် ပိဋကတ်တော်သည် "အာနန္ဒာ! ငါဘုရား ဟော ကြား ပညတ်အပ်သော ဓမ္မနှင့် ဝိနယသည် ငါဘုရား လွန်တော်မူသော အခါ သင်တို့၏ ဆရာဘုရားဖြစ်လိမ့်မည်"ဟူသော နောက်ဆုံးအမှာတော် (ဒီ၊၂။၁၂၆-၇)အရ မြတ်စွာဘုရား၏ ကိုယ်တော်စား ဘုရားများပင် ဖြစ် သည်၊ ထို့ကြောင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သည် ဘုရား ပေါင်း ရှစ်သောင်းလေးထောင်ဖြစ်၍ ဓမ္မက္ခန္ဓာတစ်ဆူ ကွယ်ပျောက်သွား လျှင်လည်း ဘုရားတစ်ဆူ ပရိနိဗ္ဗာန်ဝင်တော်မူသည် မည်ပေ၏။ ဓမ္မ- က္ခန္ဓာများ မကွယ်ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းကား သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ လုပ်ငန်းတာဝန်သာ ဖြစ်ပေသည်။

သာသနာတော်နှစ် ၄၀၀-ကျော်တွင် သီရိလင်္ကာ (သီဟိုဠ်ကျွန်း)၌ ဗြာဟ္မဏတိဿ (စဏ္ဍာလတိဿ) သူပုန်ကြီး ပေါ်ပေါက်လာ၍ ဝတ်မွတ်

ခေါင်းပါးခြင်း (ဒုဗ္ဘိက္ခ)ဘေး ဆိုက်ရောက်လာသည်။ ပိဋကသုံးပုံကို နှုတ်ငုံဆောင်ကာ ထိန်းသိမ်းစောင့်ရှောက်နေကြသော ရဟန်းတော်များ ဆွမ်းအာဟာရ မမျှတကြတော့ပေ၊ ထို့ကြောင့် အချို့ရဟန်းတော်မထေရ်မြတ်များ ဇမ္ဗူဒီပ (ဣန္ဒိယ) သို့ ကူးသွားတော်မူကြ၍ အချို့ရဟန်းတော်များမထေရ်မြတ်များသည် ရသမျှသော သစ်ဥ သစ်ဖု, သစ်သီး, သစ်ရွက်တို့ဖြင့် မျှတကာ သီရိလင်္ကာ၌ပင် ပိဋကတ်တော်ကို မမေ့ပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြသည်။

သူပုန်ဘေးကြီး ငြိမ်းအေးသောအခါ ဇမ္ဗူဒီပမှ ပြန်ကြွလာသော မထေရ်မြတ်များနှင့် သီရိလင်္ကာနေ မထေရ်မြတ်များ ကလ္လဂါမဇနပုဒ်မဏ္ဍလာရာမကျောင်းတိုက်၌ တွေ့ဆုံကြကာ နှုတ်ငုံဆောင်ထားသော ပိဋကသုံးပုံကို တိုက်ဆိုင်စိစစ်တော်မူကြသည်၊ အက္ခရာတစ်လုံး, တစ်ပါဒ, တစ်ဝါကျမျှ ကွဲလွဲနေသည်ကို မတွေ့ရှိရဘဲ တစ်သားတည်း ညီညွတ်နေသည်ကိုသာ တွေ့ရှိကြလေသည်။

## ကွယ်ပျောက်လုနီး ပါဠိတော်ကျမ်းကြီး

ပြဆိုခဲ့ပြီး ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ဆိုက်ရောက်စဉ်ကပင် အရှင်သာရိပုတြာမထေရ်မြတ် ဟောကြားအပ်သော မဟာနိဒ္ဒေသပါဠိတော်ကို နှုတ်တက်အာဂုံဆောင်ထားသူ ရဟန်းတစ်ပါးသာလျှင် ရှိတော့သည်။ ထိုရဟန်း ပျံလွန်လျှင် ထိုပါဠိတော်ကြီး ဧကန် ကွယ်ပျောက်ပေတော့မည်၊ ဤသို့သော အရေးကို သိမြင်တော်မူသော မဟာတိပိဋကမထေရ်မြတ်က မဟာရက္ခိတမထေရ်အား "ငါ့ရှင် ! ထိုရဟန်းအထံ၌ မဟာနိဒ္ဒေသကျမ်းကို သင်ယူပါ"ဟု တိုက်တွန်းတော်မူသည်၊ "ထိုရဟန်းအလဇ္ဇီဖြစ်ဟန်ရှိသည်၊ မသင်ကြားလိုပါ"ဟု မဟာရက္ခိတမထေရ်က ငြင်းဆန်နေရာ "အခြားသူများ မဆောင်မရွက် အစွန်း၌တည်၍ ကွယ်ပျောက်လုသောကျမ်း ဖြစ်သည်၊ ငါတို့လည်း စောင့်ရှောက်ပါမည်" ဟု မဟာ-

တိပိဋကမထေရ်က တိုက်တွန်းနှိုးဆော်ကာ သင်ယူစေသည်၊ ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်ကျမ်းကြီးသည် ယနေ့တိုင်အောင် သာသနာတော်တွင်း၌ ထွန်းလင်းတည်ရှိနေလေသည်။ (ဝိ၊ဋ္ဌ၊၂။၂၇၄။ ဝိ၊သင်္ဂဟ။၆၉။)

## ပိဋကတ်တော်ကို ပို့ချသင်ယူခြင်း

သီရိလင်္ကာ၌ သာသနာတော်နှစ် ၄၅၀-တွင် ပိဋကတ်တော်များကို ပေရွက်ပေါ်တွင် အက္ခရာတင်ကာ ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသည်။ ထိုအခါမှစ၍ သာသနာကွယ်ပျောက်မည့်အရေးကို လွန်စွာမစိုးရိမ်ရတော့ပေ။ ပိဋကတ်တော်များကို ပုံနှိပ်စက်များဖြင့် ရိုက်နှိပ်ထားသည့် အပြင် ကွန်ပျူတာစက်များ ထွန်းကားလာသော ယခုခေတ်အခါ၌မူ သာ၍ပင် စိုးရိမ်ဖွယ်မရှိတော့ချေ။ သို့သော်လည်း ပိဋကတ်တော်၏ အနက်အဓိပ္ပါယ်ကို ဘုရားရှင်အလိုတော်ကျ သိရှိရန်ကား အရေးကြီးလှသည်။ ပိဋကတ်တော်၏ အနက်အဓိပ္ပါယ်ကို တစ်မျိုးတစ်မည် ကြံစည်ယူဆကာ အယူဝါဒ လွဲမှားသွားသော ပုဂ္ဂိုလ်များလည်း ပေါ်ပေါက်ခဲ့လေပြီ။ အယူဝါဒလွဲမှား၍ အငြင်းအခုံဖြစ်ပွားသော ဓမ္မ, အဓမ္မ ဝိဝါဒမှုခင်းများကို ယခုအခါ အကြိမ်များစွာ ဆုံးဖြတ်နေရသည်။ ထို့ပြင် အက္ခရာ, ပုဒ်ပါဌ် ချွတ်ယွင်းနေသော ပါဠိတော်ကို ပို့ချသင်ယူခြင်းသည် သာသနာကွယ်ကြောင်း တစ်ပါးဟု ဘုရားရှင် ဟောတော်မူသည်။ ထို့ကြောင့် အက္ခရာ, ပုဒ်ပါဌ် မှန်ကန်သော ပါဠိတော်၏ အနက်အဓိပ္ပါယ်မှန်ကို ပို့ချသင်ယူနိုင်ဖို့ အရေးကြီးလှပေသည်။

ပါဠိတော်ကိုသင်ယူရာ၌ သင်ယူပုံ, သင်ယူနည်း ၃-မျိုး ရှိလေသည်။ ယင်းတို့ကား -

(၁) မြွေဖမ်းခြင်းနှင့်တူသော သင်ယူနည်း,

(၂) ဝဋ္ဋဒုက္ခမှ လွတ်မြောက်ခြင်းငှါ သင်ယူနည်း,

(၃) ဘဏ္ဍာစိုးနှင့်တူသော ရဟန္တာပုဂ္ဂိုလ်၏ သင်ယူနည်းတို့ ဖြစ်သည်။

ယင်းတို့တွင် အမှတ် (၂)(၃) သင်ယူနည်းတို့၌ အပြစ်အနာ တစ်စုံ တစ်ရာ မရှိပေ။ အမှတ် (၁) သင်ယူနည်း၌မူ အပြစ်ရှိ, မရှိ ၂-မျိုးကွဲပြား သည်။

ပုထုဇဉ်များ လာဘသက္ကာရသိလော စသော လောကီအကျိုး တစ် မျိုးမျိုးကို မျှော်ကိုးသင်ယူလျှင် အပြစ်ရှိ၍ သံသရာဝဋ်၌ နစ်မြုပ်ရပေ မည်၊ ဝဋ်ဒုက္ခမှ လွတ်မြောက်ဖို့အရေး မျှော်တွေးသင်ယူလျှင် အပြစ်ကင်း စင်၍ လောကုတ္တရာချမ်းသာသုခ ရရှိနိုင်ပေသည်။ စာမေးပွဲမပါလျှင် မပြီး နိုင်သည့် ယခုခေတ်အခါ၌ အပြစ်ကင်းသော စာသင်နည်းအစစ် ဖြစ်ဖို့ ရန် မလွယ်ကူလှပေ။ သို့သော်လည်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို ပညာဉာဏ်ဖြင့် ပစ္စဝေက္ခဏာဆင်ခြင်ကာ သုံးဆောင် လျှင် အပြစ်ကင်းကွာ ချမ်းသာသုခ ရရှိနိုင်သကဲ့သို့ နောင်အခါ သာသနာ့ ဝန် အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်ရေး မျှော်တွေးသင်ယူလျှင် အပြစ် ကင်းစင်နိုင်ပေသည်။ ဤအကြောင်းကို ကောင်းစွာဆင်ခြင်တော်မူကာ သာသနာ့ထိပ်ခေါင် ဆရာတော်ဘုရားများ ပရိယတ္တိစာသင်တိုက်များကို တည်ထောင်ဖန်ဆင်းတော်မူခဲ့ကြလေသည်။

## စာသင်တိုက်နှင့် ပဋိပတ်

ပရိယတ်နှင့် ပဋိပတ်သည် အချင်းချင်းကင်းကွာ၍ မဖြစ်နိုင်ချေ။ ပရိယတ်ကင်းသော ပဋိပတ်သည် နည်းမှန်လမ်းမှန် မဖြစ်နိုင်သကဲ့သို့ ပဋိပတ်ကင်းသော ပရိယတ်သည်လည်း အပြစ်ကင်းကွာ သာသနာတည် ကြောင်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ပရိယတ္တိစာသင်တိုက် တည်ထောင် တော်မူကြသော ဆရာတော်များသည် ကျောင်းတိုက်စည်းကမ်း, စာသင် စည်းကမ်းများကို ပြဋ္ဌာန်းကာ အရာရာ၌ အပြစ်ကင်းအောင် ဆောင်ရွက် တော်မူကြသည်။ ယနေ့အထိ မြန်မာပြည်သာသနာ တည်တံ့ခိုင်မြဲနေ သည်မှာ ပရိယတ္တိစာသင်တိုက်များကြောင့်ဟု ဆိုက မလွဲနိုင်ပါပေ။ ထို့

ကြောင့် နိုင်ငံတော်အစိုးရမင်းများနှင့်တကွ နိုင်ငံသူ, နိုင်ငံသား ဒကာ, ဒကာမ အများတို့က ပရိယတ္တိစာသင်တိုက်များကို အားပါးတရ အားပေး ချီးမြှောက်ထောက်ပံ့နေကြပေသည်။

ပရိယတ်နှင့် ပဋိပတ်သည် မကင်းကွာနိုင်ဟုဆိုသော် ယင်းနှစ်ပါး တွင် မည်သည်က သာလွန်အကျိုးများ၍ ဘုရားအလိုတော်ကျ ဖြစ်ပါ သနည်း? ဟု မေးမြန်းဖွယ်ရှိပေသည်။ ပဋိပတ်သည် မိမိတစ်ဦးတည်း အတွက် အကျိုးများစွာထွက်သော်လည်း သာသနာအရှည်တည်တံ့ရေး၌ မူ ပရိယတ္တိအားထုတ်မှုလောက် အကျိုးမများနိုင်ချေ။ ပရိယတ္တိအားထုတ် မှုကား မိမိ, သူတစ်ပါး အကျိုးများစွာ ရနိုင်သည့်အပြင် သာသနာအရှည် တည်တံ့ကြောင်းအစစ် အမှန်ပင်ဖြစ်ပေသည်။ မြတ်စွာဘုရား၏ အလို တော်ကျမှု, မကျမှုမှာ အရာဌာနအလိုက် ဖြစ်နိုင်လေသည်။

## သူငယ်ချင်းရဟန်း နှစ်ပါး

မြတ်စွာဘုရားလက်ထက်တော်က သာဝတ္ထိပြည်သား အမျိုးသား နှစ်ယောက် သာသနာအတွင်းသို့ ဝင်ရောက်လာကြသည်၊ သူငယ်ချင်း ဖြစ်သော ထိုရဟန်းနှစ်ပါးတွင် တစ်ပါးက ဂန္ထဓုရ = စာပေကျမ်းဂန် သင်အံပို့ချမှုတာဝန်ကို ထမ်းဆောင်ကာ မြို့ရွာအနီး ကျောင်းများ၌ နေထိုင် သည်။ တစ်ပါးကမူ ဝိပဿနာဓုရ = ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွားများမှု တာဝန်ကို ထမ်းဆောင်ကာ တောကျောင်းများ၌ နေထိုင်သည်။

တောကျောင်းနေရဟန်း ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ပြီးနောက် ဂန္ထ-ဓုရတာဝန်ဆောင် ပုထုဇဉ်ရဟန်းနှင့် တွေ့ဆုံကြရာ မြတ်စွာဘုရားက-

> “ရဟန်းတို့ ! ဂန္ထဓုရတာဝန်ဆောင် ရဟန်းသည်
> ငါဘုရားသာသနာ၌ လခရိက္ခာဖြင့် နွားတို့ကို ထိန်းကျောင်း
> သော နွားကျောင်းသားနှင့်တူ၏။ ဝိပဿနာဓုရအကျင့်ကို

> ကျင့်ဆောင်သော ငါဘုရား၏ သားတော်ရဟန်းကား အလိုရှိတိုင်း နွားအရသာငါးမျိုးကို သုံးဆောင်နိုင်သော နွားပိုင်ရှင်နှင့်တူ၏" ၁

ဟု မိန့်တော်မူသည်။

မြတ်စွာဘုရား စာတုမာရွာ သျှိသျှားတော်၌ သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်တို့၏ တပည့်ရဟန်းငါးရာ အသံကျယ်လောင်စွာ စကားပြောမှုကြောင့် ရဟန်းငါးရာနှင့်အတူ နှင်ထုတ်ခံရသော အရှင်သာရိပုတြာ,အရှင်မဟာမောဂ္ဂလ္လာန်တို့ ဘုရားရှင်ထံ ရောက်လာကြသောအခါ အရှင်သာရိပုတြာက-

> "မြတ်စွာဘုရားသည် ရဟန်းသံဃာကို နှင်ထုတ်တော်မူ၏၊ ယခုအခါ မြတ်စွာဘုရားသည် ဖလသမာပတ်ချမ်းသာဖြင့် ကြောင့်ကြမဲ့နေတော်မူမည်၊ ငါတို့လည်း ဖလသမာပတ်ချမ်းသာဖြင့် ကြောင့်ကြမဲ့နေတော့အံ့"

ဟု စိတ်အကြံဖြစ်ကြောင်း လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက ဆိုင်းငံ့ဦးဟု တားမြစ်တော်မူပြီး၊ "ယခုအခါ ငါနှင့် သာရိပုတြာတို့ ရဟန်းသံဃာကို ဦးဆောင်ကြကုန်အံ့"ဟု စိတ်အကြံဖြစ်ကြောင်း လျှောက်ထားသော အရှင်မဟာမောဂ္ဂလ္လာန်ကို "သာဓု သာဓု မောဂ္ဂလ္လာန်၊ ငါဘုရားသည်လည်းကောင်း၊ သာရိပုတြာ, မောဂ္ဂလ္လာန် ၂-ပါးတို့သည်လည်းကောင်း ရဟန်းသံဃာကို ဦးဆောင်ကြရမည်"ဟု မိန့်တော်မူသည်။ ဤသို့လျှင် မြတ်စွာဘုရားသည် အရာဌာနအလိုက် ပရိယတ္တိနှင့် ပဋိပတ္တိတို့၏ အကျိုးကျေးဇူးတို့ကို ချီးကျူးတော်မူသည်။ ၂

---

၁။ မဇ္ဈိ၊ ၃၊ ၁။ ၁၀၀။ ၂။ မ၊ ၃၊ ၁။ ၁၂၀။

## ရွှေကျင်ဂိုဏ်း ပရိယတ္တိစာသင်တိုက်များ

၁၂၂၂-ခုနှစ်မှစ၍ ပေါ်ထွန်းလာသော ရွှေကျင်ဂိုဏ်းကြီးတွင် တောရော မြို့ပါ များစွာသောနေရာဌာနတို့၌ ပရိယတ္တိစာသင်တိုက်များ တည်ရှိနေကြသည်၊ ထိုစာသင်တိုက်များ၌ ဂဏသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး ညွှန်ကြားပြဋ္ဌာန်းတော်မူအပ်သော "ဓမ္မဝိနယစာတမ်း" ခေါ် ဥပဒေကျင့်ဝတ်ကျမ်း တစ်ဆူရှိလေသည်၊ ထိုကျမ်း၌ ဥပဒေပုဒ်မပေါင်း ၂၀-ပါဝင်၍ ပုဒ်မတစ်ခုတစ်ခု၌လည်း အသေးစိတ် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များစွာ ပါရှိသည်။ ဒုတိယရွှေကျင် သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကလည်း ဥပဒေပုဒ်မပေါင်း ၃၀-ပါဝင်သော "ရွှေကျင်ဂိုဏ်း ဥပဒေ"ကို ညွှန်ကြားပြဋ္ဌာန်းတော်မူခဲ့သည်၊ ထိုဥပဒေ၌ နိဿရည်းလွှတ်ကင်းသူ အင်္ဂါ ၇-ပါး၊ ကျောင်းထိုင်ပုဂ္ဂိုလ် အင်္ဂါ ၅-ပါးတို့နှင့် ကျောင်းစောင့်, ကျောင်းထိုင် တင်မြှောက်နည်း၊ တပည့်တပန်း ရဟန်း, သာမဏေ, ကျောင်းသားတို့အား ဆုံးမသွန်သင်နည်း၊ စာပေကျမ်းဂန် ပို့ချသင်ကြားနည်း၊ သမထဝိပဿနာ စီးဖြန်းပွားများနည်း စသော နည်းဥပဒေ များစွာပါဝင်သည်။ ဤဥပဒေများနှင့်တကွ အမျိုးမျိုးသော အဆုံးအမဩဝါဒများနှင့် ညီနိုင်သမျှညီအောင် ရွှေကျင်ဂိုဏ်း ပရိယတ္တိစာသင်တိုက်များ တည်ထောင်ထားရှိတော်မူကြလေသည်။

## ရန်ကုန် မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်

ဤကျောင်းတိုက်ကို မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း နာယက စာချအကျော် ဆရာတော်ဦးဝါသဝါဘိဝံသသည် ၁၃၂၀-ခုနှစ်၌ စတင်တည်ထောင်တော်မူခဲ့သည်၊ တိုက်တည်စကာလက စာချ, စာသင်သံဃာတော်များ အရေအတွက်မများလှသော်လည်း နာယကဆရာတော်နှင့် လက်ထောက်စာချဆရာတော်တို့၏ ထက်မြက်ပြင်းထန်သော ဆန္ဒ, ဝီရိယ, ပညာ, စေတနာတို့ကြောင့် နှစ်များမကြာမီမှာပင်

ပါဠိတက္ကသိုလ်ကျောင်းတိုက်အဖြစ်သို့ ရောက်ရှိလာ၍ စာချ, စာသင် သံဃာတော်များ တိုးပွားလာသည်။ စာအောင်သံဃာများလည်း အစိုးရ ပထမပြန်, ဓမ္မာစရိယ, စေတိယင်္ဂဏ, သကျသီဟ စာမေးပွဲများနှင့်တကွ တိပိဋကစာမေးပွဲများပါ အောင်မြင်လာကြသည်၊ တိုက်တည်ပြီးနောက် ၁၅-နှစ်ခန့်တွင် ပိဋကတစ်ပုံဆောင်, နှစ်ပုံဆောင်တို့နှင့်တကွ တိပိဋက-ဓရ, တိပိဋကကောဝိဒဘွဲ့ရ ပုဂ္ဂိုလ်တစ်ပါး ပေါ်ပေါက်လာသည်၊ တိုက်တည် ပြီးနောက် အနံစ် ၂၀-ကျော်တွင် တိုက်တည်ဆရာတော်ကြီး လွန်တော် မူပြီး ဒုတိယဆရာတော် ဥူးကောဏ္ဍညလက်ထက်တွင် ၂-ပါးမြောက် တိပိဋကဓရ, တိပိဋကကောဝိဒ ဆရာတော်အရှင်သိရိန္ဒာဘိဝံသ ပေါ်ပေါက် လာ၍ ပိဋကနှစ်ပုံဆောင်, တစ်ပုံဆောင် စသော ပုဂ္ဂိုလ်များလည်း ထွန်း ကားပေါ်ပေါက်လာကြသည်၊ ယခုအခါ တိပိဋကဓရ, တိပိဋကကောဝိဒ, ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဦးဆောင်သော ပရိယတ္တိဝိသာရဒ စာချနာယကအဖွဲ့က မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်ကြီးကို ပရိယတ္တိ, ပဋိ-ပတ္တိသာသနာ နှစ်ဖြာထွန်းတောက် ထိပ်တန်းရောက်အောင် ထိန်းသိမ်း စောင့်ရှောက် ချီးမြှောက်တော်မူနေကြသည်။

## အာသီသ

တိပိဋကဓရ ယောဆရာတော်သည် မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်ကြီး ၌ သီတင်းသုံးနေထိုင်ကြသော တစ်ရာကျော် နှစ်ရာခန့်ရှိ စာချ, စာသင် သံဃာတော်အရှင်မြတ်တို့ကို နေ့စဉ်နေ့တိုင်း နံနက်ဆွမ်း, နေ့ဆွမ်း ပြည့် စုံလုံလောက်အောင် ကျွေးမွေး၍ နေ့ဝါ ညဝါ စာပေကျမ်းဂန်တို့ကို အခြေ ခံမှစ၍ အထွတ်အထိပ်ရောက် ပေါက်မြောက်အောင် ချီးမြှောက်ပို့ချ သင်ပြပေးတော်မူသည်။ ကိုယ်, စိတ်နှစ်ဖြာ လိမ္မာယဉ်ကျေး၍ ဘုရားသား တော်ပီပီ ငြိမ်းအေးတည်ကြည်အောင်လည်း ဆုံးမသွန်သင်တော်မူသည်၊ ထို့ကြောင့် မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်ကြီးအတွင်း သီတင်းသုံးနေကြ

သော စာသင်သားသံဃာတော်များသည် နှစ်စဉ်နှစ်တိုင်း ပထမပြန် ငယ်, လတ်, ကြီး စာမေးပွဲများနှင့်တကွ အနယ်နယ်အရပ်ရပ်၌ ကျင်းပသော သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲများ၊ သကျသီဟ,စေတိယင်္ဂဏ စသော စာသင်, စာချဓမ္မာစရိယ စာမေးပွဲများ၊ အစိုးရ ဓမ္မာစရိယစာမေးပွဲများ၊ တိပိဋကစာမေးပွဲများအထိ ထူးထူးချွန်ချွန် ဆုံးခန်းတိုင်ရောက် ပေါက်မြောက်အောင်မြင်တော်မူကြသည်။ ရွှေရတုသဘင် ဆင်ယင်ကျင်းပနေသော ဤမဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်ကြီးနှင့်တကွ မြန်မာပြည် အနယ်နယ်အရပ်ရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၏ အစွမ်းတေဇော် အာနုဘော်ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာသည် အနှစ်မြားမြောင် ကာလ ကြာအောင် ထွန်းလင်းတောက်ပြောင်ပါစေဟု အာသီသပတ္ထနာ ပြုရပါ သတည်း။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး



# ဆုထူးပန်ဆင် ထေရ်အရှင်

"ဆု"ဟူသော မြန်မာဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို မြန်မာအဘိဓာန်ကျမ်းက အနက်သုံးမျိုး ဖွင့်ဆိုထားသည်။

ဆု၊န- ၁၊ လိုအင်ဆန္ဒ၊ တောင့်တလိုလားအပ်သော အရာ။
၂၊ ကြိုးပမ်းလုပ်ဆောင်မှုအတွက် ဂုဏ်ပြုနှင်းအပ်သော အရာ။
၃၊ မဲပေါက်၍ ရသည့်ငွေစသည်။

ထိုအနက်သုံးမျိုးတွင် ဤ၌ နံပါတ် (၁) အနက်ကို ယူရပေမည်။

သတ္တဝါတစ်ဦး တစ်ယောက်သည် ဝိပဿနာဉာဏ်အလင်းမပေါက်သေး၍ အရဟတ္တမဂ်,ဖိုလ်သို့ မရောက်သေးသမျှ တစ်စုံတစ်ခုသောဆုကို တောင့်တနေမည်မှာ သေချာလှပေသည်၊ တကယ်ပင် တောင့်တလိုလားမှု မရှိပါမူကား ထိုသူသည် မုချကေန် ရဟန္တာအစစ်ဖြစ်ရပေမည်။ ထို့ကြောင့် ပုထုဇဉ်, သေက္ခအဆင့်မျှသာ ရှိသေးသောသူဟူသမျှ တစ်ခုခုသောဆုကို တောင့်တလိုလားရမည်သာ ဖြစ်လေသည်။

ဤ၌ တစ်စုံတစ်ခုသောဆုဟူသည် သူသူငါငါသတ္တဝါတို့ တွေ့ကြုံခံစားဖူးသည့် လောကီအာရုံ ကာမဂုဏ်ဟူသော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိနှင့် သဘောတရား ဓမ္မအာရုံတို့ဖြစ်သည်။ ထိုအာရုံ ၆-ပါးတရားတို့ကို တောင့်တလိုလား၍ ထိုအာရုံ ၆-ပါးတရားတို့၌ စွဲငြိတွယ်တာနေသူကို သတ္တဝါဟု ခေါ်ဆိုရလေသည် (ရူပါဒီသု အာရမ္မဏေသု သဋ္ဌတီတိ သတ္တော)။

ကာမ, ရူပ, အရူပဟူသော လောကသုံးပါးအတွင်း၌ ထင်ရှားရှိနေသော အာရုံ ၆-ပါးတရားတို့ကိုလည်းကောင်း၊ လောကသုံးပါးမှ ထွက်မြောက်နေသော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တရားတို့ကိုလည်းကောင်း တောင့်တလိုလားအပ်သော အနက်သဘောကြောင့် "ဆု"ဟု ခေါ်ဆိုရပေမည်။

ထိုဆုသည် အကျဉ်းချုပ်အားဖြင့် လောကီဆု, လောကုတ္တရာဆုဟု နှစ်မျိုးနှစ်စားသာရှိသည်။ ထိုတွင် သစ္စာနုလောမိက ဝိပဿနာဉာဏ်နှင့် ယထာဘူတဉာဏ် ဓာတ်ခံမရှိသေးသော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့သည် လောကီဆုကိုသာ လိုလားတောင့်တ၍ လောကုတ္တရာဆုကို တောင့်တမှု မရှိကြချေ၊ ဆိုခဲ့ပြီး ဉာဏ် ၂-ပါးဟူသော အာသယအဇ္ဈာသယဓာတ်ခံရှိသော ပုဂ္ဂိုလ်တို့သည်ကား လောကီဆု, လောကုတ္တရာဆု ၂-မျိုးလုံးကိုပင် လိုလားတောင့်တကြလေသည်။

## အကျင့် = ပဋိပဒါ နှစ်မျိုး

မြတ်စွာဘုရားက "ရဟန်းတို့! သင်တို့အား မှားသောအကျင့် မိစ္ဆာပဋိပဒါနှင့် မှန်သောအကျင့် သမ္မာပဋိပဒါတို့ကို ဟောကြားပေအံ့၊ မှားသောအကျင့် မိစ္ဆာပဋိပဒါဟူသည် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"အစရှိသော ပဋိစ္စသမုပ္ပါဒ် အနုလုံတရားဖြစ်၍ မှန်သောအကျင့် သမ္မာပဋိပဒါဟူသည် "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော" အစရှိသော ပဋိစ္စသမုပ္ပါဒ် ပဋိလုံတရား ဖြစ်သည်။ [၁]

ထင်ရှားအောင် ပြဆိုပါမည်၊ ကာမ, ရူပ, အရူပဟူသော ဘဝသုံးပါးဝဋ်တရားသည် ဇာတိ, ဇရာ, ဗျာဓိ, မရဏ အစရှိသော ဆင်းရဲဒုက္ခတို့နှင့်

၁။ သံ၊၁၊၂၄၆။

ရောပြွမ်းရစ်ရုံနေသော မစင်ပုံ မီးကျီးတွင်းအလား, မြားဗြောင့်တံကျင် သဖွယ် စက်ဆုပ်ရွံရှာဖွယ်, ကြောက်မက်ဖွယ်ကောင်းသော တရားအစုသာ ဖြစ်ချေသည်၊ ထိုဘဝသုံးပါး ဝဋ်တရားကို ရရှိခြင်း၏အကြောင်း အဝိဇ္ဇာ ဦးခေါင်းရှိသော ဝဋ်တရားကို မှီသည့် (ဝဋ္ဋနိဿိတ) ကာမကုသိုလ်, ရူပ ကုသိုလ် (ပုညာဘိသင်္ခါရ), မကောင်းမှုအကုသိုလ် (အပုညာဘိသင်္ခါရ), အရူပကုသိုလ် (အာနေဉ္ဇာဘိသင်္ခါရ) ဟူသော အဘိသင်္ခါရတရား ၃-ပါး သည် ခြင်္သေ့, သစ်ကျား သားရဲ, မြွေဘုတ်ပေါသော တောနင့်တူသည့် ဘဝ သုံးပါး ဝဋ်တရားသို့ သွားသော လမ်းမှားလမ်းကောက်ဖြစ်၍ မှားသော အကျင့် = မိစ္ဆာပဋိပဒါမည်၏။

ပြဆိုခဲ့ပြီး အပြစ်ဒေါသ ဆင်းရဲဒုက္ခတို့၏ တည်နေရာ ကာမ, ရူပ, အရူပဟူသော ဘဝသုံးပါးဝဋ်တရားကို ရာဇဝတ်ကောင် ထောင်သား အကျဉ်းသမားတို့၏ ဆင်းရဲဒုက္ခ အမျိုးမျိုးခံစားရာ ထိတ်,ထောင်,နှောင် အိမ်ကဲ့သို့ ရှုမြင်ဆင်ခြင်၍ ဘဝသုံးပါးဝဋ်တရား၌ တပတ်လျှားလျှား မျောပါးကျင်လည်နေကြသော သုံးလောကသား သတ္တဝါများကို ရာဇဝတ် ကောင် ထောင်သား အကျဉ်းသမားတို့ကဲ့သို့ ထင်မြင်ကာ ဘဝသုံးပါး ဝဋ်တရားဟူသော နှောင်အိမ်အတွင်းမှ လွတ်ကင်းထွက်မြောက်သော မဂ်, ဖိုလ်, နိဗ္ဗာန်သို့ရောက်လိုသော နိဿရဏာအဇ္ဈာသယ = ဝဋ်မှထွက် မြောက်ကြောင်း ကောင်းမြတ်သော အလိုဆန္ဒဖြင့် ပြုလုပ်အပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရည်မှန်းသည့် ဒါန, သီလ, ဘာဝနာ ပါရမီကုသိုလ်ကံ ဟူသမျှသည်ဘေးကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းလမ်းမှန် ဖြစ်၍ မှန်သောအကျင့် = သမ္မာပဋိပဒါမည်၏။ (ဆိဒ္ဓပိဓာနနီ။ ၁၃-၄)။

## ဥပမာဖြင့် ထင်ရှားအောင်ပြဆိုခြင်း

လမ်းခရီးသွားသူ လူတို့ကို စူးဝင် ဖေါက်ခွဲ၍ သွေးကို ယိုထွက်စေ တတ်သော ဆူးအများတွင် အလွန်သေးမွှားလှသော သလေးစပါး အမြီး,

မုယောစပါး အမြွှားဟူသော ဆူးကလေးသည် စူးဝင်ဖေါက်ခွဲနိုင်အောင် ထောင်၍ထားလျှင် သူ့ကို နိပ်မိ နင်းမိသော လက်နှင့် ခြေတို့ကို စူးဝင် ဖေါက်ခွဲ၍ သွေးကို ယိုထွက်စေနိုင်သည်၊ ကြီးမားထင်ရှားသော ရှားဆူး, ရှောက်ဆူး-စသည်ကား သာ၍ပင် စူးဝင်ဖေါက်ခွဲ၍ သွေးကို ယိုထွက်စေ နိုင်သည်။ အကယ်၍ အဆိုပါ ဆူးများကို ထောင်၍ မထားဘဲ လှဲ၍ထားပါမူ စူးဝင်ဖေါက်ခွဲ၍ သွေးကို ယိုထွက်စေနိုင်မည် မဟုတ်ချေ။

ဤအတူပင် ကာယကံ,ဝစီကံ,မနောကံ,ဒါန,သီလ,ဘာဝနာအမှုကို ပြုရာ၌ မကောင်းသဖြင့်ထားအပ်သော ဝါ၊ မှားယွင်းစွာထားအပ်သော စိတ်ဖြင့် အဝိဇ္ဇာအမှောင်ကို ဖျက်ခွဲ၍ ဝိဇ္ဇာဉာဏ်အလင်းကို ဖြစ်စေနိုင် ခြင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းမည်သည် မရှိချေ၊ ကောင်းစွာ ထားအပ်သော စိတ်ဖြင့်မူကား အဝိဇ္ဇာအမှောင်ကို ဖျက်ခွဲ၍ ဝိဇ္ဇာဉာဏ် အလင်းကို ရရှိကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပေသည်။ ဤအကြောင်း ကို မြတ်စွာဘုရားသည် မဟာဝဂ္ဂသံယုတ်, အဝိဇ္ဇာဝဂ်, သူကသုတ် (သံ၊၃။ ၉)နှင့် ဧကင်္ဂုတ္တရ,ပဏိဟိတအစ္ဆဝဂ်,သူကသုတ်(အံ၊၁။၇)တို့၌ ဟောကြား တော်မူသည်။

ဖေါ်ပြပြီး ပါဠိတော်တို့၏ အဋ္ဌကထာ (သံ၊ဋ္ဌ၊၃။၁၆၄။ အံ၊ဋ္ဌ၊၁။၄၂-၃) တို့၌လည်း-

> "ဤအတူပင် အနည်းငယ်မျှသာဖြစ်သည့် မြက်, သစ်ရွက်တစ်ဆုပ်မျှသော အလှူဒါနကုသိုလ်သည်လည်း ကောင်း, အလွန်ကြီးမားများပြားသော ဝေလာမပုဏ္ဏား၏ အလှူဒါနစသော ကုသိုလ်မျိုးသည်လည်းကောင်း အကယ် ၍ ဘဝသုံးပါး ဝဋ္ဋတရားဟူသော စည်းစိမ်ချမ်းသာကို တောင်းတ၍ ဝဋ္ဋကို မှီသည်၏အစွမ်းဖြင့် မှားယွင်းစွာ ထား အပ်, ပြုလုပ်အပ်မူ ဝဋ္ဋဘဝကိုသာ ဆောင်နိုင်၍ ဝဋ္ဋကင်းရာ နိဗ္ဗာန်ကို မဆောင်နိုင်ချေ။ "ဣဒံ မေ ဒါနံ အာသဝ-

ကွယာဝဟံ ဟောတု= ငါ၏ ဤအလှူဒါနသည် အာသဝ
လေးတန် ကုန်ကြောင်းမှန်သည့် မောခဉာဏ်ကို ယူဆောင်
လာစေသတည်း" ဟု ဝဋ္ဋကင်းရာနိဗ္ဗာန်ကို တောင်းတလျက်
ဝဋ္ဋကင်းရာ နိဗ္ဗာန်၏အစွမ်းဖြင့် မှန်ကန် ကောင်းမွန်စွာ
ထားအပ်, ပြုလုပ်အပ်သော ပါရမီကုသိုလ်ကံသည် ပကတိ
သာဝက, မဟာသာဝက, အဂ္ဂသာဝကတို့၏ အရဟတ္တမဂ်,
ဖိုလ်မောခဉာဏ်, ပစ္စေကမောခဉာဏ်, သဗ္ဗညုတဉာဏ်ကို
သော်လည်းပေးခြင်းငှါ စွမ်းနိုင်သည်သာတည်း"
ဟူ၍ ဖွင့်ဆိုတော်မူသည်။

ပြဆိုခဲ့ပြီး လောကီဆုနှင့် လောကုတ္တရာဆုတို့တွင် လောကီဆုသည် အကုသိုလ်လောကီဆုနှင့် ကုသိုလ်လောကီဆုဟူ၍ ၂-မျိုးကွဲပြန်သည်။ အကုသိုလ်လောကီဆုသည် ဓမ္မပဒ ကာဠယက္ခိနီဝတ္ထု၌ ထင်ရှားသည်။ တစ်ယောက်သော အိမ်ရှင်ယောကျ်ား၏ မယား ၂-ယောက်တို့တွင် အမြုံမဖြစ်သော မယားကြီးသည် မယားငယ်အမျိုးသမီး၏ ၃-ယောက်သော ကိုယ်ဝန်သူငယ်တို့ကို ကိုယ်ဝန်ကျဆေးဖြင့် ဖျက်ဆီးသတ်ဖြတ်ရာ သေခါနီးတွင် "ဤဘဝမှ သေလွန်သည်ရှိသော် ဘီလူးမဖြစ်၍ ထိုမိန်းမ၏ သားငယ်တို့ကို စားခြင်းငှါ စွမ်းနိုင်သူ ဖြစ်ရပါလို၏"ဟု ဆုပန်သွားသည်။

မယားငယ်သည် ထိုအိမ်၌ပင် ကြောင်မဖြစ်၍ မယားကြီးသည် မကြာမီ ကွယ်လွန်ကာ ကြက်မဖြစ်လေသည်၊ ရှေးဘဝဆုတောင်းဖြင့် ရန်ငြိုးဖွဲ့ခဲ့သော ကြောင်မသည် ကြက်မ၏ သားငယ်အဥတို့ကို ၃-ကြိမ်တိုင်တိုင် ခဲစားသည်။

ထိုအခါ ကြက်မသည်လည်း "ဤဘဝမှ သေလွန်သည်ရှိသော် သားသမီးနှင့်တကွ ဤကြောင်မကို စားရပါလို၏"ဟု ဆုတောင်းပြုကာ တောအရပ်၌ သစ်မဖြစ်၍ ကြောင်မသည်ကား သမင်မဖြစ်လေသည်။

သစ်မသည် သမင်မမွေးသည့် သားငယ်တို့ကို ၃-ကြိမ်တိုင်တိုင် စားပြီးလျှင် သမင်မကိုပါ စားလေသည်။

သမင်မသည် "ငါ ဤဘဝမှ စုတေရသည်ရှိသော် ဤသစ်မကို သူ၏သားများနှင့်တကွ စားနိုင်ရပါလို၏"ဟု ဆုတောင်းလျက် သာဝတ္ထိမြို့အနီး တောအုပ်၌ ဘီလူးမဖြစ်လေသည်။ သစ်မသည် ထိုဘဝမှ သေလွန်လေသော် သာဝတ္ထိမြို့တွင်း၌ အမျိုးသမီးတစ်ယောက်ဖြစ်၍ အရွယ်ရောက်သောအခါ မြို့တံခါးအနီးရွာ၌ လင်၏အိမ်သို့ လိုက်ပါရသည်၊ ၂-ကြိမ်တိုင်တိုင် မွေးဖွားလာသော သားတို့ကို ဘီလူးမသည် လာရောက် စားလေသည်။ ၃-ကြိမ်မြောက်သားကို သာဝတ္ထိမြို့တွင်း မိဘဆွေမျိုးများ၏ အိမ်၌ဖွားမြင်သည်၊ သားငယ်ကို နာမည်မှည့်သောနေ့၌ ရေချိုးပေးပြီးလျှင် သာဝတ္ထိမြို့တံခါးအနီးရွာ မိမိတို့အိမ်သို့ သားငယ်ကို ရင်မှာပိုက်လျက် လင်နှင့်အတူ ပြန်လာကြသည်။ ဇေတဝန်ကျောင်းရေကန်၌ လင်ယောက်ျား ရေချိုးနေစဉ် သားငယ်ကို ကိုက်စားရန် လိုက်လာသော ဘီလူးမကို မြင်၍ ဇေတဝန်ကျောင်းအတွင်း တရားဟောတော်မူနေသော မြတ်စွာဘုရား၏ ခြေတော်ရင်း၌ သားကလေးကို ချကာ -

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား! အရှင်မြတ်တို့အား ဤသားကလေးကို လှူဒါန်းပါ၏၊ သားကလေးအား အသက်ချမ်းသာ ပေးတော်မူပါဘုရား"

ဟုလျှောက်ထားလေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းအတွင်းသို့ လိုက်လာရန် မဝံ့သော ဘီလူးမကို ခေါ်စေပြီးလျှင် "အဘယ်ကြောင့် ဤသို့ပြုရသနည်း၊ အကယ်၍ သင်တို့ ၂-ဦးသည် ငါဘုရား၏ ထံတော်မှောက်သို့ မရောက်ခဲ့လျှင် "မြွေနှင့် မြွေပါ၊ ဝံနှင့် ကြံ့ပြင်စောင့်နတ်၊ ကျီးနှင့် ခင်ပုတ်ငှက်တို့၏ ကမ္ဘာ့ရန်ကဲ့သို့ ဖြစ်ချေတော့မည်" ဟု မိန့်တော်မူပြီးလျှင် ဤသို့သော တရားစကားကို ဟောကြားတော်မူသည်။ [၁]

၁။ ဓမ္မဋ္ဌ၁။၃၀-၁-၂။

“ဤလောက၌ ရန်တုံ့မှုခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်တို့သည် ပြေငြိမ်းကုန်၏၊ ဤသဘောကား အစဉ်အလာ ဓမ္မတာသဘောပင်တည်း”။ [၁]

ဒေသနာတော်အဆုံး၌ ဘီလူးမသည် သောတာပန်တည််ကာ တရားနာလာသူပရိသတ်အား အကျိုးများ၍ အမျိုးသမီး ၂-ဦးတို့၏ ရန်ပွဲလည်း ပြီးငြိမ်းသွားလေသည်။

ပြဆိုခဲ့ပြီး အကြောင်းဝတ္ထုတို့ကား မကောင်းသော အကုသိုလ်ဆုတောင်း၏ နောက်နှောင်းဆက်ဖွား အကျိုးတရားတို့ဖြစ်သည်။ လောကီကုသိုလ်ဆုတောင်းကား ကောင်းသောအကျိုးဝိပါက် နောက်ဆက်ရှိသော်လည်း ပြဆိုခဲ့ပြီးသော ပဋိပဒါသုတ်အရ မိစ္ဆာပဋိပဒါ = မှားသော အကျင့်သာဖြစ်လေသည်။ ထိုကြောင့် မြတ်စွာဘုရားက –

“ရဟန်းတို့! အနည်းငယ်မျှသော မစင်သည်လည်း မကောင်းသော အနံ့ရှိသကဲ့သို့ ရဟန်းတို့! ဤအတူပင် ငါဘုရားသည် အနည်းငယ်မျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တစ်တီးကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ။ [၂]

ဟူ၍ ဟောတော်မူသည်။

ဤသို့ ကာမ,ရူပ,အရူပဟူသော ဘဝသုံးပါး ဝဋ္ဋတရားကို တောင့်တ၍ ပြုအပ်သော ကာမ, ရူပ, အရူပကုသိုလ်ဟူသမျှ မိစ္ဆာပဋိပဒါ=မှားသော အကျင့်သာ ဖြစ်သည်၊ သို့သော်လည်း ဥပရိပဏ္ဏာသပါဠိတော် သင်္ခါရုပပတ္တိသုတ်အဋ္ဌကထာ (မဋ္ဌ၊၄။၁၀၄)၌ကား ဤသို့ မိန့်ဆိုထားလေသည်။

---

၁။ ဓမ္မ၊၁၄။ ၂။ အင်ဖြန်၊၁၄၆။

"(၁) အကြင်ပုဂ္ဂိုလ်အား သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ ဟူသော တရား ၅-ပါးရှိ၏၊ ဆုတောင်းပတ္ထနာကား မရှိချေ၊ ထိုပုဂ္ဂိုလ်၏ လားရာဂတိသည် မမြဲပေ။ (၂) အကြင်ပုဂ္ဂိုလ်အား ဆုတောင်းပတ္ထနာကား ရှိ၏၊ တရား ၅-ပါးကား မရှိချေ၊ ထိုပုဂ္ဂိုလ်၏ လားရာဂတိသည်လည်း မမြဲပေ။ (၃) အကြင်ပုဂ္ဂိုလ်တို့အား တရား ၅-ပါးနှင့် ဆုတောင်းပတ္ထနာ ၂-မျိုးလုံးရှိ၏၊ ထိုပုဂ္ဂိုလ်တို့၏ လားရာဂတိသည် မြဲပေ၏။

ဥပမာဆိုသော် — ကောင်းကင်သို့ ပစ်လွှတ်အပ်သော တုတ်ချောင်းသည် အဖျားဖြင့်သော်လည်းကောင်း, အလယ်ဖြင့်သော်လည်းကောင်း, အရင်းဖြင့်သော်လည်းကောင်း ကျမည်ဖြစ်၍ (မည်သည့်ဖက်ဖြင့်သာ ကျမည်ဟု) သတ်မှတ်ချက် မရှိပေ။ ဤအတူပင် သတ္တဝါတို့၏ ပဋိသန္ဓေနေခြင်းသည်လည်း အမြဲမရှိပေ၊ ထို့ကြောင့် ကောင်းမှုကုသိုလ်ကံပြုလုပ်ပြီးလျှင် တစ်ခုသောအရပ် (ဘုံဌာန)၌ ဆုတောင်းပတ္ထနာ ပြုခြင်းငှါ သင့်မြတ်လှပေ၏"

ဤအဋ္ဌကထာ၏ အဆိုအမိန့်ကိုပင် ရည်ရွယ်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ဆိဒ္ဓပိဓာနနီကျမ်း (၁၈/၁၉)၌ ဤသို့ မိန့်ဆိုတော်မူသည်။

"ဝိဝဋ္ဋနိဿိတကုသိုလ် ပါရမီအရင်းခံရှိမှုကား အကြားအကြား၌ စရိုက်အားလျော်စွာ လူ့ချမ်းသာ, နတ်ချမ်းသာကို တောင်းတကာ ဝဋ္ဋနိဿိတကုသိုလ်ကို ပြုမိ၍ အလိုရှိအပ်သော လူ့ချမ်းသာ, နတ်ချမ်းသာကိုပင် ရသော်လည်း ဝိဝဋ္ဋနိဿိတကုသိုလ်ပါရမီ နှိုးဆော်လာ၍ ထိုချမ်းသာ၌ တွယ်တာ ကပ်ငြိခြင်းမရှိဘဲ စွန့်ပစ်ပယ်ခွါလျက် သံသရာဝဋ်ဘဝညွှတ်မှလွတ်အောင် ထွက်မြောက်နိုင်လေတော့သည်"။

ဤဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် "အကုသိုလ်ဆုတောင်း ဆုပန်ခြင်းကား လုံးဝမပြုအပ် မပြုကောင်းသောအမှုဖြစ်သည်၊ ကုသိုလ်ဆုတောင်းဆုပန်ခြင်းသည် ကောင်းသောအမှုဖြစ်သော်လည်း သံသရာဝဋ်ဒုက္ခကို ရှည်စေတတ်သောကြောင့် ဘုရားရှင်အလိုတော်အားဖြင့် မှားသောအကျင့် = မိစ္ဆာပဋိပဒါသာ ဖြစ်၏။ သို့သော်လည်း ဝိဝဋ္ဋနိဿိတပါရမီကုသိုလ်ကောင်းကို စုဆောင်းဖြည့်ဆည်းရန်အတွက် ဘဝကောင်းကို ဆုတောင်းဆုပန်မှု ပြုသင့်ကြောင်း ဗုဒ္ဓမတညူ အဋ္ဌကထာစကားအရ ထင်ရှားပေပြီ"။

ဤမှနောက်၌ ဝိဝဋ္ဋနိဿိတ ပါရမီကုသိုလ်ဆုတောင်း ဆုပန်မှုကိုသာ ဖော်ပြတော့မည်။ ဝိဝဋ္ဋနိဿိတပါရမီကုသိုလ် ဆုတောင်းရာ၌ သမ္မာသမ္ဗောဓိဆု, ပစ္စေကဗောဓိဆု, အဂ္ဂသာဝကဗောဓိဆု, မဟာသာဝကဗောဓိဆု, ပကတိသာဝကဗောဓိဆုဟူ၍ ၅-မျိုးရှိသည်။

သဗ္ဗညုတဉာဏ်ရှင် ဘုရားအဖြစ်ဆုတောင်းခြင်းကို သမ္မာသမ္ဗောဓိဆုပန်ခြင်းဟု ခေါ်၍ ပစ္စေကဗုဒ္ဓါ ဘုရားငယ်အဖြစ် ဆုတောင်းခြင်းကို ပစ္စေကဗောဓိဆုပန်ခြင်းဟု ခေါ်သည်။

ဤဘုရားသာသနာ၌ သီလ,သမာဓိ,ပညာ အကြီးမြတ်ဆုံး မဟာသာဝက ၈၀-ရှိရာ လက်ျာရံ ၄၀-တွင် အရှင်သာရိပုတြာသည် ပညာအရာ အကြီးမြတ်ဆုံး အဂ္ဂသာဝကဖြစ်၍ လက်ဝဲရံ ၄၀-တွင် အရှင်မဟာမောဂ္ဂလ္လာန်သည် တန်ခိုးအရာ အကြီးမြတ်ဆုံး အဂ္ဂသာဝက ဖြစ်တော်မူသည်။ ကျန် ၇၈-ပါးသော မထေရ်မြတ်တို့ကို မဟာသာဝကများဟု ခေါ်ဆိုရသည်။

အဂ္ဂသာဝက ၂-ပါးတို့၏ ဗောဓိဆုကို အဂ္ဂသာဝကဗောဓိဟု ခေါ်၍ မဟာသာဝက ၇၈-ပါးတို့၏ ဗောဓိဆုကို မဟာသာဝကဗောဓိဟု ခေါ်ဆိုရသည်။

ဖေါ်ပြပြီး ဗောဓိ ၄-မျိုးတွင် မပါဝင်ဘဲ အရဟတ္တမဂ်, အရဟတ္တဖိုလ် ဉာဏ်နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ရဟန္တာအရှင်မြတ်တို့၏ ဗောဓိဆု ကို ပကတိသာဝကဗောဓိဟု ခေါ်ဆိုရလေသည်။

## ဆုထူးပန်နှင့် ဆုကြီးပန်

ပြဆိုခဲ့ပြီ ဗောဓိဆု ၅-မျိုးတွင် ပကတိသာဝကဗောဓိဆုမှ တစ်ပါး အထက်ဗောဓိဆု ၄-မျိုးကို အနည်းငယ်သောဘဝကာလဖြင့် မရနိုင်ဘဲ ကမ္ဘာတစ်သိန်းမှအထက် ကမ္ဘာအသင်္ချေတိုင်အောင် ပါရမီကုသိုလ်ထူးကို ဆည်းပူးကာ ရယူရသောကြောင့် ဆုထူးဆုမြတ်ဟု ခေါ်ဆိုအပ်ပေသည်။ ထိုဆုထူးဆုမြတ်ကို တောင့်တပန်ဆင်သော အလောင်းအလျာသူတော် ကောင်းကို "ဆုထူးပန်"ပုဂ္ဂိုလ်ဟု ခေါ်၍ သမ္မာသမ္ဗောဓိဘုရားဆုကို ပန် ဆင်သော ဘုရားအလောင်းအလျာကိုမူ "ဆုကြီးပန်"ပုဂ္ဂိုလ်ဟု ခေါ်ဆိုကြ လေသည်။

## ဆုကြီးပန်, ဆုထူးပန်တို့၏ ပါရမီဖြည့်ရာကာလ

အခါတစ်ပါး၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား! သမ္မာသမ္ဗုဒ္ဓဘုရားအလောင်းတော် တို့၏ ဘုရားဆုပန်ဆင်ခြင်းကိုလည်းကောင်း၊ အဂ္ဂသာဝက, မဟာသာဝက အလောင်းတို့၏ ဗောဓိဆုပန်ဆင်ခြင်းကိုလည်းကောင်း သိမြင်အပ်ပါ၏။ ပစ္စေကဗုဒ္ဓါအလောင်းအလျာတို့၏ ပစ္စေကဗောဓိဆု ပန်ဆင်မှုကို မသိမြင် အပ်ပါဘုရား"ဟု လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားက ပုဗ္ဗယောဂါဝစရသုတ်ကို ဟောတော် မူပြီးလျှင် "အာနန္ဒာ! ပစ္စေကဗုဒ္ဓါတို့သည် ပစ္စေကဗောဓိဆုကို ပန်ဆင် လျက် ရေး၌ ကမ္မဋ္ဌာန်းစီးဖြန်းမှု = ပုဗ္ဗယောဂါဝစရအကျင့်နှင့် ပြည့်စုံ ကြ၏။ ထိုကြောင့် ဘုရားလောင်း, ပစ္စေကဗုဒ္ဓါလောင်း, သာဝကအလောင်း

အလျာတို့၏ ဗောဓိဆု အသီးသီး ပန်ဆင်မှုကို အလိုရှိအပ်သိအပ်၏” ဟု မိန့်တော်သည်။

ဤတွင် အရှင်အာနန္ဒာက “ မြတ်စွာဘုရား! ဘုရားရှင်တို့၏ သမ္မာသမ္ဗောဓိဆုကို ပန်ဆင်ခြင်းသည် အဘယ်မျှကြာမြင့်မှ ပြည့်စုံပြီးမြောက်ပါသနည်း” ဟု လျှောက်ထားရာ “ အာနန္ဒာ! ဘုရားအလောင်းတော်တို့၏ ဘုရားဆုပန်ဆင်ခြင်းသည် အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အလယ်လတ်အပိုင်းအခြားအားဖြင့် ၈-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အလွန်ဆုံးအပိုင်းအခြားအားဖြင့် ၁၆-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာမှ ပြည့်စုံပြီးမြောက်၏”ဟု မိန့်တော်သည်။

ဤသို့ သုံးမျိုးသုံးစား ကွဲပြားခြင်းသည် ပညာဓိကဘုရားလောင်း, သဒ္ဓါဓိကဘုရားလောင်း, ဝီရိယာဓိကဘုရားလောင်းဟူ၍ ဘုရားလောင်း ၃-မျိုး ကွဲပြားသောကြောင့်ဖြစ်၏။ ပညာဓိကဘုရားလောင်းတို့သည် ပညာထက်မြတ်၍ သဒ္ဓါနည်းသည်၊ သဒ္ဓါဓိကဘုရားလောင်းတို့သည် သဒ္ဓါအားကြီး၍ ပညာအလယ်အလတ်ရှိသည်၊ ဝီရိယာဓိကဘုရားလောင်းတို့သည် ဝီရိယအားကောင်း၍ သဒ္ဓါ, ပညာနည်းသည်။ ထိုကြောင့် ဆိုခဲ့ပြီးကာလအပိုင်းအခြားအတွင်း၌ ဘုရားအဖြစ်သို့ မရောက်ကြပေ။ [၁]

ဤသို့ ဘုရားလောင်း ၃-မျိုး ကွဲပြားခြင်းသည် ဘုရားရှင်တို့အထံ နိယတဗျာဒိတ်ကို ခံယူရာ၌ ၄-ပါဒရှိ ဂါထာတစ်ပုဒ်ကို နာယူရာ ၃-ပါဒမပြီးဆုံးမီ အဘိညာဉ် ၆-ပါး, ပဋိသမ္ဘိဒါ ၄-ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်သော ဥဂ္ဃဋိတညူပုဂ္ဂိုလ်မျိုးဖြစ်လျှင် ပညာဓိကဘုရားလောင်းဖြစ်သောကြောင့် ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသည်။ အကယ်၍ ၄-ပါဒမပြီးဆုံးမီ အဘိညာဉ် ၆-ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်သော ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးဖြစ်လျှင်

---

၁။ သုတ္တနိ၊ ဋ္ဌ၊ ၁။၄၂-၃။ အပ၊ ဋ္ဌ၊ ၁။ ၁၅၅။ ထေရ၊ ဋ္ဌ၊ ၁။ ၁၁။

သဒ္ဓါဓိကဘုရားလောင်းဖြစ်၍ ၈-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသည်၊ ၄-ပါဒလုံး နာကြားပြီးနောက် အဘိညာဉ် ၆-ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်သော နေယျပုဂ္ဂိုလ်မျိုးဖြစ်လျှင် ဝီရိယာဓိကဘုရားလောင်းဖြစ်၍ ၁၆-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရလေသည်။ ၁

ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ပစ္စေကဗောဓိဆုကို ပန်ဆင်ရာကာလကား — ၂-အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်သည်၊ အဂ္ဂသာဝက ၂-ပါးတို့၏ အဂ္ဂသာဝကဗောဓိဆုကို ပန်ဆင်ရာကာလသည် ၁-အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်၍ မဟာသာဝကတို့၏ မဟာသာဝကဗောဓိဆုကို ပန်ဆင်ရာကာလသည် ကမ္ဘာတစ်သိန်းဖြစ်လေသည်။ ပကတိသာဝကတို့ကား ကာလအပိုင်းအခြားမရှိချေ၊ ဝဋ်ဒုက္ခမှ လွတ်မြောက်သော မဂ်, ဖိုလ်,နိဗ္ဗာန်ကို တောင့်တလျက် အမှတ်မထား တစ်ပါးပါးသော ဘဝကာလများမှစ၍ ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီအဆောက်အဦနှင့် ပြည့်စုံလျှင် ပကတိသာဝကဗောဓိဆုကို ရရှိနိုင်လေသည်။

## ဘုရားအလောင်းတော်တို့ သမ္မာသမ္ဗောဓိဆုကြီး ပန်ဆင်ပုံ

ဂေါတမဘုရားအလောင်းတော်သည် အသင်္ချေများစွာ ကပ်ကမ္ဘာပတ်လုံး စိတ်အကြံဖြင့်လည်းကောင်း, ရွှေနှုတ်သံဖြင့်လည်းကောင်း ဘုရားဆုကို ပန်ဆင်ပြီးနောက် ဤကမ္ဘာမှ ရှေးလွန်လေပြီးသော ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ကိုယ်တိုင်ဝပ်စင်း တံတားခင်းပြီးလျှင် သမ္မာသမ္ဗောဓိဆုတော်ကြီးကို ဤသို့ ပန်ဆင်တော်မူသည်။

သံသာရသောတံ ဆိန္ဒိတွာ၊ ဝိဒ္ဓံသေတွာ တယော ဘဝေ။
ဓမ္မနာဝံ သမာရုယှ၊ သန္တာရေဿံ သဒေဝကံ။ ၂

---

၁။ စရိယာ၊ ဋ္ဌ။ ၃၂၁။ ဒီ၊ ဋ္ဌီ၊ ၁။ ၉၉၊ ၁၀၀။ ၂။ ဗုဒ္ဓဝံ။ ၃၁၁။

ယင်းကို အင်းဝခေတ်စာဆိုအကျော် အရှင်မဟာသီလဝံသ ဆရာတော်က ဆုတောင်းခန်းပျို့(ပိုဒ်၊၁၈၅)၌ ဤသို့ ပြန်ဆိုသီကုံးတော်မူသည်။

"နောက်နောင်အခါ၊ ထိုရောင်ငါတုံ၊ လိုရာလည်းရောက်၊ ပြီးစီးမြောက်သော်၊ မျက်မှောက်ချမ်းသာ၊ စံခါမနေ၊ တရားလေ့ဖြင့်၊ ရှာဖွေပတ်ညက်၊ မိုက်ရမ္မက်ဟု၊ လွှဲခက်ရေယဉ်၊ သံယောဇဉ်ကို၊ တလျှင်ထွက်ခတ်၊ ကြောလယ်ဖြတ်၍၊ မတ်မတ်ရည်ကူး၊ ခေတ်သုံးဦး၌၊ အမှူးသုံးဆူ၊ ကြမ္မာဟူသား၊ ပြောထူတံစုံး၊ ကျွန်းထင်းတုံးကို၊ အလုံးပုတ်ချိုး၊ လော်ဟုန်ထိုးလျက်၊ လူမျိုးပုံယင်၊ လေ့ပြည့်တင်၍၊ သင်္သရာကျယ်၊ မြစ်ပင်လယ်မှ၊ ဆယ်ကယ် အားသွန်၊ ပြည်နိဗ္ဗာန်သို့။ ။ မကျန် ပို့ရလို၏တည်း"။

ဒီပင်္ကရာမြတ်စွာဘုရားအထံတော်၌ "သင်သည် ဘုရား စင်စစ်ကေန် ဖြစ်လိမ့်မည်" ဟု သုမေဓာရှင်ရသေ့ နိယတဗျာဒိတ်ပန်း ပန်ဆင်ရပုံကိုလည်း ပါရမီတော်ခန်းပျို့ (ပိုဒ်၊၁၅၆)၌ ဤသို့ စပ်ဆိုတော်မူပြန်သည်။

"ဒီပင်္ကရာ၊ စောမြတ်စွာ၏၊ စကြာတော်ရင်း၊ တံတာခင်းမှ၊ သုံးကွင်းမှန်ကူ၊ အောင်သူတကာ၊ မန္တန်းရာသား၊ မဟာမုနိန်၊ မာရဇိန်လျှင်၊ နှုင်းချိန်ဉာဏ်တော်၊ တွက်လတ်သော်တည့်၊ လေးဘော်သချေ်၊ လွန်းပြီးလေ၍၊ စွန်းနေများစွာ၊ သိန်းကမ္ဘာထက်၊ ကိုးဖြာဂုဏ်ထူး၊ ခြောက်ရောင်မြူးသည့်၊ သုံးဦးရှင်ချစ်၊ ပွင့်ပြီးလစ်မှ၊ ဖြည့်သစ်သမ္ဘာ၊ သုမေဓာကား၊ သစ္စာလေးပါး၊ သိလိမ့်ကားဟု၊ ဘုရားရွှေခွန်း၊ ဗျာဒိတ်ပန်းကို၊ ရှင်လန်းကြည်ဖြူ၊ ပန်ဆင်ယူခဲ့"

ဒီပင်္ကရာမြတ်စွာဘုရားအထံတော်၌ နိယတဗျာဒိတ်ပန်း ပန်ဆင်တော်မူသော သုမေဓာရှင်ရသေ့ကို အားရကြည်ညိုသည့် မန်လည်ဆရာ

တော်ဘုရားကြီးသည် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကြီး၏ နိဂုံးဆုတောင်းပတ္ထနာအခန်း (ပိုဒ်၊၆ဝ၇)၌ ဤသို့ သမ္မာသမ္ဗောဓိ ဘုရားဆုကြီးကို ပန်ဆင်တော်မူသည်။

"ခပင်းလောက၊ လူထိုမျှ၏၊ ဟိတသုခ၊ အတ္ထကိုသာ၊ ပြုနိုင်စွာ၍၊ နောင်လာ ဘဝ၊ ပစ္ဆိမသို့၊ ရောက်ထသော့ခါ၊ အကြွင်ငါလျှင်၊ မဟာဗောဓိ၊ သိရိလျှံဖိတ်၊ ပရာဇိတ်၌၊ ဖြတ်ရိတ်ပယ်ရှင်း၊ မာရ်ငါးသင်းကို။ ။ ခါခြင်းပြီးစေ အောင်ပွဲတည်း" (ပိုဒ်၊၆ဝ၇)။

## ဆုထူးပန်တို့၏အကြောင်း အတ္ထုပ္ပတ်

ပစ္စေကဗုဒ္ဓါအလောင်းအလျာတို့ ၂-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ပြီးလျှင် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်တော်မူပုံ အတ္ထုပ္ပတ္တိများကို သုတ္တနိပါတ်ပါဠိတော်(၂၈၄-၂၉၀), ပစ္စေကဗုဒ္ဓအပဒါန်ပါဠိတော်(၈-၁၆), စူဠနိဒ္ဒေသပါဠိတော်(၂၉၉-၃၀၇), သုတ္တနိ၊ဋ္ဌ၊၁။၄၂-၁၁၉။အပ၊ဋ္ဌ၊၁။၁၄၂-၂၂၈။ စူဠနိ၊ဋ္ဌ။၈၈-၁၃၈။ နှင့် သမန္တစက္ခုဒီပနီ၊ သတ္တမတွဲ၊ ၁၂၀- ပုဏ္ဏာ, ဝိသုဒ္ဓိနာစသည်တို့၌ ကြည့်ရှုရာ၏။ အဂ္ဂသာဝက ၂-ပါးနှင့်တကွ ၈၀-သော မဟာသာဝကတို့၏ အကြောင်းအရာတို့ကို ထေရာပဒါန်ပါဠိတော်နှင့် ကောဂ်တ္တရအဋ္ဌကထာ (၉၆-၂၆၀)တို့၌ ကြည့်ရှုရာ၏။

## ဆုထူးပန်ဆရာတော်

ပြဆိုခဲ့ပြီး ဆုကြီးပန်, ဆုထူးပန်ပုဂ္ဂိုလ်မြတ်တို့၏ အကြောင်းအရာနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ, အဂ္ဂမဟာပဏ္ဍိတ ဆရာတော်

အရှင်ပဏ္ဍိတမဟာထေရ်မြတ်၏ အကြောင်းအတ္ထုပ္ပတ်အကျဉ်းမျှကို ဖော်ပြလိုပေသည်။

ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် မင်းကန်ကြီးကျေးရွာ ခမည်းတော် ဦးသာရွှန်း+ မယ်တော် ဒေါ်သိန်းကြွယ်တို့မှ ၁၂၉၉-ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၇)ရက် ကြာသပတေးနေ့၌ ဖွားမြင်သော သားရတနာဖြစ်သည်။

ဆရာတော်ကို ငယ်စဉ်အခါက မသိခဲ့ရသော်လည်း မိမိက ၃-ဝါမြောက် ဆုထူးပန်ဆရာတော်က ၄/၅-ဝါမြောက်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်အတွင်း အတူတကွနေထိုင်ခဲ့ခြင်း, ဆုထူးပန်ဆရာတော်နှင့် ဆက်စပ်မှုရှိသော မြို့နယ်အနီးဒေသသားဖြစ်ခြင်းတို့ကြောင့် ခင်မင်ရင်းနှီးခဲ့ရသည်။ ဆရာတော် ရန်ကုန်သို့ ရောက်သွားသောအခါလည်း မကြာမကြာ တွေ့ခဲ့ရသည်၊ ထို့ကြောင့် ဆုထူးပန်ဆရာတော်၏ စိတ်နေစိတ်သဘောထား, လုပ်ဆောင်ချက်များကို ကောင်းကောင်းသိခဲ့ရသည်။

ဆရာတော်ကား ငယ်ရွယ်စဉ်အခါက ဆရာကောင်း ဆရာမြတ်များထံတွင် ပညာသင်ယူခဲ့ရ၍ ရဟန်းငယ်ဘဝကပင် အစိုးရ ပထမပြန်အငယ်, အလတ်, အကြီးတန်းများနှင့်တကွ သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့သည်၊ ၁၃၂၂-ခုနှစ်မှ ၁၃၂၅-ခုနှစ်အထိ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌လည်းကောင်း၊ ၁၃၂၆-ခုနှစ်မှ ၁၃၃၂-ခုနှစ်အထိ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌လည်းကောင်း စာချနာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၃၃၃-ခုနှစ်၌ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် မင်းသားဂရိတ်ဖိုးစိန်ကြီး၏ အိမ်ဟောင်းကို သက်ဆိုင်ရာပုဂ္ဂိုလ်တို့က လှူဒါန်းသဖြင့် "ဆုထူးပန် ပရိယတ္တိရွှေကျင်ကျောင်းတိုက်"ဟု ကမ္ပည်းတပ်ကာ စာသင်ကျောင်းတိုက်အဖြစ် ထူထောင်ခဲ့သည်။ ယခုအခါ ၁၀၀-ကျော် သံဃာတော်တို့အား နံနက်ဆွမ်း, နေ့ဆွမ်းများ ပြည့်စုံလုံလောက်အောင် စီစဉ်ပြီးလျှင် အစိုးရ ပထမပြန်တန်း, ဓမ္မာစရိယတန်းနှင့် သာမဏေအလင်္ကာရတန်းတို့ကို ပို့ချပေးလျက်ရှိသည်။

## ဆုထူးပန်ဆရာတော်၏ ဆောင်ရွက်ချက်များ

ဆရာတော်သည် ငယ်စဉ်အခါက သလ္လာဝတီ မုံရွာခရိုင်သား ဖြစ်၍ သလ္လာ ဦးပဏ္ဍိတ(သလ္လာပဏ်) ဟူသောအမည်ဖြင့် ထင်ရှားခဲ့သော်လည်း ဆုထူးပန်ကျောင်းတိုက်ကို တည်ထောင်ပြီးချိန်မှ စ၍ "ဆုထူးပန် ဆရာတော်"ဟု ထင်ရှားကျော်စောလာသည်။ မိမိလည်း ဤဆရာတော်သည် ပရိယတ္တိကျမ်းစာများကို အစဉ်အမြဲ ဆောင်ရွက်နေသောကြောင့် မဟာ- သာဝက, အဂ္ဂသာဝက, ပစ္စေကဗောဓိနှင့် သမ္မာသမ္ဗောဓိဆုများတွင် တစ်ဆုဆုကို ပန်ဆင်ထားသော ဆုထူးပန်မထေရ်မြတ် ဖြစ်လိမ့်မည်ဟု ယုံကြည်မိပေသည်၊ ဆရာတော် သက်တော်ရွယ်တော် ကြီးရင့်လာသည်နှင့် အမျှ ဆရာတော်၏ ဆောင်ရွက်ချက်တို့ကား ထက်မြတ်ကြီးမြင့်လာလေ သည်။

ဆုထူးပန်ဆရာတော်သည် ၁၃၄၇-ခုနှစ်မှစ၍ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဖြစ်သည့်အပြင် တာမွေမြို့နယ် သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌတာဝန်, ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယက တာဝန်, ၁၃၆၂-ခုနှစ်မှစ၍ နိုင်ငံတော် ထေရဝါဒဗုဒ္ဓသာသနာပြုအဖွဲ့ ဩဝါဒါစရိယတာဝန်တို့ကို ထမ်းဆောင်တော်မူရသည်။

ထို့ပြင် (၁) မအူပင်မြို့ မိဘဂုဏ်ရည် သွေးလှူရှင်အသင်းကြီး၏ ဩဝါဒါစရိယ (၂) မျက်ကြည်လွှာအလှူ နာရေး ကူညီရေးအသင်း၏ ဩဝါဒါစရိယ (၃) ဖျာပုံမြို့ စက္ခုဒါနအသင်း၏ ဩဝါဒါစရိယ (၄) ရန်ကုန် မြို့ ၁၉-လမ်း တရုတ်ဗုဒ္ဓဘာသာအသင်းကြီး၏ ဩဝါဒါစရိယ (၅) တာမွေ မြို့နယ် အရိုးကုန်းရပ်ကွက် ဓမ္မာရုံ ဆွမ်းလောင်းအသင်းကြီး၏ ဩဝါဒါ- စရိယ (၆) တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက် သာသနဟိတဓမ္မာရုံ စနေပါတ် ဆွမ်းလောင်းအသင်းကြီး၏ ဩဝါဒါစရိယတာဝန်တို့ကိုလည်း ထမ်းဆောင်တော်မူရသေးသည်။

## ဆုထူးပန်ဆရာတော်၏ ကောင်းမှုတော်များ

ဆုထူးပန်ဆရာတော်သည် ဤမျှ များပြားသောတာဝန်တို့ကို ထမ်းဆောင်နေသည့်အကြားမှပင် ဖော် ပြလတ္တံ့ပါ ကောင်းမှုကုသိုလ်တို့ကို မိမိတစ်ပါးတည်း ဦးစီးဦးဆောင်ပြု၍လည်းကောင်း, အခြားသောပုဂ္ဂိုလ်တို့နှင့် တွဲဖက်၍လည်းကောင်း ကြံ့စည်အားထုတ် ပြုလုပ် ဆောင်ရွက်တော်မူသည်။

(၁) သန်လျင်မြို့ အောင်ချမ်းသာ ၃-ရပ်ကွက် ဆုထူးပန် ဝါးတောမြတ်မွန် ဝေဠုဝန်ဓမ္မရိပ်သာကြီး၌လည်းကောင်း၊

(၂) သန်လျင်မြို့ အောင်ချမ်းသာ ၄-အေးမေတ္တာရပ်ကွက် အလွှမ်းဆွတ်ကျေးရွာ ဆုထူးပန် သီရိမင်္ဂလာကန်တော် ပရဟိတဘာ / က ကျောင်း၌လည်းကောင်း ၃၀၀-ကျော် ကလေးသူငယ်တို့အား တတ်စွမ်းသမျှ ကျွေးမွေး၍ စတုတ္ထတန်းအထိ အခမဲ့ ပညာသင်ပေးခဲ့ခြင်း၊

(၃) မိဘဘိုးဘွားများ နေထိုင်ရာ ယင်းမာပင်မြို့နယ် ဆကေသခာတု "ဆံတော် ၆-ဆူ" ပေါ်တော်မူကပ်ကျော်စေတီတော်ကြီး တည်ထားပူဇော်ခြင်း၊

(၄) ဆုထူးပန်ကျောင်းတိုက်အတွင်းရှိ ကိုးတောင်ပြည့်စေတီတော်ကို ငုံ၍ ဆုထူးပန် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ကြီး တည်ထားပူဇော်ခြင်း၊

(၅) မအူပင်မြို့နယ် ပန်တမွတ်ချောင်း ရွှေဂျိုးဖြူ မူလခဲသိုက်အနီး ၁၀၈-တောင် ရန်မျိုးအောင်စေတီတော်ကြီး (ရပ်ရှင်မင်းသားကိုလူမင်း, ဆုကြီးပန် ဦးသိန်းလှိုင်တို့နှင့် တွဲဖက်၍) ရွှေထီးတော်တင်လှူခြင်း၊

(၆) ပန်တမွတ်ကျေးရွာမှ ၇-မိုင်ခန့်ဝေးသော ဘုရားသုံးဆူ ကျေးရွာ၌ ဆုထူးပန် မြဘုန်းရှိန် နောင်တော်ကြီး စေတီတော်ကြီး ပြုပြင် တည်ထားပူဇော်ခြင်း၊

(၇) မိုးကုတ်မြို့ အရှေ့တောင် ၃-မိုင်ကွာ ဖြူရောင်ရွာ၌ ကမ္ဘောဇ ခတ်ပေါင်းစု နန်းမြို့ဦးစေတီ တည်ထားပူဇော်ခြင်း၊

(၈) မိုးကုတ်မြို့ စစ်မင်းကြီးတောင်ပေါ် ဣန္ဒာသယ ပတ္တမြားမြတ်ရှင် ဆုတောင်းပြည့်စေတီတော်ကြီး(မိုးကုတ်မြို့ သတိပဋ္ဌာန်ဆရာတော် ဦးသုနန္ဒနှင့် တွဲဖက်၍) တည်ထားပူဇော်ခြင်း၊

(၉) စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် မူးမန္တလေးရွာအနီး ငါးကင်းကျေးရွာ၌ (က) အလိုတော်ပြည့် လက်ဝဲဘုရားစေတီ (ခ) အလိုတော်ပြည့် လက်ျာစေတီ (ဂ) ရွှေရပ်တော်စေတီ တည်ထားပူဇော်ခြင်း၊

(၁၀) သန်လျင်မြို့နယ် အောင်ချမ်းသာ ၃-ရပ်ကွက် ၄-ရပ်ကွက်ရှိ ဆုထူးပန်ကျောင်းတိုက်၌ အောင်ချမ်းသာစေတီ ၂-ဆူ တည်ထား ပူဇော်ခြင်း၊

(၁၁) (က) မြန်အောင်မြို့၌ ဆုကြီးပန်စေတီ (ခ) ကနောင်မြို့၌ ဆုထူးပန် စေတီတို့ကို(ရုပ်ရှင်မင်းသား ကိုလူမင်း၊ ဖခင် ဆုကြီးပန်ဦးသိန်းလှိုင် တို့နှင့်တွဲဖက်၍) တည်ထားပူဇော်ခြင်း။

## နိဂုံးချုပ်

ဆုထူးပန်ဆရာတော်၏ ဆောင်ရွက်ချက်နှင့် ကောင်းမှုကုသိုလ် တို့ကို အပြည့်အစုံ ရေးသားဖော် ပြခြင်းငှါ မစွမ်းနိုင်ပါ၊ မိမိသိရှိသမျှသာ ဖော်ပြနိုင်ပါသည်၊ သမ္မာသမ္ဗောဓိဆုကြီးပန်ဖြစ်တော်မူသော အဘယာရာမ ရွှေဂူဆရာတော်ဘုရားကြီးသည် မာဂဓ, သက္ကတ နိဿယကျမ်းပေါင်းများ

ကို ရေးသားစီရင်တော်မူသည့်အပြင် ကျမ်းအိပ်ခေါ် ပဏ္ဏာသဋီကာ, သံယုတ်ဋီကာကျမ်းတို့ကို အသန့်စင်ဆုံး အကောင်းမြတ်ဆုံးဖြစ်အောင် သုတ်သင်ပြင်ဆင်တော်မူသည်။ ဤသို့ ပြင်ဆင်ကြိုးပမ်းရခြင်းကြောင့်-

"သောခနေ့ စေဟ နာလတ္ထံ၊ သောခိတံ ကိဉ္စိ ပေါတ္ထကံ။
သောခေသိ သဗလာ တေန၊ သဖလံ ဇီဝိတံ မမ။

ဤပဏ္ဏာသဋီကာကျမ်းကို သုတ်သင်ရာ၌ သုတ်သင်ပြီးဖြစ်သော ဋီကာကျမ်း တစ်စုံတစ်ခုကိုမျှ ငါသည် မရရှိခဲ့၊ မိမိ၏ဉာဏ်စွမ်းဖြင့်သာ သုတ်သင်ပြင်ဆင်ခဲ့ရ၏၊ ထို့ကြောင့် ငါ၏ အသက်ရှင်ခြင်းသည် အကျိုးရှိပါပေစွ"

ဟု ဆိုကြီးပန် အဘယာရာမဆရာတော်ဘုရားကြီး ဥဒါန်းကျူးတော်မူသကဲ့သို့ ဆုထူးပန်ဆရာတော်ဘုရားသည်လည်း မိမိ ကောင်းမှုကုသိုလ်ပါရမီများကို ကြံစည်အောက်မေ့ကာ "ငါ၏ အသက်ရှင်ခြင်းသည် အကျိုးရှိပါပေစွ၊ ငါ ပန်ဆင်ထားသည့် ဆုထူးဆုမြတ်သည်လည်း လျင်မြန်စွာ ပြည့်စုံပါစေသား" ဟု ပတ္ထနာအောင်ဆု ပြုနေမည်ဖြစ်ကြောင်း ဖေါ်ပြရင်း ဤ "**ဆုထူးပန်ဆင် ထေရ်အရှင်**"စာတမ်းကို နိဂုံးကမ္ပတ် အဆုံးသတ်ရပါသတည်း။

အရှင်အဂ္ဂဉာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

# ပရိယတ္တိဝိသာရဒ ဂန္ထကာရကပုဂ္ဂိုလ်

"သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓဟူသော သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသည် သာလျှင် အရင်းမူလပဘဝဖြစ်၏"ဟု သာသနာနှစ် လေးရာကျော်ကာလ စတုတ္ထသင်္ဂါယနာ မတင်မီကပင် သီရိလင်္ကာသာသနာပြု အရှင်မဟိန္ဒ မထေရ်၏ သိဿာနုသိဿတပည့်များက ဆုံးဖြတ်ထားပြီး ဖြစ်သည် (အံ၊ဋ္ဌ၊၁။၇၁-၂)။ သာသနာတော်နှစ် ကိုးရာကျော်တွင် ပေါ်ပေါက်လာသော အရှင်မဟာဗုဒ္ဓဃောသ၏ အဋ္ဌကထာကျမ်း (သံ၊ဋ္ဌ၊၂။၁၇၈)၌လည်း ဤသို့ မိန့်ဆိုထားသည်။

> "ပိဋကသုံးပုံဟူသော မြတ်စွာဘုရား၏ စကားတော်များ ထင်ရှားရှိနေသမျှ သာသနာကွယ်ပပြီဟူ၍ မဆိုသင့်ပေ၊ ပိဋကသုံးပုံ အလုံးစုံကို မဆိုထားဘိ ဝိနယပိဋက၏ အစိတ်အပိုင်းဖြစ်သော ဘိက္ခု, ဘိက္ခုနီမာတိကာ (ပါတိမောက်နှစ်စောင်) ထင်ရှားရှိနေလျှင်ပင် သာသနာမကွယ်သေးပေ၊ ထိုပါတိမောက်နှစ်စောင် ကွယ်ပလျှင်ကား ပရိယတ္တိသာသနာ ကွယ်ပပြီးဖြစ်၏၊ ပရိယတ္တိသာသနာ ကွယ်ပလျှင်လည်း သာသနာကွယ်ပသည်မည်၏၊ အဘယ့်ကြောင့်ဆိုသော်—ပရိယတ္တိသည် ပဋိပတ္တိ၏အကြောင်းဖြစ်၍ ပဋိပတ္တိသည်လည်း ပဋိဝေဓ၏အကြောင်းဖြစ်သောကြောင့်တည်း။ ဤသို့လျှင် ပဋိပတ္တိထက်လည်း ပရိယတ္တိသည်သာ လိုရင်း ပဓာန ပမာဏဖြစ်သည်"။

## ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်

“ပိဋကသုံးပုံဟူသော ပရိယတ္တိတည်ရှိနေသမျှ သာသနာကွယ်ပသည် မမည်”ဟူရာ၌ ပိဋကသုံးပုံ တည်ရှိနေရုံမျှဖြင့် သာသနာမကွယ်သေးဟု ဆိုလိုသည်မဟုတ်ပေ၊ ပရိယတ္တိနှင့် ထိုပရိယတ္တိ၌ လိမ္မာကျွမ်းကျင်သော ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်များ ထင်ရှားရှိနေသမျှ ကာလပတ်လုံး သာသနာမကွယ်သေးဟူ၍သာ ဆိုလိုရင်းဖြစ်ပေသည်။

ထို့ကြောင့် ပရိယတ္တိနှင့် ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်တို့၏အကြောင်းကို ကောင်းစွာသိထားသင့်ပေသည်၊ ဤအကြောင်းကို မဏိသာရမဉ္ဇူသာဋီကာ (၁၊ ၁၂) ၌ ဤသို့ ဖွင့်ဆိုထားလေသည်။

> “ပရိယတ္တိဟူသည် အဋ္ဌကထာနှင့်တကွသော ပိဋကသုံးပုံ ပါဠိတော်များတည်း။ ဝိသာရဒဟူသည် မကြောက်မရွံ့ ရဲရင့်သောသူတည်း။ ဤ၌ ရဲရင့်သောသူဟူသည်မှာ အလုံးစုံသော ပရိယတ္တိကို နှုတ်ဖြင့်လေ့လာပြီးခြင်း, စိတ်ဖြင့် အဖန်ဖန် ဆင်ခြင်ပြီးခြင်း၊ အနက်အားဖြင့်လည်းကောင်း, အကြောင်းယုတ္တိအားဖြင့်လည်းကောင်း ပညာဉာဏ်ဖြင့် ကောင်းစွာ ထိုးထွင်းသိမြင်ပြီးဖြစ်ခြင်းတို့ကြောင့် အလုံးစုံသော အနက်အဓိပ္ပါယ်ကို ဆုံးဖြတ်နိုင်သည့် ဝိနိစ္ဆယဉာဏ်နှင့် ပြည့်စုံသော တောအုပ်ကြီးအတွင်း အငြိအတွယ်မရှိ ကိုယ်၏ ကျက်စားခြင်းရှိသော ကေသရခြင်္သေ့မင်းကဲ့သို့ အလုံးစုံသော ပရိယတ္တိ (ကျမ်းဂန်) တို့၌ အငြိအတွယ်မရှိ ဉာဏ်၏ ကျက်စားခြင်းရှိသော မကြောက်မရွံ့ ရဲရင့်သော ပုဂ္ဂိုလ်တည်း”။

## သီရိလင်္ကာ ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်များ

ဖေါ်ပြပြီး ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်တို့သည် အရပ်ဒေသအားလုံး၌ အခါခပ်သိမ်း ပေါ်ပေါက်နိုင်သည်မဟုတ်ပေ၊ ဒုလ္လဘတရ ပုဂ္ဂလဝိသေသ များ ဖြစ်သောကြောင့် ခေတ်ကောင်းအခါကောင်းနှင့် ပတိရူပဒေသတို့၌သာ ပေါ်ပေါက်ကြသည်။

စတုတ္ထသင်္ဂါယနာတင်ပြီးနောက် သာသနာနှစ် ငါးရာကျော်တွင် မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေနမထေရ်တို့ ပေါ်ထွန်းလာ၍ "မိလိန္ဒ-ပဉှပါဠိ"ဟူသော နောက်ဆုံးပေါ် ပါဠိတော်ကျမ်းကြီး ပေါ်ပေါက်ခဲ့သည်။

သာသနာတော်နှစ် ကိုးရာကျော်တွင် အရှင်မဟာဗုဒ္ဓဃောသနှင့် အရှင်ဗုဒ္ဓဒတ္တမထေရ်မြတ်တို့ ပေါ်ထွန်းလာကြသဖြင့် ပိဋကသုံးပုံ၏ သင်္ဂဟအဋ္ဌကထာကျမ်းများ ဝိနယဝိနိစ္ဆယကျမ်း, ဥတ္တရဝိနိစ္ဆယကျမ်း, အဘိဓမ္မာဝတာရကျမ်းနှင့် ဗုဒ္ဓဝံသအဋ္ဌကထာကျမ်းတို့ ပေါ်ပေါက်ခဲ့ကြသည်။

သာသနာနှစ် ၁၁/၁၂ ရာစုခန့်တွင် အဘိဓမ္မာအဋ္ဌကထာသုံးကျမ်း၏အဖွင့် မူလဋီကာကျမ်းပြု အရှင်အာနန္ဒာနှင့် ကျန်ခုဒ္ဒကနိကာယ် အဋ္ဌ-ကထာအချို့နှင့် ဒီဃ, မဇ္ဈိမ, သံယုတ္တနိကာယ်ဋီကာ, အနုဋီကာ, ဝိသုဒ္ဓိ-မဂ္ဂမဟာဋီကာကျမ်းပြု အရှင်ဓမ္မပါလ မထေရ်မြတ်တို့ ပေါ်ပေါက်တော်မူခဲ့ကြသည်။

သာသနာနှစ် ၁၇၀၀-ကျော်တွင် မောဂ္ဂလ္လာန်ဗျာကရဏ်းကျမ်းပြု အရှင်မောဂ္ဂလ္လာန်နှင့် ယင်း၏ ပစ္စက္ခတပည့် ပဒသာဓနကျမ်းပြု အရှင် ပိယဒဿီတို့ ပေါ်ပေါက်ကြသည်။

သာသနာနှစ် ၁၇၀၀-ကျော် ၁၈၀၀-အတွင်း၌ ဝိနယသင်္ဂဟအဋ္ဌ-ကထာ, သာရတ္ထဒီပနီဋီကာ, သာရတ္ထမဉ္ဇူသာမည်သော အင်္ဂုတ္တရဋီကာနှင့်,

စာန္တြပဋိကာ၏အဖွင့် စာန္တြပဋိကာလင်္ကာရကျမ်းတို့ကို ရေးသားစီရင်သော အရှင်သာရိပုတြာမထေရ်မြတ် ပေါ်ပေါက်တော်မူသည်။

ထိုအရှင်သာရိပုတြာ၏ ပရိယတ္တိဝိသာရဒဂုဏ်တော်ကို မောဂ္ဂလ္လာန်-ပဉ္စိကာဋီကာ, သမ္ဗန္ဓစိန္တာ, ခုဒ္ဒသိက္ခာဋီကာသစ်, သုဗောဓာလင်္ကာရ စာကိုယ်, ဋီကာ(ဟောင်း), ဝုတ္တောဒယဆန်းကျမ်းစသော ကျမ်းပေါင်းများ စွာကို ရေးသားစီရင်သော တပည့်ဖြစ်သူ အရှင်သံဃရက္ခိတမဟာသာမိ မထေရ်က —

သာရိပုတ္တံ မဟာသာမိ-နေကသတ္ထဝိသာရဒံ။<br>မဟာဂုဏံ မဟာပညံ၊ နမော မေ သိရသာ ဂရုံ။

ဟူ၍ ခုဒ္ဒသိက္ခာအဘိနဝဋီကာ ဂန္ထာရမ္ဘ၌ ချီးကျူးထောမနာ ပြုတော်မူ သည်။ ထို့အတူပင် အဘိဓမ္မတ္ထဝိဘာဝိနီ, အဘိဓမ္မတ္ထဝိကာသိနီဋီကာ-စသော ကျမ်းပေါင်းများစွာကို ရေးသားစီရင်တော်မူသော အရှင်သုမင်္ဂလ-သာမိမထေရ်ကလည်း သူ၏ဆရာ အရှင်သာရိပုတြာမထေရ်မြတ်အား-

သာရိပုတ္တံ မဟာထေရံ၊ ပရိယတ္တိဝိသာရဒံ။<br>ဝန္ဒိတွာ သိရသာ ဓီရံ၊ ဂရုံ ဂါရဝဘာဇနံ။

ဟူ၍ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ ဂန္ထာရမ္ဘ၌ ထောမနာပဏာမ ပြုတော် မူသည်။

## မြန်မာနိုင်ငံ ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်များ

ဤကား ဇမ္ဗူဒီပ(အိန္ဒိယ)ပြည်တောင်ပိုင်းနှင့် သီရိလင်္ကာ(သီဟိုဠ်ကျွန်း)၌ ထင်ရှားကျော်ကြားသော ပရိယတ္တိဝိသာရဒပုဂ္ဂိုလ် အချို့တို့ ဖြစ်သည်၊ မြန်မာနိုင်ငံ၌လည်း ပုဂံခေတ်မှစ၍ ယနေ့တိုင်အောင် သူ့ခေတ်နှင့်သူ တံခွန်ထူသော ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်ခဲ့ကြသည်။

အထူးအားဖြင့် အရိမဒ္ဒနပုဂံပြည်၌ ပရိယတ္တိဝိသာရဒ ပုဂ္ဂိုလ်ကျော်သုံးပါး ပေါ်ခဲ့ကြောင်းကို သာသနာလင်္ကာရစာတမ်း၌ ဤသို့ ဖော်ပြထားလေသည်။

"ပုဂံတွင် ရှင်ဥတ္တရာဇီဝ, ရှင်ဆပ္ပဒတို့ သီဟိုဠ်သို့ မကူးမီကပင် ကျမ်းတတ်ကြီးအကျော် သုံးပါးရှိ၏။ ၁/ ဥပဇ္ဈာယ်ဖြစ်သော ရှင်မဟာအဂ္ဂပဏ္ဍိတ, ၂/ ဥပဇ္ဈာယ်ယူ တပည့်ဖြစ်သော ဒုတိယအဂ္ဂပဏ္ဍိတ, ၃/ ထိုဆရာ၏တူဖြစ်သော တတိယအဂ္ဂပဏ္ဍိတ၊ ဤသုံးပါးတွင် တတိယအဂ္ဂပဏ္ဍိတဆရာသည် သဒ္ဒနီတိကျမ်းကို စီရင်၏၊ အဂ္ဂဝံသအမည်ဖြင့်လည်း နိဂုံး၌ဆိုသည်၊ ထိုကျမ်းကို စီရင်သည်တွင် ပုဂံသားရဟန်းများ သဒ္ဒါတတ်လှသည်ဟူ၍ သီဟိုဠ်တိုင်အောင် ကျော်စောလေသောကြောင့် သီဟိုဠ်သား သဒ္ဒါတတ်ရဟန်းများ ပြိုင်ဆိုင်မည်ဟု ပုဂံသို့ ကူးလာကြသည်၊ ပုဂံသားရဟန်းများက သဒ္ဒနီတိကျမ်းကို ထုတ်၍ပြသည်ကို ကြည့်ရှုကြပြီးလျှင် သဒ္ဒါအရာတွင် သည်ကျမ်းကဲ့သို့ သီဟိုဠ်မှာလည်းမရှိပေ၊ သည်ကျမ်းတွင် လာသည့်အတိုင်း အကုန်အစင် ငါတို့လည်း မတတ်နိုင်ချေဟုဆို၍ သီဟိုဠ်ရဟန်းများ ပြန်သွားလေသည်ဟု ယခုထက်တိုင်အောင် ဥဒါန်းစဉ်ရှည် ပြောဆိုကြသည်"။

သဒ္ဒနီတိကျမ်း၏ နိဂုံး၌လည်း ဤသို့ ဖော် ပြထားသည်။

"ပါကဋာ ခေ ရဝိန္ဒုဝ၊ ယဿ ကိတ္တိ မဟီတလေ။
အဂ္ဂဝံသာစရိယေန၊ တေန ဝိရစိတံ ဣဒံ။

ဣတိ သမန္တဘဒ္ဒဿ မဟာအဂ္ဂပဏ္ဍိတဿ သန္တိကေ ဂဟိတုပ-ပဇ္ဇေန တံသိဿဿ သမန္တဘဒ္ဒဿ အဂ္ဂပဏ္ဍိတဿ ဘာဂိနေယျေန ပဋိလဒ္ဓတံနာမဓေယျေန သုသမ္ဗုဒ္ဓိယေန ကရုဏာသမ္ပတ္တိဇနိတနိရဝဇ္ဇ-

ဝစနေန အရိမဒ္ဒနပုရဝါသိနာ အဂ္ဂဝံသာစရိယေန ကတံ သဒ္ဒနီတိပ္ပကရဏံ နိဋ္ဌိတံ။

ပုဂံခေတ်၌ ဤမှတစ်ပါး များစွာသော ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်များလည်း ပေါ်ထွန်းတော်မူခဲ့ကြသည်၊ ထို့အတူပင် မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အင်းဝ, ကုန်းဘောင်ခေတ်မှ ယနေ့တိုင်အောင် မြန်မာနိုင်ငံခေတ်အဆက်ဆက်၌ ကျမ်းတတ်ခေါ်ဆို ပရိယတ္တိဝိသာရဒပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့ကြပေသည်။ ဤ၌ နမူနာအဖြစ် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၏ ပရိယတ္တိဝိသာရဒဂုဏ်ကို သိသာရုံမျှ ဖော်ပြလိုပေသည်။

## ကျမ်းပြုဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသသည် မန္တလေးတိုင်း ငါန်းဇွန်မြို့နယ် ရွှေတောင်ရွာ ခမည်းတော် ဦးဘသင် + မယ်တော် ဒေါ်ငွေသော့တို့မှ ၁၂၉၉-ခုနှစ် နယုန်လဆန်း ၅-ရက် (၁၃-၅-၁၉၃၇) ကြာသပတေးနေ့၌ ဖွားမြင်၍ ထိုရွာ၌ပင် ရှင်သာမဏေအဖြစ်ဖြင့် ဦးရီးတော် ဆရာတော်ဘဒ္ဒန္တတေဇဝန္တ အထံတွင် ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ယူခဲ့သည်။

၁၃၁၅-ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ပထမဂန္ဓာရုံဆရာတော်နှင့် စာချဘုန်းတော်ကြီးများအထံ၌ ပထမပြန်ဆိုင်ရာ ကျမ်းစာများကို လေ့လာသင်ယူကာ ရှင်သာမဏေဘဝနှင့်ပင် ပထမပြန် အငယ်, အလတ်, အကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ရဟန်းသိက္ခာ ၂-ဝါအရတွင် အစိုးရသာသနဓဇသိရီပဝရဓမ္မာစရိယစာချဘွဲ့ကို ရရှိခဲ့သည်၊ ရဟန်းသိက္ခာ ၈-ဝါ, ၁၀-ဝါအရတွင် စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဘွဲ့နှင့် ပရိယတ္တိသာသနဟိတ (သကျသီဟ) ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

ဆက်လက်၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌ နေထိုင်ကာ ပရိယတ္တိကျမ်းစာများကို ပို့ချလျက် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖြစ် ၁၀-နှစ်ခန့် ဆောင်ရွက်ပြီးလျှင် ၁၃၄၁-ခုနှစ် မှစ၍ ရန်ကင်းမြို့နယ် မဟာဗောဓိပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်အဖြစ်ဖြင့် ပထမပြန်, ဓမ္မာစရိယတန်းဆိုင်ရာ စာဝါများကို ပို့ချ ခဲ့သည်။

ကျမ်းစာပို့ချယင်း ရေးသားပြုစုအပ်သော ကျမ်းစာများမှာ — ၁။ သဒ္ဒတ္ထဘေဒစိန္တာဝဗောဓိ ၂။ မောဂ္ဂလ္လာနာဝဗောဓိ (ပထမပိုင်း) ၃။ မောဂ္ဂလ္လာနာဝဗောဓိ (ဒုတိယပိုင်း) ၄။ မောဂ္ဂလ္လာန်ဂိုဏ်းစဉ် ၅။ မောဂ္ဂလ္လာန်သုတ်နက်နှင့် ရုပ်တွက်ပုံ (ပထမပိုင်း) ၆။ မောဂ္ဂလ္လာန် သုတ်နက်နှင့် ရုပ်တွက်ပုံ (ဒုတိယပိုင်း) ၇။ ပဋ္ဌာန်းဇယားပို့ချချက် ၈။ အထက်ယမိုက် ပို့ချချက် ၉။ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး ၁၀။ မဟာ ဇယမင်္ဂလာဂါထာနိဿယ ၁၁။ မဟာဗောဓိကစ္စည်းသုတ်နက် ၁၂။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် ၁၃။ သားတော်ရာဟုလာ ၁၄။ အနတ္တလက္ခဏာ သုတ်ရှင်းလင်းချက် ၁၅။ တောင်ကိုရီးယားနိုင်ငံခရီးစဉ် တရားဒေသနာ တော်များ ၁၆။ ကျေးဇူးကြီးမား မိဘနှစ်ပါး ၁၇။ သဒ္ဒသာရတ္ထဇာလိနီ (သဒ္ဒါငယ်) နိဿယကျမ်း-စသည်တို့ဖြစ်သည်။

## ပရိယတ္တိဝိသာရဒဂုဏ်

ပြဆိုခဲ့ပြီး ကျမ်းစာများကို ကြားရရုံဖြင့် ဆရာတော် အရှင်ပဏ္ဍိတာ-ဘိဝံသ၏ ပရိယတ္တိဝိသာရဒဝန္တကာရကပုဂ္ဂိုလ်အဖြစ်ကို သိရှိနိုင်ပေသည်၊ အနည်းငယ် ထင်ရှားအောင် ပြဆိုပါမည်၊ အဋ္ဌကထာ, ဋီကာကျမ်းတို့တွင် မူလဋီကာကျမ်းကို အရေးအသား ကျစ်လျစ်သိပ်သည်းသောကြောင့် လည်းကောင်း, အနက်အဓိပ္ပါယ် သိမ်မွေ့နက်နဲသောကြောင့်လည်းကောင်း အလွန်ခက်ခဲသောကျမ်းဟူ၍ ပါဠိပညာရှင်များ အသိအမှတ်ပြုကြသည်၊

ထို့အတူပင် ပါဠိသဒ္ဒါကျမ်းများတွင်လည်း မောဂ္ဂလ္လာန်သဒ္ဒါကျမ်းသည် သက္ကတစာန္ဒြဗျာကရဏ်းကျမ်းကို များစွာမှီငြမ်းပြု ရေးသားသောကြောင့် လည်းကောင်း, ကစ္စည်းသဒ္ဒါကြီး၏ အသုံးအနှုန်းနှင့် မတူသော အသုံး အနှုန်းများသောကြောင့်လည်းကောင်း ခက်ခဲသောသဒ္ဒါကျမ်းဟု အသိ အမှတ်ပြုကြသည်။

မောဂ္ဂလ္လာန်သဒ္ဒါကျမ်းက ခက်ခဲသည့်အပြင် ယင်း၏မောဂ္ဂလ္လာန် နိသျ (အဘယာရာမ ဆရာတော် ပြုစု) ကျမ်းကလည်း ခက်ခဲပြန်သည်။ "မောဂ္ဂလ္လာန်နိသျမှာ အကြည့်ရှုရခက်ခဲကြောင်း၊ နိသျကိုပင် အနက်မထင် ဖြစ်ရကြောင်း" ဝေဖန် ညည်းညူခဲ့ကြသည်ဟု မှတ်တမ်းရှိသည်။ ထို့ ကြောင့်ပင် အရှင်ပဏ္ဍိတာဘိဝံသသည် ခက်ခဲလှသော မောဂ္ဂလ္လာန်ကျမ်း နှင့် မောဂ္ဂလ္လာန်နိသျတို့ကို စာသင်သားများ အလွယ်တကူ သိရှိနိုင်ရန် မောဂ္ဂလ္လာနာဝဗောဓိမည်သော မောဂ္ဂလ္လာန်နိဿယကျမ်းကို ကြိုးပမ်း ရေးသားတော်မူသည်။ ဤမောဂ္ဂလ္လာနာဝဗောဓိကျမ်း ထွက်ပေါ်လာခြင်း ကြောင့် မောဂ္ဂလ္လာန်ကျမ်းနှင့် ယင်း၏နိသျ အခက်အခဲများ လွယ်ကူ ပေါ်လွင်လာကြောင်းကို မောဂ္ဂလ္လာနာဝဗောဓိကျမ်း နိဒါန်း၌ ဤသို့ ဖော်ပြ ထားလေသည်။

> "ထို့ကြောင့် (မောဂ္ဂလ္လာနာဝဗောဓိ) ဤနိဿယကို ကြည့်လိုက်လျှင် မောဂ္ဂလ္လာန်စာကိုယ်သည် လွယ်ကူလာ သကဲ့သို့ ထင်ရသည်၊ ကျမ်းရင်းဆရာ၏ အာဘော်ကို စွဲ သွားအောင် မှတ်မိလာသည်၊ သို့ဖြစ်ရာ မောဂ္ဂလ္လာန်နှင့် ပို၍ ရင်းနှီးလာသည်၊ တစိမ်းပြင်ပြင် မည်သည့်အခါမှ မထင် မြင်တော့ပေ"။

## မောဂ္ဂလ္လာနာဝဟောဓိကျမ်း၏ ဂုဏ်ရည်များ

မောဂ္ဂလ္လာနာဝဟောဓိကျမ်း၏ အစွမ်းနှင့် အကျိုးအာနိသင်တို့ကို လည်း ကျမ်း၏နိဒါန်း၌ ဤသို့ ဖော်ပြထားလေသည်။

၁။ လေ့လာသူ ပုဂ္ဂိုလ်အပေါင်းသည် ဤနိဿယ အကူအညီဖြင့် မောဂ္ဂလ္လာန်သဒ္ဒါကျမ်းရင်းကို သိစွမ်းနိုင်ကြပေလိမ့်မည်။

၂။ မောဂ္ဂလ္လာန်ဆိုင်ရာ စာမေးပွဲများကိုလည်း ဖြေစွမ်းနိုင်ကြပေလိမ့် မည်။

၃။ မောဂ္ဂလ္လာန်အခြံအရံကျမ်းများနှင့် ဝိနိစ္ဆယဖြတ်ထုံး အစုံပါဝင် သည့် အဘယာရာမဆရာတော်၏ မောဂ္ဂလ္လာန်နိဿယကျမ်းကို လည်း သက်ဝင်နိုင်စွမ်း သိမြင်နိုင်စွမ်း ရှိကြပေလိမ့်မည်။

၄။ "ဗျာကရဏကေသရီ" ဗျာကရဏ်းတည်းဟူသော တောနက်ဂနိုင် မဟာမြိုင်တွင် ပိတ်ပင်ခြင်းကင်း ခြသေ့်မင်းနှင့် တူညီကာ မာဂဓ သဒ္ဒလက္ခဏာညှုပုဂ္ဂိုလ်များ ဖြစ်လာကြပေလိမ့်မည်။

၅။ ယင်းမာဂဓသဒ္ဒလက္ခဏာညှုပုဂ္ဂိုလ်များသည် သုနိက္ခိတ္တပဒဗျဉ္ဇန တို့ဖြင့် ပရိယတ္တိသဒ္ဓမ္မကို သင်ကြားပို့ချကာ သာသနာတော် အရှည်တည်တံ့ခိုင်မြဲအောင် သာသနာပြုနိုင်သည့် သာသနာပြု ပုဂ္ဂိုလ်ထူးများ ဖြစ်လာကြပေလိမ့်မည်။

၆။ နောက်ဆုံး ယထာသမ္ဘဝကာလတွင် .... အစိန္တေယျာနုဘာဝ ဖြစ်သော သမ္မာသမ္ဗုဒ္ဓ၏ အစိန္တေယျ ပါဠိနယကို အာရုံယူပြီး အာရမ္မဏူပနိဇ္ဈာန်တပ်ကာ အမတာကြွင်း နိဗ္ဗာန်နန်းသို့ ဦးတန်း ၍ ကြွလှမ်းနိုင်ကြပေလိမ့်မည်။

## အာသီသ

ဤမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင် ပဏ္ဍိတာဘိဝံသ၏ ပရိယတ္တိဝိသာရဒဂန္ထကာရကပုဂ္ဂိုလ်အဖြစ် ပေါ်လွင် ထင်ရှားလောက်ပေပြီ။ မဟာဗောဓိဆရာတော် ပို့ချရေးသားခဲ့သော ကျမ်း များကား များပြားလှပေသည်၊ ထိုကျမ်းများ၏ စွမ်းရည်သတ္တိ ဂုဏ်ကျေးဇူး တို့ကို ပြည့်စုံအောင်သုံးသပ်လျှင် ကျမ်းစာတစ်စောင်တစ်ဖွဲ့ပင် ဖြစ်နိုင်ပေ သည်၊ ထို့ကြောင့် မဟာဗောဓိဆရာတော်၏ ပရိယတ္တိဝိသာရဒ ဂန္ထ-ကာရကဂုဏ်တို့ကို အာရုံပြုလျက် ဆရာတော် သက်တော်ရာကျော် ရှည်တော်မူကာ အစွမ်းသတ္တိရှိသမျှ သာသနာပြုတော်မူနိုင်ပါစေ၊ ဆရာ တော်ကဲ့သို့သော ပရိယတ္တိဝိသာရဒ, ပဋိပတ္တိမာမက သာသနာ့အာဇာနည် အရှင်ကောင်း အရှင်မြတ်များ ထောင်သောင်းမက ပေါ်ထွန်းကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် နိဂုံးကမွတ် အဆုံးသတ်ရပေသတည်း။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး
၁၃၇၃-ခုနှစ် ဝါခေါင်လ

# ကျမ်းတတ်မဟာ - ထေရ်ဆရာ

## ကျမ်းဂန်တတ်သူ၊ စာတတ်သူ

ဖော်ပြပါ "ကျမ်းဂန်တတ်သူ၊ စာတတ်သူ" ဟူသောစကားနှင့် စပ်လျဉ်း၍ အနည်းငယ် တင်ပြလိုပေသည်။ "ကျမ်းဂန်တတ်သည်၊ စာတတ်သည်" ဟူသော စကားကို ပြောဆိုခဲ့သူမှာ အင်းဝခေတ် ကျမ်းဂန်တတ်အကျော် ဆရာတော် အရှင်မဟာအရိယဝံသပင်ဖြစ်ပေသည်။

ဤအကြောင်းအရာကို မရှင်းပြမီ မြန်မာနိုင်ငံ ပါဠိစာပေသမိုင်းကို အကျဉ်းမျှ ဖော်ပြလိုသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွာသာသနာ ရောက်လာသည့် အချိန်အခါကို ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက် အရ ဆိုရပါမူ ခရစ်နှစ် နှစ်ဦးပိုင်းလောက်ကဖြစ်ကြောင်း သိရှိရပေသည်။

ယင်းသို့ ရောက်ရှိခဲ့သော်လည်း ပုဂံခေတ်မတိုင်မီ ရှေးရာစုပေါင်းများစွာ ပျူခေတ်, မွန်ခေတ်တို့၌ ပေါ်ထွန်းခဲ့သော ပါဠိစာပေ အမွေအနှစ်ကို မြန်မာနိုင်ငံသားတို့ မရရှိခဲ့ကြပေ။ ပုဂံခေတ် ကျန်စစ်မင်းကြီး၏သားတော် ရာဇကုမာရမင်းသား ရေးထိုးခဲ့သော မြစေတီကျောက်စာနှင့် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော် ရွှေဂူကြီးဘုရား၌ ရေးထိုးထားသော ပါဠိကျောက်စာတို့သည် မြန်မာနိုင်ငံ ပါဠိစာပေခေတ်ဦး၏ သမိုင်းဝင် မှတ်တိုင်များ ဖြစ်ကြသည်။

ထို့နောက် ပုဂံခေတ်တွင် သဒ္ဒါဆိုင်ရာ, အဘိဓမ္မာဆိုင်ရာ ပါဠိကျမ်းစာများ အများအပြား ပေါ်ထွက်ခဲ့ကြသည်။ ယင်းတို့တွင် မြန်မာတစ်မျိုးလုံး

ဂုဏ်ယူထိုက်သော ပါဠိကျမ်းစာတစ်စောင်ကား အရှင်အဂ္ဂဝံသမထေရ်ရေးသားအပ်သော "သဒ္ဒနီတိ"ခေါ် သဒ္ဒါကျမ်းကြီးပင်ဖြစ်သည်။ ယင်းသဒ္ဒါကျမ်းကြီးကား မိမိ၏ သုတ်, ဝုတ္တိ, ဥဒါဟရဏ်တို့ဖြင့် ရေးသားအပ်သောကျမ်းဖြစ်၍ ထွက်ပေါ်ပြီး သဒ္ဒါကျမ်းများတွင် အပြည့်အစုံဆုံး အကြီးကျယ်ဆုံး သဒ္ဒါကျမ်းကြီး ဖြစ်လေသည်။

ထိုကျမ်းကြီးကို သီဟိုဠ်သား သဒ္ဒါတတ်ရဟန်းများက "သဒ္ဒါအရာတွင် သည်ကျမ်းကဲ့သို့ သီဟိုဠ်မှာလည်း မရှိပေ၊ သည်ကျမ်းတွင်လာသည့် အတိုင်း အကုန်အစင် ငါတို့လည်း မတတ်နိုင်ချေ"ဟု ပြောဆို ချီးမွမ်းကြသည်(သာသနာလင်္ကာရစာတမ်း)။ ကျမ်းဂန်တတ်သူ, စာတတ်သူ ဟူသည်မှာ ဤသို့သောပုဂ္ဂိုလ်မျိုး ဖြစ်ပေလိမ့်မည်။

ပုဂံခေတ် ကုန်လွန်ပြီးနောက် စစ်ကိုင်းနှင့် ပင်းယခေတ်တို့၌လည်း န္ယာသကျမ်း၏အဖွင့် နိရုတ္တိသာရမဉ္ဇူသာဋီကာကျမ်း၊ ဆူးတွင်းပစ် ဆရာတော် အရှင်နာဂိတ၏ သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါငယ်ကျမ်း၊ စတုရင်္ဂဗလအမတ်ကြီး၏ အဘိဓာန်ဋီကာကျမ်း-စသော ပါဠိစာပေကျမ်းဂန်များ ပေါ်ထွက်ခဲ့ကြသည်။ အဆိုပါ ကျမ်းပြုပုဂ္ဂိုလ်များလည်း "**ကျမ်းဂန်တတ်သူ၊ စာတတ်သူ**"များ ဖြစ်ကြပေသည်။

အင်းဝခေတ်တွင် အရှင်မဟာအရိယဝံသမထေရ်၏ မဏိသာရမဉ္ဇူသာဋီကာကျမ်း, မဏိဒီပကျမ်း, ဂဏ္ဌာဘရဏကျမ်း၊ တိလောကဂုရုဆရာတော်၏ ဓာတုကထာဋီကာဝဏ္ဏနာကျမ်း၊ စစ်ကိုင်း အရှင်တေဇောဒီပ၏ ပရိတ်ကြီးဋီကာကျမ်း၊ တောင်ဖီလာဆရာတော်၏ ဝိနယာလင်္ကာရဋီကာကျမ်း-စသည်တို့ ပေါ်ထွက်ခဲ့ကြသည်။

ယင်းကျမ်းပြုပုဂ္ဂိုလ်တို့တွင် ထုပါရုံစေတီဒါယကာ နရပတိမင်းကြီးလက်ထက် ရတနာပုရ အင်းဝပြည်ထဲတွင် ကျမ်းဂန်တတ်မြောက်လှသော အရှင်မဟာအရိယဝံသဆရာတော်သည် ပင်းယ စကားကျောင်းကပင် ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းများကို သင်ကြား၍ မိန်းမကိုယ်ဝန်ဆောင်

တစ်ရွက်ခန့် စာပေများကို ရွက်ဆောင်နိုင်လောက်အောင် နှုတ်တက်အာဂုံ ရွက်ဆောင်နိုင်ပါလျက် "ကျမ်းဂန်တတ်သည်၊ စာတတ်သည်" ဆိုသည့် သဘောကို မသိသေး၍ စစ်ကိုင်းအရပ်တွင် ကျမ်းဂန်တတ်သည့် ဆရာများထံ နည်းနာခံမည်ဟု စစ်ကိုင်းဘက်သို့ ကူးသွားလေသည်။

စစ်ကိုင်း၌ ကျမ်းဂန်အလွန်တတ်သည်ဟု ကျော်စောထင်ရှားတော်မူသော ရေငုံဘုန်းတော်ကြီးအထံတွင် စာဝါတောင်းရာ သင်ကြား လေ့ကျက်ဖူးသော ကျမ်းဂန်များကို မေးသည်တွင် မသင်ကြား မလေ့ကျက်ဖူးသော သင်ရိုးကျမ်းဂန် မရှိဖြစ်နေသည်။ ဤတွင် အရှင်မဟာအရိယဝံသက "ကျမ်းဂန်တတ်သည်၊ စာတတ်သည်"ဆိုသည့် အကြောင်းကို မသိပါသေးသောကြောင့် စာဝါတောင်းရပါသည်ဟု လျှောက်သည်။

ရေငုံဘုန်းတော်ကြီးက ဋီကာလက်သန်း (အဘိဓမ္မတ္ထဝိဘာဝိနီ = ဋီကာကျော်)ကို သင်တော့ဟု စာဝါပေး၍ ၃-ရက်တိုင်တိုင် အနက်သမ္ဗန်နည်း, ဝါကျ အတက်အထွက် စုဒ်စောဒနာထုတ်နည်း, ဝိဂြိုဟ်ဝစနတ္ထပြုနည်း, ဉာဉ်အရကောက်နည်း, အာဘော်သံဝဏ္ဏနာဖေါ်နည်း, သဒ္ဒါပုဒ်ပါဠိ၌ ဆုံးဖြတ်နည်း, နည်းဥပစာယူနည်း, ကြိယာငါးတန်ထုတ်နည်း, အနက်အဓိပ္ပါယ် ဆုံးဖြတ်နည်း-စသော ကျမ်းတတ်ပုဂ္ဂိုလ်တို့ သိသင့် သိထိုက်သော နည်းနာနယ အထူးထူးအပြားပြား သင်ကြားပြသတော်မူသည်။

၃-ရက်မြောက်အောင် သင်ကြားပြီးလျှင် အရှင်မဟာအရိယဝံသသည် ပြသသည့်နည်းအတိုင်း ဆင်ခြင်သုံးသပ်ကာ နှစ်ရက်, သုံးရက် စာတက်မလာဘဲ နေသည်။ ရေငုံဘုန်းတော်ကြီးက နှစ်ရက်, သုံးရက် စာတက်မလာကြောင်းကို မေးသောအခါ ပြသပေးသောနည်းကို အမှီပြု၍ ဆင်ခြင်ကြံစည်နေသောကြောင့် မလာခြင်းဖြစ်ပါသည်။

ယခုအခါ "ကျမ်းဂန်တတ်သည်၊ စာတတ်သည်" ဆိုသည့်အကြောင်းကို သိရပါပြီဟု လျှောက်သည်။ ရေငုံဘုန်းတော်ကြီးကလည်း "ယင်းသို့

ဖြစ်လျှင် ဋီကာလက်သန်းကို အရင်းအစ နှစ်ကန့်ပတ်လောက် သင်ကာမျှဖြင့် စာတတ်ပေသည်၊ ကျေးဇူးဆပ်သောအားဖြင့် ဋီကာလက်သန်းကိုပင် ဖွင့်လေ"ဟု မိန့်ဆိုတော်မူသည်။ အရှင်မဟာအရိယဝံသသည်လည်း ဆရာဆိုတိုင်း ဋီကာလက်သန်း၏အဖွင့် မဏိသာရမဉ္ဇူသာဋီကာကျမ်းကိုရေးသားလေသည်။[၁]

အရှင်မဟာအရိယဝံသသည် စာပေပို့ချယင်း မဏိသာရမဉ္ဇူသာဋီကာကို ရေးသားစီရင်ပြီးနောက် ဒွါရကထာ မူလဋီကာ၏အဖွင့် မဏိဒီပဋီကာကျမ်းကို ရေးသားစီရင်တော်မူသည်။ ယင်းဋီကာကျမ်းကား ဓမ္မသင်္ဂဏီမူလဋီကာ အဆုံးသို့ပင် ရောက်ဟန်မတူပေ။ အဋ္ဌသာလိနီ ဝိသတိဂါထာဝဏ္ဏနာအဆုံးတွင် မဏိဒီပဋီကာ ပထမတွဲ ပုံနှိပ်မှု ပြီးဆုံးသည်ကို တွေ့ရပေသည်။ အပြီးအဆုံးသို့ မရောက်သော မဏိဒီပဋီကာ၌ ဗောဓိပင်၏အနီး အပရာဇိတပလ္လင်နှင့် စပ်လျဉ်း၍-

"အဋ္ဌတိံဏမုဋ္ဌိံ ကိရဏကဉ္စနော အပရိမိတကပ္ပေ-
ပစိတပါရမိတာနုဘာဝေန ပထဝိတော ဥဋ္ဌိတော သဗ္ဗ-
ရတနဝိစိတ္တော အတိဝ ရမဏီယော သဒေဝကေ
လောကေ ကေနစိ ကာတုံ အသက္ကုဏေယျရူပေါ စုဒ္ဒသ-
ဟတ္ထဝိတ္ထာရော တဒနုရူပါယာမော ဝ အပါဒကတ္တာ
ပထဝိတော အမုတ္တော ဟုတွာ သဏ္ဌိတော ပထဝိ-
ဝင့်သကော ဝဇိရာသနဘူတော အပရာဇိတပလ္လင်္ကော၊
ဗောဓိဿ သမီပေ ဌိတော ပလ္လင်္ကော ဗောဓိပလ္လင်္ကော၊
တသ္မိံ။ ကတ္ထစိ ပန "စုဒ္ဒသဟတ္ထုဗ္ဗေဓော ပလ္လင်္ကော"တိ
အာဂတံ၊ တတ္ထ ဥဗ္ဗေဓ-သဒ္ဒေါ ဝိတ္ထာရဝါစီယေဝ
ဟောတိ၊ န ဥဗ္ဗေဓဝါစီ။ တသ္မာ စုဒ္ဒသဟတ္ထဝိတ္ထာရောတိ
အတ္ထော ဧဝ ဂဟေတဗ္ဗော"။[၂]

၁။ သာသနာလင်္ကာရစာတမ်း။ ၂။ မဏိဒီပ၊၁။၁၄၉။

စသည်ဖြင့် အပရာဇိတပလ္လင်တော်သည် မြေအပြင်မှ တစ်လက္ခမျှ မမြင့် ဟူ၍ အတိအကျ ဆုံးဖြတ်ချက်ချတော်မူသည်။ ယင်းသို့ မဏိဒီပဋီကာ ကျမ်းက ဆုံးဖြတ်ထားသည်ကို ပရိတ္တဋီကာဆရာ အရှင်တေဇော-ဒီပက —

"တံ ဝိမံသိတဗ္ဗံ ၊ ဗုဒ္ဓဝိသယာနံ အစိန္တေယျတ္တာ ။ ဗုဒ္ဓါ ဟိ ယထာ ဝိဒတ္ထိမတ္တေ အာဒါသေ ဒသမ္ပိ ဟတ္ထံ သတမ္ပိ ဟတ္ထံ စေတိယံ ဒိဿတိ ။ တတ္ထ န မဟန္တော အာဒါသော၊ န စ ခုဒ္ဒကံ စေတိယံ အစိန္တေယျမေဝ။ သာသပဂဗ္ဘန္တရေပိ သဟ ပရိက္ခာရေဟိ ဣဒ္ဓိ အနုပ္ပါ-ဒေတွာ တိဋ္ဌန္တော စရန္တော နိသိန္နာ သယာနာပိတိ အစိန္တေ-ယျသဘာဝေါ "ဗုဒ္ဓဝိသယော အစိန္တေယျော"တိ ဝုတ္တံ (ပရိတ္တဋီကာ။၃၄)။

စသည်ဖြင့် "မြတ်စွာဘုရားအရာဟူသည် မကြံစည်နိုင်သော သဘောရှိ၏။ တစ်ထွာမျှသော မှန်ထဲ၌ ဆယ်တောင်ရှိသော ဘုရားစေတီ, အတောင် တစ်ရာရှိသော ဘုရားစေတီသည် ထင်နိုင်၏။ မှန်က ကြီးသွားသည်လည်း မဟုတ်၊ ဘုရားစေတီက ငယ်သွားသည်လည်း မဟုတ်ချေ။ မကြံစည် နိုင်သောသဘောသာ ဖြစ်သည်။ ထို့ကြောင့် အပရာဇိတပလ္လင်သည် မြေ အပြင်မှ တစ်လက္ခမျှ မမြင့်ဟူသော စကားကို စူးစမ်းဆင်ခြင်သင့်သည်" ဟူ၍ ပယ်လှန်လေသည်။

ဤသို့ ကောဇာသကရာဇ် ၈၃၀-ကျော်က ပေါ်ထွန်းလာသော မဏိ-ဒီပဋီကာ၏ အဆိုအမိန့်ကို ကောဇာသကရာဇ် ၉၇၁-ခုနှစ်ကျမှ ပေါ်လာ သောပရိတ္တဋီကာဆရာက ပယ်လှန်ခြင်းနှင့် စပ်လျဉ်း၍ နောက်ကျမ်းပြု ဆရာများတွင် အချို့က မဏိဒီပဋီကာဘက်မှ ထောက်ခံ၍ အချို့က ပရိတ္တဋီကာဘက်မှ ထောက်ခံကြသည်။ ထိုတွင် မုံရွေး ဇေတဝန်ဆရာ တော်က သမန္တစက္ခုဒီပနီကျမ်း ၁၅၄-ပုဒ်ဆွာ အဖြေ၌-

"ဤသို့ ဆရာနှစ်ဦးတို့၏ ဝါဒတို့လည်း အထောက် အထားနှင့်ချည်းပင် ဖြစ်ပေသည်၊ ကြိုက်ရာမှတ်သားအပ် ၏"။ ဆင်ခြင်စဉ်းစားသော်ကား သုနာပရန္တတမ္ဗဒီပ-စသော မြန်မာတိုင်းနိုင်ငံ၌ ကျမ်းတတ်ဆရာ ၄-ဦး ရှိသည်။ ဆရာ ၄-ဦးဟူသော်ကား –

၁။ ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းလည်း သေချာ၏၊ ကျမ်းလည်း ပြီး၏၊ ဆရာတစ်ဦးတည်း (သဒ္ဒနီတိကျမ်းကို ပြုသော အရှင်အဂ္ဂဝံသတည်း)။

၂။ ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းလည်း သေချာ၏၊ ကျမ်းကား မပြီး၊ ဆရာတစ်ဦးတည်း။ (မဏိဒီပကျမ်းကို ပြုသော အရှင်မဟာအရိယဝံသတည်း)။

၃။ ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းကား မသေချာ၊ ကျမ်းကား ပြီး၏၊ ဆရာတစ်ဦးတည်း။ (ဝိနယာလင်္ကာရကို ပြုသော အရှင်တိပိဋကာလင်္ကာရတည်း)။

၄။ ကျမ်းလည်းတတ်၏၊ ကျမ်းကားမပြု၊ ကျမ်းပြုသော်ကား သေချာ ရာ၏၊ ဆရာတစ်ဦးတည်း။ (မဏိကုဏ္ဍလကို ပြုသောအရှင်ဝရာဘိ သင်္ယနာထတည်း)။

ဤသို့ ကျမ်းဂန်တတ်ကုန်သော ဆရာကြီးတို့သည် ဥဒါန်းစကား ထားခဲ့သည့်အတိုင်း မဏိဒီပဆရာကိုလည်း အလွန်နှစ်သက်သံနှင့်ပင် ဆိုပေသည်၊ သို့ရာတွင်....ဝိနည်း မဟာဝါအဋ္ဌကထာ (၂၃၈) ၌ "စတ္တာရိ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ ဥပစိတာနံ ပါရမီနံ ဗလာဓိဂမဋ္ဌာနံ ပလ္လင်္ကဉ္စ ဗောဓိရုက္ခဉ္စ အနိမိသေဟိ အက္ခီဟိ သြလော-ကယမာနော သတ္တာဟံ ဝီတိနာမေသိ"ဟူ၍လည်းကောင်း၊ ပလ္လင်္ကဿ စ ဌိတဋ္ဌာနဿ စ အန္တရာ"ဟူ၍လည်းကောင်း၊

> "ပဓာနစရိယံ ဗောဓိပလ္လင်္ကေ" ဟူ၍လည်းကောင်း၊ "အပရာဇိတပလ္လင်္ကေ မာရဝိဇယံ" ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ဗောဓိပင်၌ နေသည်ကို ဆိုသောကာလ **"အာသနေ"**စသည်ဖြင့် မဆို၊ **"ပလ္လင်္ကေ"** စသည်ဖြင့်သာ ဆိုခဲ့သည်။ ထိုသို့ဆိုသောကြောင့် နေရာသက်သက် မြေ၌ ခင်းလျက်တည်သော လက်တစ်သစ်မျှ မြင့်တက်ခြင်း မရှိသော အာသနမျှသာ မယူသင့်၊ ဤအရာ၌ ပလ္လင်္က-သဒ္ဒါ အထူးရှိသောကြောင့် အရပ်အမြင့်အထူးရှိသော ပလ္လင်ဟုသာ ယူသင့်သည်။

ဤသို့ ကုန်းဘောင်ခေတ်လယ် ဘိုးတော်နှင့် ဘကြီးတော် လက်ထက်တို့၌ ထင်ရှားသော မုံရွေး ဇေတဝန်ဆရာတော်က အပရာဇိတပလ္လင်တော် ၁၄-တောင် အမြင့်အစောက်ရှိကြောင်း အကျယ်ဆုံးဖြတ်တော်မူသည်။

ကုန်းဘောင်ခေတ်အဆုံး ဗြိတိသျှခေတ်အစတွင် ထင်ရှားတော်မူသော မန္တလေးမြို့ တောင်ခွင် သာသနာပိုင်ဆရာတော်ကြီးကမူ ဂုဠတ္ထဝိနိစ္ဆယ (၁၊၄၄-၅၁) ၌ ပလ္လင်တော်သည် အမြင့်အစောက် မဟုတ်၊ အကျယ်အပြန့်သာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူသည်။ ယင်း၌ "ဗောဓိမဏ္ဍံ အာရုယှ စုဒ္ဒသဟတ္ထုဗ္ဗေဓေ ဌာနေ တိကာသန္တရံ သန္တရိတွာ"ဟူ၍ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ(သံ၊ဋ္ဌ၊၂။၂၆၄), စတုက္ကင်္ဂုတ္တရအဋ္ဌကထာ (အံ၊ဋ္ဌ၊ ၂။၂၉၇)တို့၌ ဥဗ္ဗေဓ-သဒ္ဒါ အမြင့်အစောက်ဟောဟု ယူလျှင် "တိကာသန္တရံ သန္တရိတွာ" ဟူသောပါဌ်ကို အဋ္ဌကထာဆရာ တက်၍ပြသောကြောင့် "တစ်ဆယ်လေးတောင် အစောက်မြင့်အောင် မြက်ကိုခင်း၏ ဟူသော အနိဋ္ဌပသင်္ဂဒေါသ ရောက်ရာ၏။ ထို့ကြောင့် ဤအရာ၌ ဥဗ္ဗေဓ သဒ္ဒါသည် မဏိဒီပဆရာတော် ပြဆိုသည့်အတိုင်း ဝိတ္ထာရဟော ယူမှ "တိကာသန္တရံ သန္တရိတွာ"ဟူသော အဋ္ဌကထာနောက်စကားနှင့် ညီညွတ်

ရာသည်။ ထို့ကြောင့် "၁၄-တောင် ပြန့်ကျယ်သောအရပ်၌ မြက်ကို ခင်းသည်"ဟူသော အဓိပ္ပါယ်ကို မှတ်ယူဆုံးဖြတ်အပ်၏-စသည်ဖြင့် အကျယ်ဆုံးဖြတ်တော်မူသည်။

ဤ၌ **"ကျမ်းပြုလိမ္မာ ဆရာနှစ်ပါး အယူပြား၊ နောက်သား ခက်ဖို့ရာ"**ဟူသည့်အတိုင်း မဏိဒီပဆရာတော်နှင့် ပရိတ်ကြီးဋီကာဆရာတော်တို့ အပရာဇိတပလ္လင်တော်နှင့် စပ်၍ အယူအဆ မတူမှုခြင်းကြောင့် နောက်နောင်ပညာရှင်များလည်း အယူအဆ ကွဲပြားကြလေသည်။ "စုဒ္ဒသဟတ္ထော ပလ္လင်္ကော"ဟူ၍လည်းကောင်း၊ "စုဒ္ဒသဟတ္ထပလ္လင်္ကဝရ" ဟူ၍လည်းကောင်း၊ "စုဒ္ဒသဟတ္ထုဗ္ဗေဓ" ဟူ၍လည်းကောင်း အမျိုးမျိုးပါဌ် ရှိနေသောကြောင့် "အကျယ်အပြန့်"ဟူ၍လည်းကောင်း၊ "အမြင့်အစောက်" ဟူ၍လည်းကောင်း၊ အတိအကျ ဆုံးဖြတ်ချက်ချရန် မလွယ်ကူလှပေ။

သို့သော်လည်း ပထမ မောင်းထောင်သာသနာပိုင် ဆရာတော်ကြီးကမူ "ဥဗ္ဗေဓ-သဒ္ဒါ အကျယ်အပြန့် ဝိတ္ထာရအနက်ဟောသဒ္ဒါ" ဟူ၍ သီလက္ခန်ဋီကာသစ် (၁။၂၄၂)၌ အတိအကျ ဆုံးဖြတ်ချက်ချတော်မူခဲ့သည်။ ပရိတ်ကြီးဋီကာသစ် (မဟာပရိတ္တအဘိနဝဋီကာ) ဆရာတော်ကမူ အဆုံးအဖြတ် အထူးမရေးသားတော့ဘဲ "ပညာရှိများ စူးစမ်းဆင်ခြင်၍သာ ယူကြပါ"ဟူ၍ မိန့်ဆိုတော်မူသည်။

ပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် ပုဂံခေတ်မှ စတင်ထွန်းကားလာခဲ့သော မြန်မာနိုင်ငံ ပါဠိစာပေသမိုင်းသည် ယခု ပြည်ထောင်စုခေတ်တိုင်အောင် မယိမ်းမယိုင် မြိုင်မြိုင်ကြီး ထွန်းတောက်နေကြောင်း ပေါ်လွင်ထင်ရှားလောက်ပေပြီ။ အင်းဝခေတ်၌ ပေါ်ထွန်းခဲ့သော ကျမ်းတတ်ပညာရှင်နှစ်ပါး၏ အပရာဇိတပလ္လင်နှင့်စပ်သော အယူဝါဒ၂-မျိုးကို မျက်မှောက်ခေတ် ပညာရှင်များတိုင်အောင် ဝေဖန်သုံးသပ်နေကြပေသည်။ ရဟန်းသိက္ခာ ၅-ဝါရ ရဟန်းငယ်သည် မဏိဒီပဆရာတော်တည်းဟူ

သော ကျမ်းတတ်ပုဂ္ဂိုလ်ကြီးကိုပင် ဝေဖန်ပယ်ချဝံ့သည်မှာ အံ့ဩချီးမွမ်းထိုက်ပေသည်။ ဤရဟန်းငယ် အရှင်တေဇောဒီပကိုလည်း ကျမ်းတတ်ပုဂ္ဂိုလ်ဟူ၍ပင် ဂုဏ်ပြုထိုက်ပါပေသည်။

ဤသို့သော အာဇာနည်ပုဂ္ဂိုလ်ထူးတစ်ပါး ရေးသားစီရင်ထားသော ပရိတ္တဋီကာ ရှိပြီးပါလျက် **မဟာပရိတ္တ အဘိနဝဋီကာ**ကို ရေးသားပြုစုနိုင်သော အင်းစိန် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အရှင်တိလောကာဘိဝံသကို သမန္တစက္ခုဒီပနီ၌ ပြဆိုအပ်သော ကျမ်းတတ်ပုဂ္ဂိုလ် ၄-မျိုးတို့တွင် အမှတ်(၁)ပုဂ္ဂိုလ်ဟူ၍ ချီးကျူးထောမနာ ပြုထိုက်ပါပေသည်။ မှန်၏၊ ဆရာတော် ရေးသားပြုစုသော ဋီကာသစ်၌ ယောဇနာသမ္ဗန်မျိုးကို နည်းရိုးကျအောင် ဖွင့်ဆိုနိုင်ခြင်း, ပဒဝိနိစ္ဆယ အတ္ထဝိနိစ္ဆယ ကျနသေချာအောင် ချပြနိုင်ခြင်း, အထွေထွေ ဗဟုသုတ အဖြာဖြာကို စေတနာထက်သန်စွာဖြင့် ညွှန်ပြပေးစေနိုင်ခြင်း-စသော အကြောင်းများကြောင့် ကျမ်းပြုသေချာ လိမ္မာကျွမ်းကျင်သော ကျမ်းတတ်ပညာရှင်ဖြစ်ကြောင်း သိသာထင်ရှားပေသည်။

မောဂ္ဂလ္လာန်နိသျ ဒုတိယအကြိမ် ထုတ်ဝေရာ၌ ကျမ်းပြုပုဂ္ဂိုလ် အဘယာရာမဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ပါဠိဘာသာဖြင့် ရေးသား၍ ထည့်သွင်းပုံနှိပ်ထားသည်။ ယင်းသို့ ထည့်သွင်းထားခြင်း အကြောင်းကို တည်းဖြတ်သူ အရှင်သီလာနန္ဒာဘိဝံသက "ဤထေရုပ္ပတ္တိအကျဉ်းကို ပါဠိဘာသာဖြင့် ရေးသားထည့်သွင်းထားရခြင်းမှာကား — မျက်မှောက်ခေတ် မြန်မာနိုင်ငံ ပါဠိအရေးအသွေး၏ မှတ်တိုင်တစ်ခု သဖွယ် ဖြစ်စေလိုသောကြောင့် ဖြစ်ပါသည်"ဟူ၍ ဖော်ပြထားသည်။

ဤအတူပင် ဆရာတော်အရှင်တိလောကာဘိဝံသ၏ **မဟာပရိတ္တ-အဘိနဝဋီကာ**သည်လည်း မျက်မှောက်ခေတ် မြန်မာနိုင်ငံ ပါဠိစာပေ သမိုင်း၏ မှတ်တိုင်ကြီးတစ်ခုဖြစ်သည်မှာ သေချာလှပေသည်။ ဤကျမ်းပြုဆရာတော်သည် အဘိဓမ္မာကျမ်းဂန် အဖြာဖြာတို့၌လည်း လိမ္မာတတ်

မြောက် တံခွန်ဆောက်သူ ပါရဂူကြီးလည်းဖြစ်ကြောင်း သိရပေသည်။ ထို့ကြောင့် ဆရာတော် သက်တော်ရာကျော် ရှည်တော်မူကာ ကျမ်းဂန်အဖြာဖြာကိုလည်း ဆက်လက် ရေးသားပြုစုနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဤစာတမ်းကို နိဂုံးကမ္ပတ် အဆုံးသတ်ရပါသတည်း။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

# ဗုဒ္ဓသာသနာ ရှည်ကြာတည်ရေး

လူနတ်ဗြဟ္မာ သတ္တဝါတို့ ချမ်းသာသုခရရှိရန်အကျိုးငှါ ပွင့်ပေါ်တော်မူလာကြသောဘုရားရှင်တို့သည် ဘုန်းတော် ကံတော် ဉာဏ်တော် ပါရမီတော် တန်ခိုးတော်အားဖြင့် တစ်ဆူနှင့် တစ်ဆူ တူညီကြသော်လည်း အသက်တော်, အရပ်တော်, အမျိုးဇာတ်, ဒုက္ကရစရိယာကျင့်ရာကာလ, ရောင်ခြည်တော်, စီးတော်ယာဉ်, ဗောဓိပင်, အပရာဇိတပလ္လင်-ဟူသော ၈-မျိုးသော အရာဌာနတို့၌ မတူထူးခြား ကွဲပြားတော်မူကြသည်။

ထိုတွင် ဒီပင်္ကရာ, ကောဏ္ဍည, အနောမဒဿီ, ပဒုမ, ပဒုမုတ္တရ, အတ္ထဒဿီ, ဓမ္မဒဿီ, သိဒ္ဓတ္ထ, တိဿဟူသော ၉-ဆူသော ဘုရားရှင်တို့သည် လူတို့အသက်တစ်သိန်းတမ်း၌ ပွင့်တော်မူကြသည်။

မင်္ဂလ, သုမန, သောဘိတ, နာရဒ, သုမေဓ, သုဇာတ, ပိယဒဿီ, ဖုဿ၊ ဤ ၈-ဆူသော ဘုရားရှင်တို့သည် ၉-သောင်းတမ်း၌ ပွင့်တော်မူကြသည်။

ဝိပဿီဘုရားရှင်သည် ၈-သောင်းတမ်း၌ ပွင့်တော်မူ၍ သိခီဘုရားရှင်သည် ၇-သောင်းတမ်း၌ ပွင့်တော်မူသည်၊ ရေဝတနှင့် ဝေဿဘူဘုရားရှင်တို့သည် ၆-သောင်းတမ်း၌ ပွင့်တော်မူကြသည်။

ကကုသန်, ကောဏာဂုံ, ကဿပဘုရားရှင်တို့သည် အစဉ်အတိုင်း ၄-သောင်း, ၃-သောင်း, ၂-သောင်းတမ်းတို့၌ ပွင့်တော်မူကြသည်၊ ဂေါတမဘုရားရှင်သည်ကား လူတို့အသက်တစ်ရာတမ်း၌ ပွင့်တော်မူရလေသည်။ (ဗုဒ္ဓဝံသ၊ဌ။၃၄၈-၉။)

ကဿပဘုရားရှင်၏နောက်၌ ပွင့်တော်မူသော ဂေါတမဘုရားရှင်သည် လူတို့အသက် ၁-သောင်းတမ်း၌ ပွင့်တော်မူသင့်သော်လည်း ပါရမီသမ္ဘာရ မပြည့်ဝနိုင်သေးသဖြင့် လူတို့အသက် တစ်ရာတမ်းသို့ ရောက်မှ ပွင့်တော်မူရသည်။

သက်တော် ၅-သောင်းအထက် ရှည်တော်မူကြသော ဘုရားရှင်တို့ကို "သက်တော်ရှည်ဘုရားများ"ဟု ခေါ်ဆိုရ၍ သက်တော် ၅-သောင်းအောက် ရှည်တော်မူကြသော ဘုရားရှင်တို့ကို "သက်တော်ရှည် ဘုရားများ"ဟု မခေါ်ဆိုရပေ။ ဂေါတမဘုရားရှင်ကိုကား "သက်တော် အတိုဆုံးဘုရားရှင်" ဟူ၍ပင် ခေါ်ဆိုရပေမည်။

ဤ၌ ထူးခြားသည်မှာ သက်တော်ရှည်ဘုရားရှင်တို့၏ သာသနာကို "အစိရဋ္ဌိတိက = ရှည်ကြာစွာမတည်သော သာသနာ"ဟု ဘုရားရှင် ဟောတော်မူ၍ သက်တော်မရှည်သော ဘုရားရှင်တို့၏ သာသနာကို "စိရ-ဋ္ဌိတိက = ရှည်ကြာစွာတည်သော သာသနာ"ဟူ၍ ဟောတော်မူခြင်းဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သက်တော်ရှည် ဘုရားရှင်တို့၏ သာသနာသည် နှစ်အရေအတွက်အားဖြင့် များပြားသော်လည်း "ပုရိသ-ယုဂ"ခေါ် လူသားအစဉ်အဆက်အားဖြင့် ၂- ဆက်ခန့်မျှသာ ရှည်၍ သက်တော်မရှည်သော ဘုရားရှင်တို့၏ သာသနာသည် ၂-ဆက် ၃-ဆက်မက ရှည်ကြာသောကြောင့်တည်း။

ဂေါတမဘုရားရှင်၏ သာသနာတော်သည်ကား သာသနာသက်တစ်ဝက်ကျော်ပြီဟု ဆိုရာ ယခုအခါ၌ပင် "ပုရိသယုဂ"ခေါ် လူသားအစဉ်အဆက် ၂၅-ဆက်မက ရှည်ကြာနေပြီ ဖြစ်လေသည်။ [၁]

သက်တမ်းတိုသောကာလ၌ မွေးဖွားလာကြသော လူသားသတ္တဝါတို့သည် ပညာတည်းဟူသောမျက်စိ၌ ကိလေသာတည်းဟူသော မြူတိမ်များ ထူထပ်များပြားသောကြောင့် ဓမ္မရောင်ခြည်ဟူသော အလင်းကို လွယ်

၁။ ဝိ၊၁။၈၉၊၁၀။ ဝိဋ္ဌ၊ ၁။၁၅၂-၁၅၈။

ကူစွာဖြင့် မရရှိနိုင်ကြပေ၊ ထို့ကြောင့် ဂေါတမဘုရားရှင်သည် မဟာသမုဒ္ဒရာကြီးကို ရေပြည့်အောင် ဖြည့်ဆည်းတော်မူရသကဲ့သို့ သတ္တဝါတို့အား ဓမ္မရောင်ခြည်အလင်းကို ရရှိအောင် တရားတော်ကို အကျယ်ဝေဖန် ဟောပြောတော်မူရသည်။

ဘုရားရှင် ဟောပြတော်မူသော တရားတော်များသည် တရားအစု "ဓမ္မက္ခန္ဓာ"အားဖြင့် ၈-သောင်း ၄-ထောင်တိုင်အောင် များပြောင်ကျယ်ဝန်းလှပေသည်။

ဂေါတမဘုရားရှင်၏ သာသနာတော်သက်တမ်းကို အဋ္ဌကထာကျမ်းတို့၌ ၅-ထောင်ဟု ပြဆိုကြသော်လည်း ဘုရားရှင်ကိုယ်တိုင်ကမူ "ဂိရဒ္ဓိတိကံ အာနန္ဒ ဗြဟ္မစရိယံ အဘဝိဿ၊ ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ = ညီဖွားအာနန္ဒာ၊ ဗြဟ္မစရိယခေါ် သာသနာတော်သည် ရှည်ကြာစွာတည်သည် ဖြစ်ရာ၏၊ သဒ္ဓမ္မခေါ် သာသနာတော်သည် အနှစ်တစ်ထောင် ကာလကြာအောင် တည်ပေရာ၏"ဟူ၍ ဝိနယ စူဠဝဂ္ဂပါဠိ (၄၄၆)နှင့် အင်္ဂုတ္တရပါဠိ(အံ၊၃။၁၀၅)တို့၌ ဟောကြားတော်မူသည်။

ဖေါ်ပြပြီး ပါဠိတော်တို့၏ အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၄။၁၂၇။ အံ၊ဋ္ဌ၊၃။၂၃၈)တို့၌

> "ဝဿသဟဿ = အနှစ်တစ်ထောင်ဟူသည် ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် အနှစ်တစ်ထောင်ကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်သည်၊ အမှန်မှာ ထိုအနှစ်တစ်ထောင်မှနောက် သုက္ခဝိပဿကရဟန္တာခေတ် အနှစ်တစ်ထောင်နှင့် အနာဂါမ်ခေတ်, သကဒါဂါမ်ခေတ်, သောတာပန်ခေတ် အနှစ်တစ်ထောင်စီအားဖြင့် ပဋိဝေဓသာသနာ အနှစ် ၅-ထောင် ကာလကြာအောင် တည်လတ္တံ့။ ပရိယတ္တိသာသနာသည်လည်း ထို့အတူပင်တည်း"

ဟု ရှင်းလင်း ဖွင့်ဆိုတော်မူကြသည်။

ပါထိကဝဂ္ဂ သမ္ပသာဒနီယသုတ် အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၃။၈၃) ၌ ပဋိသမ္ဘိဒါပတ္တခေတ် အနှစ်တစ်ထောင်, ဆဠဘိညခေတ်, တေဝိဇ္ဇခေတ်, သုက္ခဝိပဿခေတ်, ပါတိမောက္ခခေတ် အနှစ်တစ်ထောင်စီအားဖြင့် အနှစ် ၅-ထောင်ဟု ပြဆိုတော်မူသည်၊ နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ (သံ၊ဋ္ဌ၊၂။ ၁၈၇)နှင့် ဓေကုတ္တရအဋ္ဌကထာ (အံ၊ဋ္ဌ၊၁။၆၇)တို့၌လည်း ဤနည်းဆင်ဆင် ဖွင့်ဆိုတော်မူကြသည်။

ပါဠိတော်လာ သာသနာနှစ်တစ်ထောင်ဟူသော စကားတော်ကို အစွဲ ပြု၍ အချို့သောပုဂ္ဂိုလ်များ အယူမှားဖြစ်ကြကြောင်းကို မုံရွာမြို့ လယ်တီ ဆရာတော်ဘုရားကြီး၏ သာသနဝိသောဓနီကျမ်း ပထမတွဲ စာမျက်နှာ ၅၅-၅၆ တို့၌ ဤသို့ ဖော်ပြထားသည်။

> "ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည် ဘုရား ပရိ-နိဗ္ဗာန်စံတော်မူသည်မှနောက်၌ အနှစ်တစ်ထောင်မျှသာ တည်ရှိ၏၊ အနှစ်တစ်ထောင် ကျော်လွန်သည့်နေ့မှ စ၍ ကွယ်လွန်ပြီ၊ သာသနာမရှိပြီ၊ မြတ်စွာဘုရား၏ ဓမ္မစက်, အာဏာစက်များလည်း ထိုနေ့တွင်ပင် ကွယ်ဆုံးပြီ၊ အနှစ် တစ်ထောင်အတွင်းက သမုတ်၍ လာခဲ့ကြသောသိမ်များ သည်လည်း ထိုနေ့တွင် သိမ်အဖြစ်ကို စွန့်ကြကုန်ပြီ၊ သိမ် မရှိပြီ၊ ထိုသိမ်တို့၌ ရဟန်းပြုကြသော သူများသည်လည်း ရဟန်းအစစ် မဖြစ်နိုင်ကြပြီ၊ ထိုသူတို့ အစဉ်အဆက်သမုတ် ကြသော သိမ်များသည်လည်း သိမ်အဖြစ် မဖြစ်နိုင်ကြပြီ၊ ထိုသိမ်တို့၌ အစဉ်အဆက် ရဟန်းခံကြသောသူတို့သည် လည်း ရဟန်းအစစ် မဖြစ်နိုင်ကြပြီ၊ ထို့ကြောင့် အနှစ်တစ် ထောင်ကျော်လွန်သောနေ့ မှစ၍ ယနေ့တိုင်အောင် ရှိနေ ကြသော ရဟန်းသံဃာများသည်လည်း ဗုဒ္ဓဘာသာ ရဟန်း သံဃာအစစ် မဟုတ်ကြပြီ၊ ရဟန်းတု ရဟန်းယောင်များ သာ ဖြစ်ကြ၏"။

ဤအယူများကို စွဲယူသောပုဂ္ဂိုလ်များတွင် အထင်ရှားဆုံးပုဂ္ဂိုလ်ကား အမရပူရမြို့တည်, နန်းတည် ဘိုးတော်ပဒုံမင်း ဖြစ်သည်၊ ထိုပဒုံမင်း၏ အယူများဖြစ်ပုံနှင့် ထိုအယူများအား သုတ်သင်ကြောင်းစကားကို ထို သာသနဝိသောဓနီကျမ်း၌ ဤသို့ ဖော်ပြထားသည်။

"ပဒုံမင်းသည် ထိုအယူကို ခိုင်မြဲစွာယူပြီးလျှင် ငါ၏ နိုင်ငံတော်အတွင်း၌ ရဟန်းသံဃာဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြစေနှင့်"ဟူ၍ တစ်နိုင်ငံလုံးကို ဆင့်ဆိုလေ၏၊ အမရပူရမြို့တော်ရှိ ဆရာတော်သံဃာတော်တို့ကိုလည်း အတင်းအကျပ် အဝတ်ဖြုတ်လဲ၍ လူထွက်စေ၏၊ တစ်နိုင်ငံလုံး၌ရှိသော ရဟန်းသံဃာတော်တို့သည်လည်း တောတောင် ခိုအောင်း၍ ပုန်းလျှိုးကာ နေကြရကုန်၏၊ ...."ဝဿသဟဿံ တိဋ္ဌေယျ"ဟူသော ပါဠိတော်စကားသည် ဝိနည်းအရာ အာဏာစက် စကားမျိုးဖြစ်ခဲ့သော် သာသနာတော် အနှစ်တစ်ထောင် ကျော်လွန်သည့်နေ့သို့ ရောက်လျှင် ဝိနည်းအာဏာစက်တော်ဖြင့် ဖြစ်ရသော ထိုသိမ်ဟောင်းများသည် ထိုနေ့တွင်ပင် သိမ်အဖြစ်ကို စွန့်ကြကုန်ပြီ၊ သိမ်မဟုတ်ကြပြီဟု ဆိုဖွယ်ရှိ၏။ ထိုပါဠိတော်စကားသည်ကား ဝိနည်းအရာ အာဏာစက်မျိုးမဟုတ်၊ သုတ္တန်စကားမျှသာဖြစ်၏၊ ထိုပါဠိတော်စကားအတွက် အာဏာစက်တော်၏ ဆိုင်ရာဖြစ်သော ထိုသိမ်ဟောင်းများသည် အဘယ်မှာ သိမ်အဖြစ်ကို စွန့်ခွင့်ရှိရမည်နည်း၊ ယခုအခါ ပရိယတ္တိအစရှိသော ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးသည် ကောင်းကင်ပြင်တွင် နေ,လအသွင် အထင်အရှား ရှိနေပါလျက် ယခုအခါ ဗုဒ္ဓဘာသာ သာသနာမရှိပြီ ဟု ယူဆသူများသည် ပဋိသန္ဓေအခါကပင် မျက်စိနှစ်ဖက် စုံလုံးပျက်သူနှင့် တူသည် (သာသနဝိသောဓနီ၊ပ-တွဲ၊ ၅၆-၇)။

ဗုဒ္ဓမြတ်စွာသာသနာတော်သည် ကာလရှည်ကြာတည်ခြင်း, မတည်ခြင်းသည် သတ္တဝါများ၏ ကံကြမ္မာနှင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ ကျင့်ကြံကြိုးကုတ်အားထုတ်မှုအပေါ်၌ တည်ရှိနေပေသည်၊ ဘုရားရှင်ကမူ သာသနာ တည်မြဲခြင်းအကြောင်းနှင့် သာသနာကွယ်ခြင်းအကြောင်းတို့ကို ထိုထိုသုတ္တန်တို့၌ ထုတ်ပြန်ဟောထားပြီးဖြစ်သည်၊ ဤ၌ ဘုရားရှင်လက်ထက်တော်က ရဟန်းတော်များ အားထုတ်ပုံကို သိသာရုံမျှ ဖော်ပြပါမည်၊ နိဒါနဝဂ္ဂသံယုတ် ကလိင်္ဂရသုတ် (သံ၊၁။၄၅၇-၈)၌ ဘုရားရှင်က ဤသို့ ဟောကြားတော်မူသည်။

> "ရဟန်းတို့! ယခုအခါ၌ ရဟန်းတို့သည် မမေ့မလျော့ကြမူ၍ ကမ္မဋ္ဌာန်းအလုပ်၌ ပြင်းစွာအားထုတ်ကြကုန်လျက် ရရာသစ်သားတုံးကို ခေါင်းအုံးပြု၍ နေကြကုန်၏။ ယုတ်မာသော ကိလေသာမာရ်သည် ထိုရဟန်းတို့အား လှမ်းမိုးနှိပ်စက်ရန် အခွင့်အရေးကို မရနိုင်။ ရဟန်းတို့! နောင်အနာဂတ်ကာလ၌ ရဟန်းတို့သည် သိမ်မွေ့နူးညံ့သော လက်, ခြေရှိကုန်သည်ဖြစ်၍ လဲမှို့သွင်းသော ခေါင်းအုံးရှိသည့် နူးညံ့သော အိပ်ရာတို့၌ နေထွက်သည်တိုင်အောင် အိပ်ကြလတ္တံ့၊ ယုတ်မာသော ကိလေသာမာရ်သည် ထိုရဟန်းတို့အား လှမ်းမိုးနှိပ်စက်ရန် အခွင့်အရေးကို ရလတ္တံ့၊ ရဟန်းတို့! ထို့ကြောင့် ဤသာသနာတော်၌ "မမေ့မလျော့မူ၍ ကမ္မဋ္ဌာန်းအလုပ်၌ ပြင်းစွာအားထုတ်ကြလျက် သစ်သားတုံးကို ခေါင်းအုံးပြု၍ နေကုန်အံ့"၊ ရဟန်းတို့! ဤသို့ နှလုံးပြုကာ သင်တို့ ကျင့်ကြရမည်"။

ဤပါဠိတော်လာ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာက ဤသို့ ရှင်းလင်းဖွင့်ဆိုတော်မူသည်၊ "ဘုရားရှင် ဝါတော် - ၂၀ ပထမဗောဓိကာလအတွင်း၌ ရဟန်းတို့သည် ဆွမ်းကိစ္စပြီးလျှင် ကမ္မဋ္ဌာန်းတရားကို နှလုံးသွင်းအားထုတ်

ကြသည်၊ ထိုသို့အားထုတ်နေစဉ်မှာပင် နေဝင်သွားလေသည်၊ ထိုအခါ ရဟန်းတို့သည် ရေးချိုးပြီးလျှင် စင်္ကြံလမ်းသို့သွားကာ ညဉ့်ဦးယံ ကုန်ဆုံးသည့်တိုင်အောင် ကမ္မဋ္ဌာန်းတရား အားထုတ်ကြသည်၊ ထို့နောက် သန်းခေါင်ယံတွင် ရှည်ကြာစွာမအိပ်ကြဘဲ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်ခြင်းကို ပယ်ဖျောက်ရန် လဲလျောင်းလျက် သစ်သားတုံးကို ခေါင်းအုံးပြုကာ နေကြသည်၊ ထိုရဟန်းတို့သည် မိုးသောက်ယံ၌ လျောင်းစက်ရာမှ ထကြကုန်၍ စင်္ကြံလျှောက်ကာ တရားနှလုံးသွင်းကြသည်၊ ဤကား ဘုရားရှင်၏ ပထမဗောဓိကာလအတွင်း ရဟန်းများ၏ တစ်နေ့တာ တရားအားထုတ်မှု ပဋိပတ္တိသာသနာပြုလုပ်ငန်းတည်း"၊ ဤသို့ ဖွင့်ဆိုပြီးနောက် ပေါရာဏ အဋ္ဌကထာစကားကို ဤသို့ ဖော်ပြထားသည်။

"တစ်ချိန်က မင်း ၃-ပါးလက်ထက်၌ ဤသီရိလင်္ကာ (သီဟိုဠ်ကျွန်း)သည် တစ်ခုတည်းသော ခေါင်းလောင်းသံ ရှိသည့် တရားအားထုတ်ရာ ဘူမိနက်သန် ဖြစ်ခဲ့သည်၊ အနုရာဓမြို့တော်၏ အနောက်မျက်နှာအရပ်ရှိ နာနာမုခကျောင်းတိုက်က တရားအားထုတ်ရန် တီးခတ်လိုက်သော ခေါင်းလောင်းသံသည် ပိလိစ္ဆကောဋိမြို့သို့ (အဆင့်ဆင့်) ရောက်ရှိလာသည်၊ ကလျာဏီမြစ်အနီးက တီးခတ်သော ခေါင်းလောင်းသံသည်လည်း နာဂဒီပကျွန်းသို့ ပျံ့နှံ့လာသည်၊ ထိုအခါက သီရိလင်္ကာ(သီဟိုဠ်ကျွန်း)၌ "ဤရဟန်းသည် ပုထုဇဉ်"ဟု လက်ညှိုးထိုးကာ ပြရလောက်အောင် ပုထုဇဉ်ရှားပါး၍ အရိယာပေါ်များသော ခေတ်ဖြစ်သည်။"[၁]

ဤကား ဘုရားရှင်လက်ထက်တော်နှင့် သီရိလင်္ကာ (သီဟိုဠ်ကျွန်း) အဋ္ဌကထာဆရာများလက်ထက် ရဟန်းတော်များ၏ တရားအားထုတ်မှု ပဋိပတ္တိသာသနာပြုလုပ်ငန်း ဖြစ်သည်၊ ဘုရားရှင် လက်ထက်တော်က

---

၁။ သံ၊ဋ္ဌ၊၂။၂၁၂။ သံ၊ဋီ၊၂။၁၉၁-၂။

စာပေကျမ်းဂန် သင်အံပို့ချမှု ပရိယတ္တိသာသနာပြုလုပ်ငန်း ဆောင်ရွက်ကြပုံမှာလည်း ဤနည်းနှင်နှင်ပင် ပါဠိ,အဋ္ဌကထာ,ဋီကာတို့၌ လာရှိသည်။[၁]

ယနေ့ခေတ် မြန်မာနိုင်ငံ၌ ပရိယတ္တိသာသနာပြု စာသင်တိုက်ပေါင်း ရာထောင်ချီကာ တည်ရှိနေလျက် စာပေကျမ်းဂန် သင်အံပို့ချနေကြသည်၊ ပဋိပတ္တိသာသနာပြု ကမ္မဋ္ဌာန်းရိပ်သာပေါင်းလည်း ရာနှင့်ချီကာ တည်ရှိလျက် ကမ္မဋ္ဌာန်းတရား ကျင့်ကြံပွားများ အားထုတ်နေကြသည်၊ အားရဖွယ်ဟု ဆိုရပေမည်။ သို့သော်လည်း ပြဆိုခဲ့သည့်အတိုင်း ဘုရားရှင်အလိုတော်ကျ အာမိသကိုမငဲ့ဘဲ ဓမ္မအမွေကိုသာ ရှုငဲ့လျက် သင်အံပို့ချ, ကျင့်ကြံအားထုတ်ကြမှ အမှန်တကယ် အားရဖွယ်ဖြစ်ပေမည်။

သက်တမ်း နှစ် ၁၅၀ ပြည့်ပြီဖြစ်သော ရွှေကျင်ဂိုဏ်းသာသနာသည်လည်း ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒ, ဥပဒေတော်များနှင့်အညီ ခေတ်အလိုက် နှစ်ခြိုက်ကြည်ညိုဖွယ်ရှိအောင် ပို့ချသင်အံ, ကျင့်ကြံအားထုတ်ကြဖို့ လိုပေလိမ့်မည်၊ အားထုတ်နေသော စာချ, စာသင်အရှင်ကောင်းများနှင့် ကမ္မဋ္ဌာန်းစျာန်ဝင် ယောဂီသူတော်စင်များ ရှိနေမည်မှာလည်း မုချဧကန် အမှန်ပင်ဖြစ်ပေသည်၊ ဤ၌ ဒသမရွှေကျင် သာသနာပိုင် ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်ဘုရားကြီး၏တပည့် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံဆရာတော် အရှင်နာဂဝံသမထေရ်မြတ်ကို နမူနာအဖြစ် ဖော်ပြလိုပေသည်။

ဆရာတော်အရှင်နာဂဝံသသည် ရဟန်းငယ်ဘဝမှစ၍ မြောင်းမြဆရာတော်ဘုရားကြီး အလိုတော်ကျအောင် လိုက်နာကျင့်ကြံအားထုတ်လျက် ပရိယတ္တိစာပေကျမ်းဂန်တို့ကို ဆရာတစ်ဆူ မှုနိုင်လောက်အောင် လေ့လာသင်ယူတော်မူခဲ့သည်၊ ပဋိပတ္တိလုပ်ငန်း ကမ္မဋ္ဌာန်းကိုလည်း ကြိုးပမ်းအားထုတ်တော်မူခဲ့သည်၊ ဆရာတော် ၁၀-ဝါပြည့်ဝ ထေရအရွယ်ရောက်ရှိလာသောအခါ မြောင်းမြဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို

---

၁။ သံ၊၁။ ၂၀၄။သံ၊ဋ္ဌ၊၁။ ၂၇၀-၁။ သံ၊ဋီ၊၁။၃၀၃-၄။

ခံယူကာ မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်ကို စတင်တည်ထောင်ပြီး စာသင်သား ရှင်, ရဟန်းများကို လက်ခံမွေးမြူတော်မူသည်၊ ဓမ္မ, ဝိနယနှင့်အညီ တပည့်တပန်းတို့အား သွန်သင်ပြသ ဆုံးမဩဝါဒ ပေးလျက် ပရိယတ္တိဝိသာရဒ, ပရိယတ္တိမာမကပုဂ္ဂိုလ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးတော်မူသည်။

ဆရာတော် ပြုစုပျိုးထောင်ပေးသည့်အတိုင်း ပထမပြန် အငယ်, အလတ်, အကြီးတန်းများနှင့်တကွ အစိုးရဓမ္မာစရိယတန်းများ၊ အနယ်နယ်အရပ်ရပ်ရှိ စာသင်, စာချတန်းများနှင့် သာသနာလင်္ကာရသာမဏေကျော်တန်းများကို နှစ်စဉ်နှစ်စဉ် အောင်မြင်လျက် ရှိပေသည်။

မုံရွာမြို့နယ်လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ ဝိနည်းစာတော်ပြန်ပွဲကြီး၌ ဆရာတော့်ကျောင်းတိုက်မှပင် ပညာရဲရင့် ပွဲလယ်တင့်ကာ သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးများ နှစ်စဉ်နှစ်စဉ် အောင်ပွဲခံလျက် ရှိကြပေသည်၊ ထို့ကြောင့်ပင် မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၏ ကျောင်းတိုက်ခွဲများ အမြို့မြို့ အရွာရွာ၌ တင့်တယ်စွာ တည်ရှိနေကြပေသည်။

ယခုအခါ သဒ္ဓမ္မပဇ္ဇောတာရုံဆရာတော်ဘုရားသည် သက်တော် ၈၀၊ သိက္ခာတော် ၆၀-ပြည့်ကြွယ်နေသည့် သက်တော်ရှည် ဆရာတော်ကြီး တစ်ပါး ဖြစ်နေလေပြီ။ ထို့ကြောင့် ဤသဒ္ဓမ္မပဇ္ဇောတာရုံဆရာတော်ကြီးအား ဖူးမြင်မှီခို ကြည်ညိုဆည်းကပ်နေကြသော တပည့်တပန်း ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့သည် "ဒဿနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟူပကာရံ ဝဒါမိ" (သံ၊၃။၆၁။ ဣတိဝုတ်။၂၆၇)စသည်ဖြင့် ဘုရားရှင်ဟောတော်မူသည့်အတိုင်း မျက်မှောက်, သံသရာ နှစ်ဖြာအကျိုး ပွားတိုးနေကြောင်း ရေးသားဖော်ပြအပ်ပေသတည်း။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း
မဟာအောင်မြေ၊ မန္တလေး

# သာသနာ့ မီးရှူးတန်ဆောင်

## ရဟန်းမြတ်ကို ဆည်းကပ်ရခြင်း

အလွန်တရာ ရခဲလှသည့် ဒုလ္လဘတရားငါးပါးတို့တွင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ ပွင့်ပေါ်တော်မူရာ ဗုဒ္ဓုပ္ပါဒခေတ်အခါသည် အခြေခံပင်မ လိုရင်းပဓာနဟူ၍ ဆိုရပေမည်၊ အဘယ်ကြောင့်ဆိုသော် မနုဿတ္တ- စသော ကျန်ဒုလ္လဘလေးပါးတို့သည် ဗုဒ္ဓုပ္ပါဒဒုလ္လဘကို အခြေခံအကြောင်း ရင်းပြုကာ တည်မှီနေကြရသောကြောင့်တည်း။

သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့ ပွင့်ပေါ်တော်မူရာ လက်ထက်တော်အခါ၌ ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာဟူ၍ ပရိသတ်လေးမျိုးရှိရာ ဘိက္ခု ပရိသတ်သည် အမြင့်မြတ်ဆုံး ဖြစ်သည်။ ဘိက္ခုပရိသတ်တွင်လည်း လောကီ, လောကုတ္တရာ သီလ, သမာဓိ, ပညာသိက္ခာသုံးပါးနှင့် ပြည့်စုံသည့် ရဟန်းမြတ်တို့ကို အလင်းရောင်ကို ပြုတတ်သည့် "မီးရှူးတန်ဆောင်" တို့ဟူ၍ ခေါ်ဆိုရကြောင်းနှင့် ထိုရဟန်းမြတ်တို့ကို တွေ့ကြုံရ ဖူးမြင်ရခြင်း စသည်တို့ကို အလွန်တရာ ကျေးဇူးများကြောင်း ဘုရားရှင် ဤသို့ ဟောပြ တော်မူသည်။

> "ရဟန်းတို့၊ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့် ပြည့်စုံသော ရဟန်းမြတ်တို့ကို ဖူးမြင်ရခြင်း, ထိုရဟန်းတို့၏ ဂုဏ်သတင်းကို ကြားနာရခြင်းသည်လည်းကောင်း၊ ထို ရဟန်းမြတ်တို့၏အထံသို့ ချဉ်းကပ်ရခြင်း, ထိုရဟန်းမြတ် တို့ကို ပြုစုလုပ်ကျွေးရခြင်းသည်လည်းကောင်း၊ ထိုရဟန်း

> မြတ်တို့၏ ဂုဏ်ကျေးဇူးကို အဖန်ဖန် အောက်မေ့ရခြင်း, ထိုရဟန်းမြတ်တို့ကို အတုလိုက်ကာ ရှင်ရဟန်းပြုရခြင်း သည်လည်းကောင်း ကျေးဇူးများ၏ဟူ၍ ငါဘုရား ဟော တော်မူ၏"။[၁]

ဤဒေသနာတော်လာ ဖူးမြင်ရခြင်း စသော ၆-မျိုးတို့တွင် သိက္ခာ သုံးပါးနှင့်ပြည့်စုံသော ရဟန်းမြတ်တို့ကို အတုလိုက်ကာ ရှင်ရဟန်းပြု ခြင်းသည် ကျေးဇူးအများဆုံးဖြစ်သည်။

ဂေါတမဘုရားရှင်၏ လက်ထက်တော် သာဝကများတွင် ဓုတင် ၁၃-ပါး ကျင့်ဆောင်နိုင်သည့် ဓုတင်ဧတဒဂ်ဘွဲ့တော်ရ တတိယသာဝက အရှင် မဟာကဿပမထေရ်မြတ်ကို အတုလိုက်ကာ ရဟန်းပြုသော တပည့် ရဟန်းအပေါင်းကား တစ်သိန်းအရေ အတွက်ရှိသည်။

ထိုတွင် သဒ္ဓိဝိဟာရိကတပည့် အရှင်စန္ဒဂုတ္တကို အတုလိုက်သော တပည့်ရဟန်းအပေါင်းသည်လည်းကောင်း၊ ၎င်း၏ သဒ္ဓိဝိဟာရိကတပည့် အရှင်သူရိယဂုတ္တကို အတုလိုက်သော တပည့်ရဟန်းအပေါင်းသည်လည်း ကောင်း၊ ၎င်း၏ သဒ္ဓိဝိဟာရိကတပည့် အရှင်အဿဂုတ္တကို အတုလိုက် သော တပည့်ရဟန်းအပေါင်းသည်လည်းကောင်း၊ ၎င်း၏ သဒ္ဓိဝိဟာရိက တပည့် အရှင်ယောနကဓမ္မရက္ခိတကို အတုလိုက်သော တပည့်ရဟန်း အပေါင်းသည်လည်းကောင်း တစ်သိန်းစီအရေအတွက် ရှိကြသည်။ ၎င်း၏ သဒ္ဓိဝိဟာရိကတပည့် (အသောကမင်းကြီး၏ ညီတော်) အရှင်တိဿကို အတုလိုက်ကာ ရဟန်းပြုသော တပည့်အပေါင်းကား ၂-ကုဋေခွဲမျှ ရှိသော ဟူ၏။[၂]

တတိယသင်္ဂါယနာတင်ပြီးနောက် အရှင်ယောနကဓမ္မရက္ခိတမထေရ် သည် ကိုးတိုင်းကိုးဌာနတို့တွင် မိမိတာဝန်ကျရာ အပရန္တတိုင်း၌ အဂ္ဂိက္ခန္ဓောပမသုတ္တန်တရားတော်ကို ဟောကြား၍ ဝေနေယျသတ္တဝါ ၇-

---

၁။ သံ၊၃။၆၁။ဏ္ဍတိပုတ်။၂၆၇- သီလသမ္ပန္နသုတ်။ ၂။ သံ၊ဋ္ဌ၊၃။၁၈၀။ ဏ္ဍတိပုတ်၊ဋ္ဌ။၃၁၅။

ထောင်တို့အား အမြိုက်နိဗ္ဗာန်ကို ရစေတော်မူသည်။ ထို့နောက် မင်းမျိုးမှ အမျိုးသား ၁-ထောင်, အမျိုးသမီး ၆-ထောင်ကျော်တို့ကို ရဟန်းပြုပေးကာ ထိုအပရန္တတိုင်း၌ သာသနာတည်စေတော်မူသည်။[၁]

ဤသို့ မြတ်စွာဘုရား၏ လက်ထက်တော်ကာလ မျက်မှောက်သာဝက အရှင်မဟာကဿပမှစ၍ တတိယသင်္ဂါယနာခေတ် နှစ်ပေါင်းနှစ်ရာကျော်တိုင်အောင် တပည့်အစဉ်အဆက် တစ်သိန်းစီ ဆက်ကာ တိုးပွားလာပြီးလျှင် ယနေ့ခေတ်တိုင်အောင် အရှင်မဟာကဿပ၏ တပည့်အစဉ်အဆက်ရှိနေပေသည်။ ထို့အတူ ဝိနည်းအရာ ဧတဒဂ်ဘွဲ့တော်ရ အရှင်ဥပါလိ၏ တပည့်အစဉ်အဆက်ကိုလည်း-

ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။

ပရမ္ပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိန္နမာနယာနေသုံ၊ တတိယော ယာဝ သင်္ဂဟော။

ဟူသော ဝိနည်းပရိဝါပါဠိတော် (၂၆၁၂) နှင့် ပါရာဇိကကဏ္ဍအဋ္ဌကထာ (၁။၂၄)တို့အရ သိရှိရပေသည်။

တတိယသင်္ဂါယနာအပြီး အရှင်သောဏ, အရှင်ဥတ္တရတို့မှ ဆင်းသက်လာသော မြန်မာပြည်သာသနာသည်လည်း ယနေ့တိုင်အောင် အရှင်ဥပါလိမှ စဉ်ဆက်မပြတ် ဆင်းသက်လာသော သာသနာဝင် အစဉ်အဆက်ပင် ဖြစ်လေသည်။

မြန်မာပြည်သာသနာဝင်တွင် အရှင်သောဏ, အရှင်ဥတ္တရတို့မှစ၍ သုဝဏ္ဏဘူမိ (သထုံ) သာသနာဝင် ၁၀-ဆက်၊ အရိမဒ္ဒန(ပုဂံ) သာသနာဝင် ၈-ဆက်၊ ကူးခန်းကြီး (ပုခန်းကြီး) သာသနာဝင် ၄-ဆက်နှင့် ဒီပဲရင်းသာသနာဝင်၌ မြန်မာတစ်နိုင်ငံလုံး ကျော်ကြားထင်ရှားသော သီးလုံးဆရာတော်ဘုရားကြီး၏တပည့် ရွှေကျင်ဆရာတော်သည် ၁၂၂၂-ခုနှစ်

---

၁။ ဝိ၊ ဠ၊ ၁။ ၅၀။

မှစ၍ ရွှေကျင်နိကာယ သာသနာဝင်ကို စတင်တည်ထောင်တော်မူခဲ့သည်။ ရွှေကျင်ဆရာတော်ဘုရားသည် သီရိလင်္ကာ(သီဟိုဠ်) ထိုင်းလင်း (ယိုးဒယား) နိုင်ငံတို့တိုင်အောင် သာသနာပြုတော်မူသကဲ့သို့ ရွှေကျင်ဆရာတော်၏ အနုဇာတတပည့် မဟာဝိသုဒ္ဓါရုံဆရာတော်သည်လည်း သီဟိုဠ်, ယိုးဒယားတိုင်အောင် တပည့်စဉ်ဆက်ပွားများကာ သာသနာထွန်းကားအောင် ပြုတော်မူနိုင်ပေသည်။

ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ တပည့်များတွင် တစ်ပါးအပါအဝင်ဖြစ်၍ ဒသမရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော မြောင်းမြမြို့ ပဋ္ဌာနတာရုံဆရာတော် အရှင်ဉာနာဘိဝံသသည်လည်း မြန်မာနိုင်ငံတွင် အကျော်သိက္ခာနှင့် ပရိယတ္တိဂုဏ် စွယ်စုံထင်ရှားတော်မူသည်။

မြောင်းမြ ပဋ္ဌာနတာရုံ ဆရာတော်ဘုရားကြီး၏ သာသနာဝင် တပည့်အစဉ်အဆက်သည်ကား မြန်မာပြည်တွင်သာမက ကမ္ဘာအရပ်ရပ်၌ ပျံ့နှံ့ထင်ရှား ကြီးပွားနေပေသည်။

မြောင်းမြဆရာတော်ဘုရားကြီး၏ တပည့်များတွင် ပန်းကုံးဆရာတော်ဟု ကျော်စောထင်ရှားသော မြောင်းမြမြို့ တိုက်သစ်ပဋ္ဌာနတာရုံစာသင်တိုက်နှင့် မှော်ဘီမြို့ သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏ ပဓာနနာယကဆရာတော် အရှင်ကုမာရမထေရ်သည်လည်း တစ်ပါးအပါအဝင်ဖြစ်ပေသည်။

ပန်းကုံးဆရာတော်သည် ဝိနည်း, သုတ္တန်, အဘိဓမ္မာ ပိဋကသုံးပုံနှင့် တကွ ပိဋကတ်အခြေခံ သဒ္ဒါ, အဘိဓာန်, ဆန်း, အလင်္ကာ, ကဝိလက္ခဏာ-ကျမ်းများကိုပါ အလွန်တတ်ကျွမ်း လိမ္မာတော်မူကြောင်း ဆရာတော် ပြုစုတော်မူသည့် ကျမ်းစာများအရ သိရှိရပေသည်။

ပန်းကုံးဆရာတော်သည် ရဟန်းသိက္ခာ ၁-ဝါအရ ၁၃၀၃-ခုနှစ် တန်ဆောင်မုန်းလတွင် မြောင်းမြမြို့ ပဋ္ဌာနတာရုံကျောင်းတိုက် မြောင်းမြဆရာတော်၏ ခြေတော်ရင်းသို့ ရောက်ရှိတော်မူသည်၊ ဆရာတော်ကြီး၏ အထံတွင် သဒ္ဒါ, သင်္ဂဟ-စသော အခြေခံကျမ်းများနှင့်တကွ ပိဋကသုံးပုံ ပါဠိတော်, အဋ္ဌကထာ, ဋီကာ အထက်တန်းကျမ်းကြီးများကို ကြိုးကြိုးစားစား လေ့လာသင်ယူတော်မူသည်။

၁၃၀၈-၉-၁၀-၁၁-ခုနှစ်များတွင် ပထမပြန် ငယ်, လတ်, ကြီး အတန်းများနှင့်တကွ သာသနဓဇသိရီပဝရဓမ္မာစရိယ စာချတန်းကိုပါ အကျအရှုံးမရှိ ဆက်တိုက် အောင်မြင်တော်မူခဲ့သည်၊ စာသင်သက် ၇-နှစ်, ၈-နှစ်မျှဖြင့် ဤမျှအောင်မြင်နိုင်သည့်အပြင် အထက်တန်း ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းကြီးများကိုပါ ပေါက်မြောက်၍ ကျမ်းတတ်ပုဂ္ဂိုလ် အဖြစ်ရောက်အောင် ပို့ချနိုင်, သင်ယူနိုင်သော ဆရာ+ တပည့်တို့၏ အံ့ဖွယ် စွမ်းရည်များကို ကျမ်းတတ်ပညာရှင်များ သိရှိတော်မူကြပြီး ဖြစ်ပေလိမ့်မည်။

သည်မျှသာမကသေး၊ ပန်းကုံးဆရာတော်သည် ရဟန်း သိက္ခာ ၁၅-ဝါအရ ၁၃၁၆-ခုနှစ်တွင် ကဝိလက္ခဏာလေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော သုဗောဓာလင်္ကာရကျမ်း၏ မြန်မာဘာသာဋီကာဟု ဆိုအပ်သော နိဿယကျမ်းကို ကြိုးပမ်းပြုစုတော်မူသည်။ ယင်းနိဿယကျမ်းကို ရတနာပန်းကုံးသဖွယ် အလွန်နှစ်သက်ဖွယ်ကောင်းလှသောကြောင့် ကျမ်းဆရာကိုယ်တိုင် "အလင်္ကာပန်းကုံး"ဟု ကင်ပွန်းတပ်တော်မူသည်။ ထိုအခါမှစ၍ ကျမ်းပြုဆရာတော်ကို ပန်းကုံးဆရာတော်ဟု အသိအမှတ်ပြုတော်မူခဲ့ကြသည်။

စာသင်သက်တမ်း ၁၂-နှစ်, ၁၃-နှစ် ခန့်မျှဖြင့် ဤမျှလေးနက်ခက်ခဲသော ကျမ်းကြီးတစ်စောင်ကို ပြောင်မြောက်စွာ ရေးသားပြုစုနိုင်ခြင်းသည် အလွန်ပင် အံ့ဖွယ်ကောင်းပါပေစွ။

မာဂဓဘာသာ သဒ္ဒါကျမ်း, အဘိဓာန်ကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်းတို့သည် သက္ကတဘာသာ သဒ္ဒါကျမ်း, အဘိဓာန်ကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်းတို့ကို မှီငြမ်းပြုရသည်သာဖြစ်သည်။ အဆိုပါသက္ကတကျမ်းများသည် မာဂဓဘာသာကျမ်းများထက် နှစ်ပေါင်းများစွာ ရှေးကျသကဲ့သို့ နက်နဲ, ကျယ်ဝန်းမှုလည်း များပြားလှပေသည်။ မှန်၏၊ အဆိုပါ သက္ကတကျမ်းများတွင် အလင်္ကာကျမ်းတစ်မျိုးတည်း၌ပင် ကျမ်းအရေအတွက်များပြားသကဲ့သို့ ကျမ်းဆရာအသီးသီးကွဲကာ အယူအဆလည်း ကွဲပြားခြားနားကြပေသည်။ ယင်းသို့ အယူအဆ ကွဲပြားကြောင်းကို ကာဗျာဒါသနိဿယကျမ်းပြုဆရာက ဤသို့ မိန့်ဆိုတော်မူသည်။

> "ဘရတဆရာနှင့် ဥဒ္ဘဋ္ဋ, ရုဒြဋ္ဋ, ဘင္ဂနာယက-စသော ဆရာတို့က ရသသည် ကာဗျ၏ အရေးအကြီးဆုံးအရာဟု ဆို၍ ဒဏ္ဍီဆရာ, ဝါမနဆရာ-စသည်တို့ကမူ **ရီတိ (ရေးဟန်)** သည်သာ ပဓာနအကျဆုံးဟု ဆိုလေသည်။ ဘာမဟဆရာ, ကုန္တလဆရာစသည်တို့ကမူကား ဝကြောက္တိ (ဝင်္ကဝုတ္တိ)သည် ကာဗျ၏ အရသာကို ခံစားရာ၌ အရေးအကြီးဆုံး အကြောင်းဖြစ်သည်ဟု ဆို၍ အာနန္ဒဝဒ္ဓန-စသော ဆရာတို့ကမူ **ဓွနိ(အသံ)**သည် ကာဗျအရာ၌ ကျွမ်းကျင်မှုမရှိလျှင် မဖြစ်သောအရာဟု ဆိုလေသည်။"[၁]

ဤသုဗောဓာလင်္ကာရကျမ်းဆရာသည် ကာဗျပ္ပကာသ - စသော သက္ကတကျမ်းစာများကို မှီငြမ်းပြုသော်လည်း အများအားဖြင့် ကာဗျာဒါသ သက္ကတအလင်္ကာကျမ်းကိုသာ မှီငြမ်းပြုကြောင်း တွေ့ရှိရသည်။ ကာဗျာဒါသကျမ်းကို များစွာမှီငြမ်းပြုသော်လည်း ထိုကျမ်းကို ပုံတူကူးကာ ရေးသားသည်ကား မဟုတ်ပေ။

---

၁။ ကာဗျာဒါသနိဿယ၊ နိဒါန်း

ကာဗျာဒါသကျမ်း၌ ပရိစ္ဆေဒ ၃-မျိုးရှိရာ ပထမပရိစ္ဆေဒ၌ ကာဗျ အမျိုးအစားနှင့် မဟာကာဗျအကြောင်း, ဂုဏ် ၁၀-ပါးနှင့် စာပေဟန် ရီတိ တို့ကို ဝေဖန်ရေးသားသည်။

ဒုတိယပရိစ္ဆေဒ၌ အလင်္ကာ ၃၅-မျိုးကို လက္ခဏာ, ပုံစံတို့နှင့်တကွ ဝေဖန်ဖေါ် ပြသည်။ တတိယပရိစ္ဆေဒ၌ ယမကနှင့် ပဟေလိတို့ကို ဝေဖန် ပြဆို၍ ကာဗျဒေါသ ၁၀-မျိုးဖြင့် နိဂုံးချုပ်သည်။

သုဗောဓာလင်္ကာရကျမ်း၌ကား ဒေါသာဝဗောဓ, ဒေါသပရိဟာရာ-ဝဗောဓ, ဂုဏာဝဗောဓ, အတ္ထာလင်္ကာရာဝဗောဓ, ရသဘာဝါဝဗောဓဟု ပရိစ္ဆေဒ ၅-မျိုးခွဲကာ ရေးသားထားရာမှာ အလွန်ရှင်းလင်းလှပေသည်။ ထိုသုဗောဓာလင်္ကာရကျမ်းသည် ကာဗျာဒါသကျမ်းထက် လေ့လာသင်ယူ ရာ၌ ရှင်းလင်းလွယ်ကူသည်ဟု ဆိုရပေမည်။

## အလင်္ကာပန်းကုံး

ဤသို့ သုဗောဓာလင်္ကာရကျမ်းသည် လွယ်ကူသည်ဟု ဆိုရသော် လည်း လေ့လာသင်ယူရာ၌ စာသင်သားများ ပြည့်ပြည့်ဝဝ နားလည်ရန် ကား မလွယ်ကူသေးပေ။ ထို့ကြောင့် ဋီကာ ၂-စောင်နှင့် ရှေးနိဿယ ကျမ်းတို့က ပေါ်လွင်အောင် ဖွင့်ဆိုတော်မူကြသည်။ သို့ပါသော်လည်း ခေတ်စကားဖြင့် ခေတ်စာသင်သားများ နားလည်အောင် ရှင်းလင်းရေး သားဖို့ကား မျက်မှောက်ခေတ် ကျမ်းတတ်ပုဂ္ဂိုလ်များ၏ တာဝန်သာ ဖြစ်ပေသည်၊ ထို့ကြောင့် ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုသော ပန်းကုံးဆရာတော်သည် ဤအလင်္ကာပန်းကုံးကျမ်းကို ၁၃၁၆-ခုနှစ်မှ စတင် ရေးသားတော်မူခဲ့သည်။

စာသင်သက်တမ်း ၁၂-နှစ်, ၁၃-နှစ်မျှဖြင့် ဤမျှ လေးနက်ခက်ခဲ သောကျမ်းကို ရေးသားနိုင်ခြင်းသည် ကြားသိရသူအားလုံး ရွှင်ပြုံး ကြည်သာ အံ့ဖွယ်ရာပင်ဖြစ်ပေသည်။

ဤကျမ်းကို ရေးသားရာ၌ အဖက်ဖက်မှ ပြည့်စုံအောင် ရေးသားထားသည်ကို တွေ့ရသည်။ ဒေါသ, ဂုဏ်, အလင်္ကာနှင့် ဘာဝတို့၏ သဘောလက္ခဏာကို ကဗျာအလင်္ကာဖြင့်လည်းကောင်း၊ စကားပြေဖြင့် ရေးသားထားသည့်အပြင် "ပိဋကလင်္ကာပေါင်း ၄၀-ကျော်နှင့် ပိဋကတ်ကျမ်းစာပေါင်းများစွာတို့မှ အဆီအနှစ်ကို စစ်ထုတ် ရေးသားထားသည်"ကိုလည်းကောင်း တွေ့ရှိရပေသည်။

## ရေးသားပုံကို သုံးသပ်ခြင်း

ဤကျမ်းဆရာသည် မူလကျမ်းရင်း၌ အနက်အဓိပ္ပါယ် လွယ်ကူသည်ဟု ထင်ရသောနေရာမျိုး၌ပင် လေးနက်ထင်ရှား၍ မှတ်သားဖွယ်ကောင်းအောင် ရေးသားဖွင့်ဆိုသွားသည်။ ပုံစံ — အနတ္ထဒေါသ, ဂါမ္မဒေါသ-စသည်။

ထိုတွင် အနတ္ထဒေါသကို "သစ္စာလေးဆင့်၊ ငုံအာရင့်၍၊ ဖူးပွင့်ပြီးသော်၊ မြတ်ရှင်ကျော်၏၊ ခြေတော်အစုံ၊ ကြာပဒုံကို၊ ခိုလှုံညွတ်ဦး တိုက်ပါ၏" ဟူသော မိမိရေးကဗျာဖြင့် ရှင်းပြပြီးလျှင်-

> "မင်းနှင့် ပုဏ္ဏား၊ သူကြွယ်အားလျှင်၊ ဘိုးဘွားဥစ္စာ၊ ထူပြောစွာဟု၊ မဟာသာလ၊ တွင်ထအမည်၊ သုံးပါးတည်၍၊ အစည်အပင်၊ တို့ပြည်တွင်၌၊ ဘိုးစဉ်ဘောင်ဆက်၊ ဘေးလက်ထက်က၊ အနက်ဆည်းပူး"

ဟူသော ရှင်မဟာသီလဝံသ၏ ဆုတောင်းခန်းပျို့(ပိုဒ်-၁၃)လာ စကားရပ်၌ "ဘောင်"ဟူသော စကားသည် အသီးအခြားအနက်မရှိ, ပုဒ်ပြည့်ရုံမျှဖြစ်၍ အနတ္ထဒေါသသင့်၏ဟု ရှေးဆရာများဆိုကြ၏။ "ဘောင်"ဟူသော စကားသည် အဖွားကိုခေါ်သော စကားဖြစ်၍ ထိုရှေးဆရာတို့စကားကို မမှတ်သင့်ကြောင်း ဖွင့်ဆိုပြီးလျှင် ရခိုင်ပြည်နယ်၌ ယခုတိုင်အောင် အဖွားကို "အဘောင်"ဟု ခေါ်ကြောင်း မိန့်ဆိုသည်။

ဤ၌ ရှေးဆရာဟူသည်မှာ ယောမင်းကြီး ဦးဖိုးလှိုင်၏ အလင်္ကာ နိဿယပင် ဖြစ်သည်။ ထို့ပြင် မိတ္ထီလာနယ်သား ကျေးရွာသူကြီး တစ်ယောက်က မြဝတီမင်းကြီး ဦးစထံသွား၍ "ရွက်ရင့်ရိုးရှည်၊ ခက်ဆင့် ဖြိုးစည်၊ ဖက်ဖင့်ဖိုးဖည်"ဟု ကဗျာဉာဏ် ကွန့်မြူးပြလိုက်ရာ မြဝတီ မင်းကြီးက များစွာရယ်မောလျက် ပုဆိုးဝတ်စုံတစ်စုံ ဆုချလိုက်ကြောင်း အရှုံးလွယ်အိတ်ကျမ်းမှ ထုတ်နုတ်ဖော်ပြထားသည်မှာ မှတ်သားဖွယ် ကောင်းလှပေသည်။

ဂါမွဒေါသဟူသည်မှာ ရိုင်းပြသောစကားဖြင့် သုံးနှုန်းဖွဲ့ဆိုသော စာပေ၌ သင့်ရောက်သော အပြစ်ဒေါသဖြစ်သည်။ ရိုင်းပြဟူရာ၌ ပင်ကိုက ပင် ရိုင်းပြသောစကားနှင့် ပုဒ်တစ်ပါးနှင့် ဆက်စပ်ခြင်းကြောင့် ရိုင်းပြသော စကားဟူ၍ ၂-မျိုးရှိသည်။

ထိုတွင် ပင်ကိုကပင် ရိုင်းပြသောပုံစံသည် ကျမ်းရင်း၌ ထင်ရှားပြီးဖြစ် သော်လည်း အလင်္ကာပန်းကုံးက အရှုံးလွယ်အိတ်ကျမ်းမှ အဖြစ်အပျက် တစ်ခုကို ပုံစံထုတ်ကာ ရှင်းပြထားသည်မှာ ပညာရှင်များ သဘောကျကာ သောမနဿ ဖြစ်ဖွယ်ပင်တည်း။

ကုန်းဘောင် မင်းတရားကြီးလက်ထက် လူပျိုတော်မင်းသား တစ်ပါး က အပျိုတော် မင်းသမီးတစ်ပါးကို ရလိုသဖြင့် မယ်ဘွဲ့စာတစ်ပုဒ် ရေးပေး ရန် တလိုင်းစာဆိုတော် ဦးနုအား တောင်းပန်သည်၊ ဦးနုကလည်း တောင်း ပန်သည့်အတိုင်း ကဗျာဉာဏ် ကွန့်မြူးပြီးလျှင် "ချစ်လွန်းလို့ပါ မိငယ်၊ ရှိခိုးပါရဲ့၊ မဲ့ဖင် ဆားတော်ဖြူးတယ်၊ မောင်ဖူးပါရဲ့"ဟု ရေးဖွဲ့ကာ အပျိုတော် မင်းသမီးထံ ပေးစေရာ တစ်နန်းတော်လုံး အုန်းအုန်းကျက်ကျက်ဖြစ်ပြီး ဘုရင်မင်းကြီးထံ ရောက်သွားသည်၊ ဘုရင်မင်းကြီးက "တလိုင်း စာဆို တော်နု စာဆိုကောင်းသည့်အတွက် ဆတောင်ရွာကို အပိုင်စားပေး မည်"ဟု အမိန့်တော်မှတ်ကာ ဆတောင်ရွာစားအဖြစ် ခန့်ထားလေသည်။

ထို့ပြင် ပုဒ်တစ်ပါးနှင့် စပ်၍ ဂါမ္ဘဒေါသသင့်သော ပုံစံကို "တို့သမီးထွေး၊ ငယ်ပါသေး၍၊ ချစ်ရေးဆိုပြား၊ ရှင်တို့သားနှင့်၊ ထိမ်းမြားခြင်းငှါ၊ မသင့်ပါ"ဟု ကျမ်းဆရာကိုယ်တိုင် ရေးသားထုတ်ပြသည်မှာလည်း မှတ်သားဖွယ် ကောင်းလှပေသည်။

လောကဌ် မဖြစ်နိုင် မရှိနိုင်သော အကြောင်းအရာကို ဝါကြွား ပလွှား ၍ဖြစ်စေ၊ တမင်လာ လိမ်လည်၍ဖြစ်စေ မတန်မရာ ပြောဆိုရေးဖွဲ့အပ် သောစကားနှင့် စာပေအဖွဲ့ကို အတိဝုတ္တဒေါသသင့်၏ဟူ၍လည်းကောင်း, ယင်းဒေါသမှ လွတ်လျှင်လည်း ကန္တိဂုဏ်မြောက်၏ဟူ၍လည်းကောင်း သုဗောဓာလင်္ကာရကျမ်း၌ မိန့်ဆိုသည်။ ပြယုဂ်ပုံစံကိုလည်း ယင်းကျမ်းလာ သည့်အတိုင်း ပန်းကုံးဆရာတော်က -

"သားကောင်းမိခင်၊ သားမြတ်ပြင်ကို၊ ဆန့်လျှင်အာကာ၊
ထောက်တည်ရာသည်၊ ဘယ်မှာတစ် ရှိအံ့နည်း"

ဟု မြန်မာပြန်က ဖွင့်ဆိုသည်။ ယင်းဒေါသ၏ အဖြေကိုလည်း ယင်းကျမ်း လာသည့်အတိုင်းပင် -

"လမင်းဟူငြား၊ မြတ်ဘုရား၏၊ ကျော်ကြား ရောင်တော်၊
ဖြန့်လိုက်သော်လျှင်၊ ဤကောင်းကင်သည်၊ ဘယ်တွင်ဆံ့
ဖွယ် ရှိအံ့နည်း"

ဟူ၍ ပေါ်လွင်အောင် ဖြေဆိုထားသည်။

ဤ၌ သုဗောဓာလင်္ကာရဆရာသည် စကားလွန် စကားကြူးဖြစ်သည့် အတိဝုတ္တဒေါသကို ပြင်ဆင် ဖာထေး၍မဖြေဘဲ ဘုန်းကံသခင် ဘုရားရှင် ၏ ကိတ္တိယသ အရောင်တော်ဖြင့်သာ ဖြေဆိုထားသည်။ အကယ်၍ ပြင်ဆင်ဖာထေးကာ ဖြေဆိုလိုလျှင် "အတိသမ္ဘာဓောကာသံ၊ ကိမိဿာ ထနဇမ္ဘနေ"ဟု ဖြေနိုင်ကြောင်း ယောနိဿယ၌ မိန့်ဆိုသည်။ ယင်းကို ပန်းကုံးဆရာတော်က-

"သားသည် မိခင်၊ သားမြတ်ပြင်ကို၊ ဖြန့်လျှင် ဘယ်မှာ၊
ထက်အာကာကို၊ ဖက်ကာတုပြိုင်၊ နိုင်မည်နည်း"

ဟု မြန်မာမှု ပြုထားပေသည်။

ဤအတိဝုတ္တဒေါသနှင့် ကန္တိဂုဏ်ကို ပြဆိုရာ၌ သုဗောဓာလင်္ကာရသည် သက္ကတကာဗျာဒါသနှင့် မတူညီဟု ဆိုရပေမည်။ ကာဗျာဒါသ၌ အတိဝုတ္တဒေါသကို အထူးမပြဆိုသော်လည်း လောက၌ ထင်ရှားသော သဘောကို မကျော်လွန်မူ၍ လူအများ နှစ်သက်ဖွယ်ရှိအောင် ဖွဲ့ဆိုလျှင် ကန္တိဂုဏ်မြောက်သည်ကိုလည်းကောင်း၊ အကြောင်းအရာ တစ်ခုခုကို နှစ်သက်ဖွယ်ရှိအောင် ဖွဲ့ဆိုခြင်း (ဝတ္တာဘိဓာန)နှင့် အရာဝတ္ထုတစ်ခုခုကို နှစ်သက်ဖွယ်ရှိအောင် ဖွဲ့ဆိုခြင်း (ဝတ္ထုဝဏ္ဏနာ) ဟူ၍ နှစ်မျိုးရှိကြောင်းကိုလည်းကောင်း ပြဆိုသည်။ ထို့ပြင် ဝတ္တာဘိဓာနကန္တိဂုဏ်ကို-

ဂေဟာနိ နာမ တာန္ယေဝ၊ တပေါရာသိ ဘဝါဒိသော။
သမ္ဘာဝယတိ ယာန္ယေဝ၊ ပါဝနပါဒပံသုဘိ။

"အကျင့်ဂုဏ်၏ အစုအပုံဖြစ်သော အရှင်ကဲ့သို့သောသူမြတ်သည် စင်ကြယ်စေတတ်သော ခြေမှုန့်တို့ဖြင့် သုတ်သင်ရှင်းလင်းအပ်သော အိမ်တို့သည်သာလျှင် ချီးမွမ်းအပ်သော အိမ်တို့မည်ကြသည်"ဟု ပြဆိုသည်။

ဤ၌ ဂေဟပုဒ်ဖြင့် လက္ခဏာအားဖြင့် ချီးမွမ်းအပ်သော အိမ်ကိုလည်းကောင်း, သူတော်စင်၏ခြေဖြင့် ထိခြင်းကြောင့် တည်ရာအရပ်၏ ချီးမွမ်းအပ်သည်၏အဖြစ်ကိုလည်းကောင်း လောကသဘောနှင့် မဆန့်ကျင် အောင်ဖွဲ့ဆိုသောကြောင့် ဝတ္တာဘိဓာနကန္တိဂုဏ်မြောက်သည်။

ဝတ္ထုဝဏ္ဏနာကန္တိဂုဏ်ကိုကား —

ဏ္ဍမေသ မနဝဇ္ဇံဂိ၊ ထနာနံ ဇမ္ဘမာနနံ။ (ဇမ္ဘမာနာနံ-ဟူလို၏)
နာဝကာသော ပရိယတ္တော၊ တဝ ဗာဟုလတန္တရေ။

"အို အပြစ်ကင်းစင် တင့်တယ်သော ကိုယ်အင်္ဂါရှိသူ! သင်၏ ဖွံ့ဖြိုးကြီးထွားနေသော သားမြတ်အစုံ၏ လက်မောင်း၂-ဖက်အကြားအရပ်၌ တည်ရာဒြာန မလောက်ပေါ်တကား"ဟု ပြဆိုသည်။

ဤ၌ အလွန်ဖွံ့ဖြိုးမြင့်မောက်သော သားမြတ်အစုံ၏ သေးငယ်သော ရင်ဘတ်၌ တည်ရာမရခြင်း ဝါ-မဆံ့ခြင်းသည် လောက၌ ထင်ရှားသော ကြောင့် ဝတ္ထုဝဏ္ဏနာကန္တိဂုဏ်မြောက်သည်ဟု ဆိုလိုသည်။ ဤကား ဝေဒဗ္ဘီယကဝိတို့အလို ဝတ္ထုဝဏ္ဏနာကန္တိဂုဏ်ဖြစ်သည်။

ဂေါဍီယကဝိဟို့အလိုကား —

အပ္ပံ နိမ္မိတမာကာသ - မနာလောကိယ ပြဟ္မုနာ။
တ္ထဒမေဝ်ဝိစံ ဘာဝိ၊ ဘဝတျာ ထနဇ္ဇုမ္ဘနံ။

"အရှင်မ၏ ဤသို့ ကြီးထွားကျယ်ပြန့်သော သဘောရှိမည်ဖြစ်သော ဤသားမြတ်အစုံ၏ ဖွံ့ဖြိုးကြီးထွားခြင်းကို မရှုမဆင်ခြင်မူ၍ ထာဝရဘုရားသခင်သည် ကောင်းကင်ကို နည်းငယ်သေးကွေး ကျဉ်းကျဉ်းကလေး ဖန်ဆင်းလေယောင်တကား"။

ဤ၌ ဥသျှစ်သီး, သလဲသီးမျှရှိမည်ဖြစ်သော သားမြတ်တို့၏ မဖြစ်နိုင်သော ကောင်းကင်မဆံ့အောင် ကြီးကျယ်မြင့်မောက်ပုံကို ဖွဲ့ဆိုသောကြောင့် လောကအပ္ပသိဒ္ဓဖြစ်၍ ဝေဒဗ္ဘီယကဝိတို့အလို ကန္တိဂုဏ်မမြောက်၊ ဂေါဍီယကဝိတို့ကား လောကအပ္ပသိဒ္ဓဖြစ်သော်လည်း နှစ်သက်ဖွယ် ရှိအောင် ဖွဲ့ဆိုသောကြောင့် ကန္တိဂုဏ်မြောက်သည်ဟု ဆိုကြသည်။[၁]

သုဗောဓာလင်္ကာရဆရာ၏ အတိဝုတ္တဒေါသပုံစံသည် ဂေါဍီယ-ကဝိတို့၏ အလိုသို့လိုက်၍ ထုတ်သောပုံစံ ဖြစ်ရာ၏။

---

၁။ ကာဗျာဒါသ၊၁-ပရိစ္ဆေဒ၊၈၆၊၈၇၊၉၁။

## လူသားနှင့် စာပေ

ကမ္ဘာဦးအခါ လူသားများသည် ကျောက်ခေတ်ကာလ လူရိုင်းဘဝမှ ဟစတစ တိုးတက်လာကာ အသိအလိမ္မာရှိသည့် မနုဿလူသားအဖြစ် ရောက်လာကြသည်၊ ထိုအခါ မနုဿလူသား အချင်းချင်း တစ်ယောက်နှင့် တစ်ယောက်, တစ်စုနှင့် တစ်စု, တစ်နေရာနှင့် တစ်နေရာ စကားဖြင့်ဆက်သွယ်ကာ နေထိုင်လာကြသည်။ ယင်းသို့ ဆက်သွယ်ရာမှ တဖြည်းဖြည်း တိုးတက်လာကာ အက္ခရာအရေးအသားကို အချင်းချင်း ညှိနှိုင်းတိုင်ပင်ကာ တီထွင်လာကြသည်။ ဤမည်သောအရေးအသား သင်္ကေတဖြင့် ဤမည်သောစကားလုံး, ဤမည်သောအနက်အဓိပ္ပါယ်ဟု အသိအမှတ်ပြုကြသည်၊ ဤသို့ဖြင့် ဒေသအလိုက် လူမျိုးအလိုက် အက္ခရာအရေးအသားဟူ၍ ပေါ်လာသည်။

ယင်းအက္ခရာအရေးအသားဖြင့် အချင်းချင်းနားလည်အောင် ဆက်သွယ်လာကြပြီးနောက် ဉာဏ်ပညာရှိသော လူအချို့က ရေအကြောင်း, မြေအကြောင်း, မီးအကြောင်း, လေအကြောင်းနှင့် ကောင်းကင်နက္ခတ်တာရာလနေအကြောင်းတို့ကို အက္ခရာသင်္ကေတဖြင့် ရေးသားလာကြသည်၊ ထိုအခါမှစ၍ လူသားနှင့် စာပေဟူ၍ ပေါ်ပေါက်လာပေသည်။

## စာပေ ဖွဲ့စည်းပုံ

စာပေသည် လူတိုင်းနှင့်ဆံဆက်သည့် လူထုပိုင်ပစ္စည်း အစစ်ဖြစ်သည်၊ စာပေကို မပိုင်ဆိုင်သောသူ ဟူ၍လောကဥ် မရှိချေ။ သို့တစေလည်း စာပေသည် မည်သို့သော အစိတ်အပိုင်းများဖြင့် ဝိုင်းဝန်း တည်ဆောက်ထားသည့်အရာဟူ၍ သိမြင်ထားသော လူများကား အနည်းစုသာ ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် ပန်းကုံးဆရာတော် အရှင်ကုမာရက "ကဗျာ့အုတ်မြစ်စနစ်သစ်၌" ဤသို့ မိန့်ဆိုထားသည်။

“စာပေ၏ ဖွဲ့စည်းပုံကို စဉ်းစားမိသူကား ရှားပေလိမ့်မည်။ အဘယ်ကို စာပေဟုခေါ်သနည်းဟု မေးကြည့်ပါက သူတစ်မျိုး ငါတစ်ဖုံ နည်းမျိုးစုံ ဖြေဆိုကြပေလိမ့်မည်။ လိုရင်းကို ထိရောက်သောအဖြေ, မထိရောက်သောအဖြေ, မထိတထိအဖြေ- အစရှိသည်ဖြင့် အဖြေမျိုးစုံ နာမကုန်အောင် ပေါ်ထွက်ကောင်း ပေါ်ထွက်လာပေလိမ့်မည်”။

ဤသို့ မိန့်ဆိုပြီးလျှင် လူနေအိမ်ခြေအပေါင်းအစုကို ကျေးရွာ = ရပ်ကွက်၊ ကျေးရွာ, ရပ်ကွက်အပေါင်းအစုကို မြို့နယ်၊ မြို့နယ်အပေါင်းအစုကို တိုင်း=ပြည်နယ်၊ တိုင်း, ပြည်နယ်အပေါင်းအစုကို နိုင်ငံတော်ဟု ဖွဲ့စည်းရသည်၊ ထို့အတူပင် အက္ခရာအပေါင်းအစုကို “ပုဒ်”၊ ပုဒ်အပေါင်းအစုကို “ဝါကျ”၊ ဝါကျအပေါင်းအစုကို “အဖွဲ့ = ဗန္ဓ”၊ အဖွဲ့ဗန္ဓအပေါင်းအစုကို “စာပေ = ဂန္ထ”ဟု ခေါ်သည်ဟူ၍ စာပေကျမ်းဂန် ဖွဲ့စည်းမှုပုံသဏ္ဌာန်ကို “ကဗျာ့အုတ်မြစ် စနစ်သစ်”ကျမ်းက ဆိုလေသည်။

## မြန်မာစာပေ အခြေအမြစ်

ကမ္ဘာပေါ်၌ လူမျိုးပေါင်း ထောင်သောင်းချီကာ တည်ရှိနေရာ ဘာသာစာပေပေါင်းလည်း ထောင်သောင်းချီကာ တည်ရှိနေပေလိမ့်မည်။ ထိုတွင် မြန်မာစာပေ၏ အရင်းခံ အခြေအမြစ်ဖြစ်သော အက္ခရာသည် ဗျည်းနှင့် သရဟူ၍ ၂-မျိုး ၂-စားရှိရာ မြန်မာဗျည်းသည် “က အစ ဠ”အဆုံး ၃၂-လုံးဟု လူအများသိရှိနေကြသည်၊ အချို့ပညာရှိတို့ကမူ(အံ၊ း၊ . ၊)ဟူသော ၃-လုံးကို ထည့်သွင်း၍ ၃၅-လုံးဟု ဆိုကြသည်။

မြန်မာသရမှုကား “အ, အာ၊ ဣ, ဤ၊ ဥ, ဦ၊ ဧ, အဲ၊ ဩ, ဪ၊ အို၊ အံ, အား”ဟု အများသိ သရ ၁၃-လုံးတွင် အချို့ဆရာတို့က “ဪ”အထိ ၁၀-လုံးဟူ၍လည်းကောင်း၊ အချို့ဆရာတို့က “အို”အထိ ၁၁-လုံးဟူ၍

လည်းကောင်း၊ အချို့ဆရာတို့က "အို"မှတပါး ၁၂-လုံးဟူ၍လည်းကောင်း၊ အချို့ဆရာတို့က အလုံးစုံ ၁၃-လုံးဟူ၍လည်းကောင်း အမျိုးမျိုး ယူဆ ပြောဆိုကြသည်။

ခေတ်သစ်ဆရာတို့ကမူ "အ အာ အား၊ အိ အီ အီး၊ အု အူ အူး၊ အေ့ အေ အေး၊ အဲ့ အယ် အဲ၊ အော့ အော် အော၊ အို့ အို အိုး၊ အံ့ အံ အမ်း"ဟူ၍ ၂၄-လုံးရှိကြောင်း ဆိုကြသည်။

ကဗျာ့အုတ်မြစ် စနစ်သစ်ကျမ်းဆရာကား မူလကာရန်သရ ၁၆-လုံးနှင့် ကာရန်ငယ်သရ ၆၄-လုံးရှိကြောင်း ပုံစံဇယားဖြင့် ဖော်ပြထား ပေသည်။

ကဗျာ့အုတ်မြစ် စနစ်သစ်ကျမ်း၌ ပါဒသိက္ခာကဏ္ဍ, နယဒဿန ပထမကဏ္ဍ, နယဒဿနဒုတိယကဏ္ဍဟု ကဏ္ဍကြီး ၃-ခု ခွဲခြားတင်ပြ ထားသည်။

ထိုတွင် ပါဒသိက္ခာကဏ္ဍ၌ ကဗျာနှင့်စပ်၍ သိမှတ်ဖွယ် အခြေခံ သင်ခန်းစာများကို ပြည့်ဝစုံလင်စွာ ပြဆို၍ ကဗျာစပ်ဟပ်ပုံ နည်းမျိုးစုံကို လည်း စနစ်သစ်ထွင်ကာ ထည့်သွင်းပြထားသည်၊ ယင်းစနစ်သစ် စပ်နည်း များသည် ရှင်းလင်းလွယ်ကူ၍ တိုကျဉ်းလိုရင်းကို ထိမိသည်။

နယဒဿနပထမကဏ္ဍ၌ လင်္ကာမျိုးသက်ဝင်ရာ ကဗျာများ၏ သဘာဝတ္တနှင့် ရေးသားစပ်ဟပ်နည်းများကို ပြဆိုထားသည်။ နယဒဿန ဒုတိယကဏ္ဍ၌မူ သီချင်းမျိုးသက်ဝင်ရာ ကဗျာများ၏ သဘာဝတ္တနှင့် ရေးသားစပ်ဟပ်နည်းများကို ပြဆိုထားပေသည်။ ထို့ကြောင့် ကျမ်းဆရာ က သူ၏ကျမ်းဂုဏ်ရည်ကို ဤသို့ ပြဆိုထားလေသည်။

"ဤကျမ်းသည်လည်း စာပေပညာရှင်တို့၏ အဖော်မွန် ကျမ်းစာကောင်း တစ်စောင်ဖြစ်ပါသည်၊ ကဗျာစာဆိုရှင်

ဖြစ်လိုသူများအား လွယ်ကူရှင်းလင်းသော အသိဉာဏ်, ပြည့်ဝစုံလင်သော အသိဉာဏ်များကို ကျေနပ်အားရ လောက်အောင် ပေးစွမ်းနိုင်ပါလိမ့်မည်၊ ကြည့်ရှုလေ့လာ သူများကိုလည်း ကဗျာဆရာတစ်ယောက်ဖြစ်အောင် လက်တွဲခေါ်ဆောင်သွားပါလိမ့်မည်"။

## အဋ္ဌုပ္ပတ္တိစာပေ

ပြဆိုခဲ့ပြီး ကဗျာ့အုတ်မြစ် စနစ်သစ်ကျမ်းကို ကဗျာရေးနည်း စည်းကမ်းဥပဒေကို ရေးသားပြဆိုသောကျမ်းဖြစ်၍ မြန်မာဘာသာ ဆန်းကျမ်းဟု ခေါ်သင့်ပေသည်။

ပန်းကုံးဆရာတော်သည် အလင်္ကာပန်းကုံးကျမ်းဖြင့် ပါဠိ-မြန်မာ နှစ်ဘာသာ၏ အလင်္ကာကျမ်းကိုလည်းကောင်း, ကဗျာ့အုတ်မြစ် စနစ်သစ် ကျမ်းဖြင့် မြန်မာဘာသာ ဆန်းကျမ်းကိုလည်းကောင်း ရေးသားပြုစုပြီး ဖြစ်သည်၊ ထို့ကြောင့် သာသနာတော်အတွက် လိုအပ်နေသော အဋ္ဌုပ္ပတ္တိ ကျမ်းကိုလည်း ရေးသားပြုစုရန် ကြံစည်အားထုတ်နေသည်။

ထိုအချိန်တွင် မဟာဝိသုဒ္ဓါရုံထေရုပ္ပတ္တိကထာကျမ်းကို ပြန်လည် ရိုက်နှိပ်ရန် အခွင့်ကြုံလာသည်။ ကျေးဖူးရှင် မြောင်းမြဆရာတော်ဘုရား ကြီး၏ တာဝန်ပေးချက်အရ အဆိုပါ ထေရုပ္ပတ္တိ ပါဠိ, နိဿယကို တည်း ဖြတ်ပြင်ဆင်၍ နိဒါန်းအကျယ်ကိုပါ ရေးသားရသည်။

ထိုနိဒါန်း၌ ပန်းကုံးဆရာတော်က အဋ္ဌုပ္ပတ္တိစာပေကို "(၁) လောက သုံးပါးဟူသော ပတ်ဝန်းကျင်နှင့် သင့်တင့်အောင် တည်ဆောက်ရခြင်း (၂) ခေတ်သမိုင်းစဉ်ဖြင့် မျှတအောင် ပုံဖော်ရခြင်း (၃) မိမိ ကျွမ်းကျင် နိုင်နင်းသော ဘာသာစကား အဖွဲ့အနွဲ့ဖြင့် တန်ဆာဆင်ရခြင်း"ဟူသော မူ ၃-ချက်ကို ချမှတ်တင်ပြခဲ့ပေသည်။

အဋ္ဌကထာစာပေကို လောကီနယ်ပယ်၌သာ အလိုရှိအပ်သည် မဟုတ်၊ ဗုဒ္ဓသာသနာ လောကုတ္တရာနယ်ပယ်၌လည်း လွန်စွာအလိုရှိအပ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓစာပေ၌ ဗုဒ္ဓဝင်ပါဠိတော်, အပဒါန်ပါဠိတော်, ထေရဂါထာ, ထေရီဂါထာပါဠိတော်ဟူ၍ တစ်သီးတစ်ခြား အဋ္ဌကထာစာပေများ ထင်ရှားရှိနေသည် မဟုတ်ပါလော။

## မြောင်းမြထေရုပ္ပတ္တိကထာ

ပန်းကုံးဆရာတော်သည် ဝိသုဒ္ဓါရုံ ထေရုပ္ပတ္တိကထာနိဒါန်း၌ ချမှတ်ခဲ့သည့်မူအတိုင်း တာဝန်ကျရောက်လာသည့် ဆရာသခင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ မြောင်းမြထေရုပ္ပတ္တိကထာကို ၁၃၄၀-ခုနှစ်မှ စတင်ရေးသားတော်မူသည်။

ရေးသားပြုစုရာ၌ မြောင်းမြဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်ကို လောကသုံးပါးဟူသော ပတ်ဝန်းကျင်နှင့် အန်ဝင်ဂွင်ကျအောင် တည်ဆောက်၍ ခေတ်သမိုင်းစဉ်ဖြင့် အချိုးအစားမျှတအောင် ပုံဖော်လျက် မိမိကျွမ်းကျင်နိုင်နင်းသော မြန်မာဘာသာဖြင့် ဖွဲ့နွဲ့တန်ဆာဆင်ကာ အကောင်းဆုံးဖြစ်အောင် ခြယ်မှုန်းရေးသားတော်မူသည်။ ထေရုပ္ပတ္တိ၏ အမည်ကို "ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ"ဟူ၍ ကင်ပွန်းတပ်ထားသည်။

ထေရုပ္ပတ္တိကို စာမျက်နှာ အစမှ စာမျက်နှာ ၂၇၆-အထိကို ပထမပိုင်းဟု ပိုင်းခြားပြီး, စာမျက်နှာ ၂၇၇-မှ အဆုံးတိုင်အောင်ကို ဒုတိယပိုင်းဟု ပိုင်းခြားထားသည်။

ပထမပိုင်းကို မြောင်းမြဆရာတော် လောင်းလျာကလေးသူငယ်ဘဝမှစ၍ ၁၃၁၁-ခုနှစ် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျောင်းနိကာယဗဟိဒ္ဓာနသို့ ရောက်ချိန်အထိ ရေးသားဖော်ကျူးထားသည်။

ဒုတိယပိုင်းကိုမူ ဗဟိုဌာနသို့ ရောက်သည်မှစ၍ ဘဝနိဂုံးချုပ်သည့် တိုင်အောင် ပြည့်ပြည့်စုံစုံ ရေးသားတော်မူသည်။ ဤထေရုပ္ပတ္တိ၏ ကောင်း ခြင်းဂုဏ်ကို ကုန်စင်အောင် ဖော်ကျူးခြင်းငှါ မစွမ်းနိုင်ပါသဖြင့်-

> "သာသနာတော်၏ အခြေခံပင်မ ပရိယတ္တိစာသင် တိုက် တည်ထောင်လိုသော အရှင်မြတ်များ မရှိမဖြစ် လက်ကိုင်ပြုရမည့် ကျမ်းမြတ်တစ်ဆူပါ"

ဟူ၍သာ ဖော်ညွှန်းလိုပေသည်။

## သာသနာပြု လမ်းညွှန်စာပေ

ပန်းကုံးဆရာတော် ရေးသားပြုစုခဲ့သော ကျမ်းများကား များပြားလှ ပေသည်။ ယင်းတို့ကို ကုန်စင်အောင် သုံးသပ်ခြင်းငှါ မစွမ်းပေ၊ နောက် ဆုံးအနေဖြင့် ဆရာတော်၏ သာသနာပြု လမ်းညွှန်စာပေကိုသာ သုံးသပ် လိုပေသည်။ ယင်းကို သုံးသပ်ရာ၌ မိမိအနေဖြင့် သုံးသပ်ခြင်းထက် အခြား ပညာရှင်တစ်ဦး၏ သုံးသပ်ခြင်းကို ဖော်ပြခြင်းက သာလွန်လေးနက်မည်ဟု ယူဆမိပေသည်။

ပါဠိ, သက္ကတ, ဒဿနပညာရှင် ဆရာကြီး ဦးရွှေအောင်က "သူ၏ စာဖတ်သူများ"စာအုပ်၌ စာကို နောက်ကလိုက်၍ ဖတ်သူများ, စာကို ရင်ပေါင်တန်း၍ ဖတ်သူများ, စာကို ရှေ့ကကြို၍ ဖတ်သူများဟု ၃-မျိုး ရှိကြောင်း ဖော်ပြထားသည်။

စာပေဟုဆိုအပ်သော သဒ္ဒါသည် ဝါစကသဒ္ဒါ, လက္ခဏိကသဒ္ဒါ, ဗျဉ္ဇကသဒ္ဒါဟု ၃-မျိုးရှိသကဲ့သို့ စာပေ၏ အနက်သည်လည်း ဝါစ္စတ္ထ, လက္ချတ္ထ(လက္ခဏိယတ္ထ), ဗျင်္ဂျတ္ထဟု ၃-မျိုးရှိကြောင်း ပြဆိုထားသည်။

ယင်းတွင် သမ္မုတိသစ္စာသဘောသည် ဝါစုတ္တ၊ ပရမတ္ထသစ္စာသဘော သည် လက္ခုတ္တဖြစ်၍ အရိယသစ္စာသဘောသည် ဗျဂ္ဂုတ္တ ဖြစ်သည်။ စာဖတ်ရာ၌ အရိယသစ္စာ အနတ္တသဘောအထိ သိမြင်အောင် ဖတ်သင့်ကြောင်း စာဖတ်သူများစာအုပ်၌ ဖော်ပြထားသည်။

ဆရာကြီး ဦးရွှေအောင်က ပန်းကုံးဆရာတော်၏ "ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း"စာအုပ်၌ လေ့လာဖတ်ရှုနည်းကို စာမျက်နှာ ၇-မျက်နှာမျှ သုံးသပ်ပြထားသည်။ နမူနာအဖြစ် ထုတ်ပြရသော် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

> ဘာသာရေးလောက၌ ကထိန်သည် အရေးကြီး၏။ ကထိန်ခင်းတတ်မှ ကထိန်မြောက်ပြီး သံဃာနှင့် ဒကာနှစ်ဦးနှစ်ဖက် အကျိုးများ၏၊ သို့မဟုတ်က နှစ်ဦးနှစ်ဖက်လုံး ဆုံးရှုံး၏၊ ထို့ကြောင့် ကထိန်ခင်းမှုနှင့် စပ်လျဉ်း၍ စာအုပ်၌ "ကထိန်အလှူ မဖြစ်ရင် ကထိန်ခင်းမှုကို အကြောင်းပြုပြီး ရသင့်တဲ့ အာနိသင်များကို မရတော့ဘူးပေါ့၊ နှစ်ဦးနှစ်ဖက်လုံး ဆုံးရှုံးရတော့တယ်၊ အဲသည်လို ဆုံးရှုံးရုံတင်မကသေးဘူး၊ သံဃာတော်များက ကထိန်အာနိသင် ရတယ်ထင်ပြီး ကထိန်အာနိသင်ကြောင့် လွတ်လပ်ခွင့်ရနေတဲ့ သိက္ခာပုဒ်တွေကို လွန်ကျူးမိရင် အချောင် အာပတ်သင့်နေဦးမယ်၊ ဒီတော့ နားမလည်, ပါးမလည်နဲ့ လှူဒါန်းတဲ့ ကထိန်ဟာ "ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက်ကြောင့်လေး" ဆိုသလို ဖြစ်နေတယ်ဆိုတာ သတိပြုရလိမ့်မယ်"ဟူ၍ ဖော်ပြထားရာ များစွာမှတ်သားဖွယ်ကောင်း၏။

ဤမျှဖြင့် ကျမ်းပြုအကျော် ပန်းကုံးဆရာတော်ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို အာရုံပြုလျက် ဘဝနတ်နန်း စံမြန်း

တော်မူသော ပန်းကုံးဆရာတော်ဘုရားကြီးအား ၁၀-နှစ်ပြည့် အထိမ်း အမှတ်အဖြစ် လေးမြတ်ကော်ရော် ပူဇော်ပါသတည်း။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး

# မဟာပရိတ္တ အဘိနဝဋီကာ
# သုံးသပ်ဝေဖန်ခြင်း

ပရိတ်ကြီးပါဠိတော်ကား ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့နှင့် အနီးစပ်ဆုံး အကျွမ်းဝင်ဆုံး တရားတော်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် ကလေးသူငယ်များသည် သင်ပုန်းကြီးကို သင်ယူပြီး၍ အနည်းငယ် စာဖတ်တတ်သော အခါ အပြင်အောင်ခြင်း, အတွင်းအောင်ခြင်း, ရတနာရွှေချိုင့်, လောကနီတိ တို့ကို အထိုက်အလျောက် သင်ယူပြီးနောက် ပရိတ်ကြီးပါဠိတော်ကို သင်ယူသင့်ပါသည်၊ သို့မှ ဗုဒ္ဓဘာသာ မြန်မာလူမျိုး ပီသပါမည်။

ပရိတ်ကြီးကို သင်ယူရာ၌ ပါဠိနှင့်အနက်ကို ရနိုင်သမျှ အရကျက်၍ အနက်အဓိပ္ပါယ်ကိုပါ နားလည်အောင် သင်ယူမှ အကျိုးများများ ရနိုင်ပါသည်။ သို့ဖြစ်၍ မြန်မာရဟန်းတော် ဆရာတော်များသည် ပရိတ်ကြီးဋီကာ, ပရိတ်ကြီးဂဏ္ဌိ, ပရိတ်ကြီးနိဿယ, ပရိတ်ကြီးမြန်မာပြန်ကျမ်းဟု အမျိုးအစား ၄-မျိုးမျှပင် ပြုစုကြပါသည်။

ထိုတွင် ပရိတ်ကြီးနိဿယကျမ်းမှာ ၉-မှ, ၁၀-မှုခန့်ရှိ၍ ပရိတ်ကြီး ဋီကာမှာမူ အင်းဝခေတ် အရှင်တေဇောဒီပ၏ဋီကာနှင့် ဆရာတော် အရှင် တိလောကာဘိဝံသ၏ ဋီကာဟူ၍ ၂-မျိုးသာ တွေ့ရှိရပါသည်။

ဆရာတော် အရှင်တိလောကာဘိဝံသသည် အရှင်တေဇောဒီပ၏ ပရိတ်ကြီးဋီကာ ရှိပြီးဖြစ်သော်လည်း ပြည့်စုံမှု မရှိသေးသောကြောင့် ပရိတ်ကြီးဋီကာသစ်ကို ရေးသားရကြောင်း ကျမ်းဦး အစဂန္ထာရမ္ဘ၌ ပြဆို ထားပါသည်။

ဋီကာဟောင်း၌ ဝဋ္ဋသုတ်, ပုဗ္ဗကောသုတ်တို့မှတပါး ကျန် ၉-သုတ်မျှကို သာ ဖွင့်ဆို၍ ဋီကာသစ်၌ ယင်းသုတ်များနှင့်တကွ ပရိတ် ၁၁-သုတ်လုံး ဖွင့်ပြထားပါသည်။ အနက်အဓိပ္ပါယ်ဖွင့်ဆိုရာ၌ သဒ္ဒဝိနိစ္ဆယများနှင့်တကွ အဓိပ္ပါယ်ကို အကျယ်ဖွင့်ဆိုရေးသားထားသဖြင့် ဋီကာဟောင်းထက် ၂-ဆမက ကျယ်ဝန်းများပြားလှပါသည်။

ပရိတ်ကြီးဋီကာသစ်ကို ကျမ်းပြုဆရာတော်ဘုရားက "ထောက်ပြ ဝေဖန် အကြံဉာဏ်ပေးပါ"ဟု တောင်းခံထားရာ ဘုရားတပည့်တော် အနေဖြင့် "**အထူးဝေဖန်စရာ မရှိပါ၊ ရှင့်ဘုရင့်ပုဆိုး ပိုးချည်းပါပဲ**" ဟု တိုရှင်းလိုရင်း လျှောက်ထားလိုပါသည်။ ဤမျှဖြင့် ရပ်တန့်နေလျှင် ကျေနပ်နှစ်သက်မည်မဟုတ်၍ ကျမ်းပြုဆရာတော် ကျေနပ်အောင် အနည်းငယ်မျှ လျှောက်ထား တင်ပြပါမည်ဘုရား။

မဇ္ဈိမသာရမဥ္ဇူသာကျမ်းပြုဆရာတော် အရှင်အရိယဝံသသည် ယင်း ကျမ်းကို အသံဆိတ်ငြိမ် ညအချိန်၌ သမာဓိအား, ဉာဏ်အား ကောင်း ကောင်းဖြင့် အကောင်းဆုံးဖြစ်အောင် ရေးသားပြုစုပြီး လပြည့်, လကွယ်, ရှစ်ရက် သီတင်းနေ့များ၌ ပုညရှင်စေတီရင်ပြင်တွင် အရပ်လေးမျက်နှာမှ လာလာသမျှ ရဟန်း, ရှင်, လူတို့အား ဖတ်ကြားပြပါသည်။

ထိုအခါ ပုဂံပြည်မှ ဘုရားပုထိုး ရှိခိုးပူဇော်ရန် ကြွရောက်လာသော ရဟန်းတော်တစ်ပါးက နေရာအစွန်အဖျား၌နေကာ စာနာလျက် "ဧ, ဧ" ဟူ၍ ၂-ကြိမ် ၂-ခါ အသံပြုလိုက်ပါသည်၊ ထိုအသံပြုသော နေရာကို မှတ်သားပြီးလျှင် ပြန်လှန်ကြည့်ရှုရာ တစ်နေရာ၌ ဝါကျထပ်၍ တစ်နေရာ ၌ အစွဲပျက်သည်ကို တွေ့ရှိရပါသည်။

ထို့နောက် "ဧ, ဧ" ဆိုသော ပုဂ္ဂိုလ်ကို မေးမြန်းရာ "အရှင်ဘုရား စီရင်ပြုစုသောကျမ်းသည် ဆိုဖွယ်အများပင် မရှိပါ။ သူတစ်ယောက်သည် ကျောက်စစ်ကိုဆုပ်၍ တိုက်နံရံကိုပစ်သော် တစ်စေ့မကျန် တိုက်နံရံကို

ချည်း မှန်သကဲ့သို့ မိန့်ဆိုသမျှစကားသည် အလိုရှိအပ်သော အနက်အဓိပ္ပါယ်သို့ချည်း ရောက်ပါသည်၊ ဝါကျတစ်ချက် ထပ်သည်၊ အစွဲတစ်ချက် ပျက်သည်ကို တွေ့ရ၍ "ဧ, ဧ"ဟု ဆိုမိပါသည်"ဟု လျှောက်ထားသည်။

ဤတွင် ကျမ်းပြုဆရာတော်က ကိုယ်တွင်သုံးသော ဒုကုဋ်သင်္ကန်းကို လှူပြီးလျှင် နောင်အခါ ဘုရင်မင်းခေါင်ကို ထိုပုဂ္ဂိုလ်အား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စေပါသည်။[၁]

စက္ကဝါဠကို ဝစနတ္ထပြုရာ၌ စက္ကသဒ္ဒါသည် အဝန်းအဝိုင်းနှင့် လှည်းဘီးဟောဖြစ်၍ "စက္ကတိ ဗျထတိ ဟိံသတိ ဘူမိန္တိ စက္ကံ၊ စက္က ဗျထနေ"ဟူသော အဘိဓာနပ္ပဒီပိကာသူစိအတိုင်းရေး၍ နောက်ဝစနတ္ထ၌လည်း "ကရ ကရဏေ၊ ဒွိတ္တံ၊ စတ္တာဒိ"ဟု သူစိအတိုင်းပင် ထားသင့်ပါသည်။ စတ္တာဒိ၌ ကကြီးမဟုတ်ပါ၊ တ္တ-ဝမ်းပူ ၂-လုံးသာ ဖြစ်ပါသည်။

စာမျက်နှာ နံပါတ် (၁၈) အောက်ခြေနံပါတ် (၁၆) သူကရ-ဝစနတ္ထသည် သဒ္ဒတ္ထကောတ္ထုဘာ(ရေးမူ)၌ မပါပါ။ ထောမနိဓိနှင့် ဝါစပ္ပတိ အဘိဓာန်တို့၌သာ ပါပါသည်။

စာမျက်နှာ (၈၅) ဗောဓိပလ္လင်္ကော်အဖွင့်၌ အပရာဇိတပလ္လင်တော်သည် ၁၄-တောင် အကျယ်အပြန့်ရှိ၏ ဟူသောဝါဒသည် မဏိဒီပဋီကာ ပထမတွဲ စာမျက်နှာ(၁၄၉)၌လာသောဝါဒ ဖြစ်ပါသည်၊ ယင်းကို သီလက္ခန်ဋီကာသစ်က ယူ၍ဖွင့်ခြင်းသာဖြစ်ပါသည်၊ ထိုအကြောင်းကို ဋီကာဟောင်းကျမ်းဦးဖတ်ဖွယ်နိဒါန်း၌ အကျယ်ပြဆိုထားပါသည်။ ဤသို့ ဆရာ ၂-ပါး အယူ ကွဲပြားရာ၌ သမန္တစက္ခုကျမ်း (မုံရွေးဇေတဝန်) ဆရာတော်က ကြားဝင် အဆုံးအဖြတ်ပေးထားပါသည်၊

ဤဋီကာသစ်ဆရာတော်ကမူ "ဝီမံသိတွာ စေတ္တ ဂဟေတဗ္ဗံ ပဏ္ဍိတေဟိ"ဟု တိုက်တွန်းချက်သာ ပြထားပါသည်၊ ဋီကာသစ်ဆရာ

---

၁။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသဒီပိကာ။

တော်၏ ဆုံးဖြတ်ချက်ကို "ဗျာခြေဟန် ဘယ့်နှယ်မိန့်ရှာလိမ့်၊ နားစိမ့်ချစမ်း"ဟု မန်လည်ဆရာတော် တောင့်တသကဲ့သို့ (သတပဒိက) တောင့်တမိပါသည်။

စာမျက်နှာ (၉၆) ယာနီဓ ဘူတာနိ-ဂါထာ၌ "ယာနီဓ"ဣတိဓ ဆန္ဒာနုရက္ခဏော ဒီဃော"ဟု ဆိုဖွယ်မလိုပါ။ ဣနှင့် ဣ၊(ဣ+ဤ၊ ဤ+ဣ၊ ဤ+ဤ) တွေ့ရာ၌ "ဤ"ဒီဃသာဖြစ်ကြောင်း သက္ကတဘာသာ၌ ထင်ရှားလှပါသည်၊ သဒ္ဒါနည်းသာဖြစ်၍ ဆန္ဒာနုရက္ခဏာဟု ဆိုရန်မလိုပါ။

စာမျက်နှာ (၉၇) အန္တလိက္ခေ-၏ ဝစနတ္ထကို ပြဆိုရာ၌ သက္ကတ အဘိဓာန်ကျမ်းများနှင့်အညီ အန္တရ+ဣက္ခ+အ ဖြစ်၍ အဘိဓာန်ဋီကာနှင့် ပါဠိတျာဒိယောဇနာ(၅၁) အတိုင်းသာ ကောင်းပါသည်၊ အပဒါန်အဋ္ဌကထာ၏ ဝစနတ္ထသည် မကောင်းလှပါ၊ အဘယ့်ကြောင့်ဆိုသော်-

> "ထိုကျမ်းသည် ပါဠိသံဝဏ္ဏနာဖြစ်၍ အဋ္ဌကထာ အမည်ရသော်လည်း ပညာရှိတို့ ပမာဏပြုလောက်သော ကျမ်းမဟုတ်သည်၏အဖြစ်ကို ထိုကျမ်း အဆိုအမိန့်ဖြင့် သိအပ်၏၊ အပဒါန်နိသျပြု အုတ်ကျောင်းဆရာတော်က လည်း ထိုကျမ်းကို ပမာဏမပြု"

ဟူ၍ မောဂ္ဂလ္လာန်နိသျနိဒါန်း၌ အဘယာရာမဆရာတော် မိန့်ဆိုသော ကြောင့်လည်းကောင်း, အန္တရိက္ခ = အန္တရိက္ခ ဟူသော သက္ကတဘာသာကို ရှု၍လည်းကောင်း ထင်ရှားပါသည်။

စာမျက်နှာ (၉၉) တသ္မာ ဟိ ဘူတာ နိသာမေထ-ဂါထာ "ရက္ခထ အပ္ပမတ္တာ"၌ တုမှယောဂ ဝစနတ္ထပြပြီးလျှင် "ဤဒိသေသု ဟိ ဌာနေသု နာမတုမှမှယောဂါနုရူပံ ဝိဂ္ဂဟော ကာတဗ္ဗော"သတိပေး တိုက်တွန်းထားသည်မှာ အလွန်နှစ်သက်ဖွယ်ကောင်းသော စကားဖြစ်ပါသည်။ "ဝုတ္တော ဝဒ္ဓေဟီတိ မယာ ဝုတ္တော ဟုတွာ မမ ဝစနေန ဝဒေဟီတိ အတ္တော"

ဝါကျ (ဝါ၊ ဋ၊ ၁။ ၃၃၆)၌ ဝုတ္တောကို ၁၃၂၁-ခုနှစ် သကျသီဟပုဏ္ဏာ၌ အသပဒဝိဂြိုဟ်ဆိုခိုင်းကာ ယောဂအများကို ဖမ်းခဲ့ဖူးပါပြီ။

ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန-ဂါထာ၌ ဒဠှေနသည် ပါဠိဘာသာ၌ ဆန်းကိုက်ရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ဆရာမြတ်တို့က ဟထိုးမပါဘဲ "ဒဠေန"သာ ဖြစ်ရမည်ဟု ဆုံးဖြတ်တော်မူကြပါသည်၊ ယင်းသည် သက္ကတဘာသာ "ဒၑ"ပုဒ်နှင့် ညီမျှပါသည်၊ သို့သော်လည်း ရူ- ဟန္ဓေဟိ ဟောသုတ်၊ မောဂ်၊ ၅၊ ၁၀၆၊ ၁၀၇၊ ၁၄၈၊ ၁၄၉၊ ဏွာဒိ- ၂၂၃-သုတ်တို့နှင့် မညီပါ၊ ယင်းကျမ်းတို့အလို "ဒဠှ"ဟု သံယုဂ်ပါဌ်သာ ဖြစ်ရပါမည်၊ ဤအခက်အခဲကို-

"ဥကာရံ ပန ကေစိ ဍကာရဠ္ဌာနေ ပဌန္တိ၊ ဣမ (န)
ဍကာရဠ္ဌာနေတိ ဒဩနဋ္ဌံ သော ပဌ္ဌာ ဝုတ္တော"

ဟူသော ရူ၊ ဋီ (နှာ-၁၀) စကား၏ အဓိပ္ပါယ်ရှင်းလင်းချက်၌ ရူ-ဋီကာနိဿယသစ် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက ကျေနပ်လောက်အောင် ဖြေရှင်းပြီးဖြစ်ပါသည်။

တေ ပတ္တိပတ္တာ အမတံ ဝိဂယှ-၌ ဆန္ဒာနုရက္ခဏာ အကျိုးငှါ ဂ-၌ ဒွေဘော်မဖြစ်ဟု ဆိုဖွယ်မရှိပါ။ သက္ကတ၌ ကအနုဗန်, ငအနုဗန်ပါသော ဝိဘတ်, ပစ္စည်းနောင်းလျှင် ဂြ-၌ ရ-ကို သမ္ပသာရဏ ရိ (ဗ) သရ ပြုရမည်ဟု ပါဏိနီယကျမ်း (၆၊ ၃၊ ၁၆)၌ ဆိုသောကြောင့် ဝတ္တမာန်ဝိဘတ်. တ, တွာ, တုံပစ္စည်းစသည်တို့၌ (ဃဂဏှာတိ, ဃဟီတ, ဃဟီတွာ, ဃဟျ (ဃယှ), ဃဟီတုံ-စသည် ဖြစ်ပါသည်။ ထို့ကြောင့် "တေ ပတ္တိပတ္တာ အမတံ ဝိဂယှ"၌ ဝိဂယှဝယ် ဆန်းကြောင့် ဒွေဘော်မပြုရဟု မဆိုရပါ၊ သဘာဝဒွေဘော်မဲ့သာ ဖြစ်ပါသည်။ ထို့ကြောင့် ရူပသိဒ္ဓိဋီကာ၌-

ယထာ "ပဋိဂ္ဂဟော, ပဂ္ဂဏှန္တော"တိအာဒီသု ဒွိတ္တံ
ဘဝတိ၊ နေဝံ (န ဧဝံ) ပဋိဂဏှာတိ, အနုဂဏှာတိ, ဝစီ-

ပကောပံ ရက္ခေယျ"န္တိအာဒီသု အဌာနတ္ထာ ဒွိတ္တံ
ဘဝတီတိ-

ဟု မိန့်ပါသည်။ ပတ္တိပ္ပတ္တာ-ဟု ဒွေဘော်ရောက်ရမည့်နေရာ၌ "ပတ္တိ-
ပတ္တာ"ဟု ဒွေဘော်မရောက်သည်ကိုမူ ဆန္ဒာနုရက္ခဏဟု ဆိုသင့်ပါသည်။

အပ ပါပုဏနေ၊ ပါပီယိတ္တာတိ ပတ္တော ဂါမော၊
ပါပုဏီတိ ပတ္တော သုခံ။ ရူ။ ၆၃၀-သုတ်။(ပ+အပ+တ)
(သက္ကတ-ပြာပ္တ။)

အနက်အဓိပ္ပါယ်နှင့် စပ်လျဉ်း၍ "န တေ ဘဝံ အဌမမာဒိယန္တိ"၌
ကာမဘုံဘဝ၌သာ ဈာနရဟိတသုက္ခဝိပဿကနှင့် ပရိဟီနဈာနသတ္တ-
က္ခတ္တုပရမသောတာပန်ကိုသာ ယူရကြောင်း၊ ယင်း၏ သတ္တက္ခတ္တုပရမ
အဖြစ်ကိုလည်း သောတာပတ္တိမဂ်ကသာ ပိုင်းခြားသတ်မှတ်ပေးကြောင်း၊
ကောလံကောလနှင့် ဧကဗီဇီသောတာပန်အဖြစ်ကိုမူ အထက်မဂ်သုံးပါး၏
ဝိပဿနာဉာဏ်က သတ်မှတ်ပေးကြောင်း မိန့်ဆိုထားသည်မှာ မှတ်သား
ဖွယ် ကောင်းလှပါသည်။

ဝိဂ္ဂြိုဟ်ဝစနတ္ထနှင့် စပ်လျဉ်း၍ ယံ ဗုဒ္ဓသေဋ္ဌော-၌ သေဋ္ဌောကို
"ဝိသေသေန ပသတ္ထော"ဟူသော ရှေးသူဟောင်းတို့၏ ဝစနတ္ထအပြင်
"ပသတ္ထာနံ ဝိသေသောတိ သေဋ္ဌော"ဟူသော နောက်ပေါ်ဝစနတ္ထကို
ထုတ်ပြထားသည်မှာ သဒ္ဒါဉာဏ်ကောက်နည်းနှင့် ညီညွတ်သဖြင့် အလွန်
ပင် နှစ်သက်ဖွယ်ကောင်းသည်ဟု ထင်မိပါသည်။

သံဃာတော်၏ စတုတ္ထဂုဏ်ကို ပြဆိုရာ၌ သာမီစီပုဒ်၏ သိနိုင်ခဲ
သော ဝစနတ္ထကို "တ္တော စ သမ္မာ ဘာဝေါ သာမီစီ"ဟု ပြဆိုပြီးလျှင်
"ဂုဏသမ္ဘာဝနာယ ပရေဟိ ကယိရမာနံ ပစ္စုပဋ္ဌာနာဒိကမ္မံ"ဟု မဟာ
ဋီကာအတိုင်း ဖွင့်ပြထားသည်မှာ အလွန်နှစ်သက်ဖွယ်ကောင်းပါသည်။

သာမီစီ၏ရုပ်ပြီးကို မောဂ်၊သျှ၊၄၊၅၉-သုတ်၌ ပြသည့်အတိုင်း သမ္မာဘာဝေါ သာမီစီ၊ (သမ္မာ+ဏာ) တဒမိန္နာဒိ-ဖြင့် စ-လာ၊ အာ-ကို ဣ (ဤ)ပြု၊ မသံယုဂ်ချေ၊ ဝုဒ္ဓိပြု၊ ငီပစ္စည်းသက်-ဟု ညွှန်ပြရလျှင် သာ၍ကောင်းဖွယ်ရှိပါသည်။ ဆရာတော်အရှင်သီလာနန္ဒာဘိဝံသ၏ သာမီစီပုဒ်စိစစ်ချက်ကား သာ၍ပြည့်စုံပါသည်။

သာသနာတော်နှစ် ၂၅၅၀-ကျော်တွင် ပေါ်ပေါက်လာသော ဆရာတော်အရှင်တိလောကာဘိဝံသ၏ မဟာပရိတ္တအဘိနဝဋီကာ ကျမ်းမြတ်မဟာသည် သာသနာတော်နှင့် ကျမ်းပြုဆရာတော်တို့၏ဂုဏ်ကို ပေါ်လွင်စေသည့်အပြင် "သာသနာစံပြ မှတ်တိုင်ကြီးတစ်ဆူ"ဟူ၍ ဆိုသင့်ပါသည်။

ဆရာတော်ဘုရား၏ တိုက်တွန်းချက်အရ တပည့်တော် သိမြင်သမျှ တင်ပြလိုက်ပါသည်၊ ဤမျှဖြင့် ကျေနပ်အားရလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်မိပါသည်၊ ဆရာတော်ဘုရား ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် သာသနာပြုနိုင်ပါစေသတည်း။

အရှင်အဂ္ဂညာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေမြို့နယ်၊ မန္တလေး

# မနုဿအာဏနည်း မဟာထေရ်

ကာမ, ရူပ, အရူပ ဟူသော သုံးလောကဘုံသား သတ္တဝါများ၏ နေထိုင်ရာ ဘုံဌာနတို့တွင် နတ်တို့နေရာ ဘုံဌာနသည် အမြဲတန်း ချမ်းသာသုခရှိသောကြောင့် "ဧကန္တသုခ"ဘုံမည်၍ ငရဲသားတို့၏ဘုံဌာနသည် အမြဲတန်း ဆင်းရဲဒုက္ခ ခံစားရသောကြောင့် "ဧကန္တဒုက္ခ"ဘုံမည်၏။ တိရစ္ဆာန်တို့၏ ဘုံဌာနသည် ဆင်းရဲဒုက္ခများသောကြောင့် "ဒုက္ခဗဟုလ" ဘုံဖြစ်၍ လူတို့နေရာ ဘုံဌာနသည် ချမ်းသာသုခများသောကြောင့် "သုခဗဟုလ"ဘုံဖြစ်လေသည်။

ဧကန္တဒုက္ခငရဲဘုံ၌ ကောင်းမှုပါရမီပြုလုပ်ရန် အလွန်ခဲယဉ်းသကဲ့သို့ ဧကန္တသုခဖြစ်သော နတ်တို့နေရာဘုံဌာန၌လည်း ကာမဂုဏ်လောကဓံများ လွှမ်းမိုးနေသောကြောင့် ကောင်းမှုပါရမီပြုလုပ်ရန် မလွယ်ကူလှပေ။ ဆင်းရဲဒုက္ခများပြားလှသော တိရစ္ဆာန်ဘုံ၌ အသိဉာဏ်ပညာ နည်းပါးလှသော တိရစ္ဆာန်တို့သည် ကောင်းမှုပါရမီပြုလုပ်ရန် ခဲယဉ်းလှသည်။ ချမ်းသာသုခများသော လူ့ဘုံဌာန လူ့လောက၌ကား သတိကောင်းခြင်း, ရဲရင့်ခြင်း, အကျင့်မြတ်ကို ကျင့်သုံးရန် လျောက်ပတ်ခြင်း-ဟူသော ဂုဏ်တို့နှင့် ပြည့်စုံကြသော လူပုဂ္ဂိုလ်တို့သည် ကောင်းမှုပါရမီများကို စွမ်းအားရှိသမျှ ပြုလုပ်နိုင်ကြသည်။[၁] ထို့ကြောင့်ပင် သဗ္ဗညုဘုရားရှင်က ဤသို့ ဟောကြားတော်မူသည်။

> ရဟန်းတို့! ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် အကြောင်းသုံးမျိုးတို့ဖြင့် ဥတ္တရကုရုကျွန်း (မြောက်ကျွန်း) နေ လူတို့ကို

---

၁။ ဝိမာန၊ ဋ္ဌ။ ၁၇။

လည်းကောင်း,တာဝတိံသာနတ်တို့ကိုလည်းကောင်း လွှမ်းမိုးသာလွန်ကုန်၏၊ အဘယ်အကြောင်းသုံးပါးတို့နည်းဟူမူ — ရဲရင့်ကုန်၏၊ ခိုင်မြဲသော သတိရှိကုန်၏၊ ဤ (ဇမ္ဗူဒိပ်)ကျွန်း၌မြတ်သောအကျင့်ကို ကျင့်သုံးရ၏။ ရဟန်းတို့! ဤအကြောင်းသုံးမျိုးတို့ဖြင့် ဇမ္ဗူဒိပ်ကျွန်းသူ လူတို့သည် တာဝတိံသာနတ်တို့ကိုလည်းကောင်း, ဥတ္တရကုရုကျွန်းသူ လူတို့ကိုလည်းကောင်း လွှမ်းမိုးသာလွန်ကုန်၏ (အင်မြန် ၃-၁၉၈)။

ပြဆိုခဲ့ပြီးသည့်အတိုင်း လူပုဂ္ဂိုလ်တို့သည် ကောင်းမှုပါရမီတို့ကို စွမ်းအားရှိသမျှ ပြုလုပ်နိုင်ကြသည်ဟု ဆိုသော်လည်း လူပုဂ္ဂိုလ်ဟူသမျှ ဤသို့သော အခွင့်အရေးကို ရရှိနိုင်ကြသည်မဟုတ်ပေ၊ "မနုဿေသု မနုဿဘူတာ"ဟူသည့်အတိုင်း လူ့ဂုဏ်သိက္ခာ အပြည့်အဝရှိကြသည့် "လူထဲက လူ" တံခွန်ထူသောသူတို့သည်သာလျှင် ရရှိနိုင်ကြပေသည်၊ ထို့ကြောင့် ဝိမာနဝတ္ထုအဋ္ဌကထာ (နှာ-၂၀)ဆရာက ဤသို့ လူလေးမျိုး ခွဲပြထားလေသည်။

(၁) လူသားစင်စစ်ဖြစ်သော်လည်း မပြုလုပ်သင့်သော အကုသိုလ်အမှုတို့ကို ပြုလုပ်ခြင်းကြောင့် မင်းပြစ်မင်းဒဏ် သင့်ကာ ဆင်းရဲဒုက္ခကြီးစွာ ခံစားနေရသော "မနုဿနေရယိက = လူငရဲသား"

(၂) ရှေးကပြုခဲ့သော မကောင်းမှု အကုသိုလ်ကံကြောင့် အဝတ်အထည် အစားအစာ ရှားပါးလျက် ပြေးလွှားရှာဖွေနေရသော "မနုဿပေတ = လူပြိတ္တာ"

(၃) လူချင်းတူတူ သူချင်းမျှမျှ မနေရဘဲ အောက်ကျနောက်ကျ ဒုက္ခခံစားနေရသော "မနုဿတိရစ္ဆာန = လူတိရစ္ဆာန်"

(၄) ကံနှင့် ကံ၏အကျိုးတို့ကို အားကိုးယုံကြည်၍ အကုသိုလ်တရားတို့ကို ရှောင်ရှားလျက် ကောင်းမှုကုသိုလ်တရားတို့ကို ကြိုးစားပွားများနေသော "ပရမတ္ထမနုဿ = လူစစ် လူမှန် လူဂုဏ်ထန်"။

ဤလူလေးမျိုးတို့တွင် ပရမတ္ထမနုဿဟူသော လူစစ်လူမှန်တို့သည်သာလျှင် ကောင်းမှုပါရမီတို့ကို စွမ်းအားရှိသမျှ ပြုလုပ်ကြလျက် နတ်ပြည်လောက၌ ကောင်းကျိုးအဖြာဖြာကို သာယာခံစားကာ နိဗ္ဗာန်တိုင်အောင်သော သမ္ပတ္တိချမ်းသာ အဖြာဖြာတို့ကို ရရှိခံစားနိုင်ကြသည်။ သို့သော်လည်း ဘုရားအစရှိသော သူတော်သူမြတ်တို့၏ အဆုံးအမစကားတို့ကို နာခံကျင့်သုံးကြပါလျှင် ကျန်လူသုံးမျိုးတို့သည်လည်း ကောင်းကျိုးချမ်းသာတို့ကို ရရှိခံစားနိုင်ကြပေသည်။ ဤ၌ ပရမတ္ထမနုဿခေါ် မနုဿအာဇာနည် မဟာထေရ်တစ်ပါး၏အကြောင်း အတ္ထုပ္ပတ္တိကို အကျဉ်းမျှဖော်ပြလိုပေသည်။

ဤအရှင်ကား ရန်ကုန်တိုင်း မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဘိုကုန်းရပ် ဇေယျသိဒ္ဓိ (မဟာသွံဿာရဘုရား) ကျောင်း ဦးစီးပဓာနနာယကဆရာတော် (ပထမကျော်,ဓမ္မာစရိယ၊ B.Sc. Maths) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်ပင်ဖြစ်ပေသည်။

ဤမဟာထေရ်မြတ်နှင့်အတူ ၂-နှစ်တာကာလ ပညာရေးကိစ္စများကို ဆောင်ရွက်ခဲ့ရသဖြင့် အရှင်မြတ်၏ အရည်အချင်း အစွမ်းသတ္တိဘုန်းကံပါရမီတို့ကို အထိုက်အလျောက် သိရှိခွင့်ရခဲ့သည်။

တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ နိုင်ငံတော်သံဃမဟာနာယက ပညာရေးအဖွဲ့ငယ်က ဖွဲ့စည်းတာဝန်ပေးအပ်သော ပထမပြန်, ဓမ္မာစရိယ ပညာရေးဗဟိုအဖွဲ့ ပထမ ၂-နှစ်တာကာလ (၁၉၉၁/၂-

ခု) ၌ အဖွဲ့ဝင် ဆရာတော် ၉-ပါးတို့သည် ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရသည်။ ဆရာတော်အရှင်ကုမာရကား ပြဆိုခဲ့သည့်အတိုင်း လောကီ, လောကုတ္တရာ နှစ်ဖက်ရပညာရှင်ဖြစ်၍ တွေ့ကြုံရသော အခက်အခဲများကို ဖြေရှင်းရာ၌ အဖွဲ့အား များစွာအထောက်အကူ ပြုခဲ့ပေသည်။

မေးခွန်းလွှာများကို အမှားမရှိအောင် စိစစ်တည်းဖြတ်၍ တစ်နိုင်ငံလုံးရှိ စာဖြေဌာနအားလုံးသို့ ပေးပို့ရာ၌ မေးခွန်းလွှာအရေအတွက် မချွတ်ယွင်းရေး, အချိန်မီရောက်ရှိရေး, မသမာမှုများ မပေါ်ပေါက်ရေး, ပေါ်ပေါက်လာသော မသမာမှုများကို ပိုင်နိုင်စွာဖြေရှင်းရေး-စသောကိစ္စများ၌ ဥက္ကဋ္ဌ, အကျိုးဆောင်ဆရာတော်တို့အား များစွာအထောက်အကူ ပြုခဲ့ပေသည်၊ အဖွဲ့ဝင်ဆရာတော်များ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာရေးအတွက် အရှင်ကုမာရသည် စားဖွယ်, သောက်ဖွယ်, သုံးဆောင်ဖွယ် ပစ္စည်းများကို စေတနာပြဋ္ဌာန်း လှူဒါန်းသည့်အပြင် သူ၏ဟာသပညာအစွမ်းဖြင့်လည်း ရွှင်လန်းကြည်သာစေခဲ့ပါသည်။

၁၃၆၇-ခု (၂၀၀၅-ခု) နှစ်က ထုတ်ဝေခဲ့သည့် "ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် ထူးခြားသော စွမ်းဆောင်ချက်များ"စာစောင်၌ စာပေပညာရှင်များက ဆရာတော်၏ အရည်အချင်း, အစွမ်းသတ္တိ, ဘုန်းကံပါရမီတို့ကို ရှုထောင့်စုံမှ ထုတ်ဖော်တင်ပြကြသည်။

နိုင်ငံကျော် ကမ္ဘာ့နက္ခတ္တပညာရှင် ဆရာဦးမြကြီး၏ အထူးဗေဒင်ဟောစာတမ်း၌ စာမျက်နှာ ၁၁-မျက်နှာခန့် အကျယ်ဝေဖန် ဟောကြားထားသည်၊ အကျဉ်းချုပ်အားဖြင့်-

> "ဇာတာရှင်သည် အထူးသဖြင့် စဉ်းစားဉာဏ် ၇၅%မျှ အားကောင်းသောကြောင့် ဂန္ဓာရီပညာရပ်, သမထ ဝိပဿနာပညာရပ်, ဗေဒင်ပညာရပ်, တီထွင်ကြံဆမှု ပြုရသောပညာရပ်တို့၌ ထူးချွန်နိုင်ကြောင်း။ ကျင့်ကြံအားထုတ်ခြင်းဖြင့် တစ်ချိန်တွင် ဤခန္ဓာကိုယ်နှင့်ပင် ထွက်ရပ်ပေါက်

ပုဂ္ဂိုလ် (သို့မဟုတ်) လောကုတ္တရာခရီး ပေါက်မြောက်သော ပုဂ္ဂိုလ်ဘဝကို ရယူနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရသည်" ဟူ၍ ဟောထားပေသည်။

အင်းစိန် စက်မှုသိပ္ပံကျောင်း၊ ဆရာဦးမြတ်သင်းက သူ၏ **"ဖွံ့လုံ့လ အကျိုး"**ဟူသော ဆောင်းပါး၌-

"ဆရာတော်သည် (၁) စိတ်ဝင်စားမှု, သိနားလည်မှု (၂) ကြိုးစားအားထုတ်မှု (၃) ဉာဏ်ရည်ထက်မြက်မှုတို့နှင့် ပြည့်စုံ၍ ပါဠိပထမပြန်စာမေးပွဲ ပထမလတ်နှင့် ပထမကြီး တန်းတို့၌ အမှတ်အများဆုံး (ပထမကျော်)နှင့် ဓမ္မာစရိယ တန်းတွင် ဒုတိယအမှတ်အများဆုံးကို ရခဲ့သည့်အပြင် အခြေခံပညာအထက်တန်း ၈-တန်း, ၉-တန်း, ၁၀-တန်း တို့၌ အင်္ဂလိပ်စာ, သင်္ချာနှစ်ဘာသာဂုဏ်ထူးဖြင့် အင်းစိန် စာဖြေဌာနတွင် အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ပါသည်၊ တက္ကသိုလ်တန်း ပထမနှစ်, ဒုတိယနှစ်တို့၌ အင်္ဂလိပ်စာ, သင်္ချာ နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်၍ ၁၉၈၃-ခုနှစ် တွင် သိပ္ပံဘွဲ့ (သင်္ချာ)ကို အောင်မြင်ရယူနိုင်ခဲ့ပါသည်"

ဟူ၍ ဖော်ပြထားသည်။

ဒေါက်တာမြသန်း၏ **"အအိပ်အနေနည်း၍ ဖွံ့လုံ့လကြီးသော ဆရာတော်"**ဟူသော ဆောင်းပါး၌ "မိုးညှိမြို့နယ် သံဃနာယက ဆရာ တော်များနှင့် မြို့နယ်ကောင်စီတို့က တရားဟောပြစေရာ ဆရာတော်က ပဋ္ဌာန်းကျမ်း သင်္ချာဝါရလာ သုဒ္ဓသင်္ချာ၊ ဃဋနာသင်္ချာ၊ သဘာဂသင်္ချာ သဘောနှင့် ခေတ်ပညာ အစုသင်္ချာ ဖန်ရှင်သင်္ချာတို့၏ သဘောကို နှိုင်း ယှဉ်ဟောပြလိုက်ရာ ဆရာတော်အား အံ့ဩမဆုံး ဖြစ်ခဲ့ကြရသည်၊ မိုးညို မြို့နယ် ဘာသာမဲ့ဝါဒ သင်္ချာဆရာ၏ "ဗုဒ္ဓသည် ဘုရားမဟုတ်"ဟူသော

အယူအစွဲကို ဆရာတော်က သချာသဘောဖြင့် သက်သေပြနိုင်ခဲ့၍ ထို ဆရာသည် အကျွတ်တရား ရရှိသွားခဲ့သည်။

ဆရာတော်၏ **"ပရမတ်နိဗ္ဗာန် ခိုဝင်စံ တရားတော်"** မှ ဗုဒ္ဓ၏ ရုပ်ဝါဒနှင့် သိပ္ပံ၏ရုပ်ဝါဒ နှိုင်းယှဉ် တင်ပြချက်မှာလည်း အံ့သြဖွယ်ကောင်း လှပါသည်။ ဤသို့ လောကုတ်, လောကီ နှစ်လီခြုံငုံ စာပေစုံသောကြောင့် သာ နက်နက်နဲနဲ ဝေဖန်တင်ပြနိုင်ခြင်းဖြစ်သည်။

> "စွယ်စုံထူးချွန်ခြင်း, အောင်မြင်ကျော်ကြားခြင်းသည် အလိုလိုဖြစ်ပေါ်လာသည် မဟုတ်၊ ပါရမီအား, ဉာဏ်အား, ဖွဲလုံ့လ ဝီရိယအားတွေ ကောင်းမွန်ခြင်းကြောင့် ဖြစ်ပါ သည်"

ဟူ၍ တင်ပြထားပေသည်။

၁၃၄၇-ခုနှစ် တပေါင်းလ (၁၉၈၆-ခု မတ်လ)၌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ကို ဖွင့်လှစ်ရန် စီမံစိုင်းပြင်းရာ၌ ဆရာတော် ဦးကုမာရသည် မော်ကွန်းထိန်း (စာကြည့်တိုက်မှူး) ဆရာ တော်အဖြစ် ပါဝင်ခဲ့ပါသည်။ ယင်းတက္ကသိုလ်၌ ၃-နှစ်တာမျှ တာဝန်ထမ်း ဆောင်ပြီးနောက် သိမ်တော်ကြီးဆရာတော် ဦးကုမာရအား မော်ကွန်းထိန်း ဆရာတော်အဖြစ် တာဝန်လွှဲအပ်ခဲ့သည်၊ ဒုတိယမော်ကွန်းထိန်း သိမ်တော် ကြီးဆရာတော် ဦးကုမာရက မဟာသုံ့သာရဆရာတော်အား ဤသို့ ထုတ်ဖော် ချီးကျူးခဲ့သည်။

> "ဆရာတော်သည် (၁) သင်ကြားရာမှရရှိသော အရည် အချင်း (၂) အလုပ်အတွေ့အကြုံမှ ရရှိသော အရည်အချင်း (၃) ပင်ကိုယ် အရည်အချင်းဟူသော အရည်အချင်းသုံးမျိုး လုံးနှင့် ပြည့်စုံသောပုဂ္ဂိုလ်မြတ်ဖြစ်သည်၊ ထို့ကြောင့် ဆရာ တော်သည် ပထမကျော်ဘွဲ့, ဓမ္မာစရိယဘွဲ့နှင့် B.Sc.ဘွဲ့

များကို ထိုက်ထိုက်တန်တန် ရရှိခဲ့သည်၊ မြန်မာနိုင်ငံ၌ တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ဖူးသေးသော ပရိယတ္တိ တက္ကသိုလ် အမြန်ဖွင့်လှစ်နိုင်ရန် စီမံခန့်ခွဲရေးနှင့် ပညာရေး လုပ်ငန်းများကို နာယကဆရာတော်များနှင့် လက်တွဲ၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ကို ၁၃၄၈-ခုနှစ် နယုန်လပြည့်ကျော် ၁-ရက် (၂၃-၆-၁၉၈၆) တနင်္လာနေ့တွင် ဖွင့်လှစ်၍ ပညာသင်ကြားရေး လုပ်ငန်းများကို စတင်ပါသည်။ ဆရာတော်ဦးကုမာရသည် ထိုနှစ်မှစ၍ ၃-နှစ်တိုင်တိုင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းတာဝန်များအပြင် သင်ကြားရေးတာဝန်များကိုလည်း ပူးတွဲဆောင်ရွက်ခဲ့ပါ သည်၊ တက္ကသိုလ်ဖွင့်လှစ်ခါစ၌ သင်ကြားရေး အပိုင်းတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြရသည့်အခါ ဆရာတော် ဦးကုမာရသည် မိမိ ရန်ကုန်တက္ကသိုလ်၌ လက်တွေ့သင် တန်းတက်စဉ်အခါက ရရှိခဲ့သော အတွေ့အကြုံတို့ကို ဆွေးနွေး တင်ပြသဖြင့် အခက်အခဲများကို ကျော်လွှားနိုင် ခဲ့ပါသည်"။

မြန်မာစာပါမောက္ခ ဆရာဦးမောင်မောင်က သူ၏ **"မဟာသွံ့ဿာရ ဆရာတော်နှင့် ကျွန်တော်"** ဟူသော ဆောင်းပါး၌ ဤသို့ တင်ပြထားလေ သည်။

"ဒုလ္လဘရဟန်း ၁၀-ပါးခန့်အား အဘိဓမ္မာသင်္ဂြိုဟ်စာဝါကို ပို့ချပေး ရာ ခက်ခဲနက်နဲသော အဘိဓမ္မာသရုပ်သကန်များကို အတိုချုပ် မှတ်စု ထုတ်ပေးပြီး ခွဲခြမ်းစိတ်ဖြာ ရှင်းလင်းပြသပါသည်၊ စိတ်, စေတသိက်တို့၏ သဘောသဘာဝကို အတော်အသင့် နားလည်သောအခါ ပဋ္ဌာန်း

သဘော (အကြောင်း အကျိုးဆက်ပုံ)ကို ဖန်ရှင်သချာသဘောနှင့် ရှင်းလင်းသင်ပြပေးသည်မှာ ခက်ခဲနက်နဲသည်ကို ငြီးငွေ့ဖွယ်မဝင်ဘဲ စိတ်အာရုံတွင် စွဲထင်နိုင်ခဲ့ပါသည်၊ နက်နဲသော အဘိဓမ္မာသဘောတွေကို ဟာသနှောကာ သင်ပြသွားသည်မှာ အံ့သြ၍ အားရစရာကောင်းခဲ့ပါသည်။

ဆရာတော်သည် သင်ကြားပို့ချခြင်းမျှသာမက သုတေသနပြုခြင်း, ကျမ်းပြုခြင်း ဝါသနာထုံသူလည်းဖြစ်ပါသည်၊ ဆရာတော် တည်းဖြတ်ပြင်ဆင်သော "ပရမတ္ထသုတ်လိပ်ကျမ်း ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ခြင်း အမှာစာတွင် ကျမ်းပြုဆရာတော်ဦးသောဘိတ၏ အတ္ထုပ္ပတ္တိနှင့်ဆက်စပ်၍ မြန်မာစာပေသမိုင်းတွင် ထင်ရှားခဲ့သော ကာလပေါ်ဝတ္ထုရေး ဆရာကြီး ဦးလတ်၏ တိမ်မြုပ်နေသော ဘဝတစိတ်တဒေသကို သိမှတ်လိုက်ရပါသည်၊ ကျွန်တော့်တွက်သာမက သုတေသနလုပ်ငန်းများအတွက်ပါ ကြည်ညိုခြင်း, လေးစားခြင်း, ကျေးဇူးတင်ခြင်းဖြစ်မိပါသည်"။

သတင်းထောက် စဥ့်ကူ-စိုးဝင်းက သူ၏ "ထူးခြားထက်မြက်သည့် မဟာသွံ့သာရ ဆရာတော်ဘုရားကြီး"ဟူသော ဆောင်းပါး၌ ဤသို့ ရေးသားဖော်ပြထားသည်။

"မဟာသွံ့သာရဆရာတော်သည် ဓမ္မာစရိယဘွဲ့ရ ကျောင်းထိုင်, စာချဆရာတော်များအား နွေရာသီ မြန်မာစာ, အင်္ဂလိပ်စာနှင့် ကွန်ပျူတာ သင်တန်းကို သုံးကြိမ်ဖွင့်လှစ်ကာ သင်ကြားပေးခဲ့ပါသည်၊ သင်တန်းသား ဆရာတော်များအား စာအုပ်, စာရေးကိရိယာများ, အရုဏ်ဆွမ်း, နေ့ဆွမ်းများကို ဆရာတော်ကြီးက တာဝန်ယူခဲ့ပါသည်၊ ကွန်ပျူတာများ, ပရင်တာများ, စာကူးစက် ကော်ပီယာများ, သင်တန်းသုံး စာရွက်စာတမ်းများ ဝယ်ယူခဲ့ရသဖြင့် သင်တန်း ၃- ကြိမ်အတွက် ကျပ်သိန်းသုံးဆယ်ကျော် လေးဆယ်ခန့် ရင်းနှီးခဲ့ရပါသည်၊ မြန်မာစာ, အင်္ဂလိပ်စာ, ကွန်ပျူတာ ပညာရှင်များအဖြစ် မြန်မာပြည်အရပ်ရပ်မှ သင်တန်းသား ရဟန်းတော်

သုံးရာကျော် မွေးထုတ်ခဲ့ပါသည်။ ဤပညာအလှူဒါနနှင့် ပတ်သက်၍ မဟာသွံ့သာရဆရာတော်က-

"ဘုန်းကြီးက ဖိမ်ခံကား စီးရတဲ့အရသာထက် ကိုယ့်ဘုန်းကြီးလေးတွေ ခေတ်ပညာတွေ တတ်ပြီး အတွေးအမြင်ကျယ်ကျယ်နှင့် ကမ္ဘာနဲ့ဝင်ဆန့်အောင် ယခုလို သင်တန်းမျိုးဖွင့်ပြီး သင်ပေးရတာကို ပိုပြီး အရသာတွေ့မိတယ်"

ဟု မိန့်ကြားဖူးပါသည်။

ဒေါက်တာ မိုလ်သံမဏိ (တောင်တွင်းကြီး)၏ **"ဆီမီး ၉၉၀၀-အဖွဲ့၏ ဩဝါဒါစရိယ မဟာသွံ့သာရဆရာတော်"** ဟူသော ဆောင်းပါး၌ ဆောင်းပါးရှင်က ဤသို့ ဖေါ်ကျူးရေးသားထားသည်။

"ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ မြန်မာနိုင်ငံတစ်နံတစ်လျား တန်ခိုးကြီးဘုရား စေတီပုထိုးများတွင် ဆွမ်း, ရေချမ်း, ဆီမီး, နံ့သာ ၉၉၀၀-စီ ပူဇော်ပွဲများကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ဆီမီး (၉၉၀၀)အဖွဲ့ကြီးသည် စုပေါင်းရဟန်းခံ, ရှင်ပြု, သီလရှင်ဝတ်ပွဲ, ဝါဆိုသင်္ကန်း ကပ်လှူပွဲ, ကထိန်သင်္ကန်း ကပ်လှူပွဲ, ဘုရားထီးတော်တင်ပွဲ, ဗောဓိပင်စိုက်ပွဲ, ရွှေသင်္ကန်းကပ် အနေကဇာတင်ပွဲနှင့် ချို့တဲ့သောကလေးများအား ပညာရေးထောက်ပံ့ပွဲများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ခရစ်နှစ် ၂၀၀၅-ခုနှစ် ဇူလိုင်လက ရွှေပြည်သာမြို့နယ် လှော်ကားကန်တော်ကြီးအနီးရှိ သာခုကန်ဘုရားကုန်းတော်တစ်ဝိုက် သစ်ပင်စိုက်ပျိုးလှူဒါန်းပွဲ၌ မဟာသွံ့သာရဆရာတော်က-

"သစ်ပင်စိုက်ပျိုးလှူဒါန်းရာ၌ အလှပန်းပင်, စားသုံးပင်စိုက်ပျိုးခြင်းနှင့် အရိပ်ရသစ်ပင် စိုက်ပျိုးခြင်းဟူ၍ ၂-မျိုး

ရှိကြောင်း၊ မည်သည့်သစ်ပင်ကို စိုက်ပျိုးသည်ဖြစ်စေ ကုသိုလ်ရနိုင်ကြောင်း၊ အရေးကြီးသည်မှာ စေတနာ, သဒ္ဓါ တရား မှန်ကန်စွာဖြင့် ဆောင်ရွက်ရန်သာ လိုအပ်ကြောင်း၊ "သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်း နားနိုင်သည်" ဆိုသကဲ့သို့ သစ်တစ်ပင် စိုက်ပျိုးဖြစ်ထွန်းပါက လူ,တိရစ္ဆာန် သတ္တဝါ ဝေနေယျအားလုံးကို အကျိုးပြုနိုင်ကြောင်း၊ ကမ္ဘာ ပေါ်ရှိ နိုင်ငံများတွင်လည်း ဇူလိုင် ၇-ရက်နေ့ကို "ကမ္ဘာ့ သစ်ပင်စိုက်ပျိုးနေ့"အဖြစ် သတ်မှတ်၍ ဆောင်ရွက်လျက်ရှိ ကြောင်း၊ သိပ္ပံပညာရှင်များ အဆိုအရ ကမ္ဘာကြီးသည် သစ်ပင်များ ပေါက်ရောက်မှု နည်းပါးလာခြင်းကြောင့် အပူ ဓာတ်များလာပြီး အိုဇုန်းလွှာ ပေါက်ကွဲမှု ကြီးမားလာသဖြင့် ရေခဲတောင်များ ပြိုကျခြင်း, ပင်လယ်ရေ မြင့်တက်လာခြင်း, ရာသီဥတု ပြောင်းလဲခြင်းများ ဖြစ်ပေါ်လာကြောင်း၊ သစ်ပင် များ စိုက်ပျိုးဖြစ်ထွန်းမှု အားနည်းခြင်းကြောင့် စားနပ်ရိက္ခာ ရှားပါးမှု, ရောဂါထူပြောမှု, ကျန်းမာရေးချို့တဲ့မှု ဖြစ်ပေါ်လာ ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများက "ဥတုရာသီ တော ကိုမှီ" ဆိုသည့်စကားအတိုင်း သစ်ပင်စိုက်ပျိုးရေး လုပ်ငန်း များကို စီမံချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း" ဟော ကြားပါသည်။

ထိုနေ့သည် ကျွန်တော့်ဘဝအတွက် ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံး သော အမှတ်တရ နေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ထားရပါသည်။

ဤသို့ ဒေါက်တာမိုလ်သံမဏိ (တောင်တွင်းကြီး)က "ဆီမီး (၉၉၀၀) အဖွဲ့၏ ဩဝါဒါစရိယ မဟာသဒ္ဓါသာရဆရာတော်"ဟူသော ဆောင်းပါး၌ ရေးသားတင်ပြထားပေသည်။

# နိဂုံးချုပ်

ကဝိသေဋ္ဌော ဇယပ္ပတ္တော၊ ဝရလဒ္ဓေါ ဟိ နာယကော။
ကုမာရော ဘူတလေ ဉာတော၊ သုဇနာနံ သုမာနိတော။

—**ဟိ**၊ ပရိယတ်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည့်၊ ခေါင်းဆောင်ရှေ့သွား၊ မဟာသုံ့သာရ ဆရာတော်ဘုရား၏၊ ကြီးမားမြင့်မော်၊ ဂုဏ်တော်အစားစား၊ ကျေးဇူးတော်များကို၊ ထင်ရှားပေါင်းထုပ်၊ နိဂုံးချုပ်ကာ ပြဆိုပါအံ့။ **ကဝိသေဋ္ဌော**၊ ကျမ်းဂန်အရပ်ရပ်၊ ဖက်ကမ်းခပ်အောင်၊ နှံ့စပ်သိမြင်၊ ပညာရှင်တစ်ဆူ၊ ဖြစ်တော်မူသော။ **ဇယပ္ပတ္တော**၊ အောင်မြင်နိုင်ခဲ၊ အောင်ပွဲအလီလီ၊ ဂုဏ်ရည်မြင့်မော်၊ ပထမကျော်, ဓမ္မာစရိယ၊ ဗုဒ္ဓစာပေ၊ တစ်ထွေလောကီ (B.Sc. Maths) ဂုဏ်ထူး၊ ဆွတ်ခူးပန်ဆင်၊ အောင်ပွဲရ အရှင်မြတ်လည်း ဖြစ်ပေထသော။ **ဝရလဒ္ဓေါ**၊ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" သာသနာ့ဂုဏ်ဟိတ်၊ မင်းဘွဲ့လိပ်နှင့်၊ တံဆိပ်တော်ဂုဏ်ထူး၊ ချီးကျူး ကော်ရော်၊ အပူဇော်ခံ၊ ပုဂ္ဂိုလ်မြတ်လည်းဖြစ်ပေထသော။ **သုဇနာနံ**၊ ဗုဒ္ဓဘာသာ၊ သာသနာတွင်းသား၊ သူတော်စင် ရှင်,လူအများတို့သည်။ **သုမာနိတော**၊ ပူဇာနဂ္ဂဟ၊ နှစ်ဌာနဖြင့်၊ အားရမှီခို၊ ကြည်ညိုလေးမြတ်၊ လိုလားတောင့်တအပ်ပေသော။ **နာယကော ကုမာရော**၊ ခမာ, ဇာဂရိယ၊ အဦးစသည့်၊ နာယကဂုဏ်ရည်၊ စုံညီပြည့်ပြား၊ မဟာသုံ့သာရ ဆရာတော်ဘုရားသည်။ **ဘူတလေ**၊ သာသနာ့ဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည့်၊ ပြည်ထောင်စုံလင်၊ ဤ မြန်မာ့မြေအပြင်၌။ **ဉာတော ပါကဋော**၊ ဆန်းလချိန်ခါ၊ စန်းပမာသို့၊ ပညာဂုဏ်ရောင်၊ ထွန်းပြောင်ထင်ရှား၊ ကျော်ကြားတော်မူပါပေသတည်း။

အရှင်အဂ္ဂဉာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

# သာသနာနှစ်ငါးထောင် နှင့်
# မြစ်ကြာကျောင်းတိုက်

ဗုဒ္ဓသာသနာ၊ လူ့ပြည်မှာ၊ ဘယ်မျှကြာအောင် တည်မည်နည်း?

ဤပြဿနာကို မိမိသည် လွန်ခဲ့သော နှစ်ပေါင်းများကပင် ကြံစည်စဉ်းစားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓဟူသော ဘုရားရှင်သာသနာ ဓမ္မရတနာသည် မြင့်မြတ်သောသူ ပုဉ်း(ဘုန်း)ကံရှင်တို့သာ သုံးဆောင်ခံစားထိုက်၍ တွေ့ကြုံရန် အလွန်ခဲယဉ်းလှသော ရတနာဖြစ်သောကြောင့်တည်း။ ကြုံတောင့်ကြုံခဲ ဒုလ္လဘရတနာဘုရားရှင်သာသနာတော်သည် ဤလူ့ပြည်လောကဌ် အဘယ်မျှကာလကြာအောင် တည်နေမည်နည်း။ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ဆည်းကပ်မှုကို ခံယူနေမည်နည်းဟု ဗုဒ္ဓဘာသာဝင် သူတော်စင်မှန်သမျှမကြံစည် မစဉ်းစား ကြောင့်ကြမဲ့နေခြင်းငှါ သင့်လျော်ပါမည်လော။ ကြံစည်စဉ်းစားသော်လည်း သာသနာတည်ထွန်းရာကာလကို အတိအကျသိရှိရန် မလွယ်ကူလှပါပေ။

သာသနာတည်ထွန်းရာကာလကို အဋ္ဌကထာကျမ်းတို့၌ အမျိုးမျိုးပြဆိုထားကြသည်။[၁] အချို့ကျမ်းတို့၌ကား သချာကို မပြဆိုကြပေ။ ယင်းတို့တွင်လည်း ဝိနယအဋ္ဌကထာ (၄၊၁၂၇) နှင့် အင်္ဂုတ္တရအဋ္ဌကထာ (၃၊၂၃၈) တို့၌သာ အဆိုအမိန့်တူညီ၍ ကျန်အဋ္ဌကထာတို့၌မူ အဆိုအမိန့် မတူညီ

၁။ ဝိ၊ ဋ္ဌ၊ ၁။ ၂၃။ ဝိ၊ ဋ္ဌ၊ ၃။ ၁၄၅။ ဒီ၊ ဋ္ဌ၊ ၁။ ၂၆။ ဒီ၊ ဋ္ဌ၊ ၃။ ၈၁။ မ၊ ဋ္ဌ၊ ၄။ ၁၁၂။ သံ၊ ဋ္ဌ၊ ၂။ ၁၆၁၊ ၁၈၇။ အံ၊ ဋ္ဌ၊ ၁။ ၆၇။ အံ၊ ဋ္ဌ၊ ၃။ ၂၃၈။ အဘိ၊ ဋ္ဌ၊ ၁။ ၂၈။ မဟာနိ၊ဋ္ဌ။ ၈။

ပေ။ ယင်းသို့ မတူညီခြင်းမှာလည်း သက်ဆိုင်ရာ ဒီဃ, သံယုတ္တ, အင်္ဂုတ္တရ နိကာယဘာဏက မထေရ်မြတ်တို့၏ အယူဝါဒသို့လိုက်ကာ အဋ္ဌကထာ ဆရာမြတ်တို့ ပြဆိုထားသောကြောင့် ဖြစ်သည်ဟု ဋီကာ (သာရတ္ထ၊ ၃။ ၄၄၀။အံ၊ဋီ၊၃။၂၄၃) ဆရာတို့က ရှင်းပြတော်မူကြသည်။ ပြဆိုခဲ့ပြီး အဋ္ဌကထာကျမ်းတို့၏ အဆိုအမိန့်တို့ကို လိုရင်းထုတ်ကာ အကျဉ်းချုပ်ပြရသော် "ဗုဒ္ဓသာသနာသည် ဤလူ့ပြည်၌ အနှစ်ငါးထောင်သာ တည်မည်" ဟူ၍ ဖြစ်လေသည်။

"အနှစ်ငါးထောင်" ဟူရာ၌လည်း ကေန်နည်း မဟုတ်ပေ။ အနှစ်ငါးထောင်မပြည့်မီ ကွယ်ပျောက်နိုင်သကဲ့သို့ အနှစ်ငါးထောင် ကျော်လွန်အောင်လည်း ထွန်းတောက်တည်ရှိနိုင်ပေသည်။ ယင်းနှင့်စပ်၍ ဘုရားရှင်၏ ရွှေနှုတ်တော်ထွက် ခမ္ဘစက်ကို ရှုကြည့်မျှော်ထောက်သော် "ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ" ဟူသော (ဝိ၊၄။၄၄၆။အံ၊၃။၁၀၅)ပါဠိတော်ပင် ဖြစ်သည်။ ယင်းသည်လည်း ကြံစည်ညွှန်ပြသည့် " ပရိကပ္ပ" စကားသာဖြစ်၍ သဟဿသည်လည်း "တစ်ထောင်"ဟူသော ကေံသသချာ ဖြစ်နိုင်သကဲ့သို့ "အထောင်"ဟူသော အနေကသချာလည်း ဖြစ်နိုင်ကြောင်း ပါဠိပညာရှင်တို့က မိန့်ဆိုကြသည်။

ထိုပါဠိကို ဖွင့်ဆိုသောအဋ္ဌကထာ (ဝိ၊ဋ္ဌ၊၄။၁၂၇။အံ၊ဋ္ဌ၊၃။၂၃၈) ဆရာမြတ်တို့ကမူ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်တစ်ထောင်၊ သုက္ခဝိပဿက ရဟန္တာခေတ်တစ်ထောင်၊ အနာဂါမိ, သကဒါဂါမိ, သောတာပန်ခေတ် တစ်ထောင်စီအားဖြင့် သာသနာနှစ် ငါးထောင်ဟူ၍ ဖွင့်ပြတော်ကြမူသည်။ ပါဠိပညာရှင် အချို့ကမူ အဆိုပါပုဂ္ဂိုလ် ၅ မျိုး အပြည့်အစုံ တည်ထွန်းရာကာလကို ရည်ညွှန်းကာ "ဝဿသဟဿံ" ဟု မိန့်ဆိုတော်မူကြသည်။

သာသနာတည်ထွန်းရာကာလနှင့် စပ်လျဉ်း၍ အခြားသော ပါဠိတော်ကိုလည်း ရှုမျှော်ရပေဦးမည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် သုဘဒ္ဒပရိဗိုဇ်အား မြတ်စွာဘုရားက "ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ

ဝိဟာရေယျ။ အသုညော လောကော အရဟန္တေဟိ အသာ"ဟု မိန့်တော်မူသည်။

ယင်းပါဠိတော် (ဒီ၊၂။၁၂၅) အလိုမှ ဘုရားရှင် တပည့်သား ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာများ ကောင်းမွန်စွာ ကျင့်သုံးနေထိုင်ကြပါမူ လူ့ပြည်လောကသည် ရဟန္တာများ မဆိတ်သုဉ်းနိုင်ဟူ၍ နှစ်ပရိစ္ဆေဒ မပိုင်းခြားနိုင်လောက်အောင် သာသနာတည်ထွန်းနိုင်ကြောင်း ထင်ရှားပေသည်။

ဤသို့ဆိုလျှင် ဤပါဠိတော်နှင့် ပြဆိုခဲ့ပြီး ပါဠိတော်တို့ အချင်းချင်း ဆန့်ကျင်သကဲ့သို့ ဖြစ်နေပေသည်။ ဤအကြောင်းကို မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား "အရှင်ဘုရား! ရှေ့ပါဠိတော်စကား မှန်ကန်လျှင် နောက်ပါဠိတော်စကား မှားရာ၏။ နောက်ပါဠိတော်စကား မှန်ကန်လျှင်လည်း ရှေ့ပါဠိတော်စကား မှားရာ၏။ အစွန်းနှစ်ဖက် ထွက်သောစကားကို တစ်သားတည်းညီညွတ်အောင် ဖြေရှင်းတော်မူပါ"ဟု လျှောက်သည်။ အရှင်နာဂသေနမထေရ်မြတ်က ဤသို့ ဖြေကြားတော်မူသည်။

"မင်းကြီး! ဖော်ပြပြီး ပါဠိတော်နှစ်ရပ်သည် အနက်အဓိပ္ပါယ်လည်း ထူး၏။ သဒ္ဒါလည်းထူး၏။ သာသနာတစ်ထောင်ဟူသော ရှေ့ပါဠိတော်စကားသည် သာသနာနှစ်ကို ပိုင်းခြား၍ပြသော စကားတော်တည်း။ ရဟန္တာမဆိတ်သုဉ်းဟူသော နောက်ပါဠိတော်စကားသည် ပဋိပတ်အစွမ်းကို ဖော်ပြသောစကားတည်း။ မင်းကြီး! ထိုစကားတော်နှစ်ရပ် ကောင်းကင်နှင့် မြေကြီးကဲ့သို့ ဝေးကွာခြားနားလှ၏။ သို့သော်လည်း အချည်းနှီးမဖြစ်အောင် ဖြေဆိုအံ့။ ရှေ့ပါဠိတော်စကားသည် ကုန်ဆုံးသည်ကို ဖော် ပြလျက် ကြွင်းသော သာသနာကို ပိုင်းခြားပြဆို၏။ နောက်ပါဠိတော်စကားသည် ပဋိပတ္တိအစွမ်းကို ပြဆို၏"။

"မင်းကြီး! သင်သည် အပိုင်းအခြားနှင့် အစွမ်းသတ္တိကို ပြဆိုသော ပါဠိတော်နှစ်ရပ်ကို သဘောတူပြု၏။ အကယ်၍တူသော သဘောကို အလို

ရှိအံ့။ တူသောသဘောကို ဖြေဆိုအံ့။ မင်းကြီး! ရေသစ်တို့ဖြင့် ပြည့်လျှံနေသော ကန်ဘောင်ဖြင့် ပိုင်းခြားအပ်သည့် တစ်ဖက်ဆည်ကန်၌ ရေမကုန်ခန်းမီ မိုးသည် အထပ်ထပ်ရွာသွန်းရာ၏။ ထိုကန်၌ ရေသည် မကုန်ခန်းရာ။ ဤအတူပင် သာသနာတော်တည်းဟူသော ကန်တော်ကြီးသည် ကျင့်ဝတ်ပဋိပတ်တည်းဟူသော ရေသစ်တို့ဖြင့် ပြည့်လျှံလျက် တည်ရာ၏။ ဤအတူပင် သာသနာတော်တည်းဟူသော ကန်တော်ကြီးသည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်နေရာ၏။ ဤအကြောင်းကို ရည်ရွယ်တော်မူ၍ နောက်ပါဠိတော်စကားကို ဟောကြားတော်မူသည်"။ ဤ၌ အရှင်နာဂသေနမထေရ်မြတ်၏ ဆိုလိုရင်းမှာ-

> "ရှေ့ပါဠိတော်စကားသည် သာသနာတည်ရာကာလကို ပိုင်းခြားခြင်းမျှသာ ဖြစ်သည်၊ မဂ်, ဖိုလ်ရခြင်းကို တားမြစ်သောစကား မဟုတ်။ နောက်ပါဠိတော်စကားသည် ပဋိပတ္တိ၏ အစွမ်းပြစကားဖြစ်သည်။ ထို့ကြောင့် ကျင့်ဝတ်ပဋိပတ်တည်ရှိနေသမျှ ပဋိဝေဓသာသနာ မကွယ်ပနိုင်"

ဟူ၍ ဖြစ်လေသည်။

ပြဆိုခဲ့ပြီးသော ပါဠိတော်များအလို မြတ်စွာဘုရားသာသနာသည် အနှစ်ငါးထောင်မက လူ့ပြည်လောက၌ တည်တွန်းနိုင်ကြောင်း ပေါ်လွင်ပေသည်။ ပါဠိတော်များ၏ အလိုမှာလည်း "နောက်လာနောက်သားတို့ ကောင်းစွာကျင့်ကြံနေထိုင်မှသာ ကာလရှည်ကြာ တည်တွန်းနိုင်သည်"ဟု ပြလိုရင်းဖြစ်ပေသည်။ ယခုခေတ် ဘာသာဝင်များ၏ အာသယ, အနုသယဓာတ်ကို သုံးသပ်ကြည့်လျှင် အလွန်ပင် ကြမ်းတမ်းရုန့်ရင်းနေသည်ကို တွေ့ရှိနိုင်ပေသည်။ ထို့ကြောင့် မိမိအလိုအားဖြင့် ဗုဒ္ဓမြတ်စွာသာသနာသည် အနှစ်ငါးထောင် ကာလကြာအောင် တည်တံ့နိုင်ဖို့အရေး အလွန်ဝန်လေးလှပေသည်။

ယခုခေတ် ဘာသာဝင်များ အရှာသယခေတ် ကြမ်းတမ်းသည်ဟု ဆိုရသော်လည်း ယေဘုယျနည်းသာ ဖြစ်ပေသည်။ ပါရမီခေတ်ခံ ရင့်သန်သော သူတော်သူမြတ်များ မရှိဟူ၍ မဆိုလိုပေ။ ယခုလို ကလိယုဂ် ဆုတ်ကပ် အခါ၌လည်း မြင့်မြတ်သော သူတော်စင်များ ထင်ရှားရှိနိုင်ပေသေးသည်။ ထိုသူတော်စင်များ၏ စွမ်းပကားကြောင့် အမျိုးဘာသာ သာသနာသည် ရောင်ဝါတင့်ရှန်း ထွန်းလင်းနိုင်ပေသည်။ ထို့ကြောင့် ယခုခေတ် အခါ၌လည်း ကျင့်ဝတ်စည်းကမ်း ကောင်းမွန်သော ပရိယတ္တိစာသင်တိုက် အချို့နှင့် ပဋိပတ္တိရိပ်သာများ ပေါ်ထွန်းနေသည်ကို တွေ့ရှိရပေသည်။

ယင်းတို့တွင် မြစကြာပရိယတ္တိကျောင်းတိုက်သည် တစ်ခုအပါဝင် ဖြစ်လေသည်။ မြစကြာကျောင်းတိုက်၏ ကောင်းခြင်းဂုဏ်သည် မြန်မာပြည်တွင်း၌သာမက နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့တိုင် ပျံ့နှံ့နေကြောင်း သိရှိရပေသည်။ ဆရာတော်ကလေး ဦးဣန္ဒကာဘိဝံသ၏ စာသင်သား တပည့်များအပေါ် လိမ္မာယဉ်ကျေးအောင် ဆုံးမနိုင်မှုနှင့် စာပေကျမ်းဂန်တတ်မြောက်အောင် သင်ကြားပို့ချနိုင်မှုဂုဏ်သည် သင်းထုံပျံ့နှံ့ကာ မြန်မာပြည် မဆံ့အောင် ရှိနေလေပြီ။

စာသင်တိုက် ဖွင့်လှစ်၍ ၁၅ နှစ်အတွင်းမှာပင် စာသင်သားသံဃာတော် တစ်ရာကျော်မျှ မွေးမြူကာ သာမဏေကျော်တန်း အောင်မြင်သူ ၂၀ ကျော် ၃၀ နီးပါးမျှနှင့် ပထမကျော်တန်း အောင်မြင်သူ ၃-ပါး၊ ပထမပြန်ငယ်, လတ်, ကြီးနှင့် အစိုးရ ဓမ္မာစရိယတန်း အောင်မြင်သူများ ထွန်းကား ပေါ်ပေါက်လာခဲ့သည်။ နောင်အနာဂတ်ကာလ၌လည်း ပေါ်ပေါက်လာရန်များစွာ အလားအလာရှိနေပေသည်။

ဤသို့သော ပရိယတ္တိကျောင်းတိုက်နှင့် စည်းကမ်းကောင်းသော ပဋိပတ္တိရိပ်သာများ ဆက်ကာဆက်ကာ ပေါ်ပေါက်လာပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာသည် အနှစ်ငါးထောင်မက ထွန်းလင်းတည်ရှိနိုင်ပါသည်ဟူ၍ ဝန်ခံရပေမည်။

မြစကြာကျောင်းတိုက် ဤမျှအောင်မြင်လာသည်မှာ ဆရာတော်ကလေး ဦးကုန္တကာဘိဝံသ၏ လိမ္မာယဉ်ကျေး စိတ်ကောင်းမွေးကာ အရာရာ၌ တတ်မြောက်ကျွမ်းကျင်သောကြောင့်ဖြစ်ပေသည်။
ဤကုန္တကာဘိဝံသသည်-

"အဆံပြည့်လေး၊ မှည့်လေလေ၊ ညွတ်ခွေပိုက်၍ လဲ၊
သလေးစပါးသူဖြစ် နဲ့"

"ထက်ရောက်လေလေ၊ ကျမ်းတတ်လေ၊ နိမ့်ချသေ
ခွေ သူ့အောက်လှဲ၊ ပညာရှိတို့ ကျင့်စမြဲ"

ဟူသော ဂါထာသမုဒ္ဒာပက ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပထမဩဝါဒကထာ။

"ထောင်လွှားကင်းဘိ၊ အဆံပြည့်သည့်၊ ကောက်၏
ခိုင်ညွှာ၊ ညွတ်ကိုင်းလာသို့၊ ပညာနေ၊ ယသဘုန်းဂုဏ်၊
အဖုံဖုံတို့၊ ပြည့်စုံလေလေ၊ ညွတ်လေလေနှင့်၊ စိတ်နေပျော့
ပျောင်း၊ ယဉ်မှကောင်း၏"

"တရားမကွာ၊ အရာရာ၌၊ လိမ္မာယဉ်ကျေး၊ စိတ်ကောင်း
မွေးလျက်၊ လူ့ရေးလူ့ရာ၊ သူ့ထက်သာအောင်၊ ပညာရှိနည်း၊
ရှေ့ရှေ့ဆည်းလော့"

ဟူသော မဟာဝိသုဒ္ဓါရုံဆရာတော်၏ ပင့်ကူဆုံးမစာတို့နှင့် အညီ လိုက်နာကျင့်သုံးနေကြောင်း သိရှိရပေသည်။ ဆထက်ထမ်းပိုး တိုး၍လည်း လိုက်နာကျင့်သုံးနိုင်ပါစေသတည်း။



အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

# သာမဏေကျော် နှင့် ပဥ္စင်းကျော်

တပည့်ဖြစ်သူ အရှင်ဣန္ဒကဝိသိဋ္ဌာလင်္ကာရ၏ ပထမကျော် ဝိသိဋ္ဌ-ဂုဏပူဇာ မင်္ဂလာသဘင်၌ စာစောင်ငယ်တစ်ခု ရိုက်နှိပ်လှူဒါန်းလိုပါသည်ဟု လျှောက်ထားလာကြသည်၊ မိမိကလည်း ကောင်းပါသည်ဟု အခွင့်ပြုလိုက်ပြီးနောက် ဆောင်းပါးတစ်စောင် ရေးသားပေးဦးမှ သင့်လျော်မည်ဟု ဆင်ခြင်မိပေသည်၊ ထို့ကြောင့် ဤ "သာမဏေကျော် နှင့် ပဥ္စင်းကျော်" ဆောင်းပါးကို ရေးသားရပေသည်။

အရှင်ဣန္ဒကသည် သာမဏေဘဝ၌ သာသနာလင်္ကာရသာမဏေကျော်တန်းကို နှစ်ခြားမရှိ တစ်ဂဏန်းဖြင့် အောင်မြင်ခဲ့သည်၊ ထို့ကြောင့် ပရိယတ္တိသာသနဟိတအသင်းကြီးက နှစ် ၅၀-ကျော် ကာလအတွင်း အထူးခြားဆုံး အောင်မြင်သော သာမဏေကျော်ဟု ကြည်ညိုသဒ္ဓါပွားကာ "ရှင်ဣန္ဒက ဝိသိဋ္ဌာလင်္ကာရသာမဏေကျော်" ဟု ဘွဲ့တံဆိပ်ဆုကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ယခုအခါ ရဟန်းဘဝ ၂-ဝါအရတွင် ပထမကျော် ဂုဏ်ထူးကို ဆွတ်ခူးခဲ့ပြန်သည်။ လူ, ရှင်, ရဟန်းတို့သည် မိမိတို့ ဆိုင်ရာအခန်းကဏ္ဍ၌ အစွမ်းသတ္တိပြ၍ သူ့ခေတ်နှင့်သူ တံခွန်ထူကာ ထင်ပေါ်ကျော်စောကြသည်၊ ဘုရားရှင်လက်ထက်တော်က လူ,ရှင်,ရဟန်းတို့သည်လည်း လောကုတ္တရာဓမ္မဂုဏ်ရည်များကို မိမိတို့ ဆုတောင်းပါရမီ အားလျော်စွာ ထုတ်ဖော်ပြသတော်မူကြရာဘုရားရှင်က သူတို့၏ အစွမ်းသတ္တိဂုဏ်ထူးအလိုက် ဘွဲ့ထူးဂုဏ်ထူးများကို ချီးမြှင့်ပေးသနားတော်မူသည်၊ ထို့ကြောင့် ဘုရားရှင်လက်ထက်တော်၌ လူပုဂ္ဂိုလ်ကျော်, ရှင်သာမဏေကျော်, ရဟန်းပဥ္စင်းကျော်များ ပေါ်ထွက်ခဲ့ကြပေသည်။

## ထင်ပေါ်ကျော်စောခြင်း

အမျိုးဂုဏ်သိန်, စည်းစိမ်ဥစ္စာ, ကိုယ်ကျင့်သိက္ခာ, အသိပညာ-စသည်တို့တွင် တစ်မျိုးမျိုးဖြင့် ထင်ပေါ်ကျော်ကြား လူသိများခြင်းကို "ကိတ္တိယသ"ဟူ၍ ခေါ်ဆိုရသည်၊ ထိုကိတ္တိယသကို အလိုမရှိသောသူဟူ၍ လောက၌ မရှိနိုင်ပေ၊ ထို့ကြောင့်ပင် ဘုရားရှင်က အလွန်ရခဲလှသည့် အလိုရှိအပ် နှစ်သက်အပ်သော "ဣဋ္ဌအကျိုး" ၅-မျိုးတို့တွင် ကိတ္တိယသကို တစ်မျိုးအဖြစ် ဟောကြားတော်မူသည်၊ ဘုရားရှင်တို့၏ ဘုန်းတော် ၆-ပါးတွင်လည်း ကိတ္တိယသသည် တစ်ပါးအပါအဝင် ဖြစ်သည်၊ ယင်းသည် ဟုတ်မှန်သော ဂုဏ်တော်တို့ကို အမှီပြုကာ ဖြစ်ပေါ်လာခြင်းကြောင့် အလွန်သန့်ရှင်းစင်ကြယ်သည့်အပြင် ကာမ, ရူပ, အရူပဟူသော လောကသုံးပါး၌ အကြွင်းမရှိ ပျံ့နှံ့ကျော်စောသည်၊ မှန်ပေသည်၊ ကာမ, ရူပဘုံတို့၌ ဖြစ်စဉ်အခါက ဘုရားရှင်တို့၏ ဂုဏ်တော်တို့ကို သိရှိကြည်ညိုခဲ့ကြသော အရူပဗြဟ္မာများသည်လည်း "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် အရူပဘုံဝယ် ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားနိုင်ကြလေသည်။

## ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်

ထင်ပေါ်ကျော်ကြား လူသိများခြင်းယသဂုဏ်ကို အလိုရှိအပ်သကဲ့သို့ ယသဂုဏ်ရှိသော ပုဂ္ဂိုလ်ကျော်ကိုလည်း အလိုရှိအပ်လှပေသည်၊ အလိုရှိအပ်ရုံတွင်မက ထိုသို့သောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်ကို အသိမှတ်ပြုကာ ချီးမြှင့်မြှောက်စားရေးတာန်း ထားသင့်လှပေသည်၊ ထို့ကြောင့်ပင် ရှေးသူဟောင်းတို့က "ပုဂ္ဂလဝိသေသော နာမ ဉာတဗ္ဗော" ဟု ကျင့်ထုံးတစ်ခု ဆိုရိုးပြုကာ ညွှန်ကြားခဲ့ကြသည် မဟုတ်ပါလော၊ ပုဂ္ဂိုလ်ကျော်ကို ချီးမြှင့်မြှောက်စား တန်ဖိုးထားသော အသိုင်းအဝိုင်း, နယ်ပယ်ဒေသဟူသမျှသည် ဆုတ်ယုတ်နိမ့်ကျသွားသည်ဟူ၍ မရှိနိုင်ချေ၊ တိုးတက်ကြီးပွား ထွန်းကား

တင့်တယ်လာသည်သာ ဖြစ်ပေသည်။ လောကီလူ့ဘောင်တွင်သာမက လောကုတ္တရာသာသနာ့ဘောင်၌လည်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်ကို ချီးမြှင့်မြှောက်စား တန်ဖိုးထားရပေသည်။ သတ္တဝါ, သင်္ခါရ, ဩကာသဟူသော လောကသုံးပါးအကြောင်းကို အကြွင်းမရှိ သိတော်မူ၍ သတ္တဝါတို့ကို အတုမရှိ ဆုံးမသွန်သင် ကယ်တင်တော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ တပည့်သာဝကတို့တွင် မြင့်မြတ်ထူးချွန်သောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်တို့ကို ယင်းတို့၏ စွမ်းရည်သတ္တိဂုဏ်ထူးအလိုက် ရာထူးဌာနန္တရပေးကာ ချီးမြှင့်မြှောက်စားတော်မူသည်။

## စကြာမင်းနှင့် ဘုရားရှင်

ရတနာ ၇–ပါးနှင့် ပြည့်စုံသော စကြဝတေးမင်းသည် စကြာရတနာ၏ အာနုဘော်ဖြင့် စကြဝဠာကမ္ဘာတိုက်ကြီးတစ်ခုအတွင်း အတုမရှိသောလူမင်းစည်းစိမ်ကို ရရှိပြီး၍ “ငါ့အား ပြုဖွယ်ကိစ္စ မရှိပြီ၊ လူအများကို ကြည်ရှုစောင့်ရှောက်ခြင်းဖြင့် အဘယ်ကျိုးရှိအံ့နည်း” ဟု ကြောင့်ကြမဲ့စည်းစိမ်ခံစား၍သာမနေဘဲ ရံဖန်ရံခါ တရားဆုံးဖြတ်ရာ ဝိနိစ္ဆယဌာန၌နေ၍ နှိမ့်ချသင့်သောသူတို့ကို နှိမ်ချခြင်း, ချီးမြှောက်သင့်သူတို့ကို ချီးမြှောက်ခြင်း, ရာထူးဌာနန္တရ ရထိုက်သူတို့ကို ရာထူးဌာနန္တရပေးခြင်းအမှုကို ပြုလုပ်ဆောင်ရွက်တော်မူသည်၊ ထို့အတူပင် သဗ္ဗညုဘုရားရှင်သည်လည်း သဗ္ဗညုတဉာဏ်တော်အစွမ်းဖြင့် ကုဋေတစ်သိန်းသော စကြ–ဝဠာလောကဓာတ်အတွင်း၌ အတုမရှိသော တရားမင်းအဖြစ်သို့ ရောက်တော်မူ၍ “ငါဘုရားအား ပြုဖွယ်ကိစ္စ မရှိပြီ၊ ဤသတ္တလောကကို ကြည့်ရှုစောင့်ရှောက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း” ဟု ကြောင့်ကြမဲ့သမာပတ်ဝင်စား၍သာ နေတော်မမူဘဲ ရံဖန်ရံခါ ပရိသတ်လေးပါးအလယ်၌ နေတော်မူ၍ နှိမ့်ချသင့်သော ပါပပုဂ္ဂိုလ်တို့ကို နှိမ့်ချခြင်း, ချီးမြှောက်သင့်သော ကလျာဏပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်း, ဧတဒဂ်

စသော ရာထူးဌာနန္တရ ရထိုက်သောပုဂ္ဂိုလ်တို့အား ရာထူးဌာနန္တရ ပေးခြင်းအမှုကို ပြုတော်မူလေသည်။

## အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူး

သမ္ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်သာဝကတို့တွင် အရာဌာနအလိုက် ထူးချွန်သာလွန်သော တပည့်သာဝကတို့ကို ဘုရားရှင်သည် ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်မြှောက်စားတော်မူသည်၊ ရဟန်းတော်များတွင် အရာဌာနအလိုက် အမြတ်ဆုံးအသာဆုံး ရဟန်းတော် ၄၁-ပါးတို့အား ၄၇-မျိုးသော ရာထူး ဘွဲ့ထူးတို့ကိုလည်းကောင်း၊ ရဟန်းမတို့တွင် အမြတ်ဆုံး အသာဆုံး ရဟန်းမ ၁၃-ပါးတို့အား ၁၃-မျိုးသော ရာထူးဘွဲ့ထူးတို့ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူသည်။ ထို့အတူပင် ဥပါသကာ ဒါယကာတို့တွင် အမြတ်ဆုံး အသာဆုံး ဥပါသကာ ဒါယကာ ၁၁-ယောက်တို့အား ၁၀-မျိုးသော ရာထူးဘွဲ့ထူးတို့ကိုလည်းကောင်း၊ ဥပါသိကာ ဒါယိကာမ ၁၀-ယောက်တို့အား ၁၀-မျိုးသော ရာထူးဘွဲ့ထူးတို့ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူသည်။

အထူးချွန်ဆုံး ရဟန်းတော် ၄၁-ပါးတို့တွင် အရှင်အာနန္ဒာသည် အကြားအမြင်များခြင်း "ဗဟုဿုတ" အရာ၌လည်းကောင်း၊ သတိကောင်းခြင်း "သတိမန္တ" အရာ၌လည်းကောင်း၊ သိစွမ်းနိုင်သောပညာကြီးခြင်း "ဂတိမန္တ"အရာ၌လည်းကောင်း၊ လုံ့လကြီးခြင်း "ဓိတိမန္တ" အရာ၌လည်းကောင်း၊ ဘုရားရှင်အား လုပ်ကျွေးပြုစုခြင်း "ဥပဋ္ဌာက" အရာ၌လည်းကောင်း အမြတ်ဆုံး အသာဆုံး "ဧတဒဂ်" ဘွဲ့ထူးကို ရရှိတော်မူသည်။ အရှင်စူဠပန္ထကသည် စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းခြင်းအရာ၌လည်းကောင်း၊ ရူပါဝစရစျာန်ကို ဝင်စားခြင်းအရာ၌လည်းကောင်း ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူသည်၊ အရှင်သုဘူတိသည် ကိလေသာကင်းသော နေခြင်းအရာ၌လည်းကောင်း၊ မြတ်သောအလှူကို ခံထိုက်ခြင်းအရာ၌

လည်းကောင်း တေဒဂ်ဘွဲ့ထူးကို ရရှိတော်မူသည်။ အရှင်သာရိပုတ္တြာ အစရှိသော ကျန်အထူးချွန်ဆုံး ရဟန်းတော် ၃၈-ပါးတို့ကား ဆိုင်ရာဆိုင်ရာ အရာဌာနတစ်ပါးစီ၌ တေဒဂ်ဘွဲ့ထူးကို ရရှိတော်မူကြသည်။ ရဟန်းမများနှင့် ဥပါသကာ, ဥပါသိကာမတို့သည်လည်း တေဒဂ်ဘွဲ့ထူးတစ်မျိုးစီသာ ရရှိတော်မူကြသည်၊ ယင်းတို့၏ တေဒဂ်ဘွဲ့ထူးအမည်တို့ကို ဤ၌ မဖော်ပြသာပြီ။

## တေဒဂ်ဘွဲ့ထူး ဂုဏ်အင်္ဂါ

မြတ်စွာဘုရား တေဒဂ်ဘွဲ့ထူး ချီးမြှင့်ပေးသနားတော်မူရာ၌ ဂုဏ်အင်္ဂါ ၄-ပါးတွင် တစ်ပါးပါးရှိရပေသည်၊ ယင်းဂုဏ်အင်္ဂါတို့ကား-

> (၁) ပွဲလမ်းအထူးရခြင်း "အဋ္ဌုပ္ပတ္တိ"၊ (၂) ဆုတောင်းပတ္ထနာ ပါရမီကံအထူးပါလာခြင်း "အာဂမန"၊ (၃) ဝသီဘော် အလေ့အလာရှိခြင်း "စိဏ္ဏဝသီ"၊ (၄) ရထိုက်သောဌာနန္တရဂုဏ်ဖြင့် အခြားသူတို့ထက် သာလွန်ထူးကဲခြင်း "ဂုဏာတိရေက"တို့ဖြစ်သည်။

အဆိုပါ ဂုဏ်အင်္ဂါ ၄-ပါးတို့တွင် အချို့ပုဂ္ဂိုလ်တို့သည် ဂုဏ်အင်္ဂါတစ်ပါးဖြင့်လည်းကောင်း၊ အချို့ပုဂ္ဂိုလ်တို့သည် ၂-ပါးဖြင့်လည်းကောင်း၊ အချို့ပုဂ္ဂိုလ်တို့သည် ၃-ပါးဖြင့်လည်းကောင်း၊ အချို့ပုဂ္ဂိုလ်တို့သည် ၄-ပါးဖြင့်လည်းကောင်း တေဒဂ်ဘွဲ့ထူးကိုရရှိတော်မူကြသည်။ အရှင်သာရိပုတ္တြာသည် ဂုဏ်အင်္ဂါ ၄-ပါးလုံးဖြင့် "မဟာပညာ"တေဒဂ်ဘွဲ့ထူးကို ဆွတ်ခူးရရှိတော်မူသည်။

၁-အသင်္ချေနှင့် ကမ္ဘာ ၁-သိန်း အာရုံပြုနိုင်သည့် ကြီးမြတ်သော အဘိညာဉ်ရှိသူ "မဟာဘိည" ပုဂ္ဂိုလ်တို့ကား ဘုရားတစ်ဆူတစ်ဆူ၏ သာသနာတွင် ၄-ပါးသာ ရှိပေသည်။ ဤဘုရားသာသနာတော်၌ အရှင်

သာရိပုတြာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်ဗာကုလနှင့် ရာဟုလာ့မယ်တော် ဘဒ္ဒကစ္စာနာထေရီတို့သာ "မဟာဘိညာ" ပုဂ္ဂိုလ်များဖြစ်သည်၊ ကျန်မဟာသာဝကတို့ကား ကမ္ဘာ ၁-သိန်းအတွင်းသာ အာရုံပြုနိုင်ကြသည်။ ထို့ကြောင့် ဘဒ္ဒကစ္စာနာထေရီသည် ရဟန်းမတို့တွင် အသာဆုံးဖြစ်၍ "မဟာဘိညာပတ္တ" ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူလေသည်။

ပြဆိုခဲ့ပြီးသော ရဟန်းတော်များကား ဘုရားရှင်လက်ထက်တော်က အထူးထင်ပေါ် ကျော်ကြားသော ရဟန်းပဥ္စင်းကျော်, မထေရ်ကျော်များဖြစ်သည်၊ ဤသို့သောဧတဒဂ်ဘွဲ့ထူးကို မရရှိသော်လည်း ထိုက်တန်သော ဂုဏ်ကျေးဇူးတို့ဖြင့် မြတ်စွာဘုရား ချီးမြှင့်မြှောက်စားတော်မူအပ်သော ရဟန်း, သာမဏေတို့ကား လက်ထက်တော်ကာလတွင် အရာ, အထောင်မက များပြားလှပေသည်၊ ယင်းတို့ကို သိသာရုံမျှ ထုတ်ပြရသော်-

ပဥ္စဝဂ္ဂီ၅-ပါးတွင်ပါဝင်သော အရှင်ဝပ္ပ, အရှင်ဘဒ္ဒိယ, အရှင်မဟာနာမ, အရှင်အဿဇိ၊ ဘုရားတစ်ဆူတစ်ဆူတွင် ရဟန်းတစ်ပါးသာ ကျင့်သုံးနိုင်သည့် မောနေယျအကျင့်ကို ကျင့်သော အရှင်နာလက၊ ရှေးဦးစွာစိတ်ဖြင့် ပြဿနာမေး၍ နောက်မှနှုတ်ဖြင့် ပြဿနာမေးမှု အချေ့အတင်၌ ကျွမ်းကျင်လိမ္မာကြသော ဗာဝရီပုဏ္ဏားကြီး၏တပည့် အရှင်အဇိတ, အရှင်တိဿမေတ္တေယျ, အရှင်ပုဏ္ဏက စသော ရဟန်းတော် ၁၆-ပါး၊ ဤသို့စသည်ဖြင့် အရာ, အထောင်မက များစွာသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်ရဟန်းတော်တို့ကိုလည်း ထိုက်တန်သော ဂုဏ်ထူးတို့ဖြင့် ချီးကျူး မြှောက်စားတော်မူသည်။ လက်ထက်တော်သာမဏေများတွင်လည်း ဝနဝါသီ-တိဿသာမဏေ,ပဏ္ဍိတသာမဏေ,သံကိစ္စသာမဏေ,သုမနသာမဏေ, စုန္ဒသာမဏေ, သာနုသာမဏေ, သောပါကသာမဏေ, တိဿသာမဏေ, သုခသာမဏေ-စသော အရာ, အထောင်မက များစွာသော သာမဏေတို့ကိုလည်း ထိုက်တန်သောဂုဏ်ထူးတို့ဖြင့် ချီးကျူးမြှောက်စားတော်မူသည်။

## လက်ထက်တော် သာမဏေကျော်များ

ဘုရားရှင်လက်ထက်တော်က အများထက်သာလွန် ထူးချွန်ကျော်ကြားသော ရဟန်းတော်များ, လူပုဂ္ဂိုလ်များအား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်မြှောက်စားသကဲ့သို့ ရှင်သာမဏေများအား ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှင့်မြှောက်စားသည်ကို မတွေ့ရပေ၊ ထိုအချက်ကို သတိပြုမိသော မောင်းထောင် သာသနာပိုင်ဟောင်း မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံသည် သာမဏေကျော်လေးပါးဝတ္ထုကို ရေးသားစီရင်ခဲ့သည်။ ဘုရားရှင် လက်ထက်တော်က ထင်ပေါ်ကျော်ကြားသော သာမဏေများတွင် (၁) ဝနဝါသီတိဿသာမဏေ (၂) ပဏ္ဍိတသာမဏေ (၃) သံကိစ္စသာမဏေ (၄) သုမနသာမဏေ၊ ဤသာမဏေ ၄-ပါးတို့ကို "သာမဏေကျော်" ဟူ၍ ထုတ်ဖော်ခဲ့ပေသည်။ ထို ၄-ပါးတို့တွင်-

(၁) ဝနဝါသီတိဿသာမဏေသည် ၇-နှစ်အရွယ်၌ အရှင်သာရိပုတြာထံ ရှင်သာမဏေပြုခဲ့သည်၊ သဗ္ဗညုမြတ်စွာဘုရား၏ အထူးစောင့်ရှောက် ချီးမြှောက်ခြင်းကို ခံရ၍ ၇-နှစ်အရွယ်ကပင် ရဟန္တာဖြစ်သည်၊ အတိုင်းမသိသော လာဘသက္ကာရများစွာကိုရခြင်း ပွဲလမ်းအကြောင်းထူးရှိခဲ့သည်။

(၂) ပဏ္ဍိတသာမဏေသည်လည်း ၇-နှစ်အရွယ်တွင် အရှင်သာရိပုတြာထံ ရှင်သာမဏေပြုခဲ့သည်၊ ရေမြောင်းဥပမာ, မြားသမားဥပမာ, တစည်းသမား (လက်သမား) ဥပမာတို့ကို မိမိအလိုအလျောက် ပညာဖြင့် ဆင်ခြင်ပြီးနောက် သိကြားမင်းနှင့် စာတုမဟာရာဇ်နတ်မင်းကြီး ၄-ပါး, ဘုရားရှင်တို့၏ စောင့်ရှောက်ခြင်းကို ခံယူလျက် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်အောင် ကျင့်ဆောင်နိုင်ခြင်း ပွဲလမ်းအကြောင်းထူးရှိခဲ့သည်။

(၃) သံကိစ္စသာမဏေသည် မိခင်ဝမ်း၌ ကိန်းအောင်းနေစဉ် မိခင်ကွယ်လွန်၍ အလောင်းကောင်ကို မီးသင်္ဂြိုဟ်ရာတွင် မီးကျီးစု၌ လျောင်းလျက် အသက်မသေ တည်နေခဲ့သည်။ ၇-နှစ်အရွယ်တွင် အရှင်သာရိ-

ပုတြာထံ ရှင်သာမဏေပြု၍ တောကျောင်းတွင်နေခိုက် မိမိကိုသတ်သော ခိုးသားငါးရာတို့ကို ဆုံးမနိုင်သော ပွဲလမ်းအကြောင်းထူးရှိခဲ့သည်။

(၄) သုမနသာမဏေသည် ၇-နှစ်အရွယ် အရှင်အနုရုဒ္ဓါထံ ရှင်သာမဏေပြုရာတွင် ဆံချပြီးသောအဆုံး၌ ရဟန္တာဖြစ်သည်၊ ပန္နက နဂါးမင်းနှင့် စစ်ပြိုင်၍ အနိုင်ရသဖြင့် အနဝတတ်ရေစင်ကို အလိုရှိတိုင်း ဆောင်စွမ်းနိုင်ခြင်း ပွဲလမ်းအကြောင်းထူးရှိခဲ့သည်။

ဖော်ပြပြီး သာမဏေ ၄-ပါးတို့သည် တေဒဂ်ဂုဏ် အင်္ဂါ ၄-ပါးတွင် အမှတ်(၁)ဂုဏ်အင်္ဂါနှင့် ပြည့်စုံသောကြောင့် "သာမဏေကျော်လေးပါး" ဟူ၍ မဟာဓမ္မသင်္ကြံအမတ်ကြီးက သတ်မှတ်ခဲ့လေသည်။

## ပုဂံခေတ် ပုဂ္ဂိုလ်ကျော်များ

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သာသနာတော်သည် မဇ္ဈိမဒေသ ဇမ္ဗူဒီပပြည်မှ အခြားသော တိုင်းပြည်များသို့ ပျံ့နှံ့ခဲ့သည်။ သာသနာတော် ရောက်ရှိရာဒေသတိုင်း၌ သာသနာ့အာဇာနည်ပုဂ္ဂိုလ် ကျော်များ ပေါ်ပေါက်ခဲ့သည်သာဖြစ်သည်၊ မြန်မာပြည်သို့ ဗုဒ္ဓမြတ်စွာ သာသနာရောက်ရှိလာသည်မှာ ရှေးဟောင်းသုတေသနဌာန၏ တူးဖော် တွေ့ရှိချက်အရ ခရစ်နှစ် နှစ်ဦးပိုင်းလောက်ပင်ဖြစ်ကြောင်း သိရှိရပေ သည်။ သထုံသာသနာမှ ဆက်ပွားလာသော ပုဂံသာသနာတွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်များ ထင်ရှားခဲ့သည်မှာ သေချာလှပေသည်။ ပုဂံပြည်၌ အိမ်နေသူ လူအများပင် စာပေကျမ်းဂန် တတ်မြောက်နေသည်ကို ထောက်ရှုက သာမဏေကျော်, ပဉ္စင်းကျော်များ မည်မျှအထိ များပြားနိုင် သည်ကို သိရှိနိုင်ပေသည်။ ပုဂံပြည်၌ အရှင်ဥတ္တရာဇီဝ, အရှင်ဆပ္ပဒတို့ သီဟိုဠ်သို့ မကူးမီပင် "ကျမ်းတတ်ကြီးအကျော်"ပုဂ္ဂိုလ် ၃-ပါး ပေါ်ထွန်းခဲ့ ကြောင်း သာသနာလင်္ကာရစာတမ်း (၁၁၈)၌ ဆိုသည်။

ယင်းတို့ကား – (၁) ဥပဇ္ဈာယ်ဖြစ်သော အရှင်မဟာအဂ္ဂပဏ္ဍိတ (၂) ဥပဇ္ဈာယ်ယူတပည့်ဖြစ်သော ဒုတိယအဂ္ဂပဏ္ဍိတ (၃) ထိုဆရာတော်၏ တူဖြစ်သော တတိယအဂ္ဂပဏ္ဍိတတို့ ဖြစ်သည်၊ ထို ၃–ပါးတွင် တတိယ အဂ္ဂပဏ္ဍိတဆရာတော်သည် အရှင်အဂ္ဂဝံသအမည်ဖြင့် သဒ္ဒနီတိကျမ်းကို စီရင်တော်မူခဲ့သည်၊ သဒ္ဒနီတိကျမ်းကား မြန်မာပြည်ဖြစ် ကျမ်းတို့တွင် အရည်အသွေး အကောင်းဆုံးဖြစ်၍ ကမ္ဘာကျော်သောကျမ်းပင် ဖြစ်သည်၊ ထို့ကြောင့် သဒ္ဒနီတိကျမ်းပြုဆရာ, တပည့် ၃–ပါးတို့၏ ကျော်ကြားမှု အတိုင်းအရှည်ကို ပညာရှင်များ ဆင်ခြင်သိရှိနိုင်ရာသည်။

## ပင်းယခေတ် ပုဂ္ဂိုလ်ကျော်များ

ပင်းယခေတ်သည် နှစ်ပရိစ္ဆေဒ မရှည်လျားလှသော်လည်း ထိုခေတ်တွင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိနိုင်ပေသည်၊ ထိုပုဂ္ဂိုလ်ကျော်များကား အရှင်နာဂိတပဋ္ဌင်းကျော်နှင့် စတုရင်္ဂဗလအမတ်ကြီးစသည်တို့ဖြစ်သည်၊ မြန်မာပြည် ပါဠိစာပေသမိုင်းတွင် အရှင်နာဂိတ၏ သဒ္ဒသာရတ္ထဇာလိနီ သဒ္ဒါငယ်ကျမ်းသည် မပါလျှင်မပြီးသကဲ့သို့ စတုရင်္ဂဗလအမတ်ကြီး၏ အဘိဓာန်ဋီကာကျမ်း, လောကနီတိကျမ်းတို့ သည်လည်း မပါလျှင်မပြီးနိုင်ကြပေ။ အရှင်နာဂိတသည် စစ်ကိုင်းမြို့ မြောက် သာစည်ရွာတွင် မွေးဖွား၍ ငယ်စဉ်အခါက ပညာမသင်ကြားလိုသဖြင့် ကျောင်းမှ အကြိမ်ကြိမ် ထွက်ပြေးခဲ့သည်၊ သားငယ်အတွက် စိတ်မရှည်သော ဖခင်က ဆူးချုံအတွင်း ထိုးသွင်းပစ်လိုက်ရာ အိမ်သို့ မပြန်တော့ဘဲ ကျောင်းသားဘဝမှသည် ပဋ္ဌင်းဘဝတိုင် ပညာကိုသာ ကြိုးစားသင်ယူခဲ့သည်၊ ထို့ကြောင့် ပုဂံပြည်တွင် ပဋ္ဌင်းကျော်တစ်ပါးအဖြစ် ထင်ရှားနေလေသည်၊ ကာလကြာမြင့်လာသောအခါ သားကို ရှာဖွေနေသည့်ဖခင်နှင့် ပုဂံပြည်တွင် တွေ့ကြသည်၊ မွေးရပ်ဌာနေသို့ ပြန်လာကြသော အရှင်နာဂိတတို့ သား,အဖ နှစ်ယောက်သည် ပင်းယနေပြည်တော်

သို့ ရောက်လာကြသည်၊ ထိုအချိန်တွင် စကား ၇-ကျောင်းအနီး၌ ၄-စီးရှင် ကျော်စွာမင်းသည် ကျောင်းကြီးသာယာစွာ ဆောက်လုပ်၍ "ကျော်စွာကျောင်း" ဟု ကမ္ပည်းတပ်ထားသည်၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မရည်မညွှန်းဘဲ "သီလဝန် ဂုဏဝန်ဖြစ်၍ ပညာရဲရင့်တည်ကြည်သော ပုဂ္ဂိုလ် တက်နေပါစေ"ဟု သတင်းဖြန့်ထားသည်၊ အရှင်နာဂိတတို့ သား, အဖသည် ကျော်စွာကျောင်းကြီးပေါ်သို့ တက်ရောက်နေကြသည်၊ ထို သတင်းကို ကြားသိသော ကျော်စွာမင်းသည် ကျမ်းတတ်ပုဂ္ဂိုလ်ကျော် စတုရင်္ဂဗလအမတ်ကြီးကို သွားရောက်စုံစမ်းစေသည်။ စတုရင်္ဂဗလ အမတ်ကြီးသည် အရှင်နာဂိတအား ပိဋကကျမ်းဂန်တို့မှ ခက်ဆစ်ခက်ရာ တို့ကို မေးမြန်းရာ မေးမြန်းတိုင်း ဖြေဆိုနိုင်သဖြင့် အရှင်နာဂိတအား ကျော်စွာမင်းက ကျော်စွာကျောင်းကြီးကို လှူဒါန်းလေသည်၊ အရှင်နာဂိတ သည် ငယ်စဉ်အခါ ဆူးချုံအတွင်း ထိုးပစ်ခြင်းကို ခံခဲ့ရသောကြောင့် နောင်အခါ "**ဆူးတွင်းပစ် ဆရာတော်**" ဟု ထင်ရှားသော ပင်းယခေတ် ပဋ္ဌင်းကျော် ဖြစ်လေသည်။

## အင်းဝခေတ် ပဋ္ဌင်းကျော်များ

ဝိနယာလင်္ကာရဋီကာကျမ်းပြု တောင်ဖီလာဆရာတော်သည် ငယ်စဉ် အခါ ပြည်မြို့ နန္ဒင်းရွှေကျောင်း၌ နေစဉ် ကျမ်းဂန်အလွန်တတ်မြောက် သဖြင့် "ပြည်ပဋ္ဌင်းကျော်" ဟု ကျော်စောထင်ရှားသည်၊ ထိုအရှင်သည် ၁၅-နှစ်သားအရွယ်တွင် ဝေဿန္တရာပျို့ကို စပ်ဆိုနိုင်၍ လောက,ဓမ္မ ပြည့် စုံလှသောကြောင့် "သာမဏေကျော်" ဟူ၍လည်း ထင်ရှားခဲ့သည်၊ အနောက်ဖက်လွန်မင်းကြီး ပြည်မြို့ကို တိုက်ခိုက်သိမ်းပိုက်မိသောအခါ "ငါ ပြည်မြို့ကို လုပ်ကြံသည်ကား ရှင်တစ်ဆူ,လူတစ်ယောက်သာ ရသည်" ဟု မိန့်တော်မူသည်၊ ရှင်တစ်ဆူဟူသည်မှာ တောင်ဖီလာဆရာတော်ဖြစ် လတ္တံ့သော ပြည်ပဋ္ဌင်းကျော်ပင်တည်း၊ လူတစ်ယောက်ဟူသည်မှာ ထင်

ငယ်ခေါ် နန္ဒယောဓာဖြစ်သည်။ ပြည်ပဋ္ဌင်းကျော်သည် အနောက်ဖက်လွန်မင်းကြီး ပင့်ဆောင်သဖြင့် အင်းဝနေပြည်တော်သို့ ရောက်ရှိလာသည်၊ ထိုအခါ အရှင်အရိယာလင်္ကာရမည်သော အင်းဝပဋ္ဌင်းကျော်က "တောတွင်းမှာသာ ကျော်လိမ့်မည်၊ မင်းနေပြည်မှာ မကျော်လေရာ"ဟု ဆိုလေရာ ဘားတမော့ဆရာတော်က "မပုပ်ဘဲကို မပေါ်၊ မဟုတ်ဘဲကို မကျော်" ဟု မိန့်တော်မူသည်။ ပဋ္ဌင်းကျော် ၂-ပါးအကြောင်းကို အနောက်ဖက်လွန်မင်းကြီး ကြားသိတော်မူ၍ "ပဋ္ဌင်းကျော် ၂-ပါးကို ကျမ်းဂန်တတ်ဆရာတော်များက မေးမြန်းစိစစ်တော်မူကြပါ"ဟု လျှောက်သည်။ မေးမြန်းရာ၌ ဓာတုကထာဋီကာကို ဟောပြောကြရာတွင် "အင်းဝပဋ္ဌင်းကျော်ကို ပြည်ပဋ္ဌင်းကျော်က ၂-ကြိမ်သာလွန်သည်"ဟု ကျမ်းဂန်တတ်အကျော်ဆရာတော်တို့က မှတ်ချက်ပြုတော်မူကြသည်။

## ပထမပြန်နှင့် ပထမကျော်

နောင်အခါ ပရိယတ္တိစာပေ စွမ်းရည်ရှိသူတို့ကို ရွေးချယ်ရာတွင် စာတော်ပြန်ပွဲများ ကျင်းပကာ စစ်ဆေးရွေးချယ်ကြသည်၊ သာလွန်မင်းတရားကြီးသည် သကရာဇ် ၁၀၀၀-ပြည့်နှစ်တွင် စာတော်ပြန်ပွဲသဘင်ကို စတင်ကျင်းပတော်မူခဲ့သည်။ ပထမစာတော်ပြန်ပွဲ၌ ပထမငယ်တန်း, ပထမလတ်တန်း, ပထမကြီးတန်း, ပထမကျော်တန်းဟူ၍ ၄-တန်းထားရှိသည်၊ တစ်တန်းအတွက် မေးခွန်းပုစ္ဆာ တစ်မျိုးစီထုတ်ကာ ၄-တန်းအတွက် ပုစ္ဆာ ၄ မျိုး ထုတ်ရသည်၊ နောင်အခါတွင် ပထမကြီး အောင်မြင်သူများထဲမှ အမှတ်အများဆုံးရသူကို "ပထမကျော်"ဟူ၍ သတ်မှတ်ပေးလေသည်။

## အစောဆုံး ပထမကျော်ပုဂ္ဂိုလ်

ပထမကျော်ဘွဲ့ရ ပုဂ္ဂိုလ်တို့တွင် အစောဆုံးပုဂ္ဂိုလ်ကား အဘိဓာန်နိဿယကျမ်း, သုရာဝိနိစ္ဆယကျမ်း-စသည်တို့ကို ရေးသားစီရင်တော်မူ

သော ပထမ ကျော်အောင်စံထားဆရာတော်ဖြစ်သည်။ ဆရာတော်၏ အကြောင်းအဌှုပ္ပတ္တိကို အဘိဓာနဋ္ဌဝိသောဓနီကျမ်း၌ အကျယ်ရေးသား ထားသည်။ ဤ၌ အကျဉ်းမျှ ဖော်ပြပါမည်။

> "သက္ကရာဇ် ၁၀၈၆-ခုနှစ် သုဓမ္မာဇရပ်တွင် ကဆုန်လ ပြည့်နေ့ မိုးထိဆရာတော်၏တပည့်ရင်း ငယ်မည် "မောင်-ဖုန်း" ရဟန်းမည် "ရှင်ဂမ္ဘီသာရ"နှင့် ဖက်ပြိုင်၍ စာပြန်ကြ သည်၊ စာမေးလည်း ခံကြရသည်၊ သင်ပြီးကျမ်းစု၌ အဆစ် အပိုင်း ခဲရာခဲရပ်တို့ကို မေးရာ မေးတိုင်း ဖြေဆိုနိုင်သည်၊ ဓာတ်,ပစ္စည်းအရ,ဝိဂြိုဟ်ဝစနတ္ထ,သံဝဏ္ဏနာ,ကျမ်းရိုး ကျမ်း တက်ကို မေးလျှင် မိုးသေးမိုးဖွဲ ကျသကဲ့သို့ရှိသည်ဟု ဆိုကြ သည်၊ ဤတွင် ပထမကျော်အရာကို ရရှိလေသည်။"

ဤသို့လျှင် အင်းဝခေတ်မှစ၍ ရှင်သာမဏေကျော်, ပဉ္စင်းကျော်များ နေရာတွင် "ပထမကျော်"ဟူ၍ တစ်သီးတစ်သန့် ပေါ်လာသည်။ သီပေါမင်း ပါတော်မူပြီးနောက် ပထမပြန်စာမေးပွဲ ပြတ်လပ်သွားလေသည်။ ပါတော် မူပြီးနောက် ၁၀-နှစ်ခြောက်တွင် အင်္ဂလိပ်အစိုးရမင်းတို့က ပထမပြန် စာမေးပွဲ ကျင်းပပေးရာ "ပထမကျော်"သည် နောက်ထပ်တစ်ဖန် ပေါ်လာ ပြန်သည်။ ထိုအချိန်မှစ၍ ယနေ့မျက်မှောက်ခေတ်တိုင်အောင် ပထမ ကျော်သည် ခေတ်မကုန်ဘဲ ခေတ်စားဆဲသာဖြစ်သည်။ ခေတ်အဆက် ဆက်တွင် ရွေးချယ်ထုတ်ဖော် ပူဇော်ခဲ့ကြသည့် "သာမဏေကျော်, ပဉ္စင်း ကျော်, ပထမကျော်"ဟူသော ဘွဲ့ထူး ဂုဏ်ထူးတို့ကို နိုင်ငံတော်အစိုးရနှင့် ပရိယတ္တိသာသနဟိတအသင်းစသော နိုင်ငံသူ, နိုင်ငံသားတို့က ရွေးချယ် ထုတ်ဖော် ပူဇော်နေကြသဖြင့် "ယနေ့ မြန်မာပြည်သာသနာသည် ကမ္ဘာ ပေါ်တွင် အထွတ်အထိပ်နေရာသို့ ရောက်ရှိနေသည်" ဟူ၍ ဝမ်းမြောက် ရွှင်မြူး ဥဒါန်းကျူးနိုင်ပါသတည်း။

## ပရိယတ္တိသာသနာ ထွန်းကား ပြန့်ပွားစေသည့်

# မြန်မာပြည် ဗုဒ္ဓသာသနာ စာတော်ပြန်ပွဲများ

ရာဇဝင်သမိုင်း ကျမ်းဂန်တို့အရ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွာ သာသနာ ရောက်ရှိလာသည်ဟု ဆိုနိုင်သော်လည်း ခိုင်လုံသော သက်သေသာဓကများ လိုအပ်လျက်ရှိပေသည်။ ရှေးဟောင်း သုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များအရဆိုသော် ဗုဒ္ဓ-သာသနာသည် မြန်မာနိုင်ငံသို့ ခရစ်နှစ် နှစ်ဦးပိုင်းလောက်ကပင် ရောက်ရှိခဲ့သည်ကို တွေ့ရပေသည်။ ဗုဒ္ဓသာသနာ မြန်မာနိုင်ငံသို့ ရောက်လာပြီးနောက် ကာလအတန်ကြာသောအခါ မြန်မာနိုင်ငံသားများသည် ဝိနည်း, သုတ္တန်, အဘိဓမ္မာဟူသော ပိဋကသုံးပုံကို အထိုက်အလျောက် လေ့လာကျမ်းကျင်လာကြမည် ဖြစ်သည်၊ အထူးအားဖြင့် မြန်မာနိုင်ငံသား ရဟန်းတော်များ ဝိနည်းပိဋက၌ လေ့လာကျွမ်းကျင်လာကြပြီးလျှင် ဝိနည်းပိဋကကို ပို့ချနိုင်သောအခါ မြန်မာနိုင်ငံ၌ သာသနာတည်ရုံမျှမက အမြစ်သက်ရောက် စွဲမြဲပြီဟု ဆိုရပေမည်။

ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ "သီဟိုဠ်ကျွန်း၌ သာသနာတည်ပါပြီလော" ဟူသော ဒေဝါနံ ပိယတိဿမင်းကြီး၏ အမေးကို သီဟိုဠ်သာသနာပြု အရှင်မဟိန္ဒမထေရ်မြတ်က "မင်းကြီး ! သီဟိုဠ်ကျွန်း၌ သာသနာတည်ပါပြီ၊ သို့သော်လည်း အမြစ်ကား မစွဲသေး" ဟု ဖြေတော်မူ၏။ "အရှင်ဘုရား ! အဘယ်အခါ အမြစ်စွဲပါမည်နည်း" ဟု မေးပြန်ရာ အရှင်မဟိန္ဒမထေရ်မြတ်က —

"မင်းကြီး ! သီဟိုဠ်ကျွန်းသား မိဘနှစ်ပါးတို့၏ သီဟိုဠ်ကျွန်း၌ မွေးဖွားသော သူငယ်သည် သီဟိုဠ်ကျွန်း၌ ရှင်ရဟန်းပြု၍ သီဟိုဠ်ကျွန်း၌ပင် ဝိနည်းပိဋကကို သင်ယူပြီး သီဟိုဠ်ကျွန်း၌ပင် ပို့ချနိုင်သောအခါ သာသနာ၏ အရင်းအမြစ်သည် သီဟိုဠ်ကျွန်း၌ စွဲမြဲတည်ရှိသည်မည်၏"

ဟု ဖြေကြားတော်မူသည်။ (ဝိ၊ ဌ၊ ၁။ ၇၅။)

သုဝဏ္ဏဘူမိ သထုံပြည်၌ အရှင်သောဏ, အရှင်ဥတ္တရမှစ၍ ဆရာတပည့်အစဉ်အဆက် ၁၀-ဆက်၊ အရိမဒ္ဒနပုဂံပြည်၌ အရှင်သီလဗုဒ္ဓိ (အရှင်အရဟံ) မှစ၍ ဆရာတပည့် အစဉ်အဆက် ၈-ဆက်၊ ကူးခန်းကြီး (ပုခန်းကြီး)ဒေသ၌ အရှင်ဓမ္မသိရီမှစ၍ ဆရာတပည့် အစဉ်အဆက် ၄-ဆက်၊ ထို့နောက် ဆယ်အင်းရွာ အရှင်ဉာဏာလင်္ကာရ, အရှင်ပုညာရမ္ဘ၊ ဒီပဲရင်းမြို့နယ် နမောအပိုင်စားရွာ အရှင်ဝိစာရိန္ဒ၊ ထိုမထေရ်၏တပည့် သီလ, သမာဓိ, ပညာ-စသော ဂုဏ်အပေါင်းဖြင့် ထင်ရှားကျော်ကြားတော်မူသော ရတနာသီခ (ရွှေဘို) မြို့နယ် သီးလုံးရွာ တောရကျောင်းနေ အရှင်စန္ဒိမာလင်္ကာရ၊ ထိုမထေရ်၏တပည့် ရွှေဘိုမြို့ တောင်မျက်နှာ ရွှေကျင်ရွာ၌ ၁၁၈၄-ခုနှစ်ဖွား အရှင်ဇာဂရမထေရ်ကို အစွဲပြု၍ ၁၂၂၂-ခုနှစ်မှ စတင်ကာ "ရွှေကျင်ဂိုဏ်း"ဟူ၍ ပေါ်ပေါက်လာခဲ့သည်။ ထိုရွှေကျင်ဂိုဏ်းသည် ယခုအခါ —

"ဥ ရွှေကျင်, ဥ ဝိသုဒ္ဓါရုံ၊ ဒီပဲရင်း - ကျိုက္ကစံ, အလုံ ॥
ချမ်းသာ,လှတော,ကျိုက်လတ်,ကန္နီ၊ စံကင်း,မြောင်းမြ,ကြေးမြင့်ဂဏီ။
ရွှေဟင်္သာ, ညောင်ရွှေ, ဝါဆိုတိ ၊ ဂဏုတ္တာဋ္ဌပရမ္ပရာ"

ဟူသော "ရွှေကျင်ထေရတရင်္ဂါထာ"အရ ရွှေကျင်ဦးကိုင် သာသနာပိုင် ၁၄-ဆက် သက်ရောက်တည်ရှိနေပေသည်။

ဆိုခဲ့ပြီး စကားရပ်တို့ကို ထောက်ထားဆင်ခြင်လျှင် သဗ္ဗညုဘုရားရှင်၏ သာသနာတော်တည်တံ့ရေး၌ ဝိနည်းပိဋကသည် လွန်စွာအရေး

ကြီးကြောင်း သိနိုင်ပေသည်၊ ထို့ကြောင့်ပင် ရှေးမထေရ်မြတ်တို့က —

> "ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ" (ဝိ၊ ဋ္ဌ၊ ၁။ ၁၁။ ဒီဋ္ဌ၊ ၁။ ၁၂။)

ဟူ၍လည်းကောင်း၊

> "တထာ ဟိ ပုဗ္ဗေ မဟာထေရာ တိက္ခတ္တုံ ဝါစံ နိစ္ဆာရေသုံ၊ အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတီတိ" (ဝိ၊ ဋ္ဌ၊ ၁။ ၂၀၀။)

ဟူ၍လည်းကောင်း ကြွေးကြော်တော်မူခဲ့ကြလေပြီ၊

ရွှေကျင်ဂိုဏ်းကြီးအတွင်း မြန်မာနိုင်ငံအနှံ့အပြား ဝိနည်းပြန်ဌာန ပေါင်း ၉၀–ကျော် ၁၀၀–ခန့်မျှ ရှိနေပေသည်၊ ထိုဝိနည်းပြန်ဌာန ဝိနည်း စာတော်ပြန်ပွဲများ၌ ရွှေကျင်ဂိုဏ်းဝင် ရဟန်း, သာမဏေတို့သည် ပစ္စ–ဝေက္ခဏာ, လိင်, ဒဏ်, သေခိယ, ခန္ဓကဝတ်များနှင့်တကွ ဝိနည်းငယ် ၄– စောင်နှင့် ဝိနည်းပါဠိတော်ကြီးများကို နှစ်စဉ်နှစ်တိုင်း စွမ်းအားရှိသမျှ ပြန်ဆိုတော်မူကြသည်။

သာသနာတော် ပြန့်ပွားတိုးတက်အောင် ပြုစုဆောင်ရွက်ရာ၌ အစိုးရ မင်းများသည် ပဓာနအခန်းမှ ပါဝင်ကြသည်၊ အစိုးရမင်းများ မပါဝင်လျှင် လည်း ပြီးစီးအောင်မြင်ရန် ခဲယဉ်းလှသည်၊ ထို့ကြောင့် သာသနာတော်ကို ကြည်ညိုလေးစားသော မင်းကောင်း မင်းမြတ်များသည် သာသနာတော်ကို အားပေးချီးမြှောက် စောင့်ရှောက်တော်မူခဲ့ကြသည်၊ မဇ္ဈိမဒေသ ဇမ္ဗူဒီပ ပြည်၌ အဇာတသတ်မင်း, ကာလာသောကမင်း, ဓမ္မာသောကမင်းတို့သည် သင်္ဂါယနာသဘင် အဆင့်ဆင့်ဆင်ယင်ကာ သာသနာတော်ကို ချီးမြှောက် အားပေးတော်မူခဲ့ကြသည်၊ သီရိလင်္ကာ (သီဟိုဠ်ကျွန်း) ၌လည်း ဒေဝါနံ ပိယတိဿမင်း, ဒုဋ္ဌဂါမဏိမင်း–အစရှိသော မင်းကောင်း မင်းမြတ်များ သည် သာသနာတော်ကို အားပေးချီးမြှောက် စောင့်ရှောက်တော်မူခဲ့ကြ

သည်၊ ထို့အတူပင် မြန်မာနိုင်ငံ၌လည်း သုဝဏ္ဏဘူမိ သထုံမင်းများ, ပုဂံမင်းများ, မြင်စိုင်းနှင့် စစ်ကိုင်းမင်းများ, ပင်းယမင်းများ, အင်းဝမင်းများ, ကုန်းဘောင်မင်းများသည် သာသနာတော်ကို အားပေးချီးမြှောက် စောင့်ရှောက်တော်မူခဲ့ကြလေသည်။

သာသနာတော်ကို အားပေးချီးမြှောက် စောင့်ရှောက်ရာ၌ ပစ္စည်းလေးပါး လှူဒါန်းရုံမျှဖြင့် သာသနာတော် ကြီးပွားတိုးတက်လာမည် မဟုတ်ပေ၊ သာသနာ့ဝန်ထမ်း ရှင်, ရဟန်းများအတွင်း၌ သာသနာ့အညစ်အကြေး အပြစ်ဘေးများ မပေါ်လာအောင် ကာကွယ်စောင့်ရှောက်ခြင်း၊ ပေါ်ပေါက်လာသော အပြစ်ဘေးများကိုလည်း တရားသဖြင့် ငြိမ်းအေးအောင် ပါဝင်ကူညီ စောင့်ရှောက်ထိန်းသိမ်းခြင်း၊ ရှင်, ရဟန်းတို့ ပရိယတ္တိ အရည်အသွေးမြင့်မားအောင် စာပြန်ပွဲ, စာမေးပွဲများ ကျင်းပချီးမြှောက်ခြင်း၊ ပစ္စည်းလေးပါးနှင့်စပ်၍ ဆင်းရဲပင်ပန်းမှုမရှိအောင် အားပေးထောက်ပံ့ခြင်း၊ ဤ ၄-မျိုးသော အမှုကိစ္စတို့ကို ဆောင်ရွက်ပေးမှသာလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် စည်ပင်ပြန့်ပွား တိုးတက်ထွန်းကားလာနိုင်ပေသည်။

## အင်းဝခေတ် စာတော်ပြန်ပွဲ

ဘုရင်မင်းများနှင့်တကွ နိုင်ငံသူ, နိုင်ငံသားတို့က ရှင်, ရဟန်းတို့ကို အားပေးချီးမြှောက်ရာ၌ သင့်, မသင့်၊ တန်, မတန် ဝေဖန်စစ်ဆေးကာ အားပေးချီးမြှောက်ကြရသည်၊ ပရိယတ္တိစာပေပညာ စွမ်းအားရှိသူတို့ကို ရွေးချယ်ရာတွင် စာတော်ပြန်ပွဲများ ကျင်းပကာ စစ်ဆေးရွေးချယ်ကြသည်။ ကောဇာသကရာဇ် ၁၀၀၀-ပြည့်နှစ်တွင် သာလွန်မင်းတရားကြီးသည် စာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပကာ ပဉ္စင်းလောင်းတော်, ရှင်လောင်းတော်တို့ကို ရွေးချယ်ချီးမြှောက်တော်မူသည်၊ ဤအကြောင်းကို မှန်နန်းမဟာရာဇဝင်တော်ကြီး (တတိယတွဲ၊၂၃၅) ၌ ဤသို့ ဖော်ပြထားလေသည်။

> သကရာဇ် ၁၀၀၀-ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြား သော သာမဏေတို့ကို သင်ကျမ်းကို ဆရာတို့က မေးရ သည်၊ အနက်အဓိပ္ပါယ်ကို ဆိုနိုင်သော သာမဏေတို့ကို ပဥ္စင်းလောင်းတော် ၁၈-ပါး သာမဏေ ၇-ပါး၊ ထိုနှစ် ကဆုန်လဆန်း ၄- ရက် တနင်္ဂနွေနေ့ မွန်းတည့်ကျော် ၇-နာရီ ၃-ပါဒ်တွင် ပဥ္စင်းခံတော်မူသည်။

သာလွန်မင်းတရားကြီးနောက် အင်းဝမင်းများသည်လည်း စာတော် ပြန်ပွဲသဘင် ဆင်ယင်ကျင်းပကာ ပဥ္စင်းလောင်းတော်, ရှင်လောင်းတော် တို့ကို ရွေးချယ်ချီးမြှောက်တော်မူကြသည်။ ဤအကြောင်းကို လောက- ဗျူဟာကျမ်း (အင်ရုံစာတမ်း၊ ၃၀၁) ၌ ဤသို့ ဖော်ပြထားလေသည်။

> စာမေးဆရာတော်တို့ စာမေးပြီးလျှင် ပဌမပဥ္စင်း လောင်းတော် မည်မျှ၊ ဒုတိယပဥ္စင်းလောင်းတော် မည်မျှ၊ တတိယပဥ္စင်းလောင်းတော် မည်မျှ ၊ သိမ်ကွဲတောနေ ပဥ္စင်းလောင်းမည်မျှ၊ ရှင်လောင်းမည်မျှ စာရကြောင်း၊ မည်သည့်သူကျောင်းဆရာတော် သင်္ဃာမည်သည့်သူ တပည့် သာမဏေမည်သည့်သူ စာမေးရာတွင် သဒ္ဒါ ၈- ကျမ်း၊ သုတ် ၃-ကျမ်း၊ အဘိဓမ္မာသင်္ဂြိုဟ်ကျမ်းများကို အဆစ်အမျက်ကို မေးမြန်းတိုင်းရ၍ ပဌမပဥ္စင်းလောင်း ဦးရန်ထားကြောင်း၊ မည်သည့်ကျောင်းဆရာတော် သင်္ဃာ မည်သူ့တပည့် မည်သည့်သူသည် သဒ္ဒါ ၈-ရပ်ကို မေးမြန်း တိုင်းရ၍ ပဌမရှင်လောင်း ဦးရန်ထားကြောင်းနှင့် လျှောက် တော်မှာ စာရင်းဆက်သည်။

မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်းလက်ထက်၌ ပဌမစာတော်ပြန်ပွဲ သဘင်ကို အထူးအားပေး ချီးမြှောက်ကြောင်း တွေ့ရသည်၊ စာအောင်သူ များကို ၄-တန်းခွဲခြား၍ ချီးမြှောက်တော်မူသည်။

သကရာဇ် ၁၀၇၆-ခုနှစ်တွင် နန်းတက်သော မှန်နန်းဆင်ဖြူရှင် လက်ထက်လည်း ကဆုန်လတိုင်းရောက်လျှင် ဆရာတော်တို့ကို လျှောက်၍ ပဋ္ဌင်းလောင်းတော်, ရှင်လောင်းတော်တို့ကို မာရ်အောင်ရတနာ သုဓမ္မာစရပ်မှာ စာမေးတော်မူကြရသည်။ သဒ္ဒါ, သင်္ဂြိုဟ်, ယမိုက်, ပဌာန်း, ဉာသ်, ဋီကာတိုင်အောင် ပြန်ဆိုနိုင်သော ပဋ္ဌင်းလောင်းတော်, ရှင်လောင်းတော်တို့ကို သိမ်ဝင်သောအခါ စလွယ်, သင်းကျစ်, ကျိုင်း, ထမ်းစင်, စဉ်တော်စုံနှင့် ပဌမကျော်အရာ အထူးချီးမြှောက်တော်မူ၍ သိမ်ဝင်ရသည်။ .... ပဌမစာဝါသို့မရောက်၊ သဒ္ဒါ, သင်္ဂြိုဟ်တွင်ရှေ့သာ ပြန်ဆိုနိုင်သော ပဋ္ဌင်းလောင်းတော်တို့ကိုလည်း ဒုတိယ, တတိယ, စတုတ္ထတိုင်အောင် ၄-စုခွဲတော်မူပြီးလျှင် .... ပွဲသဘင်ကြီးစွာနှင့် သိမ်သို့ဝင်စေ၍ သာသနာတော်သို့ သွတ်သွင်းချီးမြှောက်တော်မူကြောင်းကို အတွင်းဝန် လက်ဝဲနော်ရထာစီရင်သော အလောင်းမင်းတရားကြီး အရေးတော်ပုံတွင် ဆိုသည် (အဘိဓာနတ္ထဝိသောဓနီကျမ်း၊ ၅၄၉) ။

## ကုန်းဘောင်ခေတ်၏ ထူးခြားချက်

၁၁၅၂-ခုနှစ် ဝါဆိုလဆန်း ၁၀-ရက်နေ့တွင် သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားက ဘိုးတော်ပဒုံမင်းတရားကြီးအား မေတ္တာစာဆက်သွင်းတော်မူသည်။ "ရွှေမြို့တော်ကြီးတွင် သီတင်းသုံးနေထိုင်သည့် တိုက်အုပ်ဆရာတော်များနှင့် အဝေးကျေးရွာ ဂိုဏ်းအုပ်ဆရာတော်များမှာ ဥပဇ္ဈာယ်, နိဿရည်းဆရာတို့အင်္ဂါနှင့် ပြည့်စုံအောင် သင်ကြားဆောင်ရွက်စေ၊ ပြည့်စုံသည့်ကာလ သုဓမ္မာစရပ်တော်မှာ ပြန်ဆိုစေ၊ .... အမိန့်တော်ထုတ်၍ တိုက်တွန်းတော်မူလျှင် ကာလအရှည် ကွယ်ပနေသော

ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာတို့ ရွှေလက်ထက်တော်တွင် အထင်အရှား ဖြစ်ထွန်း၍ သာသနာတော် အခြေအမြစ်ရလျက် အတိုင်းထက်အလွန် စည်ထွန်းသဖြင့် ကုသိုလ်ပါရမီတော် ဖြစ်ပွားမည့်အကြောင်း" မေတ္တာစာတွင် ဖော်ပြထားလေသည်။ ဤမေတ္တာစာအရ ဘိုးတော်မင်းတရားကြီးက ဖော်ပြလတ္တံ့ပါ အမိန့်တော်ကို ထိုနေ့တွင်ပင် ထုတ်ပြန်တော်မူသည်။

> ရွှေပြည်တော်ကြီးအတွင်း တိုက်အုပ်ဆရာတော်တို့နှင့် အဝေးကျေးရွာ ဂိုဏ်းအုပ်ဆရာတော်များကို ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာတို့၏အင်္ဂါနှင့် ပြည့်စုံအောင် ဆောင်ရွက်ရန် စာပေများကို လေ့ကျက်ဆောင်ရွက်စေ၊ လေ့ကျက်ဆောင်ရွက်နိုင်သည့် ကာလရောက်လျှင် သာသနာပြုဆရာတော်က ပင့်ခေါ်စည်းဝေး၍ သုဓမ္မာစရပ်တော်မှာ ပြန်ဆိုစေ (အမေးတော်ဖြေကျမ်း၊ ၃၃၇) ။

## ပဒုံမင်းလက်ထက် စာတော်ပြန်ပွဲ

ဘိုးတော်မင်းတရားကြီး၏ ဖော်ပြပါအမိန့်တော်အရ တိုက်အုပ်ဆရာတော်, ဂိုဏ်းအုပ်ဆရာတော်တို့သည် ၁၁၅၂-ခုနှစ် ဝါဆိုလပြည့်ကျော် ၅-ရက်နေ့မှ တော်သလင်းလဆန်း ၁၃-ရက်နေ့တိုင်အောင် နိဿရည်းဆရာ, ဥပဇ္ဈာယ်ဆရာတို့ ဝါစုဂ္ဂတဆောင်ရသည့် ဥဘတောဝိဘင်းကို လေ့ကျက်၍ ၎င်းနှစ် သီတင်းကျွတ်လပြည့်ကျော် ၃-ရက်နေ့မှ ၁၃-ရက်နေ့တိုင်အောင် သုဓမ္မာစရပ်တော်မှာ ဆရာတော်သံဃာတော်တို့ရှေ့ ဘိက္ခုဝိဘင်းကို ပြန်ရသည်။ ၎င်းနှစ် တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့မှ ၅-ရက်နေ့တိုင်အောင် ဘိက္ခုနီဝိဘင်းကို ပြန်ရသည်။ ၎င်းကျမ်းဂန်များကို လေ့လာဆောင်ရွက်ခြင်းသည် တရားမင်းမြတ် တိုက်တွန်းတော်မူခြင်းကို အကြောင်းပြု၍ ဆောင်ရွက်ခြင်းဖြစ်သည်။ တရားမင်းမြတ်အား

ရထိုက်သော ကုသိုလ်အဖို့ကို နှလုံးသွင်းတော်မူစေလိုကြောင်း မောင်းထောင် သာသနာပိုင်ဆရာတော်က မေတ္တာစာ ဆက်သွင်းတော်မူသည်။[၁]

မောင်းထောင် သာသနာပိုင်ဆရာတော်၏ မေတ္တာစာများကို နားဆင်တော်မူပြီးနောက် ဘိုးတော်မင်းတရားကြီးက ၁၁၅၃-ခုနှစ် နယုန်လဆန်း ၂-ရက်နေ့တွင် ဖေါ်ပြလတ္တံ့ပါ အမိန့်တော်ကို ထုတ်ပြန်စေတော်မူသည်။

> ပဌမရှင်လောင်းတော်တို့မှာ ရှင်ကျင့်ဝတ်, လိင်, ဒဏ်, သေခိယ, ခန္ဓကဝတ်၊ ပဉ္စင်းလောင်းတော်တို့မှာ ပါတိမောက် ၂-စောင် ပါဠိ, အနက် နိဿယမုစ္စကအင်္ဂါကို ရှေးဦးပြန်ဆိုစေပြီးမှ အမိန့်တော်ပြန်တမ်းတွင် ဆိုရိုးအတိုင်း ပြန်စေ၊ သကရာဇ် ၁၁၅၃-ခုနှစ် စာပြန်ကို ရပ်စေ၊ ဥဘတော ဝိဘင်း, နိဿယမုစ္စကအင်္ဂါကျမ်းများကိုသာ ပြန်စေ။[၂]

## ဘကြီးတော်စသော မင်းများလက်ထက် စာတော်ပြန်ပွဲ

ပြဆိုခဲ့ပြီးသည့်အတိုင်း ဘိုးတော်မင်းတရားကြီး လက်ထက်တော်တွင် အင်းဝခေတ် ဘုရင်မင်းများလက်ထက် ပြုလုပ်ခဲ့သော ပထမ စာတော်ပြန်ဆိုနည်းအတိုင်း ပြန်ဆိုမှုကို ပယ်ဖျက်၍ ဥပဇ္ဈာယ်, နိဿရည်း ဆရာတို့အင်္ဂါပြ ဝိနည်းပါဠိတော်ကြီးများ ပြန်ဆိုမှုကိုသာ အားပေး ချီးမြှောက်တော်မူသည်။ ဘိုးတော်မင်းတရားခေတ် ကုန်ဆုံးသည့်တိုင်အောင် ရှင်ကျင့်ဝတ်, ပါတိမောက် ၂-စောင်နှင့် ဝိနည်းပါဠိတော်ကြီးများ ပြန်ဆိုသည့် စာတော်ပြန်ပွဲကိုသာ ကျင်းပပြုလုပ်တော်မူသည်ဟု ယူဆရပေသည်။ ဘိုးတော်မင်းတရားကြီး၏ နန်းမွေခံ ဘကြီးတော်မင်းတရား လက်ထက်မှစ၍ နောက်မင်းများလက်ထက်တွင်မူ အင်းဝခေတ် စာတော်ပြန်ပွဲ စာပြန်နည်းအတိုင်း ပြန်ဆိုစေသည်။

---

၁။ အမေးတော်ဖြေကျမ်း။ ၃၄၂-၃။ ၂။ အမေးတော်ဖြေကျမ်း။ ၆၅၄။

## မင်းတုန်းမင်းလက်ထက် စာတော်ပြန်ပွဲ

ဘိုးတော်ပဒုံမင်းတရားကြီးက စာတော်ပြန်ပွဲ၌ ပိဋကတ်အခြေခံ သဒ္ဒါ, သင်္ဂြိုဟ်, နေ့ဝိ, ညဝိ ကျမ်းစာများကို ပြန်ဆိုခြင်းထက် သာသနာတော်၏ အခြေအမြစ်ဖြစ်သော ဝိနည်းပါဠိတော်ကြီးများ ပြန်ဆိုခြင်းကို နှစ်သက်ကြည်ဖြူ ပြဋ္ဌာန်းတော်မူသည်။ မြေးတော်, မြစ်တော်ဖြစ်တော်မူကြသော နောက်နောက်ဘုရင်မင်းများကမူ ဘိုးတော်မင်းတရားကြီး၏ အလိုတော်သို့ မလိုက်ဘဲ အင်းဝခေတ်မင်းများ ပြဋ္ဌာန်းတော်မူခဲ့ကြသည့် ပြန်ဆိုနည်းအတိုင်းသာ ပြန်ဆိုစေတော်မူကြသည်။ ထိုမင်းများတွင် မင်းတုန်းမင်းတရားကြီးသည် အထူးခြားဆုံး ဖြစ်တော်မူသည်။ ၁၂၃၆-ခုနှစ်၌ နယုန်လဆန်း ၈-ရက်နေ့မှစ၍ မန္တလေးတောင်အနီး သုဓမ္မာစရပ်တော်များတွင် ပဌမစာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပတော်မူသည်။ ထိုစာတော်ပြန်ပွဲ၌ ပဌမကျော် တစ်၊ ပဌမကြီး တစ်ကျိပ်ကိုး၊ ပဌမလတ်, ပဌမငယ်-စသော အဆင့်အတန်းရှိသည့် ပဌမစာတော်ပြန် ပဉ္စင်းလောင်းတော်, ရှင်လောင်းတော် ဦးရေ တစ်ထောင် (၁၀၀၀) ရှိသည်။ စာတော်ပြန်ပွဲကို နယုန်လဆန်း ၈-ရက်နေ့မှစ၍ ဝါဆိုလဆန်း ၈-ရက်နေ့အထိ တစ်လတိတိ ကျင်းပတော်မူသည်။ ပြန်ဆိုရသည့် ကျမ်းစာများမှာ — သဒ္ဒါ ၈-စောင် ပါဠိ, အနက်, ရုပ်၊ သင်္ဂြိုဟ် ၉-ပိုင်း၊ ဆန်း, အလင်္ကာ, အဘိဓာန် ပါဠိ, အနက်၊ မာတိကာ, ဓာတုကထာ, ယမိုက် ငါးကျမ်း ပါဠိ, အနက်, အရကောက်များ ဖြစ်သည်။ ထိုနှစ် စာတော်ပြန်ပွဲ၌ ပဌမကျော်ပြန်ဆိုသူမှာ မန္တလေး မဟာဝိသုတာရာမတိုက်တော်နေ ဗန်ကျိုတိုက် စီရင်စု သီတင်းကန်ရှာသစ်ရွာသား အသက် ၂၁-နှစ်ရှိသူ လူမည် မောင်မြ၊ ရှင်မည် ရှင်တိသာသနဖြစ်သည်။[၁]

---

၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်၊ ၃။ ၄၁၂-၅-၆၊ ၄၂၁၊ ၄၃၀-၁။ အနှစ် ၁၀၀-ပြည့် မန္တလေး။ ၂၃၅-၆-၇)။

## သီပေါမင်းသား စာတော်ပြန်ခြင်း

၁၂၃၇-ခုနှစ် ပထမစာတော်ပြန်ပွဲ၌ သားတော် သီပေါမင်းသားသည် ပဌမငယ်တန်းတွင် ပြန်ဆိုတော်မူသည်။ ဆွေတော် မျိုးတော် မှူးတော် မတ်တော် အများပြည်သူ ပရိသတ်တို့အလယ်၌ ရဲရင့်တည်ကြည်စွာ ပြန်ဆိုတော်မူသည့်အပြင် တံဆိပ်ရ ဆရာတော်တို့ မေးမြန်းသော သရုပ်၊ အဓိပ္ပါယ် ပုစ္ဆာအမျိုးမျိုးတို့ကိုလည်း ကောင်းမွန်စွာ ဖြေစွမ်းတော်မူသည်။ ထို့ကြောင့် စာနာရောက်လာသူ ရဟန်း၊ ရှင်၊ လူ ပြည်သူအပေါင်းတို့က နှစ်ထောင်းအားရ အောင်ဆုသြဘာ ထောမနာပြုကြလေသည်။ ၁၂၃၈-ခုနှစ်၌ ကျင်းပသော ပဌမစာတော်ပြန်ပွဲ၌ သီပေါမင်းသားသည် ပဌမလတ်တန်းကို ဝင်ရောက်ပြန်ဆိုတော်မူသည်။ ပြန်ဆိုရသော ကျမ်းစာများမှာ— သဒ္ဒါ ၈-စောင် ပါဠိ၊ အနက်၊ ရုပ်၊ ဆန်း ပါဠိ၊ အနက်၊ အလင်္ကာ ပါဠိ၊ အနက်၊ အဘိဓာန် ပါဠိ၊ အနက်၊ သင်္ဂြိုဟ် ၉-ပိုင်း၊ မာတိကာ ပါဠိ၊ အနက်၊ အရကောက်၊ ဓာတုကထာ ပါဠိ၊ အနက်၊ အရကောက်၊ ယမိုက် ၁၀-ကျမ်း ပါဠိ၊ အနက်၊ အရကောက်များ ဖြစ်သည်။

၁၂၃၉-ခုနှစ် နယုန်လဆန်း ၈-ရက်နေ့မှစ၍ ကြီးကျယ်ခမ်းနားစွာ ကျင်းပသော ပဌမစာတော်ပြန်ပွဲ၌ သီပေါမင်းသားသည် ပဌမကြီး၌ ဝင်ရောက်ပြန်ဆိုတော်မူသည်။ ပြန်ဆိုရသော ကျမ်းစာများမှာ— ယခင်နှစ် ပဌမလတ်တန်း ကျမ်းစာများနှင့်တကွ ပဋ္ဌာန်းကုသလတိက် ပါဠိ၊ အနက်၊ အရကောက်တို့ဖြစ်သည်။ ပဌမကြီးတန်း ပြန်ဆိုပြီးနောက် သီပေါမင်းသားသည် လှူဝတ်နှင့်ပင် ရွှေနန်းတော်အတွင်း လွှတ်တော်မြောက်ဘက် မင်္ဂလာအိမ်တော်တွင် စံနေတော်မူသည်။ ခမည်းတော် ဘဝရှင် မင်းတရားကြီးဘုရား အပါးတော်သို့ ဝင်ထွက် ခစားနေရလေသည်။[၁]

---

၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်၊ ၃။ ၄၁၂-၅-၆၊ ၄၂၁၊ ၄၃၀-၁။ အနှစ် ၁၀၀-ပြည့် မန္တလေး။ ၂၃၅-၆-၇ ။

## နိဂုံးချုပ်

ဤမျှဖြင့် ရေးမြန်မာမင်းများ စာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပကာ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး ထွန်းလင်းတောက်ပ ကြီးပွားတိုးတက်အောင် ဆောင်ရွက်တော်မူခဲ့ကြပုံကို အထိုက်အလျောက် သိနိုင်လောက်ပေပြီ။ ယခုအခါ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ (၈) မြို့နယ်လုံးဆိုင်ရာ ဝိနယတံခွန် ပရိယတ္တိပူဇာနုဂ္ဂဟအသင်းကြီး၏ (၇၅)နှစ်မြောက် "ဝိနယတံခွန် ပရိယတ္တိအခြေပြု စာမေးပွဲကြီး"၏ ကောင်းခြင်းမင်္ဂလာ ချီးကျူးဖွယ်ရာတို့ကို အနည်းငယ်မျှ ရေးသားဖော်ပြလျက် နိဂုံးကမ္ပတ် အဆုံးသတ်ရန် အခွင့်ရောက်လာပေပြီ။

ဤဝိနယတံခွန် ပရိယတ္တိအခြေပြု စာမေးပွဲကြီးကို ကောဇာသကရာဇ် ၁၃၀၄-ခုနှစ်မှ စတင်ကျင်းပခဲ့သည်၊ စတင်ကျင်းပသူမှာ ပဲခူးမြို့ ရွှေချိုးဆေးလိပ်ခုံပိုင်ရှင် ဦးသူတော် + ဒေါ်မြတင် မိသားစုနှင့် ဩဝါဒါစရိယဆရာတော်များဖြစ်သည်၊ ထို့ကြောင့် "ရွှေချိုး ဝိနယပရိယတ္တိ အခြေပြုစာမေးပွဲ"ဟူ၍ ကင်ပွန်းတပ်ခဲ့ကြသည်၊ အဆိုပါ မိသားစုက ၂၆-ကြိမ်မြောက်တိုင်အောင် ကျင်းပပြီးနောက် သင်္ခါရဓမ္မတာအတိုင်း ၂၇-ကြိမ်မြောက်မှစ၍ ဥက္ကဋ္ဌ, အတွင်းရေးမှူး အဆင့်ဆင့် ကူးပြောင်းကာ စာမေးပွဲသဘင်သည်လည်း "ရွှေချိုး ဝိနယပရိယတ္တိ အခြေပြုစာမေးပွဲ"အဖြစ်မှ ပဲခူးမြို့(၈) မြို့နယ်လုံးဆိုင်ရာ "ဝိနယတံခွန် ပရိယတ္တိအခြေပြုစာမေးပွဲ"အဖြစ်သို့ ပြောင်းလဲခဲ့လေပြီ။

## ဝိနယတံခွန်နှင့် ဝိနည်းသာသနာ

ဤဝိနယတံခွန် ပရိယတ္တိအခြေပြု စာမေးပွဲကြီး၌ (၁) သာမဏေရသီလသိက္ခာတန်း (၂) ပါတိမောက္ခ သီလသိက္ခာတန်းဟူ၍ အဆင့်အတန်း ၂-မျိုးရှိသည်။ ထိုတွင် သာမဏေရ သီလသိက္ခာတန်း၌ ရှင်သာမဏေ

များသာ ဖြေဆိုရသည်၊ ထိုအတန်း၌ ဗုဒ္ဓဘာသာဝင်တိုင်း၏ အခြေခံ ဖြစ်သော သရဏဂုံ ၃-ပါး, ၁၀-ပါးသီလ ဆိုင်ရာများ၊ လိင် ၁၀-ပါး၊ ဒဏ် ၁၀-ပါး၊ သေခိယသိက္ခာပုဒ် ၇၅-ပါး၊ ခန္ဓကဝတ် ၁၄-ပါး၊ စုစုပေါင်း ၁၁၉-ပါးသော သိက္ခာပုဒ် ကျင့်ဝတ်သီလများကို လေ့လာသင်ကြားရသည်၊ ဤအတန်း၌ ဖြေဆိုအောင်မြင်ပြီးသော အရှင်မြတ်များသည် ဝိနည်း သာသနာတော်၏ အခြေခံ ယဉ်ကျေးမှု စည်းကမ်းကျင့်ဝတ်များ၌ တတ်သိ လိမ္မာပြီးဖြစ်၍ ယင်းကျင့်ဝတ်များအတိုင်း လိုက်နာနေထိုင်ပါလျှင် ဗုဒ္ဓ-သာသနာတော်ကြီးသည် အလွန်အဆင့်အတန်းမြင့်သော ဘာသာကြီး ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက် တစ်ကမ္ဘာလုံး၏ ယုံကြည်လေးစား အားထားကိုးကွယ်ရာ ဘာသာကြီး ဖြစ်ပေလိမ့်မည်။

ပါတိမောက္ခ သီလသိက္ခာတန်း၌ ရဟန်းတော်များနှင့် သာမဏေရ သီလသိက္ခာတန်း အောင်မြင်ပြီး သာမဏေများ ဖြေဆိုရသည်၊ ဤအတန်း ၌ အကျဉ်းအားဖြင့် ၂၂၇-သွယ်သော သိက္ခာပုဒ်တော်များ၊ အကျယ် အားဖြင့် ကုဋေကိုးထောင်ကျော် သိက္ခာပုဒ်တော်များအနက် အတော်များ များ သိက္ခာပုဒ်တော်များ ပါဝင်သည်၊ ထိုများစွာသော သိက္ခာပုဒ်တော်များ ကို လေ့လာသင်ယူပြီး စာပွဲသဘင် အောင်ပန်းဆင်ကြသော အရှင်မြတ် များသည် ဝိနည်းဒေသနာတော်လာ ကျင့်ဝတ်သီလများကို လိုက်နာကျင့် ကြံကြပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ကမ္ဘာပေါ်တွင် အကောင်း မွန်ဆုံး, အယဉ်ကျေးဆုံး, အမြင့်မြတ်ဆုံး ဘာသာကြီးအဖြစ် ပေါ်လွင် ထင်ရှားလာပေလိမ့်မည်၊ ထိုအခါ ကမ္ဘာ့ပညာရှင်အပေါင်း သူတော်ကောင်း တို့၏ ယုံကြည်အားထား လေးစားကိုးကွယ်ရာ ဘာသာကြီးအစစ် ဖြစ်ပေ လိမ့်သတည်း။ ။

အရှင်အဂ္ဂညာနာဘိဝံသ<br>
စည်ရှင်နာယကဆရာတော်<br>
စည်ရှင်ကျောင်း မဟာဝိသုဒ္ဓါရုံတိုက်သစ်<br>
မဟာအောင်မြေ၊ မန္တလေး

## ကာဗျာဒါသနိဿယကျမ်း

# ကျမ်းဦးအမှာ

ဤကမ္ဘာလောက၌ နေရောင်, လရောင်, နက္ခတ်တာရာရောင်, မီးရောင်စသော အလင်းရောင်ဟူသမျှတို့တွင် နေရောင်သည် အထွန်းပြောင်ဆုံး, အတောက်ပဆုံး ဖြစ်သည်။ ထို့ကြောင့်ပင် ကာဗျာဒါသကျမ်းဆရာက ဘာသာစကားတို့၏ အလင်းရောင်စွမ်းရည်ကို နေရောင်နှင့် နှိုင်းခိုင်းကာ ဤသို့ ဖွဲ့ဆိုထားလေသည်။

> "အကယ်၍သာ အရှေ့အရပ်မှ နေမင်းသူရိယာ မထွက်ပေါ်လာလျှင် ဤကမ္ဘာသူကမ္ဘာသား လူအများသည် ကမ်းမမြင် လမ်းမသိ မှောင်အတိကျရောက်နေသကဲ့သို့ သဒ္ဒါဟူသောဘာသာစကား အလင်းရောင်သည် တစ်လောကလုံးကို ပျံ့နှံ့အောင် မထွန်းလင်း မပြသလျှင် နတ်ပြည်, လူ့ပြည်, နဂါးပြည် ဟူသော လောကသုံးမျိုးသည် အမိုက်တိုက်သာဖြစ်ပေရာ၏။ (ကာဗျာဒါသ၊ ၁-ပရိစ္ဆေဒ၊ ၄-ဂါထာ)

ဤကျမ်းပြုဆရာ မဟာကဝိ၏ စကားသည် သင့်မြတ်လှပေ၏။

ဤကမ္ဘာမြေပေါ်တွင် လူဦးရေ သန်းပေါင်း ထောင်, သောင်းချီကာ နေထိုက်လျက်ရှိကြရာ လူမှုရေး, နိုင်ငံရေး, ဘာသာရေး, စီးပွားရေး, ပညာရေး, ကျန်းမာရေး-စသော အရေးအရာများစွာတို့၌ ကမ္ဘာ့လူသား အချင်းချင်း ဆက်သွယ်မှီတင်းကာ နေထိုင်ကြရပေသည်။

ယင်းသို့ ဆက်သွယ်ကြရာ၌ ဘာသာစကားဟူသော ဆက်သွယ်ရေး ကိရိယာသည် မပါလျှင်မပြီး အလွန်ပင်အရေးကြီးလှပေသည်၊ လူတစ်ဦး ၏ အလိုဆန္ဒ, အယူအဆကို အခြားလူတစ်ဦးအား သိရှိနားလည်အောင် ဘာသာစကားကသာလျှင် ဆက်သွယ်ပေးနိုင်ပေသည်။ နှစ်ဦးနှစ်ဖက် နား လည်နိုင်သော ဘာသာစကားမရှိလျှင် ဆက်သွယ်မှုမဖြစ်နိုင်တော့ပေ။ ကာယဝိညတ်ဟူသော ကိုယ်အမူအရာဖြင့် အပေါ်ရံ သာမညအမှုကိစ္စကို သိစေနိုင်သော်လည်း လေးနက်လှသော လောကရေး, ဓမ္မရေး သဘော တရားတို့ကို မည်သည့်နည်းနှင့်မျှ သိစေနိုင်မည်မဟုတ်ပေ။

ထို့ကြောင့်ပင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ် တို့မှတပါး အခြားသော လူနတ်ပြဟ္မာ သတ္တဝါတို့သည် ဘာသာစကား တရားအသံဟူသော **"ပရတောဃောသ"** ကို မကြားနာရလျှင် သောတာ- ပတ္တိမဂ်, ဖိုလ်ကို မရရှိနိုင်ကြခြင်း ဖြစ်လေသည်။

## ကဗျာလင်္ကာ

ပြဆိုခဲ့ပြီးသည့်အတိုင်း ဘာသာစကားဟူသော အလင်းရောင်သည် ကမ္ဘာလောကကို အသိဉာဏ် ပွင့်လင်းအောင် ထွန်းပြပေးနိုင်သည်ဆို သော်လည်း စကားအားလုံးက အသိပညာ, အတတ်ပညာနှင့် သဘာဝ ခံစားမှုအားလုံးကို ပေးနိုင်သည် မဟုတ်ပေ။ အသိပညာ, အတတ်ပညာ ဆိုင်ရာ ပညာရှိ ကဝိတို့၏ ဆန်းကြယ်, လေးနက်သောစကားနှင့် ကဗျာ လင်္ကာကသာလျှင် ကြားနာ, သင်ယူသူတို့၏ အသိဉာဏ်ကို ပွင့်လင်းစေ ကာ သာယာခံစားမှုကို ပေးနိုင်ပေသည်။

ထို့ကြောင့် ကဗျာလင်္ကာဟူသည်မှာ "သဒ္ဒါ, အနက်တို့၏ တင့်တယ် ကောင်းမြတ်ခြင်းနှင့် ပြည့်စုံ၍ အံ့ဩဖွယ်ကို ဖြစ်စေတတ်သည့် ဆန်း ကြယ်မှုရှိသော စကားအထူးတည်း" ဟူ၍ သက္ကတအလင်္ကာကျမ်းတို့က

ဆိုကြသည်။ ထို့အတူပင် မြန်မာ့စွယ်စုံကျမ်းကလည်း ဤသို့ ဆိုထားလေသည်။

"ကဗျာလင်္ကာဟူသည်ကား— လူတို့နေ့စဉ် သုံးစွဲ ပြောဆိုနေသော သာမန်စကားမျိုးကို တေးဂီတပမာ ပြေပြစ်ချောမောစွာ ချိုသာငြိမ့်ညောင်းအောင် စီကုံးရေးသားထားသောစာဖြစ်သည်၊ ထို့ပြင် ပဒဒေါသ, ဝါကျဒေါသ– စသော အပြစ်ဒေါသတို့မှ ကင်းလွတ်၍ ပသာဒဂုဏ်, ဩဇဂုဏ် စသော ဂုဏ်တို့နှင့် ပြည့်စုံအောင် ဖွဲ့စီသီကုံးသမျှသော သက္ကတဘာသာ, မဂဓဘာသာတွင် ဂါထာ၊ မြန်မာဘာသာတွင် လင်္ကာသီချင်းများကို ကဗျာလင်္ကာဟု ခေါ်ဝေါ်ကြသည်။ (အတွဲ ၁၊ နှာ–၅၉)

ကမ္ဘာ့စာဆိုရှင် ပညာရှိတို့ကလည်း ဤသို့ ဖေါ်ကျူးကြပြန်သည်။

"ကဗျာသည် စိတ်ကူးနှင့် ခံစားမှုတို့၏ ဘာသာစကား ဖြစ်သည်၊ ကဗျာသည် လူတို့၏စိတ်တွင် ဖြစ်ပေါ်လာသော ကြည်နူးမှုနှင့် ကြေကွဲမှုတို့ကို ဖြစ်စေသော အရာတိုင်းနှင့်လည်း သက်ဆိုင်သည်၊ ကဗျာသည် လူတို့၏ စိတ်ခံစားမှုနှင့်လည်း သက်ဆိုင်သည်၊ ရုပ်လှုပ်ရှားမှုနှင့်လည်း သက်ဆိုင်သည်၊ ထိုသို့သက်ဆိုင်ခြင်းမရှိသော အကြောင်းအရာတစ်ခုသည် ကဗျာ၏အကြောင်းအရာ မဖြစ်နိုင်" (စန္ဒာရုပ်စုံမဂ္ဂဇင်း ထက်အောင်၏ ကဗျာအကြောင်း စာအကြောင်း ဆောင်းပါးမှ)။

ကဗျာလင်္ကာ၏ ဂုဏ်ကျေးဇူးကို မြန်မာ့စာဆိုရှင် ပညာရှိတို့က အမျိုးမျိုး ဖွင့်ဆိုကြသည်။

"ကဗျာဟူသည်မှာ — အမျိုးသားတို့၏ အမြတ်ဆုံးသော အမွေအနှစ်ကြီးဖြစ်သည်၊ လွတ်လပ်သော လူမျိုး

တိုင်းအတွက် အခိုင်မာဆုံး အကာအကွယ်ကြီးဖြစ်သည်၊ လူတစ်မျိုး လူတစ်စုသည် ကံမကောင်း အကြောင်းမလှ သဖြင့် မည်မျှလောက်ပင် ညှိုးငယ်လျက် အောက်တန်းကျ နေစေကာမူ အမျိုးသားကဗျာ တည်ရှိနေသေးသမျှ အထက်တန်းသို့ တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိသေး သည်၊ မည်မျှပင် အားအင်ကောင်းသော အမျိုးဖြစ်စေ၊ ကဗျာစိတ်ပျောက်လျှင် အမျိုးပါ ပျောက်သွားနိုင်ကြောင်း ရှေးဟောင်းရာဇဝင် ထုံးသက်သေများက ပြသလျက်ရှိပေ သည်၊ ထို့ကြောင့် ကဗျာသည် ကဗျာဆရာ ပညာရှိတို့ အတွက်သာမဟုတ်၊ လူတိုင်းနှင့် သက်ဆိုင်သည်။"

(ရှေးဟောင်း ကဗျာပေါင်း ချုပ်၊ ဆရာဇော်ဂျီ၏ စကားချီး)

## ကာဗျာဒါသကျမ်း

ယခု မြန်မာနိုင်ငံ၌ ပြန်ဆိုအပ်သော မူရင်းသက္ကတကဗျာကျမ်းကို ကျမ်းပြုဆရာ မဟာကဝိကိုယ်တိုင် 'ကာဝျာဒရ်'ဟူ၍ အမည်ပေးထား သည်၊ ထိုအမည်ကို ပုဒ်ခွဲကြည့်လျှင် 'ကာဝျ+အာဒရ်'ဟူ၍ ၂-ပုဒ် တွေ့ရသည်၊ ထိုတွင် ကာဝျသည် ကဗျာလင်္ကာဟူသောအနက်ကို ဟော၍ အာဒရ်သည် မှန်=ကြေးမုံဟူသော အနက်ကို ဟောသည်၊ ထို့ကြောင့် ၂- ပုဒ်ပေါင်းကာ အဓိပ္ပါယ်ဖွင့်ဆိုလျှင်-

(၁) ကဗျာလင်္ကာတည်းဟူသော မှန်ကြေးမုံ

(၂) ကဗျာလင်္ကာတို့၏ (ဖြစ်ထွန်းရာ) မှန်ကြေးမုံ

ဟူ၍ ၂-မျိုး ၂-စား ရရှိနိုင်ပေသည်၊ ထိုတွင် ဒုတိယအနက်အဓိပ္ပါယ်မှာ ကဗျာနည်း ပြကျမ်းဖြစ်၍ ထင်ရှားပြီးဖြစ်သည်၊ ပဌမအနက်အဓိပ္ပါယ် ကိုမူ ဤကျမ်းပြုဆရာ မဟာကဝိက ဤသို့ ဖေါ်ညွှန်းထားလေသည်။

အာဒိရာဇယသောဗိမ္ဗ-မာဒိသံ ဘူယ ဗန္ဓနံ။
တေသ မသန္နိဓာနေ"ပိ၊ န သယံ ပယ္ဃ နဿတိ။
(ကာဗျာဒါသ၊၁-ပရိစ္ဆေဒ၊၅-ဂါထာ၊ပါဠိပြန်)

"မနု ဣက္ခာကု (ဣက္ခာကု – သြက္ကက) စသော ကမ္ဘာဦးမင်းတို့ ယခုအခါ ထင်ရှားမရှိကြသော်လည်း ထို မင်းတို့၏ ကျော်စောသတင်း ဂုဏ်အရည်အချင်းဟူသော ပုံရိပ်သည် မပျောက်ပျက်နိုင်၊ အကြောင်းကား – ယင်းတို့၏ ပုံရိပ်သည် စာဆိုရှင် ပညာရှိတို့၏ အစီအကုံး အနှုန်းအဖွဲ့ ဟူသော ကြေးမုံပြင်တွင် ထင်နေသောကြောင့်တည်း။

ပကတိကြေးမုံပြင်၌ အနီးအပါးတွင် ထင်ရှားရှိသော အရာဝတ္ထုတို့၏ ပုံရိပ်သာ ကျရောက်ထင်နိုင်သည်၊ ကဗျာ ဗန္ဓဟူသော စာကြေးမုံ၌ကား အနီးအပါးတွင် ထင်ရှားမရှိ သောသူတို့၏ ဂုဏ်ကျေးဇူးပုံရိပ်သည်လည်း ကျရောက် ထင်နိုင်သည်။ (မြန်မာပြန်)

## ကျမ်းအမည်သုံးသပ်ချက်

ပြဆိုခဲ့ပြီး 'ကာဗျ+ အာဒဿ'ဟူသော ၂-ပုဒ်တွင် ကာဗျပုဒ်ကို ပါဠိ ပြန်ဆိုရာ၌ အလင်္ကာဋီကာဟောင်းဆရာက "ကဝိနော ဣဒံ ကဗ္ဗံ"ဟု ဝစနတ္ထပြု၍ ကဝိပုဒ်+ ဏျပစ္စည်းဖြင့် "ကဗ္ဗ"ဟု ဖြစ်ကြောင်း ဖွင့်ဆိုသည် (၆-ဂါထာအဖွင့်)။

သဒ္ဒနီတိဆရာကမူ "မနောဟရတာယ အဝဿံ ကုယျတိ ပဏ္ဍိတေဟီတိ ကဗ္ဗံ၊ ကာဝိယံ၊ ကာဝေယျံ"ဟု ဝစနတ္ထပြု၍ ကုဓာတ်+ ဏျပစ္စည်းဖြင့် "ကဗ္ဗ, ကာဝိယ, ကာဝေယျ"ဟု ပုဒ် ၃-မျိုးဖြစ်နိုင်ကြောင်း မိန့်ဆိုသည်။

ထိုပြင်သဒ္ဒနီတိဆရာက အချို့(ကေစိ)ဆရာတို့က "ကာဗျ"ဟူသော သဒ္ဒရုပ်ကို အလိုရှိကြသည်၊ ထိုရုပ်သည် သက္ကတဘာသာဖြစ်သောကြောင့် မာဂဓဘာသာ ဗုဒ္ဓပါဝစန၌ ပမာဏမဟုတ်ကြောင်း ဤသို့ မိန့်ဆိုပြန်သည်။

"ကေစိ တု ကာဗျန္တိ သဒ္ဒရူပံ ဣစ္ဆန္တိ၊ တံ န ပါဝစနေ ပမာဏံ သက္ကတဘာသာဘာဝတော၊ သက္ကတဘာသာ- တောပိ ဟိ အာစရိယာ နယံ ဂဏှန္တိ (နီတိ၊ ၈။ ၁၀)။

အာဒဇ် ဟူသော သက္ကတပုဒ်ကို ပါဠိဘာသာပြန်ဆိုလျှင် အာဒဿ ဟု ပြန်ဆိုရန်ရှိသော်လည်း ပါဠိဘာသာ၌ မှန် ကြေးမုံအနက်ဟော အာဒဿသဒ္ဒါ အထင်အရှား မရှိ၊ အာဒါသ, ဒပ္ပဏ, မကုရ- ဟူသော ၃- ပုဒ်သာ တွေ့ရှိရသည်။

ထို့ကြောင့် အာဒဇ်ကို အာဒါသဟူ၍သာ ပြန်ဆိုသင့်သည်၊ ကာဝျ+ အာဒဇ် ဟူသော ၂-ပုဒ်ကို တစ်ပေါင်းတည်း ပါဠိပြန်ဆိုလျှင် အလင်္ကာ ဋီကာနှင့် သဒ္ဒနီတိတို့အလို "ကဗ္ဗာဒါသ"ဟု ပြန်ဆိုသင့်သည်၊ သို့မဟုတ် သဒ္ဒနီတိလာ ကေစိဆရာတို့အလို "ကာဗျာဒါသ"ဟူ၍လည်း ပြန်ဆိုရန်ရှိ သည်၊ "ကာဗျဒဿ"ဟူ၍ကား မပြန်ဆိုသင့်ပေ၊ သို့ပါလျက် မြန်မာပြည်ရှိ ကျမ်းပြုဆရာတော်ကြီးအချို့ "ကာဗျဒဿ"ဟူ၍ ပြန်ဆိုရေးသားထား တော်မူကြသည်ကို တွေ့ရှိရပေသည်။

## ကျမ်း၏ ပမာဏ

ကာဗျာဒါသကျမ်း၌ အစမှ အဆုံးအထိ ဂါထာပေါင်း ၆၆၀- ရှိသည်၊ ထိုတွင် ပထမပရိစ္ဆေဒ၌ ၁၀၅- ဂါထာ၊ ဒုတိယပရိစ္ဆေဒ၌ ၃၆၈- ဂါထာနှင့် တတိယပရိစ္ဆေဒ၌ ၁၈၇- ဂါထာ ရှိသည်။

**ပထမပရိစ္ဆေဒ**၌ ကာဗျလက္ခဏာ, ကာဗျအမျိုးအစား, ကာဗျ သဘောတရားနှင့် ကာဗျ၏အကြောင်းအင်္ဂါတို့ကို ပြဆိုသည်။ ၄၁- ဂါထာ

မှစ၍ ၁၀၀-တိုင်အောင်သော ဂါထာတို့ဖြင့် ကာဗျ၏ ဂုဏ် ၁၀-မျိုးကို လက္ခဏာ, ပုံစံနှင့်တကွ အကျယ်ပြဆိုသည်၊ ၄၀-ဂါထာမှစ၍ ၁၀၁-တိုင်အောင်သော ဂါထာတို့ဖြင့် ဂေါဋီ, ဝေဒဗ္ဘီ, ပါဉ္စာလီ, အာဝန္တိကာ, လာဋီ, မာဂဓီဟူသော စာစီစာကုံးနည်း၊ ဝါ - စာပေဟာန် "ရီတိ" ၆-မျိုးတွင် အထူးအားဖြင့် ဂေါဋီ, ဝေဒဗ္ဘီ ရီတိ ၂-မျိုးကို ဝေဖန်ပြဆိုသည်။

**ဒုတိယပရိစ္ဆေဒ၌** အလင်္ကာ ၃၅-မျိုးကို လက္ခဏာ, ပုံစံတို့နှင့်တကွ ဝေဖန်ဖော်ပြသည်၊ ထိုတွင် ၂၈၀-ဂါထာမှစ၍ ၂၉၂-တိုင်အောင်သော ဂါထာတို့ဖြင့် ရသဝန္တ (ရသီ) အလင်္ကာနှင့်တကွ သန္တရသမှတပါး ရသ ၈-မျိုးကို ဝေဖန်ပြဆိုသည်။

**တတိယပရိစ္ဆေဒ၌** ၁-ဂါထာမှစ၍ ၈၂-တိုင်အောင်သော ဂါထာတို့ဖြင့် ယမက ၃၁-မျိုးကို ဝေဖန်ပြဆို၍ ၈၃-ဂါထာမှ ၉၅-တိုင်အောင်သော ဂါထာတို့ဖြင့် သရ, ဌာန, ဝဏ္ဏ, နိယမဟူသော အရေးအသား ခက်ခဲလှသည့် ဒုက္ကရကာဗျတို့ကို ပြဆိုသည်။ ၉၆-ဂါထာမှစ၍ ၁၂၄-ဂါထာတိုင်အောင် ပဟေလိ ၁၆-မျိုးကို ပြဆိုပြီးလျှင် ၁၂၅-ဂါထာမှစ၍ ၁၈၅-တိုင်အောင်သော ဂါထာတို့ဖြင့် ကာဗျဒေါသ ၁၀-မျိုးကို ပြဆိုသည်၊ ထိုတွင် ၁၂၅-ဂါထာမှစ၍ ၁၇၈-တိုင်အောင်သော ဂါထာတို့ဖြင့် ရှေ့ဒေါသ ၉-မျိုးကို ပြဆိုပြီးလျှင် ၁၈၀-မှ ၁၈၅-တိုင်အောင်သော ဂါထာတို့ဖြင့် ဒေသ, ကာလ, ကလာ, လောက, ဉာယ, အာဂမဝိရောဓိ ဟူသော ဝိရောဓိ ၆-မျိုးကို ပြဆိုသည်။

## ကာဗျာဒါသနိဿယကျမ်း

ဤကာဗျာဒါသနိဿယကျမ်း ဖြစ်ပေါ်လာပုံကို ကျမ်းပြုဆရာတော် အရှင်သီလာနန္ဒာဘိဝံသက နိဿယနိဒါန်း၌ ဖော်ပြထားပြီးဖြစ်သည်။ သို့သော်လည်း စီစဉ်ထုတ်ဝေသူ မိမိကလည်း ထပ်ဆင့်ဖော်ပြလိုပေသေးသည်။

ကာဗျာဒါသကျမ်းကို ဆရာတော်အရှင်သီလာနန္ဒာဘိဝံသက ဤစာရေးသူ မိမိနှင့်တကွ စာလိုက်တပည့်တို့အား ၁၃၃၄-ခုနှစ် ဝါခေါင်လဆုတ် ၁-ရက် (၁၅-၈-၁၉၇၂)နေ့မှ စတင်ပို့ချတော်မူသည်။ မိမိသည် ဆရာတော်ပို့ချသမျှ အနက်အဓိပ္ပါယ်နှင့် အကိုးသာကေအချို့ကိုပါ မိမိစာအုပ်တွင် မှတ်တမ်းတင်ထားခဲ့သည်။ ဆရာတော်၏ ပို့ချမှုသည် ၁၃၃၄-ခုနှစ် နောင်းတန်ခူးလဆန်း ၁၀-ရက် (၁၂-၄-၁၉၇၃) သင်္ကြန်အကြို ကြာသပတေးနေ့တွင် ပြီးဆုံးခဲ့သည်။

မိမိသည် ဤကျမ်းသင်ယူပြီးနောက် ရံဖန်ရံခါ ကြည့်ရှုသည်မှတပါး ပြန်လည်သုံးသပ်နိုင်ခြင်း မရှိခဲ့ပေ။ အလင်္ကာဆိုင်ရာ သက္ကတကျမ်းစာများလည်း မိမိထံတွင် မရှိချေ။ ဤကာဗျာဒါသ စာကိုယ်, ဋီကာသည်ပင် နှစ်အတော်ကြာမှ ရှိလာသည်။ ဆရာတော်သည်လည်း ၁၃၄၁-ခုနှစ် နှစ်ဆန်းကာလ တန်ခူးလကပင် အမေရိကန်ပြည်ထောင်စုသို့ မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ သာသနာပြု ကြွသွားတော်မူသည်။

ပထမအဘယာရာမ ရွှေဂူဆရာတော် စတင်ပို့ချ ရေးသားထားခဲ့သော ဤကျမ်းနိဿယကို ထိုဆရာတော်ကြီးလက်ထက်၌ ပုံနှိပ်မှုအဖြစ် ထုတ်ဝေနိုင်ခြင်း မရှိခဲ့ပေ၊ ဒုတိယအဘယာရာမ ရွှေဂူဆရာတော် အရှင်သီလာနန္ဒာဘိဝံသသည်လည်း ပထမဆရာတော်ကြီး၏ လက်ရေးမူကြမ်းနိဿယကို အမှီပြုလျက် သက်ဆိုင်ရာ ဋီကာပေါင်းစုံကို ကြည့်ရှုလေ့လာကာ တပည့်တို့အား ပို့ချပေးသည့်အပြင် အနက်, အဓိပ္ပါယ် မှာထားချက်တို့ကိုပါ ရေးသားထားတော်မူခဲ့သည်၊ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသသည် ၁၃၆၇-ခုနှစ် ဝါခေါင်လဆန်း ၉-ရက်နေ့တွင် ဘဝနတ်ဌာန် ပျံလွန်တော်မူခဲ့သည်။ သို့သော်လည်း ကာဗျာဒါသနိဿယကျမ်းကား ပုံနှိပ်မှုအဖြစ် မထွက်ပေါ်နိုင်ခဲ့ပေ။

မိမိသည် ၁၃၇၀-ပြည့်နှစ် နတ်တော်လတွင် အသက် ၇၀-ပြည့်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ထိုနှစ် ဝါခေါင်လတွင် မန္တလေးမြို့ ဝိသုဒ္ဓါရုံ

ရွှေဘုန်းဝန်ကျောင်းနေ မိမိတပည့် ထိုင်းရဟန်းတော် အရှင်ဝိသာရဒအား ကွန်ပျူတာစက်ဖြင့် ကာဗျာဒါသနိဿယကို စာစီစေကာ နတ်တော်လပြည့် မိမိမွေးနေ့တွင် ထုတ်ဝေမည်ဟု စီစဉ်ခဲ့သည်။

သို့သော်လည်း နိဿယစာမူသည် ထုတ်ဝေနိုင်လောက်အောင် အဓိပ္ပါယ် အမှာအထား ပြည့်စုံမှု မရှိသေးပေ၊ သို့ဖြစ်၍ ထိုနှစ်မွေးနေ့တွင် မထုတ်နိုင်သေးဘဲ မိမိစွမ်းအားရှိသမျှ အဖွင့်ဋီကာ, ဗျာချာများနှင့် သက်ဆိုင်ရာကျမ်းစာတို့ကို ကြည့်ရှုလေ့လာကာ ရေးသားထည့်သွင်းရပေသည်။

ဤသို့ အားထုတ်ကြိုးစားနေစဉ် အဘယာရာမရွှေဂူကျောင်းတိုက် ယခုလက်ရှိ သာသနောဒယဆရာတော် ဦးစန္ဒောဘာသက ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ ရေးသားထားသော လက်ရေးမူ မှတ်တမ်းစာအုပ်ရှိကြောင်းနှင့် ကြည့်ရှုသုံးသပ်ရန် ပေးအပ်လာသည်။

ထိုအခါ မိမိသည် အတိုင်းထက်အလွန် စိတ်အားထက်သန်လာကာ ဆရာတော်၏ လက်ရေးမူ အဓိပ္ပါယ်မှတ်ချက်တို့ကို မိမိ၏ ကာဗျာဒါသနိဿယအတွင်း ထည့်သွင်းပြီးလျှင် အဖွင့်ဗျာချာ, ဋီကာ အကိုးသာကေတို့ကိုလည်း ထည့်သွင်းနိုင်သမျှ ထည့်သွင်းကာ စွမ်းအားရှိသမျှ တည်းဖြတ်ပြင်ဆင်စီစဉ်ရပေသည်။

သို့စီစဉ်ရာ၌ ကျမ်းပြုဆရာတော် အရှင်သီလာနန္ဒာဘိဝံသသည်ပင်လျှင် ပထမအဘယာရာမဆရာတော်ကြီး၏ လက်ရာမူကြမ်းကို ဆက်လက်ရေးသားရသဖြင့် မဝံ့မရဲရှိကြောင်း မိန့်ဆိုထားရာ မိမိသည်ကားသာ၍ပင် မဝံ့မရဲ ဖြစ်ရပေသည်၊ သို့ပါသော်လည်း ကျေးဇူးရှင်ဖြစ်တော်မူကြသော ကျမ်းဂန်တတ်အကျော် ဆရာတော်ဘုရားတို့၏ ဓမ္မအမွေကို ဗဟုသုတကာမီ ပါရမီရှင် သူတော်စင်တို့အား ဓမ္မဒါနအဖြစ် ဝေငှလှူဒါန်းရသဖြင့် အလွန်ပင် နှစ်သက်ရွှင်လန်း ဝမ်းမြောက်ရပေသည်။

## ပါဏိနီယဓာတုပါဌနှင့် အဖွင့်ကျမ်း

ဤအမှာစာရေးသူသည် ဆရာတော် အရှင်သီလာနန္ဒာဘိဝံသ အထံတွင် ကာဗျာဒါသအလင်္ကာကျမ်းကိုသာ သင်ယူခဲ့သည်မဟုတ်၊ ပါဏိနီယဓာတုပါဌ, မုဂ္ဓဗောဓဗျာကရဏ, တက္ကသင်္ဂဟ-စသော အခြားသက္ကတကျမ်းများကိုလည်း သင်ယူခဲ့သည်။ ထိုပါဏိနီယဓာတုပါဌ, တက္ကသင်္ဂဟကျမ်းတို့ကို နိဿယနှင့်တကွ အဓိပ္ပါယ်မှတ်ချက်ပါ လိုက်နာရေးသားခဲ့သည်။

ထို့ကြောင့် မိမိကိုယ်တိုင် လိုက်နာသင်ယူခဲ့သော ပါဏိနီယဓာတုပါဌကျမ်းကိုလည်း ကာဗျာဒါသကျမ်းအတူ ဗဟုဿုတကာမီ ပါရမီရှင်သူတော်စင်တို့အား ဓမ္မဒါန ဝေငှလှူဒါန်းလိုသည်။ ပါဏိနီယဓာတုပါဌကျမ်းကို ဆရာတော်ဝေငှသော လက်နှိပ်စက်စာမူကိုကိုင်လျက် သဒ္ဒနီတိဓာတုမာလာကျမ်း, ဓာတွတ္ထသင်္ဂဟကျမ်းတို့နှင့် တိုက်ဆိုင်ကာ ဆရာတော်ပို့ချပေးသော ကွီရတရင်္ဂိဏီအဖွင့်ကျမ်း, မာဓဝီယဓာတုဝတ္တိအဖွင့်ကျမ်း, ကဝိကလ္ပဒြုမကျမ်းတို့မှ ကောင်းနိုးရာရာ မှတ်ချက်များကိုပါ လေ့လာသင်ယူရပေသည်။

## ကံကောင်းလှသော မြန်မာပြည်

ဤပြည်ထောင်စုမြန်မာနိုင်ငံသူ, နိုင်ငံသားလူအများသည် အလွန်ကံကောင်းလှသည်ဟု ထင်မြင်မိပေသည်။ အဘယ့်ကြောင့်ဆိုသော် — အနော်ရထာမင်းစော လက်ထက်မှစ၍ မူရင်းကျပြီး သန့်စင်လှသော ထေရဝါဒဗုဒ္ဓသာသနာကို ယုံကြည်လေးမြတ်စွာ ခံယူကိုးကွယ် ဆည်းကပ်လာသောကြောင့် ဖြစ်သည်။

အလောင်းစည်သူမင်း (မြန်မာ ၄၅၄-၅၂၉)၊ တနည်း - ကျစွာမင်း (မြန်မာ၅၉၆-၆၁၂) လက်ထက်၌ အလွန်ကျမ်းဂန်တတ်သော ဆရာ

တော် အရှင်အဂ္ဂဝံသ ရေးသားပြုစုသည့် သဒ္ဒနီတိကျမ်းကို ပုဂံခေတ်မှစ၍ ယနေ့တိုင်အောင် လေ့လာသင်ယူနေကြရသည်၊ သဒ္ဒနီတိကျမ်းသည် ကမ္ဘာပေါ်တွင် ယခုမြင်တွေ့နေရသော သဒ္ဒါကျမ်းတို့တွင် အစောဆုံးဖြစ်သော ပါဠိနီယဗျာကရဏ်းကျမ်းကို မှီငြမ်းပြုကာ ရေးသားအပ်သောကျမ်းဖြစ်သည်။

ထို့ကြောင့် သဒ္ဒနီတိကျမ်းသည် အလွန်လေးနက် ခိုင်မာ၍ အလွန်ပြည့်စုံကျယ်ဝန်းသော ကျမ်းလည်းဖြစ်သည်၊ အထူးအားဖြင့် ဓာတုမာလာကျမ်းသည် ပါဏိနီယဓာတုပါဌကျမ်းမှ ပိဋကတ်တော်နှင့် လျော်ညီသော ဓာတ်နှင့် ဓာတ်နက်တို့ကို ပါဠိဘာသာပြန်ဆိုကာ ကူးယူခဲ့သည်၊ ပါဏိနီယဓာတုပါဌကျမ်း၌ ဓာတ်ပေါင်း (၁၉၇၀)ခန့်ရှိ၍ ဓာတုမာလာ၌ (၁၆၈၆) ဓာတ်ရှိရာ ဓာတ်ပေါင်း (၃၀၀)ခန့် ကြွင်းကျန်နေသည်ဟု ဆိုရန်ရှိသည်၊ သို့သော် အချို့နေရာ၌ ပါဏိနီယကျမ်းလာ၂-ဓာတ်, ၃-ဓာတ်ကို သဒ္ဒနီတိ၌ တစ်ဓာတ်တည်းအဖြစ် ယူထားသောကြောင့်လည်းကောင်း၊ အချို့ဓာတ်များ ပိဋကတ်တော်နှင့် မလျော်၍ မယူသောကြောင့်လည်းကောင်း ကြွင်းကျန်သည်ဟု မဆိုရပေ။

ထို့ပြင် ပါဏိနီယဓာတုပါဌ၌မရှိဘဲ ဓာတုမာလာ၌ ရှိနေသော ဓာတ်ပေါင်းမှာ ၁၇၀-ကျော်ကျော်ဖြစ်သည်၊ ထိုဓာတ်များကို သဒ္ဒနီတိဆရာတော်သည် ပါဠိ, အဋ္ဌကထာ, ဋီကာနှင့် န్యာသ, ရူပသိဒ္ဓိ-စသော ပါဠိသဒ္ဒါကျမ်းများမှ ထုတ်ယူထားပေသည်၊ ဤသို့ သဒ္ဒနီတိကျမ်းသည် အလွန်လေးနက် ခိုင်မာ၍ အလွန်ကျယ်ဝန်းလှပေသည်။

ဤကဲ့သို့သော သဒ္ဒါကျမ်းမျိုး မြန်မာပြည်မှ ထွက်ပေါ်လာ၍ သင်ယူလေ့လာနေရသော မြန်မာပြည်ဖွား စာသင်သားတို့မှာ အလွန်ပင်ကံကောင်းလှသည်ဟု ဆိုရပေသည်။

ထိုဗြိတိသျှခေတ်(မြန်မာ ၁၂၅၀)တွင် ပေါ်ပေါက်လာသော ဓာတွတ္ထသင်္ဂဟကျမ်းသည်လည်း သဒ္ဒနီတိကျမ်းကဲ့သို့ပင် နောက်ပေါ်ဖြစ်သော

ကဝိကလွှဲမြဲမကျမ်းကို မှီငြမ်းပြုလျက် ပိဋကတ်တော်နှင့် တိုက်ဆိုင်ကာ အပြည့်စုံဆုံး အကောင်းမွန်ဆုံးဖြစ်အောင် ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် ရေးသားအပ်သောကျမ်းဖြစ်သည်။ ဤကျမ်း၌ သဒ္ဒနီတိကျမ်း၏ ချွတ်ယွင်းချက်များကိုပင် ဝေဖန်ထောက်ပြထားသည်။ ထို့ကြောင့် ဤကျမ်းကို လေ့လာကြည့်ရှုခွင့်ရသော မြန်မာပြည်ဖွား စာသင်သားများသည် အလွန်ကံကောင်းလှပေသည်။

ထို့ကြောင့် မိမိတို့သည် ပါဏိနီယဓာတုပါဌကျမ်းကို လေ့လာသင်ယူရာ၌ ဖော်ပြပြီး ၂-ကျမ်းနှင့် တိုက်ဆိုင်ကာ လေ့လာသင်ယူခဲ့ရပေသည်။

ဤသို့ မိမိတို့ကိုယ်တိုင် အားပါးတရ လေ့လာသင်ယူခဲ့ရသည့် ပါဏိနီယဓာတုပါဌ အဖွင့်ကျမ်းကိုလည်း ကာဗျာဒါသနိဿယကျမ်းနှင့် တွဲဖက်ကာ တပေါင်းတည်း ထုတ်ဝေလိုသော အာသာဆန္ဒ ပြင်းပြလျက်ရှိသည်၊ ဤအာသာဆန္ဒအရ မိမိသည် တပည့်ဖြစ်သူ ထိုင်းရဟန်းတော် အရှင်ဝိသာရဒ၏ အကူအညီကို ရယူလျက် အချိန်မီ ပြီးစီးအောင် နေ့မအား ညမအား ကြိုးစားအားထုတ်ခဲ့ရသည်။

အရှင်ဝိသာရဒကလည်း သက္ကတဘာသာ, မြန်မာဘာသာ အရေးအသား မချွတ်ယွင်းအောင် ကွန်ပျူတာစက်ဖြင့် အထပ်ထပ်အခါခါ ရိုက်နှိပ်ပေးသည်၊ ထို့ပြင် လိုအပ်သော သက္ကတကျမ်းစာများကိုလည်း နိုင်ငံခြားမှ မှာယူပေးသည်၊ အချို့နေရာ၌ မိမိနှင့်တွဲဖက်၍ သုတ်သင်ပြင်ဆင်ခြင်းကိစ္စကိုပါ ဆောင်ရွက်ပေးလေသည်။ ထို့ကြောင့် အဘယာရာမဆရာတော်က တပည့်ဖြစ်သူ အရှင်စန္ဒိမာသိရီအား—

ဝသိကတ မောဂ္ဂလ္လာန်၊ ပဌမကျော်တျူပါဓိကံ။
မုဒ္ဒါပေသိ မိမံ ဂန္ထံ၊ ကတ္တာ သိဿံ သဟာယကံ။

ဟူ၍ ချီးမြှောက်မိန့်ဆိုတော်မူသကဲ့သို့ မိမိသည်လည်း ထိုင်းအမျိုးသား

ရဟန်းတော် အရှင်ဝိသာရဒအား —

ဝသီကတ ဗဟုဂ္ဂန္ထံ၊ သဗ္ဗာမဘိက္ခုဝိသာရဒံ။
မုဒ္ဒါပေသိ မိမံ ဂန္ထံ၊ ကတ္တာ သိဿံ သဟာယကံ။

ဟူ၍ ချီးမြှောက်ပြောဆိုရမည်သာ ဖြစ်ပါသတည်း။

အရှင်အဂ္ဂဉာနာဘိဝံသ
စည့်ရှင်နာယကဆရာတော်
စည့်ရှင်ကျောင်း မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး
၁၃၇၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၀-ရက်

# ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက် ဋီကာကျမ်း နိဒါန်း

## အမှောင်နှင့် အလင်း

အကယ်၍သော ဤကမ္ဘာ၌ ကြည်သာပဝင်းသည့် လမင်းစန္ဒာ မကွန့်မြူး မထွက်ပေါ်လာခဲ့သော် ညချမ်းအခါ သွားလာကြသူ ဟူဟူသမျှ သတ္တဝါအနန္တတို့သည် ညဥ့်အမိုက်မှောင်၌ လမ်းမှားလမ်းမှန် မဝေဖန် မသိမြင်နိုင်ကြသကဲ့သို့လည်းကောင်း၊ ရောင်ခြည်တစ်ထောင် အလင်းရောင်ဖြင့် ထွန်းပြောင်ထိန်လင်းသည့် နေမင်းသူရိယာ မထွက်ပေါ်လာခဲ့သော် ကမ္ဘာသူကမ္ဘာသား သတ္တဝါအများသည် ကမ်းမမြင် လမ်းမသိ ရှိကြရာသကဲ့သို့လည်းကောင်း လောကသုံးရပ် ဘုံသုံးထပ်၌ နှံ့စပ်သိမြင် ဘုရားရှင်တည်းဟူသော နေမင်း,လမင်း မထွန်းလင်း မထွက်ပေါ်လာခဲ့သော် အဟုတ်အမှန်ရှိသည့် ရုပ်နာမ်သဘာဝ ပရမတ္ထတို့၏ ဖဿ, ဝေဒနာ, သညာ-စသည် အမည်မှျကိုပင် ပုထုဇဉ်လူသား နတ်ဗြဟ္မာများသည် မတွေးဆမကြံပိုင် လားလားမျှ သိမြင်နိုင်ကြမည် မဟုတ်ပေ။

နေမင်း, လမင်းအလား သဗ္ဗညုဘုရားရှင်တို့ ထင်ရှားပွင့်ပေါ်လာမှသာလျှင် လမ်းမှား, လမ်းမှန် ဝေဖန်သိမြင်နိုင်၍ သစ္စာလေးတန် ခန္ဓာ, အာယတန, ပရမတ္ထဓမ္မတို့၏ လေးနက်သောသဘာဝကို မြတ်ဗုဒ္ဓအထံတော်မှ နာခံမှတ်သားကာ ပါရမီသမ္ဘာရ အလိုက်ထိုက်သည်အားလျော်စွာ သိမြင်နိုင်ကြလေသည်။

ထို့ကြောင့် သဗ္ဗညုဘုရားရှင်တို့ ထင်ရှားပွင့်ပေါ်တော်မူရာ ဗုဒ္ဓုပ္ပါဒ ခေတ်အခါကား သုံးလောကသား သတ္တဝါများအဖို့ တန်ဖိုးမဖြတ်နိုင်သော ခေတ်ကောင်းအခါကောင်းကြီးပင် ဖြစ်ပေသည်။ (ဝိ၊ ၅။ ၁၅၇။)

## နက်နဲလှစွာ သာသနာ

သဗ္ဗညုဘုရားရှင်တို့ ၄၅-ဝါ ကာလကြာအောင် ဟောကြား ဆုံးမ တော်မူရာ သာသနာသည် ပရိယတ္တိ, ပဋိပတ္တိ, ပဋိဝေဓဟူ၍ သုံးမျိုး သုံးစား ရှိပေသည်၊ ယင်းတို့တွင် ပိဋကသုံးသွယ်, နိကာယ်ငါးရပ်ဟူသော ပရိယတ္တိသာသနာသည် အခြေခံမူလပဓာနဖြစ်၍ အစ, အလယ်, အဆုံး ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်၊ ဓမ္မ(ပါဠိ)၏ နက်နဲခြင်း, အတ္ထ (အနက် အဓိပ္ပါယ်)၏ နက်နဲခြင်း, ဒေသနာ (ဟောပြော ဆုံးမနည်း)၏ နက်နဲခြင်း, ပဋိဝေဓ (ဖောက်ထွင်း သိမြင်မှု)၏ နက်နဲခြင်းဟူ၍ နက်နဲခြင်းလေးမျိုးနှင့် လည်း ပြည့်စုံသည်၊ ခန္ဓာကိုယ်သေးငယ်လှသော ယုန်သူငယ်သည် ယူဇနာများစွာ နက်ရှိုင်းလှသော မဟာသမုဒ္ဒရာ ပင်လယ်ကြီး၌ ထောက် တည်ရာ မရနိုင်သကဲ့သို့ နုံ့နေးသောပညာရှိသည့် မန္ဒဗုဒ္ဓိပုဂ္ဂိုလ်တို့သည် နက်နဲခြင်းလေးဖြာ ပြည့်စုံစွာသော ပရိယတ်အဏ္ဏဝါ၌ ထောက်တည်ရာ မရ မသိမမြင်နိုင်ကြပေ။

## အဋ္ဌကထာဆရာ ညည်းညူတော်မူခြင်း

မဟာအဋ္ဌကထာစသော ရှေးအဋ္ဌကထာကြီးတို့ကို စုပေါင်းပြုပြင် စီရင်ရေးသားတော်မူသော အဋ္ဌကထာသစ်ကျမ်းဆရာ အရှင်မဟာဗုဒ္ဓ ဃောသသည် သူ၏စွမ်းရည်ဂုဏ်တို့ကို အဋ္ဌကထာကျမ်းနိဂုံးတို့၌ ရေးသား ဖော်ကျူးထားသည်၊ ယင်းတို့အနက် အမြွက်မျှ ဖော်ပြပါမည်။

"မိမိအယူ, ဂိုဏ်းတပါးအယူတည်းဟူသော တောရှုပ်၌ သက်ဝင်ခြင်းငှါ စွမ်းနိုင်သော, ပညာ၏ ထက်မြက်ခြင်းနှင့်

ပြည့်စုံသော, အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံဟူသော ပရိယတ်ကျမ်းဂန် အထူးအပြားရှိသော မြတ်စွာဘုရား၏ သာသနာတော်၌ အပိတ်အပင် အဆီးအတားကင်းသော ဉာဏ်စွမ်းရည်နှင့်ပြည့်စုံသော, သဒ္ဒါကျမ်းတတ် ဗျာကရဏ်း ဆရာမြတ်ကြီးဖြစ်သော, ဗုဒ္ဓဃောသဟူသော အမည်ရှိသော မထေရ်မြတ်သည်။"[၁]

ဤမျှလောက် စွမ်းရည်သတ္တိတို့နှင့် ပြည့်စုံတော်မူသော အဋ္ဌကထာသစ်ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသသည် ပဋ္ဌိစ္စသမုပ္ပါဒ် ဝိဘင်းပါဠိတော်ကို ဖွင့်ဆိုရေးသားရမည့်အခါ၌ ပဋိစ္စသမုပ္ပါဒ်တရားတော်၏ နည်းမြတ်လေးသွယ်, နက်နဲခြင်းလေးတန်တို့ကို အဖန်ဖန်ဆင်ခြင်တော်မူကာ ဖော်ပြလတ္တံ့ပါအတိုင်း ညည်းညူတော်မူလေသည်။

"မဟာသမုဒ္ဒရာကြီးအတွင်းသို့ သက်ဆင်းမိသော ယုန်သူငယ်သည် ထောက်တည်ရာကို မရရှိသကဲ့သို့ ယခုအခါ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဖွင့်အဋ္ဌကထာကို ရေးသားပြဆိုလိုသော ငါသည် ပဋိစ္စသမုပ္ပါဒ်တရားတော်၌ ထောက်တည်ရာကို မရရှိပါတကား။"[၂]

## ဘုရားရှင်တို့ တရားမဟောရန် အကြံဖြစ်တော်မူခြင်း

ပြဆိုခဲ့ပြီးသည့်အတိုင်း အဋ္ဌကထာသစ်ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသ၏ ညည်းညူတော်မူခြင်းသည် သင့်လျော်လှပေသည်၊ အကြောင်းသော်ကား- ဂေါတမဘုရားရှင်နှင့်တကွ အားလုံးသော ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရှစ်ခုမြောက်သတ္တာဟ၌ သတ္တဝါတို့အား တရားမဟောရန် စိတ်အကြံဖြစ်တော်မူခြင်းပင်တည်း။

---

၁။ ဝိသုဒ္ဓိမဂ် မြန်မာပြန်။ ၂။ အဘိ၊ ဋ္ဌ၊ ၂။ ၁၂၃။

ဘုရားရှင်တို့သည် တရားတော်၏နက်နဲခြင်း, သတ္တဝါတို့၏ ကိလေသာ အာရုံ ကာမဂုဏ်၌ ပျော်မွေ့၍ ကိလေသာတို့၏ အနှိပ်စက်ခံရခြင်းတို့ကို ဆင်ခြင်တော်မူကာ တရားမဟောရန် အကြံအစည် ဖြစ်တော်မူကြသည်။

> "ငါသိထားသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ ကြံစည်ခြင်းဖြင့် မရောက်နိုင်သော, ပညာရှိတို့သာ သိနိုင်သော တရားပေတည်း။ ဤသတ္တဝါများကား တွယ်တာမှုတို့၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်နေကုန်၏၊ ဤသတ္တဝါများသည် ပဋိစ္စ-သမုပ္ပါဒ်တရားတော်ကို မြင်နိုင်ခဲပေ၏၊ ယင်းသို့ဖြစ်၍ ငါသည် တရားကို ဟောသော်လည်း ငါ၏တရားကို မသိနားမလည်ကုန်ငြားအံ့၊ ငါ့အား ပင်ပန်းရုံသာ ဖြစ်ရာ၏။"[၁]

## အဋ္ဌကထာကျမ်းများ

ဤသို့ တရားမဟောရန် အကြံအစည်ဖြစ်၍ မကြာမြင့်မီ သဟမ္ပတိ ဗြဟ္မာမင်း တောင်းပန်သဖြင့် ဂေါတမဘုရားရှင်သည် ပိဋကသုံးသွယ်, နိကာယ်ငါးရပ်, ပရိယတ်ဓမ္မခန်တို့ကို အတန်တန် ဟောပြတော်မူသည်၊ ကျွတ်ထိုက်သော သတ္တဝါများသည်လည်း ပါရမီသမ္ဘာရအားလျော်စွာ ပညာဉာဏ်ပွင့်လင်း၍ ကျွတ်တမ်းဝင်တော်မူကြသည်၊ ဂေါတမဘုရားရှင်သည် တရားဓမ္မ ဟောပြတော်မူပြီးနောက် ထိုတရားတော်တို့တွင် ခက်ခဲနက်နဲသောနေရာတို့၌ သိသာထင်ရှားအောင် အကျယ်ထပ်ဆင့် ဖွင့်ပြတော်မူသည်၊ ထိုဖွင့်ပြချက်ဒေသနာကိုပင် သင်္ဂါယနာတင် မထေရ်မြတ်တို့က ပကိဏ္ဏကဒေသနာ (အထွေထွေတရားတော်) အဖြစ်ဖြင့် သင်္ဂါယနာတင်တော်မူခဲ့ကြသည်။

---

၁။ ဝိ၊၃။၅။ ဒီ၊၂။၃၁။ ဝိ၊၄။၂၄၂။ ဒီ၊၄၊၂။၅၅။

အရှင်မဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူပြီးနောက် သီဟိုဠ်ကျွမ်းသား မထေရ်များသည် ပဂိဏ္ဏကဒေသနာတော်ကို သီဟိုဠ် ဘာသာ ပြန်ဆိုတော်မူကြသည်၊ ယင်းကို မဟာအဋ္ဌကထာဟူ၍ ခေါ်ဆိုလေကြသည်။ သီဟိုဠ်ဘာသာ မဟာအဋ္ဌကထာကို အမှီပြု၍ မဟာပစ္စရီအဋ္ဌကထာ, စူဠပစ္စရီအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ, အန္ဓအဋ္ဌကထာ, အရိယအဋ္ဌကထာ, သင်္ခေပအဋ္ဌကထာ-စသော အဋ္ဌကထာများကို ဏ္ဍိယ တောင်ပိုင်းသားနှင့် သီဟိုဠ်ကျွန်းသားမထေရ်များက ရေးသားပြုစုတော်မူကြသည်။ သာသနာနှစ် ကိုးရာကျော်(၉၇၃)၌ ဏ္ဍိယတောင်ပိုင်းသားဖြစ်သော အရှင်မဟာဗုဒ္ဓဃောသသည် ဖော်ပြပြီး အဋ္ဌကထာဟောင်းတို့ကို စုပေါင်းပြုလုပ် အကျဉ်းချုပ်ကာ "သင်္ဂဟအဋ္ဌကထာ"ခေါ် အဋ္ဌကထာသစ်ကျမ်းတို့ကို ရေးသားစီရင်တော်မူသည်။

## ဗျာကရဏ်းကျမ်းများ

အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် အဋ္ဌကထာသစ်ကျမ်းများကို ရေးသားစီရင်ရာ၌ ပါဠိတော်လာ ဒေသနာနည်း, အဋ္ဌကထာနည်း, ရှေးမထေရ်မြတ်တို့၏ ပို့ချစဉ် ဝါစနာမဂ္ဂနည်း-စသည်တို့ကို မှီငြမ်းပြုကာ ရေးသားစီရင်ရသော်လည်း လွယ်ကူလှသည်ကား မဟုတ်ပေ။ အချို့သော နေရာတို့၌ သဒ္ဒါနည်း, နိရုတ္တိနည်း, ဆန်းနည်း, အလင်္ကာနည်း, ဒဿန နည်း, နေတ္တိနည်း-စသည်တို့ဖြင့် ဖွင့်ဆိုရေးသားမှ ပေါ်လွင်မည်ဖြစ်သည်၊ သဒ္ဒါနည်းဖြင့် ဖွင့်ဆိုရေးသားရာ၌ မာဂဓသဒ္ဒါကျမ်းအချို့ ရှိသော်လည်း ထိုကျမ်းတို့ကို မှီငြမ်းမပြုဘဲ သက္ကတသဒ္ဒါကျမ်းများကိုသာ မှီငြမ်းပြုတော်မူသည်၊ အကြောင်းကား- ထိုစဉ်က ထင်ရှားရှိနေသော မာဂဓသဒ္ဒါကျမ်းများသည် ကာရက, သမာသ-စသော သဒ္ဒလက္ခဏာတို့ကို ပြဆိုထားဟန် မရှိပေ။ ဤအကြောင်းကို ဝိသုဒ္ဓိရဲ့ ကစ္စည်းသုတ်နက်ဒီကာကျမ်း၌ ဤသို့ ပြဆိုထားလေသည်။

"အဋ္ဌကထာဆရာများလက်ထက်တိုင်အောင် ထင်ရှား ကိုးကားလောက်သော မာဂဓဘာသာ သဒ္ဒါကျမ်းစသည် မရှိသေးပေ၊ အဋ္ဌကထာ, ဋီကာတို့၌ ကိုးကားသော သဒ္ဒါ သာကေမှန်သမျှ သက္ကတကချည်းဖြစ်သည်ကို ထောက် ချင့်ရာ၏။" (ဝိနယဝိစနယုတ္တံ ဟိ - သုတ်အဖွင့်)

## အဋ္ဌကထာဆရာ၏ ညွှန်ပြချက်

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသသည် သဒ္ဒလက္ခဏာနှင့် စပ် လျဉ်း၍ ပါဏိနီယဗျာကရဏ်း စသော သက္ကတသဒ္ဒါကျမ်းတို့ကို ကိုးကား ညွှန်ပြတော်မူသည်။ အနည်းငယ်မျှ နမူနာပုံစံ ထုတ်ပြပါမည်။

(၁) ပါရာဇိကကဏ်ပါဠိတော် သုဒိန္နဘာဏဝါရ "န တွံ တာတ သုဒိန္န ကိဉ္စိ ဒုက္ခဿ ဇာနာသိ"ဟူသောပါဠိ၌ ကိဉ္စိ ဒုက္ခဿ ဇာနာသိ-၏ အတ္ထယောဇနာနည်းကို ၃-မျိုးဖွင့်ပြပြီးလျှင် နောက် ၂-မျိုး၏ အကိုး သာဓကကို "တံ သဗ္ဗံ သဒ္ဒသတ္ထာနုသာရေန ဉာတဗ္ဗံ"ဟု ညွှန်ပြတော် မူသည်။

ဤ၌ သဒ္ဒသတ္ထဟူသည် ပါဏိနီယဗျာကရဏ၊ ၂-အဇ္ဈာယ၊ ၃-ပါဒ၊ ၅၁, ၅၂ နှင့် ကာတန္တြ စတုတ္ထယ၊ ၂၄၄-သုတ်တို့ ဖြစ်သည်။

(၂) ဒုတိယပါရာဇိက ဝိနယဝဏ္ဏနာ "ကထံ ဟိ နာမ သော ဘိက္ခဝေ .... ကုဋိကံ ကရိဿတိ" ဟူသောပါဠိ၌ ကရိဿတိ-ဝယ် အတိတ်အနက်၌ ဘဝိဿန္တိဝိဘတ်သက်ကြောင်း ဖွင့်ပြပြီးလျှင် "တဿ လက္ခဏံ သဒ္ဒသတ္ထတော ပရိယေသိတဗ္ဗံ"ဟု ညွှန်ပြတော်မူသည်။

ဤ၌ သဒ္ဒသတ္ထဟူသည်လည်း ပါဏိနီယဗျာကရဏ၊ ၃- အဇ္ဈာယ၊ ၃-ပါဒ၊ ၁၄၄-၅ နှင့် ကာတန္တြ အာချာတ်၊ ၁၆၊ ၁၇-သုတ်တို့ပင် ဖြစ်သည်။

(၃) စတုတ္ထပါရာဇိကပါဠိတော်(၁၃၃)လာ "ယော အမှာကံ ဂိဟီနံ အညမညဿ ဥတ္တရိမနုဿဓမ္မဿ ဝဏ္ဏော ဘာသိတော"ဟူသောပါဠိ၌

ပါဌသေသထည့်စွက်၍ သိသင့်သောအနက်ကို ဖွင့်ပြပြီးနောက် "လက္ခဏံ ပန သဒ္ဒသတ္တတော ပရိယေသိတဗ္ဗံ"ဟူ၍ ရှာဖွေကြည့်ရှုရန် အဌကထာဆရာက ညွှန်ပြတော်မူသည်။

ဤ၌လည်း သဒ္ဒသတ္တဟူသည်မှာ ပါဏိနီယဗျာကရဏ၊ ၃-အဓျာယ၊ ၄-ပါဒ၊ ၁-သုတ် နှင့် ကာတန္တြ ကိတ်၊ ၄၃၀-သုတ်တို့ပင်ဖြစ်သည်။

ဤသို့စသည်ဖြင့် အဌကထာကျမ်းများ၌ ညွှန်ကြားချက်များစွာကို တွေ့ရှိနိုင်ပေသည်။

## မာဂဓဗျာကရဏ်းကျမ်းများ

သဘာဝနိရုတ္တိ မာဂဓဘာသာကို ထိန်းသိမ်းစောင့်သည့် မာဂဓဘာသာ ဗျာကရဏ်းကျမ်းများကား —

(၁) တေဒဂ်ရ အရှင်မဟာကစ္စာယနမထေရ်၏ နိရုတ္တိပိဋကမည်သော မဟာနိရုတ္တိကျမ်း

(၂) ယမကမထေရ်၏ စူဠနိရုတ္တိကျမ်း

(၃) ဘဒန္တဗောဓိသတ္တမထေရ်၏ မာဂဓဗျာကရဏ်းကျမ်း

(၄) အာစရိယသဗ္ဗဂုဏာကရမထေရ်၏ မာဂဓဗျာကရဏ်းကျမ်း

(၅) အရှင်ကစ္စာယနမထေရ်၏ ကစ္စာယနဗျာကရဏ်းကျမ်း

(၆) သီဟိုဠ် အရှင်မောဂ္ဂလ္လာန်မထေရ်၏ မောဂ္ဂလ္လာနဗျာကရဏ်းကျမ်း

(၇) ပုဂံ အရှင်အဂ္ဂဝံသမထေရ်၏ သဒ္ဒနီတိကျမ်း

(၈) မန္တလေး ရတနာပုံ ယောမင်းကြီး ဦးဘိုးလှိုင်၏ သဒ္ဒသင်္ဂဟကျမ်းတို့ဖြစ်သည်။

အဆိုပါကျမ်းတို့တွင် အမှတ် (၁) (၂) ကျမ်းတို့၏ အဆိုအမိန့်များကို သဒ္ဒနီတိကျမ်း၌ အဖန်ဖန် ကိုးကားပြဆိုထားသည်ကို တွေ့ရှိရသည်။ သို့သော်လည်း ယခုအခါ ထိုကျမ်းတို့ကို မတွေ့မြင်ရတော့ပေ။ ထိုကျမ်းတို့သည် မာဂဓဘာသာပါဠိပုဒ်၏ ရုပ်စဉ်မျှကိုသာ ပြဆို၍ ကာရက, သမာသ-

စသော သဒ္ဒလက္ခဏာတို့ကို မပြဆိုသောကြောင့် ကွယ်ပျောက်ခဲ့ဟန်တူ ကြောင်း နှောင်းခေတ်ပညာရှင်တို့က မိန့်ဆိုတော်မူကြသည်။

အမှတ် (၃) (၄) ကျမ်းတို့၏အမည်ကို ဗုဒ္ဓိပ္ပသာဒနီမည်သော ပဒသာဓနဋီကာကျမ်း၌ တွေ့မြင်ရသော်လည်း ယခုအခါ ထိုကျမ်းတို့ကို မတွေ့မြင်ရတော့ပေ။

အမှတ် (၅)(၆)(၇)(၈) ကျမ်းတို့ကား ယခုအခါ ထင်ရှားရှိနေသဖြင့် ထိုကျမ်းတို့၏ အတိုင်းအရှည်နှင့် ဂုဏ်ရည်တို့ကို သိရှိနိုင်ပေသည်။

## ကစ္စာယနဗျာကရဏ်းကျမ်း

အမှတ်(၅) ကစ္စာယနဗျာကရဏ်းကျမ်းသည် သုတ်,ဝုတ္တိ,ဥဒါဟရဏ် အပြည့်အစုံပါရှိ၍ အဖွင့်ဋီကာများပါ ခြံရံထားသဖြင့် ထင်ရှားလှပေသည်။ ကစ္စာယနဗျာကရဏ်းကျမ်းကို န្យာသ, ရူပသိဒ္ဓိဋီကာ, သုတ္တနိဒ္ဒေသ, ကစ္စာယနဝဏ္ဏနာကျမ်းတို့က ဓေတဒဂ်ရ အရှင်မဟာကစ္စာယနမထေရ် ဟောကြားအပ်သောကျမ်းဟု မိန့်ဆိုကြသည်၊ မောဂ္ဂလ္လာန်နိသျကျမ်းပြု အဘယာရာမဆရာတော်စသော နှောင်းခေတ်ပညာရှင်တို့ကမူ ဓေတဒဂ်ရ အရှင်မဟာကစ္စာယနမထေရ် ဟောကြားအပ်သော ကျမ်းမဟုတ်၊ ဇ္ဇန္ဒိယ ပြည်တောင်ပိုင်း စောဠတိုင်းသား၊ သို့မဟုတ် သီဟိုဠ်ကျွန်းသား ဖြစ်ဟန်တူ သော အရှင်မဟာကစ္စာယနမထေရ်နှင့် ဘွဲ့အမည်တူ မထေရ်တစ်ပါး ရေး သားသောကျမ်း ဖြစ်သည်ဟူ၍ မိန့်ဆိုတော်မူကြသည်၊ ဤအကြောင်းကို မောဂ္ဂလ္လာန်နိသျကျမ်း နိဒါန်း(၃) ၌ ဤသို့ မိန့်ဆိုထားလေသည်။

> "အရှင်ဗုဒ္ဓဃောသမထေရ်မြတ်နှင့် သမာနကာလ၌ သော်လည်းကောင်း၊ အနည်းငယ် နောက်ကျသောကာလ၌ သော်လည်းကောင်း စောဠတိုင်း (မဒရပ်ပြည် တောင်ပိုင်း) သား၊ သို့မဟုတ် သီဟိုဠ်ကျွန်းသား ဖြစ်ဟန်တူသော ကစ္စာယနမထေရ်သည် နိရုတ္တိပိဋကမာဂဓသဒ္ဒါကျမ်းနှင့်

ပါဏိနီယ, ကာတန္တြသက္ကတသဒ္ဒါကျမ်းတို့ကိုမှီ၍ ယခုအခါ
လွန်စွာထင်ရှားသော ကစ္စာယနဗျာကရဏ်းကျမ်းကို စီရင်
တော်မူအပ်သတည်း။"

## ကစ္စာယနဗျာကရဏ်းကျမ်း၏ မှီရာများ

ကစ္စာယနဗျာကရဏ်းကျမ်းကို ပြုစုရာ၌ ညှိမည်သော ကျမ်းများကို မှီငြမ်းပြုကာ ရေးသားပါသည်ဟု ကျမ်းဆရာကိုယ်တိုင် ဝန်ခံမထားသော်လည်း "သက္ကတဗျာကရဏ်းကျမ်းတို့လာ အမည်များကို ယူငင်သုံးစွဲမည်" ဟူ၍ "ပရသမညာ ပယောဂေ"ဟူသော သညာဂ်ပရိဘာသာသုတ်ဖြင့် ညွှန်ကြားပြီးဖြစ်၍ သက္ကတဘာသာဗျာကရဏ်းကျမ်းများကို မှီငြမ်းပြုကြောင်း ထင်ရှားပေသည်။

သက္ကတဗျာကရဏ်းကျမ်းတို့တွင်လည်း ပါဏိနီယဗျာကရဏ်းလာ "ကာလဒ္ဓါနမစ္စန္တသံယောဂေ၊ ကမ္မပ္ပဝစနီယယုတ္တေ၊ ယေနင်္ဂဝိကာရော၊ အပါဒါနေ ပဉ္စမီ" စသော သုတ်တို့ကိုလည်းကောင်း၊ ကာတန္တြကျမ်းလာ "ယသ္မာဒပေတိ ဘယမာဒတ္တေ ဝါ တဒပါဒါနံ၊ ယေန ဝါ ကရီယတေ တံ ကရဏံ၊ ယော ကရောတိ သ ကတ္တာ၊ နာမာနံ သမာသော ယုတ္တတ္ထော၊ ဝါ ဏာပစ္စေ" စသောသုတ်တို့ကိုလည်းကောင်း ဘာသာပြောင်းလွဲရုံမျှ ပြုကာ ကူးယူထားသဖြင့် ထိုကျမ်းတို့ကို မှီငြမ်းပြုကြောင်း ထင်ရှားလှပေသည်။

ကာတန္တြကျမ်း၌ သမာသ်သုတ်စဉ်, တဒ္ဓိတ်သုတ်စဉ်တို့ကို ဂါထာဗန္ဓများဖြင့် ရေးသားထားသည်၊ သမာသ်သုတ်စဉ်၌ "ကမ္မဓာရယသညေ စ၊ ပုံဝဗ္ဗာဝေါ ဝိဓီယတေ" ဟု ပုမ္ဘာဝါတိဒေသသုတ်ကို ဂါထာပြည့်အောင် ရေးသားထားသည်၊ ယင်းကို ကစ္စာယနဗျာကရဏ်းကျမ်း၌ "ကမ္မဓာရယ-သညေ စ" ဟု ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြင့် ကူးယူဖော်ပြထားသည်။ ဤ၌ သညာသဒ္ဒါမပါလျှင် ပြီးနိုင်ပါလျက် သညာသဒ္ဒါထည့်စွက်

ထားခြင်းသည် အကျိုးထူးမရှိသဖြင့် ကာတန္တကျမ်းမှ ကူးယူထားကြောင်းကိုသာ ပေါ်လွင်စေသည်ဟု ပညာရှင်တို့က မိန့်ဆိုတော်မူကြသည်၊ ထို့ကြောင့်ပင် ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ကျမ်း၌ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ဤသို့ မိန့်ဆိုတော်မူသည်။

> "ကစ္စည်းကျမ်း၏မှီရာ ကာတန္တကျမ်း၏ ဝုတ္တိ၌ နာညံ သဗ္ဗနာမိကံ သုတ်မှ အညံ-သဒ္ဒါကို ဗဟုဗ္ဗီဟိမှိ-သုတ်သို့ မလိုက်စေမူ၍ "ဗဟုဗ္ဗီဟိမှိ သမာသေ သဗ္ဗနာမိကံ ကာ-ရိယံ န ဘဝတိ" ဟု ဖွင့်၏၊ ထို့ကြောင့် ကစ္စည်းသုတ်နက်၏ ဝုတ္တိကိုလည်း ထိုကဲ့သို့ပင် ဖွင့်၍ .... ပုံစံထုတ်မှ သုတ္တ-ကာရဆရာ၏ အလိုကျမည်။" (ဗဟုဗ္ဗီဟိမှိ စ-သုတ်အဖွင့်)

## ကစ္စည်းကျမ်း၏ ဂုဏ်ရည်

ကစ္စာယနဗျာကရုဏ်းခေါ် ကစ္စည်းသဒ္ဒါကြီးကျမ်း၏ ဂုဏ်ရည်တို့ကား များပြားလှပေသည်၊ ကစ္စည်းကျမ်းသည် ယခုမျက်မှောက်ရှိ မာဂဓဘာသာဗျာကရုဏ်းကျမ်း ၄-စောင်တို့တွင် အချိန်ကာလအားဖြင့် အစောဆုံးပေါ်ထွန်းလာသောကျမ်းဖြစ်ခြင်း၊ အလွန်ရှေးကျ၍ နက်နဲခိုင်မာသော သက္ကတဘာသာ ပါဏိနီယဗျာကရုဏ်းကျမ်း, ကာတန္တ(ကလာပ) ဗျာကရုဏ်းကျမ်းတို့ကို များစွာမှီငြမ်းပြုကာ ရေးသားထားခြင်း၊ ရှည်လျားသောသုတ်များအနည်းငယ်ပါရှိသော်လည်း အများအားဖြင့် ကလေးသူငယ်များ ကျက်နိုင်, ဆောင်နိုင်သည့် သုတ်တိုကလေးများသာ ပါရှိခြင်း၊ နာမ်ပုဒ်, အာချာတ်ပုဒ်တို့၏ ရုပ်ပြီးပုံနှင့် နာမ်ဝိဂ်ဟ်, အာချာတ်ဝိဂ်ဟ်ပုဒ်စဉ် ပဒမာလာများကို ညွှန်ပြခြင်း၊ ဝါစ္စ ဝါစက, ကြိယာကာရကသမ္ဗန်တို့ကို ဝေဖန်ဖော်ပြခြင်း၊ နာမ်, အာချာတ်, နိပါတ်, ဥပသာရဟူသော ပုဒ်ကြီး ၄-ပုဒ်တို့၏ သဘောကို ပေါ်လွင်အောင်ပြဆိုခြင်း စသော ကောင်းခြင်းဂုဏ်များနှင့် ပြည့်စုံပါပေသည်၊ ထို့ကြောင့်ပင် မြန်မာနိုင်ငံ၌ ပုဂံခေတ်မှစ၍ မျက်မှောက်ခေတ်တိုင်အောင်

ကစ္စည်းသဒ္ဒါကြီးကျမ်းကို အထူးအရေးပေးကာ လေ့လာသင်ယူပို့ချတော်မူကြသည်။

ဤမျှ ကောင်းခြင်းဂုဏ်တို့နှင့် ပြည့်စုံပါသော်လည်း မောဂ္ဂလ္လာန်, သဒ္ဒနီတိ စသော နောက်ပေါ်ကျမ်းများက ဝေဖန်ပယ်ရှားသည်ကိုလည်း တွေ့ရပေသည်။ ပဒရူပသိဒ္ဓိဆရာကမူ ကစ္စည်းကျမ်းအပေါ် အပြစ်ပြဝေဖန်ခြင်းမပြုဘဲ ကောင်းသည်ထက် ကောင်းအောင်သာ ပြင်ဆင်ရေးသားတော်မူသည်။ အကျိုးထူးမရှိနိုင်သော အချို့သုတ်များကိုမူ မဖွင့်ဆိုဘဲ ချန်လှပ်ထားတော်မူခဲ့သည်။ ယင်းတို့ကား — သော ဝါ၊ တ္တတ္ထိပုမနပုံသကသဉ်၊ သမာသေ စ ဝိဘာသာ၊ ကာလေ၊ အန္တေ နိဂ္ဂဟီတဉ္စ၊ အရဟာသက္ကာဒီဟိ တုံ၊ သစဇာနံ ကဂါ ဏာနုဗန္ဓေ-တို့ ဖြစ်သည်။ ဧ တောထေသု စ-သုတ်သည် ရူပသိဒ္ဓိအလို အကျိုးထူးရှိ၍ သုတ်ပိုမဟုတ်သော်လည်း န်ာသဆရာကမူ-

"ဟေဒ္ဓာ ဝုတ္တနယေန သိဇ္ဈနတော နိရတ္ထကမေဝိဒံ၊
န စေသော ပုရိမပါဌော"

ဟု အကျိုးထူးမရှိသောကြောင့် ရှေးပါဌ်မဟုတ်ကြောင်း မိန့်ဆိုတော်မူသည်။

ထို့ပြင် ကာရကဝုတ္တိအဆုံး၌ တတိယာ စ ဒုတိယာ-သုတ်မှစ၍ အတ္တနိ ဂုရှသု စ ကွစိ-တိုင်အောင် သုတ်ပေါင်း ၃၀-ကို ဝုတ္တိ, ဥဒါဟရဏ်နှင့်တကွ ပြဆိုပြီးလျှင် ယင်းသုတ်များသည် နောက်ဆရာတို့ ထည့်သွင်းထားသော သုတ်ပိုများဖြစ်သည်ဟု န်ာသဆရာ မိန့်ဆိုတော်မူသည်။

ဖော်ပြပါသုတ်များသည် အများအားဖြင့် ပါဏိနီယနှင့် ကတန္တကျမ်းတို့မှ သုတ်များပင် ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ၊ အနည်းငယ်မျှ အကွဲအနာပါသော်လည်း အဖိုးမဖြတ်နိုင်သော ပတ္တမြားကျောက်ကို "ကျောက်မျက် ရတနာ"ဟူ၍သာ ခေါ်ဆိုမြတ်နိုး ပိုင်စိုးရသကဲ့သို့ အရှင်ကစ္စာယနမထေရ်၏ "ကစ္စည်းသဒ္ဒါကြီး"ခေါ် ကစ္စာယနဗျာကရဏ်းကျမ်းကိုလည်း အဖိုး မဖြတ်နိုင်သော ပရိယတ်လမ်းညွှန် "ကျမ်းမြတ်ရတနာ" ဟူ၍သာ မှတ်ယူရပေမည်။

## ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ကျမ်း

ဖော်ပြခဲ့ပြီး ကစ္စည်းသဒ္ဒါကြီးကျမ်းကို ရှေးပညာရှိတို့က နျာသ, ရူပသိဒ္ဓိ,ဗာလာဝတာရ-စသော ဋီကာ, အနုဋီကာတို့ဖြင့် ဖွင့်ပြခဲ့ကြသည်၊ မြန်မာနိုင်ငံဖွား ပညာရှင်များကလည်း နိဿယ,ဂဏ္ဌိ-စသော ကျမ်းတို့ဖြင့် ထပ်ဆင့် ဖွင့်ပြတော်မူကြသည်။ ထိုကျမ်းတို့သည် သူ့နည်းနှင့်သူ တံခွန် ထူကာ ကောင်းမွန်ကြပါပေသည်၊ သို့ရာတွင် အသိဉာဏ်မကျယ်သေးသည့် စာသင်ငယ်ကလေးတို့အတွက် မနိုင်ဝန်ကို ထမ်းဆောင်ရသကဲ့သို့ ဝန်လေးလျက်ရှိပေသည်၊ ဤအကြောင်းကို ကောင်းစွာသိတော်မူသော မဟာဝိသုဒ္ဓါရုံဆရာတော်သည် သဒ္ဒါတတ်လိုသော တပည့်ရဟန်းငယ် တစ်ပါးအား "ဒို့ သဒ္ဒါတတ်အောင် လုပ်ပေးမယ်၊ သုတ်နက်ရေး ပေးမယ်" ဟု မိန့်တော်မူပြီး ကောဇာသက္ကရာဇ် ၁၂၅၈-ခုနှစ်တွင် ကစ္စည်းသုတ်နက် ကျမ်းကို ရေးသားပြုစုတော်မူလေသည်။

## မဟာဝိသုဒ္ဓါရုံဆရာတော်၏ နှလုံးသွင်း

မဟာဝိသုဒ္ဓါရုံဆရာတော်ကား ကျမ်းဂန်သင်ယူမှုဝို့ချရာ၌ ချမ်းသာ လွယ်ကူသောနည်းကို ကြံဆတီထွင်တော်မူသည်၊ မိမိကိုယ်တိုင် စာသင်သားဘဝက ရင်ပူအောင် စာမအံဘဲ မှတ်သားနာခံ ကြံစည်တွေးတောခြင်းဖြင့် အေးဆေးတည်ငြိမ်စွာ တတ်မြောက်တော်မူသည်ဟု စကားအစဉ် ရှိခဲ့သည်။

ရှေးအခါက ကစ္စည်းသဒ္ဒါကြီးကို သင်ယူသော စာသင်ငယ်တို့သည် "သဒ္ဒါကိုးခေါက် စာပြိုးပြောက်"ဟူသည့်အတိုင်း ကောင်းစွာ မတတ်မြောက်ဘဲ ပြိုးပြိုးပြောက်ပြောက် အနည်းငယ်လောက်သာ သိကြောင်း ဥဒါန်းထိုးကြသည်၊ မုဒ္ဓဗောဓကျမ်းပြုဆရာအလောင်း ဝေါပဒေဝသူငယ် ပါဏိနီယဗျာကရုဏ်းကို တတ်မြောက်အောင် မသင်ယူနိုင်သကဲ့သို့ ဖြစ်နေကြဟန်ရှိပေသည်။

ဤအကြောင်းအရာကို ကောင်းစွာသိတော်မူသော မဟာဝိသုဒ္ဓါရုံ ဆရာတော်သည် ကျမ်းဂန်များ သင်ယူပို့ချရာ၌ "ပါဠိရ, နက်ထင်, အချက် မြင်"ဟူသော လမ်းညွှန်ချက်ကိုပေးကာ ရသင့်ရထိုက်သော ပါဠိများကို နှုတ်တက်ရွရွ ရအောင်ကျက်မှတ်စေ၍ အနက်ကျဉ်းထင်စေကာ အဓိပ္ပါယ်အချက်အလက်တို့ကို ကွက်ကွက်ကွင်းကွင်း သိမြင်အောင် သင်ကြားပို့ချတော်မူသည်။ ကျမ်းဂန်ရေးသားစီစဉ်ရာ၌လည်း တိုတိုကျဉ်း ကျဉ်း လိုရင်းထိမိအောင် ရေးသားစီရင်တော်မူသည်။ ထို့ကြောင့်ပင် မဟာဝိသုဒ္ဓါရုံဆရာတော်က ဤသို့ မိန့်မှာတော်မူသည်။

"ဤသို့ ကျဉ်းကျဉ်း ချပို့ရမည်။ ဘောတိ-ရုပ်များကို လည်း ခန်ကျော်ချန်ထားခဲ့ရမည်၊ နိသျမဖတ်ဘဲ အနက် ထင်၍ တပည့်စာသင်သားအကဲကို ဆင်ခြင်၍ ချပို့တတ် မှသာ ကျောင်းကန်နေထိုင်ခြင်း, စာပေပို့ချခြင်းသည် မိမိရော,တပည့်စာသင်သားရော,ရပ်ရွာနေ တကာ+တကာမ ရော ကြီးပွားကြောင်း ဖြစ်ပေသည်ဟု သတိပြုသင့်လှ၏" (ကစ္စည်းသုတ်နက်ကျမ်း၊ ဝါ ပရော အသရုပ်-သုတ်)

"ဤသို့သာ အနက်ပေး၊ နိဒ္ဒေသ, နိသျများကဲ့သို့ ကိ စွဲတွေ ပွေလီ ရှုပ်ယှက်ထည့်စွက်၍ မပေးနှင့်၊ စာသင်သား ငယ်တို့ ပင်ပန်းခက်ခဲ၍ ပျက်စီးထွက်ပြေးတတ်သည်၊ သာသနာဖျက် ဖြစ်တတ်သည်၊ .... ဆရာနေရာမကျသည့် အတွက် အဆဲဆဲ အဆိုဆို, အရိုက်ရိုက် အနက်နက် ထွက် ပြေးရုံသာ အကျိုးရှိလေသည်၊ ပျက်စီးသူကိုလည်း တွေ့ဖူး လှလေပြီ၊ ထို့ကြောင့် ကိဟူသမျှကို ဆိုခဲ့သည့်အတိုင်း အနက်ကျဉ်းသာ ပေးရမည်။" (သံသာသွေက ဝစနေသု စ-သုတ်)

## ကစ္စည်းသုတ်နက်ကျမ်း၏ စွမ်းရည်

ဤသို့ဆိုလျှင် ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ကျမ်းသည် လွယ်ကူပေါ့ ပျက် မလေးနက်သောကျမ်းပင် ဖြစ်လေသလော? ဟု တွေးတောဖွယ်ရှိ

ပေးသည်၊ အမှန်မှာ ကစ္စည်းသုတ်နက်ကျမ်းသည် သိပ်သည်းကျစ်လစ်လျက် အလွန်ပင် လေးနက်လှပေသည်၊ လမ်းကောက်, လမ်းမှားကိုပယ်ရှား၍ လမ်းဖြောင့်, လမ်းမှန်ကို ပြညွှန်ရေးသားထားသည်၊ အချို့နေရာ၌ ဝိနိစ္ဆယကျမ်းပမာ အဆုံးအဖြတ်များကိုလည်း ကျယ်ဝန်းစွာ ဖော်ပြထားပေသည်၊ ပုံစံ – နိဂ္ဂဟီတန္တ မကာရန္တအဆုံးအဖြတ်, ပယတ်လေးပါးအဆုံးအဖြတ်, ဥပသာရနိပါတ်တို့နောင် သက်သောဝိဘတ်အဆုံးအဖြတ်, ပရော ပရိသ်ယုက် စက်လှည့်နည်း–စသည်တည်း။

မာဂဓဘာသာ၌ နငယ် ဏကြီးပြန်စည်းမျဉ်းသည် ဒွေဘော်စည်းမျဉ်းကဲ့သို့ပင် ကျယ်ဝန်းလှသည်၊ သဒ္ဒတဘာသာတတ်ကျွမ်းမှ ကောင်းစွာ နားလည်နိုင်ပေသည်။ ယင်းနှင့် စပ်၍ မတွေမဝေ သိမြင်နိုင်အောင်အဆုံးအဖြတ်ပေးပြီးလျှင် သဒ္ဒတဘာသာ မုဒ္ဓဗောဓကျမ်း စာကိုယ်, ဋီကာလာသည့်အတိုင်း ကေပိဒ်လင်္ကာရေး၍ ပုံစံဖြင့် ရှင်းပြတော်မူသည်။

သမာသ် ၆–ပါးတွင် "အညပဒတ္ထသမာသေယေဝ ကမ္မာဒျတ္ထာနံ ဝုတ္တတ္တာသမ္ဘဝတော အယမေဝ ဒဿိတော"ဟူသော သမ္ဗန္ဓစိန္တာနှင့်အညီ ဗဟုဗ္ဗီဟိသမာသ်သည်သာလျှင် ဝါစကတတ်သည်၊ ထိုဗဟုဗ္ဗီဟိသမာသ်၌ သိမှတ်ဖွယ် ရာများစွာရှိရာ ကစ္စည်းသုတ်နက်ကျမ်းက နက်နဲလှသော အဆုံးအဖြတ်ပေါင်းများစွာ ပေးထားသည်ကို တွေ့ရှိနိုင်သည်။

ထို့ကြောင့် ကစ္စည်းသုတ်နက်ကျမ်းကို အရဏ်ရောင်ပမာ ရှေ့ပြေးထွက်ပေါ်လာသော "သာသနာ့အလင်းရောင်ကျမ်း"ဟူ၍ ဤဋီကာနိဂုံး၌ ချီးမွမ်းထောမနာ ပြုထားပေသည်။ အမြွက်မျှပြဆိုအပ်သော ဤစကားရပ်ဖြင့် ဝိသုဒ္ဓါရုံကစ္စည်းသုတ် နက်ကျမ်း၏ ဂုဏ်ရည်စွမ်းပကားကို ပညာရှင်များ ထင်ရှားသိနိုင်လောက်ပေပြီ။

## ကစ္စည်းသုတ်နက်ဋီကာကျမ်း

အရှင်ကစ္စာယနမထေရ်၏ ကစ္စည်းသုတ်စဉ်ကို ဝုတ္တိ, ဥဒါဟရဏ်တို့ဖြင့် ပြည့်စုံအောင် ဖွင့်ပြပြီးဖြစ်သော်လည်း န្យာသ, ရူပသိဒ္ဓိ, ဗာလာဝတာရ-စသောကျမ်းတို့က ထပ်ဆင့်ဖွင့်ပြကြသကဲ့သို့ မဟာဝိသုဒ္ဓါရုံဆရာတော်၏ ကစ္စည်းသုတ်နက်ကျမ်းကိုလည်း ဤဋီကာကျမ်းက ထပ်ဆင့်ဖွင့်ပြရပေသည်။ အကြောင်းကား —

သခေ်ပရစိ(အကျဉ်းကြိုက်)ဖြစ်သော မဟာဝိသုဒ္ဓါရုံဆရာတော်၏ အလိုတော်နှင့် အခြားသဒ္ဒါဆိုင်ရာ အဆုံးအဖြတ်များ ဖော်ပြရန် ကျန်ရှိနေခြင်းပင် ဖြစ်သည်။ ဤတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လိုသော ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်သည် ဝိသုဒ္ဓါရုံပိဋကအဘိဓာန်ကျမ်း, မဟာရူပသိဒ္ဓိနိဿယကျမ်း- စသော ကျမ်းဂန်များ ရေးသားစီရင်ခြင်း, လက်အောက်ငယ်သား တပည့်များအား စာပေပို့ချခြင်း-စသော အခြားဂန္ထပလိဗောဓများအကြားမှပင် ဤဋီကာကျမ်းကို ကြိုးပမ်းစီရင်တော်မူခဲ့သည်။ ရေးသားချိန်ကာလ မည်မျှကြာသည်ဟု အတိအကျ မသိရသော်လည်း ၁၃၀၄-ခုနှစ် နှစ်ဦးကာလတွင် စစ်ကိုင်းတောင်ရိုး ပဲခူးဂူ၌ သီတင်းသုံးတော်မူစဉ် သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာကို ပို့ချယင်း ဤဋီကာကို ဆက်လက်ရေးသားစီရင်ရာ ထိုနှစ်ပြာသိုလပြည့်နေ့၌ ပြီးစီးကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

## ဤကျမ်း၏ ဂုဏ်ရည်များ

ဤဋီကာကျမ်းသည် စာရှုသူ၏လက်ဝယ် ရောက်ရှိနေပြီဖြစ်၍ ဤကျမ်း၏ဂုဏ်ရည်ကို အထူးရေးသား ဖော်ပြရန်လိုမည် မထင်ပေ၊ သို့သော်လည်း နိဒါန်းရေးသားသူအနေဖြင့် မဖော်ပြဘဲ မနေနိုင်အောင် ဖြစ်ရသော အချက်အလက်အချို့ကိုသာ အမြွက်မျှဖော်ပြလိုပါသည်။

(၁) မာဂဓဘာသာ၌ အက္ခရာအရေအတွက်ကို အချို့ဆရာက ၄၀-ဟူ၍လည်းကောင်း၊ အချို့ဆရာတို့က ၄၃-လုံးဟူ၍လည်းကောင်း မိန့်ဆိုတော်မူကြ၍ ကစ္စည်းကျမ်းဆရာကမူ ၄၁-လုံးဟူ၍သာ မိန့်ဆိုတော်မူသည်။ အဖွင့်ဋီကာဆရာတို့က ဆိုင်ရာသံဝဏ္ဏေတဗ္ဗကျမ်းဆရာ၏ အလိုအတိုင်း ထောက်ခံဖွင့်ပြတော်မူကြသည်။ ဤဋီကာကျမ်းဆရာကမူ ဥစ္စာရိတ, လိခိတ အက္ခရာ ၂-မျိုးတွင် ဥစ္စာရိတ လိုရင်းဖြစ်သော်လည်း လိခိတကိုလည်း အလေးထားသင့်ကြောင်းနှင့် မြန်မာဘာသာအသံပြောင်းထုံးကို နှလုံးမူကြရန် ညွှန်ပြတော်မူခြင်းသည် အလွန်အားရဖွယ်ကောင်းပါပေသည်။

(၂) ဒေါ ခဃ စ-သုတ်လာ ဘစ္စော-ပုဒ်ကို ရူပသိဒ္ဓိ, နျာသဆရာတို့၏ ရုပ်စီရင်ခြင်းသည် ဤနေရာ၌ ဘောင်မဝင်ကြောင်း၊ "ကုမာရေန ဘတောတိ ကောမာရဘစ္စော"ဟူသော သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာကို ဖွင့်ဆိုသော ဋီကာ၂-စောင်လည်း အဋ္ဌကထာ၏ အာဘော်မကျသည့် အပြင် ပါဠိပျက်လျက်ရှိကြောင်းနှင့် "ကုမာရေန ဘတောတိ ကုမာရဘတော၊ သော ဧဝ ကောမာရဘစ္စော ယထာ မစ္စု မစ္စော" ဟုကြံမှ ယုတ္တိရ၍ "အတိုင်းထက် အလွန်၊ တံခွန်နှင့် ဘုရား" ဖြစ်၏ဟု မိန့်ဆိုတော်မူခြင်းသည် ကြည်နူးအားရဖွယ်ကောင်းပါပေသည်။

(၃) အာယ စတုတ္ထေကဝစနဿ ဝါ-သုတ်၌ အာယာဒေသနှင့် စပ်လျဉ်း၍ မာဂဓဘာသာ (သာသနာ)၌ စတုတ္ထီဝိဘတ်၏ ဝိသယသာဖြစ်၍ ဆဋ္ဌီဝိဘတ်၏ ဝိသယမဟုတ်သောအရာ သဒ္ဒါအားဖြင့် အနည်းငယ်သာ ရှိ၍ အနက်အားဖြင့်လည်း အနည်းငယ်သာရှိကြောင်းနှင့် ဆဋ္ဌီဝိဘတ်၏ ဝိသယသာဖြစ်၍ စတုတ္ထီဝိဘတ်၏ ဝိသယမဟုတ်သော အရာကား သာသနိကကျမ်း (မာဂဓဘာသာ)၌ အသတ်အမှတ်မရှိ များပြားကြောင်း မိန့်ဆိုပြီးလျှင် ကစ္စည်းဆရာနှင့် မောဂ္ဂလ္လာန်ဆရာတို့ ဝိဘတျတ္ထအယူအဆ ကွဲပြားရာ၌ မှတ်ချက်ပေးထားသည်မှာ အလွန်ချီးကျူးဖွယ်ကောင်းပါပေသည်။

(၄) ဏာဝဏိကဏောယျဏန္တဟိ- သုတ်၌ ဇာတိဝါစက အကာရန္တ ဣတ္ထိလိင်နောင် ဤပစ္စည်းသက်ရာဝယ် သဏ္ဍာသဒ္ဒါကျမ်းကြီးများ (ပါဏိနီယ, မဟာဘာသ (၄၊၁၊၆၃)၊, ကာတန္တြ ကိတ်၊ ၂၂၆၊, မုဒ္ဓဗောဓ၊ ၂၆၃) ၌ လာသည့်အတိုင်း အာကတိဂဏဇာတ်, အသမ္ဘဝလိင်ဂကဇာတ်, စရဏဇာတ်, ဂေါတ္တဇာတ်တို့၏ အဓိပ္ပါယ်ကို ပုံစံနှင့်တကွ ရှင်းပြထားသည်မှာ အံ့ချီးဖွယ်ရာ ဖြစ်ပါပေသည်၊ ယင်းသုတ်၌ အခြားမှတ်သားဖွယ်ရာများမှာလည်း မှတ်မဆုံးအောင် မြားမြောင်လှပေသည်။

(၅) အမေ့ ဥတ္တမော-သုတ်၌ တုမ့, အမှကို စီပစ္စည်း၏အနက်အဘူတတဗ္ဘောဖြင့် ညွှန်ပြသည့်အခါ ဆိုင်ရာ မဇ္ဈိမ, ဥတ္တမပုရိသ်မသက်ရ၊ ပထမ, ဥတ္တမ၊ ပထမ, မဇ္ဈိမပုရိသ်သာသက်ရကြောင်းကို ဖော်ပြပြီးလျှင် နာမသဒ္ဒါကို အဘူတတဗ္ဘောဖြင့် ညွှန်ပြသည့်အရာ၌ကား ပုရိသ်ပြောင်းလဲ၍လည်းကောင်း, မပြောင်းလဲမူ၍လည်းကောင်း သက်နိုင်ကြောင်းကို အထောက်အထား, ပုံစံများနှင့်တကွ ညွှန်ပြထားသည်မှာ အများသူငါ မသိသာသည့် အစ္ဆရိယ, အဗ္ဘုတ ဝိနိစ္ဆယစကားပင်ဖြစ်ပါပေသည်။ ဤကစ္စည်းသုတ်နက်ဋီကာ၏ ဂုဏ်ရည်တို့ကား ပြောပြမပြီး အံ့ချီးမကုန် ဖြစ်ပါပေသည်၊ ပညာရှင်များကိုယ်တိုင် ကြည့်ရှုသုံးသပ်ကာ မှတ်ယူကြရန်သာ ရှိပါတော့သည်။

## ဋီကာကျမ်းပြုဆရာ

ဤဋီကာကျမ်းပြုဆရာကား ရွှေကျင်ဂိုဏ်းကြီးနှင့် မြန်မာပြည်သာသနာတွင် အလံတံခွန်ပမာ ထင်ရှား၍ နိုင်ငံရပ်ခြား တိုင်းတစ်ပါးတိုင်အောင် ကျော်ကြားပြီးဖြစ်သဖြင့် အထူးရေးသားရန်ပင် မလိုပေ။ ကျမ်းပြုအရှင်သည် ရဟန်းဖြစ်စ နဝအရွယ်ကပင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ စာသင်, စာချ နှစ်တန်းလုံး၌ ၁-ဂဏန်းဖြင့် အောင်ပန်းဆင်ခဲ့သည့်အပြင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အထူးအားရ

ကျေနပ်သည့် ဂန္ထဗွက္ကပုဂ္ဂိုလ်မြတ်လည်း ဖြစ်သည်၊ လောက, သာသနာ နှစ်ဖြာကျွမ်းကျင် ဗဟုဿုတကောသလ္လဉာဏ်ရှင်ဖြစ်၍ ရွှေကျင်ဂိုဏ်းကြီး၏ ကိစ္စအဝဝကို ထာဝရဆောင်စွမ်းနိုင်သော ဘာရနိတ္ထာရကဟူ၍လည်း အသိအမှတ်ပြုခံရသည်၊ ပါဠိ, မြန်မာ နှစ်ဘာသာအဖွဲ့ဗန္ဓတို့ကို တစ်ခဏချင်း မချွတ်မယွင်းအောင် ဖွဲ့နွဲ့သီကုံးနိုင်သော ပဋိဘာန်ဉာဏ်ရှင်ဖြစ်၍ ရတုလင်္ကာ ဂါထာဗန္ဓ ဓမ္မကထာမှတ်တမ်းလွှာအစားစား ရေးသားသီကုံးခဲ့သော ပုဂ္ဂိုလ်မြတ်ဖြစ်သည်၊ ဝိသုဒ္ဓါရုံသင်္ဂြိုဟ်နိဿယကျမ်း, မဟာရူပသိဒ္ဓိနိဿယကျမ်း, ဝိသုဒ္ဓါရုံ ပိဋကအဘိဓာန်ကျမ်း, ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ဋီကာကျမ်း-စသည်တို့ကို ရေးသားပြုစုခဲ့သည့် ဂန္ထကာရကပုဂ္ဂိုလ်လည်း ဖြစ်သည်၊ အစိုးရမင်းတို့၏ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ဖြင့် အပူဇော်ခံရ၍ သက်တော် ၅၈-နှစ်တွင် ရွှေကျင်ဂိုဏ်းကြီး၏ အကြီးအချုပ် ဥပဥက္ကဋ္ဌ မဟာနာယက (တွဲဖက် ရွှေကျင်သာသနာပိုင်)အဖြစ်သို့ ရောက်တော်မူသည်၊ ကျမ်းပြုဆရာတော်ဘုရားသည် သက်တော် ၆၂-နှစ် ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ဘ၀နတ်ထံ ပျံလွန်တော်မူသည်။

## ဤကျမ်းစာ ထုတ်ဝေရခြင်း

ဤဋီကာကျမ်းကို ကျမ်းပြုဆရာတော်ဘုရားကိုယ်တိုင် မထုတ်ဝေနိုင်ခဲ့ပေ၊ တပည့်ကြီးများက ထုတ်ဝေရန် အကြံအစည်ရှိခဲ့သော်လည်း အကြောင်းမညီညွတ်ခဲ့ပေ၊ ပါဠိ,သက္ကတ,ဟိန္ဒီ-စသော ဘာသန္တရပညာရှင် ပုဂ္ဂိုလ်မြတ်၏ ကျမ်းဂန်အရပ်ရပ်နှင့် စေ့စပ်သေချာ တိုက်ဆိုင်ရေးသားအပ်သောကျမ်းဖြစ်၍ ကျမ်းပြုဆရာတော် အလိုကျ တည်းဖြတ်ပြင်ဆင်စီစဉ်ရိုက်နှိပ်ရန်လည်း မလွယ်ကူလှပေ၊ "အဘိဓေမဟာရဋ္ဌဂုရု" ပိုက်ကျိုးဆရာတော်ဘုရားကြီးက ဤနိဒါန်းရေးသူအား တည်းဖြတ်ပြင်ဆင် စီစဉ်ရိုက်နှိပ်ရန် တာဝန်ပေးအပ်သော်လည်း တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီး ရေးသားပြုစုရခြင်း-စသော ကိစ္စများက ဟန့်တားနေသဖြင့်

ဤဋီကာကျမ်းကို တည်းဖြတ်ပြင်ဆင်ရန် အခွင့်မရခဲ့ပေ၊ ဤသို့ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်တိုးနေရာ ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ပုညနိမ္မိတာရုံ ရွှေသုဝဏ်ကျောင်းတိုက် ပဓာနနာယက ဘာသန္တရဆေက, နက္ခတ္တဗေဒပညာရှင်, ပိဋကတ္တယဝိဒူ, ဓမ္မာစရိယ မဟာဝိဇ္ဇာဖြစ်တော်မူသော ဆရာတော်အရှင်သဒ္ဓိယက သူကိုယ်တိုင် ကြီးကြပ်ပြင်ဆင် စီစဉ်ရိုက်နှိပ်လိုကြောင်း မိန့်ကြားတော်မူသည်၊ တာဝန်ရှိသူ စည်ရှင်ကျောင်းသား သံဃာများကလည်း ဆရာတော် အရှင်သဒ္ဓိယအား အားရကြည်ဖြူစွာ ဆရာတော်အလိုရှိသလို စီစဉ်ရိုက်နှိပ်ရန် အပ်နှံခဲ့ကြသည်၊ ဆရာတော် အရှင်သဒ္ဓိယသည် တပည့်တပန်းများဖြင့် စွမ်းအားရှိသမျှ ကြိုးပမ်း စီစဉ်ကာ ကွန်ပျူတာစက်ဖြင့် ရိုက်နှိပ်ပေးတော်မူသည်၊ သို့ဖြစ်၍ ဤကစ္စည်းသုတ်နက်ဋီကာကျမ်းထွက် ပေါ်လာရပေသည်။ ထို့ကြောင့် ဆရာတော် အရှင်သဒ္ဓိယအား စည်ရှင်သံဃာများက အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ရပေသည်။

## ထုတ်ဝေသူတို့၏ အာသီသ

ဤသို့ အခက်အခဲအမျိုးမျိုးကြားမှ စွမ်းအားရှိသမျှ တည်းဖြတ်ပြင်ဆင် စီစဉ်ခဲ့ပါသော်လည်း ချွတ်ယွင်းချက်ကား မကင်းနိုင်သေးပါ။ စာရှုသူပညာရှင်များက အမှား, အမှန် ဝေဖန်စိစစ်၍ ကျမ်းပြုဆရာတော်ဘုရား၏ ပြဆိုလိုရင်း အဓိပ္ပါယ်အနှစ်သာရကိုသာ ရယူတော်မူကြပါရန် တိုက်တွန်းပါသည်။

ဤကစ္စည်းသုတ်နက်ဋီကာကျမ်း ထုတ်ဝေကြောင်း ကောင်းမှုပဋိပတ်ဖြင့် ဆရာတော်ဦးသဒ္ဓိယအမှူးရှိသော စည်ရှင်တပည့်သံဃာများက ကျမ်းပြုအသျှင် စည်ရှင်ဆရာတော်ဘုရားအား လေးမြတ်ကော်ရော် ပူဇော်ကြပါသည်။ ဤကစ္စည်းသုတ်နက်ဋီကာကျမ်း၏ အကူအညီဖြင့် စာချ, စာသင် အရှင်မြတ်တို့သည် ပရိယတ္တိဝိသာရဒဂုဏ် လောက်လုံပြည့်ဝ

သာသနာ့အာဇာနည် ဖြစ်တော်မူကြပြီးလျှင် နက်နဲကျယ်ဝန်းသည့် ပိဋက အဏ္ဏဝါတစ်ဖက်ကမ်းသို့ မပန်းလွယ်ကူ ကူးမြောက်တော်မူကြပြီးလျှင် သံသရာဆုံးကမ်း နိဗ္ဗာန်နန်း၌ စံမြန်းခိုလှုံနိုင်ကြပါစေသတည်း။


အရှင်အဂ္ဂဉာဏာဘိဝံသ<br>
စည်ရှင်နာယကဆရာတော်<br>
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်<br>
မဟာအောင်မြေမြို့နယ်၊ မန္တလေး<br>

၁၃၆၆- ခုနှစ် ဒုတိယဝါဆိုလဆန်း (၁၀)ရက် (၂၆-၄-၂၀၀၄)

# ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနိဿယ
# နိဒါန်း

ဗုဒ္ဓသာသနာ၊ လူ့ပြည်မှာ၊ အဘယ်မျှကြာအောင် တည်မည်နည်း?

ဤပြဿနာကား သာသနာနှစ် လေးရာကျော် စတုတ္ထသင်္ဂါယနာ မတင်မီ အချိန်ကပင် ပေါ်ပေါက်ခဲ့သောပြဿနာဖြစ်သည်။ သီရိလင်္ကာ (သီဟိုဠ်ကျွန်း)၌ စဏ္ဍာလတိဿမည်သော ဒွန်းစဏ္ဍား သူပုန်းစားဘေးကြီး ဖြစ်ပေါ်လာသောအခါ တိုင်းသားပြည်သူတို့ ငတ်မွတ်ဆင်းရဲကြသည်။ ရဟန်းတော်များသည် ပိဋကသုံးပုံကျမ်းစာတို့ကို နှုတ်ငုံဆောင်ကာ ထိန်းသိမ်းစောင့်ရှောက်တော်မူကြသည်။ ထိုဘေးကြီးဖြစ်ပေါ်ရာ ၁၂-နှစ်တာ ကာလပတ်လုံး ဘောဇဉ်အာဟာရ ကောင်းစွာမရကြဘဲ ဆင်းရဲငြိုငြင်စွာ ပိဋကတော်များကို မမေ့မပျောက်အောင် နှလုံးသွင်း ပြန်ဆိုတော်မူကြရသည်။ ဘေးကြီးငြိမ်း၍ ရဟန်းတော်များ ပြန်လည်စုဝေးမိကြသောအခါ သာသနာကွယ်ပျောက်မည့်အရေးကို ကြံတွေးတော်မူကြပြီးလျှင် "သာသနာ သုံးရပ်တွင် ပရိယတ္တိသည် မူရင်းလော? သို့မဟုတ် ပဋိပတ္တိသည် မူရင်းလော? သာသနာမကွယ်မပျောက်အောင် အဘယ်သို့ စောင့်ရှောက်ကြမည်နည်း" ဟု ပြဿနာတင်ကာ ဆွေးနွေးသုံးသပ်တော်မူကြသည်။

ပံ့သုကူစုတင်ဆောင် မထေရ်မြတ်တို့က ပဋိပတ္တိသည် အရင်းမူလ ဖြစ်ကြောင်း တင်ပြကြ၍ စာချဓမ္မကထိကမထေရ်မြတ်တို့က ပရိယတ္တိသည် အရင်းမူလဖြစ်ကြောင်း တင်ပြကြသည်။ ဤအဆိုနှစ်ရပ်တွင် ယုတ္တိ,

အာဂုံအထောက်အထားများအရ "ပရိယတ္တိသည်သာ အရင်းမူလ ဖြစ်သည်"ဟု အများသဘောတူ အတည်ပြုဆုံးဖြတ်တော်မူကြသည်။[၁]

ဤဆုံးဖြတ်ချက်အရ ပရိယတ္တိကွယ်ပျောက်လျှင် သာသနာသုံးရပ်လုံး ကွယ်ပျောက်၍ ပရိယတ္တိတည်ရှိနေသမျှ သာသနာသုံးရပ်လုံး တည်ရှိနိုင်ကြောင်း သိရပေသည်။ အချိန်ကာလ မည်မျှကြာအောင် ဤလူ့ပြည်လောက၌ သာသနာတည်နိုင်သည်ကိုမူ မသိရပေ။

မြတ်စွာဘုရားက အမျိုးသမီးများ ရှင်ရဟန်းအဖြစ်ဖြင့် သာသနာ့ဘောင် မဝင်လျှင် အနှစ်တစ်ထောင်ကြာအောင် သာသနာတည်ရှိနိုင်၍၊ အမျိုးသမီးများ သာသနာ့ဘောင်ဝင်လျှင် အနှစ်ငါးရာမျှသာ တည်နိုင်ကြောင်း၊ သို့ရာတွင် ဂရုဓမ္မ ၈-ပါးတည်းဟူသော ကန်ရိုးကန်ဘောင်ကြီးကို ကောင်းစွာ ဖွဲ့စည်းတည်ထားပြီးဖြစ်၍ အနှစ်တစ်ထောင် ကြာအောင်ပင် သာသနာတည်ရှိနိုင်ကြောင်း မိန့်ကြားတော်မူသည်။[၂]

အဆိုပါ ဝိနည်းစူဠဝဂ္ဂပါဠိတော်,အင်္ဂုတ္တရ အဋ္ဌကနိပါတ်ပါဠိတော်လာ စကားကို အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၄။၁၂၇။အံ၊ဋ္ဌ၊၃။၂၃၈။)တို့က ဤသို့ ရှင်းလင်းဖွင့်ဆိုတော်မူကြသည်။

> "ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ"ဟူသော စကားကို ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ်၏ အစွမ်းဖြင့် ဟောတော်မူခြင်း ဖြစ်သည်။ ထိုအနှစ်တစ်ထောင်မှ နောက်၌လည်း သုက္ခဝိပဿကရဟန္တာခေတ် အနှစ်တစ်ထောင်, အနာဂါမိခေတ် အနှစ်တစ်ထောင်, သကဒါဂါမိခေတ် အနှစ်တစ်ထောင်, သောတာပန်ခေတ် အနှစ်တစ်ထောင်၊ ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာသည် အနှစ်ငါးထောင် ကာလကြာအောင် တည်နိုင်သည်၊ အလားတူပင် အနှစ်ငါးထောင်

---

၁။ အံ၊ဋ္ဌ၊၁။၇၁-၂။ သာရတ္ထ၊၃။၉၁-၂။ ၂။ ဝိ၊၄။၄၄၆-၇။ အံ၊၃။၁၀၅-၆။

ကာလကြာအောင် သာသနာတည်နိုင်ကြောင်း အခြား အဋ္ဌကထာ (ဒီ၊ဋ္ဌ၊၃။၈၃။ သံ၊ဋ္ဌ၊၂။၁၈၇။ အံ၊ဋ္ဌ၊၁။၆၇။) တို့၌ မိန့်ဆိုတော်မူကြသည်။

ဖော်ပြပြီး အဋ္ဌကထာတို့၏ အဆိုများကို စုပေါင်းသုံးသပ်ကာ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးက ဤသို့ ဝေဖန်ရေးသားတော်မူသည်။

ဤ "ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ"ဟူသော ပါဠိဖြင့်ပင်လျှင် အနှစ်တစ်ထောင် လွန်သောအခါ၌ မြတ်စွာဘုရား လက်ထက်တော်က အတိုင်း မတည်နိုင်ပြီ၊ တဖြည်းဖြည်း ဆုတ်ယုတ်၍သွားတော့မည်ဟူသော အနက်ကိုလည်း သိအပ်၏။ ထိုတွင် အနှစ်တစ်ထောင်အတွင်း၌ မြတ်စွာ ဘုရား လက်ထက်တော်ကအတိုင်းတည်ပုံကား မြတ်စွာဘုရား လက်ထက် တော်၌ ရဟန်းသံဃာတော်သည်-

(၁) ပဋိသမ္ဘိဒါပတ္တရဟန်းသံဃာမျိုး တစ်တန်း၊
(၂) ဆဠဘိညရဟန်းသံဃာမျိုး တစ်တန်း၊
(၃) တေဝိဇ္ဇရဟန်းသံဃာမျိုး တစ်တန်း၊
(၄) သုက္ခဝိပဿကရဟန်းသံဃာမျိုး တစ်တန်း
(၅) အနာဂါမ်, သကဒါဂါမ်, သောတာပန်-စသော သေက္ခရဟန်း သံဃာမျိုး တစ်တန်း

ဟူ၍ ငါးတန်းရှိ၏။

ထိုငါးတန်းတို့တွင် သာသနာတော် အနှစ်တစ်ထောင်တိုင်အောင် တစ်စုံတစ်ခုသောအတန်းမျှ ယုတ်လျော့သည်ဟူ၍ မရှိသေး၊ ငါးတန်းလုံး ပင် တည်ရှိသေး၏။ .... ဤသို့ အနှစ်တစ်ထောင် ကျော်လွန်သွားသောအခါ သာသနာတော် အစဉ်အတိုင်း ဆုတ်ယုတ်၍သွားသည်ကို သိအပ်၏။[၁]

---

၁။ သာသနဝိသောဓနီကျမ်း၊ ပထမတွဲ၊ စာမျက်နှာ-၅၁-၂။

ပြခဲ့ပြီးသော စကားရပ်တို့ဖြင့် ပဋိသမ္ဘိဒါပတ္တရဟန္တာသည် မြတ်စွာဘုရားသာသနာတော်၌ ဂုဏ်သိက္ခာ အကြီးမြတ်ဆုံးဖြစ်ကြောင်း သာသနာနှစ် တစ်ထောင်အတွင်းမှာသာ ပေါ်ပေါက်နိုင်ကြောင်း သိရှိပေသည်။ ဤ၌ ပဋိသမ္ဘိဒါပတ္တရဟန္တာဟူသည် ပဋိသမ္ဘိဒါဉာဏ် ၄-ပါးကို ရရှိသော ရဟန္တာဖြစ်သည်။ ပဋိသမ္ဘိဒါဉာဏ် ၄-ပါးတို့ကား —

(၁) အတ္ထပဋိသမ္ဘိဒါဉာဏ် = အကြောင်းကြောင့်ဖြစ်သည့် တစ်စုံတစ်ခုသော အကျိုး, နိဗ္ဗာန်, ပါဠိတော်၏အနက်, ဝိပါက်, ကြိယာ၊ ဤ ၅-ပါးတို့ကို ခွဲခြမ်းစိတ်ဖြာ သိစွမ်းနိုင်သောဉာဏ်၊

(၂) ဓမ္မပဋိသမ္ဘိဒါဉာဏ် = အကျိုးကိုဖြစ်စေတတ်သော တစ်စုံတစ်ခုသော အကြောင်း, အရိယမဂ်, ပါဠိတော်, ကုသိုလ်, အကုသိုလ်၊ ဤ ၅-ပါးတို့ကို ခွဲခြမ်းစိတ်ဖြာ သိစွမ်းနိုင်သောဉာဏ်၊

(၃) နိရုတ္တိပဋိသမ္ဘိဒါဉာဏ် = သဘာဝနိရုတ္တိ ပါဠိမာဂဓဘာသာကို ခွဲခြမ်းစိတ်ဖြာ သိစွမ်းနိုင်သောဉာဏ်၊

(၄) ပဋိဘာနပဋိသမ္ဘိဒါဉာဏ် = ဆိုခဲ့ပြီးသော ဉာဏ်အပြားကို ကောင်းစွာမှတ်သားခြင်း, ထင်စွာပြုခြင်း, ပိုင်းခြားခြင်းကို ပြုစွမ်းနိုင်သောဉာဏ်၊

ဤသည်တို့ပင် ဖြစ်သည်။ ထိုပဋိသမ္ဘိဒါဉာဏ် ၄-ပါးကို မြတ်စွာဘုရားကိုယ်တော်တိုင် အဘိဓမ္မာဝိဘင်းပါဠိတော် ၁၅-ခုမြောက် ပဋိသမ္ဘိဒါဝိဘင်း၌ အကျယ်ဝေဖန် ဟောပြတော်မူသည်။

## ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်

ပဋိသမ္ဘိဒါဉာဏ် ၄-ပါးရရှိခြင်း၏ အကြောင်းကို "ပဋိသမ္ဘိဒါမဂ္ဂ"ဟု ခေါ်သည်၊ အထူးထူးအပြားပြားအားဖြင့် ဟောကြားအပ်သော တရား

ဒေသနာသည် ပဋိသမ္ဘိဒါဉာဏ်ကို ဆောင်နိုင် ဖြစ်စေနိုင်သည်။ မှန်၏၊ အထူးထူးအပြားပြား ကွဲပြားနေသောတရားတို့ကို အထူးထူးအပြားပြား ကွဲပြားအောင် ဟောကြားအပ်သော တရားဒေသနာသည် နာကြားသူ အရိယာပုဂ္ဂိုလ်တို့၏သန္တာန်၌ ပဋိသမ္ဘိဒါဉာဏ်အပြားကို ဖြစ်စေ၍ ပုထုဇဉ် ပုဂ္ဂိုလ်တို့အတွက် နောင်အခါ ပဋိသမ္ဘိဒါဉာဏ်ရခြင်း၏အကြောင်း ဖြစ်သည်။

ဤပဋိသမ္ဘိဒါကျမ်း၌ ဉာဏ်ပညာတို့ကို သုတမယဉာဏ်မှစ၍ သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်တိုင်အောင် ၇၃-ပါးအထိ ခွဲခြမ်း ဟောပြထားသည်။ ထို့ပြင် ပဋိသမ္ဘိဒါဉာဏ်ရခြင်း၏အကြောင်းကို အဓိဂမ, ပရိယတ္တိ, ဓမ္မဿဝန, ပရိပုစ္ဆာ, ပုဗ္ဗယောဂဟူ၍ ၅-ပါးရှိကြောင်း၊ တစ်နည်း- ပုဗ္ဗယောဂ, ဗာဟုသစ္စ, ဒေသဘာသာ, အာဂမ, ပရိပုစ္ဆာ, အဓိဂမ, ဂရုသန္နိဿယ, မိတ္တသမ္ပတ္တိဟူ၍ ၈-ပါးရှိကြောင်း ရှေးဆရာတို့ မိန့်ဆိုတော်မူကြသည်။

မည်သို့ပင်ဖြစ်စေ ဤကျမ်းသည် အထူးထူးအပြားပြား ကွဲပြားသည့် နက်နဲခက်ခဲသော အနက်အဓိပ္ပါယ်တို့ကို ဟောကြားပြဆိုရာဖြစ်၍ ပဋိသမ္ဘိဒါဉာဏ် ၄-ပါးရရှိခြင်း အကြောင်းဖြစ်သည်။ ထို့ကြောင့် ဤကျမ်း ကို ပဋိသမ္ဘိဒါမဂ်ကျမ်းဟု ခေါ်ဆိုရကြောင်း ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (၁။ ၇)၌-

> "ဣမာသံ စတဿန္နံ ပဋိသမ္ဘိဒါနံ မဂ္ဂေါတိ ပဋိသမ္ဘိဒါ-
> မဂ္ဂေါ၊ ပဋိသမ္ဘိဒါမဂ္ဂေါ ဧဝ ပကရဏံ ပဋိသမ္ဘိဒါမဂ္ဂပကရဏံ၊
> ပကာရေန ကရီယန္တေ ဝုစ္စန္တေ ဧတ္ထ နာနာဘေဒဘိန္နာ
> ဂမ္ဘီရာ အတ္ထာ ဣတိ ပကရဏံ"

ဟူ၍ မိန့်ဆိုတော်မူသည်။

## ပဋိသမ္ဘိဒါမဂ်ကျမ်း ဟောကြားသူနှင့် နာယူသူ

ပဋိသမ္ဘိဒါမဂ်ကျမ်းသည် ပိဋကသုံးပုံတွင် သုတ္တန်ပိဋကဌ် ပါဝင်၍ နိကာယ် ၅-ရပ်တွင် ခုဒ္ဒကနိကာယ်၌ ပါဝင်သည်။ ခုဒ္ဒကနိကာယ်ဝင်ကျမ်းတို့ကို အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၁၊၁၄။ဒီ၊ဋ္ဌ၊၁၊၁၇။အဘိ၊ဋ္ဌ၊၁၊၁၉။)တို့၌ ၁၅-ကျမ်းရှိကြောင်း မိန့်ဆိုတော်မူကြသည်။ ထိုတွင် ပဋိသမ္ဘိဒါမဂ်ကျမ်းသည် ၁၂-ခုမြောက် ကျမ်းဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာကျမ်းစာအုပ် အစဉ်အားဖြင့် ၉-ခုမြောက် ကျမ်းဖြစ်သည်။ ဤပဋိသမ္ဘိဒါမဂ်ကျမ်းကို ပညာတေဒဂ်ရ ဓမ္မသေနာပတိ အရှင်သာရိပုတြာက ဟောကြားပြသ၍ တေဒဂ် ၅-တန် ဘွဲ့ထူးခံရသည့် ဓမ္မဘဏ္ဍာဂါရိက အရှင်အာနန္ဒာက နာကြားသင်ယူသည်။ ဤပဋိသမ္ဘိဒါမဂ်ကျမ်းသည် ဓမ္မကထိကနာရာပေါင်းများစွာ၏ တည်ရာဖြစ်၍ သဒ္ဒ, အတ္ထနှင့် ပြည့်စုံသည့်အပြင် အလွန်နက်နဲ ခက်ခဲသော အနက်အဓိပ္ပါယ်လည်း ပါရှိနေပေသည်။

## ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကျမ်း

ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကျမ်းသည် သုညတဓာတ်နှင့် စပ်သည့် လောကုတ္တရာဂုဏ်ကျေးဇူးတို့ကို ဖော်ပြ၍ ပဋိပတ္တိအကျိုးထူးကို ပြီးစေနိုင်သော ကျမ်းဖြစ်သည့်အပြင် ယောဂီပုဂ္ဂိုလ်တို့၏ ကျက်စားရာ ဓမ္မကထိကပုဂ္ဂိုလ်တို့၏ ဒေသနာဉာဏ် ကွန့်မြူးစမွယ်ခြင်း၏ အကြောင်း၊ သံသရာဘေးကို ကြောက်ရွံ့သူတို့၏ ဝဋ်ဒုက္ခမှ ထွက်မြောက်ရာ ကျမ်းမြတ်တစ်ဆူဖြစ်တော်မူသည်။ ဤသို့သော ဂုဏ်ထူးနှင့်ပြည့်စုံသည့် အလွန်ခက်ခဲနက်နဲသော ပဋိသမ္ဘိဒါမဂ်ကျမ်းကို သာမန်ပိဋကတ်တတ်ကျွမ်းရုံမျှဖြင့် ဖွင့်ဆိုရေးသားခြင်းငှာ စွမ်းနိုင်မည် မဟုတ်ပေ။ အဋ္ဌကထာသစ်ကျမ်းပြုဆရာ အရှင်မဟာဗုဒ္ဓဃောသ၊ အဋ္ဌကထာ, ဋီကာကျမ်းပြုဆရာ အရှင်မဟာဓမ္မပါလကဲ့သို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များသာ စွမ်းနိုင်ရာသည်။

ဤသို့သောအခက်အခဲကို ဖျက်ခွဲဖြေရှင်းလိုသော သီရိလင်္ကာနိုင်ငံ အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်နေ အရှင်မဟာနာမသည် သဒ္ဓမ္မ-ပကာသိနီအဋ္ဌကထာကျမ်းဟူသောအမည်ဖြင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၏ အဖွင့်ကျမ်းကို ရေးသားစီရင်တော်မူသည်။ ကျမ်းပြီးကာလကို သီဟိုဠ် မောဂ္ဂလ္လာနမင်း နတ်ရွာစံပြီးနောက် သုံးနှစ်မြောက်၌ ပြီးစီးကြောင်း နိဂုံးတွင် ဖော်ပြထားလေသည်။ အရှင်မဟာနာမသည် ဤကျမ်းကို ရေးသားရာ၌ ရှေးဆရာတို့၏ အဆိုအမိန့်များကို မှီငြမ်းကိုးကား၍လည်းကောင်း, ရံဖန်ရံခါ ဝေဖန်စိစစ်၍လည်းကောင်း ရေးသားတော်မူသည်။

## ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိဿယကျမ်း

နိကာယ်ငါးရပ် ပိဋကတ်ကျမ်းစာတို့ကို သင်ယူလေ့လာရာ ၌ မိမိဆိုင်ရာ ဘာသာစကားဖြင့် ပြန်ဆိုထားသည့် ဘာသာပြန်, နိဿယကျမ်းများ၏ အကူအညီကိုလည်း ရယူသင့်ပေသည်။ နိဿယ, မြန်မာပြန်ကျမ်းများမှာ ပုဂံခေတ်မှစ၍ အခါကာလအားလျော်စွာ ပေါ်ထွက်လာခဲ့ကြပေသည်။ ဆဋ္ဌသင်္ဂါယနာခေတ်၌လည်း တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုဌာန, မြန်မာပြန်ဌာန, နိဿယကျမ်းပြုဌာနဟု ဌာနအသီးသီး ဖွင့်လှစ်၍ စီမံကိန်းများချကာ ရေးသားပြုစုလာခဲ့ကြပေသည်။

ယခုအခါ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နိဿယကျမ်းနှင့် မြန်မာပြန်ကျမ်းများကို ဆဋ္ဌသင်္ဂါယနာ ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာနမှ ပုံနှိပ် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၏ နိဿယကျမ်းကိုမူ ထုတ်ဝေနိုင်ခြင်း မရှိသေးပေ။ ရှေးဆရာတော်များ ရေးသားစီရင်ထားသည့် ပေမူနိဿယကျမ်းများ ရှိကြောင်းကိုမူ ပိဋကတ်တော်သမိုင်းကျမ်းများအရ သိရှိရပေသည်။ သို့သော်လည်း တွေ့ရှိရန် ခဲယဉ်းသကဲ့သို့ ကြည့်ရှုလေ့လာရန်လည်း ခဲယဉ်းလှပေသည်။

ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာပွဲကြီးအပြီးတွင် အဘိဓဇမဟာရဋ္ဌဂုရု မန္တလေး မြို့ မစိုးရိမ်ဆရာတော်ဘုရားကြီးက ဆဋ္ဌသင်္ဂါယနာတွင် ပါဝင်တော်မူကြသော မထေရ်မြတ်တို့အား နိကာယ်တစ်စောင်ဖြစ်စေ, အများဖြစ်စေ, အားလုံးကိုဖြစ်စေ အသီးအသီး တာဝန်ယူ၍ မပြတ်ပို့ချတော်မူကြရန် နှိုးဆော်တိုက်တွန်းတော်မူခဲ့သည်။

ထိုအခါ အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂါယနာပုစ္ဆက ဖြစ်တော်မူသော မဟာစည်ဆရာတော်ဘုရားသည် ကမ္မဋ္ဌာန်းနှင့် စပ်ဆိုင်သော (၁) ဝိသုဒ္ဓိမဂ်နှင့် မဟာဋီကာ၊ (၂) ပဋိသမ္ဘိဒါမဂ်နှင့် ၎င်းအဋ္ဌကထာ၊ (၃) မိလိန္ဒပဉှပါဠိတော်ဟူသော ကျမ်းတို့ကို တာဝန်ယူပို့ချရန် ဝန်ခံကတိပြုတော်မူခဲ့သည်။ ယင်းဝန်ခံချက်အတိုင်း သာသနာ့ရိပ်သာအတွင်း၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့် ၎င်းမဟာဋီကာတို့ကို ပို့ချတော်မူ၍ ဝိသုဒ္ဓိမဂ်မြန်မာပြန်နှင့် မဟာဋီကာနိဿယကျမ်းတို့ကို ရေးသားပြုစု ထုတ်ဝေတော်မူခဲ့ပေသည်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနှင့် မိလိန္ဒပဉှပါဠိတော်တို့၏ နိဿယ, မြန်မာပြန် ကျမ်းများ ရေးသားထုတ်ဝေမှုကို မတွေ့ရပေ။

အထူးအားဖြင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနိဿယကျမ်းထွက်ပေါ်ရန် လိုအပ်လှပေသည်။ ပါဠိတက္ကသိုလ်ခေတ်က ပဋိသမ္ဘိဒါမဂ်ကျမ်းကို ဓမ္မာစရိယဂုဏ်ထူးတန်းတွင် ပြဋ္ဌာန်းခဲ့ကြသည်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ နိဿယကျမ်းကား ပေါ်ထွက်လာခြင်း မရှိခဲ့ပေ။ ဤသည်ကား မြန်မာပြည် ဗုဒ္ဓဘာသာ ပါဠိစာပေလောက၌ အထူးလိုအပ်ချက်တစ်ရပ်ပင် ဖြစ်ပေသည်။

## လိုအပ်ချက်ကို ဖြည့်စွက်ခြင်း

ဤလိုအပ်ချက်ကို ကောင်းစွာ ဆင်ခြင်မိသော ရေနံချောင်းမြို့ ရွှေတောင် ပါဠိတက္ကသိုလ်ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ တေဇနိယအရှင်မြတ်သည် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိဿယကျမ်း ပေါ်

ထွက်ရေးအတွက် ကြိုးပမ်းအားထုတ်တော်မူသည်။ ဆရာတော်သည် ရှေးဆရာတော်ကြီးများ၏ ပေမူနိသျကျမ်းတို့ကို ကြိုးပမ်းရှာဖွေပြီးလျှင် ထိုနိသျယကျမ်းတို့ကို အခြေခံပြုလျက် မိမိ၏ စွမ်းဆောင်ချက်ဖြင့် အကောင်းဆုံးဖြစ်အောင် မွမ်းမံပြင်ဆင်ကာ စီစဉ်ရေးသားတော်မူသည်။ ဆရာတော်၏ ကိုယ်အား, ဉာဏ်အား စွမ်းပကားကြောင့် ထွက်ပေါ်လာသော ပဋ္ဌာန်သမ္ဘိဒါမဂ်အဋ္ဌကထာနိသျယကျမ်းသည် ကမ္ဘာဦးအခါ နေရောင်ခြည် ပျောက်၍ အလင်းရောင်ကို တောင့်တနေကြသော လူသားတို့အတွက် ရောင်ခြည်ပဝင်းသည့် လမင်းစန္ဒာ ထွက်ပေါ်လာသကဲ့သို့ ဗုဒ္ဓဘာသာဝင် လူ ရှင် ရဟန်းတို့အတွက် အလွန်နှစ်သက်ဖွယ်ရာ ထွက်ပေါ်လာသော အနဂ္ဃရတနာ ကျမ်းစာတစ်ဆူ ဖြစ်ပါပေသည်။

## နိသျယကျမ်းနှင့်ကျမ်းပြုဆရာ

ဆရာတော် ဘဒ္ဒန္တတေဇနိယ၏ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိသျယ ကျမ်းကို စာမူကြမ်းအဖြစ်ဖြင့်သာ ဤနိဒါန်းရေးသူ တွေ့မြင်ဖူးပါသည်။ စာမူကို သေချာစွာ ကြည့်ရှုလေ့လာရခြင်း မရှိပါ။ သို့သော်လည်း အဆိုပါ နိသျယကျမ်းသည် အဖက်ဖက်မှ ပြည့်ဝစုံလင်၍ ဂုဏ်တင်ထိုက်သော ကျမ်း ကောန်ဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျမ်းပြုဆရာတော် ဘဒ္ဒန္တတေဇနိယသည် ပညာရှင်များ ပေါက်ဖွားပေါ် ထွန်းရာ ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အခြေခံ တန်းမှစ၍ ဓမ္မာစရိယတန်းကို အောင်မြင်သည်အထိ ဆည်းပူးလေ့လာ သင်ယူခဲ့သည့်အပြင် မန္တလေးမြို့ရှိ စာချအကျော် ဆရာတော်တို့အထံ၌ လည်း စာချနည်း, ကျမ်းပြုနည်းတို့ကို လေ့လာဆည်းပူးတော်မူခဲ့သည်။ ထို့ကြောင့် ဆရာတော်သည် သာသနဓဇသိရီပဝရဓမ္မာစရိယနှင့် ဝိနယ- ပါဠိပါရဂူဘွဲ့တို့ကို အလွယ်တကူ ဆွတ်ခူးရရှိတော်မူခဲ့သည်။

ဆရာတော် ဘဒ္ဒန္တတေဇနိယသည် သာသနာရေး ကိစ္စအဝဝတို့ကို လည်း ဆောင်ရွက်တော်မူခဲ့သည်။ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့စည်းများ ပေါ်ပေါက်လာသောအခါ ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်ဖြင့် ပါဝင်ကာ ဝိနိစ္ဆယလုပ်ငန်း, ပညာရေးလုပ်ငန်းတို့ကို စွမ်းစွမ်းတမံ ထမ်းဆောင်တော်မူခဲ့သည်။ ၁၃၅၂-နှစ်မှစ၍ ဖွဲ့စည်းအပ်သော ပညာရေးဗဟိုအဖွဲ့တွင် ဒုတိယဉက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ ဒုတိယ, တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ နိုင်ငံတော် သံဃဝိနိစ္ဆယ ဝိနည်းဓိုရ်အဖြစ်ဖြင့်လည်းကောင်း၊ ပါဠိတက္ကသိုလ်ခေတ်တွင် ရွှေတောင် ပါဠိတက္ကသိုလ်ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်တော်မူခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (န.ဝ.တ)အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တို့ကို ဆရာတော်အား ဆက်ကပ်လှူဒါန်းလေသည်။

## အာသီသ

ရှေးအခါက ကျမ်းအိပ်စာရင်းတွင် ပါဝင်၍ ပို့ချသင်ယူမှု နည်းပါးခဲ့သော ပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာကျမ်းသည် ယခုအခါ နိုင်ငံတော် အစိုးမင်းတို့က ဓမ္မာစရိယဂုဏ်ထူးတန်း ကျမ်းစာအဖြစ် ပြဋ္ဌာန်းပေးခြင်း ဆရာတော်ဘဒ္ဒန္တတေဇနိယ၏ နိဿယကျမ်း ထွက်ပေါ်လာခြင်းတို့ကြောင့် တိမ်တိုက်အတွင်းမှ ထွက်ပေါ်လာသော လမင်းစန္ဒာကဲ့သို့ ဂုဏ်ရောင်တင့်ရွှန်းပေါ်ထွန်း၍ လာခဲ့ပေပြီ။ ဤပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာနိဿယကျမ်း၏ အကူအညီဖြင့် ပရိယတ်, ပဋိပတ်ဆိုင်ရာ အခက်အခဲတို့ကို ဖျက်ခွဲဖြေရှင်းနိုင်ကြပြီးလျှင် သံသရာဆုံးကမ်း နိဗ္ဗာန်နန်းကို စံမြန်းခိုလှုံနိုင်ကြပါစေသတည်း။

အရှင်အဂ္ဂဉာနာဘိဝံသ

၁၃၆၂-ခုနှစ် သီတင်းလပြည့်ကျော် ၂-ရက် စည်ရှင်နာယကဆရာတော်

(၁၄-၁၀-၂၀၀၀) စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

မဟာအောင်မြေ၊ မန္တလေး

# သဒ္ဒတ္ထဘေဒစိန္တာပကာသနီကျမ်း
# နိဒါနကထာ

## သဒ္ဒါကျမ်းများ သမိုင်းအကျဉ်းချုပ်

သာသနာတော်၌ မာဂဓသဒ္ဒါကျမ်းများစွာ ရှိခဲ့ရာ အရှင်ဗောဓိသတ္တ စီရင်သောသဒ္ဒါကျမ်းနှင့် အရှင်သဗ္ဗဂုဏာကရ စီရင်သောသဒ္ဒါကျမ်း ၂-စောင်တို့သည် စောစောပိုင်းက ကွယ်ပျောက်ခဲ့ကြကုန်၏။

တေဒဂ်ရ မဟာကစ္စာယနမထေရ်မြတ် ဟောတော်မူအပ်သော "နိရုတ္တိပိဋက"မည်သော မဟာနိရုတ္တိကျမ်း၊ ယမကမထေရ်မြတ် စီရင်အပ်သော စူဠနိရုတ္တိကျမ်းတို့သည် သဒ္ဒနီတိဆရာများလက်ထက်တိုင်အောင် တည်ရှိကြသေးဟန်တူသော်လည်း ယခုအခါ ထိုကျမ်းတို့ကို မတွေ့မြင်အပ်ကုန်။ ထိုကျမ်းတို့သည် ရူပသိဒ္ဓက္ကမမျှကိုသာ အကျဉ်းပြသော သဒ္ဒါကျမ်းတို့ ဖြစ်လေရာ ထိုကျမ်းများလည်း သာသနာတော်နှစ် (၁၈၀၀)ခန့် ပုဂံခေတ်နောက်ပိုင်းလောက်က ကွယ်ပျောက်ခဲ့ကြကုန်ပြီ။

ယခုအခါ မာဂဓသဒ္ဒါကျမ်းသည် "သဒ္ဒါကြီး"ခေါ် ကစ္စည်းကျမ်း၊ မောဂ္ဂလ္လာနဗျာကရဏ(မောဂ္ဂလ္လာန်)ကျမ်း၊ သဒ္ဒနီတိ(၃)ကျမ်း၊ သဒ္ဒသင်္ဂဟကျမ်းဟု လေးမျိုး ထင်ရှားရှိ၏။

ထိုတွင် ကစ္စည်းသဒ္ဒါကြီးကို ဘုရားလက်ထက် တေဒဂ်ရ အရှင်မဟာကစ္စာယနမထေရ် ရေးသားစီရင်ခဲ့သည်ဟု ရှေးဆရာတို့ ယူတော်မူခဲ့ကြ၏။

ချာသ, ရူပသိဒ္ဓိဋီကာ–စသည်တွင်သာမက အမည်မသိ မထေရ်တစ်ပါး ရေးသားအပ်သော အပဒါန်အဋ္ဌကထာတွင်လည်း တေဒင်္ဂ အရှင်မဟာကစ္စည်းဆရာ စီရင်ခဲ့ကြောင်း မိန့်ဆိုခဲ့လေသည်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်သည် သာသနာတော်နှစ် (၁၆၉၆) ခုနှစ်တွင် သီဟိုဠ်ရှင်ဘုရင် မဟာပရက္ကမဗာဟုမင်းလက်ထက် သီရိလင်္ကာနိုင်ငံ အနုရာဓမြို့ ထူပါရာမကျောင်းတိုက်၌နေစဉ် စန္ဒ–ဗျာကရဏ်းကျမ်းမှ မာဂဓီဘာသာနှင့်လျော်သော များစွာသော သုတ်, ဝုတ္တိ, ပဉ္စိကာတို့ကို ယူ၍ မောဂ္ဂလ္လာန်ကျမ်း၌ လျော်ရာလျော်ရာ ထည့်သွင်းပြီးလျှင် သုတ်, ဝုတ္တိ, ပဉ္စိကာတို့ကို စီရင်တော်မူအပ်သည်။

တစ်ဖန် ပုလတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်သို့ ရောက်သောအခါ ဂါထာပေါင်း (၁၂၀၃) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော အဘိဓာန–ပ္ပဒီပိကာကျမ်းကို စီရင်ရေးသားတော်မူပြန်သည်။

သာသနာတော်နှစ် (၁၆၉၇)ခု၊ ကောဇာသက္ကရာဇ် (၅၁၅)ခုနှစ်သို့ ရောက်သောအခါ အရိမဒ္ဒန(ပုဂံ)ပြည်၌ အရှင်အဂ္ဂဝံသမည်သော မထေရ်ကျော်သည် သုတ္တမာလာ, ပဒမာလာ, ဓာတုမာလာတို့ဖြင့် တန်ဆာဆင်အပ်သော သဒ္ဒနီတိကျမ်းကြီးကို ပြုစီရင်၍ သာသနာနှင့် မလျော်သော သက္ကတသဒ္ဒါများကိုလည်းကောင်း၊ သက္ကတပုဒ်များကိုလည်းကောင်း ပါဠိတော်, အဋ္ဌကထာ, ဋီကာနည်းများဖြင့် အပြီးသတ်ပယ်၍ အကျယ်တဝင့် အပြတ်ရှင်းခဲ့လေသည်။

သဒ္ဒသင်္ဂဟမည်သော ဗျာကရဏ်းကျမ်းကြီးကို "ယောမင်းကြီး"ခေါ်အတွင်းဝန် ဦးဘိုးလှိုင်သည် သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ် ပရိစ္ဆေဒအားဖြင့် (၇) ပိုင်း၊ သုတ်, ဝုတ္တိ, ဥဒါဟရဏ်, ကိ ဥဒါဟရဏ်တို့ဖြင့် တန်ဆာဆင်လျက် (၁၂၃၀) ခုနှစ်လောက်မှစ၍ မင်းတုန်းမင်းကြီးလက်ထက်တွင် အပြီးစီရင်ရေးသားခဲ့လေသည်။ (စာအုပ်အဖြစ်သို့ မရောက်သေး။)

## သဒ္ဒါငယ်ကျမ်း စောင်ရေ (၄၁) စောင်

၁။ သဒ္ဒတ္ထဘေဒစိန္တာပါ၌ ၂။ ကစ္စာယနသာရပါ၌
၃။ ကေကွရကောသပါ၌ ၄။ သဒ္ဒဝုတ္တိပါ၌
၅။ သဒ္ဒဗိန္ဒုပါ၌ ၆။ သဒ္ဒသာရတ္ထဇာလိနီပါ၌
၇။ သမ္ဗန္ဓစိန္တာပါ၌ ၈။ ဝိဘတျတ္ထပါ၌
၉။ ဝါစ္စဝါစကပါ၌ ၁၀။ ဂန္ထာဘရဏပါ၌
၁၁။ ဂန္ထဋ္ဌိပကရဏပါ၌ ၁၂။ ဝါစကောပဒေသပါ၌
၁၃။ ကစ္စာယနဘေဒပါ၌ ၁၄။ ကာရိကာပါ၌
၁၅။ ဝိဘတ္တိမာလာပါ၌ ၁၆။ ဗာလပ္ပဗောဓနပါ၌
၁၇။ နိရုတ္တိဘေဒသင်္ဂဟပါ၌ ၁၈။ နယမုခဒီပနီပါ၌
၁၉။ သံဝဏ္ဏနာနယဒီပနီပါ၌ ၂၀။ သဒ္ဒပါဒဝိနိစ္ဆယပါ၌
၂၁။ ဝါစ္စဝါစကဒီပနီပါ၌ ၂၂။ သဒ္ဒဘေဒရာသိပါ၌
၂၃။ သဒ္ဒလက္ခဏပါ၌ ၂၄။ ကမ္ဗဝဗုဟာနပဘေဒပါ၌
၂၅။ ပဒစိန္တာပါ၌ ၂၆။ လိင်္ဂမာလာပါ၌
၂၇။ သဒ္ဒါကျမ်းနက်ပါ၌ ၂၈။ သန္ဓိပကာသကပါ၌
၂၉။ ရူပဘေဒပကာသနီသစ်ပါ၌

တိုင်အောင်(၂၉)စောင်သော စာအုပ်အဖြစ် ရိုက်ပြီးဖြစ်၍၊

ကျန်-၁။ အက္ခရဘေဒ ၂။ စာဒျတ္ထဒီပနီ
၃။ ဓာတုသမုစ္စယ ၄။ သဒ္ဒါကျမ်းမွဲ
၅။ လိင်္ဂတ္ထဝိဝရဏ ၆။ သမ္ဗန္ဓမာလိနီ
၇။ အက္ခရသမ္မောဟဘေဒနီ ၈။ အက္ခရကောသလ္လ
၉။ သဒ္ဒါဝတာရ ၁၀။ နိရုတ္တိပိဋကသဒ္ဒါငယ်
၁၁။ သမုခမတ္တသာရ ၁၂။ မုခမတ္တဒီပနီကျမ်း

တို့ကိုကား စာအုပ်အဖြစ် မတွေ့မြင်ရသေးသောကြောင့် စောင်ရေ (၄၁) ရှိကြောင်း စာပေဗဟုသုတအရ မှတ်ကျောက်တင်ရမည် ဖြစ်ပါသည်။

## သဒ္ဒတ္ထဘေဒစိန္တာကျမ်း စီရင်ရေးသားချိန်

မောဂ္ဂလ္လာနဗျာကရဏကျမ်းနှင့် သဒ္ဒနီတိကျမ်းတို့ ပရိယတ္တိသာသနာတော်အတွက် ပေါ်ထွက်လာပြီးနောက် တစ်ဆက်တည်းလိုပင် သာသနာတော်နှစ် (၁၆၉၉)တွင် သဒ္ဒဘေဒစိန္တာ, အတ္ထဘေဒစိန္တာ, သဒ္ဒတ္ထဘေဒစိန္တာ, ပကိဏ္ဏကဘေဒစိန္တာ,သမာသဘေဒစိန္တာ,တဒ္ဓိတဘေဒစိန္တာ, အာချာတဘေဒစိန္တာ, ကိတဘေဒစိန္တာဟူသော ပရိစ္ဆေဒ (၈)ပိုင်းတို့ဖြင့် တန်ဆာဆင်၍ ဂါထာဗန္ဓလေးရာ(၄၀၀)တို့ဖြင့် ဖွဲ့အပ်သော သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို အရိမဒ္ဒနပုရမည်သော ပုဂံမြို့ (ညောင်ဦးမြို့နယ်) တုပ်ဝပ်တောင်ခေါ် တူရွင်းတောင်ခြေရွာဇာတိ သီတင်းသည်၏သား တတိယဆပ္ပဒအမည်ရသော အရှင်သဒ္ဓမ္မသိရီမဟာထေရ်မြတ် စီရင်အပ်လေသည်။

## ဘေဒစိန္တာဋီကာဟောင်းနှင့် ဒီပနီကျမ်း

"သာရတ္ထသင်္ဂဟဋီကာ" အမည်ရသော သဒ္ဒတ္ထဘေဒစိန္တာဋီကာ (ဟောင်း)ကို တမ္ဗဒီပတိုင်း အရိမဒ္ဒနပုရမည်သော ပုဂံမြို့တွင် ထိုအချိန်က ပိဋကသုံးပုံ အာဂုံဆောင်နိုင်သဖြင့် "တိပိဋကရေ" ဘွဲ့တံဆိပ်တော် ရရှိတော်မူသော အရှင်အဘယမဟာထေရ်မြတ် စီရင်အပ်လေသည်။

သာသနာတော်နှစ် (၁၉၀၆)၊ ကောဇာနှစ် (၇၂၄)ခုတွင် ပင်းယမြို့၌ ငါးဆက်မြောက် မင်းပြုသော မောပါနရသူမင်းလက်ထက် စလင်းမြို့ ရွှေဂူကျောင်းတိုက်၌ သီတင်းသုံးတော်မူသော အရှင်ဝိစိတ္တာလင်္ကာရမဟာထေရ်မြတ်သည် သဒ္ဒတ္ထဘေဒစိန္တာဒီပနီကျမ်းကို ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၅)ရက် ကြာသပတေးနေ့တွင် အပြီးစီရင်အပ်လေသည်။

# သဒ္ဒတ္ထဘေဒစိန္တာပကာသနီကျမ်း

ဆရာတော် ဦးသာသနာဘိဝံသသည် ၁၃၁၃-ခုနှစ် နယုန်လတွင် ကျင်းပသော မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ သီးခြား စာချတန်း အဋ္ဌကထာကြီး (၃)ကျမ်းကိုလည်းကောင်း၊ ထိုလ၌ပင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဌာနမှ ကျင်းပ သော အစိုးရစာချတန်းစာမေးပွဲ၌ ကျမ်းရင်းအဋ္ဌကထာကြီး (၃)ကျမ်းနှင့် ဝိနည်း, သုတ္တန်, အဘိဓမ္မာဂုဏ်ထူး (၆)ကျမ်းတို့ကိုလည်းကောင်း အပြီး တိုင် အောင်မြင်တော်မူခဲ့ပြီးနောက် (ထိုအချိန်က ပါဠိတက္ကသိုလ်မရှိသေး) ၁၃၁၄-ခုနှစ်မှ စ၍ မြင်းဝန်မင်းကြီးတိုက် ပတ္တမြားကျောင်း မူလစာချ စာချအကျော် ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၏ လက်ထောက်စာချ အဖြစ်ဖြင့် နေ့ဝါ, ညဝါများကို ပို့ချခဲ့ပါသည်။

၁၃၁၇-ခုနှစ် ပြာသိုလမှစ၍ ယခုသီတင်းသုံးရာ မြတောင်တိုက် ရွှေဝါဝင်းကျောင်း၌ ပရိသုပဋ္ဌာက (ကျောင်းထိုင်ဘုန်းကြီး) အဖြစ်ဖြင့် သီတင်းသုံးတော်မူခဲ့ပါသည်။ ၁၃၁၈-ခုနှစ် ဝါဆိုဦးမှစ၍ ပဒရူပသိဒ္ဓိကျမ်း ကို ဋီကာနှင့် တွဲဖက်၍လည်းကောင်း၊ သဒ္ဒတ္ထဘေဒစိန္တာကျမ်းကို "သာရတ္ထ သင်္ဂဟ"မည်သော ဋီကာဟောင်း, ဒီပနီကျမ်းတို့နှင့် တွဲဖက်၍လည်းကောင်း ပို့ချတော်မူလေသည်။ ယင်းကဲ့သို့ စဉ်ဆက်မပြတ် ပို့ချလာခဲ့ရာ ၁၃၃၉- ခုနှစ်တွင် ၆-ကြိမ်မြောက်ပို့ချခဲ့ပြီးနောက် ကြားကာလတွင် (၁၀)နှစ်ခန့် ကြာနေခဲ့ပြန်သည်။

၁၃၄၉-ခုနှစ်မှစ၍ အခွင့်ရတိုင်း စာသင်သားများ တောင့်တတိုင်း ဆက်လက်ပို့ချခဲ့ရာ ယခု ၁၃၅၈-ခုနှစ်၌ နဝမအကြိမ်မြောက် ပို့ချချက်ကို စာချ, စာသင် အရှင်မြတ်တို့ လိုလားတောင့်တချက်အရ "သဒ္ဒတ္ထဘေဒ စိန္တာပကာသနီကျမ်း" အမည်ဖြင့် ရိုက်နှိပ်ထုတ်ဝေအပ်ပါသတည်း။

အရှင်အဂ္ဂဉာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

# ဝိညာပနကထာ

သိရိမတာမှာကံ ဘဂဝတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သုမေဓ-ဗောဓိသတ္တကာလေ-

“ဣမိနာ မေ'ဓိကာရေန၊ ကတေန ပုရိသုတ္တမေ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟု”န္တိ

(ဗုဒ္ဓဝံ။၁၁) ယထာပတ္ထိတံ သဗ္ဗညုတံ ပါပုဏိတွာ ဗဟူ ဝေနေယျဇနာ သံသာရဏ္ဏဝတော သန္တာရိတာ မဟာကရုဏာဉာဏဗလေန။ ဘဂဝတာ ပန သမ္မာသမ္ဗုဒ္ဓေန တေသံ သန္တာရဏကရဏေ ပစုရပရာဓာ, အနေက-ဇ္ဈာသယာနုသယစရိယာဓိမုတ္တိကာ, ဓမ္မပုဂ္ဂလတ္တေ “အဟံ မမာ” တိ သညိနော စ သတ္တာ ပိဋကတ္တယသညိတေ သဒ္ဓမ္မေ ယထာပရာဓံ, ယထာနုလောမံ, ယထာဓမ္မဉ္စ ယထာက္ကမမနုသာသိတာ ဒေသနာ-ဉာဏဗလေန။ တထာနုသာသိတတ္တာယေဝ စ ယထာပရာဓ ယထာ-နုလောမ ယထာဓမ္မသာသနသင်္ခါတေ ပိဋကတ္တယေ ယထာနုလောမ-သာသနာချသုတ္တန္တပိဋကေ ဒသင်္ဂုတ္တရပါဠိယံ (၃၂၅) ပဌမပဏ္ဏာသကေ ပဉ္စမဝဂ္ဂေ အဋ္ဌမံ ဒသဓမ္မာသုတ္တာပရနာမဓေယျံ ပဗ္ဗဇိတာဘိဏှသုတ္တံ ပဗ္ဗဇိတာနံ သကျပုတ္တာနံ ဘိက္ခုသာမဏေရာနံ သဗ္ဗညုနာ ဒေသိတံ အတ္တဇ္ဈာသယဝသေန။

## အဋ္ဌကထာသံဝဏ္ဏနာ

ဧတ္ထ စ ပန သုတ္တေ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတေဟိ ဘိက္ခု-သာမဏေရေဟိ ဒိဝါ စ ရတ္တော စ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာ ဒသဓမ္မာ

ဒေသိတာ၊ တသ္မာ တံ "ပဗ္ဗဇိတာဘိဏှသုတ္တ"န္တိ ဝါ "ဒသဓမ္မသုတ္တ"န္တိ ဝါ ဗျဝဟာရိတံ ပေါရာဏေဟိ၊ တသ္မိ သုတ္တသ္မိံ မနောရထပူရဏိယံ နာမ ဒသကထာယမေဝ သခေ်ပေန သံဝဏ္ဏိတော၊ န ပန တဋ္ဋီကာယမပ္ပ-မတ္တကမ္ပိ။ အဋ္ဌကထာယဉ္စ သုတ္တေ အာဂတပဒါနမတ္ထံ ယထာရဟံ သံဝဏ္ဏေတွာ ဒသန္နံ ဓမ္မာနံ ပစ္စဝေက္ခဏာယ ဖလံ ပစ္ဆေကံ ကထိတံ။ ပဌမဓမ္မသံဝဏ္ဏနာယံ ဟိ "ဝေဝဏ္ဏိယန္တိ ဝိဝဏ္ဏဘာဝံ။ တံ ပနေတံ ဝေဝဏ္ဏိယံ ဒုဝိဓံ ဟောတိ သရီရဝေဝဏ္ဏိယံ ပရိက္ခာရဝေဝဏ္ဏိယဉ္စာ" တျာဒိနာ သံဝဏ္ဏေတွာ ပစ္စဝေက္ခဏာယ ဖလံ "ဧဝံ ပစ္စဝေက္ခတော ကောပေါ စ မာနော စ ပဟီယတီ"တိ ကထိတံ။ ဒုတိယဓမ္မသံဝဏ္ဏနာယံ "ပရပဋိဗဒ္ဓါ မေ ဇီဝိကာ"တိ မယှံ ပရေသု ပဋိဗဒ္ဓါ ပရာယတ္တာ စတု-ပစ္စယဇီဝိကာ"တိ သံဝဏ္ဏေတွာ "ဧဝံ ပစ္စဝေက္ခတော ဟိ အာဇီဝေါ ပရိသုဇ္ဈတိ၊ ပိဏ္ဍပါတော စ အပစိတော ဟောတိ၊ စတူသု ပစ္စယေသု အပစ္စဝေက္ခိတပရိဘောဂေါ နာမ န ဟောတီ"တိ ပစ္စဝေက္ခဏာယ ဖလံ ကထိတံ၊ ဧဝမာဒိနာ နယေန သင်္ဂဟဋ္ဌကထာယံ ဒွိပိဋ္ဌမတ္တံ သံဝဏ္ဏိတံ။

## ဒသဓမ္မာလင်္ကာရဝဏ္ဏနာ

ဧဝံ အဋ္ဌကထာစရိယေန ဘဒ္ဒန္တဗုဒ္ဓဃောသမဟာထေရေန သံ-ဝဏ္ဏိတံ ဒသဓမ္မသုတ္တံ ရွှေကျင်နိကာယသမုဒ္ဒါပကေန ရွှေကျင်မဟာ-ထေရေန အဋ္ဌကထာသံဝဏ္ဏနတော ပညာသဂုဏမတ္တံ ဝိတ္ထာရေတွာ သံဝဏ္ဏိတံ၊ အဋ္ဌကထာယဉ္စ တံ သုတ္တံ ဆဋ္ဌသင်္ဂီတိပိဋ္ဌပ္ပမာဏေန ဒွိပိဋ္ဌ-မတ္တံ သံဝဏ္ဏိတံ၊ ရွှေကျင်မဟာထေရေန ပန သတပိဋ္ဌမတ္တံ ဝိတ္ထာရေတွာ သံဝဏ္ဏိတံ၊ တွေကပ္ပမာဏသံဝဏ္ဏနာယ ရစနကာရဏမ္ပိ ရွှေကျင်မဟာ-ထေရေန ဧဝံ ဝုတ္တံ-

> "အာယသ္မတာ ဇာဂရတ္ထေရေနာယံ ဘာသိတာ ဒသ-ဓမ္မသုတ္တာလင်္ကာရဝဏ္ဏနာ၊ .... ကိဉ္စာပိ သာ ပေါရာဏာ

ဒသမေ့မွသုတ္တသံဝဏ္ဏနာ သတ္တာ သဗျူဠှနာ ကောဝလ-
ပရိပုဏ္ဏာ သမန္တပါသာဒိကာ ပဏ္ဍိတာနံ မနောရထပူရိကာ
သာသနေ ပါကဋှတရာ။ တထာပိ သာ ယသ္မာ အတိ-
သခေ်ပတရာ, န သက္ကာ တာယ သောတူနံ ပစ္စိမာနံ
ပစ္စိမာနံ သိဿာနုဿာနံ အနုပစိတပုညညာဏသမ္ဘာ-
ရာနံ သုတ္တတ္ထံ ယထာဓိပ္ပါယံ ယထာဝိစိတြံ ယထာဂမ္ဘီရံ
ယထာဝိတ္ထာရံ ယထာဘူတံ ဝိဇာနိတုံ။ တသ္မာ တေသ-
မတ္ထာယ အာစရိယေဟိ လဒ္ဓေါပဒေသံ နာနာဝိဓံ ဗာဟု-
သစ္စံ ဥပနိဿယံ ကတွာ နေတ္တိနယေကဒေသာနုသာ-
ရတော ပေါရာဏဋ္ဌကထာနုပရောဓေန ဘာသိတံ ဝိတ္ထာရ-
မိဒ"န္တိ။

ဧတ္ထ စ "သုတ္တတ္ထံ ယထာဓိပ္ပါယံ ယထာဝိစိတြံ ယထာဂမ္ဘီရံ
ယထာဝိတ္ထာရံ ယထာဘူတံ ဝိဇာနိတု"န္တိ ဝစနေဟိ ဒေသကဿ ဝိဝစ္စိ-
တော'ဓိပ္ပါယော, ပါဠိယာ ပါဠိယတ္ထဿ ဝိစိတြဘာဝေါ, ဂမ္ဘီရဘာဝေါ စ
ဒုဗ္ဗိညေယျော၊ တသ္မာ တဒနုရူပံ သုတ္တတ္ထော အနုပစိတပုညညာဏ-
သမ္ဘာရေဟိ န သက္ကာ ဝိဇာနိတုန္တိ ဝုတ္တံ ဟောတိ။ တတ္ထ အဓိပ္ပါယော
နာမ နေတ္တိနယေသု "ဗျူဠှနေန သုတ္တဿ နေရုတ္တဉ္စ အဓိပ္ပါယော စ
နိဒါနဉ္စ ပုဗ္ဗာပရသန္ဓိ စ ဂဝေသိတဗ္ဗော"တိ စတုဗျူဟဟာရေ (နေတ္တိ။
၂၈-၉) အာဂတော'ဓိပ္ပါယော။ ဝိစိတြဘာဝေါတိ "အထ သတ္တာ .... နာနာ-
နယဝိစိတ္တံ စတုသစ္စပဋိသံယုတ္တံ တိလက္ခဏာဟတံ မဓုရဓမ္မကထံ
ကထေသီ"တျာဒိနာ (ဗုဒ္ဓဝံ၊ဌ။၇၇) အဋ္ဌကထာစရိယေဟိ ဝုတ္တော ဝိစိတြ-
ဘာဝေါ။ ဂမ္ဘီရဘာဝေါတိ "အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော
ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော
ပဏ္ဍိတဝေဒနီယော"တျာဒိနာ (ဝိ၊၃။၅၇။ ဒီ၊၂။၃၁။ မ၊၁။၂၂၄။ မ၊၂။၂၉၁။
သံ၊၁။၁၃၈) ဘဂဝတာ ဝုတ္တော ဂမ္ဘီရဘာဝေါ, "ကေမေကသ္မိဉ္စေတ္တ

စတုဗ္ဗိဓောပိ ဓမ္မတ္ထဒေသနာပဋိဝေဓေဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော"တျာဒိနာ (ဝိသုဒ္ဓိ၊၂၈၈။ ဒီ၊ဋ္ဌ၊၁။၂၀-၁။ အဘိ၊ဋ္ဌ၊၁။၂၃) အဋ္ဌကထာစရိယေဟိ ဝုတ္တော ဂမ္ဘီရဘာဝေါ စ အဓိပ္ပေတော။

## ပကရဏပ္ပကာရော

ဧွေကျောင်မဟာထေရေန စ အဓိပ္ပါယဝိစိတြဂမ္ဘီရဘာဝမူလကေဟိ နာနာနယေဟိ အလင်္ကရိတွာ ဒသဓမ္မာ သံဝဏ္ဏိတာ၊ တသ္မာ သာ သံဝဏ္ဏနာ **"ဒသဓမ္မာလင်္ကာရဝဏ္ဏနာ"**တိ သမ္မတာ။ တတ္ထ ပဌမ-ဓမ္မာလင်္ကာရဝဏ္ဏနာယံ အဓိပ္ပါယဝိစိတြဂမ္ဘီရဘာဝမူလကေဟိ ဆဟိ နယေဟိ အလင်္ကတွာ ဝေဝဏ္ဏိယဖ္လူပဂမနဿ ပစ္စဝေက္ခဏာကာရဏ-ဋ္ဌေဝ ပစ္စဝေက္ခဏာကာရော စ ဥဿာဟနယော စ သံဝဏ္ဏိတော၊ သာ သံဝဏ္ဏနာ ဣတ္ထ ဂန္ထေ နဝပိဋ္ဌမတ္တပ္ပမာဏာ ဟောတိ၊ ဒုတိယဓမ္မာ-လင်္ကာရဝဏ္ဏနာယံ ပန စတူဟိ နယေဟိ မဏ္ဍေတွာ ပရူပဋ္ဌိဗဒ္ဓ-ဇီဝိကာယ ပစ္စဝေက္ခဏာကာရဏံ ပစ္စဝေက္ခဏာကာရော ဥဿာဟ-နယော စ သံဝဏ္ဏိတော၊ သာ ပဉ္စပိဋ္ဌမတ္တပ္ပမာဏာ ဟောတိ။ တတိယ-ဓမ္မာလင်္ကာရသံဝဏ္ဏနာယ တု ဒွီဟိ နယေဟိ ဝိဘူသေတွာ အညာ-ကပ္ပကရဏံ သံဝဏ္ဏိတံ၊ တတ္ထ ပဌမနယေ ဧကေနေဝ ပစ္စဝေက္ခဏာ-ကာရဏပစ္စဝေက္ခဏာကာရဥဿာဟနယေန သံဝဏ္ဏေတွာ ဒုတိယ-နယေ တီဟိ ပစ္စဝေက္ခဏာကာရဏပစ္စဝေက္ခဏာကာရဥဿာဟ-သင်္ခါတေဟိ နယေဟိ သံဝဏ္ဏိတံ။ သာ သဟာဓေန စတုပ္ပိဋ္ဌမတ္တပ္ပ-မာဏာ ဟောတိ။ စတုတ္ထဓမ္မာလင်္ကာရဝဏ္ဏနာယံ အဋ္ဌာနဝါဒေါ ဆဟိ ပစ္စဝေက္ခဏာကာရဏပစ္စဝေက္ခဏာကာရနယေဟိ အလင်္ကရိတွာ သံ-ဝဏ္ဏိတော၊ သာ အဋ္ဌပိဋ္ဌမတ္တပ္ပမာဏာ ဟောတိ။ ပဉ္စမဓမ္မာလင်္ကာရ-ဝဏ္ဏနာယံ ပရာနုဝါဒေါ ဒွီဟိ ပစ္စဝေက္ခဏာကာရဏပစ္စဝေက္ခဏာ-ကာရပဋိပဇ္ဇနနယေဟိ သံဝဏ္ဏိတော၊ သာ သဟာဓေန ပဉ္စပိဋ္ဌမတ္တ-

ပွမာဏာ ဟောတိ။ ဆဋ္ဌမမ္ဘာလင်္ကာရဝဏ္ဏနာယံ ပိယမနာပေဟိ နာနာ-ဘာဝဝိနာဘာဝေါ ပဋ္ဌဟိ ပစ္စဝေက္ခဏာကာရဏာပစ္စဝေက္ခဏာကာရ-ပဋိပဇ္ဇနနယေဟိ သံဝဏ္ဏိတာ။ သာ သတ္တပိဋ္ဌမတ္တပွမာဏာ ဟောတိ။

အဋ္ဌမမ္ဘာလင်္ကာရဝဏ္ဏနာယံ ပန အဓိပ္ပါယဝိစိတြဂမ္ဘီရဘာဝ မူလကေဟိ ဒွိဟိ နယေဟိ ဝိဘူသေတွာ ရတ္တိန္ဒိဝဝီတိဝတ္တနံ သံဝဏ္ဏိတံ၊ တတ္ထ ပဌမနယေ-

"အဝိဇ္ဇာယ ဟိ နိဝုတော လောကော အဝိဇ္ဇာယ ပုရက္ခတော အကတ္တဗ္ဗမေဝ ကရောတိ၊ န ကတ္တဗ္ဗံ။ အကိစ္စမေဝ ကရောတိ၊ န ကိစ္စံ။ ပရကိစ္စမေဝ ကရောတိ၊ န သကကိစ္စံ။ ဣဓလောကကိစ္စမေဝ ကရောတိ၊ န ပရ-လောကကိစ္စံ။ လောကိယကိစ္စမေဝ ကရောတိ၊ န လော-ကုတ္တရကိစ္စံ ။ သုခတ္ထာယ ကရောမီတိ ဒုက္ခတ္ထာယ ကရောတိ။ ပုည် ကရောမီတိ အပုည် ကရောတီ"

တျာဒိနာ အနေကာနိ ပစ္စဝေက္ခဏာကာရဏာနိ ဒဿေတွာ ပစ္စ-ဝေက္ခဏာကာရော သတ္တဟိ နယေဟိ ဒဿိတော၊ ဒုတိယနယေ ပန ဘဂဝတာ အတ္တနော သာဝကာနံ အနုကမ္ပာယ ဒေသိတေသု စတုရာ-သီတိသဟဿဓမ္မက္ခန္ဓေသု ဧကေကမာဒရံ ကတွာ ပစ္စဝေက္ခဏာကာရာ အဋ္ဌတ္တိံသပ္ပဘေဒေန နယေန ဒဿိတာ၊ ပဋိပဇ္ဇနနယောပိ-

"ဧဝ္ဓ ပစ္စဝေက္ခိတွာ ယဿတ္ထာယ ကုလပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ တဒတ္ထာယ ဝါယမန္တဿ ဝေဘူတဿ ရတ္တိန္ဒိဝါ ဝီတိဝတ္တေတဗ္ဗာ၊ န ယထာ တထာ ကာလံ ခေပေတွာ ပမာဒေန ဝိဟရန္တ-ဿာ"တိ

ဒဿိတော၊ အယံ အဋ္ဌမီသံဝဏ္ဏနာ တိစတ္တာလီသပိဋ္ဌမတ္တပွမာဏာ ဟုတွာ ဣဓ သံဝဏ္ဏနာသု ဝိတ္ထိဏ္ဏတမာ ဟောတိ။

နဝမဓမ္မာလင်္ကာရဝဏ္ဏနာယံ သုညာဂါရာဘိရတံ ဒွိဟိ နယေဟိ မဏ္ဍေတွာ သံဝဏ္ဏိတံ၊ တတ္ထ ပဌမနယေ ပဉ္စဟိ ပစ္စဝေက္ခဏာကာရဏပစ္စဝေက္ခဏာကာရပဋိပဏ္ဍနနယေဟိ သံဝဏ္ဏိတံ၊ ဒုတိယနယေ ပန ဒွိဟိ နယေဟိ သံဝဏ္ဏိတံ၊ သာ ဆပ္ပိဋ္ဌမတ္တပ္ပမာဏာ ဟောတိ။ ဒသမဓမ္မာလင်္ကာရဝဏ္ဏနာယံ ပန အခိပ္ပါယဝိစိတြဂမ္ဘီရဘာဝမူလကေဟိ ဒွိဟိ နယေဟိ အလင်္ကရိတွာ ဥတ္တရိမနုဿဓမ္မာဓိဂမနပုစ္ဆာ သံဝဏ္ဏိတာ၊ တတ္ထ ပဌမနယေ ပဉ္စန္နံ ပုဂ္ဂလာနံ ပစ္စဝေက္ခဏာကာရဏပစ္စဝေက္ခဏာကာရပဋိပဏ္ဍနနယော သံဝဏ္ဏိတော၊ ဒုတိယနယေ တု စတုန္နံ ပဗ္ဗဇိတာနဉ္စေဝ ဗဟုဿုတ,ပရိယတ္တိဝိသာရဒ,ဂဏဝါစကာဒီနံ တေရသန္နဉ္စ ပုဂ္ဂလဝိသေသာနံ ဥတ္တရိမနုဿဓမ္မာဓိဂမနပုစ္ဆာယံ ပစ္စဝေက္ခဏာကာရဏံ ပစ္စဝေက္ခဏာကာရော ပဋိပဏ္ဍနနယော စ အတိဝိယ ဝိစိတ္တံ ဂမ္ဘီရဉ္စ ကတွာ သံဝဏ္ဏိတော၊ သာ စ ဒသမသံဝဏ္ဏနာ ဧကူနဝီသတိပိဋ္ဌမတ္တပ္ပမာဏာ ရွှေကျင်မဟာထေရေန သဗ္ဗာကာရေန ဂမ္ဘီရညာဏဗလေန သံဝဏ္ဏိတာ။

## ဂန္ထဝိသောဓနံ

အယံ ဒသဓမ္မာလင်္ကာရဝဏ္ဏနာဂန္ထော ရွှေကျင်မဟာထေရေန ကတမသ္မိံ နာမ ကာလေ သင်္ခတောတိ န ဧကန္တေန ဝိညာယတိ၊ ရစိတကာလတော ပန နစိရဿေဝ မုဒ္ဒဏယန္တေန မုဒ္ဒိတောတိ ဝိညာယတိ၊ နိဋ္ဌိတဇယမင်္ဂလကထာယဉှိ “ပဉ္စတ္တိံသာဓိကေ ဧကသဟဿဒွိသတိမေ မြမ္မသာကေ အဿယုဇမာသေ ဇုဏှပက္ခဿ တတိယာဟေ ရတနပုဏ္ဏာရာဇန္တေပုရေ အန္တောတ္တရယျာနေ မုဒ္ဒဏယန္တာလယေ မုဒ္ဒိတော”တိ ဝုတ္တတ္တာ ဧဝံ ဝိညာယတိ၊ သော စ ဧကဝါရမေဝ မုဒ္ဒိတော သိယာ, န ဒွတ္တိက္ခတ္တုံ၊ အတိစိရကာလေ မုဒ္ဒိတတ္တာ ပဒဝါကျာနံ ဗျာကုလော စေဝ အက္ခရပဒါနံ ဝိပတ္တိဒေါသော စ သံဝိဇ္ဇတိ၊ တသ္မာ ဂန္ထဝိသောဓနေကိစ္စံ

ပရိယတ္တိဝိသာရဒေန တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကေန ဘဒန္တသိရိန္ဒာ-ဘိဝံသမဟာထေရေန သင်္ခတံ၊ တံ ဝိသောဓိတမူလံ ရွှေကျင်နိကာယ-ဂဏ္ဌာနုရက္ခသမိတိယာ သဗ္ဗကမ္မဝိဓာယကေန ဟိတဓရေန ဘဒန္တ-မာနိတသိရီဘိဝံသမဟာထေရေန ပရိယဝေက္ခိတွာ ပကာသိတော ပတ္ထရိတောတိ။

ဘဒန္တအဂ္ဂညာနာဘိဝံသော
စည်ရှင်နာယကမဟာထေရော
မဟာဝိသုဒ္ဓါရာမေ
မဟာအောင်မြေနဂရေ
မန္တလေးမဟာမဏ္ဍလေ

ဗုဒ္ဓဝဿေ- ၂၅၅၅ မြမ္မဝဿေ- ၁၃၇၃ အဿယုဇမာသေ ခရိဋ္ဌဝဿေ- ၂၀၁၁

# ကောသလရညော ဓမ္မစေတိယာနိ

ဧကံ သမယံ အသီတိဝဿာယုကော ပသေနဒိ ကောသလော ရာဇာ မေဒါဠုပေ နာမ သက္ယာနံ နိဂမေ ဝိဟရန္တံ အသီတိဝဿာယုကံ ဘဂဝန္တံ သမ္မာသမ္ဗုဒ္ဓံ ဥပသင်္ကမိတွာ ဓမ္မစေတိယာနိ အဘာသိ၊ တာနိ ပရိယာပုဏိတုံ ဘဂဝါ ဘိက္ခူ အာမန္တေသိ “ဥဂ္ဂဏှထ ဘိက္ခဝေ ဓမ္မစေတိယာနိ၊ ပရိယာပုဏာထ ဘိက္ခဝေ ဓမ္မစေတိယာနိ၊ ဓာရေထ ဘိက္ခဝေ ဓမ္မစေတိယာနီ”တိ။ ဧတ္ထ စ ဓမ္မစေတိယာနီတိပဒဿ ဓမ္မဿ စိတ္တီကာရဝစနာနီတိ အတ္ထော ဒဋ္ဌဗ္ဗော၊ ရတနတ္တယဿ ပူဇာဝစနာနီတိ ဝုတ္တံ ဟောတိ။ တိဿံ ပန ဓမ္မစေတိယကထာယံ ဓမ္မန္ဝယသင်္ခါတဿ အနုမာနဉာဏဿ ပဝတ္တိံ သတ္တဟိ ကာရဏေဟိ ရာဇာ ကထေသိ၊ တေသု တတိယကာရဏဝတ္ထုမှိ ရညာ ဧဝံ ကထိတာ-

ဣဓ ပနာဟံ ဘန္တေ ဘိက္ခူ ပဿာမိ ဟဋ္ဌပဟဋ္ဌေ ဥဒဂ္ဂုဒဂ္ဂေ အဘိရတရူပေ ပီဏိန္ဒြိယေ အပ္ပေါ်ဿုက္ကေ ပန္နလောမေ ပရဒတ္တဝုတ္တေ မိဂဘူတေန စေတသာ ဝိဟရန္တေ၊ တဿ မယှံ ဘန္တေ ဧတဒဟောသိ “အဒ္ဓါ ဣမေ အာယသ္မန္တော တဿ ဘဂဝတော သာသနေ ဥဠာရံ ပုဗ္ဗေနာပရံ ဝိသေသံ ဇာနန္တိ၊ တထာ ဟိ ဣမေ အာယသ္မန္တော ဟဋ္ဌပဟဋ္ဌာ ဥဒဂ္ဂုဒဂ္ဂါ အဘိရတရူပါ ပီဏိန္ဒြိယာ အပ္ပေါ်ဿုက္ကာ ပန္နလောမာ ပရဒတ္တဝုတ္တာ မိဂဘူတေန စေတသာ ဝိဟရန္တီ”တိ။ (မ၊၂။၃၂၃။)

တတ္ထာယံ ပိဏ္ဍတ္ထော — ဣမသ္မိံ ဗုဒ္ဓသာသနေ ဘိက္ခူ အတိဝိယ ဟဋ္ဌာ ဥဒဂ္ဂါ အဗ္ဘုန္နတကာယစိတ္တာ အဘိရတမာနသာ ပီနိန္ဒြိယာ ဝဏ္ဏဝန္တော ပါသာဒိကာ လောကိယကိစ္စေသု နိရုဿုက္ကာ ပဟီနမာနဒ္ဓဇာ ပရဒိန္နေဟိ အန္နပါနေဟိ ဇီဝန္တာ ဝိဟရန္တိ၊ တေ ဘိက္ခူ ဒိသွာ ဧဝမဟံ စိန္တေသိံ “ဣမေ ဘိက္ခူ ဗုဒ္ဓသာသနေ အပရာပရံ ဥပရူပရိ ဥဠာရံ ပဏီတံ ဝိသေသံ ဓမ္မံ ဇာနန္တိ၊ တသ္မာ ဧဝံ ဝိဟရန္တီ”တိ။ ဧဝံ စိန္တယတော မေ ဗုဒ္ဓဓမ္မသံဃာနံ အနုတ္တရသရဏဘာဝေါ ဓမ္မန္ဝယေန အနုမာန-ဉာဏေန ဉာတောတိ။ ဧဝံ အညေသု ဆသု ကာရဏဝတ္ထူသုပိ ဓမ္မန္ဝယဿ ပဝတ္တိံ ကထေတွာ အတ္တနော ဥပါသကဘာဝေါ ကထိတော။

ဧဝံ ဘဂဝန္တံ ဝတွာ ပဋိနိဝတ္တန္တော ပသေနဒိ ကောသလော ရာဇာ နစိရဿေဝ ကောဟဒ္ဒီဟမတ္တော ကာလေ ဒိဝင်္ဂတော၊ ဘဂဝါပိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ တသ္မိံယေဝ သံဝစ္ဆရေ ပရိနိဗ္ဗုတော၊ ဝယသာ စေဝ ဇာတိယာ စ သမသမာနံ ဒွိန္နံ နရဝရာနံ အယံ ပစ္ဆိမသမာဂမော၊ တသ္မိံ သမာဂမေ ကောသလေန ရညာ ဘာသိတာနိ ဓမ္မစေတိယာနိ နာနာ-ဝါဒသမာကိဏ္ဏေ ဣမသ္မိံ မနုဿလောကေ ဗုဒ္ဓဓမ္မသံဃာနံ အနုတ္တရ-သရဏဘာဝဝိဘာဝနေ ဗဟူပကာရာနိ ဟောန္တိ၊ တသ္မာ တာနိ ပရိယာ-ပုဏိတုံ ဘဂဝါ ဘိက္ခူ အာမန္တေသိ၊ ယထာ စ ပန သမ္မာသမ္ဗုဒ္ဓကာလေ သမဏာနံ သက္ယပုတ္တိယာနံ ဟဋ္ဌပဟဋ္ဌတံ အဘိရတစိတ္တတဉ္စာဂမ္မ ဓမ္မ-န္ဝယော ပဝတ္တော၊ ကိံ နေဝမိဒါနိပိ ဘိက္ခုသာမဏေရေ ဒိသွာ တာဒိသော ဓမ္မန္ဝယော ပဝတ္တိတုံ လဗ္ဘာတိ? လဗ္ဘာ၊ ကသ္မာ? ဣဒါနိပိ တာဒိသာနံ မဟာထေရာနံ ဒဿနတောတိ။

## ဝိဇ္ဇာဒပ္ပဏိမဟာထေရဝရော

ဣဒါနိပိ မြမ္မရဋ္ဌေ ဟဋ္ဌပဟဋ္ဌာ အဘိရတစိတ္တာ ပါသာဒိကာ ဗဟူ မဟာထေရဝရာ သန္ဒိဿန္တိ၊ တေသု ဇေယျာပုရပဗ္ဗတေ ဝိဇ္ဇာဒပ္ပဏိ

အာရာမမဏ္ဍပေ ဝသန္တော ဘဒ္ဒန္တအာစိဏ္ဏတ္ထေရဝရော အညတရော၊ သော ဟိ မဟာထေရဝရော ဝိနယာစရိယုတ္တော သုစိသလ္လေခဝုတ္တိကော မုဒု- စိတ္တော ကာရုဏိကော ပိဋကတ္တယဆောကော၊ ဣဒါနိ မနုဿဇာတိယာ ပဥ္စနဝုတိဝဿော သမဏဇာတိယာ ဆသတ္တတိဝဿော ဒီဃာယုကော ဒီဃဒဿီ ဟောတိ၊ ဒဟရေ စ သောတုဇနကာလေ မြမ္မရဋ္ဌေ ဿရေဟိ သန်တာသု ပရိက္ခာချပဥှာဖျာကရဏာသဘာသု ဝိဝိဓာနိ ဇယမင်္ဂလာနိ လဒ္ဓါ ပရိယောသာနေ "သာသနဇောတိကရိပဝရဓမ္မာစရိယော"တိ ဥပါဓိမ္ပိ ပဋိလဘိ၊ ဂန္ထဝါစနကာလေ သောတုဇနာနံ နာနာသတ္ထေ သုဋ္ဌု ဝိညာတုံ ဓာရေတုဉ္စ ဝါစေသိ၊ ဝိဝိဓာသု ပဥှာဖျာကရဏာသဘာသု ဇယာပေတွာ ဝိဝိဓာနိ ဥပါဓိရတနာနိ စ ပဋိလဘာပေသိ။ မဟာထေရဝရော ပရော- ဝီသတိဝဿကာလေ မြမ္မရဋ္ဌေ သန်တာယံ ဆဋ္ဌသင်္ဂီတိမဟာဓမ္မ- သဘာယံ ဂန္ထဝိသောဓနာဒိကိစ္စသာဓကော ကမ္မကာရကော အဟောသိ၊ အထ သော စတ္တာလီသဝဿကာလေ သာသနဿ ဝုဒ္ဓိယာ ဝိသုဒ္ဓိယာ စ မြမ္မရဋ္ဌေ ပါကဋာနံ နဝန္နံ နိကာယာချသံဃဂဏာနံ သမာဂမေ သန္နိပါတေ လဒ္ဓသမ္မုတိကော ရွှေကျင်နိကာယဿ ပဋိနိဓိ ဇာတော၊ နာနာသံဃဂဏာနံ ဒုတိယသန္နိပါတကာလေ မဟာရဋ္ဌပဓာနသံဃ- ဘာရနိတ္ထာရကော ဟုတွာ မဟာရဋ္ဌသံဃဝိနိစ္ဆယဌာနေ ဝိနိစ္ဆယိက- ဝိနယဓရမဟာထေရဝရော အဟောသိ။ တသ္မာ သော "အဂ္ဂမဟာ- ပဏ္ဍိတော"တျုပါဓိနာ ရဋ္ဌေဿရေဟိ ပူဇိတော။

## မဟာထေရဝရဿ အစ္ဆရိယဂုဏာ

ဝိဇ္ဇာဒပ္ပဏမဟာထေရဝရော ဟိ ယာဝ ပဉ္စနဝုတိဝဿာယုက- ကာလာ ဝိသေသရောဂါဘိဘူတတ္တာဘာဝါ အပ္ပါဗာဓော အပ္ပါတင်္ကော အသမ္ဘုဋ္ဌော သမဏဓမ္မမာစရတိ သမ္မာ ပဒဟတိ၊ နိဇဿိသေ စ ယထာဓမ္မံ ယထာဝိနယံ ဩဝဒိတွာ အနုသာသိတွာ သုဒန္တသုဝိနီတတ္တံ ပါပေတိ။ မနုဿာနံ အာယုပရိဟာနိကာလေ ယာဝ ပရောနဝုတိဝဿ-

ကာလာ ဇိဝန္တသ နိရောဂဿ အသမ္ဗိုဠ္ဍသ သမဂ္ဂာဓမ္မံ ပဋိပဇ္ဇန္တသ မဟာထေရဝရဿ ဇီဝိတံ မဟာပ္ဖလံ မဟာစ္ဆရိယံ မဟာဗ္ဘုတန္တိ မညာမ။ တ္တမဿ ပန မဟာထေရဝရဿ အာစရိယော ဘဒ္ဒန္တဝိသုဒ္ဓိဝံသာ- ဘိပရိယတ္တိသာသနဟိတဓမ္မာစရိယောပါဓိကော မဟာထေရပါဒေါ ဇာတိယာ တိပညာသဝဿာယုကကာလေ ဒိဝင်္ဂတော။

ပါစရိယဘူတောပိ မဟာဝိသုဒ္ဓါရာမိကထ္တေရပါဒေါ တိက္ခတ္တုံ သလ္လဒ္ဓရာဇဒတ္တောပါဓိကော ရွှေကျင်နိကာယဓမ္မသေနာပတိ အဋ္ဌ- သတ္တတိဝဿာယုကကာလေ အန္တရဟိတော ဒိဝင်္ဂတော။ သော ကိရ မဟာထေရပါဒေါ ဆသဋ္ဌိဝဿာယုကကာလေယေဝ ဒုဗ္ဗလတ္တံ ဇရာ- ဇိဏ္ဏတ္တံ ပါပုဏိ၊ တေန ဝုတ္တံ တဿ ထေရပ္ပဝတ္တိဒီပနိယံ (၂၂၇- ဂါထာ) -

"ဆသဋ္ဌိဝဿိကော ထေရော၊ အစုနာ ဟောတိ ဒုဗ္ဗလော။ ပရိပက္ကဂတီ ဟောသာ၊ သဗ္ဗသတ္တေသု ဓမ္မတာ"တိ။

န ကေဝလဉ္စ ထေရပ္ပဝတ္တိဒီပနိယံယေဝ ဝုတ္တံ၊ အပိ စ ခေါ မဟာဝိသုဒ္ဓါရာမိကထ္တေရပါဒေါပိ တသ္မိံ ဝယသိ သယမေဝ သံဝေဂ- ဂါထံ ဗန္ဓိတွာ သိဿာနုသိဿေ ဧဝမောဝဒိ အနုသာသိ (၂၄၂- ပိဋ္ဌကော) -

"ဇိဏ္ဏာ အဋ္ဌိ စ နှာရူ စ၊ ဂတ္တာနိ န ဝဟန္တိ မေ။ ဇိဏ္ဏောဝ သကဋ္ဌော ဘာရံ၊ သာယံ လောကဿ ဓမ္မတာ"တိ။

အာစရိယပါစရိယာနံ မဟာထေရပါဒါနမ္ပိ သတ္တာ အနုတ္တရ- လောကနာထော သမ္မာသမ္ဗုဒ္ဓေါ ဧတဒဝေါစ-

"အဟံ ခေါ ပနာနန္ဒ ဧတရဟိ ဇိဏ္ဏော ဝုဒ္ဓေါ မဟလ္လကော အဒ္ဓဂတော ဝယောနုပ္ပတ္တော၊ အာသီတိ- ကော မေ ဝယော ဝတ္တတိ၊ သေယျထာပိ အာနန္ဒ ဇဇ္ဇရ-

သကဋ္ဌံ ဝေဋ္ဌမိဿကေန မညေ တထာဂတဿ ကာယော
ယာပေတီ”တိ။ (ဒီ၊၂။၈၅။)

ဝေမာဒိမောဝါဒံ ပစ္ဆိမဝဿူပဂမနေ ဝေဠုဝဂါမကေ ဝတွာ အာဂါမိ-ဝေသာခပုဏ္ဏမိယံ ပရိနိဗ္ဗာယိ။

# နိဂမနာဘိပတ္ထနာ

ဣစ္စေဝံ သမ္ဗုဒ္ဓသာဝကော ဝိဇ္ဇာဒပ္ပဏိမဟာထေရဝရော အနုတ္တ-ရလောကနာထာပိ သမ္မာသမ္ဗုဒ္ဓတော ဝယသာ ပန္နရသဟိ ဝဿေဟိ ဝုဍ္ဎော မဟလ္လကော၊ မနုဿာနံ ဗဟုဘာဗပ္ပါယုကကာလေ ဇာတောပိ မဟာထေရဝရော အပ္ပါဗာဓော ဒီဃာယုကော ဟုတွာ စုရဒ္ဓယ-သင်္ဂါတသာသနကိစ္စံ ယာဝဇ္ဇတနာပိ သဉ်ရောတိ ပဋိပဇ္ဇတိ၊ မဟာ-ထေရဝရံ သမ္ပဿန္တာ တဿ ဂုဏဝရဍ္ဍ ဇာနန္တာ သာသနိကာ အဂါရိကာနဂါရိကာ သဇ္ဇနာ အတိဝိယ ဝိမှယန္တိ ပသံသန္တိ ဝိပ္ပသန္နေန စေတသာ။ တသ္မာ တေသံ မဟာပုညာနိ အဘိဝဍ္ဎန္တိ၊ သမ္ဗုဒ္ဓသာသနဍ္ဍ ဒိပ္ပတိ ဝိရောစတိ မဟာထေရသိက္ခတ္တယတေဇသာ။ အယမ္ပနာမှာက-မဘိပတ္ထနာ —

“မဟာထေရံ သမာရဗ္ဘ၊ ဝိဇ္ဇာဒပ္ပဏိသာမိကံ။
မဟာပုညာနိ ဝဍ္ဎန္တိ၊ သဇ္ဇနာနံ ဟိတေသိနံ။

သမ္ဗုဒ္ဓသာသနဍ္ဍာပိ၊ ထေရသိက္ခာယ ဒိပ္ပတိ။
တေန ပတ္ထေမ ထေရော”ယံ၊ ဇီဝတံ သရဒေါသတ”န္တိ။

ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသော
စည်ရှင်နာယကမဟာထေရော
မဟာဝိသုဒ္ဓါရာမေ
မဟာအောင်မြေနဂရေ
မန္တလေးမဟာမဏ္ဍလေ

# ထာ့မအိုး မဟာထေရဿ ဇန္မဒိန္နပူဇာဓမ္မကထာ

## ပဋိသန္ထာရဝစနံ

ဣဓာဂတာ ဘောန္တော သပ္ပုရိသာ ဗုဒ္ဓမာမကာ ဓမ္မမာမကာ သံဃမာမကာ ဘိက္ခုသာမဏေရာ ဥပါသကောပါသိကာယော စ။ မဟာ- ထေရဿ ဇန္မဒိန္နပူဇာသဘံ အာဂတာ တုမှေ စေဝ မယဉ္စ ဗုဒ္ဓ- ဘတ္တိကဗုဒ္ဓသာဝကဘာဝေန အညမညံ သမ္ဗန္ဓါ ဉာတိသာလောဟိတာ ကလျာဏမိတ္တာဝ ဘဝါမ။

ထာ့မအိုးမဟာထေရဝရော ဟိ သျာမရဋ္ဌိကာနံ စေဝ တုမှာကံ မြမ္မရဋ္ဌိကာနဉ္စ အမှာကံ ဗဟူပကာရော အတ္ထာနတ္ထဟိတာဟိတာတိ- ဒေသကော မဟာစရိယော။ သော ဟိ ထာ့မအိုးမဟာထေရော ယောနကဓမ္မရက္ခိတမဟာထေရော ဝိယ အညသ္မိံ ရဋ္ဌေ ဇာယိတွာ အညသ္မိံ ရဋ္ဌေ ဗုဒ္ဓသာသနပတ္ထာရကော ဗဟုဇနဟိတကာရကော ဝိနယာစာရယုတ္တော သုစိသလ္လေခဝုတ္တိကော ပိဋကတ္တယဆေကော အဂ္ဂမဟာပဏ္ဍိတော သမ္ဘာဝိ။

ယောနကဓမ္မရက္ခိတမဟာထေရော ဟိ သမ္ဗုဒ္ဓပရိနိဗ္ဗာနတော ဒွိဝဿသတမတ္တေ ကာလေ ယောနကရဋ္ဌေ မာတုဂဗ္ဘတော နိက္ခမ္မ ဝယပ္ပတ္တကာလေ မဇ္ဈိမဒေသေ ပါဋလိပုတ္တနဂရေ အသောကာရာမေ ပဗ္ဗဇ္ဇုပသမ္ပဒံ ပတွာ "ဓမ္မရက္ခိတော"တိ နာမမလတ္ထ၊ သော အပရသ္မိံ ကာလေ ဇာတိဒေသဝသေန ပဋိလဒ္ဓဂုဏဝသေန စ "ယောနကဓမ္မ- ရက္ခိတမဟာထေရော"တိ ပါကဋော ခီဏာသဝေါ အဟောသိ၊ သော

ပန မဟာထေရော တတိယဓမ္မသင်္ဂီတိယံ ဘာရနိတ္ထာရကော ဟုတွာ နဝသု ပစ္စန္တိမေသု ဇနပဒေသု ဗုဒ္ဓသာသနံ ပတိဋ္ဌာပေတုံ ပတ္ထာရေတုံ မဟာနာယကဘူတေန မောဂ္ဂလိပုတ္တတိဿတ္ထေရေန အပရန္တရဋ္ဌံ ပေသိတော။ ယောနကဓမ္မရက္ခိတမဟာထေရော တသ္မိံ အပရန္တရဋ္ဌေယေဝ ယာဝဇီဝံ ဗုဒ္ဓသာသနကိစ္စံ ကတွာ ပရိနိဗ္ဗာယိ။

ဧဝမေဝ အာယသ္မာပိ ဓမ္မာနန္ဒမဟာထေရဝရော ကူးခန်းကြီး (ပုခန်းကြီး)နဂရပဒေသေ ရေစကြိုနာမကေ နဂရေ တဿ (နဂရဿ) ပုဗ္ဗုတ္တရဒိသာဘာဂေ “သာစည်”နာမမဟာဂါမေ မနုဿဇာတိယာ ဇာတော၊ သော ဝယပ္ပတ္တကာလေ ရေစကြိုနဂရေ ပတ္တပိုက် (ပတ္တပိဏ္ဍိက)သံဃာရာမေ သာမဏေရသမဏဘာဝေန ဝသိတွာ သိက္ခာကာမာနံ ပဏ္ဍိတာနံ ဂန္ထဝါစကာနံ ထေရာနံ သန္တိကေ နာနာဂန္ထေ ပရိယာပုဏိတွာ ဘူတာရာဇဓာနိပုဗ္ဗေ “မန္တလေး”ဣတိ ပါကဋေ မဟာနဂရေ အဘိနဝမဟာဝိသုဒ္ဓါရာမေ စည်ရှင်နာမကေ ဝိဟာရေ ဓမ္မာစရိယနာယကဘူတာနံ ထေရာနံ သန္တိကေ ပိဋကတ္တယပါဒကေ ဗျာကရဏာဒိဂန္ထေ ပါဠိယဋ္ဌကထာဋီကာယော စ ဥဂ္ဂဏှိတွာ သိက္ခိတွာ မြမ္မရဋ္ဌိဿရေဟိ အဘိသင်္ခတာယံ နာနာဂန္ထပဋ္ဌဗျာကရဏသဘာယံ ဝိဝိဓာနိ ဇယမင်္ဂလာနိ ပဋိလဒ္ဓါ ပရိယောသာနေ “သာသနဓဇသိရီပဝရဓမ္မာစရိယော”တိ ဝရုပါဓိမ္ပိ သမ္ပဋိလဘိ။

တတော ပရံ ဆဋ္ဌသင်္ဂီတိကာရကေဟိ မဟာထေရေဟိ ပေသိတော သျာမရဋ္ဌေ သာသနဘာရနိတ္ထာရကဘာဝေန ဝသိတွာ သျာမရဋ္ဌိကာနံ ဘိက္ခုသာမဏေရာနံ နာနာဂန္ထေ ဝါစေတွာ ဂဟဋ္ဌာနံ ဥပါသကောပါသိကာနဉ္စ ဓမ္မံ ဒေသေတွာ ဗုဒ္ဓသာသနကိစ္စမကာသိ။

သနရာမရဿ လောကဿာတုလနာထဘူတဿ သမ္မာသမ္ဗုဒ္ဓဿ အာယုပရိစ္ဆေဒံ သဗ္ဗေ သာသနိကာ ဇနာ သဉ္ဇာနန္တိ “သမ္မာ-

သမ္ဗုဒ္ဓေါ အသီတိဝဿာယုကော”တိ၊ အင်္ဂသာဝကာနံ ပန သာရိပုတ္တ-မောဂ္ဂလ္လာနထေရာနံ အာယုပရိစ္ဆေဒံ ပရိဇာနန္တာ အတိဝိယာပွကာတိ မညာမ။

ဇော် ပဉ္စ ဘောဏ္ဍော သပ္ပုရိသာ တုမှာကံ ပုစ္ဆာမိ၊ တေသံ အင်္ဂ-သာဝကတ္ထေရာနံ အာယုပရိစ္ဆေဒေါ ကိတ္တကော?၊ သစေ ဝေါ ဇာနေ-ယျာထ၊ ယထာညာတံ ယထာဝိဒိတံ ဝိဿဇ္ဇေထ။ .... မြမ္မရဋ္ဌေ ပန မင်းကွန်းပဗ္ဗတဝါသိနာ ပဏ္ဍာဝံသာဘိဓာနေန မဟာထေရေန ပုဗ္ဗေ မန်လည်နဂရဝါသီ ဇဝနနာမဓေယျော မဟာထေရော “အင်္ဂသာဝက-တ္ထေရာ ပဉ္စဝီသတိဝဿာယုကကာလေ ဖော်ဘိက္ခုဘာဝေန ပဗ္ဗဇ္ဇုပ-သမ္ပဒံ ပတ္တာ သမဏဇာတိယာ စတုစတ္တာလီသဝဿကာလေ မနုဿ-ဇာတိယာ ဧကူနသတ္တတိဝဿာယုပရိစ္ဆေဒေ ပရိနိဗ္ဗုတာ”တိ ဝိဿဇ္ဇေသိ ပဉ္စစတ္တာလီသပုစ္ဆာဝိဿဇ္ဇနာယံ။ သာ ပန ဝိဿဇ္ဇနာ ပိဋကဂန္ထေသု နေယျတ္ထနယေန လဒ္ဓါ၊ တသ္မာ ဝိဿဇ္ဇကေန မန်လည်ထေရေန ဇေဝံ ဝုတ္တာ-

“ဝိမံသိတွာ ဂဟေတဗ္ဗော၊ တက္ကော မမ အယံ နယော။
သစေ ပဿန္တု နီတတ္ထံ၊ ပဋိကရောန္တု မုတ္တရ”န္တိ။

ထာ့မအိုးမဟာထေရော ပန ဝိသေသရောဂါဘိဘူတတ္တာဘာဝိ အပ္ပါဗာဓော အပ္ပါတင်္ကော အသမ္ဘိုဋ္ဌော ယာဝ နဝုတိဝဿာယုကကာလာ သမဏဓမ္မံ သမာစရတိ သမ္မာပဒဟတိ၊ နိဇသိဿေ စ ယထာဓမ္မံ ယထာဝိနယံ ဩဝဒိတွာ အနုသာသိတွာ သုဒန္တသုဝိနီတတ္တံ ပါပေတိ။

မနုဿာနံ အာယုပရိဟာနိကာလေ ယာဝ နဝုတိဝဿကာလာ ဇီဝန္တဿ နိရောဂဿ အသမ္ဘိုဋ္ဌဿ သမဏဓမ္မံ ပဋိပဇ္ဇန္တဿ မဟာ-ထေရဝရဿ ဇီဝိတံ မဟပ္ဖလံ မဟာစ္ဆရိယံ မဟာဗ္ဘုတန္တိ မညာမ။

ထာ့မအိုးမဟာထေရဝရဿ ဂဏာစရိယဘူတော မဟာဝိသုဒ္ဓါ- ရာမိကတ္ထေရပါဒေါ တိက္ခတ္တုံ သလ္လဒ္ဓရာဇဒတ္တောပါဓိကော ရွှေကျင်- နိကာယဓမ္မသေနာပတိ အဋ္ဌသတ္တတိဝဿာယုကကာလေ အန္တရဟိတော ဒိဝင်္ဂတော၊ သော ကိရ မဟာထေရပါဒေါ ဆသဋ္ဌိဝဿာယုကကာလေဝ ဒုဗ္ဗလတ္တံ ဇရာဇိဏ္ဏတ္တံ ပါပုဏိ၊ တေန ဝုတ္တံ တဿ ထေရုပ္ပတ္တိဒီပနိယံ (၂၂၇-ဂါထာကော်)-

“ဆသဋ္ဌိဝဿိကော ထေရော၊ အဓုနာ ဟောတိ ဒုဗ္ဗလော။
ပရိပက္ကဂတိ ဟေသာ၊ သဗ္ဗသတ္တေသု ဓမ္မတာ”တိ။

မနုဿာနံ ဗဟူပကာရာပွါယုကကာလေ ဇာတမ္ပိ ထာ့မအိုးမဟာ- ထေရဝရဲ့ အပ္ပါဗာဓံ ဒီဃာယုကံ သမ္ပဿန္တာ တဿ စ ဂုဏဂဏံ သဉ္ဇာနန္တာ သာသနိကာ သဇ္ဇနာ အတိဝိယ ဝိမှယန္တိ ပသံသန္တိ ဝိပ္ပသန္နေန စေတသာ၊ တသ္မာ တေသံ သန္တာနေ မဟာပုညာနိ အဘိဝဍ္ဎန္တိ၊ သမ္မာ- သမ္ဗုဒ္ဓသာသနဉ္စ ဒိပ္ပတိ ဝိရောစတိ မဟာထေရဝရဿ သိက္ခတ္တာယ- တေဇသာ။

အယံ ပနာမှာကမဘိပတ္ထနာ-

“မဟာထေရံ သမာရဗ္ဘ၊ ထာ့မအိုးရာမသာမိကံ။
မဟာပုညာနိ ဝဍ္ဎန္တိ၊ သဇ္ဇနာနံ ဟိတေသိနံ။
သမ္ဗုဒ္ဓသာသနဉ္စာပိ၊ ထေရသိက္ခာယ ဒိပ္ပတိ။
တေန ပတ္ထေမ ထေရော”ယံ၊ ဇီဝတံ သရဒေါသတ”န္တိ။

# သီလ(သမ္ပန္န)သုတ္တံ

[ဤဒံ သုတ္တံ သံယုတ္တနိကာယေ မဟာဝဂ္ဂေ ဗောဇ္ဈင်္ဂသံယုတ္တေ (သံ၊၃။ ၆၁-၄။သံ၊၅၊၃။၁၇၉-၁၈၂။) ခုဒ္ဒကနိကာယေ ဣတိဝုတ္တကေ စတုက္က-နိပါတေ (ဣတိဝုတ်။၂၆၇-၈။ ဣတိဝုတ်၊၅။၃၁၃-၃၁၇။) စ အာဂတံ။] ဤဒါနိ သီလ(သမ္ပန္န)သုတ္တံ ဒေသေဿာမိ၊ တံ သုဏာထ သာဓုကံ မနသိကရောထ။

၁၈၄။ ယေ တေ ဘိက္ခဝေ ဘိက္ခူ သီလသမ္ပန္နာ သမာဓိသမ္ပန္နာ ပညာသမ္ပန္နာ ဝိမုတ္တိသမ္ပန္နာ ဝိမုတ္တိဉာဏဒဿနသမ္ပန္နာ (ဩဝါဒကာ ဝိညာပကာ သန္ဒဿကာ သမာဒပကာ သမုတ္တေဇကာ သမ္ပဟံသကာ အလံသမက္ခာတာရော သဒ္ဓမ္မဿ)။ ဒဿနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ (ဗဟူပကာရံ) ဝဒါမိ၊ သဝနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ၊ ဥပသင်္ကမနမ္ပာဟံ .... ပယိရုပါသနမ္ပာဟံ .... အနုဿတိမ္ပာဟံ (အနုဿရဏမ္ပာဟံ) .... အနုပ္ပဗ္ဗဇ္ဇမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမိ။ တံ ကိဿ ဟေတု? တထာရူပါနံ ဘိက္ခဝေ ဘိက္ခူနံ ဓမ္မံ သုတွာ ဒွယေန (ဝူပကာသေန) ဝူပကဋ္ဌော ဝိဟရတိ ကာယဝူပကာသေန စ စိတ္တဝူပကာသေန စ၊ သော တထာ ဝူပကဋ္ဌော ဝိဟရန္တော တံ ဓမ္မံ အနုဿရတိ အနုဝိတက္ကေတိ။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု တထာ ဝူပကဋ္ဌော ဝိဟရန္တော တံ ဓမ္မံ အနုဿရတိ အနုဝိတက္ကေတိ၊ သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ သတိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ သတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ သော တထာ သတော ဝိဟရန္တော တံ ဓမ္မံ ပညာယ ပဝိစိနတိ ပဝိစရတိ ပရိဝီမံသမာပဇ္ဇတိ (၁)။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု တထာ သတော ဝိဟရန္တော တံ ဓမ္မံ ပညာယ ပဝိစိနတိ ပဝိစရတိ ပရိဝီမံသမာပဇ္ဇတိ၊ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ဓမ္မဝိစယ-သမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ တဿ တံ ဓမ္မံ ပညာယ ပဝိစိနတော ပဝိစရတော ပရိဝီမံသမာပဇ္ဇတော အာရဒ္ဓံ ဟောတိ ဝီရိယံ အသလ္လီနံ (၂)။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုနော တံ ဓမ္မံ ပညာယ ပဝိစိနတော ပဝိစရတော ပရိဝီမံသမာပဇ္ဇတော အာရဒ္ဓံ ဟောတိ ဝီရိယံ အသလ္လီနံ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ အာရဒ္ဓဝီရိယဿ ဥပ္ပဇ္ဇတိ ပီတိ နိရာမိသာ (၃)။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုနော အာရဒ္ဓဝီရိယဿ ဥပ္ပဇ္ဇတိ ပီတိ နိရာမိသာ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ပီတိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ပီတိ-သမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ ပီတိမနဿ ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ ပဿမ္ဘတိ (၄)။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုနော ပီတိမနဿ ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ ပဿမ္ဘတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာ-ပါရိပူရိံ ဂစ္ဆတိ၊ ပဿဒ္ဓကာယဿ သုခိနော စိတ္တံ သမာဓိယတိ (၅)။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခုနော ပဿဒ္ဓကာယဿ သုခိနော စိတ္တံ သမာဓိယတိ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ သမာဓိသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ၊ သော တထာ သမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ (၆)။

ယသ္မိံ သမယေ ဘိက္ခဝေ ဘိက္ခု တထာ သမာဟိတံ စိတ္တံ သာဓုကံ အဇ္ဈုပေက္ခိတာ ဟောတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓေါ ဟောတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ တသ္မိံ သမယေ ဘိက္ခု ဘာဝေတိ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ တသ္မိံ သမယေ ဘိက္ခုနော ဘာဝနာပါရိပူရိံ ဂစ္ဆတိ (၇)။

ဧဝံ ဘာဝိတေသု ခေါ ဘိက္ခဝေ သတ္တသု ဗောဇ္ဈင်္ဂေသု ဧဝံ ဗဟုလီကတေသု သတ္တ ဖလာ သတ္တာနိသံသာ ပါဋိကင်္ခါ။ ကတမေ သတ္တ ဖလာ သတ္တာနိသံသာ? ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ (၁)။ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ၊ အထ မရဏ-ကာလေ အညံ အာရာဓေတိ (၂)။ နော စေ ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတိ၊ နော စေ မရဏကာလေ အညံ အာရာဓေတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ အန္တရာပရိနိဗ္ဗာယီ ဟောတိ (၃)။ နော စေ ဒိဋ္ဌေဝ ....အန္တရာပရိနိဗ္ဗာယီ ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဥပဟစ္စ ပရိနိဗ္ဗာယီ ဟောတိ (၄)။ နော စေ .... ဥပဟစ္စပရိနိဗ္ဗာယီ ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ အသင်္ခါရပရိနိဗ္ဗာယီ ဟောတိ (၅)။ နော စေ .... အသင်္ခါရပရိနိဗ္ဗာယီ ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ သသင်္ခါရပရိနိဗ္ဗာယီ ဟောတိ (၆)။ နော စေ ....

သသင်္ခါရပရိနိဗ္ဗာယီ ဟောတိ၊ အထ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ ဥဒ္ဓံသောတော ဟောတိ အကနိဋ္ဌဂါမီ (၇)။

ဧဝံ ဘာဝိတေသု ခေါ ဘိက္ခဝေ သတ္တသု ဗောဇ္ဈင်္ဂေသု ဧဝံ ဗဟုလီကတေသု ဣမေ သတ္တ ဖလာ သတ္တာနိသံသာ ပါဋိကင်္ခါတိ။

သီလ(သမ္ပန္န)သုတ္တံ နိဋ္ဌိတံ။

## အဋ္ဌကထာသံဝဏ္ဏနာ

### သမုဒါယတ္ထော

ဣမဿ သီလ(သမ္ပန္န)သုတ္တဿ အတ္ထံ ဘာသိဿာမိ၊ တံ သာဓုကံ သုဏာထ မနသိကရောထ၊ အယံ ပနေတ္ထ သမုဒါယတ္ထော – ဣမသ္မိံ သုတ္တေ ဘဂဝတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ကေစိတ္တက္ခဏိကာ ကေသ္မိံ စိတ္တက္ခဏေ ဥပ္ပန္နာ အရဟတ္တမဂ္ဂဿ ပုဗ္ဗဘာဂဝိပဿနာ-သင်္ခါတာ သတ္တ ဗောဇ္ဈင်္ဂါ ကထိတာ။

ယော ပုဂ္ဂလော သီလသမာဓိပညာသမ္ပန္နေ ဝိမုတ္တိဝိမုတ္တိဉာဏ-ဒဿနသမင်္ဂီနော အရိယေ စက္ခုနာ ပဿတိ၊ တေသံ ပဝတ္တိံ သောတေန သုဏာတိ၊ တေ သီလာဒိဂုဏသမ္ပန္နေ ဥပသင်္ကမတိ, ပယိရုပါသတိ၊ တေသံ ဂုဏေ စေဝ ဩဝါဒေ စ အနုဿရတိ၊ တေသံ အရိယာနံ သန္တိကေ စိတ္တံ ပသာဒေတွာ ပဗ္ဗဇိတွာ တေသံယေဝ ဩဝါဒါနုသာသနိံ ပစ္စာသီသတိ, အနုစရတိ။

တဿ ဒဿနသဝနာဒိကဿ ပုဂ္ဂလဿ သတ္တ ဖလာ သတ္တာနိသံသာ ဥပ္ပဇ္ဇန္တိ၊ ကတမေ သတ္တ? (၁) ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညာသင်္ခါတဿ အရဟတ္တဖလဿ အာရာဓနံ, သာဓနံ။ (၂) အထ မရဏာသန္နကာလေ အရဟတ္တဖလဿ အာရာဓနံ။ (၃) အထ အဝိဟာဒိသု သုဒ္ဓါဝါသေသု ဥပပဇ္ဇိတွာ အာယုဝေမဇ္ဈံ အနတိက္ကမိတွာ အန္တရာပရိနိဗ္ဗာနံ။ (၄) အထ အာယုဝေမဇ္ဈံ အတိက္ကမိတွာ ဥပဟစ္စ ပရိနိဗ္ဗာနံ။ (၅) အထ ယတ္ထ ကတ္ထစိ ဥပပဇ္ဇိတွာ အသင်္ခါရပရိနိဗ္ဗာနံ။ (၆) အထ သသင်္ခါရပရိနိဗ္ဗာနံ။ (၇) အထ ဥပရူပရိ နိဗ္ဗတ္တိတွာ တဿ အနာဂါမိနော ဥဒ္ဓံသောတဘာဝေါ အကနိဋ္ဌဂါမိတာတိ၊ ဣမေ သတ္တ ဖလာ သတ္တာနိသံသာ ဥပ္ပဇ္ဇန္တီတိ။

## အဝယဝတ္ထော

အယံ ပနေတ္ထ အဝယဝတ္ထော — သီလသမ္ပန္နဿာတိ ဧတ္ထ ခီဏာသဝါနံ လောကိယလောကုတ္တရံ ဝိရတိစေတနာသင်္ခါတံ သီလံ ကထိတံ၊ သမာဓိပညာသုပိ ဧသေဝ နယော။ ဝိမုတ္တိ ပန ဖလဝိမုတ္တိယေဝ သာ လောကုတ္တရာဝ၊ ဝိမုတ္တိဉာဏဒဿနံ ပစ္စဝေက္ခဏာဉာဏံ၊ တံ လောကိယမေဝ။

ဒဿနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟုကာရံ ဝဒါမီတိ ဧတ္ထ ဒဿနံ နာမ စက္ခုဒဿနံ, ဉာဏဒဿနန္တိ ဒုဝိဓံ၊ တတ္ထ ပသန္နေဟိ စက္ခူဟိ အရိယာနံ ဒဿနံ ဩလောကနံ စက္ခုဒဿနံ နာမ။ ဉာဏဒဿနံ ပန အရိယေဟိ ဒိဋ္ဌဿ နာမရူပဓမ္မာနံ ပစ္စတ္တလက္ခဏဿ အနိစ္စာဒိသာမညလက္ခဏဿ ဝါ ဒဿနံ, အရိယေဟိ ပဋိဝိဒ္ဓဿ ယထာဝုတ္တလက္ခဏဿ ဈာနဝိပဿနာမဂ္ဂဖလေဟိ ပဋိဝိဇ္ဈနဉ္စ ဉာဏဒဿနံ နာမ။ ဧတ္ထ ပန စက္ခုဒဿနံ အဓိပ္ပေတံ။ အရိယာနံ ပသန္နေဟိ

စက္ခုဟိ ဩလောကနမ္ပိ ဗဟုကာရမေဝ၊ ပဂေဝ ဉာဏဒဿနေတိ အဓိပ္ပါယော။

"အနဿတိမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခုနံ ဗဟုကာရံ ဝဒါမီ"တိ ဧတ္ထ အနဿတိ နာမ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု နိသိန္နာနံ အရိယာနံ "ဣဒါနိ အရိယာ လောကုတ္တရမဂ္ဂပါဒိသု ဈာနဝိပဿနာမဂ္ဂဖလ-သုခေဟိ ဝိတိ နာမေန္တီ"တိ အနဿရဏံ။

ယော ဝါ တေသံ အရိယာနံ သန္တိကေ ဩဝါဒေါ လဒ္ဓေါ ဟောတိ၊ တံ (ဩဝါဒံ) အာဝဇ္ဇေတွာ "ဣမသ္မိံ ဌာနေ သီလံ ကထိတံ၊ ဣမသ္မိံ ဌာနေ သမာဓိ ကထိတော၊ ဣမသ္မိံ ဝိပဿနာ, ဣမသ္မိံ မဂ္ဂေါ, ဣမသ္မိံ ဖလံ ကထိတ"န္တိ အနဿရဏံ။

"အနုပဗ္ဗဇ္ဇမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခုနံ ဗဟုကာရံ ဝဒါမီ"တိ ဧတ္ထ ယေ ပုဂ္ဂလာ အရိယာနံ သန္တိကေ စိတ္တံ ပသာဒေတွာ တေသံယေဝ သန္တိကေ ပဗ္ဗဇိတွာ တေသံယေဝ ဩဝါဒါနုသာသနိံ ပစ္စာသီသမာနာ စရန္တိ အနုဝတ္တန္တိ၊ တေ အနုပဗ္ဗဇိတာ နာမ၊ တေသံ ပဗ္ဗဇ္ဇာပိ အနုပဗ္ဗဇ္ဇာတိ ဝုစ္စတိ။

သာသနိကေဟိ အညေသု တာပသပရိဗ္ဗာဇကာဒိသု ပသာဒေန တေသံယေဝ သန္တိကေ ပဗ္ဗဇိတွာ တေသံယေဝ ဩဝါဒါနုသာသနိံ ပစ္စာသီသမာနဿ စရတော အနုဝတ္တန္တဿ ပဗ္ဗဇ္ဇာ အနုပဗ္ဗဇ္ဇာ နာမ န ဟောတိ။

သမ္မာသမ္ဗုဒ္ဓကာလတော ယာဝ တတိယသင်္ဂီတိကာလာ အာစရိယ-ပရမ္ပရာသခါတာ အနုပဗ္ဗဇ္ဇာ ဝိနယပရိဝါရပါဠိယံ (၂၆၁၂) ဧဝမာဂတာ-

"ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
မောဂ္ဂလိပုတ္တေန ပဉ္စမာ၊ ဧတေ ဇမ္ဗုသိရိဝှယေ"တိ။

တထာ သမန္တပါသာဒိကာယံ ဝိနယဋ္ဌကထာယံ (ဝိ၊ဋ္ဌ၊၁။၂၄) ဧဝံ ဝုတ္တာ-

"ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
တိဿော မောဂ္ဂလိပုတ္တော စ၊ ပဉ္စေတေ ဝိဇိတာဝိနော။

ပရမ္ပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဇ္ဇမာနမာနေသုံ၊ တတိယော ယာဝ သင်္ဂဟော"တိ။

ဣမိဿံ ပန သံယုတ္တဋ္ဌကထာယံ (သံ၊ဋ္ဌ၊၃။၁၈၀) စေဝ ဣတိဝုတ္တကဋ္ဌကထာယံ (ဣတိဝုတ်၊ဋ္ဌ။၃၁၄) စ အာစရိယပရမ္ပရာ ဧဝံ ဝုတ္တာ-

"ဧဝံ ပဗ္ဗဇိတေသု ပန မဟာကဿပတ္ထေရဿ တာဝ အနုပုဗ္ဗဇ္ဇ ပဗ္ဗဇိတာ သတသဟဿမတ္တာ အဟေသုံ၊ တထာ ထေရဿေဝ သဒ္ဓိဝိဟာရိကဿ စ စန္ဒဂုတ္တတ္ထေရဿ၊ တဿာပိ သိဒ္ဓိဝိဟာရိကဿ သူရိယဂုတ္တတ္ထေရဿ၊ တဿာပိ သိဒ္ဓိဝိဟာရိကဿ အဿဂုတ္တတ္ထေရဿ၊ တဿာပိ သဒ္ဓိဝိဟာရိကဿ ယောနကဓမ္မရက္ခိတတ္ထေရဿ၊ တဿ ပန သဒ္ဓိဝိဟာရိကော အသောကရညော ကနိဋ္ဌဘာတာ တိဿတ္ထေရော နာမ အဟောသိ။ တဿ အနုပုဗ္ဗဇ္ဇ ပဗ္ဗဇိတာ အဓုတေယျကောဋိသင်္ခါ အဟေသုံ"န္တိ။

ယောနကဓမ္မရက္ခိတတ္ထေရော ပန တတိယမဟာဓမ္မသင်္ဂီတိယံ အာယသ္မတာ မောဂ္ဂလိပုတ္တတ္ထေရေန နဝသု ပစ္စန္တိမေသု ဇနပဒေသု ဗုဒ္ဓသာသနဿ သုပ္ပတိဋ္ဌိတတ္တာယ ပေသိတေသု နာယကတ္ထေရေသု အပရန္တရဋ္ဌံ ပေသိတနာယကတ္ထေရော ဟောတိ။

တသ္မာ သမ္မာသမ္ဗုဒ္ဓကာလတော ယာဝ တတိယဓမ္မသင်္ဂီတိကာလာ အာစရိယပရမ္ပရာဘူတာ အနုပုဗ္ဗဇ္ဇာ ဧဝမ္ပိ ဝတ္တဗ္ဗာ-

"ကဿပေါ စန္ဒဂုတ္တော စ၊ သူရိယဂုတ္တော စ အဿကော။
ယောနကော ဓမ္မရက္ခိတော၊ ပဉ္စေတေ ဝိဇိတာဝိနော။

ပရမ္ပရာယ သဒ္ဓမ္မံ၊ ဒီပေ ဇမ္ဗုသိရိဝှယေ။
အစ္ဆိဋ္ဌမာနမာနေသုံ၊ တတိယော ယာဝ သင်္ဂဟော”တိ။

## နိဂမနပတ္ထနာ

ဧတ္တာဝတာ သံယုတ္တနိကာယေ မဟာဝဂ္ဂေ ဗောဇ္ဈင်္ဂသံယုတ္တေ, ခုဒ္ဒကနိကာယေ ဣတိဝုတ္တကေ စတုက္ကနိပါတေ စ အာဂတာ သီလ-(သမ္ပန္န)သုတ္တဓမ္မဒေသနာ ပရိပုဏ္ဏာ၊ ဣမိနာ ဓမ္မဒေသနာပုညကမ္မေန မမ ဇနနီဇနကာ မာတာပိတရော အာစရိယပါစရိယာ ဒါယကဒါယိကာ ဗုဒ္ဓသာသနသမုန္နတိကာ စ အညေ သဗ္ဗေ လဘန္တု အဇရာမရမောက္ခမဂ္ဂံ။ အယံ ပနေတ္ထ သင်္ခေပပတ္ထနာ-

“ဣမိနာ အဂ္ဂပုညေန၊ အညေန ကုသလေန စ။
အဂ္ဂပ္ပတ္တာ မောဒမာနာ၊ ပပ္ပေါန္တု အမတံ ပုရ”န္တိ။

## (အဋ္ဌကထာ)

၁၈၄။ တတိယေ သီလသမ္ပန္နာတိ ဧတ္ထ ခီဏာသဝဿ လောကိယ-လောကုတ္တရသီလံ ကထိတံ၊ တေန သမ္ပန္နာတိ အတ္ထော။ သမာဓိပညာသုပိ ဧသေဝ နယော။ ဝိမုတ္တိ ပန ဖလဝိမုတ္တိယေဝ၊ ဝိမုတ္တိဉာဏဒဿနံ ပစ္စဝေက္ခဏဉာဏံ။ ဧဝမေတ္ထ သီလာဒယော တယော လောကိယ-လောကုတ္တရာ၊ ဝိမုတ္တိ လောကုတ္တရာဝ၊ ဝိမုတ္တိဉာဏဒဿနံ လောကိယ-မေဝ။

ဒဿနမ္ပာဟန္တိ ဒဿနမ္ပိ အဟံ။ တံ ပနေတံ ဒဿနံ .... စက္ခုဒဿနံ ဉာဏဒဿနန္တိ ဒုဝိဓံ။ တတ္ထ ပသန္နေဟိ စက္ခူဟိ အရိယာနံ ဒဿနံ ဩလောကနံ စက္ခုဒဿနံ နာမ။ အရိယေဟိ ပန ဒိဋ္ဌဿ လက္ခဏဿ ဒဿနံ, ပဋိဝိဒ္ဓဿ စ ပဋိဝိဇ္ဈနံ ဈာနေန ဝါ ဝိပဿနာယ ဝါ မဂ္ဂဖလေဟိ ဝါ ဉာဏဒဿနံ နာမ။ ဣမသ္မိံ ပနေတ္ထ စက္ခုဒဿနံ အဓိပ္ပေတံ။ အရိယာနဉ္ဟိ ပသန္နေဟိ စက္ခူဟိ ဩလောကနမ္ပိ ဗဟုကာရမေဝ။ သဝနန္တိ "အသုကော နာမ ခီဏာသဝေါ အသုကသ္မိံ နာမ ရဋ္ဌေ ဝါ ဇနပဒေ ဝါ ဂါမေ ဝါ နိဂမေ ဝါ ဝိဟာရေ ဝါ လေဏေ ဝါ ဝသတီ"တိ ကထေန္တာနံ သောတေန သဝနံ၊ ဧတမ္ပိ ဗဟုကာရမေဝ။ ဥပသင်္ကမနန္တိ "ဒါနံ ဝါ ဒဿာမိ၊ ပဉှံ ဝါ ပုစ္ဆိဿာမိ၊ ဓမ္မံ ဝါ သောဿာမိ၊ သက္ကာရံ ဝါ ကရိဿာမီ"တိ ဧဝရူပေန စိတ္တေန အရိယာနံ ဥပသင်္ကမနံ။ ပယိရုပါ-သနန္တိ ပဉှာပယိရုပါသနံ။ အရိယာနံ ဂုဏေ သုတွာ တေ ဥပသင်္ကမိတွာ နိမန္တေတွာ ဒါနံ ဒတွာ "ကိံ ဘန္တေ ကုသလ"န္တိအာဒိနာ နယေန ပဉှပုစ္ဆနန္တိ အတ္ထော။

အနုဿတိန္တိ ရတ္တိဋ္ဌာနဒိဝါဋ္ဌာနေသု နိသိန္နဿ "ဣဒါနိ အရိယာ လေဏဂုဟာမဏ္ဍပါဒီသု ဈာနဝိပဿနာမဂ္ဂဖလသုခေဟိ ဝီတိနာမေန္တီ"တိ အနုဿရဏံ။ ယော ဝါ တေသံ သန္တိကေ ဩဝါဒေါ လဒ္ဓေါ ဟောတိ၊ တံ အာဝဇ္ဇိတွာ "ဣမသ္မိံ ဌာနေ သီလံ ကထိတံ၊ ဣမသ္မိံ သမာဓိ၊ ဣမသ္မိံ

ဝိပဿနာ၊ ဣမသ္မိံ မဂ္ဂေ၊ ဣမသ္မိံ ဖလ”န္တိ အနုဿရဏံ။ အနုပဗ္ဗဇ္ဇန္တိ အရိယေသု စိတ္တံ ပသာဒေတွာ ဃရာ နိက္ခမ္မ တေသံ သန္တိကေ ပဗ္ဗဇ္ဇံ။ အရိယာနဉ္စ သန္တိကေ စိတ္တံ ပသာဒေတွာ တေသံယေဝ သန္တိကေ ပဗ္ဗဇိတွာ တေသံယေဝ ဩဝါဒါနုသာသနိံ ပစ္စာသီသမာနဿ စရတောပိ ပဗ္ဗဇ္ဇာ အနုပဗ္ဗဇ္ဇာ နာမ။ အရိယေသု ပသာဒေန အညတ္ထ ပဗ္ဗဇိတွာ အရိယာနံ သန္တိကေ ဩဝါဒါနုသာသနိံ ပစ္စာသီသမာနဿ စရတော ပဗ္ဗဇ္ဇာပိ အနုပဗ္ဗဇ္ဇာ နာမ။ အညေသု ပန ပသာဒေန အညေသံယေဝ သန္တိကေ ပဗ္ဗဇိတွာ အညေသံယေဝ ဩဝါဒါနုသာသနိံ ပစ္စာသီသမာနဿ စရတော ပဗ္ဗဇ္ဇာ အနုပဗ္ဗဇ္ဇာ နာမ န ဟောတိ။

ဧဝံ ပဗ္ဗဇိတေသု ပန မဟာကဿပတ္ထေရဿ တာဝ အနုပဗ္ဗဇ္ဇံ ပဗ္ဗဇိတာ သင်္ဃသဟဿမတ္တာ အဟေသုံ၊ တထာ ထေရဿေဝ သဒ္ဓိဝိဟာရိကဿ စ စန္ဒဂုတ္တတ္ထေရဿ၊ တဿာပိ သဒ္ဓိဝိဟာရိကဿ သူရိယဂုတ္တတ္ထေရဿ၊ တဿာပိ သဒ္ဓိဝိဟာရိကဿ အဿဂုတ္တတ္ထေရဿ၊ တဿာပိ သဒ္ဓိဝိဟာရိကဿ ယောနကဓမ္မရက္ခိတတ္ထေရဿ၊ တဿ ပန သဒ္ဓိဝိဟာရိကော အသောကရညော ကနိဋ္ဌဘာတာ တိဿတ္ထေရော နာမ အဟောသိ။ တဿ အနုပဗ္ဗဇ္ဇံ ပဗ္ဗဇိတာ အဍ္ဎတေယျကောဋိသင်္ခါ အဟေသုံ။ မဟိန္ဒတ္ထေရဿ အနုပဗ္ဗဇိတာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။ ယာဝဇ္ဇဒိဝသာ လင်္ကာဒီပေ သတ္ထရိ ပသာဒေန ပဗ္ဗဇန္တာ မဟိန္ဒတ္ထေရ-ဿေဝ ပဗ္ဗဇ္ဇံ အနုပဗ္ဗဇ္ဇန္တိ နာမ။

အာရဒ္ဓေါ ဟောတီတိ ပရိပုဏ္ဏော ဟောတိ။ ပဝိစိနတီတိအာဒိ သဗ္ဗံ တတ္ထ ဉာဏစာရဝသေနေဝ ဝုတ္တံ။ အထ ဝါ ပဝိစိနတီတိ တေသံ တေသံ ဓမ္မာနံ လက္ခဏံ ဝိစိနတိ။ ပဝိစရတီတိ တတ္ထ ဉာဏံ စရာပေတိ။ ပရိဝီမံသမာပဇ္ဇတီတိ ဝီမံသနံ ဩလောကနံ ဂဝေသနံ အာပဇ္ဇတိ။

ဒိဋ္ဌေဝ ဓမ္မေ ပဋိကစ္စ အညံ အာရာဓေတီတိ အရဟတ္တံ အာရာဓေန္တော ဣမသ္မိံယေဝ အတ္တဘာဝေ အာရာဓေတိ၊ တဉ္စ ခေါ

ပဋိကစ္စ၊ အသမ္ပတ္တေယေဝ မရဏကာလေတိ အတ္ထော။ အထ မရဏကာလေတိ အထ မရဏဿ အာသန္နကာလေ။

အန္တရာပရိနိဗ္ဗာယီတိ ယော အာယုဝေမဇ္ဈံ အနတိက္ကမိတွာ ပရိနိဗ္ဗာယတိ၊ သော တိဝိဓော ဟောတိ၊ ကပ္ပသဟဿာယုကေသု တာဝ အဝိဟေသု နိဗ္ဗတ္တိတွာ ဧကော နိဗ္ဗတ္တဒိဝသေယေဝ အရဟတ္တံ ပါပုဏာတိ။ နော စေ နိဗ္ဗတ္တဒိဝသေ ပါပုဏာတိ၊ ပဌမဿ ပန ကပ္ပသတဿ မတ္ထကေ ပါပုဏာတိ။ အယမေကော အန္တရာပရိနိဗ္ဗာယီ။ အပရော ဧဝံ အသက္ကောန္တော ဒွိန္နံ ကပ္ပသတာနံ မတ္ထကေ ပါပုဏာတိ၊ အယံ ဒုတိယော။ အပရော ဧဝမ္ပိ အသက္ကောန္တော စတုန္နံ ကပ္ပသတာနံ မတ္ထကေ ပါပုဏာတိ၊ အယံ တတိယော အန္တရာပရိနိဗ္ဗာယီ။

ပဉ္စမံ ပန ကပ္ပသတံ အတိက္ကမိတွာ အရဟတ္တံ ပတ္တော ဥပဟစ္စပရိနိဗ္ဗာယီ နာမ ဟောတိ။ အတပ္ပါဒီသုပိ ဧသေဝ နယော။ ယတ္ထ ကတ္ထစိ ဥပ္ပန္နော ပန သသင်္ခါရေန သပ္ပယောဂေန အရဟတ္တံ ပတ္တော သသင်္ခါရပရိနိဗ္ဗာယီ နာမ။ အသင်္ခါရေန အပ္ပယောဂေန ပတ္တော အသင်္ခါရပရိနိဗ္ဗာယီ နာမ။ အဝိဟာဒီသုပိ နိဗ္ဗတ္တော တတ္ထ ယာဝတာယုကံ ဌတွာ ဥပရူပရိ နိဗ္ဗတ္တိတွာ အကနိဋ္ဌံ ပတ္တော ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ နာမ။

ဣမသ္မိံ ပန ဌာနေ အဋ္ဌစတ္တာရီသ အနာဂါမိနော ကထေတဗ္ဗာ။ အဝိဟေသု ဟိ တယော အန္တရာပရိနိဗ္ဗာယီ, ဧကော ဥပဟစ္စပရိနိဗ္ဗာယီ, ဧကော ဥဒ္ဓံသောတော အကနိဋ္ဌဂါမီတိ ပဉ္စ ဟောန္တိ။ တေ အသင်္ခါရပရိနိဗ္ဗာယိနော ပဉ္စ, သသင်္ခါရပရိနိဗ္ဗာယိနော ပဉ္စာတိ ဒသ ဟောန္တိ။ တထာ အတပ္ပါဒီသု။ အကနိဋ္ဌေသု ပန ဥဒ္ဓံသောတော နတ္ထိ၊ တသ္မာ တတ္ထ စတ္တာရော သသင်္ခါရပရိနိဗ္ဗာယီ, စတ္တာရော အသင်္ခါရပရိနိဗ္ဗာယီတိ အဋ္ဌာတိ ဧဝံ အဋ္ဌစတ္တာလီသ ဟောန္တိ။ တေသံ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ သဗ္ဗဇေဋ္ဌော စေဝ ဟောတိ သဗ္ဗကနိဋ္ဌော စ။ ကထံ? သော ဟိ

သောဠသကပ္ပသဟဿာယုကတ္တာ အာယုနာ သဗ္ဗေသံ ဇေဋ္ဌော၊ သဗ္ဗ-
ပစ္ဆာ အရဟတ္တံ ပါပုဏီတိ သဗ္ဗေသံ ကနိဋ္ဌော။ ဣမသ္မိံ သုတ္တေ အပုဗ္ဗံ
အစရိမံ ဧကစိတ္တက္ခဏိကာ နာနာလက္ခဏာ အရဟတ္တမဂ္ဂဿ ပုဗ္ဗ-
ဘာဂဝိပဿနာ ဗောဇ္ဈင်္ဂါ ကထိတာ။ (အဋ္ဌကထာ)

## (ဋီကာ)

လက္ခဏာဿ ဒဿနန္တိ သဘာဝဓမ္မာနံ သင်္ခတာနံ ပစ္စတ္တလက္ခဏဿ
ဉာတပရိညာယ, အနိစ္စာဒိသာမညလက္ခဏဿ တီရဏပရိညာယ ဒဿနံ၊
ပဇဟန္တောပိ ဟိ တေ ပဟာတဗ္ဗာကာရတော ပဿတိ နာမ။ နိဗ္ဗာနဿ
တထလက္ခဏံ မဂ္ဂဖလေဟိ ဒဿနံ။ တံ ပန ပဋိဝိဇ္ဈနံ။ ဈာနေန ပထဝီ-
ကသိဏာဒီနံ, အဘိညာဟိ ရူပါနံ ဒဿနမ္ပိ ဉာဏဒဿနမေဝ။ စက္ခု-
ဒဿနံ အဓိပ္ပေတံ သဝနပယိရုပါသနာနံ ပရတော ဂဟိတတ္တာ။ ပဥှ-
ပယိရုပါသနန္တိ ပဥှပုစ္ဆနဝသေန ပယိရုပါသနံ အညကမ္မတ္ထာယ ဥပ-
သင်္ကမနဿ ကေဝလံ ဥပသင်္ကမနေနဝ ဇောတိတတ္တာ။

အညေသံယေဝ သန္တိကေတိ အရိယေဟိ အညေသံ သာသနိကာနံ
ယေဝ သန္တိကေ။ တေနာဟ .... "အနုပဗ္ဗဇ္ဇာ နာမာ"တိ။ အညေသူတိ
သာသနိကေဟိ အညေသု တာပသပရိဗ္ဗာဇကာဒီသု။ တတ္ထ ဟိ ပဗ္ဗဇ္ဇာ
အရိယာနံ အနုပဗ္ဗဇ္ဇာ နာမ န ဟောတီတိ ဝုတ္တံ။

အာရဒ္ဓေါ ဟောတီတိ သမ္မာဒိတော ဟောတိ။ တံ ပန သမ္မာဒနံ
ပါရိပူရိ ဝေါတိ အာဟ "ပရိပုဏ္ဏော ဟောတီ"တိ။ တေသံ တေသံ ဓမ္မာနန္တိ
တသ္မိံ တသ္မိံ ဩဝါဒဓမ္မေ အာဂတာနံ ရူပါရူပဓမ္မာနံ။ လက္ခဏန္တိ
ဝိသေသလက္ခဏံ သာမညလက္ခဏဉ္စ။ ပဝိစိနတီတိ "ဣဒံ ရူပံ ဧတ္တကံ
ရူပ"န္တိအာဒိနာ ဝိစယံ အာပဇ္ဇတိ။

သော တိဝိဓော ဟောတိ ဉာဏဿ တိက္ခမန္ဒမုဒုဘာဝေန။ ဥပဟစ္စပရိနိဗ္ဗာယီ နာမ အာယုဝေမဇ္ဈံ အတိက္ကမိတွာ ပရိနိဗ္ဗာယနတော။ ယတ္ထ ကတ္ထစီတိ အဝိဟာဒီသု ယတ္ထ ကတ္ထစိ။ သပ္ပယောဂေနာတိ ဝိပဿနာဉာဏသင်္ခါရသင်္ခါတေန ပယောဂေန၊ သဟ ဝိပဿနာ-ပယောဂေနာတိ အတ္ထော။ သုဒ္ဓါဝါသဘူမိယံ ဥဒ္ဓံယေဝ မဂ္ဂသောတော ဧတဿာတိ ဥဒ္ဓံသောတော။ ပဋိသန္ဓိဝသေန အကနိဋ္ဌဘာဝံ ဂစ္ဆတီတိ အကနိဋ္ဌဂါမီ။ (ဋီကာ)

၁။ နိဓိံ နိဓေတိ ပုရိသော၊ ဂမ္ဘီရေ ဩဒကန္တိကေ။
အတ္ထေ ကိစ္စေ သမုပ္ပန္နေ၊ အတ္ထာယ မေ ဘဝိဿတိ။

၂။ ရာဇတော ဝါ ဒုရုတ္တဿ၊ စောရတော ပီဠိတဿ ဝါ။
ဣဏဿ ဝါ ပမောက္ခာယ၊ ဒုဗ္ဘိက္ခေ အာပဒါသု ဝါ။
ဧတဒတ္ထာယ လောကသ္မိံ၊ နိဓိ နာမ နိဓီယတိ။

၃။ တာဝ'သုနိဟိတော သန္တော၊ ဂမ္ဘီရေ ဩဒကန္တိကေ။
န သဗ္ဗော သဗ္ဗဒါ ဧဝ၊ တဿ တံ ဥပကပ္ပတိ။

၄။ နိဓိ ဝါ ဌာနာ စဝတိ၊ သညာ ဝါဿ ဝိမုယှတိ။
နာဂါ ဝါ အပနာမေန္တိ၊ ယက္ခာ ဝါပိ ဟရန္တိ နံ။

၅။ အပ္ပိယာ ဝါပိ ဒါယာဒါ၊ ဥဒ္ဓရန္တိ အပဿတော။
ယဒါ ပုညက္ခယော ဟောတိ၊ သဗ္ဗမေတံ ဝိနဿတိ။

( ဤမံ တော့မအိုးမဟာထေရပူဇာသဘာဂါတာ ဘောန္တော သပ္ပုရိသာ!)

၆။ ယသ္သ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။

၇။ စေတိယမှိ စ သံဃေ ဝါ၊ ပုဂ္ဂလေ အတိထီသု ဝါ။
မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။

၈။ ဧသော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။
ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။

၉။ အသာဓာရဏမညေသံ၊ အစောရာ ဟရဏော နိဓိ။
ကယိရာထ ဓီရော ပုညာနိ၊ ယော နိဓိ အနုဂါမိကော။

ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသော
စည်ရှင်နာယကမဟာထေရော
မဟာဝိသုဒ္ဓါရာမေ
မဟာအောင်မြေနဂရေ
မန္တလေးမဟာမဏ္ဍလေ

## ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေး ပိဋကတိုက်

## ဣတိသမညဿ

## ရွှေကျင်နိကာယိကဂန္ထာလယဝိမာနဿ

# သမုပ္ပတ္တိကထာ

အယံ ပန သမ္မာသမ္ဗုဒ္ဓဿ ဘဂဝတော လောကနာထဿ သမ္ဗုဒ္ဓ-သာဝကတော ပဋ္ဌာယ ယာဝ အမှာကံ နာနာဝိဓဂုဏာကရာ စုဒ္ဒသမ-ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယကဓမ္မသေနာပတိတ္ထေရဝရာ ထေရ-ဝံသပရမ္ပရာယ သဟ ရွှေကျင်နိကာယဿ ပဏ္ဏာသာဓိကဝဿ-သတိမသရဏပူဇမဟေ မာပိတဿ ရွှေကျင်နိကာယိကဂန္ထာလယ-ဝိမာနဿ သမုပ္ပတ္တိကထာ။ ဘဂဝတော ဟိ လောကနာထဿ သမ္ဗုဒ္ဓ-သာဝကေသု ကေစိ ထေရာ ခီဏာသဝါ ပဘိန္နပဋိသမ္ဘိဒါ ဆဠဘိညာ တေဝိဇ္ဇာ ဧတဒဂ္ဂပ္ပတ္တာ ပါတုရဟေသုံ၊ တေသု ဝိနယဓရာနံ ဧတဒဂ္ဂ-ပ္ပတ္တဿ ဥပါလိတ္ထေရဿ သိဿာနုသိဿသင်္ခါတာ ထေရဝံသပရမ္ပရာ ဇမ္ဗုဒီပေ မဇ္ဈိမဒေသေ ပဌမာ ဘဝတိ။ ဝုတ္တဉ္စေတံ ပရိဝါရေ-

“ဥပါလိ ဒါသကော စေဝ၊ သောဏကော သိဂ္ဂဝေါ တထာ။
မောဂ္ဂလိပုတ္တေန ပဉ္စမာ၊ ဧတေ ဇမ္ဗုသိရိဝှယေ”တိ။

တေသု မောဂ္ဂလိပုတ္တတိဿတ္ထေရေန နဝသု ပစ္စန္တိမဇနပဒေသု ဗုဒ္ဓသာသနပ္ပတိဋ္ဌာပနတ္ထာယ ပေသိတေသု ထေရေသု မြမ္မရဋ္ဌေ သုဝဏ္ဏ-ဘူမိဒေသေ အာဂတာနံ သောဏုတ္တရတ္ထေရာနံ သိဿာနုသိဿပရမ္ပရာ ထေရေဟိ သဒ္ဓိံ ဒသမာ ဘဝတိ။ တေနေတံ ဝုစ္စတိ —

“သောဏုတ္တရာ သောဘိတော စ၊ သောမဒတ္တော ထိရော တထာ။
သုမနတိဿော သောဘာဂေါ[1]၊ သောမဒတ္တော ပုနောပိ စ။

အနောမဒဿီ’ဓိသီလော၊ ဗျာနဒဿီ[2] ထိရော မဟာ-
ကာလတ္ထေရသီလဗုဒ္ဓိ၊ ဇဝံ ထေရပရမ္ပရာ”တိ။

တေသု မြမ္မရဋ္ဌေ အရိမဒ္ဒန(ပုဂံ)ပုရေ သီလဗုဒ္ဓိတ္ထေရဿ သိဿာ-နုသိဿပရမ္ပရာ အဋ္ဌမာ ဘဝတိ။ တထာ ဟေတံ ဝုစ္စတိ —

“ဓမ္မဒဿီ ဂုဏာသာရော၊ တဿိဿော အဂ္ဂပဏ္ဍိတော။
အဂ္ဂဝံသော နီတိကာရော၊ ဥတ္တရာဇီဝနာမကော။

သဒ္ဓမ္မဇောတိပါလော ဆ-ပ္ပဒေါ ဉာဏသဓမ္မကော[3]။
တတိယော ဆပ္ပဒေါ ဓမ္မ-သိရီ ထေရပရမ္ပရာ”တိ။

တတ္ထ သုဝဏ္ဏဘူမိယံ ဓမ္မဒဿီတိ သညိတော ထေရော အရိမဒ္ဒန-ပုရေ “အရဟာ”န္တိ ပါကဋော။ ကူးခန်းကြီး (ပုခန်းကြီး) နဂရဒေသေ ပန ဓမ္မသိရိတ္ထေရဿ သိဿာနုသိဿပရမ္ပရာ စတုတ္ထီ ဘဝတိ။ တေနေတံ ကထီယတိ —

“သုဓမ္မစာရိ’ဂ္ဂဓမ္မာ - လင်္ကာရော ဓမ္မနန္ဒကော။
ပုညဝါသီတိ တေ ထေရာ၊ ကူးခန်းကြီး ပုရဝါသိကာ”တိ။

တေသု ပုညဝါသိတ္ထေရဿ သိဿော ဆယ်အင်းဂါမာသန္နာရညာ-ယတနေ နိဝုတ္ထော ဉာဏာလင်္ကာရတ္ထေရော၊ တဿိဿော တဒါဝါသေ နိဝုတ္ထော ပညာရက္ခတ္ထေရော။ တဿိဿော ဒီပဲရင်းနဂရဒေသေ ‘နမော’-ဣစ္စာဘိဓာနဘောဂဂါမေ နိဝုတ္ထော ဝိစာရိန္ဒတ္ထေရော။ တဿိဿော ပန

၁။ သောပါကောတိပိ ပါဌော။ ၂။ ပြာဏဒဿီတိပိ ပါဌော။ ၃။ သဒ္ဓမ္မဉာဏောတိပိ ပါဌော။

သီလသမာဓိပညာကရုဏာခန္တိသောရစ္စာဒိဂုဏေဟိ နဘေ စန္ဒော ဝိယ သကလမြမ္မရဋ္ဌေ ပါကဋော ရတနသီခ(ရွှေဘို) နဂရေ 'သီးလုံး'ဣစ္စ–ဘိဓာနဂါမသမီပါရညာယတနေ နိဝုတ္ထော “သီးလုံးဆရာတော်” ဣတိ ဝိဿုတော စန္ဒိမာလင်္ကာရတ္ထေရော။

တဿိသော ပန “ရွှေကျင်ဆရာတော်” ဣတိ ပါကဋော ဘဒန္တ–ဇာဂရမဟာထေရော။ သော ဟိ ရတနသီခ(ရွှေဘို)နဂရဿ ဒက္ခိဏ–ဒိသာယံ ရွှေကျင်နာမမဟာဂါမေ ကောသဟဿေကသတစတုရာသီ–တိမေ (၁၁၈၄) မြမ္မသကေ ပဉ္စမာသဋ္ဌမာသေ ကဏှပက္ခေ ဒွါဒသမိယံ အင်္ဂါရကဝါရေ သုဇာတော၊ သော စ အနုက္ကမေန ဝဍ္ဎိတွာ သာသနေ တိဗ္ဗသဒ္ဓော ပိဋကတ္တယေ တိက္ခဂမ္ဘီရညာဏော ဓုတင်္ဂါဒိဂုဏဝါသိတော သဒါရညနိဝါသကော ယာဝ ရတနပုဏ္ဏာရာဇဓာနိယာ ပတ္ထဋဂုဏော။ သော ပန မဟာထေရော ရတနပုဏ္ဏာရာဇဓာနိမာပကေန ပဉ္စမ–သင်္ဂီတိကာရကေန မင်းတုန်းနာမကရညာ သမာနေတွာ မန္တလာစလဿ ဥတ္တရဒိသာယံ မဟာဓမ္မိကာရာမပ္ပဘုတိကေ ပဉ္စ သံဃာရာမေ မာပေတွာ အဇ္ဈာဝါသိတော။ တေသု သံဃာရာမေသု နိဝသန္တော ရွှေကျင်မဟာ–စေရဿ သိဿဘူတာ ဘိက္ခုသာမဏေရာ ပရောသဟဿသင်္ချာ အဟေသုံ။ မင်းတုန်းနာမမဟာရာဇေန စ ပန ရွှေကျင်မဟာထေရဿ သုဓမ္မသဘာယံ အနာရုဟိတွာ ယထာသုခံ နိဝါသတ္ထာယ သံဃာရာဇ–မဟာထေရံ သမာယာစိတွာ ဂဏဝိမုတ္တဘာဝေါ သမ္ပါပိတော။ ရတန–ပုဏ္ဏာရာဇဓာနိပတိဋ္ဌာပိတဝဿာနန္တရာ ကောသဟဿဒွိသတဗာဝီသတိမေ (၁၂၂၂) မြမ္မသကေ ပဋ္ဌာယ “ရွှေကျင်နိကာယော”တိ ဗုဒ္ဓသာသနေ မနုဿလောကေ စ သမုဋ္ဌိတော။

တတော ပဋ္ဌာယ ယာဝဇ္ဇတနာ ရွှေကျင်မဟာစေရဿ ရွှေကျင်–နိကာယော ပဏ္ဏာသာဓိကဝဿသတံ ကာလံ ယထာဓမ္မံ ယထာဝိနယံ

သမ္မတိဋ္ဌတိ၊ မဟာထေရေန သဟ သိဿာနုသိဿရွှေကျင်ဂဏုက္ကဋ္ဌထေရာ စုဒ္ဒသ ဘဝန္တိ။ တေနေသာ ရွှေကျင်ထေရတာရင်္ဂါထာ ဝုတ္တာ ရွှေကျင်နိကာယိကေဟိ —

> "ဉံ ရွှေကျင် ဉံ ဝိသုဒ္ဓါရုံ၊ ဒီပဲရင်း - ကျိုက္ကစံ အလုံ။
> ချမ်းသာ,လှတော,ကျိုက်လတ်,ကန္နီ၊ စံကင်း မြောင်းမြ ကြေးမြင့်ဂဏီ။
> ရွှေဟသ်ာ ညောင်ရွှေ ဝါဆိုတိ၊ ဂဏုက္ကဋ္ဌပရမ္ပရာ"တိ။

ရွှေကျင်သံဃရာဇပ္ပမုခေဟိ ရွှေကျင်နိကာယိကေဟိ သတ္တရသမေ ရွှေကျင်နိကာယိကမဟာသန္နိပါတေ "ရွှေကျင်နိကာယဿ ပဏ္ဏာသာဓိကဝဿသတိမေ ကာလေ ရွှေကျင်နိကာယဂဏုက္ကဋ္ဌဂဏပါလကဂဏာစရိယာနံ မဟာထေရာနံ မဟာသရဏပူဇုဿဝေါ ကတ္တဗ္ဗော"တိ ပဓာနီကတော ဝိနိစ္ဆိတော။ တမ္ပိနိစ္ဆယဝိဓိံ သုဏန္တာ ဝိဇာနန္တာ စ ဗုဒ္ဓသာသနမာမကာ ဥပါသကရတနဘူတာ ဝဇိရသုဝဏ္ဏာဒိရတနက္ကယဝိက္ကယိကာ "နယူးစတား စိန်ရွှေရတနာ" သမညကုဋ္ဌမ္ဗသခါ်တာ မောင်မင်းခန့်လွင်, မမေဖြိုးဟန်, မောင်းစိုးဝင်းထက်အောင် သညိတပုတ္တဓီတူဟိ သဟိတာ ဦးရန်အောင်+ဒေါ်ရင်ရှင် ဇယမ္ပတိကာ ဂဏသမုဋ္ဌာပကရွှေကျင်မဟာစေရဿ မဟာဓမ္မိကာရာမာချသံဃာရာမေ ဝိဿကမ္မုနာ နိမ္မိတသဒိသံ သုဝိဘတ္တဘိတ္တိတ္ထမ္ဘဝိတာနံ နာနာဝိဓမာလာကမ္မလတာကမ္မသုဓာကမ္မဝိစိတ္တံ အဘိဘဝန္တမိဝ ရာဇဘဝနဝိဘူတိံ, အဝဟသန္တမိဝ ဒေဝဝိမာနသိရိံ, သိရိယာ နိကေတမိဝ ဧကနိပါတတိတ္ထမိဝ စ ဒေဝမနုဿနယနဝိဟင်္ဂမာနံ၊ အနေကသတကဟာပဏလက္ခဂ္ဃိယံ ရွှေကျင်နိကာယိကဂန္ထာလယဝိမာနံ သခါ်ရေသုံ သမ္မာပေသုံ။ တံ မဟာဝိမာနံ ရွှေကျင်နိကာယဿ ပဏ္ဏာသာဓိကဝဿသတိမသရဏပူဇာမဟေ အာဂတာနံ သံဃရာဇပ္ပမုခါနံ ရွှေကျင်နိကာယိကထေရာနတ္ထေရာနံ သမ္မုခေ ဒက္ခိဏောဒကံ ပါတေတွာ ရွှေကျင်နိကာယဿ ဒဠှံ့ ပရိစ္စဇန္တိ

ဝိပ္ပသန္နေန စေတသာ၊ ပုညပတ္တိဉ္စ မာတာပိတုအယျကအယျိကာဉာတိ-သာလောဟိတမိတ္တသုဟဇ္ဇာနံ တဒဝသေသာနဉ္စ သဗ္ဗသတ္တာနံ ဘာဇေန္တိ သမဘာဂိကရောန္တီတိ။

ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသော
စည်ရှင်နာယကမဟာထေရော
မဟာဝိသုဒ္ဓါရာမေ
မဟာအောင်မြေနဂရေ
မန္တလေးမဟာမဏ္ဍလေ

ဗုဒ္ဓဝသေ - ၂၅၅၄ မြန္မဝသေ - ၁၃၇၂၊ ဖုဿမာသေ ခရိသ္တဝသေ ၂၀၁၀။

### ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေး ပိဋကတိုက်
### အမည်ရှိသော
### ရွှေကျင်ဆရာတော်များ စာပေကျမ်းဂန်တည်ရှိရာ

# ဗိမာန်တော်ဖြစ်စဉ်သမိုင်း

ဤဆိုလတ္တံ့သည်ကား သတ္တလောက၏ ကိုးကွယ်ရာ ဘုန်းတော်ခြောက်ပါးသခင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်၏ မျက်မှောက်တော် သာဝကတို့မှ အစပြု၍ အမျိုးမျိုးသောဂုဏ်ကျေးဇူးတို့၏ တည်ရာဖြစ်တော်မူသော ၁၄-ပါးမြောက် ရွှေကျင်သံဃရာဇာ (သာသနာပိုင်) မထေရ်မြတ်တိုင်အောင် မထေရ်မြတ်တို့၏ အနွယ်အစဉ်အဆက်နှင့်တကွ ရွှေကျင်ဂိုဏ်းနှစ် ၁၅၀-ပြည့် အထိမ်းအမှတ် ပူဇော်ပွဲ၌ တည်ဖန်ဆောက်လုပ် လှူဒါန်းအပ်သော ရွှေကျင်ဆရာတော်များ စာပေကျမ်းဂန်တည်ရှိရာ ဗိမာန်တော်ဖြစ်ပေါ်လာပုံအခြင်းအရာပြ စကားတည်း။

သုံးလောကထွတ်တင် ဘုရားရှင်၏ မျက်မှောက်တော် သာဝကတို့တွင် အချို့သော ရဟန္တာမထေရ်မြတ်တို့သည် ပဋိသမ္ဘိဒါဉာဏ် ၄-ပါး, အဘိညာဉ် ၆-ပါး, ဝိဇ္ဇာ ၃-ပါးနှင့် ပြည့်စုံတော်မူကြ၍ အကြီးမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူကြသည်။ ထိုမထေရ်မြတ်တို့တွင် ဝိနည်းပိဋကဆောင် အရှင်မြတ်တို့၏ အကြီးမြတ်ဆုံး ဧတဒဂ်ဘွဲ့တော်ရ အရှင်ဥပါလိမထေရ်မြတ်၏ တပည့်အစဉ်အဆက်ဟုဆိုအပ်သော မထေရ်မြတ်တို့၏ အနွယ်အစဉ်ဆက်သည် ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ပိုင်းအရပ်

(မဇ္ဈိမဒေသ) ၌ အရှင်ဥပါလိမထေရ်မြတ်နှင့်တကွ အရှင်ဒါသက, အရှင်သောဏက, အရှင်သိဂ္ဂဝ, အရှင်မောဂ္ဂလိပုတ္တတိဿ ဟူ၍ ၅-ဆက်ရှိ၏၊ ဤအကြောင်းကို ပရိဝါပါဠိတော်၌ ဟောတော်မူသည်။

ထိုမထေရ်မြတ်တို့တွင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် မဇ္ဈိမဒေသ၏ အစွန်အဖျားဖြစ်သည့် ၉-မျိုးသောတိုင်းနိုင်ငံတို့၌ ဗုဒ္ဓသာသနာတော် တည်ထွန်းစေခြင်းငှာ စေလွှတ်အပ်သည့် မထေရ်မြတ်တို့တွင် မြန်မာနိုင်ငံတော် သုဝဏ္ဏဘူမိ(သထုံ)အရပ်၌ ကြွရောက်လာကြသော အရှင်သောဏ, အရှင်ဥတ္တရမထေရ်တို့၏ တပည့်အစဉ်အဆက်သည် မထေရ်မြတ်နှင့်တကွ ၁၀-ပါး အပြားရှိ၏။ ထို့ကြောင့် သာသနာဝင်ကျမ်းတို့၌ ဤသို့ဆိုကြသည်။

> "အရှင်သောဏ - အရှင်ဥတ္တရမထေရ်၊ အရှင်သောဘိတ၊ အရှင်သောမဒတ္တ၊ အရှင်သုမနတိဿ၊ အရှင်သောဘာဂ၊ အရှင်သောမဒတ္တ(ဘွဲ့တူ),အရှင်နော်မဒဿီ၊ အရှင်အဓိသီလ၊ အရှင်ဗျာနဒဿီ၊ အရှင်မဟာကာလ၊ အရှင်သီလဗုဒ္ဓိမထေရ်၊ ဤကား (သထုံသာသနာဝင်) မထေရ်အစဉ်အဆက်တည်း"။

ထိုမထေရ်တို့တွင် မြန်မာနိုင်ငံ အရိမဒ္ဒနမည်သော ပုဂံပြည်၌ အရှင်သီလဗုဒ္ဓိမထေရ်၏ တပည့်အစဉ်အဆက်သည် ၈-ပါး အပြားရှိ၏။ ထို့ကြောင့် သာသနာဝင်ကျမ်းတို့၌ ဤသို့ဆိုကြသည်။

> "အရှင်ဓမ္မဒဿီ၊ အရှင်ဂုဏသာရ၊ အရှင်အဂ္ဂပဏ္ဍိတ၊ သဒ္ဒနီတိကျမ်းပြု အရှင်အဂ္ဂဝံသ၊ အရှင်ဥတ္တရာဇီဝ၊ ပထမဆပ္ပဒ အရှင်သဒ္ဓမ္မဇောတိပါလ၊ ဒုတိယဆပ္ပဒ အရှင်ဉာဏသဒ္ဓမ္မ၊ တတိယဆပ္ပဒ အရှင်ဓမ္မသိရီ၊ ဤကား (ပုဂံသာသနာဝင်) မထေရ်အစဉ်အဆက်တည်း"။

ထိုမထေရ်တို့တွင် သုဝဏ္ဏဘူမိ သထုံပြည်၌ ဓမ္မဒဿီအမည်ရှိသော မထေရ်သည် အရိမဒ္ဒနပုဂံပြည်၌ အရှင်အရဟံဟူ၍ ထင်ရှားသည်။ ပုခန်းကြီးမြို့အရပ်၌ကား အရှင်ဓမ္မသိရီမထေရ်၏ တပည့်အစဉ်အဆက်သည် ၄-ပါး အပြားရှိ၏၊ ထို့ကြောင့် သာသနာဝင်ကျမ်းတို့၌ ဤသို့ဆိုကြသည်။

"အရှင်သုဓမ္မစာရီ၊ အရှင်အဂ္ဂဓမ္မာလင်္ကာရ၊ အရှင်ဓမ္မာနန္ဒ၊ အရှင်ပုညဝါသီ၊ ဤမထေရ် ၄-ပါးတို့ကား ပုခန်းကြီးမြို့ အရပ်၌နေသော မထေရ်တို့တည်း"။

ထိုမထေရ်တို့တွင် အရှင်ပုညဝါသီမထေရ်၏တပည့်ကား ဆယ်အင်းရွာအနီး တောရကျောင်းနေ အရှင်ဉာဏာလင်္ကာရမထေရ်တည်း၊ ထိုမထေရ်၏တပည့်ကား ထိုဆယ်အင်းရွာ တောရကျောင်းနေ အရှင်ပုညာရမ္မမထေရ်တည်း။ ထိုမထေရ်၏တပည့်ကား ဒီပဲရင်းမြို့နယ် "နမော"အမည်ရှိ အပိုင်စားရွာနေ အရှင်ဝိစာရိန္ဒမထေရ်တည်း။ ထိုမထေရ်၏တပည့်ကား သီလ, သမာဓိ, ပညာ, သန္နားခြင်း, သည်းခံခြင်း, ကောင်းသော ကိုယ်, နှုတ်အမူ၌ မွေ့လျော်ခြင်း-အစရှိသော ဂုဏ်တို့ဖြင့် ကောင်းကင်ပြင်၌ လမင်းပမာ မြန်မာနိုင်ငံအလုံး၌ ထင်ရှားတော်မူသော ရတနာသိခ(ရွှေဘို)မြို့နယ် "သီးလုံး"အမည်ရှိ ရွာ၏အနီးတောရကျောင်း၌ သီတင်းသုံးနေ၍ "သီးလုံးဆရာတော်"ဟု ကျော်ကြားတော်မူသော အရှင်စန္ဒိမာလင်္ကာရမထေရ်တည်း။

ထိုမထေရ်၏တပည့်ကား "ရွှေကျင်ဆရာတော်"ဟူ၍ ထင်ရှားသော အရှင်ဇာဂရမထေရ်မြတ်တည်း။ ထိုအရှင်ဇာဂရမထေရ်မြတ်သည် ရတနာ-သိခ(ရွှေဘို)မြို့၏ တောင်မျက်နှာအရပ် ရွှေကျင်အမည်ရှိသော ရွာကြီး၌ ၁၁၈၄-ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂-ရက် အင်္ဂါနေ့တွင် (ဦးမောင် + ဒေါ်မိ မိဘနှစ်ပါးတို့မှ) ကောင်းစွာ ဖွားမြင်တော်မူသည်။ ထိုသူငယ်သည် အစဉ်အတိုင်းကြီးရင့်၍ သာသနာတော်၌ ထက်သန်သောဆန္ဒ, ပိဋက

သုံးပုံ၌ ထက်မြက်နက်နဲသော ဉာဏ်ပညာရှိ ရဟန်းမြတ်ဖြစ်၍ ကိလေသာတို့ကို ခါတွက်ခြင်း(ဓုတင်)အစရှိသော ဂုဏ်တို့ဖြင့် ထုံမွမ်းကာ အခါခပ်သိမ်း တောရကျောင်း၌ သီတင်းသုံးလျက် မန္တလေး ရတနာပုံမင်းနေပြည်တိုင်အောင် ပျံ့နှံ့ကျော်ကြားသော ဂုဏ်သတင်းရှိတော်မူသည်။

ထိုအရှင်ဇာဂရမထေရ်မြတ်ကို ရတနာပုံမြို့တည် နန်းတည် ပဌမ သင်္ဂါယနာတင် မင်းတုန်မင်းတရားကြီးသည် ကောင်းစွာပင့်ဆောင်တော်မူ၍ မန္တလေးတောင်၏ မြောက်မျက်နှာအရပ်၌ မဟာဓမ္မိကာရာမအစရှိသော သံဃာ့အာရာမ်ကျောင်းတိုက်ကြီး ၅-တိုက်ကို တည်ထောင်ဖန်ဆင်းတော်မူကာ သီတင်းသုံး အုပ်ချုပ်စေတော်မူသည်၊ အဆိုပါကျောင်းတိုက်ကြီး ၅-တိုက်တို့၌ သီတင်းသုံးနေကြသော ရွှေကျင်ဆရာတော်၏တပည့် ရဟန်း, သာမဏေတို့သည် တစ်ထောင်ကျော်မျှ အရေအတွက်ရှိသည်၊ မင်းတုန်းမင်းတရားကြီးကား ရွှေကျင်ဆရာတော် သုဓမ္မာသဘင်သို့ မတက်ရောက်ဘဲ ချမ်းသာစွာ သီတင်းသုံးနေထိုင်ခြင်းငှာ သာသနာပိုင်ဆရာတော် မထေရ်မြတ်ကို ရှိသေစွာ တောင်းပန်၍ (သုဓမ္မာ) ဂိုဏ်းမှ ကင်းလွတ်သည့် ဂဏာဝိမုတ်အဖြစ်သို့ ကောင်းစွာရောက် စေတော်မူသည်။ မန္တလေး ရတနာပုံ မင်းနေပြည်တော်ကြီး တည်ထောင်ပြီးရာ (၁၂၂၀-ခု)နှစ်၏ အခြားမဲ့ဖြစ်သော ၁၂၂၂-ခုနှစ်မှ စ၍ "ရွှေကျင်နိကာယ"ဟူသော ထေရဝါဒသံဃဂိုဏ်းကြီး တစ်ဂိုဏ်းသည် ဗုဒ္ဓသာသနာတော်နှင့် လူ့ပြည်လောကအတွင်း အထင်အရှား ပေါ်ပေါက်လာလေသည်။

ထိုအခါမှစ၍ ယနေ့တိုင်အောင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ရွှေကျင်ဂိုဏ်းတော်ကြီးသည် နှစ်ပေါင်း ၁၅၀-ကာလပတ်လုံး သုတ္တန်, အဘိဓမ္မာ, ဝိနည်းဟူသော ဓမ္မ, ဝိနယနှင့်အညီ တည်ရှိနေပေသည်၊ တပည့်သား အစဉ်အဆက်ဖြစ်သည့် ရွှေကျင်ဂိုဏ်းဥက္ကဋ္ဌ(သာသနာပိုင်) မထေရ်မြတ်တို့သည် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်တကွ ၁၄-ပါး

ဖြစ်သည်၊ ထို့ကြောင့် ရွှေကျင်သာသနာပိုင်အစဉ်အဆက်ကို ဖော်ပြသည့် ဤ "ရွှေကျင်ထေရတာရင်္ဂါထာ"ကို ရွှေကျင်ဂိုဏ်းဝင် အရှင်မြတ်တို့က-

"ဥ ရွှေကျင် ဥ ဝိသုဒ္ဓါရုံ၊ ဒီပဲရင်း-ကျိုက္ကစံ အလုံ။
ချမ်းသာ,လှတော,ကျိုက်လတ်,ကန္နီ၊ စံကင်း မြောင်းမြ ကြေးမြင့်ဂဏီ။
ရွှေဟသ်ာ ညောင်ရွှေ ဝါဆိုတိ၊ ဂဏုက္ကဋ္ဌပရမ္ပရာ"

ဟူ၍ ဆရာတော်များ၏ ဌာနတော်အမည်ဖြင့် သီဆိုကျူးရင့်တော်မူကြသည်။

ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး အမှူးရှိသည့် ရွှေကျင်ဂိုဏ်းဝင် အရှင်မြတ်တို့က ၁၇-ကြိမ်မြောက် ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးတွင် "ရွှေကျင်ဂိုဏ်း၏ နှစ်၁၅၀-ပြည့် အခါကာလ၌ ရွှေကျင်ဂိုဏ်း ဥက္ကဋ္ဌဆရာတော်ကြီးများနှင့် ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းစောင့်ဆရာတော် မဟာထေရ်မြတ်တို့အား ကြီးမြတ်သော အထိမ်းအမှတ်ပူဇော်ပွဲ ပြုလုပ်ရမည်"ဟူ၍ ပြဋ္ဌာန်း ဆုံးဖြတ်တော်မူကြသည်။

ယင်းဆုံးဖြတ်ချက်အစီအစဉ်ကို ကြားသိကြသော ဗုဒ္ဓသာသနာတော်ကို ကြည်ညိုမြတ်နိုးသည့် ဥပါသကာ ရတနာအစစ်ဖြစ်ကြသော စိန်ရွှေစသောရတနာတို့ကို ရောင်း, ဝယ်သည့် ရတနာကုန်သည် "နယူးစတား စိန်ရွှေရတနာ"မိသားစုဖြစ်ကြသော မောင်မင်းခန့်လွင်၊ မမေဖြိုး-ဟန်၊ မောင်စိုးဝင်းထက်အောင် သားသမီးတို့နှင့်တကွ ဦးရန်အောင်+ ဒေါ်ရင်ရွှင် ဇနီးမောင်နှံတို့သည် ဂဏသမုဋ္ဌာပကရွှေကျင်ဆရာတော် ဘုရားကြီး၏ မဟာဓမ္မိကာရာမကျောင်းတိုက်ကြီးအတွင်း၌ ဝိသုကြုံ နတ်သား ဖန်ဆင်းအပ်သည့်အလား ကောင်းစွာဝေဘန်အပ်သော နံရံ, သည်တိုင်, မျက်နှာကျက်ရှိသော အထူးထူးသော ခြူးပန်းခြူးနွယ် အင်္ဂတေ အမှုတို့ဖြင့် ဆန်းကြယ်သော မင်းနန်းတော်၏ တင့်တယ်ခြင်းကို လွှမ်းမိုး

ဘိသကဲ့သို့ဖြစ်၍ နတ်ဗိမာန်အသရေကို ပြက်ရယ်ပြုသကဲ့သို့ဖြစ်သော ကျက်သရေအပေါင်း၏ တစ်ပေါင်းတည်း တည်နေရာကဲ့သို့လည်းကောင်း၊ နတ်, လူတို့၏မျက်စိတည်းဟူသော ငှက်အပေါင်း၏ တစ်ပေါင်းတည်း ကျရောက်ရာ ဆိပ်ကမ်းသာကဲ့သို့လည်းကောင်းဖြစ်သော အသပြာငွေကျပ် သိန်းရာပေါင်းများစွာ အဖိုးထိုက်တန်သော ရွှေကျင်ဆရာတော်များ စာပေကျမ်းဂန်တည်ရာ ဗိမာန်တော်ကို ကောင်းစွာ တည်ထောင်ဖန်ဆင်းကြကုန်ပြီ၊ နယူးစတား စိန်ရွှေရတနာ မိသားစုတို့သည် ထိုဗိမာန်တော်ကြီးကို ရွှေကျင်ဂိုဏ်း နှစ် ၁၅၀-ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ၌ ကြွရောက်တော်မူလာကြသော သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး အမှူးရှိသည့် ရွှေကျင်ဂိုဏ်းဝင် ထေရ်ကြီး, ထေရ်ငယ် အရှင်မြတ်တို့၏ မျက်မှောက်တော်၌ အလှူတော်ရေစက်ကို သွန်းလောင်း၍ ရွှေကျင်ဂိုဏ်း သံဃာတော်အပေါင်းအား အထူးကြည်လင် ရွှင်လန်းသော စိတ်စေတနာဖြင့် လှူဒါန်းစွန့်လွှတ်ကြသည်၊ ဒါနကောင်းမှု အဖို့အစုကိုလည်း အမိအဘ အဘိုးအဘွား ဆရာသမား ဆွေမျိုးသားချင်း မိတ်သင်းပင်းနှင့် စိတ်ရင်းစင်ဖြူ များမိုလ်လူတို့အားလည်းကောင်း၊ ထိုမှကြွင်းသည့် ခပင်းများစွာ သတ္တဝါတို့အားလည်းကောင်း အညီအမျှရကြစေရန် ရည်သန်ပေးဝေကြလေသည်။

အရှင်အဂ္ဂဉာဏာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

သာသနာ- ၂၅၅၄ မြန်မာ- ၁၃၇၂၊ ပြာသိုလ ခရစ်နှစ် - ၂၀၁၁

စစ်ကိုင်းနဂရဒေသေ ဇေယျာစလာချမ္မိကပဗ္ဗတေ
ရွှေစေတီနာမဘာဝနာရာမဿ ပဏ္ဍာသမဝဿသရဏာဿဝေ ပတိဋ္ဌာပိတာ

## ရွှေစေတီဘာဝနာရာမဿမုပ္ပတ္တိသိလာလေခါ

၁။ "ရွှေစေတီဆရာတော်" ဣတိ ဝိဿုတော ဘဒန္တသုန္ဒရမဟာ-
ထေရော စန္ဒရသပက္ခိန္နေ (၁၂၆၁) ပရိမိတေ မြမ္မသာကေ ဒုတိယာ-
သဠမာသေ ကာဠပက္ခေ သတ္တမာယေ သုက္ကဝါရေ ဇေယျပုရ-
မဟာမဏ္ဍလေ စစ်ကိုင်းနဂရဒေသေ ရွာသစ်ကြီးဂါမေ မတောင့်တ-
နာမပဗ္ဗဒေသေ ဦးရန်ငြိမ်း + ဒေါ်ပု သညိတေဟိ မာတာပိတူဟိ
သဥ္စာတော ပုတ္တဝရော ပါတုရဟောသိ။

၂။ သော ဟိ ဒွါဒသဝဿဇာတော အင်္ဂသကရိန္နေ(၁၂၇၃)မိတေ
သာကေ ရွာသစ်ကြီးဂါမေ ရွှေစေတီအရညာယတနိကေန ဂဏ-
ပါမောက္ခေန ဘဒန္တနာဂမဟာထေရေန ဥပဇ္ဈာယေန သာမဏေရ-
ပဗ္ဗဇ္ဇံ သမ္ပာပုဏိ၊ နာမေန ပန သုန္ဒရသာမဏေရောတိ။ ခဝသု-
ဟတ္ထိန္နေ(၁၂၈၀)မိတေ သာကေ မာဃမာသေ ဇုဏှပက္ခေ
သတ္တမာယေ ဥပသမ္ပဒံ သမ္ပာပုဏိ ပဗ္ဗဇ္ဇုပဇ္ဈာယဘူတေနေဝ
ဥပဇ္ဈာယေန, ဦးသူတော် + ဒေါ်ခွါနာမဒါယကဒါယိကာနံ စတု-
ပ္ပစ္စယသင်္ဂဟံ သမာဒါယ။

၃။ နဝဘူတော'ယသ္မာ သုန္ဒရသမဏော ဂဏဝါစကတ္ထေရာနံ သန္တိကေ
နာနာဂန္ထေ သမုဂ္ဂဏှိ၊ ရွှေစေတီသမညာရညာယတနိကော ဂဏ-

ပါမောက္ခော ဘဒ္ဒန္တနာဂမဟာထေရော, ရှင်ပင်ခမ္မသာမျာရာမိကော ဘဒ္ဒန္တနန္ဒနနာယကထ္ထေရော, ချောင်းဦးနဂရေ ခမ္မာရာမာဓိပေါ အဂ္ဂမဟာပဏ္ဍိတောပါဓိကော ဘဒ္ဒန္တဒီပထ္ထေရော, တသ္မိံ ခမ္မာ- ရာမေ နိဝါသိနော ဂဏာဝါစကထ္ထေရာ, မန္တလေးနဂရေ မိုးကောင်း- နာမသံဃာရာမေ "ညောင်းရမ်းဆရာတော်" တွတိ ဝိချာတော ဘဒ္ဒန္တရေဝတထ္ထေရော, ခင်မကန်နာမသံဃာရာမေ စိတ္တာ- (မန်ကျည်းပင်)ဝိဟာရေ ဂဏာဝါစကော ဘဒ္ဒန္တသီလာစာရ- ထ္ထေရော, သေဋ္ဌိဝိဟာရေ "သူဌေးဆရာတော်" တွတိ ဝိဿုတော ဘဒ္ဒန္တရေဝတထ္ထေရော, "စံကျောင်းဆရာတော်" တွတိ ပါကဋော ဘဒ္ဒန္တနန္ဒိမာထေရော စာတိ ပဓာနပါမောက္ခာနမာစရိယဝရာနံ သန္တိကေ သဂန္ထန္တရပိဋကတ္တယံ သမုဂ္ဂဏှိ။

၄။ မန္တလေးနဂရဿ ဒက္ခိဏာဒိသာဘာဂေ အဘိနဝဆင်တဲနာမ- သံဃာရာမေ ကျောက်တန်းဝိဟာရေ ဝေဒင်္ဂဝိဒူတိ ပါကဋဿ ဘဒ္ဒန္တသီလဝံသထ္ထေရဿ သန္တိကေ သန္ဓိဋ္ဌာဒိမူလဝေဒင်္ဂသတ္ထေ ယာဝ ဆေကတ္တပ္ပတ္တာ သမသိက္ခိ၊ မိုးတားနာမသံဃာရာမေ သက္ကတဘာသာဝိဒူတိ ဝိဿုတဿ ဘဒ္ဒန္တပညိန္ဒြိယထ္ထေရဿ, တဿိဿဿ "တောင်သာဆရာတော်" တွတိ ပါကဋဿ ဘဒ္ဒန္တကေသရထ္ထေရဿ စ သန္တိကေ သက္ကတဂန္ထေ သမသိက္ခိ။ မန္တလေးနဂရဿ စီပီလိုင်းဌာနေ ဘီဘီအိုအေနာမဝိဇ္ဇာလယေ မြမ္မကုလိကသိပ္ပသိက္ခနပဒ္ဓတိယာ ပါဒကပညာသိက္ခနောပရိမ- ဘာဂေ ဒသမဝဂ္ဂေ သိက္ခိတဗ္ဗဝိဇ္ဇံ ယာဝ ပရိယောသာနာ သမ- သိက္ခိ။

၅။ ဘဒ္ဒန္တာစရိယသုန္ဒရမဟာထေရော ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာနိဿယ- သညိတံ ပဌမဘာဂါဒိဝသာ စတုဗ္ဗိံ မြမ္မဘာသာပရိဝတ္တနဂန္ထံ,

ဥပရိပဏ္ဏာသပါဠိငြိယမာဂတဆဆက္ကသုတ္တသ မြမ္မဘာသာပရိ-
ဝတ္တနဂန္ထံ, ရွှေစေတီမမ္မဒေသနာ ဂန္ထေ စ ဝိရစယိ။ ရွှေစေတီ-
မဟာစရိယော ဆဋ္ဌသင်္ဂီတိမဟာဓမ္မသဘာယံ မဇ္ဈိမနိကာယ-
ပါဠိသင်္ဂါတေ တယော ဂန္ထေ ပဋိဝိသောဓကေဘာဝေန ယာဝ
ပရိယောသာနာ ဝိသောဓေသိ။ သိခိပက္ခဂ္ဂိစန္ဒ(၁၃၂၃)မိတေ
သာကေ မြမ္မရဋ္ဌသရေဟိ အဂ္ဂမဟာပဏ္ဍိတောပါဓိနာ ပူဇိတော။

၆။ ပက္ခဝေဒဂ္ဂိန္ဒု(၁၃၄၂)မိတာ သာကတော ပဋ္ဌာယ ရွှေစေတီ-
မဟာစရိယော ရဋ္ဌောဝါဒါစရိယဘာဝေန, ရန်ကုန်နဂရေ
မဟာစည်ဘာဝနာရာမာဓိပတောဝါဒါစရိယဘာဝေန, ရသယုဂဂ္ဂိန္ဒု
(၁၃၄၆)မိတေ သာကေ ရွှေမင်းဝံဘာဝနာရာမဿ ပဓာန-
နာယကကမ္မဋ္ဌာနာစရိယဘာဝေန စ သာသနကိစ္စမကာသိ။
ရွာသစ်ကြီးဂါမေ ရွှေစေတီဘာဝနာရာမေ ဆိပ်ခွန်ဂါမေ
မဟာစည်ဘာဝနာရာမေ, မန္တလေးနဂရေ ရတနာပုံဘာဝနာရာမေ
စ ဝိဟာရန္တော ဝဟာဋ္ဌပဗ္ဗဇိတာနံ ဝိပဿနာဘာဝနာ ကမ္မဒါနဓမ္မံ
ဒေသေသိ ပကာသေသိ။

၇။ (က) ဝေဒိန္ဒုသိခိသူရ(၁၃၁၄)မိတေ သာကေ ရွာသစ်ကြီးဂါမေ
ရွှေစေတီအရညာယတနဘာဝနာရာမံ,

(ခ) ရသိန္ဒုသိခိစန္ဒ(၁၃၁၆)မိတေ သာကေ ပြင်ဦးလွင်နဂရေ
သစ်တောလမ်းမဟာသတိပဋ္ဌာနဘာဝနာရာမံ,

(ဂ) ဂဟိန္ဒုဂ္ဂိသူရ(၁၃၁၉)မိတေ သာကေ ဇန်မော်နဂရဒေသေ
ရွှေကူနဂရေ မဟာသုခိတာရာမဘာဝနာဋ္ဌာနံ,

(ဃ) ခပက္ခဂ္ဂိစန္ဒ(၁၃၂၀)မိတေ သာကေ ပြင်းဦးလွင်နဂရေ
မြမာလာပဒေသေ ရွှေစေတီဘာဝနာရာမံ,

(င) ပက္ခကရဂ္ဂိန္ဒု(၁၃၂၂)မိတေ သာကေ ဇေယျာစလာချ-ခမ္မိကပဗ္ဗတေ ရွှေစေတီဘာဝနာရာမဋ္ဌ ပတိဋ္ဌာပေတွာ ဘာဝနာ-ကိစ္စမာရဘိတုံ ဝိဝရိ။

၈။ ဣသိယုဂဂ္ဂိစန္ဒ(၁၃၄၇)မိတေ သာကေ ဖုဿပက္ခေ ဧကာ-ဒသမာဟေ ပုဗ္ဗဏှကာလေ ဧကာဒသယဋ္ဌိကာယံ ဧကာဒသ-ဝိယဋ္ဌိကာယံ မနုဿဇာတိယာ သတ္တာသီတိဝဿာယုကော သမဏဇာတိယာ သတ္တသဋ္ဌိဝဿိကော ရွှေစေတီမဟာစရိယော သိဿဘူတေ ဂဟဋ္ဌပဗ္ဗဇိတေ ဩဟာယ ဧကဘာဂူပသမမကာသိ။

၉။ မုနိယုဂဂ္ဂိန္ဒု(၁၃၄၇)မိတာ သာကတော ပဋ္ဌာယ ဇေယျာ-စလာချခမ္မိကပဗ္ဗတေ ရွှေစေတီမဟာဘာဝနာရာမံ ရွှေစေတီ-မဟာစရိယဿ သိဿဘူတာ ဘဒ္ဒန္တာရိယဝံသော, ဘဒ္ဒန္တ-နေမိန္ဒော, ဘဒ္ဒန္တရေဝတော, ဘဒ္ဒန္တပညိန္ဒော စာတိ စတ္တာရော နာယကတ္ထေရာ ရွှေစေတီမဟာစရိယဿ ယထောပနိဿယော-ပဒေသံ ပသာသန္တိ အဇ္ဈာဝသန္တိ။ မုနိရသဂ္ဂိစန္ဒ(၁၃၆၇)မိတေ သာကေ ဖဂ္ဂုနမာသေ ဖုဿပက္ခေ ဧကာဒသမာဟေ အာစရိယရွှေစေတီနာယကာစရိယာ သမ္မန္တယိတွာ ပဋိလဒ္ဓ-ပရိယတ္တိသာသနဟိတဓမ္မာစရိယ, သာသနဓဇ သိရီပဝရဓမ္မာစရိ-ယောပါဓိကံ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသံ ရွှေစေတီဘာဝနာရာမေ ဣဿရာဓိပစ္စေ ပဓာနနာယကဘာဝေ ပတိဋ္ဌာပေန္တိ။

၁၀။ ဣစ္စေဝံ ပက္ခကရဂ္ဂိစန္ဒ(၁၃၂၂)ပရိမိတာ မြမ္မသာကတော ပဋ္ဌာယ ဇေယျာစလာချခမ္မိကပဗ္ဗတေ ပတိဋ္ဌာပိတော ရွှေစေတီမဟာ-ဘာဝနာရာမော ပက္ခိသိဂ္ဂိစန္ဒ(၁၃၇၂)ပရိမိတေ မြမ္မသာကေ ပရိပုဏ္ဏပဏ္ဏာသဝဿော ပါတုရဟောသိ။ တသ္မာ တသ္မိံယေဝ

သာကေ ဖဂ္ဂုနမာသေ ဇုဏှပက္ခေ အဋ္ဌမာဟေ ပဏ္ဏာသမ-ဝဿသဟဿေ သိလာလေခံ လိခိတွာ ဒက္ခိဏေယျာနဉ္စ ဒက္ခိဏံ ဒတွာ မာနေန္တိ ပူဇေန္တိ။

ဘဒ္ဒန္တအဂ္ဂညာနာဘိဝံသော
စည်ရှင်နာယကမဟာထေရော
မဟာဝိသုဒ္ဓါရာမေ
မဟာအောင်မြေနဂရေ
မန္တလေးမဟာမဏ္ဍလေ

ဗုဒ္ဓဝဿေ-၂၅၅၄ မြမ္မဝဿေ-၁၃၇၂ ဖဂ္ဂုနမာသေ ခရိဿဝဿေ-၂၀၁၁



စစ်ကိုင်း नगरदेशे जेयाचलाख्यधार्मीकपर्वते

ရွှေစေတီ नामभावनारामस्य पञ्चाशवर्षस्मरणोत्सवे प्रतिष्ठापिता

· ရွှေစေတီ भावनारामसमुत्पत्तिशिलालेखा

---------------

"ရွှေစေတီဆရာတော်" इति विश्रुतो भदन्ताचार्यसुन्दरमहास्थविरश्चन्द्ररसपक्षेन्दु (१२६१) परिमिते म्रम्मशाक्ये द्वितीयाषाढमासे कृष्णपक्षे सप्तमाहनि शुक्रवारे जेयपुरमहामण्डले စစ်ကိုင်း नगरदेशे ရွာသစ်ကြီး ग्रामे မတောင်တ नामप्रदेशे ဦးရှိန်ငြိမ်း+ဒေါ်ပု संज्ञिताभ्याम् मातृपितृभ्याम् सञ्जातः पुत्रवरः पातुरभूत्॥ १ ॥

स हि महास्थविरो द्वादशवर्षजातरग्न्यश्वकरेन्दु (१२७३) मिते शाक्ये ရွာသစ်ကြီး ग्रामे ရွှေစေတီ नाम्नारण्यायतनिकेन गणप्रमुखेन भदन्तनागमहास्थविरेणोपाध्यायेन श्रामणेरप्रव्रज्यां प्राप्नोत्। नाम्ना तु सुन्दरश्रामणेररिति। खवसुहस्तेन्दु (१२८०) मिते शाक्ये माघमासे ज्योत्स्नापक्षे सप्तमाहन्युपसम्पदां प्राप्नोत् प्रव्रज्योपाध्यायभूतेनैवोपाध्यायेन. ဦးသူတော်+ဒေါ်ချို संख्यातानां दायकदायिकानां चतुर्प्रत्ययसंग्रहं समादाय॥ २ ॥

नवभूतोऽयुष्मा सुन्दरश्रमणो गणवाचकस्थविराणां सकाशे नानाग्रन्थान् समुदग्रहीत्। ရွှေစေတီ समाज्ञारण्यायतनिको गणप्रमुखो भदन्तनागमहास्थविरः, ဂုဏ်ပင် धर्मसामिनारामिको

भदन्तनन्दननायकस्थविरः, ချောင်းဦး नगरे धर्मारामाधिपरग्रमहापण्डितोपाधिको भदन्त-दीपस्थविरः, तस्मिन् धर्मारामे निवासिनो गणवाचकस्थविराः, मန္တလေး नगरे ပိုးကောင်း नामसंघारामे "ညောင်ရမ်းဆရာတော်" इति विख्यातो भदन्तरेवतस्थविरः, ခင်မကန် नामसंघारामे चिञ्चा(မန်ကျည်းပင်) विहारे गणवाचको भदन्तशीलाचारस्थविरः, श्रेष्ठिविहारे "သုငွေးဆရာတော်" इति विश्रुतो भदन्तरेवतस्थविरः, "ဝဲကျောင်းဆရာတော်" इति प्राकृतो भदन्तनन्दिमास्थविरश्चेति प्रधानप्रमुखानामाचार्यवराणां सकाशे सग्रन्थान्तरपिटकत्रयं समुदग्रहीत्॥ ३ ॥

မန္တလေး नगरस्य दक्षिणदिशाभागेऽभिनव ဆင်တဲ नामसंघारामे ကျောက်တန်း विहारे वेदाङ्गविदिति प्राकृतस्य शीलवंशस्थविरस्य सकाशे सन्दिष्ठादिमूलवेदाङ्गशास्त्रानि यावच्छेकत्वप्राप्तात् समशिक्षिष्ट॥ ပိုးတား नामसंघारामे संस्कृतभाषाविदिति विख्यातस्य भदन्तप्रज्ञेन्द्रियस्थविरस्य, तच्छिष्यस्य "တောင်သာဆရာတော်" इति प्राकृतस्य भदन्तकेशर-स्थविरस्य च सकाशे संस्कृतग्रन्थान् समुदग्रहीत्। မန္တလေး नगरस्य ဗိုလ်လှိုင် नामस्थाने ဥဩဥိုအ नामविद्यालये ब्रम्मकुलिकशिल्पशिक्षणपद्धत्या पादकप्रज्ञाशिक्षणोपरिमभागे दशमवर्गे शिक्षितव्यविद्यां यावत्पर्यवशानात् समशिक्षिष्ट॥ ४ ॥

भदन्ताचार्यसुन्दरमहास्थविरो विशुद्धिमार्गार्थकथानिःश्रयसंख्यातं प्रथमभागादिवशा चतुर्विधं ब्रम्मभाषापरिवर्तनग्रन्थं, उपरिपञ्चाशत्पालावागतषड्षद्धसूत्रस्य ब्रम्मभाषापरिवर्तन-ग्रन्थं, ဂျူဝေဝ် धर्मदेशनाग्रन्थाश्च व्यरचयत्। ဂျူဝေဝ် महाचार्यष्षष्ठसंगीतिमहाधर्मसभायां त्रयो मध्यमनिकायपालिग्रन्धान् प्रतिविशोधकभावेन यावत्पर्यवशानादशुशुधत्। शिखीपक्षाग्नीन्दु (१३२३) मिते शाक्ये ब्रम्मराष्ट्रेश्वरेभिरग्रमहापण्डितोपाधिना पूजितः ॥ ५ ॥

पक्षवेदाग्नीन्दु (१३४२) मितात्शाक्यात् प्रस्थाय ရွှေဥမင် महाचार्यो राष्ट्रावववादाचार्यभावेन, ရန်ကုန် नगरे မဟာစည် भावनारामाधिपत्यववादाचार्यभावेन, रसयुगाग्निचन्द्र (१३४६) मिते शाक्ये ရွှေမင်းဝံ भावनारामस्य प्रधाननायककर्मस्थानाचार्यभावेन च शासनकृत्यमकार्षीत्। ကြာသစ်ကြီး ग्रामे ရွှေဥမင်भावनारामे, ဆိပ်ခွန် ग्रामे မဟာစည် भावनारामे, မန္တလေး नगरे ရတနာပုံ भावनारामे च विहरान् गृहस्थप्रव्रजितानां विपश्यनाभावनाकर्मदानधर्ममदिक्षत् प्राचकाशत्॥ ६ ॥

(क) वेदेन्दुशिखीसूर (१३१४) मिते शाक्ये ကြာသစ်ကြီး ग्रामे ရွှေဥမင် नामारण्यायतन-भावनारामम्,

(ख) रसेन्दुशिखीचन्द्र (१३१६) मिते शाक्ये ပြင်ဦးလွင် नगरे သစ်တောလမ်း महा-स्मृतिप्रस्थानभावनारामम्,

(ग) ग्रहेन्द्वग्निसूर (१३१९) मिते शाक्ये ဗန်းမော် नगरदेशे ရွှေကူ नगरे महासुखिता-रामभावनास्थानम्,

(घ) खपक्षाग्निचन्द्र (१३२०) मिते शाक्ये ပြင်ဦးလွင် नगरे မြယာလာ प्रदेशे ရွှေဥမင် भावनारामम्,

(ङ) पक्षकराग्नीन्दु (१३२२) मिते शाक्ये जेयाचलाख्यधार्मिकपर्वते ရွှေဥမင် भावनारामञ्च प्रतिष्ठाप्य भावनाकृत्यमारब्धुं प्राचकाशत् व्यवारीत्॥ ७ ॥

ऋषियुगाग्निचन्द्र (१३४७) मिते शाक्ये फाल्गुनमासे ज्योत्स्नापक्षे एकादशाहनि पूर्वाह्णकालयेकादशघटिकायामेकादशविघटिकायां मनुष्यजात्या सप्ताशीतिवर्षायुकः

श्रमणजात्या सप्तषष्टिवर्षो ဂန္ဓေဝီ महाचार्यः शिष्यभूतान् गृहस्थप्रव्रजितानवहायैक-भवोपशममकार्षीत्॥ ८ ॥

मुनियुगाग्नीन्दु (१२४७) मितात् शक्यात् प्रस्थाय जेयाचलाख्यधार्मिकपर्वते ဂန္ဓေဝီ महाभावनारामं ဂန္ဓေဝီ महाचार्यस्य शिष्यभूताः भदन्तार्यवंशः, भदन्तनेमीन्द्रः, भदन्तरेवतः, भदन्तप्रज्ञेन्द्रश्चेति चत्वारो नायकस्थविराः ဂန္ဓေဝီ महाचार्यस्य यथोपनिःश्रयोपदेशं प्रशासन्ति अध्यावसन्ति॥ मुनिरसाग्निचन्द्र (१३६७) मिते शाक्ये फाल्गुनमासे ज्योत्सनापक्षयेका-दशाहन्याधुनिकဂန္ဓေဝီनायकाचार्याः सम्मन्त्र्य प्रतिलब्धपर्याप्तिशासनहितधर्माचार्य,शासन-ध्वजश्रीप्रवरधर्माचार्योपाधिकं भदन्तशीलानन्दाभिवंशं ဂန္ဓေဝီ भावनारामयीश्वराधिपत्ये प्रधानन्नायकभावे प्रतिष्ठापयन्ति॥ ९ ॥

इत्येवं पक्षकराग्निचन्द्र (१३२२) परिमितात् शाक्यात् प्रस्थाय जेयाचलाख्यधार्मिकपर्वते प्रतिष्ठापितो ဂန္ဓေဝီमहाभावनारामः पक्षर्ष्यग्निचन्द्र (१३७२) परिमिते ब्रम्मशाक्ये परिपूर्णपञ्चाशत्वर्षः पातुरभूत्॥ तस्मात्तस्मिन्नेव शाक्ये फाल्गुनमासे ज्योत्स्नापक्षेऽष्टमाहनि पञ्चाशवर्षस्मरणोत्सवे शिलालेखां लेखिप्य दाक्षिण्याभ्यश्च दक्षिणां दत्वा मानयन्ति पूजयन्तीति॥ १० ॥

बुद्धवर्षे-२५५४ ब्रम्मवर्षे-१३७२ फाल्गुनमासे खरिस्तवर्षे-२०११

အဂ္ဂညာနာဘိဝံသေန၊ ဝိရုဒ္ဓါ ရာမဝါလိ သိန္ဓာ။
သံဃာ့ဂုဏ ဂန္ဓေဝီ နာမ-ဘာဝနာရာမလေခ္ခိကာ။

## श्रीत्रिलोकमुकुटवरचैत्यप्रतिस्थापनगीति

"मन्तलेः" नगर्य्यावाच्यां "तंताःऊः" नाम पत्तनम्।
तत्सकाशे परस्थाने त्रिक्रोशकप्रमाणके।
"सू ङय् तौ" नाम ग्रामोऽस्ति श्रद्धादिकुलसम्भवः॥ १ ॥
तत्पश्चिमोदीच्यां स्थानेऽर्धक्रोशकप्रमाणके।
सञ्छन्नो नीलवृक्षेभिर्प्यायनाश्रमो मनः।
परोवर्षशतं सश्च शून्यसंघपरस्परः॥ २ ॥
स्थिरः "सू ङय् तौ" जातीयश्शीलाचारगुणादिकः।
"भदन्ताचार्य्यार्य्यवंश"रारण्यको धुरावहः॥ ३ ॥
स्थिरस्त्रिपञ्चाशाधिके त्रिशतेकसहस्रके।
म्रम्मशाक्ये संवत्सरे फाल्गुनपूर्णमादिने।
पुनरेतं संस्थापयमशूशुभत शासनम्॥ ४ ॥
शासनस्य च लोकस्य जन्मभूम्यां सुवृद्धये।
चैत्यञ्च प्रतिबिम्बानि स्थापयित्वान स्वर्च्चितुम्।
महास्थिरश्छन्दजातस्सम्यक्संकल्पगोचरः॥ ५ ॥
त्रिषष्ट्यधिके सम्प्राप्ते त्रिशतेकसहस्रके।
म्रम्मशाक्ये संवत्सरे फाल्गुनपूर्णमादिने।
भूमिशोधनं मङ्गलमचीकरत् सुचेतसा॥ ६ ॥
चतुष्षष्ट्यधिके प्राप्ते त्रिशतेकसहस्रके।
म्रम्मशाक्ये संवत्सरे चाषाढपूर्णमादिने।

आधारकर्म श्रीमन्तमचीकरत् सुमेधसः॥ ७ ॥
एतस्मिन् वत्सरे प्रोष्ठपदे पञ्चदशे तिथौ।
कूपकरणं मङ्गलमचीकरत् महास्थिरः॥ ८ ॥
पश्चात्कार्त्तिके च प्राप्ते पूर्णमायां सुमङ्गले।
रत्नेष्टकाधारैश्चयमङ्गलञ्च स्वचीकरत्॥ ९ ॥
अष्टषष्ट्यधिके प्राप्ते त्रिशतेकसहस्रके।
म्रम्मशाक्ये संवत्सरे फाल्गुनपूर्णमादिने।
चतुर्बिम्बानि पर्यङ्के स्थापयित्वा स्वपूपुजन्॥ १० ॥
नवषष्ट्यधिके प्राप्ते त्रिशतेकसहस्रके।
म्रम्मशाक्ये संवत्सरे फाल्गुनपूर्णमादिने।
मूलस्थापनं धातूनामचीकरत् महास्थिरः॥ ११ ॥
सप्तत्यधिके सम्प्राप्ते त्रिशतेकसहस्रके।
स्वचीकरात् मध्यस्थापं वैशाखपूर्णमादिने।
ऊर्ध्वम् स्थापनं तत्वर्षे चाषाढपूर्णमादिने॥ १२ ॥
मनोज्ञं सुवर्णच्छत्रं फाल्गुनपूर्णमादिने।
वज्रवरं चारूरुपत् हितकामो महास्थिरः।
बुद्धाभिषेकं मङ्गलमकार्षुर्भिक्षवः स्थिराः॥ १३ ॥
स्थले नवपादोन्नतेऽष्टाधिकशतपादके।
विस्तारेण चायामेन सुधाकर्मविचित्रकम्॥ १४ ॥
" त्रिलोकमुकुटं " नामास्थापयत् बुद्धचैत्यकम्।
मनोहरैश्चतुर्बिम्बैस्सहाष्टादशपादकैः॥ १५ ॥
इदं नः पुण्यं निर्वाणप्रत्ययो भूयतञ्जसा।
दक्षिणां सर्वप्रजाभ्यरादिसामस्सुचेतसा।
प्राप्तिं लब्ध्वा सर्वप्रजास्सुखयन्तु प्रमोदितारिति॥ १६ ॥

## အရှင်ဣန္ဒကဝိသိဋ္ဌာလင်္ကာရ ၏
## ဝိသိဋ္ဌဂုဏာပူဇာမင်္ဂလာသဘင်၌ ဖတ်ကြား ပူဇော်အပ်သော
# အာဇာနီယဂုဏာဂီတိကာ

(၉၃) ဒေဝေသု မဟိန္ဒော ဣန္ဒော၊ မဂေသု ကေသရီ ဝနေ။
ဇနေသု ဘူတလေ ဣန္ဒော၊ ကော နု ဝိညူ ဇယမ္ဗရော။

—**သာဓဝေါ**၊ သာသနာလင်္ကာရ၊ ဝိသိဋ္ဌသာမဏေကျော်၊ ပထမကျော်ဟု၊ ကျော်ပေါ် ကျော်ဆင့်၊ ဂုဏ်ရည်မြင့်သည့်၊ အရှင့်ပူဇာ၊ မင်္ဂလာသဘင်၊ ပါဝင်ချီးမြှောက်၊ ကြွရောက်လာများ၊ အို သူတော်စင် အရှင်မြတ်တို့ဘုရား။ **ဒေဝေသု**၊ ပုဉ်းကံပိုင်ရှင်၊ ဝေဟင်ဘုံတိုက်၊ စံပျော်ပိုက်၍၊ အမြိုက်သုဓာ၊ သုံးဆောင်ပါသည့်၊ ဒေဝါ, ဒေဝီ၊ အလီလီ အစားစား၊ နတ်သား, နတ်သမီးတို့အပေါ်၌။ **မဟိန္ဒော**၊ ဝတ်ိနန်းမြေ၊ ကြငှန်းဗွေဝယ်၊ ဆန်းပေအာရုံ၊ အဖုံဖုံတို့၊ ပိုင်းအုံရုံခ၊ စိုးစံရသည့်၊ ဒေဝသနင်း၊ သိကြားမင်းသည်။ **ဣန္ဒော**၊ ဒေဝါအချင်းချင်း၊ တူတံ့လျှင်းလည်း၊ ထန်ပြင်းတေဇာ၊ ဘုန်းသမ္ဘာနှင့်၊ ပညာဂုဏ်သိန်၊ စည်းစိမ်လွှမ်းချုပ်၊ စိုးမိုးအုပ်သည့်၊ အနုတ္တရ၊ ဒေဝထွတ်ထိး၊ နတ်မင်းကြီးဖြစ်ပါပေ၏။

**ဝနေ**၊ သီးပွင့်စုံစွာ၊ ဟေမဝါနှင့်၊ သေလာဂနိုင်၊ စုံမြိုင် ခပင်း၊ တောနယ်အတွင်း၌၊ **မဂေသု**၊ ရဂုံကိုယ်စီ၊ ခိုလှုံမှီသည့်၊ စုံညီများမြောင်၊ သားကောင်တို့အပေါ်၌။ **ကေသရီ**၊ လည်ဆံဖားဖား၊ ကိုယ်လုံးထွား၍၊ တောကြားမြိုင်ပေါက်၊ သံကုန်ဟောက်သည့်၊ ကြောက်မက်ဖွယ်ရာ၊ ကေသရာသနင်း၊ ခြသေ့်မင်းသည်။ **ဣန္ဒော**၊ သားကောင် အချင်းချင်း၊ တူတံ့လျှင်းလည်း၊ ရဲတင်းအားမာန်၊ စုံပြည့်လျှံ၍၊ ဧကန်လွှမ်းချုပ်၊ စိုးအုပ်နိုင်ပါပေ၏။

**ဘူတလေ**၊ ကျွန်းကြီးလေးသွယ်၊ ကျွန်းငယ်အဖြာဖြာ၊ ရတနာစုံလင်၊ ဤမြေအပြင်၌။ **ဇနေသု**၊ ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသာဝယ်၊ ကြည်သာရွှင်ပျ၊ နေထိုင်ကြသူ၊ များဗိုလ်လူတို့အပေါ်၌။ **ဇယမ္ပရော**၊ အောင်ရန်ဆင်နွဲ၊ အောင်ပွဲအတန်တန်၊ ဗိုလ်ဝင်ခံ၍၊ အောင်လံစိုက်ထူ၊ အောင်သူအချင်းချင်း၊ ခေါင်ကနင်းလျက်၊ ပြိုင်ဘက်ကင်းပျောက်၊ တံခွန်ဆောက်သည့်၊ မုန်သောက်မာတင်၊ အာဇာနည်အရှင်ဖြစ်တော်မူသော၊ **ကော နဝိညူ**၊ ကျမ်းဂန်အရပ်ရပ်၊ ဖတ်ကမ်းခပ်၍၊ ကျမ်းတတ်ခေါ်ဆို၊ အဘယ်မည်သောပုဂ္ဂိုလ်သည်၊ **ကုန္ဒော**၊ လူတွင်လူချင်း၊ ကဝိချင်းတွင်၊ ပြိုင်ကင်းစံမတူ၊ အောင်လံထူကာ၊ လွှမ်းမိုးအောင်မြင်နိုင်ပါသနည်း။ (တံ ပဉှံ၊ ကိုယ်တိုင်ဖြေမှု၊ စီရင်ပြုသည့်၊ ကထေတုကမျတာ၊ ထိုအမေးပုစ္ဆာကို။ **ကထယိဿာမိ**၊ ကြောင်းကျိုးဂုဏ်အင်၊ စုံလင်ခွဲဝေ၊ ဖြေဆိုပေအံ့သတည်း။)

(ဓမ္မ) ကဝိသေဋ္ဌော ဇယပ္ပတ္တော၊ ဝရလဒ္ဓေါ ဟိ ကုန္ဒကော။
ဇနေသု ဘူတလေ ကုန္ဒော၊ ပသံသိယပသံသိယော။

—**ဟိ**၊ အဖြေစကား၊ ထင်ရှားပြဆိုပါအံ့။ **ကဝိသေဋ္ဌော**၊ ကဝိလက္ခဏာ၊ ကျမ်းရှေ့စာတို့၌၊ လိမ္မာကျွမ်းကျင်၊ ပညာရှင်ဟု၊ အစဉ်သိမှတ်၊ ချီးမွမ်းအပ်သည့်၊ ကဝိမြတ်တစ်ဆူ၊ ဖြစ်တော်မူသော။ **ကုန္ဒကော**၊ လူတွင်ထွတ်မှူး၊ ရှင်အထူးဟု၊ ချီးကျူးထောမနာ၊ မင်္ဂလာဘွဲ့မည်၊ ဖွဲ့ချည်ပေးအပ်၊ အရှင်ကုန္ဒက ရဟန်းတော်မြတ်သည်။ **ဇယပ္ပတ္တော**၊ အောင်မြင်နိုင်ခဲ၊ အောင်ပွဲ အလီလီ၊ ဂုဏ်ရည်ကြီးလှ၊ သာသနာလင်္ကာရ၊ ဝိသိဋ္ဌသာမဏေကျော်၊ ပထမကျော် ဟု၊ အကျော်နှစ်ဆင့်၊ ဂုဏ်ပန်းပွင့်ကို၊ လှမ်းလင့်စွဲကိုင်၊ အောင်ပန်းဆင်နိုင်သည်ဖြစ်၍။ **ဝရလဒ္ဓေါ**၊ ကြေညာခတ်နိုပ်၊ ဘွဲ့ပုံလိပ်နှင့်၊ တံဆိပ်တော်ဂုဏ်ထူး၊ ဆွတ်ခူးရတော်မူသည်။ **အာသိ**၊ အရှင့်ပညာ၊ ဘုန်းသမ္ဘာကြောင့်၊ မုန်စွာမသွေ၊ ဖြစ်ကြီးဖြစ်တော်မူခဲ့လေပြီ။

**ပသံသိယပသံသိယော၊** ပြောပြမပြီး၊ အံ့ချီးမကုန်၊ လုံးစုံမြင့်ကြွယ်၊ ချီးကျူးဖွယ်ဂုဏ်တို့ကြောင့်၊ ဝိုင်းအုံ့ရံပတ်၊ အထပ်ထပ်အခါခါ၊ ဂုဏ်ပြု လွှာတို့ဖြင့်၊ ကြည်သာရွှင်မြူး၊ ချီးကျူးပူဇော်အပ်သူ ဖြစ်တော်မူသော။ **ပသံသိယပသံသိယော၊** အများသူငါ၊ မယှဉ်သာသည့်၊ သမ္မာရင့်သီး၊ ပညာ ရှင်ကြီးတို့ကပင်၊ အံ့ချီးထောမနာ၊ ဩဘာပေးအပ်၊ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူ သော။ **ဣန္ဒကော၊** အရှင်ဣန္ဒက၊ ဝိသိဋ္ဌာလင်္ကာရ၊ နာမထင်ပေါ်၊ ပထမ ကျော် ပုဂ္ဂိုလ်မြတ်သည်။ **ဘူတလေ၊** သာသနာဂုဏ်ရောင်၊ ထွန်းလင်း ပြောင်သည့်၊ ပြည်ထောင်စုလင်၊ ဤမြန်မာ့မြေအပြင်၌။ **ဇနေသု၊** သတိ, ပညာ၊ သဒ္ဓါဖြူစင်၊ လူရှင်ရဟန်း၊ အခန်းခန်းအသွယ်သွယ်၊ သာသနာ နွယ်ဝင် ပုဂ္ဂိုလ်တို့အပေါ်၌။ **ဣန္ဒော၊** လူတွင်လူချင်း၊ ကဝိချင်းတွင်၊ သတင်း ဂုဏ်ရောင်၊ ပြောင်ထက်ပြောင်၍၊ မြင့်ခေါင်ကျက်သရေ၊ လွှမ်းမိုး အောင် မြင်နိုင်ပါပေသတည်း။

(သံဃ) ပထမပွတ္တော သော ဘိက္ခု၊ ဝိသိဋ္ဌောတိ သုပါကဋော။
အမ္ဗရေ ပုဏ္ဏစန္ဒောဝ၊ သံဃမဇ္ဈေ ဝိရောစတိ။

— **သာဓဝေါ၊** သာသနာလင်္ကာရ၊ ဝိသိဋ္ဌအကျော်၊ ပထမကျော်အရှင်၊ ပူဇာသဘင်၌၊ ပါဝင်ကြွြား၊ သူတော်စင် အရှင်မြတ်တို့ဘုရား။

**ပထမပွတ္တော၊** အောင်သူတို့ ထိပ်တင်၊ အောင်ဘုရင် ထွတ်ထီး၊ ပထမကြီး ဗွေဇော်၊ ပထမကျော်ဟု၊ ထင်ပေါ်ဂုဏ်အင်၊ တစ်ဂဏန်းပိုင်ရှင် ဖြစ်တော်မူသော။ **သော ဘိက္ခု၊** အပြစ်အနာ၊ ကင်းစင်ကွာ၍၊ ပညာဆင့် ထပ်၊ ထို(အရှင်ဣန္ဒက)ရဟန်းတော်မြတ်သည်။ **ဝိသိဋ္ဌောတိ၊** သာသနာ- လင်္ကာရ၊ ဓမ္မပြိုင်ယှဉ်၊ စာသဘင်ဝယ်၊ နစ်စဉ်ပထမ၊ သုံးကြိမ်ရ၍၊ သာသနာ့ညွန့်ဖူး၊ ရှင်အထူးဟု၊ ချီးကျူးပူဇော်၊ ရွှေတံဆိပ်ရ သာမဏေ ကျော်ဟူ၍။ **သုပါကဋော၊** ပြိုင်ယှဉ်စံပြ၊ ရာမရသဖြင့်၊ ပါကဋဂုဏ်၊ လွှမ်းခြုံ မြင့်မော်၊ အလွန်ပင် ထင်ရှားတော်မူပါပေ၏။

**သော ဘိက္ခု၊** ရွှေတံဆိပ်ရ သာမဏေကျော်၊ ပထမကျော် အထက်တန်း၊ တက်လှမ်းထင်ပေါ်၊ ထို(အရှင်ဣန္ဒက)ရဟန်းတော်သည်။ **အမ္ဗရေ၊** ဆီးနှင်းတိမ်လွှာ၊ ကင်းစင်ကွာသည့်၊ အဇင္ဂာပြင်ကျယ်၊ ကောင်းကင်အလယ်၌။ **ပုဏ္ဏစန္ဒော ဣဝ၊** အေးချမ်းသာယာ၊ လပြည့်ညအခါဝယ်၊ ရောင်ဝါတင့်ရွှန်း၊ လပြည့်ဝန်းကြီးကဲ့သို့။ **သံဃမဇ္ဈေ** သိက္ခာဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည့်၊ မြင့်ခေါင်ထင်ပေါ်၊ သံဃာတော်တို့ အလယ်၌။ **ဝိရောစတိ၊** အကျင့်သီလာ၊ တည်သမာနှင့်၊ ပညာဂုဏ်ရောင်၊ ထွန်းပြောင်လက်ဝေ၊ မက်မပြေအောင်၊ ကျက်သရေဖြိုးကြွယ်၊ အလွန်ပင် တင့်တယ်တော်မူပါပေသတည်း။

(မာတု) သီလဝန္တံ မိတိမန္တံ၊ ဓီမန္တံ ဣန္ဒကံ ယတိံ။
ပူဇနီယေဟိ ပူဇေန္တိ၊ ဇိနစက္ကာဘိဝုဒ္ဓိယာ။

— **သီလဝန္တံ၊** ကိုယ်နှုတ်နှစ်တန်၊ မဖောက်ပြန်အောင်၊ စောန်မုချ ထိန်းချုပ်ရသည့်၊ အဓိသီလသိက္ခာ၊ သာသနာမူလ၊ ပြည့်စုံတော်မူပေထသော။ **မိတိမန္တံ၊** ပိဋကအာရုံ၊ စိတ်မှာထုံ၍၊ တလုံးလဲလဲ၊ စွဲမြဲတည်ဘိ၊ သမာဓိရှိတော်မူထသော။ **ဓီမန္တံ၊** ဆန်း,အလင်္ကာ၊ သဒ္ဒါ, အဘိဓာန်၊ ပိဋက အခြေခံနှင့်၊ အမှန်သိပ်သည်း၊ ဂုဏ်ဟိတ်ကြီးသည့်၊ ဝိနည်း အဘိဓမ္မာ၊ ကျမ်းရွှေစာတို့ကို၊ သေချာစေ့ငု၊ ကြည့်ရှုဝေဖန်၊ ပညာဉာဏ် ရှိတော်မူထသော။ **ဣန္ဒကံ ယတိံ၊** သာသနာလင်္ကာရ၊ ဝိသိဋ္ဌအကျော်၊ ပထမကျော် ဂုဏ်ထူး၊ ဆွတ်ခူးပိုင်သ၊ အရှင်ဣန္ဒက ရဟန်းတော်မြတ်ကို။ **ဇနာ၊** လူဖက်, ရှင်ဖက်၊ အဖက်ဖက်မှ၊ ထက်မြက်သဒ္ဓါ၊ စေတနာနှင့်၊ ပညာကဲလွန်၊ ပုဂ္ဂိုလ်မွန်တို့သည်။ **ဇိနစက္ကာဘိဝုဒ္ဓိယာ၊** ကမ္ဘာအသချေ၊ လေးထွေမက၊ တည်ထောင်ရသည့်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရောင်ဝါထိန်ညီး၊ လုံးစုံပြီးအောင်၊ ပွားစီးတည်တံ့ခြင်းငှာ။ **ပူဇနီယေဟိ၊** အာမိသ,ဓမ္မ၊ နှစ်ဝကွဲရိုး၊ ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့်။ **ပူဇေန္တိ၊** အရှင့်ဂုဏ်ရည်၊ စုံအညီကို၊ ယုံကြည် အားရ၊

ချီးမြှောက်, ပူဇော်ကြပါကုန်၏။ **ပူဇေန္တိ** သာသနာခေတ်ရှည်၊ ကြာမြင့်တည်၍၊ တစ်လီနောက်သား၊ စံနှုန်းထားဖို့၊ ပိုင်းခြားရှည်မြော်၊ ချီးမြှောက်ပူဇော်ကြပါကုန်သတည်း။

(ပိတု) ဒါယကာစေရုပဇ္ဈာယာ၊ မာတာ ပိတာ စ ဉာတကာ။
တာဒိသံ သုတံ လဒ္ဓါန၊ ပီတိံ ဝိန္ဒန္တိ နပ္ပကံ။

— **သာဓဝေါ**၊ သာသနာလင်္ကာရ၊ ဝိသိဋ္ဌအကျော်၊ ပထမကျော်ဟု၊ ကျော်ပေါ်ကျော်ဆင့်၊ ဂုဏ်ရည်မြင့်သည့်၊ အရှင့်ပူဇာ၊ မင်္ဂလာသဘင်၊ ပါဝင်ချီးမြှောက်၊ ကြွရောက်လာကြား၊ သူတော်စင် အရှင်မြတ်တို့ဘုရား။

**တဿ ဘိက္ခုဿ**၊ စာပွဲသဘင်၊ ဂုဏ်ထူးဆင်သည့်၊ ထိုအရှင်ဣန္ဒက ရဟန်းတော်မြတ်၏။ **ဥပဇ္ဈာယာ**၊ အပြစ်ကြီး, ငယ်၊ အသွယ်သွယ်တို့၊ ဘယ်ဝယ်မငြိ၊ ရန်မထိအောင်၊ ရှုကြည့်သွန်သင်၊ ဥပဇ္ဈာယ်ဆရာ အရှင်တို့သည်လည်းကောင်း။ **အာစေရာ**၊ ကျင့်ဝတ်သိက္ခာ၊ တတ်ပညာကို၊ ကောင်းစွာပို့ချ၊ သွန်သင်ပြသည့်၊ စာချဆရာ၊ ဓမ္မာစရိယ၊ အရှင်မြတ်တို့သည်လည်းကောင်း။ **ဒါယကာ စ**၊ လေးထွေပစ္စယ၊ ပေးလှူကြ၍၊ သာသနာ့ဒါယကာ၊ ဂုဏ်ဝါဖော်ပြ "သီဟသုဓမ္မဂုဏ်ဇောတာရေ"၊ ဘွဲ့ရှုမှန်စွာ၊ ရဟန်းဒါယကာကြီး ဦးထွန်းသိန်း၊ အေးငြိမ်းချမ်းသာ၊ တောင့်တပါ၍၊ သဒ္ဓါရောင်ရှိန်၊ ဝင်းဝင်းထိန်သော၊ ရဟန်းအမကြီး ဒေါ်ကြည်စိန်၊ ဂုဏ်သိန်ထင်ရှား၊ လူသိများသည့်၊ သား ရဟန်းဒကာ၊ ဦးမြင့်ဝေ၊ ကျက်သရေပဝင်း၊ ဂုဏ်ရောင်လင်းသည့်၊ ဒေါ်သင်းသင်းရီ၊ သမီး– ရဟန်းအမ၊ အဦးစသည့်၊ များပြားလှစွာ၊ ဒကာ, ဒကာမအပေါင်း၊ သူတော်ကောင်းတို့သည်လည်းကောင်း။ **မာတာ စ**၊ မြင့်မိုရ်တောင်မျှ၊ ပမာပြသည့်၊ အနန္တဂုဏ်၊ လွှမ်းခြုံယူသိုင်း၊ မယ်တော်ကြီး ဒေါ်မူဆိုင်းသည်လည်းကောင်း။ **ပိတာ စ**၊ လက်ဦးဆရာ၊ မည်ထိုက်စွာသည့်၊ ပိတာ ဖခင်၊ ကျေးဇူးရှင်ဟု၊ လူတွင်ညွှန်းခန့်၊ ခမည်းတော်ကြီး ဦးခွန်းထန့်သည်လည်းကောင်း။ **ဉာတကာ စ**၊ သွေးရင်းသားရင်း၊ အချင်း

ချင်းမို့၊ ပေါင်းသင်းစပ်ရိုး၊ မေတ္တာပျိုးသည့်၊ ဆွေမျိုးသားချင်းတို့သည် လည်းကောင်း။ **တာဒိသံ သုတံ၊** ဆိုခဲ့သမျှ၊ ဂုဏ်ပေါင်းခသည့်၊ သားလှ ရတနာ၊ မဟာကဝိ၊ တိုင်းသိပြည်ကျော်၊ ရဟန်းတော် အရှင်ဣန္ဒကကို။ **လဒ္ဓါန၊** ဆည်းကပ်မှီခို၊ ကြည်ညိုဝပ်တွား၊ သဒ္ဓါပွားဖို့၊ "ပတ္တမြားငမောက်၊ စိန်ရွှေကျောက်ကို၊ ကောက်ရသည့်နှယ်"၊ စိတ်ဝယ်ကြံဆ၊ အမှန်ပင် ရကြ ပါကုန်၍။ **ဝါ-** ရကြပါသောကြောင့်။ **အနပ္ပကာ၊** ရာ, ထောင်, သိန်း, သန်း၊ ကိန်းဂဏန်းဖြင့်၊ ခန့်မှန်းတွက်ဆ၊ မဖော်ပြနိုင်အောင်၊ များမြောင်လှစွာ သော။ **ပီတိံ၊** ဓမ္မပီတိ၊ ကိုယ်လုံးပြည့်၍၊ ဆီထိဝွမ်းပမာ၊ ဝမ်းသာ ကြည်နူး၊ ဘဝင်မြူးလျက်၊ အထူးနှစ်သက်ခြင်းကို။ **ဝိန္ဒန္တိ၊** ဗုဒ္ဓမြတ်စွာ၊ သာသနာစက်၊ ရောင်ဝါတက်၍၊ မပျက်မသွေ၊ ရရှိကြပေကုန်၏။ **ဝိန္ဒန္တိ၊** သမ္ပတ္တိထိုထို၊ နားကာခိုလျက်၊ မဂ်, ဖိုလ်လမ်းမ၊ ကြွမြန်းရသည့်၊ နန်းလှနိဗ္ဗာန်၊ ဝင်ရောက် စံဖို့၊ ဧကန်မသွေ၊ ရကြီးရကြပေကုန်သတည်း။

အရှင်အဂ္ဂဉာဏာဘိဝံသ
- စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

## အရှင်ဇေယျဒီသာလင်္ကာရ ၏
## ပထမကျော် ဂုဏပူဇာ မင်္ဂလာသဘင်၌ ဖတ်ကြား ပူဇော်အပ်သော
# အာဇာနီယ ဂုဏဂီတိကာ

(၅၁) ဂန္ထဂဏ္ဌပဒတ္ထာနံ၊ ပါဠိပဉှာဝိသဇ္ဇနေ။
နိန္နဂဏ္ဌိပဥှံ ဒိဋ္ဌ၊ ကော န ဝိညူ ဇယန္တရော။

— **သာခဝေါ်**၊ သာသနာလင်္ကာရ၊ စသည်လေးဖေါ်၊ သာမဏေကျော်နှင့်၊ ပြည်တော်ပိုင်သ၊ အစိုးရပထမကျော်၊ ကျော်ပေါ် ကျော်ဆင့်၊ ဂုဏ်ရည်မြင့်သည့်၊ အရှင့်ပူဇာ၊ မင်္ဂလာသဘင်၊ ပါဝင် ချီးမြှောက်၊ ကြွရောက်လာကြား၊ အို . . . သူတော်စင် အရှင်မြတ်တို့ဘုရား။

**ဂန္ထဂဏ္ဌပဒတ္ထာနံ**၊ ပါဠိ,အဋ္ဌကထာ၊ ဋီကာအတန်တန်၊ ကျမ်းဂန်ဖုထစ်၊ ဆစ်မြစ်ဖွဲ့ထုံး၊ မဆုံးဖြတ်နိုင်၊ လက်မှိုင်ချစရာ၊ ခက်ခဲစွာတောင်း၊ ပုဒ်အနက်အပေါင်းတို့၏။ **ပါဠိပဉှာဝိသဇ္ဇနေ**၊ များစွာတည်ရှိ၊ ပါဠိနှင့်စပ်၊ အရပ်ရပ်အဖြာဖြာ၊ မေးခွန်းလွှာတို့ကို၊ ညီညာပေါင်းဆုံ၊ ဝိုင်းအုံဖြေရာ၊ သညာမည်တွင်၊ ပါဠိပထမပြန် စာပွဲသဘင်၌။ **ဒိဋ္ဌ**၊ ဉာဏ်ဖြင့်အထပ်ထပ်၊ ရှုမြင်လတ်၍၊ သုံးသပ်ဖြေရာ၊ မေးခွန်းလွှာဟုဆိုအပ်သော။ **နိန္နဂဏ္ဌိပဥှံ ဒိဋ္ဌ**၊ ကျမ်းဂန်သိမြင်၊ ပညာရှင်တို့၊ ဆင်ခြင် သုံးသပ်၊ လွန်ခဲကပ်သည့်၊ အရပ်ရပ်ပုစ္ဆာ၊ မေးခွန်းလွှာဟူ၊ ရန်သူအပေါင်းကို။ **ဇယန္တရော**၊ အောင်ရန်ဆင်နွှဲ၊ အောင်ပွဲအတန်တန်၊ မိုလ်ဝင်ခံ၍၊ အောင်လံစိုက်ထူ၊ အောင်သူအချင်းချင်း၊ ခေါင်ကနင်းလျက်၊ ပြိုင်ဖက် ကင်းပျောက်၊ တံခွန်ဆောက်သည့်၊ မုန်သောက်မာတင်၊ အာဇာနည်အရှင်မြတ်ဖြစ်တော်မူသော။ **ဝိညူ**၊ ကျမ်းဂန်အရပ်ရပ်၊ ဖက်ကမ်းခပ်၍၊ ကျမ်းတတ်ခေါ်ဆို၊ ယခုနှစ် ပထမကျော်ပုဂ္ဂိုလ်မြတ်သည်။

**ကော** နှ၊ ဘယ်သည့်ဒွာန်မည်၊ ဘယ်နံမည်ဖြင့်၊ ဝုဏ်ရည်တင့်အပ်၊ အဘယ်သို့သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသနည်း။ (**ဣမံ ပဉှံ** ကိုယ်တိုင်ဖြေမှု၊ စီရင်ပြုသည့်၊ ကထေတုကမျတာ၊ ဤမေးပုစ္ဆာကို။ **ကထယိဿာမိ**၊ ရှေး ဟောင်းဖြစ်စဉ်၊ ထုံးပုံပြင်နှင့်၊ နှိုင်းယှဉ်ခွဲဝေ၊ ဖြေဆိုပေအံ့သတည်း။)

(ခမ္ဘ) ဝိဇယိသု ပုရာ ဉော၊ လီနသတ္တု စ တပ္ပိတာ။
တထာယံ ဝိဇယော'ဇဉော၊ ဇယဒ္ဒိသော သဘာဝုရော။

— **ပုရာ**၊ အလောင်းအလျာ၊ သူတော်စွာတို့၊ အခါခါကျင့်အပ်၊ ပါရမီ မြတ်ကို၊ မပြတ်ဖွေရှာ၊ ဟိုရှေးအခါ၌။ **ဉော**၊ ပါရမီဘုန်းဝုဏ်၊ သုံးမကုန် အောင်၊ လုံးစုံမြင့်မား၊ လွန်ထင်ရှားသည့်၊ ဘုရားအလောင်းတော်၊ ခေါ်ဝေါ် သိမှတ်၊ ဗောဓိသတ် ဖြစ်တော်မူကြကုန်သော။ **အလီနသတ္တု စ**၊ မိဘ ကျေးဇူး၊ ဝုဏ်ရည်ဦးကို၊ အထူးသိတတ်၊ လွန်ပေးဆပ်သည့်၊ "အလီန- သတ္တု"၊ ဝုဏ်ပြုခေါ်ဌြား၊ အလောင်းတော် အိမ်ရှေ့မင်းသားသည်လည်း ကောင်း။ **တပ္ပိတာ စ**၊ ပဥ္စာလမည်၊ ရွှေပြည်ပိုင်သ၊ နရသနင်း၊ ဇယဒ္ဒိသ မင်းကြီးသည်လည်းကောင်း။ **ဝိဇယိသု**၊ ဘီလူးမရန်၊ လူသားရန်ဟု၊ ဘေး ရန်အသွယ်သွယ်၊ အန္တရာယ်ကို၊ ဥပါယ်တံမျဉ်၊ သမ္မဇဉ်ဖြင့်၊ ဉာဏ်ယှဉ် ဆင် နွဲ၊ အနိုင်ကြဲ၍၊ အောင်ပွဲခံခဲ့ကြလေကုန်ပြီ။ **ဝိဇယိသု ယထာ**၊ ဗောဓိသတ္တ၊ သားအဖတို့၊ ခမ္ဘပြိုင်ယှဉ်၊ အောင်ပွဲ ဆင်တော်မူကြကုန်သကဲ့သို့။ **တထေဝ**၊ ပမာနှိုင်းယှူ၊ ထို့အတူသာလျှင်၊ **ဝိဇယော**၊ ခက်ခဲလှစွာ၊ ပြဿနာဟူ၊ ရန်ဆူ ဆူကို၊ လွယ်ကူဖြေဖျဉ်၊ အောင်ပွဲ ဆင်တော်မူသော၊ **ဝါ**၊ အောင်ပွဲဆင်တော် မူသောကြောင့်။ **သဘာဝုရော**၊ အောင်သူအချင်းချင်း၊ ခေါင်ကနင်းလျက်၊ အောင်ခြင်းလွန်ထူး၊ အောင်ပွဲ မှူးဖြစ်တော်မူသော။ **အယံ ဇယဒ္ဒိသော**၊ သာသနာလင်္ကာရ၊ စသည်လေးဖေါ်၊ သာမဏေကျော်နှင့်၊ ပထမကျော် အောင်ပန်း၊ ဆွတ်လှမ်းပန်ဆင်၊ ဤ ဇယဒိသရဟန်းတော်မြတ်သည်။ **အာဇဉော**၊ မေးမြန်းဝုဏ်ရည်၊ စုံညီပြည့်မော်၊ သာသနာ့အာဇာနည် ပထမ

ကျော် ဖြစ်တော်မူပါပေ၏။ **အာဇညော**၊ မဟာဝိသုဒ္ဓါရုံ ရွှေဘုံရှင်ပျော်၊ ပထမကျော်မည်တွင်၊ သာသနာ့အာဇာနည် အရှင်မြတ်ဖြစ်ပါပေသတည်း။

(သံဃ) တာဒိသော ပဏ္ဍိတော ဘိက္ခု၊
သေယျော ဧကောပိ သာသနေ။
ခေ ကော စန္ဒော တမော ဟန္တိ၊
နေဝေါဠူပိ ဗဟူ ယထာ။

—**ဥဋူ**၊ အဇ္ဈာဝေဟင်၊ ကောင်းကင်လှည့်ပတ်၊ နက္ခတ်တကာ၊ ကြယ်တာရာတို့သည်။ **ဗဟူပိ**၊ ချက်ကျဂဏန်း၊ တွက်ဆမှန်း၍၊ ဆုံးခန်းမရောက်၊ ဘယ်လောက်ပင် များကြပါကုန်သော်လည်း။ **တမော**၊ မြူတိမ်ဆီးနှင်း၊ မှောင်ခပင်းကို။ **နေဝ ဟနန္တိ**၊ ရောင်လျှံကင်းပျောက်၊ မထွန်းတောက်သဖြင့်၊ မပယ်ဖျောက်နိုင်ကြလေကုန်။

**ခေ**၊ စန်းလတာရာ၊ ကြယ်တကာတို့၊ သွားလာပျံသန်း၊ နတ်လမ်းခေါ်တွင်၊ ထက်ကောင်းကင်၌။ **စန္ဒော**၊ ရောင်ခြည်ရစေ၊ အေးမြစေသည့်၊ မြငွေဖန်လာ၊ လစန္ဒာသည်။ **ဧကောပိ**၊ ဖေါ်လျော်ပကင်း၊ ရောင်လျှံဝင်းသည့်၊ တစ်စင်းတည်းပင် ဖြစ်ပါသော်လည်း။ **တမော**၊ ဝေဟင်အုပ်ခြုံ၊ မြူမှုန်ဆီးနှင်း၊ မှောင်ခပင်းကို။ **ဟန္တိ ယထာ**၊ ထွန်းတင့်ထွန်းတင့်၊ ကွန်းအမြင့်မှ၊ တွန်းလှင့်ပယ်ဖျောက်နိုင်သကဲ့သို့။ **တထေဝ**၊ ပမာနှိုင်းယှဉ်၊ ထို့အတူသာလျှင်။ **တာဒိသော**၊ လမင်း တရထည်၊ ဂုဏ်ရည်ပြည့်လတ်၊ ရှုစားကြည်ညိုအပ်ပါပေသော။ **ပဏ္ဍိတော**၊ မိမိ, သူတစ်ပါး၊ အကျိုးများကို၊ တိုးပွားစေတတ်၊ ပိဋကတ်ဉာဏ်မြင်၊ ပညာရှင်ဖြစ်တော်မူသော။ **သေယျော**၊ အများသူငါ၊ မယှဉ်သာသည့်၊ သမ္မာရင့်သီး၊ ပညာရှင်ကြီးတို့ကပင်၊ အံ့ချီးထောမနာ၊ ဩဘာပေးအပ်၊ ပုဂ္ဂိုလ်မြတ်တစ်ဆူ၊ ဖြစ်တော်မူသော။ **ဘိက္ခု**၊ သာကီနွယ်ဇာတ်၊ ရဟန်းမြတ်တွင်ခေါ်၊ ပထမကျော် အရှင်ဇယဒိသသည်။ **သာသနေ**၊ အံ့ဖွယ်ရှစ်ဖြာ၊ ပြည့်စုံပါ၍၊ လွန်စွာတင့်အပ်၊ ဘုရားမြတ်

သာသနာတော်၌၊ **ကောဝိ**၊ တွဲဖက်မပေါ်၊ ပြိုင်ဖော်မမီး၊ တစ်ပါးတည်းပင် ဖြစ်ပါသော်လည်း။ **တမော**၊ မိစ္ဆာဝါဒ၊ သာသနာ့ရန်စွယ်၊ အန္တရာယ် ဖော် ဆောင်၊ အမိုက်မှောင်ကို။ **ဟန္တွာ**၊ ပိဋကတ်အစုံ၊ ကောင်းကင်ဘုံမှ၊ ရောင် ဟုန်ကွန်းဆင့်၊ ရွှန်းရွှန်းတင့်သဖြင့်၊ တွန်းလှင့်ပယ်ဖျောက်နိုင်ပေသတည်း။

(မာတာပိတု) ဒါယကာစေရုပဇ္ဈာယာ၊ မာတာ ပိတာ စ ဉာတကာ။
တာဒိသံ သုတံ လဒ္ဓါန၊ ပီတိံ ဝိန္ဒန္တိ နပ္ပကံ။

— **သာဓဝေါ**၊ သာသနာလင်္ကာရ၊ စသည်လေးဖော်၊ သာမဏေကျော် နှင့်၊ ပထမကျော်အရှင်၊ ပုဗ္ဗာသဘင်၌၊ ပါဝင်လာကြား၊ သူတော်စင် အရှင် မြတ်တို့ဘုရား။ **တဿ ဘိက္ခုဿ**၊ စာပွဲသဘင်၊ ဂုဏ်ထူးဆင်သည့်၊ အရှင် ဇယဒိသ၊ နာမထင်ပေါ်၊ ပထမကျော် ရဟန်းတော်မြတ်၏။ **ဥပဇ္ဈာယာ**၊ အပြစ်ကြီး,ငယ်၊ အသွယ်သွယ်တို့၊ ဘယ်ဝယ်မငြိ၊ ရန်မထိအောင်၊ ရှုကြည့် သွန်သင်၊ ဥပဇ္ဈာယ်ဆရာ အရှင်မြတ်တို့သည်လည်းကောင်း။ **အာစေရာ**၊ ကျင့်ဝတ်သိက္ခာ၊ တတ်ပညာကို၊ ကောင်းစွာပို့ချ၊ သွန်သင်ပြသည့်၊ စာချ ဆရာ၊ ဓမ္မာစရိယ အရှင်မြတ်တို့သည်လည်းကောင်း။ **ဒါယကာ စ**၊ မန္တလေးတိုင်းဒေသ၊ သာစွဌာနီ၊ ချမ်းမြသာစည်မြို့နယ်၊ ရောင်းဝယ်ဖေါက် ကား၊ လွန်ထင်ရှားသည့်၊ **အောင်သာ** ကားထုတ်လုပ်ရေး၊ တစ်ပြေး ပေါ်ထင်၊ **အောင်သာလွင်**နှင့်၊ **သစ်လွင်** ဆီစက်၊ လုပ်ကွက်သုံးအင်၊ စီစဉ်ကြိုးပမ်း၊ သဒ္ဓါလျှမ်းသည့်၊ ရဟန်းဒါယကာ ဦးအောင်မျိုးသူနှင့်၊ နောင်ကျိုးအတွက်၊ ခံယူစီစဉ်၊ သဒ္ဓါရှင်သည့်၊ ဒေါ်ရီရီလွင် ရဟန်းအမ၊ စသည်များတောင်း၊ ဒကာ, ဒကာမအပေါင်းတို့သည်လည်းကောင်း။ **မာတာ စ**၊ မြင့်မိုရ်တောင်ဦး၊ မကကျူးသည့်၊ ကျေးဇူးဂုဏ်ပိုင်၊ အမိ ဒေါ်ခင်လှိုင်သည်လည်းကောင်း။ **ပိတာ စ**၊ အနန္တဂိုဏ်း၊ တုနှိုင်းမမြင်၊ ကျေးဇူးရှင်၊ အဖ ဦးခင်မောင်သည်လည်းကောင်း။ **ဉာတကာ စ**၊ သွေးရင်း သားရင်း၊ အချင်းချင်းမို့၊ ပေါင်းသင်းစပ်ရိုး၊ မေတ္တာပျိုးသည့်၊

ဆွေမျိုးသားချင်းတို့သည်လည်းကောင်း။ **တာဒိသံ သုတံ**၊ ဆိုခဲ့သမျှ၊ ဂုဏ်ပေါင်းခသည့်၊ သားလှရတနာ၊ မဟာကဝိ၊ တိုင်းသိပြည်ကျော်၊ ထိုအရှင်ဇယဒိသ ရဟန်းတော်မြတ်ကို။ **လဒ္ဓါန**၊ ဆည်းကပ်မှီခို၊ ကြည်ညို၊ ဝပ်တွား၊ သဒ္ဓါပွားဖို့၊ "ပတ္တမြားငမောက်၊ စိန်ရွှေကျောက်ကို၊ ကောက်ရသည့်နယ်"၊ စိတ်ဝယ်ကြံဆ၊ အမှန်ပင်ရကြပါကုန်၍။ **ဝါ**၊ ရကြကုန်သောကြောင့်။ **အနပ္ပကာ**၊ ရာထောင်သိန်းသန်း၊ ကိန်းဂဏန်းဖြင့်၊ ခန့်မှန်းတွက်ဆ၊ မဖော်ပြနိုင်အောင်၊ များမြောင်လှစွာသော။ **ပီတိ**၊ ဓမ္မပီတိ၊ ကိုယ်လုံးပြည့်၍၊ ဆီထိဝွမ်းပမာ၊ ဝမ်းသာကြည်နူး၊ ဘဝင်မြူးလျက်၊ အထူးနှစ်သက်ခြင်းကို။ **ဝိန္ဒိံသု**၊ သမ္ပတ္တိထိုထို၊ နားကာခိုလျက်၊ မင်္ဂ, ဖိုလ်လမ်းမ၊ ကြွမြန်းရသည့်၊ နန်းလှနိဗ္ဗာန်၊ ဝင်ရောက်စံဖို့၊ အမှန်မသွေ၊ ရကြီး ရကြပေကုန်သတည်း။

အရှင်အဂ္ဂညာနာဘိဝံသ
စည်ရှင်နာယကဆရာတော်
စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မဟာအောင်မြေ၊ မန္တလေး

သာသနာ့တော်ထွန်းကားပြန့်ပွားရေး ... စာကြည့်တိုက်
အမှတ် ၂၇၅၂၁
ရက်စွဲ

# ဓမ္မဒါနကုသိုလ်ရှင်

ဆရာတော်၏ တပည့်များဖြစ်ကြသော -

၁။ အရှင်နန္ဒသာရ (၆ - သိန်း)
တိပိဋကကျောင်းတော်
24625 104th Ave. SE, Kent, WA 98030
အမေရိကန်ပြည်ထောင်စု။

၂။ အရှင်သီရိန္ဒ (၆ - သိန်း)
သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း
12634 NE Russel St, Portland, OR 97230
အမေရိကန်ပြည်ထောင်စု။

၃။ အရှင်တိက္ခဉာဏာလင်္ကာရ (၁၁ - သိန်း)
သီတဂူဓမ္မဝိဟာရကျောင်းတိုက်
1519 County Road C, East Maplewood, MN. 55109
အမေရိကန်ပြည်ထောင်စု။



Design Nawarat Ko Too Ph-09-91001397